# ချစ်

# မဟာပလ္လင်

(ပထမပိုင်း)



Graphic Design Zay Phyo
09976816439

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်ဝါဝါထွေး(မြဲ–၀၂၁၇၄)
ပဏ္ဍမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ်
ဦးကျော်ရင်(မြဲ–၀၀၃၂၇)
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ။


အုပ်ရေ
၅၀၀အုပ်

တန်ဖိုး
၃၀၀၀ကျပ်

ဖြန့်ချိရေး
မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

မဟာပလ္လင်(ပထမပိုင်း) / သျှင်မ– ရန်ကုန်
ပဏ္ဍမြားသိုက်စာပေ။
စာမျက်နှာ(၃၄၀)၊ ၁၃.၂စင်တီ× ၂၀.၅
(၁) မဟာပလ္လင်(ပထမပိုင်း)



## အခန်း(၁)

မိုးတွေလေတွေ ဝုန်းဒိုင်းကြဲပြင်းထန်နေကာ လျှပ်ရောင်တွေက တဝင်းဝင်းလက်နေသည်။ ညသည် ညဥ့်နက်ထဲသို့ ထိုးခွင်းဝင်ရောက်နေရင်း မုန်တိုင်းနဲ့ပါတိုက်ပွဲဝင်နေသဖြင့် မုန်တိုင်းရဲ့ညအမှောင်မှာ တရွေ့ရွေ့သွားနေသော ကားသုံးစီး၏ခရီးစဥ်က မပေါက်မြောက်နိုင်..၊

"ဟဲ့..အရှိန်လျှော့လေမြင့်မော်၊ ဘယ့်နှယ်ဒီလောက်မိုးကြီးနေတာကို.."

"ဟုတ်ကဲ့ပါ.."

"လျှော့လည်းမထူးဘူးလေမယ်မယ်..ရသလောက်တော့ မောင်းကြည့်ရမှာပဲ၊ တွက်ရသလောက်ဆို ရှေငါးမိုင်လောက်သွားလိုက်ရင် လမ်းကောင်းရောက်ပါပြီ..မောင်းသာမောင်းဦးမြင့်၊ ကားသွားကားလာလည်းမရှိဘူး..သတိတော့ထား.."

"ဟုတ်ကဲ့.."

ဒါရိုင်ဘာဦးမြင့်ကတော့ ဘယ်သူပြောတာဖြစ်ဖြစ် နာခံဖို့အဆင်သင့်ရှိနေသူဖြစ်ကာ ကားကိုဂရုစိုက်မောင်းနေ၏။ ဒီကားကြီးပေါ်မှာ 'တာဝတိံသာ'စံအိမ်ကြီးရဲ့ အရှင်သခင်ဒေါ်မြမင်းသီရိကိုယ်တိုင်လိုက်ပါ

လာခဲ့လျက် သမီးအကြီးဆုံးမြထွတ်ဦးသမက်တော်အောင်သိန်းတို့အပြင် မြေးနှစ်ယောက်လည်း ပါသည်။ နောက်ကားထဲမှာတော့ အိမ်အကူမိန်းကလေးတွေနှင့် ခရီးအတွက်လိုအပ်သောအသုံးအဆောင်အစားအသောက်တွေ အပြည့်အစုံဖြစ်ကာ ရှေ့ဆုံးကားထဲမှာ လုံခြုံရေးအတွက် စံအိမ်မှာအမြဲရှိနေကြသည့် ဦးကျောက်ဆူးတို့အဖွဲ့ စီးနင်းလိုက်ပါလာတာဖြစ်၏။ မဖြစ်သာသည့် နာရေးကိစ္စကြောင့် ဒေါ်မြမင်းသီရိကိုယ်တိုင် ခရီးထွက်လာတာဖြစ်ကာ သူမ၏ချမ်းသာကြွယ်ဝသည့်ဂုဏ်ရှိန်ဝါအတိုင်း ခြွေရံသင်းပင်းတပြုံတမနှင့် ဘာအတွက်မှလိုလေသေးမရှိခဲ့ရ။ သို့သော် ဒီခရီးစဉ်ကျမှ ခရီးဝေးလည်းဖြစ်ကာ မန္တလေးကထွက်လာတည်းက ရာသီဥတုက မသာယာခဲ့ဘဲ ဒီနေရာမှာအဆိုးဆုံးဖြစ်နေခဲ့လျက်.. ।

"ဒိန်း.."

"ဂျွတ်..ဖြောင်း.."

"ဝုန်း.."

"အောင်မလေး.."

"ဘုရား.."

လျှပ်ရောင်ဝင်းခနဲလက်သွားပုံက ရုတ်တရက်နေ့ခင်းကြောင်တောင်ကြီးဖြစ်သွားသလိုရှိကာ မိုးကြိုးပစ်ခြင်းသည် ကမ္ဘာမြေကြီးပါတုန်ခါသွားတဲ့အတိုင်း.. ।

"မယ်မယ်.."

ကားသုံးစီးစလုံး ထိုးရပ်သွားခဲ့လျက် မြထွတ်ဦးက မိခင်ကိုစိုးရိမ်တကြီး ဖက်ထားလိုက်ရင်း.. ।

"မယ်မယ် အဆင်ပြေရဲ့လားဟင်.."

"ရတယ်.."

အသံတုန်တုန်နှင့်ပြောကာ ဒေါ်မြမင်းသီရိဘုရားစာတွေရွတ်နေ၏။ ထိုစဉ် အောင်သိန်းရင်ခွင်ထဲက ကလေးနှစ်ယောက်တွင် တစ်ယောက်၏ငိုသံလေး ထွက်လာ၏။ ဒေါ်မြမင်းသီရိရဲ့ ဘုရားစာရွတ်ဆိုခြင်းတိခနဲ ပြတ်တောက်သွားကာ..

"မြေး..မြေးဘာမှမဖြစ်ဘူးလေ ကလေးကိုဘာလို့ဖက်မထားတာလဲသိန်းရယ်.."



"နှစ်ယောက်စလုံး ကျွန်တော့်ရင်ခွင်ထဲမှာပါမယ်မယ်.."

"ဟုတ်ပါတယ်..မယ်မယ်ပဲအရေးကြီးတာ၊ ရေနည်းနည်းလောက သောက်လိုက်နော်.."

"ရတယ်..ဘာမှမဖြစ်ဘူး၊ ရှေ့ကကားရော.."

"သူတို့ဆင်းလာကြပြီ.."

ဦးကျောက်ဆူးနဲ့ လူနှစ်ယောက်တို့ မိုးကာကြီးတွေတဖားဖားနှ ကားဘေးကိုရောက်လာကြလျက်.. ।

"ရှေ့မှာသစ်ပင်ကြီးလဲကျနေတာ နည်းတာမဟုတ်ဘူး.."

ဓာတ်မီးလှည့်ထိုးပြပေမယ့် ရှေ့ကားကလည်းခံနေကာ မှော မည်းနေသဖြင့် မမြင်ရပေ။ လျှပ်ရောင်တွေပြိုးပြက်လက်သွားမှ လမ်း ပေါ်မှာ ကန့်လန့်ဖြတ်လဲကျနေသော သစ်ပင်ကိုင်းပြတ်ကြီးကိုမြင်လိုက ရ၏။ မသိရင် သစ်ပင်ကြီးတစ်ပင်လုံး လဲကျနေသလို ကိုင်းပြတ်ကြီးက နည်းတာကြီးမဟုတ်.. ।

"မယ်မယ်.."

"မယ်မယ်ဘုရားစာရွတ်နေတယ့်ကိုအောင်.."

"အေး..ကိုယ်တို့လမ်းဘေးနည်းနည်းချပြီး ရပ်ထားမှဖြစ်မယ်ထင်တယ်.."

ဒေါ်မြမင်းသီရိက ဘုရားစာရွတ်နေခြင်းကို ရပ်တန့်၍.. ।

"အေးလေ..လမ်းပိတ်နေမှတော့ ရပ်ရတော့မှာပေါ့၊ သစ်ပင်အဆောက်အဦးတွေအောက်မှာ မရပ်မိစေနဲ့..မည်းမည်းရှောင် ပြောင်ပြောင်နင်းပဲ.."

"ဟုတ်ကဲ့ပါ..ဦးမြင့်ရေ ညာဘက်နည်းနည်းချထားလိုက်ပါ.."

"ဟုတ်ကဲ့.."

ကားက လမ်းဘေးကိုအနည်းငယ်တိမ်းဆင်းသွားပြီး ရပ်၏။ မိုးသံလေသံတွေ လျော့ပါးသွားသော်လည်း လျှပ်ရောင်တွေလက်နေပုံသည် မုန်တိုင်း၏ဒေါသမာန်မကျသေးဘူးဆိုတာကို ပြနေသကဲ့သို့ရှိကာ..

"အစ်ကိုဘယ်သွားမလို့လဲ.."

ခင်ပွန်းသည်အပြင်ထွက်ဖို့ ပြင်လိုက်တာနှင့် မြထွတ်ဦးက လက်ကိုဆွဲထားပြီး… ।

"မဆင်းနဲ့လေအစ်ကို..အောက်မှာအန္တရာယ်တွေနဲ့ကို.."

"မိုးဝါးသွားပါပြီကွာ..ရှေ့မှာဘာဖြစ်နေသလဲဆင်းကြည့်မှ သိမှာပေါ့၊ ဘာမှမဖြစ်ဘူး..မယ်မယ်နဲ့ကလေးတွေကို မင်းကြည့်ထားလိုက်.."

"သူတို့တွေကြည့်ရှုကြမှာပေါ့ကွယ်..အပြင်မှာသစ်ကိုင်းတွေကျိုးသစ်ပင်တွေလဲနေတာ.."

ဒေါ်မြမင်းသီရိကလည်း သမက်ကိုစိုးရိမ်နေသည်။ သူမမှာ မြထွတ်ဦးအပြင် သမီးလတ်မြပုလဲဖြူနဲ့သားငယ်မြမင်းစံတို့ ရှိသေးသည်။ ဒါပေမယ့် နေရာတကာ သဘောကောင်းအလွန်စာနာတတ်လွန်းသော ဒီသမီးနဲ့သမက်ကိုပဲ စိတ်အပူရဆုံးဖြစ်နေ၏။ သူမဘဝမှာ တခြားလိုအပ်တာ ဘာရှိခဲ့လို့လဲ..။ စီးပွားရေးနဲ့ပတ်သက်၍လည်း ထားသမျှလုယ့်တွေက သစ္စာရှိကြသည်။ လက်လှုပ်လိုက်တိုင်း ငွေဝင်သည်။ အကြံတစ်ချက်က တစ်သက်စံရလောက်တဲ့အထိ အဆင်ပြေလာခဲ့တာမို့ 'တာဝတိံသာ'စံအိမ်ကြီးနှင့် စံအိမ်ရှင်သခင်မကြီး၏မာန်မာနတို့က ဆိုဖွယ်ရာမရှိတော့ပေ။ သူမက မျိုးရိုးမာန်ကြီးသည်။ ဘာသာရေးအပေါ်မှာ လွန်ကဲသည့်ယုံကြည်မှုရှိ၏။ ထို့ပြင် မိမိကိုယ်ကိုယုံကြည်မှုလွန်ကဲခြင်းကြောင့် တစ်ဖက်သားအပေါ် အထင်မြင်သေးတတ်သည့်စိတ်ဓာတ်အယူအဆတို့လည်း ရှိနေပြန်သည်။ သူမသည် 'တာဝတိံသာ'စံအိမ်ကြီးရဲ့သခင်မ ဒေါ်မြမင်းသီရိပဲဖြစ်ခဲ့လျက်.. ।

"မယ်တော်ကြီးစိတ်ပူနေပါ့မယ်သူဌေးရယ်..ကားထဲပြန်ဝင်နေသင့်ပါတယ်၊ ဦးမြင့်တို့ရှိတာပဲ.."

ဒါရိုင်ဘာဦးမြင့်မော်က အရင်ဆင်းကာ အောင်သိခ်ဆင်းလာတော့ ထီးပြေးဆောင်းပေးရင်း.. ।

"သစ်ပင်သစ်ကိုင်းအကျိုးအပြတ်တွေမှာ ပိုးကောင်မွှားကောင်တွေတွယ်နေတတ်လို့ပါ.."

"ရပါတယ်ဦးမြင့်ရယ်..ဘယ့်နှယ် သက်ကြီးရွယ်အိုတွေကို ကျွန်တော်က ထိုင်ကြည့်နေရမှာလား၊ ရတယ်..ထီးဆောင်းမပေးနဲ့ ကျွန်တော့်မှာ မိုးကာပါတယ်.."



နှစ်ယောက်သား ဓာတ်မီးကိုယ်စီနှင့် ရှေ့ကိုထွက်ခဲ့လျှင် ရှေ့ဆုံးကားမှာပါကြသည့် ဦးကျောက်ဆူးတို့အဖွဲ့တွေလည်း သစ်ကိုင်းကျိုးကျနေသည့်နေရာမှာ စုပြုံနေပြီဖြစ်၏။ ထိုစဉ် နောက်ကားကဒရိုင်ဘာဘတူကို အောင်သိခ်ကလှည့်ကြည့်ကာ.. ।

"ဦးတူဘာလို့ဆင်းလာတာလဲ..မိုးနဲ့မတည့်တဲ့လူက မိုးရေထဲဆင်းလာရလား၊ ဟိုမှာလည်းမိန်းကလေးတွေချည်းပဲ..ပြန်သွားလိုက်ပါ၊ ဒီမှာမလိုပါဘူး.."

"ဟုတ်ပါပြီ..ဟုတ်ပါပြီ.."

ဦးဘတူ မိုးကာအင်္ကျီကြီးတကားကားနှင့် ပြန်ထွက်သွားမှ အောင်သိခ်ရှေ့ပြန်လှည့်ကာ.. ।

"နည်းတာကြီးမဟုတ်ဘူး..ဘယ်လိုလုပ်ကြမလဲ.."

"ကျွန်တော်သွားကြည့်ပါဦးမယ်..သစ်ကိုင်းကျိုးဆိုတော့.."

"နေဦး ဦးကျောက်..သစ်ကိုင်းကခြောက်လို့ကျိုးတာမဟုတ်ဘူး၊ ပြုတ်ကျတာ..သစ်ရွက်အုံတွေကြားထဲ ပိုးကောင်မွှားကောင်ရှိနေမယ်.."

"ကိုကျောက်နဲ့ကျွန်တော်သွားကြည့်မယ်.."

လုံခြုံရေးအဖွဲ့ထဲက တစ်ယောက်ထပ်ထွက်ကာ လမ်းဘေးခြုံကြားကဆင်း၍ သစ်ကိုင်းကျိုးကိုလှည့်ပတ်ကြည့်ကြ၏။ ဘာပင်ကြီးမှန်းမသိဘဲ အင်ဖက်ကဲ့သို့ သစ်ရွက်ကြီးတွေက အုပ်ဖားနေကြကာ သစ်ကိုင်းလုံးကတော့ အရင်းပိုင်းမှာပဲလုံးပတ်ကြီးလျက် အဖျားမှာကိုင်းလက်တွေဖြာနေသဖြင့် ပင်စည်လုံးကြီးလဲနေသလို ကြီးမားနေတာဖြစ်သည်။

"ဟိုဇရပ်ကြီးကတော့ အိုပေမယ့် တောင့်တင်းတဲ့ပုံပဲနော်..ဒီလောက်ဟောင်းနွမ်းနေတာတောင် ဒီမုန်တိုင်းနဲ့ပြိုကျမသွားဘူး.."

သူပြောကာမှ လမ်းဘေးဝါးနှစ်ပြန်စာလောက်က ခြုံနွယ်တွေခြုံနေသည့်ထဲက ဇရပ်ကြီးတစ်ဆောင်ကို ဓာတ်မီးနဲ့လှမ်းထိုးကြည့်မိကြသည်။ ဇရပ်သည် သစ်ပင်ခြုံနွယ်တွေနဲ့ဆိုင်းထားသလို ဖြစ်နေသောကြောင့် မယိုင်မလဲရှိနေတာလား တကယ်ပဲခိုင်ခိုင်မာမာရှိနေတာလားတော့မသိ..

"ဟုတ်သားဟ..သွပ်တစ်ချပ်တောင်မလန်ဘူး၊ တိုင်လုံးကြီးတွေ

ကလည်း ကောင်းလိုက်တာ.."

"ဘာလဲ..ဇရပ်ကိုစိတ်ဝင်စားနေတာ၊ မင်းအဲ့ဒီမှာသွားနားချင်လို့လား.."

"ဟာ..မဟုတ်ပါဘူးဦးပေါကလည်း သခင်မကြီးသိရင် ကျုပ်ဒဏ်ထိပါဦးမယ်.."

လမ်းနဲ့ဇရပ်ကြားက ခြုံထူထူကို ဓာတ်မီးတစ်ချက်ဝေ့ပြီးမှ ဇရပ်ကို စိတ်ဝင်စားသူတစ်ခန်းရပ်သွားခဲ့သည်။

"မောင်အောင်..နောက်နည်းနည်းဆုတ်ပေးလိုက်၊ ကိုကျောက်နဲ့ဦးပေါ်တို့ ဒါကိုဝိုင်းဆွဲကြမယ်.."

"နေဦး..အဲ့လောက်လွယ်မှာမဟုတ်ဘူး၊ ဦးကျောက်တို့မှာ သုံးယောက်ပါတယ်.."

"ကျွန်တော်နဲ့လေ.."

ဦးပေါက သူ့ရင်ဘက်ကိုပုတ်ပြလျှင်.. ၊

"ကျွန်တော်တွက်တာ လူကြီးတွေမပါဘူး.."

ဒါရိုင်ဘာချင်းတူပေမယ့် ဦးမြင့်ထက် ဦးပေါလူကအသက်ပိုကြီးကာ ကိုယ်ခန္ဓာလည်း ဝသည်။ စံအိမ်မှာအလုပ်သမားဝန်ထမ်းအားလုံးနီးပါးက စံအိမ်သက်တမ်းအတိုင်း အစဉ်အဆက်တာဝန်ထမ်းဆောင်ခဲ့ကြသူတွေချည်းဖြစ်သည်။ ဒေါ်မြမင်းသိရီက အလုပ်သမားတွေထိမ်းမြားရေးအထိ လွှမ်းမိုးချုပ်ကိုင်ခဲ့တာမို့ စံအိမ်မှာအပြင်လူအလုပ်သမားဆိုတာ မရှိသလောက်ပင်။ လူကြီးတွေကလည်း စံအိမ်ရှင်တွေဆို မြေးလောက်သားလောက်အရွယ်ဖြစ်ပေမယ့် ကျွန်တော်ကျွန်မလို့ပဲ ပြောကြကာ လူလေး ကလေးစသဖြင့် ခေါ်ဝေါ်နှုတ်ဆက်ကြသည်။ သစ်ကိုင်းကျိုးကို ဖယ်ဖို့ လူစုလိုက်တော့ လုံခြုံရေးနဲ့ ဒရိုင်ဘာပေါင်းမှ လေးယောက်ပဲရှိသေးရာ.. ၊

"ကျွန်တော်ပါဝင်လုပ်မှဖြစ်မယ်.."

"ဘယ်သူမှမလုပ်နဲ့ဦး..လေဖျန်းလာပြန်ပြီ၊ နောက်ထပ်သစ်ကိုင်းကျိုးလိမ့်မယ်..နောက်ဆုတ်ကြ ဆုတ်ကြ.."

"ဝေါ.."

"ဖြန်း..ဖြောင်း.."



လေတစ်ချက်၏ပြင်းအားကြောင့် သစ်ကိုင်းကျိုးသံတချို့သည် ကြီးမားသည့်ပေါက်ကွဲသံလိုဖြစ်သွားရာ အောင်သိခံကကားဆီပြန်လှည့်ပြေးပြီး ဘာမှမဖြစ်ကြောင်း ဓာတ်မီးနဲ့အချက်ပြရသည်။ ဇနီးနဲ့ယောက္ခမဖြစ်သူ စိတ်ပူနေမှာကို သိလို့ဖြစ်သည်။ ထိုစဉ်.. ၊

"ဟီး ဟီး ဟီး.."

"ဟော့..ဘာသံလဲ၊ ဒါ..."

"ဟုတ်တယ်..ကျွန်တော်တို့လည်း ကြားလိုက်တယ်.."

"မောင်အောင်ကြားလိုက်လား.."

အောင်သိခံက ဇရပ်ဆီကိုဓာတ်မီးလှမ်းထိုးရင်း ဝေခွဲမရသလိုလေသံမျိုးနှင့်.. ၊

"ကြားတော့ကြားလိုက်တယ်..စကားပြောသံလား ငိုသံလားပဲ.."

"ခိုညည်းတာများလား.."

"ခိုကမုန်တိုင်းထဲမှာ မညည်းပါဘူး.."

"ခင်ဗျားသေချာလို့လား..ညည်းချင်လည်းညည်းမှာပေါ့.."

ခိုညည်းသံနဲ့ပဲ အဆုံးသတ်ချင်တာမို့ သူတို့စကားတွေလိုးလွဲနေကြသော်လည်း..

"အ..အစ် အစ်..ဟင်း ဟင်း.."

"ဟော.."

"ဟုတ်တယ်..ဇရပ် ဇရပ်ကြီးက.."

လူငယ်ဆို၍ အောင်သိခံတစ်ယောက်ပဲပါသည်။ အားလုံး အားကောင်းမောင်းသန်ယောကျာ်းကြီးတွေပဲဖြစ်သော်ငြား အငြိုးကြီးသည့်မုန်တိုင်းနှင့် အကာလ ညအခါကြီးမှာတော့ ဒီအသံကကျောချမ်းဖွယ်ဖြစ်နေခဲ့၏။ ဘာရယ်မဟုတ်ဘဲ ဓာတ်မီးရောင်တွေအားလုံးကလည်း ဇရပ်ဆီမှာပဲဝေ့ဝဲနေလျှင်.. ၊

"ဟိုမှာ..ဟိုမှာ.."

"ဘာလဲ.."

"လူရှိတယ်.."

"ဟာ..မဖြစ်နိုင်တာ.."

ဇရပ်က ကျောဘက်နဲ့ညာဘက်တစ်ဝက်လောက်ပဲ အကာရုံရှိနေ

ခဲ့လျက် ကျန်သည့်မျက်နှာစာတွေက မြုံတွေတက်ပေါက်နေကြတာဖြစ်သည်။ ထို့ပြင် အောက်ခင်းကလည်း သံမံတလင်းကြမ်းခင်းမို့ ဒီလိုရာသီဥတုမှာ ဘယ်လိုနည်းနဲ့မှ ခြောက်သွေ့နေမှာမဟုတ်ပေ။ သို့သော်..

"ဟင်း ဟင်..အား ကျွတ် ကျွတ်.."

"မိန်းမသံ.."

"ဟုတ်တယ်.."

သူတို့တွေ အရိပ်မြင်လိုက်သည့်နေရာကို ဓာတ်မီးတွေစုပြုံထိုးနေမိကာ ခြေလှမ်းတွေလည်း မသိမသာရှေ့ရောက်နေကြရင်း.. ।

"သွားကြည့်လိုက်တာကောင်းမယ်.."

"ဟုတ်တယ်..လူသံဗျ၊ မိန်းမဆိုတော့ တစ်ခုခုဒုက္ခရောက်နေတာဖြစ်နိုင်တယ်.."

အောင်သိခ်က ဦးဆောင်ထောက်ခံလိုက်တာနှင့် အားလုံးရဲ့ခြေလှမ်းတွေက ဇရပ်ဆီဦးတည်ကြလေသည်။ တကယ်သွားကြည့်တော့ မြုံမြင့်ကြီးတွေအောက်မှာ လူသွားထားသည့်ပုံစံ မပီမပြင်လမ်းကလေးကို တွေ့လိုက်ကြသည်။ အောင်သိခ်က ရှေ့ကသွားပေမယ့် ဦးကျော်ဆူးက သံတုတ်ကြီးနှင့် မြုံတွေကို ပင့်ကော်ဖယ်ရှားပေး၍.. ।

"ကိုပေါနဲ့သံတိုင် ကားတွေနဲ့မလှမ်းမကမ်းမှာ နေခဲ့ကြပါ..တာဝကကားဆီသွားနေ.."

လူဖြန့်ပြီးမှ သူတို့ခွဲထွက်လိုက်ကြပြီး.. ।

"သူဌေးနေပါ..ကျွန်တော်ရှေ့ကသွားပါ့မယ်.."

ဇရပ်နားနီးတော့ ဦးကျော်ဆူးက လှေကားထစ်ပေါ်အရင်ခြေချပြီး မြုံတွေပေါ်ကို ရောက်နဲ့ရိုက်ပုတ်၍တက်၏။ ရေတောက်တောက်ကျနေသည့် သစ်ကိုင်းသစ်ခက်တွေကြောင့် အတော်စိတ်အနှောင့်အယှက်ဖြစ်ရကာ.. ।

"ဟင်.."

"ဟာ..ဘာဖြစ်နေတာလဲမသိဘူး.."

အောင်သိခ်က စိတ်ရင်းကောင်းရှိသူဖြစ်ရာ သွေးသံရဲရဲနှင့် အမျိုးသမီးတစ်ယောက်ကို မြင်လိုက်တာနဲ့ အနားကိုတန်းရောက်သွားခဲ့လျက်

"သူဘယ်လိုလုပ် ဒီဇရပ်ပေါ်ရောက်နေတာလဲမသိဘူး.."



"ဟော့..မိန်းကလေး မိန်းကလေး.."

ဦးကျော်ဆူးတို့လည်း ဓာတ်မီးနဲ့ထိုးထားရင်း ခေါ်ကြည့်ကြသည်။ မိန်းကလေးသည် မြထွတ်ဦးတို့အရွယ်လောက်ပဲရှိကာ အဝတ်အစားတွေက ဟောင်းနွမ်းစုတ်ပြတ်နေ၏။ ဘာရောင်မှန်းမသိတော့သော သွေးစွန်းနေသည့်ထမီက ခြေသလုံးတစ်ဝက်လောက်ထိ လန်တက်နေကာ ဇရပ်၏ခေါင်းရင်းထောင့်ကွယ်မှာ အားလုံးကိုကျောခိုင်းထားသည့်အနေအထားနှင့် ကွေးကွေးလေးလဲကျနေ၏။ ဆံပင်က ခါးလောက်ထိရှည်ပုံပေါ်ကာ ကြမ်းပေါ်မှာပြန့်ကျဲနေလျက် ပခုံးတစ်ခြမ်းလုံးနှင့် ဆံပင်တို့မှာ သွေးတွေကမြင်မကောင်း.. ।

"အင်း..ဟီး ဟီး..အ.."

"ဟော.."

ကြည့်နေတုန်းမှာ ပို၍ကွေးကုတ်သွားပြီး ညည်းသံထွက်ပေါ်လာသည်။ ဦးကျော်ဆူးက သူမရဲ့ခေါင်းရင်းကနေ ကွေ့ကျော်သွားပြီး သေချာဓာတ်မီးထိုးကြည့်လိုက်လျှင်.. ।

"ဟော..ဗိုက် ဗိုက်ကြီးနဲ့သူဌေး၊ ကိုယ်ဝန်ကြီးနဲ့ဗျ.."

## အခန်း(၂)

အသက်တစ်ချောင်းဆိုသည့် အသိစိတ်ကိုလွတ်ထွက်မသွားအောင် ဆွဲထိန်းနေရပေမယ့် မိုးထဲလေထဲမှာ သမီးဖြစ်သူဆင်းထွက်သွားတော့ ဒေါ်မြမင်းသီရိစိတ်တွေတိုပြီး ထိုင်မရထမရ.. ၊

ဒေါက်တာမြထွတ်ဦး..။ သူမက သားဖွားမီးယပ်အထူးကုဆရာဝန် တစ်ယောက်ဖြစ်ပြီး ခင်ပွန်းဖြစ်သည့်အောင်သိခ်က ယောကျ်ားပီသ၍ စာနာစိတ်ကြီးမားသူဖြစ်နေခဲ့ခြင်းကြောင့်.. ၊

"မင်းကြောင့် ခက်တယ်သိခ်..ယောကျ်ားပီသတာလည်း နေရာတကာမကောင်းဘူး.."

"မီးမဖွားနိုင်တဲ့ အမျိုးသမီးတစ်ယောက်ကို ဒီတိုင်းမိုးထဲလေထဲမှာ မထားခဲ့ချင်လို့ပါ..ထားဖို့လည်း မသင့်ဘူးမို့လားမယ်မယ်.."

"ဟုတ်ပါတယ်မယ်မယ်..မိုးလည်းတိတ်သွားပြီး၊ လေလည်းငြိမ်နေပြီ..ဒီလမ်းပိတ်နေလို့ ခရီးဆက်လို့လည်းမရသေးပါဘူး.."

ကားဆီမှာ ဆေးဝါးပစ္စည်းတွေ ပြန်လာယူသည့် မြထွတ်ဦးက လာရှင်းပြသေးသည်။ ပြီးတော့ သူမကိုထီးမိုးပေးနေသည့် မိန်းကလေး တစ်ယောက်နှင့် ဆေးသေတ္တာဆွဲသည့် မိန်းကလေးတို့ခြံရုံကာ ပြန်



ထွက်သွားလေသည်။ ဒါမိဘကို ခွင့်တောင်းတာလား..အသိပေးရုံလား..၊

"ရှင်မရေ..မီးမဖွားနိုင်တဲ့ အမျိုးသမီးတစ်ယောက်ကွာ သနားပါတယ်၊ အခြေအနေမကောင်းဘူး.."တဲ့.. ၊

"ဟုတ်လားအစ်ကို..ဘယ်မှာလဲ.."ဆိုပြီး ချက်ချင်းမိုးကာကောက်ဆွဲပြီး တံခါးဖွင့်တဲ့သမီးကတစ်မျိုး။ ဒီမအေကို နည်းနည်းလေးမှ ဂရုမစိုက်ကြတာ။ ကားထဲမှာ မြေးငယ်လေးနှစ်ယောက်နဲ့ နေခဲ့ရပေမယ့် စိတ်ထဲမှာတနုံ့နုံ့ဖြစ်နေသည်။ 'ခြေနှစ်ချောင်းလည်းမကယ်နဲ့ မင်းလေ့မျောလည်း မဆည်နဲ့'တဲ့..။ သင်းတို့နားမလည်ကြဘူးလား..။ ပြီးတော့ ဒီလိုအခြေအနေ ဒီကာလမှာတွေ့တဲ့ဒုက္ခသည်က ဘယ်ကမှန်းမသိ၊ ဘာဖြစ်ထားမှန်းမသိတဲ့ ရေမျောကမ်းတင်.. ၊

"ဘွား..မယ်မယ်က ဘယ်သွားတာလဲဟင်.."

"ဟင်..အဲ မြေးမယ်မယ်ကဆရာဝန်လေ၊ လူနာရှိလို့သွားကြည့်တာ..ဘယ်မှမဟုတ်ဘူး ဒီနားလေးတင်.."

"သမီးလိုက်သွားချင်တယ်.."

"အို..အပြင်မှာမိုးရွာနေတယ်လေ၊ ငြိမ်ငြိမ်လေးနေ..တော်ကြာမောင်လေးထငိုလိမ့်မယ်.."

"အူဝဲ.."

ဟင်.. ၊ ကလေးငိုသံလေးက စူးရှကျယ်လောင်စွာ ပေါ်လာခဲ့၏။ ကိုယ့်မြေးရဲ့ငိုသံတော့ မဟုတ်ပေ။ ဇရပ်ကြီးဆီက ပျံ့လွင့်လာသည့်ငိုသံဖြစ်သည်။ လှမ်းကြည့်လိုက်တော့ မီးအိမ်နှစ်လုံးထွန်းထားသည့် အလင်းရောင်ဖြင့် ဇရပ်တစ်ခုလုံး လင်းထိန်နေကာ လှုပ်ရှားနေသည့်အရိပ်တို့ကိုပါ လှမ်းမြင်နေရ၏။ ဘာဖြစ်လို့ အဖြစ်သနစ်တွေက လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကျော်ကအတိုင်း တစ်ထပ်တည်းလာဖြစ်နေရတာလဲ.. ၊

ဒေါသတွေ စိတ်မရှည်ခြင်းတွေကနေ အတိတ်ကိုသတိရလိုက်တော့ စိတ်ပျက်ခြင်းတွေပါ ထပ်ပါလာသည်။ လူလူချင်းအတူတူပဲဆိုပြီး ရွှေလင်ပန်းနဲ့အချင်းဆေး၍ ရွှေကတ္တီပါပိုးသားနုနုမှာ မွေးစက်ကြီးပြင်းခဲ့ရတဲ့ကလေးနဲ့ လမ်းဘေးမြေနီနီ အုတ်ကျိုးသဲကျောက်မြက်ဖုတ်မြေစာတွေကြားမှာ မွေးဖွားရှင်သန်လာခဲ့တဲ့ကလေးတွေ တူနိုင်မလား..

ကိုယ့်မြေးလေးရဲ့ အုန်းဆီမွှေးဖြင့် မွှေးပျံ့နူးညံ့နေသော ဦးခေါင်းဆံစလေးတွေကို မြတ်နိုးစွာပွတ်သပ်နေမိရင်း ဖက်ထားလိုက်မိတာလည်း တန်ဖိုးကြီးစွာနဲ့ဖြစ်၏။ ပြီးတော့ အခါလည်ကျော်ရုံလေးရှိသေးသည့် မြေးလေးကိုပါ တိုး၍ဖက်ထားမိသည်။ ဒါငါ့မြေး ငါ့သွေးလေးတွေ..။ ဒေါ်မြမင်းသီရိရဲ့မြေး..။ တာဝတီံသာစံအိမ်ကြီးရဲ့ မျိုးဆက်သွေးလေးတွေ။ ကိုယ့်မြေးတွေကိုဖက်ထားရင်း တဝါးဝါးငိုသံထွက်လာတတ်သည့် ဧရပ်ဆီ ခပ်မှဲ့မှဲ့လှမ်းကြည့်မိတော့ စိတ်ပျက်စွာ.. ၊

ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်နေရုံနဲ့ လူချင်းအတူတူပဲလို့ ပြောရောလား..။ ဒီလောက်မွဲတေ စုတ်ပြတ်သပ်နေတဲ့ဘဝနဲ့ မွေးဖွားလာတည်းက အတိတ်က ဘယ်လိုမကောင်းမှုတွေရှိခဲ့သလဲဆိုတာ ဘုရားဆီပြေးမေးဖို့တောင် မလို။ ငါဆိုသည့်မာန်မာနက ခေါင်းထောင်ဦးဆောင်လာခဲ့သည်။ ထိုအခါ သမီးလတ်မြပုလဲဖြူကို သတိရလိုက်မိသည်။ သူမလေးကတော့ ကိုယ်နဲ့စိတ်တူ ကိုယ်တူပါ။ သူ့အစ်မနဲ့ခဲအိုတော်တို့ ခုလိုလုပ်ကိုင်နေကြတဲ့အဖြစ်ကိုများမြင်လိုက်ရင် ဘယ်လိုပြောမလဲ.. ၊

"မကြီးဆေးရုံကပြန်လာကာဆို ထမင်းတစ်ဝိုင်းတည်း မစားချင်ဘူး..အရှမ်းရွံတာပဲ.."လို့.. ၊

ပြောလည်းပြောသည်။ တကယ်ပဲရှောင်ထွက်သွားတတ်တာလည်း အားနာရမှန်းမသိ.. ၊

"ရောဂါသည်တွေ ကိုင်နေရတာတောင် ရွံဖို့ကောင်းနေပြီ..သားဖွားမီးယပ်အထူးကုဆိုတော့ သွားပြီ.."

လို့ပြောတာ လက်ခါခြေခါ.. ၊

"ပုလဲရယ်..တော်ကြာ သမီးမွေးရင် မကြီးကမွေးမပေးဘဲနေမယ် ကိုယ့်အစ်မကို ဒီလိုမပြောနဲ့လေ.."ဆိုတော့.. ၊

"အမလေး..မွေးပေးချင်တဲ့ ဆရာဝန်တွေ ရိုက်သတ်လို့မကုန်ဘူး ရွံစရာမို့ ရွံတယ်ပြောတာ.."တဲ့.. ၊

ဒေါ်မြမင်းသီရိ ဒီသမီးကိုမချင့်မရဲဖြစ်ရသမျှ အိမ်မှာကျန်ခဲ့သည့် သမီးကို တမ်းတမိ၏။ ပြီးတော့ အငယ်ဆုံးသားဖြစ်သည့် မြမင်း... သူကတော့ တင်းသည်ပြေသည်မမည်ပေမယ့် မြထွက်ဦးလိုမဟုတ်တာ



တော့ သေချာပါသည်။ စကားနည်းသလောက် သူမှန်သည်ထင်လျှင် ရဲရဲပြောတတ်၏။ ဒီသားသမီးသုံးယောက်ဟာ တာဝတီံသာစံအိမ်ကြီးရဲ့ မျိုးဆက်သွေးတွေဖြစ်ကြသလို သူမအားထားမြတ်နိုးရပါသော ရင်သွေးရတနာတွေလည်း ဖြစ်လေသည်။ ထို့ကြောင့် ရင်ခွင်ပိုက်အရွယ်လေးတွေကနေ လွတ်သွားပြီဆိုတည်းက ဆက်ဆံပေါင်းသင်းရေး ပညာရေး ကျန်းမာရေး အရေးပေါင်းများစွာအတွက် တွက်ချက်ပူပင်နေခဲ့ရတာ ဒီနေ့ထိ.. ၊

"ဘာမှမပူနဲ့တော့မယ်မယ်..လူနာမွေးပြီးသွားပြီ.."

သူများ ကိုယ်ဝန်သည်မွေးတာကို ကိုယ့်ဇနီးမီးဖွားပြီးသွားတဲ့အတိုင်း ဝမ်းသာအားရပြေးလာပြောနေသည်။ ဒါကိုပဲတွေးနေတုန်းမို့ ဒေါ်မြမင်းသီရိ စိတ်တိုသွားကာ.. ၊

"မွေးပြီးတာငါသိတယ်လေ..ကလေးငိုသံကြားလိုက်တာပဲ.."

"ဟင်.."

အောင်သိန်းက အမှောင်ထဲကနေ မီးဖွင့်ထားသည့်ကားထဲကို အံ့ဩသလို ပြန်ငုံ့ကြည့်၏။ ဒေါ်မြမင်းသီရိဒီ့ထက်ပိုပြောချင်သေးပေမယ့် ကလေးတွေရှေ့မှာ မပြောချင်တော့တာမို့.. ၊

"ပြီးသွားရင် မြန်မြန်ပြန်ခေါ်ခဲ့..အပြင်မှာရာသီဥတုက ကောင်းတာမဟုတ်ဘူး.."

"မယ်မယ်..မွေးလူနာအခြေအနေက.."

"မွေးလူနာအခြေအနေ ငါမသိချင်ဘူးသိန်း..အဲ့ဒီဧရပ်ကြီး ဥတ်ခနဲအသံမြည်ပြီး ပြိုကျသွားရင် အဲ့ဒီခြုံပုတ်ကြီးကြားက ပိုးကောင်မွှားကောင်တက်ကိုက်ရင် လေတိုက်မိုးမိလို့ ဖျားနာဆုံးရှုံးရရင် အဲ့ဒါတွေ ငါ့သမီးခံရမှာ..ဆုံးရှုံးရမှာက ငါပဲ၊ ဒါတွေမင်းနားလည်ရဲ့လား..ငါ့သားသမီးတွေကို ငါ့ကိုယ်ငါထက်ပိုလိုအပ်တယ်၊ ငါ့သားသမီးကလွဲရင် ဘာတန်ဖိုးမှ ငါဂရုမစိုက်ဘူး..နောက်ထပ်ငါ့ကိုဘာတစ်ခွန်းမှ ထပ်မမေးနဲ့ ကျောက်ဆူးတို့ကို အဲ့ဒီလမ်းချက်ချင်းရှင်းခိုင်း..ငါ့သမီးကိုခေါ်ချက်ချင်းပြန်ထွက်မယ်ဒါပဲ.."

ပြောချသွားတာ တစ်ခွန်းမှတုံ့ဆိုင်းသွားတာမရှိဘဲ တစ်ချက်ချင်းအမိန့်နှင့် အဆုံးသတ်သည်။ အောင်သိန်းပါးစပ်အဟောင်းသား

နှင့် ငေးကြည့်နေမိရင်း ခေါင်းညိတ်ရခြင်းသို့ရောက်ကာ.. ။

"ဟုတ်ကဲ့ပါ.."

ယောက္ခမပေမယ့် အဒေါ်ဝမ်းကွဲမို့ကြောက်ရသည်။ တစ်ခါတလေ အာဏာရှင်ဆန်တာ သိသော်လည်း နာခံနေကျအကျင့်ကပါနေပြီမို့ ပြန်လှန်မေးခွန်းဆိုတာ မရှိခဲ့။ သို့သော် ဒီနေရာမှာတော့ တစ်မိန့် တစ်အာဏာနှင့် အဆုံးမသတ်ခဲ့ဘဲ.. ။

"ဘာလဲ..ဟိုမီးတွေက.."

အောင်သိခ်ခေါင်းငုံ့ပြီး လှည့်ထွက်လိုက်တော့မမြင်ပေ။ ဒေါ်မြမင်းသီရိစကားသံကြားမှ မော့ကြည့်မိသည်။ မီးအိမ်မီးတွေ လေးငါးခုလောက်နှင့် ဓာတ်မီးတွေလည်းပါကာ ထိုလူစုသည် ဇရပ်ဆီကိုရောက်နေပြီဖြစ်လျက်.. ။

"သူ ရွှေး.."

ကိုတာဝလည်း သူ့ဆီအပြေးရောက်လာခဲ့ပြီး.. ။

"မီးနေသည်ရွာကထင်တယ်..ရွာသားတွေသူ့ကိုလာရှာကြတာ.."

ဟင်.. ။ ဒေါ်မြမင်းသီရိလှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ အောင်သိခ်ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောဆိုအမိန့်ပေးခဲ့သည်။ ပြောသလိုချက်ချင်းမလုပ်ရင် နောက်ထပ်ပေးမည့် မိုးကြိုးပစ်အမိန့်တွေလည်း ပြင်ဆင်ထားသေးသည်။ ဘာတွေထပ်ရှိသေးတာလဲ..။ ဘာတွေလဲ..ဒီလူတွေက.. ။

မြေးတွေကို ကားထဲမှာထားခဲ့ပြီးလည်း ဆင်းမသွားနိုင်။ သမီးနဲ့သမက်ကို စိတ်မချခြင်းက ကားထဲမှာထိုင်လို့လည်းမကျ။ အခြေအနေကို နားမလည်နိုင်ဘဲ စိုးရိမ်နေရသည့်စိတ်သည် လွန်ခဲ့သောအတိတ်ဆီက ဒီလိုညမျိုးသို့ သတိတရပြန်လည်ရောက်ရှိသွားခဲ့၏။ ထိုစဉ်ကတော့ မယ်မယ်သည် ကိုယ့်လိုစိုးရိမ်ဗျာများနေရသည့်ပုံစံတွေ ရှိမနေခဲ့ဘဲ.. ။

"ငါကတော့ ကယ်တင်တာတွေဝါသနာမပါဘူး..ဒါပေမယ့်တန်ပါတယ်၊ ကျွန်တစ်ယောက်တိုးတာပေါ့.."တဲ့.. ။

သူမကျမှ ဘာဖြစ်လို့မယ်မယ့်လို မိန့်မိန့်ကြီးကြည့်မနေနိုင်တာလဲ

## အခန်း(၃)

ပြည်ပကုန်သွယ်ရေးနှင့် အထွေထွေအာမခံလုပ်ငန်းစုကြီး၏ CEO အသစ်ခန့်အပ်ပွဲမှာ အသက်အငယ်ဆုံးနှင့် အတော်ဆုံးဖြစ်သော အာဏာသျှန်၏ပုံရိပ်တွေက လွှမ်းမိုးနေသည်။ ခန့်အပ်ခြင်းပြီးသည်နှ လက်ခုပ်သံတွေတော်တော်နဲ့မစဲသလို တဖျတ်ဖျတ်လက်နေသော မှတ် တမ်းတင်ဓာတ်ပုံတွေလည်း မပြီးနိုင်.. ။

"ကွန်ဂရက်ကျူလေးရှင့် ညီလေးရေ.."

"သဲန့်ခ်ယူ.."

"ကြိုးစားနော်..တက်ခဲ့တဲ့စီအီးအိုတွေထဲမှာ မင်းအငယ်ဆုံးပဲ.."

"သဲန့်ခ်ယူပါ.."

"နေမင်းသစ်ရဲ့သားဆိုတာ ယုံတောင်မယုံနိုင်ဘူးဟော့..ကွန်ဂရက် ကျူလေးရှင်း.."

လက်ဆွဲနှုတ်ဆက်သူတွေကြားမှာ သားရဲ့မျက်နှာလေးကို ဒေါ် မုံခင် ပီတိအစုံဖြင့် ငေးမောကြည့်နေမိသည်။ ဒီနေ့စီအီးအိုဖြစ်သွားခဲ့ သည့် အာဏာသျှန်ဆိုသော လူရွယ်တစ်ယောက်က ကိုယ့်သားလေးဆို တာ ယုံတောင်မယုံနိုင်..

"ဟား ဟား ဟား.."

ရုတ်တရက် တီဗီကြည့်ရင်း ဦးနေမင်းသစ်ရယ်ချလိုက်တော့ အထိတ်တလန့်လှည့်ကြည့်မိသည်။ ဦးနေမင်းသစ်က ဆိုဖာပေါ်မှာ ပစ်လေက်ခေတ်ကိုးယို့ကားယားထိုင်နေကာ လက်နှစ်ဖက်ကို ဆိုဖာကျောမှီပေါ်မှာ တစ်ဖက်စီဆန့်တင်ထားလျက်.. ၊

"ငါ့သားတော်လို့ ချီးမွမ်းတာတောင် ထီးခိုက်နန်းခိုက်နဲ့ တော်တော်ရယ်ရတဲ့ကောင်တွေ..ဟား ဟား ဟား.."

"ခိုက်လည်းခိုက်ချင်စရာကိုး..အဖေဆိုတဲ့သူကို ခုနေသူတို့မြင်ကြည့်ပါလား.."

ဒေါ်မြင့်မိုရ်က စီးကရက်မီးညှိရင်း စိတ်ပျက်သည့်အကြည့်နှင့် မောင်ဖြစ်သူကို စေ့စေ့ကြည့်၍.. ၊

"ငါ့တူက မကြာခင်ဥက္ကဋ္ဌနေရာကိုယူတော့မှာ..မြန်မာနိုင်ငံကကုမ္ပဏီကို စာမဖွဲ့ဘူးနော်၊ စက်ာပူရုံးချုပ်ကိုပြောတာ.."

"ဟား ဟား ဟား.."

ဦးနေမင်းသစ်က အောင်မြင်မှုတွေဝေနေသည့် တီဗီမှာပေါ်နေသည့် အခမ်းအနားကိုကြည့်၍ ဒေါ်မြင့်မိုရ်ပြောတာကိုလည်း စိတ်ဆိုးပုံမရှိဘဲ.. ၊

"ဟုတ်ပါတယ်..ဒါပေမယ့် ငှက်ပျောပင်စိုက် မိလိုက်ဖသာတဲ့.."

"မင်းကတော့ ငှက်ပျောပင်မစိုက်ခဲ့ပါဘူးနေမင်းရယ်.."

ပြောပြီးတော့ ကြမ်းပေါ်မှာ ကျုံ့ကျုံ့လေးထိုင်၍ သိုးမွှေးထိုးနေသည့် ဒေါ်ယမုံခင့်ဆီ အကြည့်ရောက်သွားကာ.. ၊

"ဟွန်း..နေမင်းသစ်နဲ့ယမုံခင်က မွေးလိုက်ပေမယ့် အာဏာသျှန်ဆိုတာ ငါပျိုးထောင်ခဲ့တဲ့ငါ့တူပါ.."

"ဟား ဟား ဟား.."

"ရယ်လေ..ဒီအပင်ကသီးရင် ဒီအသီးပါပဲလို့ မင်းပြောချင်တာမို့လား၊ နင်တို့ကလည်း သစ်ပင်တွေမဟုတ်ဘူး..အာဏာကလည်း အသီးလေးတစ်လုံးမဟုတ်ဘူး၊ ဘယ်မိဘယ်ဖကမွေးမွေး လူတစ်ယောက်ရဲ့ဘဝက ဘယ်အရာနဲ့မှ မပေါင်းစပ်ဘူး.."

ဒေါ်မြင့်မိုရ်က ကိုယ့်စကားကိုသဘောကျသလို ပြုံးမဲ့မဲ့နှင့် ခဏ



နားလိုက်သေးသည်။ ပြီးတော့ ဆိုဖာပေါ်မှာ ခပ်တောင့်တောင့်မှီ၍ သက်ပိုက်၏။ ပြီးတော့မှ စီးကရက်ညှပ်ထားသည့်လက်ကို ပြန်ထောင်ပြီး အရှိုက်မက်မက်ဖွာရှိုက်လိုက်ရင်း မီးခိုးငွေ့တို့ကို လှပစွာမှုတ်ထုတ်၏။

"လူတိုင်းကကိုယ့်ဘဝနဲ့ကိုယ်ပဲ..အသုံးမကျဘူးဆိုတာလည်းကိုယ်ပဲ၊ အရမ်းတော်နေတာလည်းကိုယ်ပဲ..အာဏာက သူ့ဗီဇပါရမီကိုက ထက်မြက်ပါးနပ်တာ၊ ငါကတော့ သူ့ကိုအရောင်တင်ပေးတဲ့သူ.."

"ကျွန်တော်တို့ကတော့ အရောင်တင်ပေးနိုင်စွမ်းတောင် မရှိတဲ့သူတွေပေါ့.."

"ဟွန်း.."

ဒေါ်မြင့်မိုရ်က ပခုံးတွန့်၍ ရယ်လိုက်သည်။ ပြီးတော့ စီးကရက်တစ်ရှိုက်နှင့် လက်ပြန်ပိုက်၍.. ၊

"သူများကိုမေးခွန်းတွေမေးနေမယ့်အစား ကိုယ့်ဘာသာပြန်နားလည်အောင် ကြိုးစားစမ်းပါနေမင်းရယ်..ငါတို့မောင်နှမနှစ်ယောက်ပဲရှိတော့တာ၊ ဒါပေမယ့် ဆွေမျိုးတွေတော့ အများကြီးပဲလေ.."

မင်းသမီးကသလို လက်နှစ်ဖက်ဖြန့်ပြီး ဝေ့ပြတော့ ဦးနေမင်းသစ်ရဲ့အရယ်မျက်နှာက အပြုံးတို့ပျောက်ကွယ်ကုန်၏။ သူရှုပ်ထွေးခဲ့တာကိုဖော်ညွှန်းလိုက်မှန်းသိသည်။ ထို့ကြောင့် မျက်လုံးက သိုးမွှေးထိုးနေသည့် ဒေါ်ယမုံခင့်ဆီ ရောက်သွားခဲ့သည်။ မောင်နှမစကားနိုင်လုကြပြီဆို ဒေါ်ယမုံခင်ရှောင်ထွက်သွားမြဲဖြစ်သည်။ ဒီတစ်ခါတော့ သိုးမွှေးထိုးသည့်အလုပ်ပေါ်မှာ အထူးတလည်အာရုံစိုက်ထားပုံဖမ်းလျက် တုတ်တုတ်မှမလှုပ်ဘဲ ရှိနေ၏။ ဒီလိုတုံဏှိဘာဝေဇနီးမယားမျိုးကို ဘယ်ယောကျ်ားကရင်ခုန်မှာလဲ.. ၊ ကိုယ့်ကိုဘယ်လိုအားမျိုးမှ မဖြစ်စေတဲ့ဒီလိုမိန်းမမျိုးကြောင့် ပျော်သလိုနေတော့ ဇနီးကောင်းရထားပြီး ကိုယ်သာအသုံးမကျတဲ့သူလို။ ဦးနေမင်းသစ်ငယ်ရွယ်နုပျိုစဉ်ကတည်းကခံလာရသည့် ဒီအပြောမျိုးတွေကို နည်းနည်းတော့နာကျင်နေမိပြီဖြစ်သည်။ ပြောရမယ်ဆိုရင် ဒီမိန်းမကြောင့်.. ၊

"ငါ့ညီမိန်းမရ ကံကောင်းတယ်"လို့ အစ်ကိုဖြစ်သူက ချီးမွမ်းခဲ့ဖူးသည်။

"ငါ့ချွေးမကမှ တကယ့်အိမ်ထောင်ရှင်မပီသတာပဲ"တဲ့..၊ မိဘတွေက ကျေနပ်နေကြ၏။

"သူများတွေယောက်မတွေ မကောင်းလို့အတင်းတွေတုပ်လိုက်ကြတာ..ငါ့ယောက်မကိုကြည့်ပြီး ယောက်မတွေအကျင့်မကောင်းဘူးဆိုတာ နားကိုမလည်နိုင်ဘူး.."လို့ အစ်မဖြစ်သည့် မြင့်မိုရ်က ချီးမွမ်းလို့မဆုံး.. ၊

"မီးဖိုချောင်ဝင်နေတာများ ထွက်ပါဆိုမှထွက်တယ်..ဘာခိုင်းခိုင်းတစ်ချက်မှ ပြန်မကြည့်ရဘူး၊ သမီးယောက်မတုပနေဖို့ နေနေသာသာ ငါ့မျက်နှာတောင် ရဲရဲမကြည့်တဲ့ယောက်မ.."

အိမ်မှာသူငယ်ချင်းတွေ ခေါ်လာတိုင်း ဒီယောက်မကို ခေါ်ထုတ်ပြီး ပြောပြရတာအမော။ တမင်မိတ်ဆက်နေစရာလည်းမလိုပေ။ 'ယမုံရေ မမတို့ဖို့အအေးလေးလုပ်ခဲ့ပါဦး'လို့ ပြောလိုက်ရုံ.. ၊

"မမတို့က ကျွန်တော့်မိန်းမကို အိမ်အကူလိုခိုင်းနေကြတာလား.."

လို့ သူဒေါသဖြစ်လို့ ပြောခဲ့ဖူးသည်။ မြင့်မိုရ်က ပြုံးပြုံးပျာပျာမျက်နှာတွေဖြစ်လျက်.. ၊

"အဲ့လိုမဟုတ်ပါဘူးမောင်လေးရယ်..မမက မမစားမယ့်အစားအသောက်ကို ဟိုလူလုပ်မှ ဒီလူလုပ်မှနဲ့ ကြေးများတတ်တာ မောင်လေးသိရဲ့သားနဲ့..ယမုံရောက်လာမှ အဆင်ပြေသွားတာလေ၊ ကိုယ့်ယောက်မကောင်းလေးရထားလို့ ကျေနပ်နေတာကို.."

ပြောပြတော့လည်း မြင့်မိုရ်အကြောင်းတစ်အိမ်လုံး သိကြတာမို့နောက်ထပ်မပြောဖြစ်တော့ဘဲရှိကာ ကိုယ့်ဇနီးမယားကိုပဲ ကပ်ပြောနေရသည်။ သို့သော်.. ၊

"ယမုံမှမနေတတ်တာ အစ်ကိုရယ်..ကိုယ့်မိသားစုတွေပဲဟာ.."

အိမ်မှာမိဘတွေကလည်း မိဘတွေလုပ်ငန်းနဲ့ဖြစ်သလို သူတို့မောင်နှမတွေမှာလည်း လုပ်ငန်းလုပ်နေတဲ့သူကတစ်မျိုး၊ ကိုယ့်ယုံကြည်မှုနဲ့လှုပ်ရှားနေကြတာလည်း ရှိကြကာ မိသားစုဆိုတာ တစ်အိမ်တည်းမှာရှိနေသည့် ပြယုဂ်တစ်ခုသာဖြစ်ခဲ့၏။ ထမင်းဝိုင်းမှာ လူစုံပြီဆို ကိုယ့်ယုံကြည်မှုနဲ့ကိုယ့်ဆုံးဖြတ်ချက်တွေအကြောင်းသာ ပြောဖြစ်ကြလျက်သူ့ထက်ငါ ဘယ်သူပိုတော်လဲ ဘယ်သူပိုထက်လဲစသည့် အကြောင်



ခံသော ငြင်းခုံခြင်းတွေသာ ဖြစ်နေတတ်၏။ မိဘနှစ်ပါးသည်လည်း ဆက်မြက်မှုကိုယ်စီရှိနေကြသော သားသမီးတွေကို ကျေနပ်နေကြသည်။ ငြင်းခုံပြိုင်ဆိုင်နေကြသည့် မာန်မာနတွေကို လွတ်လပ်ခွင့်ပေးခဲ့ကြ၏။ ထို့ကြောင့် 'မိုးထိ'စံအိမ်ဆိုသည့်အတိုင်း စံအိမ်ကလူတွေအကုန်လုံးကလည်း ခြေထောက်နဲ့မြေပြင်ကင်းလွတ်ရင်းဖြင့် မိုးထိတက်ဖို့ကြိုးစားနေကြသူတွေ ဖြစ်လာခဲ့သည်။

ဒီလိုမိသားစုထဲမှာ ကိုယ့်ဇနီးကျမှ ဘယ်လိုကောင်းခြင်းအဖြာဖြာနဲ့ ဗိုင်းကောင်းကျောက်ဖို့ တော်လေးဝင်ါးဝဝင်နေခဲ့တယ်ဆိုတာ နားမလည်နိုင်။ ခုတော့ မိဘတွေလည်း မရှိကြတော့ပါ။ အစ်ကိုတွေလည်း နိုင်ငံရပ်ခြားကို ရောက်သွားကြပြီဖြစ်ကာ အစ်မဖြစ်သည့် မြင့်မိုရ်ကတော့ သားအာဏာသျှန်ကို မွေးပြီးမှ မြန်မာပြည်ပြန်ရောက်လာခဲ့တာဖြစ်သည်။ သူမရောက်လာတော့ ဦးနေမင်းသစ်ဦးဆောင်ခဲ့သည့် မိဘရဲ့စီးပွားရေးလုပ်ငန်းတွေက ဖင်မနိုင်ခေါင်းမနိုင် ရေမျောကမ်းတင်အဖြစ်ကို ရောက်လုရောက်ခင် အခြေအနေမျိုး။ မြင့်မိုရ်သည်လည်း ခင်ပွန်းသည်ဆုံးသွားသဖြင့် စိတ်လည်းပျက် စီးပွားရေးလည်းပျက်လာခဲ့တာမို့ မောင်ဖြစ်သူကိုကူညီချင်တာတောင် ပျက်စီးစပြုနေသည့်စီးပွားရေးအခြေအနေကို ဘယ်ကဘယ်လိုပါဝင်ရမှန်းမသိတော့ဘဲ လှုပ်လီလှုပ်လဲ့ ဖရိုဖရဲနဲ့ပဲ ရှေ့ဆက်ခဲ့ရ၏။

သူ့အပြစ်တွေကိုတွေးရင်း ကိုယ့်အပြစ်တွေပေါ်လာတော့မှ ဦးနေမင်းသစ်ရဲ့အကြည့်တွေ ဒေါ်ယမုံခင့်မျက်နှာဆီက ခွာ၏။ မိန်းမပီသတာ ကောင်းသည်။ ဒါပေမယ့် အိမ်ထောင်ရေးခိုင်မြဲသာယာဖို့အတွက် မိန်းမပီသမှုတစ်ခုသာ လိုအပ်သည်မဟုတ်.. ၊

"နေမင်း.."

"ဟင်.."

ရုတ်တရက်နာမည်ခေါ်လိုက်သဖြင့် အတိတ်နဲ့ပစ္စုပ္ပန်မှာ အထိုင်မကျနိုင်ဖြစ်နေသည့်စိတ်က ပျာပျာသလဲထူးမိခြင်းကို ဖြစ်သွားစေကာ သူ့ပုံစံကြောင့် ဒေါ်မြင့်မိုရ်က လှောင်ရယ်သလိုပြုံးနေလျက်..၊

"ဘာလဲ..ဟိုလူကြောင့် ဒီလူကြောင့်လွှဲချဖို့ တွေးနေတာလား.."

အငိုက်ဖမ်းမေးလိုက်တာလည်း တန်းခနဲ.. ၊

"ယမုံကရိုးသားတာပါ..တစ်ဆိတ်ရှိရင် ငါ့မောင်က ဒါပဲဘာဖြစ်လို့ ရိုးမယ်ဖွဲ့နေတာလဲ၊ လင်သားနဲ့ဇနီးမယားမှာ အိမ်ထောင်ရေးတိုးတက်တောင့်တင်းဖို့အတွက် ဘယ်သူ့မှာပိုပြီး တာဝန်ရှိသလဲ.."

"ဒါကတော့ ယောကျ်ားလည်းလုပ်ချင်ကိုင်ချင်စိတ်ရှိမှ လုပ်မှာပေါ့..လုပ်ချင်ကိုင်ချင်အောင် မိန်းမကဆွဲဆောင်စည်းရုံးနိုင်ဖို့ မလိုဘူးလား.."

"မလိုပါဘူးကွာ.."

ဒေါ်မြင့်မိုရ်က ရှုံ့မဲ့ကဲ့ရဲ့ပြီး စားပွဲပေါ်က ပြာခွက်ထဲထိ စီးကရက်ပြာခြွေကာ ကိုယ်ကိုမတ်မတ်ပြန်ထိုင်ပြီးမှ.. ၊

"ဒါကိုရှာရင် ဒါပဲတွေ့မှာပဲ..မင်းကိုက အရာရာတိုင်းမှာ မိန်းမဖြစ်နေတာ.."

"မမနော်..ကိုယ့်ပြောတာမကြိုက်ရင် သူများကိုလည်းမပြောနဲ့ ဒီအသက်အရွယ်ကျမှ ရန်မဖြစ်ချင်ဘူး.."

"ဖြစ်လို့ရပါတယ်..ပြောလေ၊ မမမှာ ဘာပြောစရာရှိနေလို့လဲ.."

"သိပ်ရှိတာပေါ့.."

ဦးနေမင်းသစ်က မရှိုမချဉ်မဲ့ပြုံးနှင့် လက်ရမ်းပေါ်လှမ်းတင်ထားသည့် ခြေထောက်ကို ပြန်ရုတ်၍ ဒေါ်မြင့်မိုရ်ကို စိုက်ကြည့်ရင်း.. ၊

"မမနဲ့ကိုကို အမေရိကားကိုသွားလိုက် စင်္ကာပူကိုပြန်ရောက်လိုက်နဲ့ ပါသွားသမျှ ဘာများတိုးတက်တာရှိလို့လဲ.."

"ငါ့ကျန်းမာရေးကြောင့် ဒုက္ခများသွားတာပါကွာ..ကိုလွင်ရုတ်တရက်ဆုံးသွားလို့ စီးပွားရေးအလျင်ပြတ်သွားတယ်၊ ငါကျန်းမာရေးဆိုးသွားတယ်..ငါမရှာတတ်မဖွေတတ်လို့မှ မဟုတ်ဘဲ..ပြီးတော့ ငါပဲပြန်လာတာ ကိုကိုပြန်လာလို့လား.."

တစ်ခုချင်းပြန်မေးပြီး ဒေါ်မြင့်မိုရ်အကြည့်တွေက မာန်မာနကြောင့် အေးစက်စက်ဖြစ်လာခဲ့လျက်.. ၊

"ငါဒုက္ခရောက်ခဲ့ရင်တောင် အလုပ်လုပ်နေတဲ့သူ အမြတ်ရတာရှိသလို ရှုံးရတာလည်းရှိနိုင်တယ်..ငါညံ့လို့မဟုတ်ဘူးနေမင်း၊ ဘာမှပြန်မစတော့ဘဲနေခဲ့တာက ငါ့တူလေးကိုမထားခဲ့နိုင်တော့လို့.."

မယုံကြည်သလိုလို လှောင်ရယ်သည့်မျက်နှာကြီးနှင့် ဦးနေမင်း



သစ်က တစ်ဖက်လှည့်သွားသည်။ ဒေါ်မြင့်မိုရ်က ဂရုမစိုက်စွာစိုက်ကြည့်နေခဲ့၏။ မောင်နှမသုံးယောက်မှာ ယောကျ်ားလေးအငယ်ဆုံးလေးမို့ မေမေတို့ကအလိုလိုက်သည်။ သူမတို့နှစ်ယောက်ကို တိုးတက်ရေးကြီးပွားရေးတွေ သင်ပြလမ်းညွှန်ခဲ့ပေမယ့် နေမင်းသစ်ကဝါသနာမပါဘူးဆိုပြီး ရှောင်နေခဲ့၏။ အပေါင်းအသင်းအပျော်အပါးတွေနဲ့ ဘယ်လိုနေနေ အလိုလိုက်အကြိုက်ဆောင်ထားခဲ့သည်။ ရည်းစားများခြင်းသည် လူတစ်ယောက်ရဲ့အနာဂတ်အတွက်၊ အဆိပ်အတောက်ဖြစ်စေမှန်း နားလည်လာချိန်က နေမင်းသစ်အတွက် အိမ်ထောင်ဘက်ရှာပေးချိန်ဖြစ်လေသည်။

"ငါ့သားလူချောလူလှကိုများ ပွေသလေးရှုပ်သလေးနဲ့ ဆွေမျိုးချင်းကဲ့ရဲ့ခံရတာ အနာဆုံးပဲ.."

"ဒါများကွာ..သူ့သမီးနဲ့မပေးစားတော့ ဘာဖြစ်သွားနိုင်လို့လဲ၊ ငါတို့သားကို သူ့သမီးထက်အများကြီးသာတဲ့ မိန်းကလေးနဲ့လက်ထပ်ပေးပြမယ်..ခုချက်ချင်း စိန်မြတို့ဆီဖုန်းဆက်၊ အမြန်ဆုံးပေးစားချင်တယ်..အကြောင်းပြန်ပါလို့.."

"ဟုတ်တယ်..ဟိုကိုဆိုရင် တစ်မြို့တစ်ရွာစီဖြစ်နေလို့ အနီးအပါးအချင်းချင်းဇေ့စပ်တာကို တော်တော်အဖြစ်သည်းတယ်.."

မိဘနှစ်ပါးစလုံး သားငယ်အတွက် ဒေါင်ချာစိုင်းနေခဲ့သည်။ သူများလက်ညှိုးထိုးလာကာမှ သားလက်ကိုဆွဲပြီး လုပ်ငန်းတွေထဲခေါ်သွား စာရင်းအင်းဆိုတာ ဘာမှန်းသိဖို့ကြိုးစားနှင့် စီးပွားရေးလောကထဲကို ဖုတ်ပူမီးတိုက်ဆွဲသွင်းကြ၏။ ထိုစဉ်က သူမတို့မောင်နှမနှစ်ယောက်စလုံးလည်း နေမင်းသစ်အတွက် အတော်ပင်ပန်းခဲ့ကြသည်။ သူမတို့မိသားစုအတွက် ပတ်ဝန်းကျင်စကားကို ဘေးချိတ်ထားနိုင်ပေမယ့် ဆွေဂုဏ်မျိုးဂုဏ်ဆိုတာ အသက်လိုအရေးကြီးတာကြောင့် ဆွေမျိုးချင်းပြိုင်ဆိုင်ဗိုလ်လုကြသည်။ ဆွေမျိုးချင်းပဲ ကောင်းတာပြောလည်း သူတို့ ကဲ့ရယ်စရာလည်းမလွတ်.. ၊

စီးပွားရေးတွေလုပ်နေပါပြီလို့ လက်ဆွဲပြနိုင်တာတောင် နေမင်းသစ်ကတော့ အပျော်များစွာကို လက်မလွှတ်ခဲ့ပေ။ ထို့ကြောင့်မိဘတွေ ရုတ်တရက်ဆိုသလို တစ်ယောက်ပြီးတစ်ယောက်ဆုံးသွားကြတာနှင့်

နေမင်းသစ်မျောက်သစ်ကိုင်းလွတ်သလို ဖြစ်ခဲ့သည်။ အစ်ကိုနဲ့အစ်မက လည်း အနားမှာမရှိကြတော့ ပိုဆိုးသွားသည်။ ဒါတွေကိုဘယ်လို ကြောင့် မေ့နိုင်ရတာလဲ..။ ကိုယ့်ရဲ့ညံ့ဖျင်းမှုကို သူများပြောတာလည်း မကြိုက်။ ကိုယ့်ကိုယ်တိုင်ဆန်းစစ်တာလည်း မရှိ။ တကယ်ဆို သူမ တို့မောင်နှမတွေမှာ စီးပွားရေးလုပ်လုပ်မလုပ်လုပ် အေးဆေးထိုင်ပြီး သုံးစွဲစားသောက်သွားနိုင်ကြသည်။ ဆွေမျိုးတွေထဲမှာ အကြီးဆုံး အ ချမ်းသာဆုံး ဩဇာအရှိဆုံးမိသားစု.. ။

ပြောစရာရှိတာ တစ်ခုပါပဲ..။ မေမေတို့က ခေတ်ရေစီးကြောင်းအ တိုင်း ပြုပြင်နေထိုင်သည်။ သားသမီးတွေစိတ်ချမ်းသာသလို လုပ်ကိုင် စီမံခွင့်ပေး၏။ ထို့ကြောင့် ဆွေဂုဏ်မျိုးဂုဏ်အရ ပြောရမည်ဆိုလျှင် မျိုးဖျက်အုပ်စုလိုဖြစ်နေခဲ့၏။ ဒါတွေကရော ဘယ်သူ့ကြောင့်လဲ.. မောင်နှမနှစ်ယောက် တစ်ယောက်ရင်ထဲကိုတစ်ယောက် ထွင်းဖောက် သိမြင်နေရင်း အတိတ်ကိုသတိရပြီး ခံစားဝေဖန်နေမိကြ၏။ ဒေါ်မြင့်မိုရ်က မောင်ဖြစ်သူကို စိတ်ပျက်စွာဖြစ်ကာ မောင်ဖြစ်သည့်ဦးနေမင်း သစ်ကတော့ တစ်ရေးနိုးထမေးပါစေ 'ငါဘယ်တော့မှမမှားဘူး' လို့ ကြော်ငြာပြင်ဆင်ထားသည့် မာနတို့နှင့် ။

"တီ.."

"ဟော..ဖုန်း.."

တွင်တွင်ငြင်းခုန်နေကြသည့်မောင်နှမက အသံတိတ်နေကာ သိုး ချွတ်ဆိုးနေသည့် ဒေါ်ယမုံခင်မတ်ခနဲဖြစ်သွားသည်။ ထမင်းစားခန်းထဲ က ဖုန်းကိုခေါ်ခြင်းသည် မိသားစုထဲကပဲမို့။ ဒါက သားခေါ်တာမှန်း သိလိုက်၏။ ထို့ကြောင့် တစ်ချိန်လုံးငြိမ်နေခဲ့ပြီးမှ ဖုန်းသံကြောင့်က မန်းကာတန်းထသွားမိခြင်းဖြစ်လျက်.. ။

"ဟလို.."

"မေမေလား.."

"အေး သား..သားကိုမေမေတို့မျှော်နေကြတာ.."

ဒေါ်ယမုံခင်ဖုန်းပြောနေတာကို နားစွင့်နေကြတာမို့ စကားသံတိတ် သွားပြီး ဖုန်းချသံကြားလိုက်တာနှင့် ဒေါ်မြင့်မိုရ်က လှည့်ကြည့်ကာ..

"သားပြန်မလာသေးဘူးတဲ့လား.."



"ဟုတ်ကဲ့..အပြန်နောက်ကျမယ်တဲ့မမ.."

"ကျမှာပေါ့..ဒီလိုနေ့မျိုးမှာ ယောက်ျားလေးတစ်ယောက်ကို တိုင် စာခေါ်ထားလို့ ဘယ်ရမလဲ၊ မင်းကိုက သားအိမ်ကထွက်သွားတာနဲ့ တိုင်မာခေါ်ပြီး ထိုင်စောင့်နေတာ.."

ဒေါ်ယမုံခင်က မလုံမလဲပြုံးလိုက်ရင်း မူလနေရာမှာပဲပြန်ထိုင် လိုက်ကာ.. ။

"မဟုတ်ပါဘူးအစ်ကိုကလည်း.."

"ဟွန်း.."

"အေး..မင်းသားကို ဒီလောက်အရိပ်ကြည့်မနေနဲ့၊ ဒီကောင့်ကို ကြာခင်မိန်းမပေးစားပစ်မှာ.."

ဟင်.. ။ ဒေါ်ယမုံခင်အံ့ဩတာထက်ပိုသော ထိတ်လန့်သည့်မျက် နှာတို့နှင့် မောင်နှမနှစ်ယောက်ကိုကြည့်သည်။ ဒေါ်မြင့်မိုရ်က ပြုံးကာ..

"ဘာဖြစ်လို့လဲယမုံ..နင့်သားကအရွယ်ရောက်နေပြီ၊ စီးပွားရေး လောကထဲမှာလည်း အောင်မြင်နေပြီ..သူ့အတွက် ဘဝကြင်ဖော်ရှိဖို့ပဲ လိုတော့တာ မဟုတ်ဘူးလား.."

ဒေါ်ယမုံခင် ဘာမှမပြောဘဲခေါင်းငုံ့သွားတော့ စိတ်မကောင်းဖြစ် သွားမိသည်။ ဒီယောက်မ အေးလွန်းပါသည်။ မျက်နှာကြည့်ပြီး လှောင် ရယ်နေလည်း မကြားသလိုနေသည်။ ခင်ပွန်းဖြစ်သူက သဟောက်သ တမ်းနှိမ်ချပြောဆိုနေလည်း တစ်ခွန်းမှခွန်းတုံ့မပြန်။ တစ်အိမ်လုံးဝိုင်း နိုင်နေကြပါလားလို့လည်း အားငယ်ကြေကွဲနေပုံမရှိခဲ့။ ကြာတော့လည်း နိုင်ရတဲ့သူကတောင် အားနာလာရတဲ့အဖြစ်.. ။

"မအေဆိုတော့ ဒီလိုပါပဲ..ကိုယ့်သားသမီးကို ဘယ်အချိန်ကြည့် ကြည့် ကလေးလို့မြင်နေတာပဲ.."

"မအေပဲဒီလိုဖြစ်တာ မဟုတ်ပါဘူးဗျာ..ဖအေတွေကတော့ ဘာ လဲ.."

"ဒါတော့ ကိုယ့်ဟာကိုယ်မေးကြည့်လေ..မမက မိန်းမဆိုတော့ အမေကိုပဲစာနာကြည့်လို့ရတယ်.."

ခပ်ရွှဲရွှဲပြောကာ စီးကရက်ကိုပြာခွက်ထဲထည့်လိုက်သည်။ ပြီး တော့ လိုတာထက်ပို၍ ဖိချေနေပြီးမှ ဆိုဖာမှာမှီလိုက်ပြီး..

"ယမုံကိုပြောမလို့ဟာ..မင်းနဲ့ချည်းပြောနေရတာ မပြီးတော့ဘူး"

"ကျွန်တော်ကတော့မထင်ပါဘူး..သားရဲ့အောင်မြင်မှုတွေကိုကြည့်ပြီး 'ငါပဲ'လို့ လက်ပန်းမောင်းခတ်ချင်နေတာ.."

မောင်ဖြစ်သူ သဝန်တိုစိတ်ဆိုးနေတာကြည့်ကာ ဒေါ်မြင့်မိုရ်က အသံထွက်အောင်ရယ်လိုက်သည်။ ပြီးတော့မှ ဒေါ်ယမုံခင့်ကိုလှည့်ကြည့်၍.. ။

"နင့်သားကိုက မန္တလေးကဆွေတော်မျိုးတော်တွေဆီ သွားလည်ချင်နေတာယမုံ..ငါ့ကိုပူဆာနေတာ သုံးနှစ်ရှိပြီ.."

"အဲ့ဒါ ကျွန်မသိပါတယ်..ဒါပေမယ့်.."

"ဟုတ်တယ်..နင်ပြောချင်တာငါလည်းသိတယ်၊ ဒါပေမယ့် အခုသားက ခေါင်းမော့ရင်ကော့သွားနိုင်တဲ့ အခြေအနေရောက်နေပြီလေ..ပြောရရင် မကြာခင်ဆွေမျိုးထဲမှာ အချမ်းသာဆုံး အိမ်ထောင်စုတစ်ခုကို ထူထောင်မယ့်ယောကျ်ားကောင်းဖြစ်လာတော့မှာ.."

ဖအေဖြစ်သူဦးနေမင်းသစ်ရဲ့ နာမည်ဆိုးတချို့ကြောင့် ဆွေမျိုးထဲမှာ မျက်နှာငယ်ကြရသည်။ ဒါကြောင့် အနေအထိုင်ပြင်ပါလားဆိုတော့လည်း ဦးနေမင်းသစ်က နည်းနည်းလေးမှ ပြုပြင်ကြိုးစားခဲ့တာမရှိပေ။ မိဘစီးပွားရေးကိုတောင် မထိန်းသိမ်းနိုင်ဘဲ ချစ်သူတွေ ချစ်သူထက်ပိုတာတွေများစွာ ရှုပ်ထွေးလျက် 'မိုးထိ'စံအိမ်က ဆွေမျိုးတွေသာ တိုးပွားလာခဲ့လျက် စီးပွားကတော့ မတိုးတက်ခဲ့ပေ။ သူမတို့အတွက် ချမ်းသာအောင်ကြိုးစားနိုင်ဖို့ထက် ဆွေဂုဏ်မျိုးဂုဏ်ကို မထိန်းသိမ်းနိုင်ခြင်းကသာ အဓိကပျက်စီးခြင်းဖြစ်ရာ သုံးဖြုန်းမကုန်နိုင်သည့် ဘိုးဘွားမိဘရဲ့အမွေပစ္စည်းတွေ ပြည့်စုံပိုလျှံနေအောင် ရှိနေပေမယ့် ဆွေမျိုးတွေထဲမှာ မျက်နှာအငယ်ဆုံး.. ။

သားလေးအာဏာသျှန်ကတော့ ဆွေမျိုးဂုဏ်ကို ဖော်ဆောင်နိုင်ခဲ့သူပါ။ စိတ်ပျက်စရာတွေထဲကနေ ကျေနပ်ဖွယ်လေးတွေတွေး၍ ဒေါ်မြင့်မိုရ်နှုတ်ခမ်းတွေ ပြုံးနေခဲ့သည်။

အခန်း(၄)

"ဂုဏ်ယူပါတယ်အာဏာသျှန်ရေ..အရည်အချင်းနဲ့ရုပ်ရည်နဲ့ ဘိုးဘွားမိဘကလည်း တောင့်တင်း.."

"ဟုတ်တယ်..ဟုတ်တယ်၊ လိုအပ်နေတာ တစ်ခုပဲ..မိန်းမချောမိန်းမလှလေးတစ်ယောက်နဲ့ စုံမက်လက်ထပ်ပြီး ရာသက်ပန်အေးချမ်းစွာနေထိုင်ကြလေသတည်းဆိုတာလေး.."

"ဟား ဟား ဟား.."

"ချီယားစ်.."

ဖန်ခွက်တွေအသီးသီးမြောက်၍ ရယ်သံတွေပါ လွှင့်သွားကြ၏။ အာဏာသျှန်က အဖြူရောင်အနောက်တိုင်းဝတ်စုံနှင့် ပခုံးသာသာဆံပင်ရှည်တို့ကို နောက်မှာစုစည်းထားသည်။ မျက်နှာတစ်ပြင်လုံး ရှင်းပေမယ့် ခပ်ခွေ့ခွေ့ပြန်ကျနေသည့် ဆံစတချို့က အနည်းငယ်ရှည်သလိုဖြစ်နေသည့်မျက်နှာနှင့် တင့်တယ်နေ၏။ အရပ်မြင့်သည့်ယောကျ်ားတစ်ယောက် ရှိသင့်တာထက် ပိုမိုမြင့်မားနေကာ ရင်အုံဖွင့်သည့်ပုံကြောင့် သူ့ရဲ့ပြုမူလှုပ်ရှားမှုတိုင်းက ဆွဲဆောင်မှုရှိနေ၏။ လူကြီးမိုင်းယောကျ်ားတွေဆို 'ငါ့သားဒီလောက်တော်ရင်ကောင်းမှာ'လို့ တွေးမိကြ

သလို အမျိုးသမီးကြီးတွေကျတော့ 'ငါ့သမက်ဖြစ်ရမှာ'ဆိုသည့် စိတ်ကူးတွေကို ပေါ်ပေါက်စေသော အာဏာသျှန်ဆိုသော လူငယ်တစ်ယောက်သည်.. ၊

"ပြောပါဦး..အိမ်ထောင်ပြုဖို့ စိတ်ကူးလေးဘာလေးမရှိဘူးလား.."

"မရှိသေးပါဘူးအန်ကယ်လ်..ကျွန်တော့်အချိန်တွေကို ကျွန်တော့်အတွက်ဖြစ်ဖို့ တော်တော်လိုပါသေးတယ်၊ အာမခံလုပ်ငန်းတွေအပြင် အိုင်တီကုမ္ပဏီထူထောင်ဖို့အတွက် ပရောဂျက်တွေလည်းရှိနေသေးတယ်..ဒါကမိဘလက်ငုတ်စီးပွားရေးမို့ မပျောက်ပျက်စေချင်တာ၊ ကျွန်တော့်ဝါသနာက ခုမှစရမှာ.."

"နို့..မင်းအခုခရီးထွက်ဖို့ဆိုတာက မိန်းကလေးနဲ့သွားတွေ့ဖို့လို့ကြားတာ မဟုတ်ဘူးလား.."

"ခေ့စပ်ကြောင်းလမ်းဖို့ဆိုလားနော်..တို့တွေကြားတာက.."

မေးကြသည့် မိတ်ဆွေတွေကိုကြည့်၍ အာဏာသျှန်ကပြုံးနေလျက်.. ၊

"မဟုတ်ပါဘူး..မန္တလေးမှာ ကျွန်တော့်ဘိုးဘွားဆွေမျိုးတွေရှိလို့ အလည်သွားမှာပါ.."

"ဩော်..ဒီမှာအရမ်းအရှိန်တက်နေတဲ့ အလုပ်တွေ ပရောဂျက်တွေကို ပစ်ထားပြီးတော့လား.."

"ကိုစိန်ကလည်းဗျာ..သူ့ပါစင်နယ်လ်လည်း ရှိဦးမှာပေါ့.."

"အေးပါ..ကျုပ်ကလည်း နားရှုပ်သွားလို့ပါ၊ အလည်အပတ်ဆိုပေမယ့် မွေးရပ်မြေကိုပြန်သလိုကြီး နှုတ်ဆက်နေတော့.."

သူတို့ချင်းထင်ကြေးပေးနေသည့် ဦးစိန်ထွန်းနဲ့လူစုကို အာဏာသျှန်က သဘောပေါက်သလို လက်ကာပြရင်း.. ၊

"အဲ့ဒါလည်းဟုတ်တယ်..ကျွန်တော်တစ်ခါမှ မရောက်ဘူးသေးတော့ သွားရင်ဘယ်လိုဝင်တွေ့ရမလဲဆိုတာ မသိသေးဘူး၊ မတွေ့ဘူးကြတဲ့ သွေးသားရင်းချာတွေလေ..ဘယ်လိုပြောရမှန်းတောင် မသိပါဘူး.."

ပြောရင်း ဆံပင်တစ်ချက်သပ်၍ရယ်သည်။ အားလုံးလည်း လိုက်ပြုံးနေပေမယ့် အံ့ဩသလို နားမလည်လိုက်သလိုလို သူပြောခဲ့တဲ့အ



တိုင်း ဘယ်လိုပြောရမှန်းမသိ ဖြစ်နေကြလျက်.. ၊

"မန္တလေးနဲ့ရန်ကုန်ကိုပဲ မောင်ရင်ကတစ်ခါမှ မသွားခဲ့တာလား.."

"အင်း..အဲ့ဒါလည်း ဘယ်လိုပြောရမလဲ.."

တကယ်ကို အာဏာသျှန်ဘာပြောရမှန်း မသိတာဖြစ်သည်။ ရန်ကုန်နဲ့မန္တလေးလေကြောင်းကုန်းကြောင်း ဘယ်လိုပဲသွားသွား နာရီပိုင်းနဲ့ရောက်သွားနိုင်သည်။ သူလည်းအလုပ်ကိစ္စတွေ တခြားလူမှုရေးကိစ္စတွေအတွက် မကြာခဏရောက်နေခဲ့သည်။ ဒါပေမယ့် 'တာဝတီံသာ'စံအိမ်ကြီးက ဘယ်မှာရှိမှန်းလည်းမသိ။ သူသွားလည်းမသွားဖြစ်ခဲ့ပေ။ မသွားဖြစ်ရခြင်းအကြောင်းတို့သည်လည်း.. ၊

"မသွားပါနဲ့သားရယ်..သားကလူငယ်ပီပီ စိတ်ဆတ်တယ်၊ သူတို့ကရှေးဆန်ပြီး စည်းကမ်းတွေနဲ့ တင်းကျပ်ပိတ်လှောင်နေကြတာ၊ နောက်ပြီး သားမသိသေးတဲ့ အကြောင်းတွေလည်းရှိသေးတယ်..မေမေတို့တောင် အလည်အပတ်မပြောနဲ့ သာရေးနာရေးဘာမှသိလည်းမသိရဘူး..သွားလည်းမသွားဖြစ်ခဲ့ဘူး၊ ဆွေမျိုးရင်းချာတွေဆိုတာတောင် မေ့နေပါပြီ.."တဲ့.. ၊

မန္တလေးက 'တာဝတီံသာ'စံအိမ်ကြီးအကြောင်းပြောလိုက်တိုင်း မေမေမျက်နှာပျက်သည်။ သွားပါရစေဆိုရင် ခေါင်းခါသည်။ ထို့ပြင် မေမေလေးကလည်း ခွင့်မပြုချင်.. ၊

"သားမေမေက ဘယ်သွားစေချင်မလဲ..မင်းဖေဖေမလိမ္မာခဲ့တာတွေကို ဟိုကကဲ့ရဲ့တော့မှာလေ၊ တို့ဆွေမျိုးတွေထဲမှာ မိုးထိစံအိမ်နဲ့အပြိုင်မြင့်မားတာ တာဝတီံသာစံအိမ်ပဲ..ငါတို့ကျရှုံးသွားတော့ သူတို့ကနံပါတ်တစ်ပေါ့၊ အဲ့လိုပြောလို့ ဘယ်သူကပိုချမ်းသာသလဲလို့ မမေးနဲ့နော်..မေလေးတို့ပြိုင်ကြတာ စည်းစိမ်ဥစ္စာတွေမဟုတ်ဘူး၊ စည်းကမ်းဂုဏ်သိက္ခာ.."

"ဂုဏ်သိက္ခာကရော ကျွန်တော်တို့က ဘာတွေဖြစ်နေလို့လဲမေမေလေး.."

"အဲ့လိုမေးစရာရှိပေမယ့် တို့ဘိုးဘွားအစဉ်အဆက်ကိုက ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တယ်..ဂုဏ်သိက္ခာကို အသက်လိုတန်ဖိုးထားကြတယ်၊ အဟွန်း ဘာလို့ဂုဏ်သိက္ခာပဲ တန်ဖိုးကြီးနေသလဲသိလား..

ညည်းစိမ့်ဥစ္စာတွေက တို့တွေအတွက်တန်ဖိုးကြီးတာမှ မဟုတ်ဘဲ..ဒီနေ့ထိ မိုးထိစံအိမ်ကဲ့ရဲ့ခံနေရတာ ဆင်းရဲသွားလို့မဟုတ်ဘူး၊ မင်းအဖေကြောင့် ဘယ်ဆွေမျိုးမှလက်သင့်မခံနိုင်တဲ့ သူစိမ်းဆွေမျိုးတွေ များပြားလာတာကြောင့်ပဲ.."

သူစိမ်းဆွေမျိုးတဲ့.. ၊ မကြားဘူးခဲ့သည့်စကားတွေ။ ပြီးတော့ ပတ်ဝန်းကျင်မှာ လက်သင့်ခံဖို့ခက်တဲ့ အဖြစ်အပျက်အကြောင်းအရာတွေ။ ဒါတွေကြောင့် အာဏာသစ်ကိုယ်တိုင် ကိုယ့်ဆွေမျိုးတွေအပေါ် နားမလည်ဖြစ်နေခဲ့သည်။ 'ငါတို့ကတော်ဝင်မျိုး'လို့ လက်မထောင်ကြသည်ရော.. ၊

ကိုယ့်မိသားစုတွေကတော့ ဒီလိုတွေမရှိခဲ့ပေ။ အိမ်မှာတော်ဝင်မျိုးနွယ်တို့ နေထိုင်သုံးစွဲကြသလို တခမ်းတနားနေကြသည်။ ဘိုးဘွားဘေးကနေ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် ရှေးဟောင်းအမွေအနှစ်အတွင်းပစ္စည်းတွေရှိသည်။ ဒါတွေက မိသားစုချင်းပဲသိကြတာ ပတ်ဝန်းကျင်ကလူမှုဆက်ဆံရေးပိုင်းမှာ လွတ်လပ်ပွင့်လင်းကြသည်။ ခေတ်နဲ့အညီ ပြောင်းလဲနေထိုင်ကြသည့်အပေါ်မှာ 'တာဝတိံသာ'စံအိမ်ကြီးကလူတွေနဲ့ ပတ်သက်ပြီး သူဘယ်လိုပြောင်းလဲဆက်ဆံရမလဲ..။ ဘယ်လိုနေထိုင်ရမလဲ..။ အတွေးတွေနဲ့တောင် တဆုံးထိမသွားနိုင်ဘဲ ဒီနေ့ထိမန္တလေးကိုသွားဖို့ မအောင်မြင်ခဲ့တာဖြစ်၏။ မိခင်ကိုပြောတော့လည်းတားဆီးနေသည်။ အဒေါ်ဖြစ်သူကလည်း 'ဒါဟုတ်သည်'လို့ ထောက်ပြတော့ သူလက်လျှော့ထားခဲ့တာ သုံးကြိမ်ရှိခဲ့ပြီ.. ၊

'ဘယ်လိုပြောရမလဲ'လို့ မိတ်ဆွေတွေရှေ့မှာ ဖွင့်ပြော၍ ရှင်းအောင်လည်း ရှင်းမပြနိုင်ခဲ့ဘဲ အာဏာသျှန်ကားပေါ်ရောက်လာခဲ့သည်။ ညဥ့်နက်နက် လမ်းမပေါ်မှာ ကားကအေးချမ်းစွာပြေးနေခဲ့လျက်အတွေးတွေကတော့ အေးချမ်းသည့်အသွင်မရှိဘဲ ဖြစ်နေခဲ့သည်။ ဒီနေ့မန္တလေးကိုသွားဖို့ ကိုယ့်မိသားစုတွေက လမ်းဖွင့်ပေးခဲ့ပေမယ့် ဟိုဘက်က မိသားစုတွေနဲ့တွေ့ကြရင် ဘယ်လိုနေမလဲ.. ၊

"တီ တီ တီ.."

ဆိုင်ကယ်တစ်စီးက အကွေ့ကနေဟွန်းတီးပြီး ဒလကြမ်းကွေ့ချလာ၏။ အာဏာသျှန် ဟာခနဲဖြစ်သွားကာ ထိတ်တိုက်အနေအထားက



လွတ်အောင် စတီယာရင်ကို အတင်းဆွဲလှည့်ပစ်လိုက်လျှင်.. ၊

"အီ..ဂါး.."

"ဒုန်း.."

ကားသည်တစ်စုံတစ်ရာကို တိုက်မိလျက် ဆောင့်ခုန်သွားသည်။ ပြီးတော့ ပလပ်ဖောင်းနှုတ်ခမ်းနဲ့ ဘေးတိုက်ပွတ်ဆွဲသွားပြီးမှ ရပ်၏။ တစ်ကိုယ်လုံးကိုင်ပေါက်ခံလိုက်ရသလိုဖြစ်သွားကာ ဘာနဲ့ဘယ်လိုဆောင့်မိမှန်းမသိလိုက်ဘဲ နဖူးပေါ်ကို ပူနွေးသည့်သွေးစတွေစီးကျလာ၏။

"အား..ကျွတ် ကျွတ်.."

သွေးကိုလက်ချောင်းနဲ့သုတ်ကြည့်မိရင်း ရင်ဘက်ကအောင့်နေသည့်ဒဏ်ကို အတော်ကြီးခံစားနေရသည်။ ညဥ့်လည်းနက်နေခဲ့လျက်လမ်းမကျယ်ကြီးပေမယ့် မှောင်မိုက်နေသည်။ လမ်းပေါ်မှာလူရောကားရော အသွားအလာပြတ်တောက်နေချိန်ဖြစ်သောကြောင့် သူ့အဖြစ်ကိုဘယ်သူမှလည်း သိကြမှာမဟုတ်ပေ။ ထိုစဉ်.. ၊

"အု..အု.."

ဟင်..။ အသက်မှန်မှန်ရှူဖို့ကြိုးစားနေရင်း အသံတစ်ချက်ကြားလိုက်သဖြင့် ခေါင်းထောင်သွားမိသည်။ တစ်ခုခုကိုသူတိုက်မိတာ သတိရသွားသည်။ လူမဟုတ်မှန်းလည်း သိလိုက်၏။ ကြားလိုက်ရသည့်အသံအရ ခွေးတစ်ကောင်ဖြစ်နိုင်တာကို တွေးမိကာ တံခါးဖွင့်ဆင်းလိုက်သည်။ ကိုယ့်ကိုယ်ကိုမတ်မတ်မရပ်နိုင်အောင် အောင့်တက်နေပေမယ့်တစ်ဖက်မှာလည်း ဒဏ်ရာရနေသည့်သတ္တဝါရှိနေသဖြင့် ဥပေက္ခာမထားနိုင်။ သူ့ကားမီးရောင်နှင့် နောက်ဘီးရဲ့ဘေးမှာ ဆန့်ငင်တုန်ခါနေသော မဟော်ဂနီရောင်ခွေးလေးတစ်ကောင်ကို မြင်လိုက်ရ၏။ သေမလိုအသက်ငင်နေတာများလား..။ စိုးရိမ်စိတ်ကြောင့် အနားမှာဒူးထောက်ထိုင်ချလိုက်ပြီး ခွေးလေးကို သေချာကြည့်မိသည်။ ခွေးကအထီးလေးဖြစ်ကာ အသက်ငယ်ငယ်ကိုယ်လုံးပိန်ပိန်လေးနှင့်ဖြစ်သည်။ နှုတ်ခမ်းကြားက သွေးတွေကလမ်းပေါ်ထိ ပြန့်နေလျက် ဘယ်ဘက်ခြေထောက်သည် ပေါင်အောက်တစ်ပိုင်းလုံး ကားကြိတ်ခံထားရသဖြင့် သွေးတို့နှင့် ပိပြားနေသည်။

"အီး..အု အု.."

"ဟိတ်ကောင်..မင်းအရမ်းနာနေလား၊ ကျွတ်..ငါစိတ်မကောင်းပါဘူးကွာ.."

သေမှာပဲဆိုပြီး ထားခဲ့ရမှာလည်း မသေသေးတာမြင်လျက်နှင့်တော့ မထားခဲ့နိုင်။ ဒါပေမယ့် ကားကြိတ်ခံထားရသည့် အောက်ပိုင်းကတဆတ်ဆတ်တုန်ခါနေကာ ညည်းသံလည်းပျောက်သွား၏။ ဘာလုပ်ရမှန်းမသိဘဲ သူဒိတိုင်းထိုင်နေမိသည်။ အသက်ထွက်သွားတာလား..။ မထွက်သေးဘူးလား..။ ခေါင်းကိုအသာလေးစမ်းကြည့်တော့ ငြိမ်သက်နေ၏။ ပြီးတော့ ကိုယ်ပေါ်မှာလက်တင်ကြည့်တော့လည်း မလှုပ်တော့ပေ။ တုန်ယင်နေသည့် ခြေထောက်ကလည်း ငြိမ်သွားသဖြင့် သူထရပ်လိုက်သည်။

"ဆောရီးပါကွာ..ငါဘယ်လိုမှမတတ်နိုင်လို့ပါ.."

နောက်ထပ်တောင်းပန်မိကာ မြင်ကွင်းကိုကျောခိုင်းခဲ့မိသည်။ သို့သော် ကားတံခါးကိုကိုင်လိုက်ပြီးမှ ပြန်လှည့်ကြည့်မိသည်။ သူ့ခများအဖြစ်ဆိုးနဲ့ သေရရှာတာ။ နောက်ထပ် အနေးယာဉ်အမြန်ယာဉ်တွေတက်ကြိတ်သွားကြရင် ပိုပြီးအဖြစ်ဆိုးတော့မည်။ တွေးမိပြီး ပြန်လှည့်လာခဲ့၏။ သူဒီလောက်ထိ နူးညံ့ခံစားတတ်သူမဟုတ်ခဲ့ပါ။ ဒါပေမယ့်ခုလိုလည်း ကိုယ့်ကြောင့်တခြားသူ၏အသက်ကို သေစေခဲ့တာမျိုး တစ်ခါမှမရှိခဲ့ဘူးပေ။ ခွေးလေးကိုလမ်းဘေးအစပ်ထဲထိ ဆွဲသွင်းထားခဲ့ဖို့ ဆုံးဖြတ်၍ ကုတ်အင်္ကျီကိုချွတ်၍ ဘောနက်ပေါ်တင်လိုက်သည်။ ပြီးတော့ ခွေးလေးဘေးမှာထိုင်လိုက်ပြီး ရှပ်အင်္ကျီလက်ဝကြယ်သီးတွေကိုဖြုတ်၍ တစ်ဖက်စီလိပ်တင်လိုက်၏။ သို့သော် ခွေးလေးကိုပွေ့ယူရန် ခေါင်းနဲ့ခါးအောက်ပိုင်းထဲကို လက်လျှိုသွင်းလိုက်လျှင်.. ။

"အီး..အု အု.."

ဟင်.. ၊

လက်တွေဆတ်ခနဲ နောက်တွန့်သွားကာ သူသေချာငုံ့ကြည့်လိုက်မိသည်။ ခွေးလေးက ညည်းသံသဲ့သဲ့နှင့် သူ့ကိုခေါင်းထောင်ကြည့်ဖို့ကြိုးစားနေရှာသည်။

"မင်းမသေသေးဘူးလား.."



သူ၀မ်းသာသွားသည်။ တစ်ထိုင်တည်းမှာ ဆုံးဖြတ်လိုက်ရင်း ဘောနက်ပေါ်ကကုတ်အင်္ကျီကိုယူ၍ ခွေးကိုထွေးပတ်ပြီး ပွေ့ယူလိုက်သည်။ အသက်ရှုနေမှန်းသိလျက်နဲ့တော့ မထားခဲ့နိုင်တော့ပါ။ ကိုယ်က သူ့အသက်ရှင်ဖို့ ကြိုးစားပေးနေရင်း သေသွားရင်တောင် ဒါကသူ့ကံတရား.. ။

## အခန်း(၅)

"သား..ညကတစ်နာရီကျော်မှ ပြန်ရောက်တယ်ဆို.."

ထမင်းစားဝိုင်းမှာ အမြဲတမ်းလူစုံသည်မို့ နောက်ကျဆုံးထိုင်သည့် ဒေါ်ယမုံခင်က မေးခွန်းနဲ့အတူဝင်လာ၏။ အာဏာသျှန်က ဒေါ်ယမုံခင်ထိုင်ပြီးတဲ့အထိ စောင့်နေရင်း.. ।

"ကိစ္စလေးရှိလို့ပါ..မေမေ့ဆီကျွန်တော်လာ့သေးတယ်၊ အိပ်နေတာတွေလို့.."

"အဲ့ဒါအတင်းအိပ်ရာဝင်ခိုင်းရတာ သားရယ်..ကိုယ့်အမေ့အကြောင်းလည်း သိရဲ့သားနဲ့၊ နောက်ကျမယ်ဆို နာရီတိုင်းမိနစ်တိုင်းဖုန်းလေးတော့ ထောက်ပေါ့.."

ဒေါ်မြင့်မိုရ်က ဖြည့်စွက်ပြောတော့ ဦးနေမင်းသစ်က ကော်ဖီပန်းကန်ကို ကိုင်ရင်းလှမ်းကြည့်သည်။ ပြီးတော့.. ।

"သူ့အမေစိတ်မပူဖို့လား..မမအံ့တွက်လား.."

"နှစ်ယောက်စလုံး အံ့မေတွေပဲနေမင်းရေ..မမကို မင်းလာရိမ်နေနဲ့၊ သားလေးက စံအိမ်မှာတစ်ဦးတည်းသောမျိုးဆက်လေး..ငါ့သားလေးကိုဖြစ်နိုင်ရင် ဟောဒီခြံထဲကမထွက်အောင် သော့ခတ်ပိတ်ထား



ချင်တာ.."

"ဟုတ်ပါတယ်..တစ်ဦးတည်းသောမျိုးဆက်ပါ၊ ခဏခဏကြော်ငြာမနေနဲ့.."

"ခဏခဏဖြစ်နေရင်လည်း မတတ်နိုင်ဘူး..ရောထွေးမှုတွေရှိမလာနိုင်ဘူးဆိုတာ ကြိုပြောထားတာ.."

မောင်နှမနှစ်ယောက်ချိတ်ကြငြေါကြဆိုပြီ ဘယ်သူကသာမှန်းမသိ ဘယ်သူရှုံးမှန်းမသိ။ ပြီးရင်လည်း ဘာမှစိတ်ဆိုးတေးမှတ်ထားကြတာမဟုတ်ဘဲ.. ।

"ဖအေလုပ်ရမယ့်အလုပ်တွေကို ကလေးကလိုက်လုပ်နေရတာ.."

မျက်စောင်းတစ်ချက်နှင့် စိတ်တိုစရာစကားကို ထည့်ပြောရင်း..।

"လုပ်လိုက်ရတဲ့အလုပ်တွေ အိမ်ကထွက်သွားပြီဆို မိုးချုပ်တဲ့အထိ နုံးနုံးမြုပ်ပဲ.."

မြည်တွန်တောက်တီးခြင်းတွေ ဆက်လက်ဖြစ်ပေါ်နေလျှင် အာဏာသျှန်က ရယ်လိုက်ရင်း.. ।

"ကျွန်တော်ကလေးမှမဟုတ်တော့တာ မေမေလေးရာ..ပင်ပန်းခံကြတဲ့လူတိုင်းလည်း အကျိုးအမြတ်ရကြတာမဟုတ်ဘူး၊ ကျွန်တော်အပင်ပန်းခံရတာ ခံရကျိုးနပ်ပါတယ်..ဘိုးဘွားအမွေအနှစ်ကို ထိန်းသိမ်းရာရောက်တယ်၊ ဖေဖေလည်း အေးဆေးနားနိုင်တယ်..နည်းတဲ့ကုသိုလ်လား.."

"အဟွန်း.."

သားရဲ့စကားကြောင့် ဦးနေမင်းသစ်မိန့်မိန့်ကြီးပြုံးလေသည်။ အာဏာသျှန်က ဒေါ်ယမုံခင်အတွက် လက်ဖက်ရည်ကရားယူပြီး ပန်းကန်ထဲထည့်ပေးသည်။ မနက်စာစားကြတိုင်း မိခင်ဖြစ်သူကနောက်မှဝင်လာတတ်တာကိုသိပေမယ့် အာဏာသျှန်ကလည်း ဘယ်တော့မှအရင်စားလိုက်တာမျိုးမရှိခဲ့ပေ.. ।

"ကော်ဖီသောက်ရင်းစောင့်လေသားရယ်..သားအမေက အိမ်မှာနေတဲ့သူ၊ ပြီးတော့ သူကိုကအားလုံးအတွက် သေချာပြင်ဆင်ပေးပြီးမှစားတတ်တာလေ..သားကအလုပ်သွားရမယ့်ဟာ.."

ကြီးဒေါ်ဖြစ်သူက ပြောခဲ့ဖူးသည်။ အာဏာသျှန်ကခေါင်းခါ၏။

"မေမေလေးတို့နဲ့ဆို မေမေကအငယ်လေ..ကျွန်တော်ကအငယ်ဆုံးဖြစ်ပြီး မိဘထက်အရင်စားစရာလား.."

ဒါငယ်ငယ်တည်းက ပြောခဲ့တဲ့စကားပါ။ ခုထိလည်း သူ့အမေကို မနက်စာပြင်ဆင်ကျွေးနေတိုင်း ဒေါ်မြင့်မိုရ်သတိထားကြည့်မိကာ အမြဲတမ်းလည်း ကျေနပ်မိသည်။ 'မိုးထိ'စံအိမ်ကလူတွေ 'လွတ်'နေကြပြီလို့ ဆွေမျိုးချင်းကဲ့ရဲ့ခံရနေရတာတွေ သူတို့ကိုယ်သူတို့ခေတ်ရှေ့ပြေးတာကို ဂုဏ်ယူစရာလို့ မြင်နေတဲ့အရှူးတွေလို အပြောခံနေရတာတွေ ဒီကလေးလက်ထပ်ကျမှပဲ ကျေနပ်အံ့ဩမိရသည်။ သန္ဓေစိတ်ဆိုတာ မိဘမွေးမြူထိန်းကျောင်းလာတဲ့ ပုံစံခွက်ထဲကနေ သီးခြားခွဲထွက်လာတဲ့ ခံယူချက်တစ်မျိုးကို ခေါ်တာလား..။ အာဏာသျှန်ကို သူတို့တွေဘာမှ ထူးခြားသင်ပြထားခဲ့တာမျိုးမရှိပါ။ ဒါပေမယ့် အာဏာသျှန်ရဲ့စိတ်ဓာတ်ခံယူချက်က ထူးခြားနေသည်။ တစ်ခါတလေလူကြီးတွေက ဆွေမျိုးတွေအကြောင်း မကျေမနပ်ပြောနေမိတဲ့အခါ.. ၊

"ဆွေဂုဏ်မျိုးဂုဏ်ဆိုတာ ထိန်းသိမ်းရမယ့်အနေပဲမေမေလေးရ..လူတိုင်းကိုယ့်သဘောအတိုင်း နေထိုင်ခွင့်ရှိတယ်၊ သူတို့လို ကျွန်တော်တို့တောင် စောင့်ထိန်းနိုင်ခဲ့တာမဟုတ်ဘဲနဲ့.."

"သားကမေလေးတို့ကို မှားတယ်လို့ပြောချင်တာလား.."

"မဟုတ်ပါဘူး..မေမေလေးဆိုရင်ပွင့်လင်းတယ် ထက်မြက်တယ်၊ ဖေဖေက ပေါ့ပေါ့ပါးပါးနေတတ်တယ်..ကျွန်တော်ကြိုက်ပါတယ်၊ ဒါပေမယ့် သူတို့ကိုလည်း သဘောကျတယ်..ဘယ်သူမှမမှားပါဘူး.."တဲ့..၊

ပြောခဲ့ဖူးတဲ့အတိုင်း ယဉ်ကျေးမှုတွေကို မြတ်နိုးတတ်တာရော လူကြီးသူမအပေါ် ရိုသေသမှုရှိတာရော ဘာမှထူးခြားဆုံးမနေစရာမလိုဘဲ ပြည့်စုံလွန်းနေခဲ့သည်။ ဒါတွေဟာ ကျေနပ်စရာတွေဖြစ်သော်ငြား..၊

"သားကိုမေလေးတစ်ခုတော့ မေးချင်တယ်.."

"ဟုတ်..မေးလေ.."

ဒေါ်မြင့်မိုရ်စကားစလိုက်တာနှင့် ကော်ဖီတစ်ငုံသောက်ပြီး ပန်းကန်ကိုချသည်။ မျက်နှာကိုကြည့်ပြီး နားစွင့်နေ၏။

"မန္တလေးကို သားဘယ်နေ့သွားမှာလဲ.."

"လာမယ့်ဆန်းဒေးလေ..မေမေလေးမေးချင်တာ အဲ့ဒါမဟုတ်ပါဘူး.."



"အင်း.."

အာဏာသျှန်ကလည်း မေးသည်။ ဒေါ်မြင့်မိုရ်ကလည်း ခေါင်းညိတ်၏။ ပြီးမှ.. ၊

"သားစိတ်ထဲမှာ မန္တလေးက တာဝတီံသာကို စိတ်ဝင်စားမှုတွေပိုနေတယ်လို့ မေလေးထင်တယ်.."

"တစ်ခါမှမတွေ့ဘူးခဲ့တာလည်း ပါပါတယ်.."

"နောက်ထပ်ဘာပါသေးလဲ.."

အာဏာသျှန်က စားပွဲပေါ်တင်ထားသည့်လက်ကိုပါ ချလိုက်ပြီး ခါးမတ်ထားလိုက်ရင်း.. ၊

"ကျွန်တော်ကတော့ ဒါပါပဲ..မေမေလေးက ဘယ်လိုထင်နေလို့လဲ.."

မေးခွန်းပြန်ထုတ်နေသည့် မျက်နှာချောချောကို ဒေါ်မြင့်မိုရ်သေချာစိုက်ကြည့်နေမိသည်။ ဒေါ်ယမုံခင်ကလည်း ယောက်မဖြစ်သူကိုပဲ စိတ်ဝင်တစားကြည့်နေခဲ့သည်။ မနက်စာလက်ဖက်ရည်ဝိုင်းမှာဖြစ်ဖြစ် တခြားလူစုံချိန်မှာဖြစ်စေ စကားအများဆုံးပြောသူတွေက ဒီမောင်နှမပဲဖြစ်ကာ မေးခွန်းတွေနဲ့ လှည့်ပတ်အစ်ထုတ်နေတတ်တာလည်း ဒေါ်မြင့်မိုရ်ပဲဖြစ်သည်။ သူမကတော့ ကိုယ့်သားလေးမျက်နှာတကြည့်ကြည့်နဲ့သာရှိလျက် သားလေးဘာလိုအပ်နေလဲ ဘာလုပ်ပေးရမလဲဒါပဲဖြစ်ကာ ပြန်လာရင်ထွက်ကြို အပြင်ထွက်တော့မယ်ဆို ကားနားထိလိုက်ပို့၊ အမြဲတမ်းဒီအတိုင်း.. ၊

"ပွင့်ပွင့်လင်းလင်းပြောရရင် မိုးထိစံအိမ်က သားတကယ်လိုချင်တဲ့ လိုက်ဖ်စတိုင်လ်မျိုး မဟုတ်ဘူးဖြစ်နေတာ.."

ရုတ်တရက်အာဏာသျှန် အံ့ဩသွားသလို ဖြစ်သွားသည်။ ပြီးတော့ပြုံး၏။ ဒေါ်မြင့်မိုရ်က သူတစ်ခုခုဖြေရှင်းခြင်းမပြုမီ လက်ကာလိုက်ရင်း.. ၊

"တာဝတီံသာကို သားဘာကြောင့်စိတ်ဝင်စားတာဖြစ်ဖြစ် မေလေးကကျေနပ်ပါတယ်..သူတို့နေကြတဲ့ နေထိုင်မှုစံနစ်မျိုး မေလေးတို့မနေတတ်ပေမယ့် သားကအံဝင်ဂွင်ကျဖြစ်နေတယ်ဆိုရင် ပိုတောင်

ကောင်းသေးတယ်..ဘယ်နေရာမှာဖြစ်ဖြစ် ဂုဏ်သိက္ခာက တန်ဖိုးကြီးတယ်၊ ဒါပေမယ့် ကိုယ့်ကလေးကကိုယ့်ရင်ခွင်ထဲကနေ တခြားအသိုက်အမြုံတစ်ခုဆီ လှမ်းမျှော်နေတာကတော့.."

"လုံးဝမဟုတ်ဘူးမေမေလေး..အဲ့လိုတွေးပြီး စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်တော့်မိသားစုကို ကျွန်တော်တန်ဖိုးထားတယ်..ချစ်လည်းချစ်တယ်၊ သစ်ပင်ဖြစ်ဖြစ် သစ်ကိုင်းဖြစ်ဖြစ် ပင်စည်ရှိုးတံဘယ်လောက်သေးသေး အရင်းကအရင်း အဖျားကအဖျားပဲ..မိဘနဲ့ဆွေမျိုးက တခြားစီပါ.."

ဒေါ်မြင့်မိုရ်မျက်နှာကြည်လင်သွားသည်။ ဒေါ်ယမုံခင်ကတော့ ပေါင်မုန့်မီးကင်ကို သကြားလေးဖြူးနေရင်း တိတ်ဆိတ်နေခဲ့၏။ သားဖြစ်သူ အပြင်ထွက်သွားပြီဆိုမှ ဘေးကလိုက်လာရင်း မျက်နှာကိုမော့ငေးနေလျက်.. ၊

"သားကိုမေမေပြောစရာရှိလို့.."

"ဟုတ်လား.."

အာဏာသျှန်က နာရီပင့်ကြည့်လိုက်ရင်း.. ၊

"ပြောလေမေမေ.."

"ပြောရမှာကတော့ အေးဆေးပြောရမယ့်စကားပါ..ဒါပေမယ့်.."

ကားထဲကို အိတ်နဲ့ဖိုင်လှမ်းထည့်လိုက်ပြီးမှ တံခါးပြန်ပိတ်၍ ဒီဘက်လှည့်ကာ.. ၊

"မန္တလေးကအကြောင်းပဲလား.."

ဒေါ်ယမုံခင့်မျက်နှာအံ့သြရိပ် ဖျတ်ခနဲထင်သွားလျက်.. ၊

"သားသိနေတာလား.."

"အဟွန်း..အဘွားတို့ဆီကိုသွားဖို့ ဖေဖေနဲ့မေမေလေးပဲခွင့်ပြုခဲ့တာ၊ မေမေက ခေါင်းမညိတ်သေးဘူးလေ.."

ပြုံးလိုက်တိုင်း ပါးနှစ်ဖက်မှာ ပါးချိုင့်ရှည်လေးတွေ ရေးရေးထင်သွားတတ်သည့် သားမျက်နှာချောချောကို ငေးကြည့်မိသည်။ ပြီးတော့ မြင့်မားကျားလျားသည့် ကိုယ်ဟန်ကို ခြုံငုံကြည့်ရင်း လက်မောင်းတစ်ဖက်ကို ဖွဖွကိုင်၍.. ၊

"သားကိုမေမေကမှ မသွားစေချင်တာ.."



"မေမေမသွားစေချင်တာတွေကြောင့် ဖေဖေ့ကိုဘယ်သူမှအထင်မြင်သေးလို့ မရတော့အောင် သားကြိုးစားနေတာပါ..ခုလည်းအောင်မြင်သင့်သလောက် အောင်မြင်နေပါပြီ၊ စိတ်မပူပါနဲ့တော့မေမေရယ်..သားက ကိုယ့်အဘိုးအဘွားတွေ ကြီးတော်တွေကို နှုတ်ဆက်ဂါဝရပြုချင်တာပဲ..တခြားဘာမှဖြစ်စိဖို့ မရှိဘူး.."

"မဟုတ်ဘူး.."

ဒေါ်ယမုံခင်ပြောရခက်နေသည့် စကားတွေကို ပြောဖြစ်အောင် ဘယ်လိုပြင်ဆင်ကြိုးစားလို့မှမရဘဲဖြစ်နေသည်။ ရင်ထဲမှာ ကြာရှည်စွာ မျိုသိပ်ထားခဲ့ရသည့် အကြောင်းအရာများနှင့် ပတ်သက်၍.. ၊

"မဟုတ်ရင်ပြောလေ..တခြားအကြောင်းတွေ ရှိနေသေးတာလား"

ထပ်မေးတော့လည်း ပြောဖို့ပါးစပ်ပြင်မိသည်။ ဒါပေမယ့် မပြောဖြစ်ခဲ့ဘဲ.. ၊

"ဟို..မေမေပြောချင်တာက သားကသဘောဖြူပါတယ်၊ ဒါပေမယ့် 'သူ့လည်းမထိဘူး..ငါ့လည်းမထိနဲ့'ဆိုတဲ့မာနက သားရဲ့ငတ်စိတ်ထဲမှာ ထုနဲ့ထည်နဲ့ရှိနေတာ ပြောရရင် သားကစိတ်ဆတ်တယ်.."

"မေမေရယ်.."

အာဏာသျှန်က သဘောကျသလိုရယ်လိုက်ရင်း.. ၊

"ကိုယ့်ဘိုးဘွားတွေဆီသွားတာ ပြိုင်ဘက်သူငယ်ချင်းတွေဆီသွားတာမှမဟုတ်ဘဲ အဆင်မပြေဖြစ်ဖို့အကြောင်း ဘာရှိလို့လဲ.."

"မဟုတ်သေးဘူးလေသားရဲ့.."

"ဟုတ်ပါတယ်မေမေရာ..သားအတွက်စိတ်မပူပါနဲ့.."

"မေမေစိတ်ပူတာက သားရဲ့ဘွားဘွားကလည်း အရမ်းမာနကြီးပြီး.."

"အဲ့ဒါတွေလည်း မေမေပြောပြနေတာ သားသိပါတယ်..ဖေဖေတို့နဲ့ အဆင်မပြေဘူးဆိုတည်းက ဘွားတို့ဘယ်လိုလူတွေလဲဆိုတာ သားတွေးထားပါတယ်..နော် ဘာမှမပူနဲ့၊ ပြောစရာရှိသေးရင်လည်း သားပြန်လာမှဆက်ပြောလို့ရတယ်.."

ဒေါ်ယမုံခင့်ခါးကို ဖွဖွဖက်၍ ချော့သလိုပြောသည်။ ပြီးတော့ ကားတံခါးဖွင့်ပြီးမှ ပြန်လှည့်၍.. ၊

"မေမေ့ကို သားနားလည်လို့ မေမေလေးက အဲ့ဒီမှာမင်္ဂလာဆောင်ကိစ္စစီစဉ်မယ်ဆိုတာတောင် လက်မခံခဲ့တာ.."

ဟင်.. ။

"တော့တာ.."

လက်ပြ၍ ကားမောင်းထွက်သွားတော့ ဒေါ်ယမုံခင်တောင့်မတ်စွာ ကျန်ရစ်ခဲ့၏။ ကားကိုမျက်စိတဆုံး ငေးကြည့်နေခဲ့သော်လည်း စိတ်သည် ကားကိုကြည့်နေတာမဟုတ်ဘဲ.. ။

'အဲ့ဒီမှာ မင်္ဂလာကိစ္စစီစဉ်မယ်'ဆိုသည့် စကားကို အထပ်ထပ်တွေးထင်ရင်း မျက်ဝန်းတို့က တစစဗျာများလာခဲ့၏။ မမဘာလို့ ဒီလိုစီစဉ်တာလဲ..။ ဘာဖြစ်လို့ ငါ့ကိုမတိုင်ပင်တာလဲ..။ စိတ်လှုပ်ရှားခြင်းကြောင့် လက်ဖဝါးတို့ကို ဖိဆုပ်ထားလိုက်မိသည်။ ပြီးတော့ နေရာမှ ချက်ချင်း လှည့်ဝင်ခဲ့လျှင် အထဲကထွက်လာသည့် ဒေါ်မြင့်မိုရ်နှင့်မျက်နှာချင်းဆိုင်.. ။

"မမ.."

"ဘာဖြစ်နေတာလဲ..မျက်နှာကသွေးမရှိသလိုပဲ.."

"မမက သားကိုမန္တလေးက..ဟို.."

"အင်း..ဘာလဲပြောလေ.."

"မင်္ဂလာကိစ္စ မန္တလေးမှာ.."

သူမထစ်ငေါ့နေခြင်းကြောင့် ဒေါ်မြင့်မိုရ်စိတ်မရှည်သည့်မျက်နှာနှင့် အနားကိုလျှောက်လာကာ.. ။

"ဘာလဲ..တာဝတိံသာက မိန်းကလေးနဲ့မြန်းဖို့ကိစ္စလား.."

"အဲ့ဒါ အဲ့ဒါမဖြစ်နိုင်ဘူး..မလုပ်ပါနဲ့မမရယ်၊ သားလေးမျက်နှာငယ်မှာ.."

"ဩော်..ငါ့နယ်.."

ဒေါ်မြင့်မိုရ်က သက်ပြင်းချလိုက်ရင်း ယောက်မကို စေ့စေ့ကြည့်ကာ..

"အဲ့ဒါပဲယမုံ..နင်ကမန္တလေးအကြောင်းဆိုရင် နည်းနည်းမှအပြောမခံလို့ သားကအဲ့ဒီကိစ္စကိုလက်မခံတာ.."

"မဟုတ်ပါဘူးမမရယ်..ယမုံပြောတာက.."



"သိပါတယ်..နင့်မိသားစုအကြောင်း နင်ပဲသိမှာပေါ့၊ ဒါပေမယ့် သူတို့ဘာသာ ဘဝင်မြင့်နေကြတာ သူတို့အကြောင်းပဲလေ..ငါတို့တွေက ကိုယ့်အသိုင်းအဝိုင်းချင်းပဲ လက်ဆက်ပေးခဲ့ကြတာ ဒီအစဉ်အလာကို ဘယ်သူကဖျက်ရဲမှာလဲ..နင်လုပ်နေတာနဲ့ ငါ့သားက မဟုတ်တရုတ်တွေနဲ့ နီးစပ်ကုန်တော့မှာသေချာတယ်.."

"မမရယ်.."

ဆွေခန်းမျိုးခန်းပြတ်သလို ကင်းကွာပြတ်တောက်နေခဲ့ပြီးမှ ဆွေမျိုးတော်ချင်တော့လည်း ချက်ချင်းပါလားလို့ ကဲ့ရဲ့ကြမှာ မတွေးမိတော့ဘူးလား..။ ကိုယ့်မိသားစုအကြောင်း ကိုယ့်ထက်ဘယ်သူပိုသိမှာလဲ..၊

ဒီကိစ္စမဖြစ်ပါစေနဲ့.. ။

## အခန်း(၆)

"ဘာ.."

ဒေါ်သနဲ့လူနဲ့ ဘယ်အရာက အရင်မှန်းမသိလိုက်ခင် ဆတ်ခနဲထရပ်လိုက်ပြီးဖြစ်သွားကာ.. ၊

"ပြန်ပြောစမ်း..ဘယ်သူ.."

ဒေါ်မြမင်းသီရိ၏ ဒေါသအရှိန်ကိုသိသွားသည့် မိစံပြန်မပြောရဲတော့အောင်ဖြစ်သွားကာ.. ၊

"ဟို..အပြင် အပြင်မှာ.."

ပြောဖို့အားယူရင်း စကားတွေကထစ်ငေါ့ကုန်လျက်.. ၊

" 'မိုးထိ'စံအိမ်က အ..အစ်ကိုလေးတစ်ယောက်.."

"ဖွင့်မပေးနဲ့.."

"ဟုတ်.."

"မယ်မယ်.."

"ဟော့..နေဦး.."

ဒေါ်မြပုလဲဖြူနှင့် ဒေါ်မြထွတ်ဦးတို့ညီအစ်မနှစ်ယောက်ပါ ပြိုင်တူထရပ်မိကြကာ မိစံကိုလည်းကမန်းကတန်းလှမ်းတားလိုက်ရင်း..



"သမီးတို့ကအကြီးအကဲတွေမို့လားမယ်မယ်..အဲ့လိုကြီးလုပ်လို့ကောင်းပါ့မလား.."

"ဟုတ်ပါတယ်မယ်မယ်ရယ်..'မိုးထိ'စံအိမ်မှာ ဘိုးတော်ဘွားတော်တွေ မရှိတော့ဘူးလေ၊ အကြီးအကဲတွေရှိနေတဲ့အိမ်က ငယ်သူတွေကို.."

"ဘာလဲ..အမေထက်သားတစ်လကြီးနေကြတာလား.."

ဒေါ်မြပုလဲဖြူတို့မျက်နှာတွေ ပျက်ကုန်ကြ၏။ စိန်တွေချည်းသီကုံးထားသည့် ပုတီးသဖွယ်ဆွဲကြိုးကြီးက ချက်လောက်ထိရှည်လျားသွယ်ခတ်နေကာ တဖျတ်ဖျတ်လက်နေသည့် စိန်တို့၏အရောင်သည် ဒေါ်မြမင်းသီရိ၏မျက်လုံးတွေကို မမီ.. ၊

"မဟုတ်ပါဘူးမယ်မယ်ရယ်..သမီးတို့ပြောတာက မယ်မယ်ခဏာဘဖြုတ်လေး သတိလွှတ်ပြောမိတာဆိုရင် ထိန်းလို့ရရုံပါ.."

"ကိုယ့်ဘက်ကသဘောထားသေးသလို ပြောဆိုမိရင်လည်း မကောင်းဘူးလေ.."

"မယ်မယ်ကသဘောထားသေးတယ်ပေါ့.."

"မဟုတ်ပါဘူး.."

ပျာပျာသလဲခေါင်းခါပြကြတော့ သမီးတွေကိုစေ့စေ့ကြည့်ရင်း ဒေါ်မြမင်းသီရိငြိမ်သက်သွားသည်။ ပြီးမှ နှုတ်ခမ်းတင်းတင်းစေ့၍ ပင့်သက်ရှိုက်လိုက်ရင်း.. ၊

,"ခဏစောင့်ခိုင်းထားဖို့ မိုးညိုကိုပြောလိုက်.."

မိခင်ဖြစ်သူရဲ့ရာဇသံပြောင်းသွားမှ ဒေါ်မြထွတ်ဦးတို့သက်ပြင်းခိုးချမိကြ၏။

"ဟော့..မိကြာနဲ့မိတင်တို့လာစမ်း.."

"လာပါပြီ.."

ခေါ်သံဆုံးရင် အနားရောက်လာမှကြိုက်သည်မို့ ဒေါ်ကြာနီနဲ့ဒေါ်ဘင်တင်တို့က စံတော်ချိန်အတိုင်း ကွက်တိလှုပ်ရှားကြသည်။ ခပ်ပါးပါး ကိုယ်လုံးတွေရှိကြသလောက် ခေါ်သံဆုံးတာနှင့် ရောက်လာကြတာလေတိုက်လာတဲ့အတိုင်း.. ၊

"ရွှေ့ရ ပြင်ရမယ်..ဖိုးဖြူနဲ့ခဲတံတို့ကိုပါခေါ်.."

ဒေါ်မြမင်းသီရိဘာတွေလှုပ်ရှားတော့မည်ကို သိကာ ဒေါ်မြထွတ်

ဦးတို့လည်း စိတ်ညစ်ညွန်ကြားမှုတွေထဲမှာပါဝင်ရတော့သည်။ မဟုတ်ရင် အပြင်ကကား နေပူထဲမှာ အရည်ပျော်သွားနိုင်သည်။

အခန်း(၇)

"တီ.."

စိတ်မရှည်သလိုဖြစ်လာသဖြင့် ကားဆီပြန်သွားပြီး ဟွန်းတီး လိုက်မိသည်။ ထိုအခါကျမှ 'ခဏစောင့်'လို့ပြောပြီး စုပ်စမြုပ်စပျောက် သွားသည့် ခြံစောင့်ကြီးရဲ့အရိပ်ကိုပြန်မြင်လိုက်ရသည်။

"ဟွန်းမတီးနဲ့ဟေ့..မယ်တော်ကြီးကမကြိုက်ဘူး.."

ဘာလဲ..၊ 'ဟွန်းသံကင်းမဲ့ဇုန်'က အိမ်ရှေ့ခြံဝထိ သတ်မှတ်တာ လား..၊ အာဏာသျှန်ရယ်ဖို့ကြိုးစားပေမယ့် မရယ်ချင်တာသေချာနေ သည်။ ထို့ကြောင့် ခြံရှေ့ကိုခပ်လှုပ်လှုပ်လျှောက်သွားမိကာ.. ၊

"ကျွန်တော်ဒီရောက်နေကာမှ စောင့်နေရတာ ဆယ့်ရှစ်မိနစ်ရှိသွား ပြီ..အထဲမှာ အိမ်ရှင်တွေမရှိလို့လား ဘာလို့ပေးမဝင်တာလဲ..တစ်ခုခု တော့ ပြောသင့်တယ်မဟုတ်ဘူးလား.."

"ပြောခိုင်းလိုက်တာပဲငါပြောလို့ရတယ်..မောင်မင်းမစောင့်နိုင်ရင် ပြန်သွားလို့ရတယ်.."

"ဟ..လာလှချေလား.."

စိတ်ကတင်းချင်သလိုဖြစ်သွားပေမယ့် မေမေပြောနေတာတွေ သ

တိရလိုက်တော့ ခပ်ယဲ့ယဲ့ပြုံးမိသည်။ ဒါသူစိမ်းတွေအိမ်မှမဟုတ်ဘဲ ငါလာတွေတာ ငါ့အဘွား..။ ကိုယ့်မိသားစုမှာ အကြီးအကဲတွေမရှိကြတော့ပေ။ ပြီးတော့ 'တာဝတိံသာ'စံအိမ်မှာ သူကြားပဲကြားနေခဲ့ရသော ခိတ်ဝင်စားဖွယ် အယူဝါဒ မာန်မာနတွေကိန်းအောင်းနေဆဲရှိနေသည်။ ထို့ကြောင့် သူကြိုတင်ပြင်ဆင်လာဖို့ မေ့ခဲ့တာပဲလို့ ဖြေလျှော့တွေးလိုက်မိ၏။ အဘွားကမာနခပ်ကြီးကြီး တစ်ခါမှမမြင်မတွေ့ဘူးတဲ့ လူစိမ်းကို ဆွေမျိုးဆိုပြီး တံခါးပြေးဖွင့်ပေးမှာမဟုတ်။ တွေးကြည့်တော့လည်း ဒါ စိတ်ဆိုးစရာမဟုတ်ပါဘူးလို့ မြင်၏။ နာရီငုံ့ကြည့်ရင်း စီးကရက်မီးညှိလိုက်သည်။ မီးညှိပြီးမှ ဖုန်းမြည်နေတာကို ဖွင့်လိုက်ရင်း.. ၊

"ဟလို.."

"..............."

"အင်း..ဟုတ်တယ်ကိုငြိမ်း၊ ညကျမှ မေးလ်ပို့လိုက်မယ်.."

"..............."

"အဟွန်း..ခုပဲရောက်တယ်.."

"..................."

"ရပါတယ်..ကျွန်တော်ပဲဆက်သွားပေးမယ်လို့ သူ့ကိုတာဝန်ယူထားတာပါ၊ ကျွန်တော်က ဂျပန်ကုမ္ပဏီနဲ့ချိတ်လိုက်ရင်ပြီးပြီ..သူ့ပရော့ဂျက်ကပဲ မနိုင်မနင်းဖြစ်နေတာ အဲဒါကြောင့်ပြီးတဲ့အထိ လုပ်ပေးလိုက်မလို့.."

"................."

"ဟာ..ရပါတယ်ကိုငြိမ်းရာ၊ ပြောရမယ့်လူတွေမှမဟုတ်တာ.."

"............"

"အိုခေ..အိုခေ.."

ဖုန်းပြောရင်း အိမ်ကြီးဆီကိုမျက်လုံးရောက်လိုက် ဟိုရောက်ဒီရောက်ဟိုလျှောက်ဒီလျှောက် အချိန်ဖြုန်းနေလိုက် သို့သော်ဖုန်းပြောပြီးပေမယ့် ခြံတံခါးချပ်ကြီးတွေကမလှုပ်။ လူသူအရိပ်အယောင်လည်းမမြင်။ မန္တလေးမြို့ထဲမရောက်ခင် လမ်းဘေးကိုကွေ့ချိုးသည့် မြေသားနီကျင့်ကျင့်လမ်းလေးထဲကို နှစ်မိုင်လောက်ဝင်ခဲ့ရသည်။ ဒါတောင် ငါးဖာလုံလောက်ဝင်လိုက်တည်းက ကွန်ဂရစ်လမ်းကလေးဖြစ်သွားခဲ့ပြီး



သမ်းဘေးသစ်ပင်တွေက ပုံစံပြောင်းသွားခဲ့တာဖြစ်၏။ ဝင်လာခဲ့ရင်း ကိုယ်ပိုင်ခြံဝင်းကြီး တစ်ခုလို မြင်ကွင်းဖြစ်လာတာကိုလည်း သတိထားမိနေသည်။ နှစ်မိုင်ကျော်ကျော်သွားပြီးမှ သူလာသည့်လမ်းကို တီပုံသဏ္ဌာန်ဖြတ်နေသော နောက်ထပ်လမ်းတစ်လမ်းကို မြင်ရကာ တစ်ဖက်ဘွားမှ 'တာဝတိံသာ'စံအိမ်ကြီး၏ ခြံဝင်းတံခါးချပ်ကြီးတွေက ကာဆီးထားခဲ့ပြီး.. ၊

"ဒုန်း ဒုန်း.."

တံခါးဖွင့်သံသည် ဘယ်လိုတောင်မြည်ဟီးထွက်ပေါ်လာမှန်းမသိဘဲ လျှောက်ငေးနေသည့် သူ့အတွေးတို့ကို ဖြတ်တောက်ပစ်လိုက၏။ ဘုတ်ခဲသောသံလုံးကြီးတွေနှင့် ပန်းဖော်ထားသောသံပြားတစ်ဝက်နှင့် ဘံခါးချပ်ကြီးတွေက အသံကြီးဖြစ်ပေါ်ပြီးမှ အနည်းငယ်တုန်ခါသွား၏။ ပြီးမှ ဘယ်ဘက်တံခါးချပ်ကြီးက တအိအိပွင့်သွားလေသည်။ အပေါ်ပိုင်းသံပန်းတွေကြားထဲက မြင်ရသမျှသည် စိမ်းညို့သောသစ်ပင်တွေချည်းဖြစ်ကာ တံခါးပွင့်သွားကာမှ 'တာဝတိံသာ'စံအိမ်ဟုရေးထားသော ရွှေရောင်ဖောင်းကြွစာလုံးကြီးတွေနှင့် ရှစ်ပေသုံးပေခန့်ရှိသော ဆိုင်းဘုတ်ကြီးကိုမြင်လိုက်ရသည်။ တခြားအိမ်တွေလို ခြံဝင်းရှေ့မှာသည်း မျက်နှာစာဘက်ကို ဝွားဝွားစွင့်စွင့်လှည့်နေတာလည်းမဟုတ်ဘဲ သည်းနက်သည့်ကတ္တရာလမ်း၏ညာဘက်မှာ အရှည်လိုက်ရှိနေတာ ဖြစ်သည်။

ထို့ပြင် သေချာဖြတ်တောက်ပြုပြင်ထားသော ထင်းရှူးပင်တွေနှင့် သပြေပြင်ခရေပင်တွေကလည်း မြင့်မားထွားကြိုင်းနေတာထက် အနေတော်အုပ်ခဲသန့်မာနေကြတာမို့ စံနစ်တကျလုနေကြ၏။ အဝင်လမ်း၏ ဘေးနှစ်ဖက်တောက်လျှောက်မှာ ဒီလိုအပင်တွေချည်း နှစ်ထပ်သုံးထပ်ရှိနေတာကြောင့် စိမ်းညို့အေးချမ်းနေကာ ခြံထဲအတွင်းပိုင်းကို သေချာမြင်ရသလို စံအိမ်အဆောက်အဦးကိုလည်း မမြင်ရ။ သူ့ကားဝင်လာရင်း ဘေးဘီကိုကြည့်၍ ခပ်ဖြည်းဖြည်းလိုမ့်လာတာကြောင့်လား..။ ဘကယ်ကို လမ်းကရှည်တာလားဆိုတာမသိ။ အတော်ကြာမောင်းလာပြီးမှ လမ်းဆုံးသည်။ ဒါတောင် လမ်းကရှေ့ဆက်ရှိနေသေးကာ ညာဘက်ကို ကွေ့ချိုးသည့်လမ်းကို မြင်လိုက်၍သာ ခန့်ညားထည်ဝါသည့်

စံအိမ်ကြီး၏ ဆင်ဝင်တံခါးကိုလှမ်းမြင်လိုက်တာဖြစ်သည်။

အမှိုက်ဆိုလို့ သစ်ရွက်ရိုးတံလေးတစ်စတောင်မရှိအောင် တစ်ခြံလုံးရှင်းပြောင်နေပေမယ့် ဘယ်ကိုကြည့်ကြည့် လူသူအရိပ်အယောင်လုံးဝမမြင်ရပေ။ ယောက်ျားတစ်ဖက်စာမက တုတ်ခိုင်သောအုတ်တိုင်ကြီးတွေနှင့် ဆင်ဝင်အောက်မှာလည်း ကားတစ်စီးတလေမှမရှိ။ ကားဂိုဒေါင်ရှိနေမှန်းသိပေမယ့်လည်း မြင်မြင်သမျှတော့ ဘယ်မှာမှမတွေ့။ သူဘယ်ကိုရောက်နေတာလဲ..။ တရားရိပ်သာကြီးထဲမှာလား..။ ဒါမှမဟုတ် ဈွန့်ပစ်ခံအဆောက်အဦးကြီးတစ်ခုထဲမှာလား..။ ကိုယ့်ဘာသာမေးခွန်းထုတ်၍ ပြုံးမိသည်။ ဆင်ဝင်အောက်မှာ ကားရပ်လိုက်ပြီး အိမ်ကိုကြည့်တော့ ခဲပုတ်ရောင်မှောင်နေသော ဘာဂျာတံခါးကြီးက ထုထဲစွာ စေ့ပိတ်လျက်။ ဒီမှာများ ထပ်စောင့်ရဦးမှာလား..။ ကားပေါ်ကဆင်း၍ နားထင်တစ်ချက်ခြစ်ရင်း အကဲခတ်လိုက်သည်။ သို့သော် သူတက်သွားသည်နှင့် တံခါးထဲမှာ လူရိပ်မြင်လိုက်ရပြီး.. ၊

"ဈောက်..ဂျိမ်း.."

သံချေးကိုက်နေသော နှစ်ချိုတံခါးချပ်ကြီးကို တွန်းဖွင့်နေရသည့် အသံမျိုးထပ်ကြားရတော့ ပင့်သက်ရှိုက်မိ၏။ သူ့အပြင်မှာ နာရီဝက်နီးပါးစောင့်ခဲ့ရသည်။ ခြံထဲဝင်လာရတာလည်း အိမ်ရှေ့ကိုဘွားခနဲရောက်လာတာမဟုတ်။ ဒါနဲ့တောင် တံခါးနှစ်ချပ်ကို သော့ခတ်ထားခြင်းနှင့်ကြုံဆိုသည်။ စိတ်ထဲမှာထင်တဲ့အတိုင်း ခုခေတ်စကားနဲ့ပြောရရင် ချေနေတာအတော်များပြီ.. ၊

"ဒီမှာရှင့်.."

အဖြူရောင်ဇာပါးလေးနှင့် ရင်ကွဲလိုက်ကာချထားသော ဧည့်ခန်းဆီ သူခြေလှမ်းလိုက်လျှင် တံခါးဖွင့်ပေးသည့် မိန်းကလေးကလှမ်းခေါ်ကာ.. ၊

"ဒီဘက်မှာ ခဏထိုင်ပါ..မယ်တော်ကြီးလာပါလိမ့်မယ်.."

ပြလိုက်သည့်ဘက်ခြမ်းကို ကြည့်လိုက်မှ အညိုရောင်ဆိုဖာကြီးတွေနှင့် ဧည့်ခန်းတစ်ခု တစ်ဖက်ခြမ်းမှာ ရှိနေသေးတာ တွေ့လိုက်ရသည်။ ဒါကိုတော့ လိုက်ကာပုံစံ ခရုလေးပုတီးလေးတွေနှင့် သီးသန့်ကန့်ထားကာ ခပ်ရှည်ရှည်မှန်ကြည်စားပွဲလေးနဲ့ အခန်းထောင့်မှာ အလှ



နှံးတွေစိုက်ထားသည့် ပန်းအိုးရှည်ကြီးတစ်လုံးရယ် ဒါပဲရှိသည်။ ပါဆာသည့်လက်ဆောင်ပစ္စည်းထုပ်တွေဆွဲ၍ ညွှန်ပြသည့်ဧည့်ခန်းမှာပဲသွားထိုင်နေလိုက်သည်။ သို့သော် သူပထမဆုံးခြေလှမ်းပြင်လိုက်သည့်ဧည့်ခန်းကျယ်ကြီးကိုပဲ မျက်နှာမူလိုက်မိကာ အတွင်းနံရံမှာ ကြေးဝါရောင်သမ်းနေသည့် ငှက်ကြီးတောင်ဓားရှည်ကြီးနှစ်ချောင်း ကြက်ခြေခတ်မကျတကျ ချိတ်ထားတာကို အရင်ဆုံးသတိထားမိ၏။ တစ်ဖက်နံရံတွင် ကြေးသွန်းထားသည့် မြန်မာ့သူရဲကောင်းတချို့၏ ပခုံးနဲ့မျက်နှာတွေကို ကလပ်စင်တွေနှင့် တခမ်းတနားတင်ထားတာရှိကာ နို့စိမ်းရောင်သမ်းနေသည့် အဖြူရောင်နံရံတို့က သန့်စင်လင်းလက်နေ၏။

ထိုဧည့်ခန်းသည် အဖြူရောင်လိုက်ကာပါးနှင့် စိမ်းလွလွအဖြူရောင်နံရံတို့က ပနံတင့်နေခဲ့လျက် သူထိုင်နေသော ဧည့်ခန်းနဲ့ဘယ်လိုခြားနားအောင် ပြင်ဆင်ထားသလဲဆိုတာ ကြည့်နေရင်း သဘောပေါက်သွားသည်။ သူ့ကို ဒီမှာပဲထိုင်ဖို့ ညွှန့်ကြားချက်ချထားခဲ့တာ ဘာကြောင့်မှန်းလည်း နားလည်လိုက်သည်။ ဒါပေမယ့် ဧည့်ခန်းနှစ်ခန်းထားသည့် အိမ်တိုင်းမှာ ကိုယ့်စိတ်ကူးနဲ့ရည်ရွယ်ချက်အမျိုးမျိုးရှိကြစမြဲပါ။ ဘာကြောင့် ခွဲခြားထားတာဖြစ်စေ သူ့ကိုဤကဲ့သို့ ကြိုဆိုလိုက်ခြင်းသည်.. ၊

"အဟမ်း.."

စတင်တွေ့လိုက်ရသည့်အရိပ်သည် ဘွားဒေါ်မြမင်းသီရိဖြစ်နေလိမ့်မည်လို့ သူမထင်ခဲ့ပေ။ ဘေးတိုက်လှမ်းမြင်နေရသည့် ကြောင်လိမ်လှေကားကြီးပေါ်မှာ ကြက်သွေးရောင်ကတ္တီပါခြုံထည်နှင့် ကြက်သွေးနှင့်အနက်ပွင့်ပါသော ပိုးထမီကိုဝတ်ထားသည်။ လှေကားလက်ရမ်းပေါ်မှာ တင်ထားသည့်အင်္ကျီလက်ရှည်နှင့် လက်ခုံပေါ်မကျတကျမှာ တွတ်ဖျတ်လက်နေသော လက်နှစ်လုံးခန့်အပြားခတ်ရှိသော စိန်လက်ကောက်ကြီးက ပြိုးပြတ်လက်နေ၏။ သူ့ဆီကိုတည့်တည့်လျှောက်လာတာမှ ချက်လောက်ထိရှည်သော စိန်ပုတီးရှည်ကြီးတလှုပ်လှုပ်နဲ့ရမ်းနေတာကို မြင်ရသည်။ အထက်အောက်ကြက်သွေးရောင်လွှမ်းနေသောဝတ်စုံနှင့် ခေါင်းထက်မကျတကျမှာ ထုံးထားသောခပ်ပုံ့ပုံ့ဆံထုံးဝိုင်းကမဟာဆန်သလောက် ဒေါ်မြမင်းသီရိ၏မျက်နှာကတည်တင်းနေသည်။

အဘွားအရွယ်ပေမယ့် ခြုံထည်အနားစပ်တို့ကို ကိုင်၍လျှောက်လာပုံက မာန်ဝင့်ထည်ဝါနေသည်။ စိန်ရောင်တွေနဲ့အပြိုင် မျက်လုံးတွေက စူးရဲနေ၏။ ထို့ပြင် သူ့ရှေ့ရောက်လာတဲ့အထိ တင်းတင်းစေ့ထားသော နှုတ်ခမ်းသားတို့က ပြုံးရယ်ပြေလျော့လာမည့်ပုံ အလျင်းမရှိခဲ့ဘဲ.. ၊

"လာမယ်ဆိုရင် ကြိုတင်အကြောင်းကြားရတယ်..အိမ်ရှေ့ရောက်မှ ဘဲလ်တီးအချက်ပြတာ ယဉ်ကျေးမှုနည်းတာပဲ.."

"ခင်ဗျာ.."

သူနှုတ်ဆက်မလို့ မတ်တပ်ရပ်လိုက်ပေမယ့် ဘာမှမပြောရသေးခင် ကြားလိုက်ရသည့်စကားကြောင့် အံ့သြသွားမိသည်။ ပို၍အံ့သြဖို့ကောင်းတာက အဘွားဆိုသောဒေါ်မြမင်းသီရိ၏မာနကို သူမရဲ့လေသံက သိသာစွာ ဖော်ကျူးနေသဖြင့် မာကျောပြတ်တောက်သည့် စကားလုံးတို့သည်.. ၊

"ထိုင်.."

အမိန့်ပေးသံက ပြင်းထန်၏။ ပြီးတော့ အာဏာသျှန်နှင့်မျက်နှာချင်းဆိုင် တစ်ယောက်ထိုင်ဆိုဖာမှာထိုင်သည်။ ထိုအခါကျမှ အသက်နှစ်ဆယ်သုံးဆယ်အရွယ် အမျိုးသမီးနှစ်ယောက် ခပ်ရှိရှိရောက်လာကာ နံ့သာရောင်ကတ္တီပါခေါင်းအုံးလေးတစ်လုံးကို ခပ်တောင့်တောင့်ထိုင်နေသော ဒေါ်မြမင်းသီရိရဲ့ကျောနောက်မှာ သေချာခံထားပေးလိုက်၏။ တစ်ယောက်က ထွေးခံလာချကာ ဒေါ်မြမင်းသီရိစီးထားသည့် ဖိနပ်ကို အသာလေးလာချွတ်ပြီး ဘေးမှာကပ်ထားပေး၏။ ပြီးမှ ဒူးထောက်လေးကနေထ၍ နောက်ဆုတ်ပြီး ခပ်လှမ်းလှမ်းကျမှ လှည့်ထွက်သွားသည်။ လှုပ်ရှားမှုတိုင်းကို အာဏာသျှန်က သတိထားမိနေကာ ဒေါ်မြမင်းသီရိက သူ့မျက်နှာကိုပဲ စူးစိုက်ကြည့်၍.. ၊

"မင်းကိုဘယ်သူလွှတ်တာလဲ.."

နောက်ထပ်မေးခွန်းပါလာတော့ သူခေါင်းညိတ်မျက်လွှာချရင်း..

"ကျွန်တော်ဘွားတို့ကို ကန်တော့ချင်လို့လာတာပါ.."

"မိဘတွေမသိဘဲနဲ့လား.."

"သိပါတယ်..မေမေတို့အားလုံးကို ပြောပြီးမှလာတာပါ.."



ခပ်ထူထူ ခပ်ပြားပြားမျက်ခုံးတန်းတွေ ကုတ်ကျသွားသည်။ အကြည့်တွေက ပို၍ကျဉ်းမြောင်းသွားပြီးမှ.. ၊

"မင်းအမေက လွှတ်တာပေါ့.."

အာဏာသျှန် နည်းနည်းကြောင်သွားသည်။ ဘွားရဲ့လေသံနဲ့မေးခွန်းအရ မေမေ့ကိုဒေါသထွက်နေတာမှန်း သိသာနေသည်။ ကိုယ့်သမီးကို ဘာလို့ဒေါသထွက်စိတ်တိုနေရသလဲလို့တွေးကြည့်တော့ အဖြေကတစ်ခုပဲရှိသည်။ မေမေ့ကိုဘွားမကြည်ဖြူခဲ့တာအပြင် တခြားဖြစ်ဖွယ်မရှိ။ အာဏာသျှန် ဒေါ်မြမင်းသီရိရဲ့ဒေါသကို နားလည်ဖို့ကြိုးစားရင်း လက်ဆောင်ပစ္စည်းထုပ်တွေကို နေရာမှထ၍ ဘွားရှေ့တိုးပေးရင်း..၊

"ဒီမှာ ကျွန်တော်ဘွားကိုကန်တော့ချင်လို့.."

"မေးတာကိုဖြေစမ်း..မင်းအမေကလွှတ်တာလား.."

"ဟုတ်ကဲ့..ခွင့်ပြုပေးတာပါ၊ လာချင်တာက ကျွန်တော်ပါ.."

အာဏာသျှန်ရဲ့အဖြေကို ကျေနပ်အားရရှိသွားပုံတော့မပေါ်ပေ။ သို့သော် မျက်ဝန်းတို့က စဉ်းစားတွေးတောခြင်းဖြင့် တစ်နေရာမှာအတန်ကြာအောင် စူးစိုက်နေခဲ့ပြီး.. ၊

"ဒီမှာကြာကြာနေလို့ မရဘူး.."

"ကျွန်တော်မနေပါဘူး..ဘွားနဲ့ကြီးတော်တို့ကို ကန်တော့ရုံပါပဲ.."

ပြောနေတုန်း ဖုန်းသံဝင်လာသဖြင့် ဒေါ်မြမင်းသီရိမျက်မှောင်ကုတ်သွားသည်။ အာဏာသျှန်က ဖုန်းကိုထုတ်ကြည့်ပြီးမှ မဖွင့်ဘဲပြန်သည့်ထားလိုက်သည်။

"ကြီးကြီးတို့ရှိလားဘွား..ကျွန်တော်.."

"တစ်ယောက်မှမရှိဘူး.."

အာဏာသျှန် ဆက်ပြောမယ့်စကား တုံ့ဆိုင်းသွားသည်။ ဒေါ်မြမင်းသီရိက ဆိုဖာမှာလက်နှစ်ဖက်တင်၍ ခပ်တောင့်တောင့်မှီနေလိုက်ရင်း.. ၊

"မင်းအမေဘာမှမပြောပြဘူးလား.."

ပြောပြထားစေချင်တာလား..မပြောခဲ့တာကို အပြစ်ဆိုချင်တာလား..။ မေးခွန်းတစ်ခုအပေါ်မှာ ဖြေပေးဖို့ထက် သုံးသပ်ခြင်းက ရှေ့ကအရင်ရောက်တတ်သည့်အကျင့်ကြောင့် ဒေါ်မြမင်းသီရိရဲ့မေးခွန်း

နောက်မှာ အဖြေကပါမလာခဲ့ပေ။ ဒါပေမယ့် သူမကမဲ့တော့မလို မျက်နှာတင်းနေကာ.. ။

"မပြောပါဘူး..မပြောလို့မင်းရောက်လာတာပေါ့.."

ထိုစဉ် အအေးနဲ့မုန့်ဘူးတွေရောက်လာခဲ့လျက်.. ။

"စားလိုက်ဦး.."

နွေးထွေးပျူငှာခြင်းကင်းသော ဧည့်ခံခြင်းကိုသိပေမယ့် 'ငါ့အဘွားပဲ'ဆိုသည့် ခင်မင်စိတ်က မာန်မာနနှင့်လက်မခံခဲ့ပေ။ ဘွားကျေနပ်အောင် စားလိုက်ဖို့ဆုံးဖြတ်၍ အအေးကိုလည်း တစ်ဝက်ကျအောင် သောက်လိုက်သည်။ မုန့်ဘူးတစ်ဘူးယူဖွင့်ပြီး တစ်ခုယူစားလိုက်၏။ သူအစားမမက်ပါ။ အထူးသဖြင့် သူများအိမ်မှာဆို ပိုပြီးမစားတတ်ပေ။ ဒီမှာကတော့ 'ငါ့အဘွား'ဆိုသည့်ပီတိစိတ်နှင့် ဘာပြောပြောနားလည်နိုင်သည်။ ကိုယ့်ဘက်ကမှားယွင်းလို့လား တစ်ခုခုကိုစဉ်းစားနေတာလားမသိ။ စားပြီးတဲ့အထိ တိတ်ဆိတ်စွာရှိနေပြီးမှ.. ။

"မင်းအမေနဲ့မင်းအဖေကို လူကြီးချင်းစကားကြောင်းလမ်းပြီး လက်ထပ်ပေးခဲ့တာဟုတ်တယ်..ဒါပေမယ့် ဒီနေ့ထိ မင်းအဖေကိုငါ့ဧဧ့မကြည့်ခဲ့ဘူး၊ ကြည့်ဖို့ကိုစိတ်မဝင်စားခဲ့တာ.."

ဟင်.. ။ ဒါကခုမှသိရသည့် အကြောင်းအရာဖြစ်သည်။

ဒေါ်မြမင်းသီရိရဲ့စကားသံတိုင်းက နားကစိန်နားကပ်၏အရောင်ကြောင့် ပို၍မာကြောပြောင်မြောက်နေသလိုရှိကာ စကားတွေအဆက်မပြတ်ပြောနေလေ ပြုးပြတ်လက်နေလေ.. ။

"မင်းမိဘက မသင်လိုက်ရင်မှတ်ထား..သူများအိမ်ကိုအကြောင်းမကြားဘဲ မသွားရဘူး.."

"မေမေလေးတို့က သင်ပါတယ်..မေမေကလည်း တားတယ်၊ အဲဒါကြောင့် ကျွန်တော့်ဘာသာတွေးတာပါ..အကြောင်းကြားလိုက်ရင် ဝမ်းပမ်းတသာကြိုဆိုခံရဖို့ မသေချာဘူးဆိုတော့.."

ဒေါ်မြမင်းသီရိမျက်လုံးတွေ လက်ခနဲဖြစ်သွားသည်။

"ကျွန်တော်ပြောချင်တာက မရင်းနှီးကြတဲ့သူတွေပဲ.."

"မှန်တယ်..မရင်းနှီးဘူး မင်းကိုဆိုနာမည်တောင် မသိဘူး.."

"ဒါပေမယ့် ကျွန်တော်က ဘွားရဲ့မြေးအရင်းပါ.."



"ဘာ.."

ဒေါ်မြမင်းသီရိရဲ့ 'ဘာ'သံက ဆောင့်ခါထွက်သွားသည်။ စူးရဲသည့် မျက်လုံးတွေက အာဏာသျှန်ရဲ့မျက်နှာတစ်ခုလုံးကို စေ့စေ့စပ်စပ် စူးရဲစွာကြည့်လျက်.. ။

"ငါမမေးဘဲ မပြောနဲ့..လူကြီးကိုပြန်လှန်မေးခွန်းထုတ်သလို ပြောတာမျိုး မကြိုက်ဘူး၊ ငါ့စံအိမ်မှာ ဒီလိုရှိုင်းစိုင်းတဲ့သူလည်း မရှိဘူး.."

စကားသံသည် အက်ရှတုန်ခါနေကာ.. ။

"မင်းမိဘကို ထိခိုက်ပြောရင် မင်းကြိုက်မလား.."

"မကြိုက်ပါဘူး.."

"ပြောတာမကြိုက်ရင် အပြောမခံရအောင်နေရတယ်..ဒါပေမယ့် မပြောတော့ဘူး၊ ငါမေးရင်ဖြေ မေးခွန်းမဟုတ်ဘဲ ဘာမှမပြောနဲ့.."

နားလည်နိုင်စွမ်းတို့ အင်အားမဲ့လာသည်လား ဒါမှမဟုတ် ဒါကိုသည်းခံသင့်မခံသင့် စဉ်းစားဖို့လိုလာပြီလား..။ အာဏာသျှန်ရင်ထဲမှာ နာကျင်မှုတွေ စတင်လာခဲ့သည်။ သူမမြင်မစမ်းမှန်းဆတွယ်တာခဲ့ရသော မေမေရဲ့အမေ အဘွားအရင်းခေါက်ခေါက်၏ ရင့်သီးသောဥပေက္ခာစကားတွေက လေထဲကနေ လက်နက်တွေလို ပုံသဏ္ဌာန်ပေါ်လာသည့်နှယ်.. ။

"ဒီမှာ ဘယ်နှစ်ရက်နေဖို့ စိတ်ကူးသလဲ.."

"ဘွားကလက်ခံချင်ဘူးဆိုရင် တစ်ရက်မှမနေပါဘူး.."

မျက်နှာတစ်ပြင်လုံး တင်းခနဲဖြစ်သွားသည်။ မျက်စိရှေ့ရောက်လာသည့်လူငယ်တစ်ယောက်က လူငယ်ပီပီပေါ့သွမ်း ဟော့ရမ်းသည့်ပုံစံတစ်စက်မှမရှိ။ အနီရောင်ရှပ်အင်္ကျီနှင့် ကုတ်အင်္ကျီအညိုကို ထပ်ဝတ်ထားသည်။ ခပ်တွန့်တွန့်ဆံပင်ရှည်တွေက ဂုတ်ပေါ်မှာတချို့တစ်ဝက်ခွေနေပေမယ့် ပခုံးကျော်အောင် ရှည်နေတာလည်းဖြစ်နေနိုင်၏။ အရပ်ဘယ်လောက်မြင့်သလဲဆိုတာ သေချာကြည့်စရာမလိုအောင် ထိုင်နေသည့်ဒူးနှစ်ဖက်က ဧည့်စားပွဲနားထိ ရောက်နေ၏။ ဒူးပေါ်တံတောင်ထောက်၍ ဆုပ်ယှက်ထားသည့်လက်ဖဝါးနှစ်ဖက်က နီမြန်းလျက် လက်ခုံစောင်းနှင့်လက်ဆစ်တွေပေါ်မှာ အစိမ်းရောင်သမ်းနေသော ကြမ်းရှသည့်မွေးညှင်းတွေလည်းရှိနေကာ လက်သူကြွယ်မှာကျတော့

ဆင်ငြီးလက်စွပ်လေးတစ်ကွင်းတည်း.. ။

ဒေါ်မြမင်းသီရိမျက်လုံးက အာဏာသျှန်ရဲ့မျက်နှာစီပြန်ရောက်သွားကာ.. ။

"ငါ့ကိုလက်သင့်ခံချင်ရဲ့လားလို့ မေးချင်တာဆိုရင်တော့ လုံးဝလက်မခံချင်ဘူးလို့ ဖြေမှာ..ဒါပေမယ့် ဝတ္တရားကရှိတော့ မင်းစိတ်ကူးရှိနေရင် စဉ်းစားပေးမယ်.."

"ကျွန်တော်ပြောလို့ရပြီလားဘွား.."

"ပြော.."

"ကျွန်တော်ကတော့ နောက်ပေါက်လူငယ်ပါ..ဘွားက ကျွန်တော့်ဖေဖေ ဒါမှမဟုတ် ကျွန်တော့်မေမေအပေါ်မှာ တစ်ခုခုကြောင့် ငြိုငြင်နေတာလို့ထင်တယ်.."

"ဟွန်း.."

သူစကားရပ်လိုက်ပေမယ့် ဒေါ်မြမင်းသီရိက ဘာမှလည်းမပြောတားလည်းမတားသောကြောင့်.. ။

"မေမေတို့ပြောတဲ့အတိုင်းဆိုရင် ကျွန်တော့်တစ်သက်ကြာခဲ့ပါပြီ..ဟိုအရင်က အဆင်မပြေမှုတွေရှိခဲ့ရင်တောင်.."

"ဟေ့..တိတ်စမ်း.."

ကိုယ်ပါ မတ်ခနဲဖြစ်သွားပြီး ပေါင်ပေါ်မှာလက်သီးဆုပ်တစ်ဖက်ထောက်ကာ.. ။

"နင်က ဘယ်သူမို့လို့ လူကြီးတွေကိစ္စထဲ ရင်ကြားစေ့ဖို့ကြိုးစားတာလဲ..ဒါကြောင့်လာတာဆိုရင်ပြန်တော့.."

"ကျွန်တော်ပြောရမလား.."

ရဲတင်းလွန်းတာလား..ပြောတဲ့အတိုင်း နာခံနေတာလား..။ ခံစားမိတာကတော့ ဒီသူငယ်ကိုယ့်ကို အရွဲ့တိုက်နေသည်။

"ကျွန်တော်ကလည်း ဆွေမျိုးတွေအိမ်မှာ အလည်အပတ်လာနေရလောက်အောင် မအားပါဘူး..မေမေတို့ကလည်း ဘွားရဲ့ဒေါသကိုပြေပါကျေပါလို့ စိတ်ကူးထဲမှာတောင် ဆုတောင်းနေတဲ့ပုံမရှိဘူးထင်ပါတယ်.."

ဒေါ်မြမင်းသီရိမျက်ခုံးတွေ စုကျုံ့သွားသည်။



"ဒါပေမယ့် ဒီအဆင်မပြေမှုတွေက ကျွန်တော်နဲ့မဆိုင်ဘူးလို့ ထင်ခဲ့တာ.."

"ဒါကြောင့် မိယမုံခွင့်မပြုဘဲ မင်းကလာတယ်ပေါ့.."

"ခွင့်ပြုလို့လာတာပါ..ကျွန်တော်ဒီကိုလာဖို့ ပြင်ဆင်ခဲ့တာ သုံးနှစ်ရှိပြီ.."

"အတော်လာချင်ခဲ့တာပဲ.."

ငါ့မြေးလေးပါလားဆိုသည့် နွေးထွေးသည့်အကြည့်ဆိုတာမပါ။ ကြင်နာယောင်သမ်းသည့်စကားလုံးဆိုတာလည်း တစ်ခွန်းတလေမှမပြော။ မျက်မှောင်ကုတ်၍ ကျဉ်းမြောင်းသောမျက်ဝန်းတို့ဖြင့် လူတစ်ယောက်ကို ကြည့်ရှုခြင်းက မစင်ပုံတစ်ပုံလို.. ။

"ကျွန်တော့်ကို တစ်ခုလောက်မေးခွင့်ပြုပါဘွား.."

မေးလို့ခွင့်မပြုပေမယ့် စူးစိုက်ကြည့်လာသည့်အကြည့်တစ်ချက်နှင့် ကန့်ကွက်ခြင်းမရှိတာကို အတည်ပြုလိုက်ရကာ.. ။

"ဘွား ကျွန်တော့်ကိုမုန်းနေတာလား.."

"မမုန်းပါဘူး..မုန်းတဲ့စိတ်ဆိုတာ တစ်စုံတစ်ရာရဲ့ချည်နှောင်မှုကနေလာတာ၊ ဟောဒီတာဝတိံသာမိသားစုကလွဲရင် ငါ့အတွက်ဘာမှမဟုတ်ဘူး.."

မေမေကတော့ ဘွားရဲ့ရင်နဲ့လွယ်မွေးခဲ့တာ မဟုတ်ဘူးလားလို့ မေးချင်သည်။ ဒါပေမယ့် သူမမေးဖြစ်ပါ။ ဘွားကမာနကြီးသည်။ 'တာဝတိံသာ'ကလူတွေ တယူသန်သည် ရှေးရိုးစွဲသည်စသည့်အကြောင်းအရာတို့အပေါ် ထောက်ချင့်၍ မေမေ့ကိုတစ်သက်စာမုန်းတီးနေတာမျိုးလည်းဖြစ်နိုင်သည်လို့ နောက်ထပ်နားလည်နိုင်ဖို့ ကြိုးစားမိ၏။

"ဒီတော့ မင်းကိုငါ့အနေနဲ့ ဒီမှာလက်မခံချင်ဘူးလို့ ပြောပြီးပြီ..ကန်တော့ချင်ရင် လက်အုပ်ချီပြီးကန်တော့သွား၊ ဒါတွေတစ်ခုမှမထားခဲ့နဲ့.."

သူယူလာခဲ့သည့် လက်ဆောင်ထုပ်တွေကို လက်ညှိုးထိုးပြောပြီး.. ။

"တစ်ယောက်လာစမ်း.."

ခေါ်လိုက်တာနှင့် မိန်းကလေးတစ်ယောက် ချက်ချင်းထွက်လာသည်။ ဒေါ်မြမင်းသီရိက လက်ဆောင်ထုပ်တို့ကို ထိုးညွှန်ထားသည့်

လက်ညှိုးနဲ့ပဲ တစ်နေရာကိုဆက်တိုက်ညွှန်ပြလိုက်ပြီး.. ။

"ဟိုမှာစာတိုက်ပုံးရှိတယ်..ယူလာခဲ့.."

မိန်းကလေးက ခါးလေးညွှတ်ခေါင်းညိတ်ပြီး ညှော်ခန်းနေရာအဆွယ်ဘက်ကို ဝင်သွားသည်။ ပြီးတော့ ချက်ချင်းထွက်လာ၏။ လက်ထဲမှာ ကြေးသောင်ခတ်ထားသည့်စာတိုက်ပုံးကြီးတစ်ပုံးကို ယူလာကာ သူ့ရှေ့မှာသေချာချပေးပြီးမှ ပြန်ထွက်သွား၏။ စာတိုက်ပုံးထဲမှာ ဘွားဒေါ်မြင်းသီရိတို့ စနီးမောင်နှံနှင့် သမီးနှစ်ယောက်သားတစ်ယောက်။ တကယ်ဆို သမီးသုံးယောက်ဖြစ်ရမှာ မဟုတ်ဘူးလား..။ သူ့ရဲ့ကြီးတော်တွေကိုရော ဦးလေးဖြစ်သူကိုရော သူမမြင်ဘူးပါ။ ဒါပေမယ့် ပုံကိုကြည့်လိုက်တာနှင့် လိုနေသည့်သမီးတစ်ယောက်က မေမေပဲလို့ စိတ်ကခံစားမိလိုက်တာ ဘာကြောင့်မှန်းမသိ။ ပြီးတော့ အကြီးဆုံးသမီးဒေါ်မြထွတ်ဦးတောင်မှ စာတိုက်ပုံထဲမှာအရွယ်က အလွန်ဆုံးရှိမှဆယ်နှစ်၊ ဖေဖေ့ကိုသဘောမတွေ့လို့ မေမေ့ကိုဆွေခန်းမျိုးခန်းဖြတ်လိုက်သည်ဆိုရင်တောင် ဒီအရွယ်လေးတုန်းကတော့ သားသမီးချင်းအတူတူ ချစ်ခင်ပြုစုပေးနေရမှာ မဟုတ်ဘူးလား.. ။

မမြင်ဘူးသည့် ကြီးတော်တွေကို လက်ရှိအရွယ်နှင့် တရိုတသေလက်အုပ်ချီကန်တော့ချင်ပေမယ့် ကိုယ့်ရှေ့ရောက်လာတော့ ဆယ်နှစ်သမီးလောက်က စာတိုက်ပုံတစ်ပုံသာဖြစ်လျက်.. ။

"ကျွန်တော် ဘွားတို့ကိုကန်တော့ပြီးပြန်မှာပါ..ကြီးကြီးတို့ကို.."

"မရှိဘူး.."

"စောင့်နေချင်ပါတယ်.."

"စောင့်နေမှာမလိုချင်လို့ စာတိုက်ပုံထုတ်ပေးတာပဲ.."

ရင်ထဲမှာနင့်ခနဲ စူးသွားသည်။ ခုနကတော့ ဝတ္တရားရှိတဲ့အတိုင်း တည်းလိုကတည်းနိုင်သည်လို့ ပြောသည်။ အခုခဏနေပါရစေဆိုတော့ မနေနဲ့.. ။

"နင်လည်းမာနကြီးချင်တဲ့ ပုံစံမျိုးပါ..ပြင်းထန်တဲ့အင်အားနှစ်ခုထိပ်တိုက်ဆုံမိရင် ပေါက်ကွဲတတ်တယ်.."

"ကိုယ့်သွေးသားကြီးတော်တွေကို ကန်တော့ဖို့လာတဲ့ တူသားတစ်ယောက်အနေနဲ့ ကျွန်တော့်ရင်ထဲမှာ ခင်မင်လေးစားစိတ်အပြင် ဘာမှ



ပေါ်ပါဘူး.."

"မင်းရင်ထဲမှာ ဘာတွေဘယ်လောက်ပါလာသလဲလို့ ငါမေးနေတာမဟုတ်ဘူး..မမေးဘဲမဖြေနဲ့၊ မင်းရဲ့မိဘတွေကို ဒီစံအိမ်မှာလုံးဝအသိမရှိဘူး..အားလုံးရင်ထဲမှာလည်း ဒီတိုင်းပဲ၊ ငါပြောချင်တာက သူတို့ရဲ့ဒေါသနဲ့ မင်းရဲ့ထကြွလာမယ့် မာနထိပ်တိုက်မတွေ့ခင် ထွက်သွားဖို့.."

မျက်လုံးချင်းဆုံဆည်းသွားကြလျက် ဒေါ်မြမင်းသီရိရဲ့မျက်ဝန်းမှာ မီးတောက်မီးလျှံတွေလို တညီးညီးတောက်လောင်လာခဲ့ပြီး.. ။

"အဲ့ဒီလိုရှိုင်းစိုင်းတဲ့ တုံ့ပြန်မှုတွေကိုရွံတာ..အမျိုးတစ်ခြမ်းယုတ်လို့ပြောရမလား၊ တစ်ခြမ်းမှမကောင်းခဲ့တာလို့ ပြောရမလား.."

"ဘွားပြောချင်သလို ပြောလို့ရပါတယ်..ပြောလည်းပြောနေတာပါ ကျွန်တော့်ကိုတစ်ခုပဲ ထပ်မေးခွင့်ပြုပါ.."

"ဒီမိသားစုပုံထဲမှာ မေမေကဘယ်ဘက်ကလဲ.."

"ငါ့မှာသမီးနှစ်ယောက်ပဲရှိတယ်.."

အာဏာသျှန် မျက်ခုံးနှစ်ဖက် ဆတ်ခနဲတွန့်သွားသည်။ မေးခွန်းပေါင်းများစွာ ပလုံစီထွက်လာပေမယ့် ဒေါ်မြမင်းသီရိရဲ့စူးရဲသောမျက်ဝန်းတို့နဲ့ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းတွေကိုကြည့်၍ မမေးဖြစ်..

"နင်မေးတာတွေ ဖြေပေးဖို့ ငါလာတာမဟုတ်ဘူး..ကန်တော့ဖို့ပဲ ညည်းရွယ်တာဆိုကန်တော့၊ မဟုတ်ရင်ပြန်..နေချင်သေးတယ်ဆိုရင် ဒီကနေပြန်ထွက်သွား၊ ဘယ်ဘက်က အဆောက်အဦးထဲမှာ နင်နေဖို့ပြင်ပေးလိမ့်မယ်..ဒါပေမယ့် တစ်ခုတော့ပြောထားမယ်၊ ဒီမှာထပ်နေတဲ့အတွက် ဒီအိမ်ကလူတွေကို ထပ်တွေ့ရမယ်မထင်နဲ့..မင်းကိုမျက်နှာလာပြဖို့အတွက် ဘယ်သူမှစိတ်ကူးကြမှာမဟုတ်ဘူး.."

ဒီလောက်ထိအယူသီးပြီး မာန်မာနကြီးမားကြတာမျိုး သူမတွေ့ဘူးပေ။ ဘယ်ခေတ်မှာနေနေတာလဲလို့ မေးစရာပေမယ့် ဒီစံအိမ်ကြီးထဲကို ဝင်လိုက်တည်းက သူ့ကိုယ်သူသီးခြားကမ္ဘာထဲပြန်ရောက်သွားသလို ခံစားမိနေတာလည်းမှန်သည်။ ထောင်းခနဲဖြစ်လာသည့်နာကျင်မှုကို 'ငါ့အဘွား'ဆိုသည့်နားလည်စိတ်နှင့် တွင်တွင်ချိုးနှိမ်၍ ကြမ်းပေါ်ဒူးထောက်ဆင်းထိုင်လိုက်သည်။ ပြီးတော့ လက်အုပ်ချီလိုက်ရင်း..

"ကျွန်တော်ကန်တော့တာလေး ဒါနမြောက်အောင် ယူလာတဲ့ လက်ဆောင်ပစ္စည်းလေးတွေကိုတော့ လက်ခံပေးပါဘွားရယ်..တန်ဖိုး သတ်မှတ်ပြီးဝယ်လာတာတွေလည်း မဟုတ်ပါဘူး၊ မေမေတို့စိစဉ်ပေး လိုက်တဲ့ ဆေးဝါးတွေလည်းပါ.."

"လုံးဝလက်မခံနိုင်ဘူး.."

စကားဆုံးအောင်ပြောခွင့်မရလိုက်ဘဲ ဒေါ်မြမင်းသိရိဆိုးဆိုးဆတ် ဆတ် ထရုပ်လိုက်တာကို မော့ကြည့်မိ၏။ လှုပ်ခတ်လှုပ်ယမ်းနေဆဲ စိန် ဇုတ်းကုံးနှင့် ဘွားအေဖြစ်သူ၏ မာန်မာနတွေက သူ့မျက်လုံးထဲမှာ လျှပ်စီးကြောင်းတွေကဲ့သို့ တလက်လက်ထနေခဲ့၏။ ဒါမှမဟုတ် နေပူပူ မှာ မြင်ရသည့်တံလျှပ်တွေလား..။ အသက်ရှုပြင်းနေသော ရင်ဘက်ပြင် က သိသာစွာမြင့်တက်ခြင်း ရှိုက်ကျသွားခြင်းတို့ဖြင့် ခဏတိတ်သွား ခဲ့ပြီး ခါးတစ်ဖက်ထောက်သည်။ ပြီးတော့ အာဏာသျှန်ကိုစီးမိုးငုံ့ကြည့် ကာ.. ၊

"ငါတို့က လက်ဆောင်ပစ္စည်းကို ငရဲပန်းလို့ပဲမှတ်တယ်..လက် ဆောင်ပေးတာကို လက်ခံပြီး ကြွေးတင်မခံနိုင်ဘူး၊ ကျေးဇူးဆိုတဲ့စကား ကို သဲနှံ့ခံယူလို့ အလွယ်ပြောနေကြတာတွေ 'တာဝတိံသာ'မှာ လုံးဝမ ရှိဘူး.."

အာဏာသျှန်က မချိတရိပြုံးလိုက်ရင်း.. ၊

"ကျွန်တော်ကန်တော့ရင် ဘွားကဆုပေးမှာမို့လား..ဘုန်းကြီးသံ ဃာဆီက သီလတောင်းခံရင်တောင် လှူဖွယ်ဝတ္ထုပစ္စည်းလေးနဲ့တောင်း ကြတာပါ.."

"နင်ရှေ့မှာရပ်နေတာ တာဝတိံသာကမြမင်းသိရိ ဘုန်းကြီးမဟုတ် ဘူး..နင်ကန်တော့တာကို ကြည်နူးချမ်းသာစိတ်မဖြစ်တဲ့အတွက် နင့်ကို ကျန်းမာပါစေ ချမ်းသာပါစေ ဆုပေးဖို့ကလည်း ငါဆုံးဖြတ်ရမယ့်ကိစ္စ ပဲ.."

အညှာတာမဲ့သည့်စကားတို့ကို ပြတ်သားစွာဆိုရင်း ခြုံပဝါ၏ အနားစနှစ်ဖက်ကို ပခုံးပေါ်ထပ်ဆွဲတင်၍ ဒီအတိုင်းလက်မလွှတ်ဘဲ ခပ်ဖွဖွကိုင်ထားလျက်.. ၊

"ငါတို့သတ်မှတ်တဲ့ ကျန်းမာခြင်းချမ်းသာခြင်းက ဂုဏ်သိက္ခာရှိ



ခိုင်မာမှုရှိတာမျိုး..လူဖြစ်ပြီးမိမိတာဝန် မိမိမယူနိုင် ကောင်းကျိုးချင်း ရာဘာမှလည်း မတတ်နိုင်တဲ့လူမမည်တဲ့သူတွေ ကျန်းမာချမ်းသာနေ တာ ဘာတန်ဖိုးရှိသလဲ.."

ပြောပြီး ခပ်မိန့်မိန့်မဲ့လိုက်ကာ.. ၊

"တာဝတိံသာက ဆုတောင်းမေတ္တာကို လွယ်လွယ်ရမယ်မမှတ် နဲ့.."

ဒေါ်မြမင်းသိရိက ခဏရပ်နေပြီး ချက်ချင်းလှည့်ထွက်သွား၏။ သက်အုပ်ချီလျက် အာဏာသျှန်ဒီတိုင်းဒူးတုပ်လျက်ကျန်ခဲ့လေသည်။ သို့သော် ပင့်သက်ရှိုက်လိုက်ရင်း စားပွဲပေါ်က ဓာတ်ပုံကိုလှမ်းယူသည်။ ဘွားထွက်သွားသည့်ဘက်ကို မျက်နှာမူ၍ ဓာတ်ပုံကိုပါရှေ့မှာချထား လိုက်ပြီး ကန်တော့သည်။ ဒီလိုတွေ ရှိလာမယ်လို့ မထင်ခဲ့ပေမယ့် ဆင်ထားသလို အဆင်မပြေနိုင်လောက်ဘူးဆိုတာတော့ တွက်ခဲ့ပြီးသား ပါ၊ ထို့ကြောင့် သိမ်ငယ်စိတ်ကြောင့် ထူအမ်းပူနွေးနေသည့် ကိုယ့်မျက် နှာကို အပူငွေ့သေအောင် အသက်ဝဝရှူနေမိသည်။ ညှိခန်းထဲမှာ တစ်ယောက်တည်းကျန်ခဲ့ရင်း ကြိုးစားနေရတာက..

'ငါ့အဘွားမာနကြီးတာ ငါသိခဲ့တယ်..'

## အခန်း(၈)

"မသိလို့မေးနေတာပေါ့မမကြီးရယ်..ကျွန်တော့်ကိုအနောက်ဖက်တံခါးက ဝင်ခဲ့ဖို့ဖုန်းဆက်တာ ဘာဖြစ်လို့လဲ.."

"မောင်မောင်..."

မေးရင်းဖြတ်လျှောက်လာတော့ အပြင်ထွက်မသွားအောင် ဒေါ်မြထွတ်ဦးက ဆွဲထားလိုက်ကာ.. ၊

"ပြန်ဖြေတာကိုစောင့်ဦးလေမောင်မောင်ရယ်..မယ်မယ်အရမ်းစိတ်ဆိုးနေတယ်.."

"ဘာဖြစ်လို့လဲ..ကျွန်တော်က ခရီးကခုမှပြန်လာတာပါ.."

"အေးပါ..မမကြီးတို့ကို ဆိုးတာလည်းမဟုတ်ဘူး၊ 'မိုးထိ'စံအိမ်ကကောင်လေးရောက်လာလို့.."

ဟင်.. ဦးမြမင်းစံ ခြေလှမ်းတပြင်ပြင်နှင့် ရှန်းနေခြင်းက ရပ်တန့်သွားသည်။

" 'မိုးထိ'စံအိမ်က.."

"ဟုတ်တယ်.."

"ဘယ်သူရှိလို့လဲ.."



"သူတို့မှာသားလေးတစ်ယောက်ပဲ ရှိတယ်လို့ပြောတယ်လေ..အဲ့ဒီကောင်လေးပေါ့.."

"ယမုံခင့်သား.."

"အင်း.."

ဦးမြမင်းစံ ပို၍ငြိမ်သက်သွားခဲ့သည်။ သမီးလတ်ဖြစ်သည့်ဒေါ်မြပုလဲဖြူကလည်း မျက်နှာမသာမယာနှင့်.. ၊

"မလတ်လည်း မယ်မယ်စိတ်ဆိုးပြေအောင် ဒီတစ်ခါမရမကတောင်းပန်မယ်ဆိုပြီး အားခဲလာခဲ့တာ..ခုတော့.."

သူမတို့တွေ တစ်အိမ်ထောင်စီခွဲထွက်ကုန်ကြပါပြီ။ ဒါပေမယ့်ဒီနေ့က 'တာဝတိံသာ'စံအိမ်ကြီးရဲ့ နှစ်ပတ်လည်နေ့ဖြစ်ကာ အကြီးဆုံးသမီးမြထွတ်ဦးတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့လည်း ဖြစ်နေသည်။ ထို့ကြောင့် သမီးနောက်လိုက်သွားသည့် အငယ်ဆုံးမောင်ဦးမြမင်းစံလည်း ဖြစ်မနေအရောက်ပြန်ခဲ့ရတာဖြစ်သည်။ စံအိမ်၏နှစ်ပတ်လည်နေ့မှာ မိသားစုဝင်တွေ စုံစုံလင်လင်တက်ကြရသည်။ ကိုယ့်မိသားစုအိမ်ထောင်ရေး စီးပွားရေးတွေကို ဖွင့်ပြောကြမည် လိုအပ်ချက်မှန်သမျှကို အချင်းချင်းကူညီကြမည် ဒါမှမဟုတ် မယ်မယ်ကထောက်ပံ့ပေးနိုင်သည်။ စိတ်ညစ်စရာ ပျော်စရာတွေ ကိုယ်စီဖွင့်ဟကြရင်း တိုင်ပင်ကြ နှစ်သိမ့်ကြဖို့၊ ဒါပေမယ့် ဒေါ်မြထွတ်ဦးနဲ့ဒေါ်မြပုလဲဖြူက ဒိုင်ခံဖြစ်ကာ ဦးမြမင်းစံက ဘာသိဘာသာနေလာခဲ့တာ အမြဲ.. ၊

သူ့မှာပူပင်သောက ဘာမှမရှိသလိုလို ဘယ်သူတွေဘာဖြစ်နေနေ စိတ်မဝင်စားသလိုလို။ သူစိတ်ဝင်စားတာ သူ့သမီးလေးတစ်ယောက်ပဲဖြစ်ကာ တခြားတူ တူမတွေကို ယုယကြင်နာဟန်လည်းမပြ။ အစ်မတွေနဲ့ယောက်ဖတွေကတော့ သူ့ကိုအငယ်ဆုံးဆိုသည့်အမြင်နှင့် ဘယ်လိုနေနေ အပြစ်မြင်ဖို့လည်း မတွေးကြတော့ပါ။ ခုလည်းစံအိမ်နှစ်ပတ်သည် နီးလာကာမှ ဆွေမျိုးအိမ်ကိုအလည်သွားနေသော သမီးကိုစိတ်ချလို့ နောက်ကလိုက်သွားခဲ့သည်။

"ဝုန်း..ဒုန်း.."

"ဟော.."

မောင်နှမတွေတိတ်ဆိတ်သွားစဉ် အောက်ထပ်ကပြုလဲသံတွေ

ထွက်လာသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲတစ်ချက်ကြည့်မိရင်း အပြေးတပိုင်းထွက်လာခဲ့ကြ၏။ လှေကားမဆုံးခင်တည်းက ဧည့်ခန်းငယ်ထဲက မြင်ကွင်းကိုသူတို့လှမ်းကြည့်မိကြ၏။ ဆိုဖာတွေကို နောက်ဖေးကိုဒရွတ်တိုက်ဆွဲနေကြကာ ကြီးမားသောဒန်ဇလားကြီးထဲကို နွားနို့တွေဖွင့်ချနေကြတာလည်း ရှိ၏။

ပြီးတော့ နောက်ထပ်ဇလားကြီးတစ်လုံးထပ်ထုတ်လာပြီး နွားနို့ဗူးလင်းတွေကို ကိုင်လာတဲ့လူတွေကအပြုံလိုက်။ ပြီးတော့ ဧည့်ခန်းစားပွဲကို ရွှေ့ကြတဲ့သူတွေ အအေးဖန်ခွက်နဲ့မုန့်ပုံးတွေကို အမှိုက်ခြင်းနဲ့စုပြုံထည့်တဲ့သူကထည့်။ ဧည့်ခန်းတစ်ခုလုံးမှာ အိမ်မှာရှိသမျှ အလုပ်သမားတွေအကုန်ပါဝင်နေသလားမှတ်ရကာ မယ်မယ်က ဧည့်ခန်းကြီးဘက်က လိုက်ကာပါးနားမှာ ခါးထောက်ရပ်နေ၏။

"ချလွှမ်.."

"ဟိတ်..မိနော်၊ ဒါလေး'မ'တာကို ဘာဖြစ်လို့ ခြေတုန်လက်တုန်ဖြစ်နေတာလဲ..ဖိုးကောင်းနဲ့ဖိုးကံအဲ့ဒါတွေ မြန်မြန်သယ်သွားစမ်း၊ တောက်..ကြည့်ရတာ ဒေါသထွက်ရလွန်းလို့ ငါအသက်တိုမယ်သိလား.."

"မယ်မယ်..မယ်မယ်စိတ်တိုရင် ခေါင်းကိုက်တတ်တယ်လေ၊ လာပါ..ဒီမှာထိုင်ရအောင်နော်.."

ဒေါ်မြထွတ်ဦးက မိခင်ဖြစ်သူကို လက်လေးသွားကိုင်ပြီး ထိုင်ဖို့ပြောပေမယ့် ဒေါ်မြင့်သီရိက လက်ကိုဖယ်ချပစ်ကာ မျက်လုံးတို့သည် ဦးမြင့်စံထံသို့.. ၊

"ပါမလာဘူးလား ကလေးက.."

"ဟုတ်ကဲ့မယ်မယ်.."

ဦးမြင့်စံက ဖြေချင်တာထက် ဘာတွေလုပ်နေကြတာလဲဆိုတာပဲသိချင်နေသည်ဖြစ်ရာ.. ၊

"ဧည့်ခန်းကိုနွားနို့နဲ့ရေဆေးချပြီး ဘာလုပ်မလို့လဲမယ်မယ်..နှစ်ပတ်လည်က တောင်ဘက်အဆောင်ကြီးမှာ လုပ်နေကျကို.."

"လာနေမကျတဲ့ဧည့်သည်လာသွားလို့လေ..ဟော့ နွားနို့နဲ့နေရာအနှံ့ဆေးချစမ်း မိယုပြင်ပြီးပြီလား ရွှေနှံ့သာရေ.."



"ဟုတ်ကဲ့ပြင်ပြီးပါပြီမယ်တော်ကြီးရှင့်.."

သားသမီးသုံးယောက်စလုံးက ဒေါ်မြင့်သီရိနဲ့ဧည့်ခန်းသန့်ရှင်းခြင်းအပေါ် နားမလည်နိုင်စွာရှိနေကြကာ ဦးမြင့်စံက ပြောချင်တာဆိုရင်ထဲမှာကြာကြာမသိမ်းတတ်သည့်အကျင့်အတိုင်း.. ၊

"ကောင်လေးက နာမည်ဘာတဲ့လဲမယ်မယ်.."

"ဘာနာမည်တော့ သားငယ်ဘာလုပ်မလို့လဲ..မယ်မယ်စိတ်လည်းမဝင်စားဘူး၊ သိချင်စိတ်လည်းမရှိဘူး..ဆွေမျိုးတော်တဲ့ နေမင်းသစ်ကိုတောင် သေချာမမြင်ဘူးခဲ့တာ၊ သင်းရဲ့သားဘာနာမည်နဲ့ဖြစ်ဖြစ် ဘယ်အမှိုက်ပုံကထလာလာ ဘာလုပ်ရမှာလဲ.."

"မယ်မယ်ခုလိုလုပ်နေတာ နည်းနည်းအကျည်းတန်နေသလားလို့ပါ.."

"ဘာ.."

ဒေါ်မြင့်သီရိဒေါသထွက်သွားမှန်းသိတော့ အစ်မတွေက မောင်ကိုလက်ကုတ်သည်။ ဦးမြင့်စံမျက်လွှာချသွား၏။

"အကျည်းတန်တယ်ဟုတ်လားသားငယ်..လူရမ်းကားနဲ့'ကျွန်'မရဲ့သား ထိတွေ့သွားတဲ့ ဒီနေရာကို နို့နဲ့ဆေးပြီးရွှေရည်ငွေရည်မလောင်းရင် တာဝတိံသာကကျက်သရေ မယ်မယ်ဘယ်လိုပြန်ရမလဲ..'ကျွန်'စော်နံနေတာကို ဘာနဲ့ဖျောက်ဖျက်ပြီး စိတ်သန့်သန့်နေရမလဲ.."

မာကြောပြင်းထန်သောလေသံ ရက်စက်မောက်မာသောစကားလုံးတွေကြောင့် အိမ်ရှေ့ပြန်ရောက်လာသော အာဏာသျှန်ရဲ့ခြေလှမ်းတွေ ရပ်တန့်သွားခဲ့၏။ သူထွက်သွားခဲ့ပြီးမှ မေမေလေးရေးပေးလိုက်သည့် စာအိတ်လေးကိုသတိရကာ ဒီစာတစ်စောင်ကိုတော့ သေချာပေးဖြစ်အောင်ပေးခဲ့ဖို့ စိတ်ကူးနှင့် လမ်းတစ်ဝက်ကနေ ပြန်လှည့်လာခဲ့တာဖြစ်သည်။ သို့သော် အိမ်ထဲကလှုပ်ရှားသံတွေနှင့် စကားသံတို့ကြောင့် လူတွေအများကြီးချက်ချင်းစုဝေးနေသည့်အဖြစ်ကို စိတ်ဝင်စားပြီး နားစွင့်လိုက်မိသည်။ ကြားရချက်က ကိုယ့်ကိုလား..ဘယ်သူ့ကိုရည်ရွယ်တာလဲလို့တောင် အံ့သြရတဲ့အထိ မယုံနိုင်.. ၊

ငါ့ကိုပြောနေတာလို့ သိလိုက်ချိန်မှာ ငါ့ကိုမဟုတ်ပါဘူးလို့ နဝေတိမ်တောင်ဖြစ်ရလေသည်။

"ချက်ချင်းကြီးဆိုတော့ ကောင်လေးပြန်လှည့်လာရင် မကောင်းတတ်ပါဘူးမယ်မယ်ရယ်..ယမုံခင့်ကိစ္စတွေက သမီးတို့တစ်သက်လုံး လျှို့ဝှက်မြှုပ်သိပ်ရမယ့် ကိစ္စမို့လား.."

"သမီးကြီးအသံထွက်လာရင် ဘာဖြစ်လို့ တခြားသူဘက်ကို စောင်းပေးတာတွေ ပါနေတာလဲ..ကိုယ်ဖြစ်ချင်တာလုပ်ဖို့ ကိုယ့်အခွင့်အရေးပဲ၊ မယ်မယ်လုပ်ချင်တာလုပ်ခဲ့တယ်..ခုလည်းလုပ်မယ် နောက်လည်းအားလုံးကိုယ့်သဘောအတိုင်းပဲ၊ တာဝတိံသာကို ထင်သလိုဆွေမျိုးလာစပ်ချင်လို့ မရဘူး..အမျိုးမြတ်ရမယ် ဂုဏ်သိက္ခာကြီးရမယ် အစဉ်အလာကို အသက်ထက်တန်ဖိုးထားတတ်ရမယ်.."

ပြောနေရင်း အလုပ်လုပ်နေကြသည့်နေရာဆီ လှမ်းကြည့်ရင်း ဒေါ်မြမင်းသီရိမျက်လုံးတွေပါပြူးနေခဲ့လျက်.. ။

"ဟိတ်..ဆေးရေစွင်သွားတာမို့လား၊ လိုက်ကာပါဖြုတ်ချပစ်..အကုန်လုံးနောက်ဖေးမှာ မီးပုံရှို့၊ အားလုံးပြာမဖြစ်ဘဲ အရောင်တစ်ရောင် အပိုင်းအစတစ်ခုကျန်နေရင် နင်တို့လက်ကိုဖြတ်ပြီး မီးဖိုထဲထည့်မယ်.."

လက်ညှိုးထိုးညွှန်ကြားနေသမျှ လက်ဖျံပေါ်ကနေ လွှားချထားသည့် ပဝါအနားစက လွှဲရမ်းနေသည်။ တစ်ကိုယ်လုံးမှာဆင်ထားသည့် ရတနာတွေက ပြိုးပြက်လက်နေ၏။ စကားသံက မိုးခြိမ်းသံထက်ပြင်းထန်နေရကာ ဆေးကြောရွှေ့သယ်နေကြသည့် လူတွေ ခေါင်းလည်းမမော့ရဲ ခြေလှမ်းလည်းမမှားရဲအောင် ဖြစ်နေကြ၏။ ဒေါ်မြမင်းသီရိကတော့ ကြည့်နေရင်း မချင့်မရဲတွေဖြစ်နေခဲ့လျက်.. ။

"မီးရှို့တာ အန္တရာယ်မများဘူးလားမယ်မယ်..ရေဆေးချလိုက်ရင်"

"တော်တော့သမီးကြီး.."

သမီးကြီးရဲ့နူးညံ့ခြင်းကို လက်မခံနိုင်သည့်စိတ်က ဒီလိုနေရာမှာ ဒေါသကိုပိုပြီး အရှိန်တင်ပေးသလိုဖြစ်နေရကာ.. ။

"သမီးတို့ကိုမယ်မယ်က.."

စကားလုံးတို့သည် ဒီမှာတင်ရပ်တန့်သွားခဲ့၏။ တံခါးရှေ့မှာ မာမားမတ်မတ်ရပ်နေသည့် အာဏာသျှန်ကို ဒေါ်မြမင်းသီရိလိုပဲ အားလုံး လှမ်းမြင်လိုက်ကြလျက် တိုးသံရွှေ့သံတဖျောဖျောရေသံတို့မှအပ စကားသံတို့ လုံးဝတိတ်ကျသွားခဲ့၏။ ထိုစဉ်..



"ဒုန်း..ခွမ်း.."

အလုပ်လုပ်နေကြသည့် လူတွေထဲကနေ ကြေးနီနှင့်ထုဆစ်ထားသည့် ဘီလူးခေါင်းလေးဘယ်လိုပြုတ်ကျချော်ထွက်လာသည်မသိ။ သည့်ခန်းတစ်ခန်းနေရာမှာ အလှဆင်ထားတာဖြစ်နိုင်သည်။ ဒါပေမယ့် သူထိုင်နေတုန်းကတော့ မမြင်ခဲ့မိပါ။ တိုက်ဆိုင်စွာသူ့ရှေ့ထိ လိမ့်ထွက်လာသည့် ခေါင်းပြတ်လေးကို ငုံ့ကြည့်လိုက်မိသည်။ ပြီးတော့ ရှေ့ကို ခြေလှမ်းတိုး၍ ကောက်ယူလိုက်ရင်း ခပ်မဲ့မဲ့ပြုံးသည်။ ရင်ထဲမှာ ဖြောင်းဆန်အောင် နာကျင်နေခြင်းက အပြုံးတုလေးတစ်ချက်တောင် တင်လို့ရခဲ့ရှိကာ ဘီလူးခေါင်းကိုကိုင်ထားသည့်လက်တို့က မတည်ငြိမ်ချင်၊

"လူရမ်းကားနဲ့'ကျွန်'မသား.."

စွဲကျန်ခဲ့သည့် စကားသံကတောင် ခုပဲကိုယ့်မျက်နှာကြည့်ပြီး ထပ်ပြောလိုက်သလို သွေးတို့ဖျင်းခနဲပွရှိန်းသွားသည်။ ခြုံပဝါကြီးနှစ်ဖက်ချ၍ ရပ်ကြည့်နေသော တော်ဝင်အမျိုးသမီးကြီးတစ်ယောက်အဖြစ် ကိုယ့်ဘွားအေကို အံ့သြစူးစိုက်နေမိရင်း.. ။

"ဟွန်း.."

ရယ်သံလား မဲ့လိုက်သည့်အံ့ကြိတ်သံလားမသိပေမယ့် ကိုင်ထားမိသည့် ရုပ်ထုကိုပြန်ငုံ့ကြည့်၍ မဲ့မိကာ.. ။

"ပါဖောမန့်စ်ကောင်းတယ်.."

ပြောရင်း ခေါင်းဆယ်လုံးဘီလူးရုပ်ထုကို အားလုံးမြင်အောင်ပွတ်သပ်ကိုင်နေလိုက်ရင်း.. ။

"ခုနတည်းက ဘီလူးဆိုင်းတီးနေပေမယ့် သဘောမပေါက်လိုက်ဘူး.."

အားလုံးဟင်ခနဲ မျက်နှာတွေပျက်ကုန်ကြ၏။ အာဏာသျှန်က ပုံမှန်စကားပြောနေသည့်အတိုင်းနှင့်.. ။

"ကိုယ့်ရှေ့ပြုတ်ကျလာမှ အဆိုတွေအတီးတွေမပါပေမယ့် နားလည်သွားတယ်.."

"ဟဲ့..မင်းဘယ်လိုပြောလိုက်တာလဲ၊ တာဝတိံသာကိုလာပြီး ငါတို့မယ်မယ်ကို စော်ကားနေတာ..မင်းကဘာမို့လို့လဲ.."

"ခုနအဘွားပြောလိုက်ပါတယ်..ကျွန်တော်က 'ကျွန်'မသားပါ.."

ပြောပြီးရှေ့တိုးလိုက်သည်။ ပြီးတော့.. ၊

"ဒါပေမယ့်ဘာဖြစ်လို့ 'ကျွန်'မသားဖြစ်သွားရတာလဲဆိုတာတော့ သိချင်တယ်.."

ဒေါ်မြပုလဲဖြူ မျက်နှာပျက်သွားသည်။ ဒီမေးခွန်းက ဖြေရှင်းဖို့ ရှင်းရှင်းလေးပေမယ့် ဖြေဖို့ကမလွယ်။ သူမလည်း မယ်မယ့်လိုပြတ်သားခဲ့သူပါ။ ဒါပေမယ့် ဒီကောင်လေးမျက်နှာမြင်လိုက်ကာမှ ခက်ခဲခြင်းတွေ ဖြစ်လာခဲ့၏။ မောင်ဖြစ်သူကို လှမ်းကြည့်မိတော့လည်း ဦးမြမင်းစံမျက်လုံးတွေက ကောင်လေးကိုယ်ပေါ်မှာ တအံ့တသြစုန်ချီဆန်ချီ.. ၊

ပခုံးကျယ်နှင့်ရင်အုံဖွင့်သည်။ ယောကျ်ားချင်းအားကျလောက်အောင် မြင့်မားသောအရပ်အမြင့်မှာ အဆီပိုမရှိသောကိုယ်ဟန်က ဆွဲဆောင်မှုအပြည့်နှင့် စမတ်ကျ၏။ အသားရောင်သည် ဖြူလှသည်လည်းမဟုတ် အသားလတ်ဆိုတာထက်လည်းပို၍ ဝင်းဖန့်ဖန့်ကြည်စင်နေတာမျိုး။ ယမုံခင်လည်း ဖြူနွဲ့နွဲ့အဆင်ပြေပြေလေးပေမယ့် လှပချောမောသည့် မိန်းမမျိုးလည်းမဟုတ်ပါ။ သူ့အဖေနေမင်းသစ်ကပဲ အတော်ကြီးချောနေလို့လား..။ မောင်နှမသုံးယောက်ငေးကြည့်နေရင်း အတွေးတွေလည်း တူနေကြကာ.. ၊

"ပြော..ဘာကိစ္စပြန်လှည့်လာတာလဲ.."

အားလုံးငေးကြည့်နေတာကို မနှစ်မြို့သလို ဒေါ်မြမင်းသီရိဒေါသသံနှင့်မေး၏။ သျှန်ကပြန်စိုက်ကြည့်ကာ.. ၊

"စာပေးစရာပါလာတာ မပေးရသေးလို့ပါ.."

"ဘာအတွက်လဲ..ဘယ်သူပေးတာလဲ.."

ဒီတစ်ခါ သျှန်ကပြန်မဖြေတော့ဘဲ သူကိုင်ထားသည့်စာအိတ်ကို အားလုံးမြင်လောက်ပြီထင်မှ အင်္ကျီအိတ်ထဲထည့်ပစ်လိုက်ပြီး.. ၊

"ကျွန်တော်ကအရင်မေးထားတာထင်တယ်..ဒါပေမယ့် မဖြေချင်လည်းရပါတယ်၊ မေမေ့ကိုစိတ်ဆိုးလို့ ပြောတာဖြစ်ဖြစ် တကယ်အဲ့ဒီအတိုင်းပဲဖြစ်နေနေ ကျွန်တော့်သွေးထဲမှာ တာဝတိံသာနဲ့ဆက်နွယ်မှုတွေတော့ ရှိနေတယ်မို့လား.."

ဒေါ်မြမင်းသီရိ နှုတ်ခမ်းတွေပုံပန်းမကျဖြစ်လောက်အောင် အံ



ကြိတ်ထားရင်း ငြိမ်နေခဲ့၏။ သျှန်က အားလုံးကိုဝေ့ကြည့်ကာ.. ၊

"ကျွန်တော်က 'ကျွန်'မသားဆိုရင် တာဝတိံသာလည်း 'ကျွန်'မျိုးနွယ်ဆိုတာ.."

"ဟိတ်..ခုချက်ချင်းတိတ်စမ်း.."

တိတ်စမ်းဆိုမှ သွားတွေပေါ်အောင် ပြုံးလိုက်သဖြင့် ဒေါ်မြပုလဲဖြူ့ဆွေ့ဆွေ့ခုန်မတတ်ဖြစ်သွားခဲ့ပြီး.. ၊

"အဆင့်မရှိတဲ့ အောက်တန်းစားတွေ..နင့်စကားသံထွက်လာကတည်းက နင့်အဆင့်အတန်းကို သိလိုက်တယ်၊ ဒါပေမယ့် ငါတို့ကအဲ့သိုလူတွေနဲ့ ဖက်မဖြစ်ဘူး..ကျက်သရေယုတ်တယ်၊ သွား..ခုချက်ချင်းခြံဝင်းထဲကထွက်.."

အံကြိတ်ထားရင်း ပြုံးနေသည့် သျှန့်မျက်ဝန်းမှာ မျက်ရည်ရောင်တို့ကြောင့် ပို၍စူးရဲနေကြသည်။ ပြီးတော့ ဘီလူးခေါင်းကို မြှောက်ဆော့ပြီး ပြန်ဖမ်းလိုက်ကာ.. ၊

"ဒီအကြောင်းတွေမသိသေးခင်တည်းက နောက်ထပ်ဒီအရိပ်မှာခိုချနင်းဖို့ ကျွန်တော်လည်း စိတ်မကူးပါဘူး..စာတစ်စောင်ကတော့ သက်ဆောင်မဟုတ်တဲ့အတွက် ပေးခဲ့သင့်တယ် လက်လည်းလက်ခံမှာထင်လို့ ပြန်လှည့်လာတာ.."

"ဟော့..ဘာလို့အပိုတွေပြောနေတာလဲ၊ သွားမယ်ဆိုသွားလိုက်တော့.."

ဒေါ်မြမင်းသီရိကိုငဲ့ကြည့်ပြီး သျှန်ကရယ်လိုက်သည်။ ပြီးတော့ ဘီလူးခေါင်းကိုပြ၍.. ၊

"တာဝတိံသာက ဘီလူးခေါင်းထွက်ကျလာတယ်..ပြီးတော့ မိုးထိအိမ်ကိုရောက်သွားတယ်ပေါ့.."

ပြောရင်း မလေးမခန့်အပြုံးနှင့် မေးဆတ်ကြည့်ရင်း.. ၊

"အဆင်ပြေတယ်မို့လား..တစ်ယောက်တစ်လှည့်ပေါ့.."

နှုတ်ခမ်းကပြုံး၍ မျက်နှာတစ်ပြင်လုံးသည် နီရဲတင်းမာလာခဲ့ပြီး

"ကျွန်တော်ကတော့ စင်ပေါ်မှာဟန်ရေးပြကရတာ ဝါသနာမပါဘူး..ကြိုသိအောင်ပြောပြတာ.."

## အခန်း(၉)

ကြေးဘီးလူးခေါင်းက အကျီအိတ်ထဲမှာပဲရှိနေသည်။ ဒါပေမယ့် သူ့မျက်လုံးထဲမှာလည်း ဘီလူးခေါင်းရဲ့ရုပ်သွင်က စွဲထင်နေခဲ့၏။ ပြီးတော့ ဘီလူးခေါင်းသည်ဒေါ်မြမင်းသီရိရဲ့မျက်နှာဖြစ်သွားလိုက် ဘီလူးခေါင်းပြန်ဖြစ်သွားလိုက်။ ထို့ပြင်ဒေါ်မြထွတ်ဦးရယ် ဒေါ်မြပုလဲဖြူရယ် ဦးမြမင်းစံတို့မောင်နှမသုံးယောက်ရဲ့ပုံရိပ်တွေမှာ ရောထွေးပေါ်လာနေလိုက်.. ။

လူသည်ကားမောင်းနေလျက်ရှိပေမယ့် စိတ်ကကိုယ်မှာမရှိဘဲဖြစ်နေသည်။ 'ကျွန်'ဆိုသည့်စကားရပ်နှင့်ပတ်သက်၍ တစ်ယူသန်ရှေးရိုးစွဲကြသူတွေအပေါ် သူသည်းခံဖို့ကြိုးစားနေခဲ့သည်။ ဒါပေမယ့် ဒေါ်မြပုလဲဖြူ၏စကားလုံးတွေကို နာကျင်နေမိသည်။

'အဆင့်မရှိတဲ့ အောက်တန်းစားတွေ'

'လူရမ်းကားနဲ့ 'ကျွန်'မသား'

အာဏာသျှန်၏မေးရိုးနှစ်ဖက် တင်းခနဲလှုပ်ခတ်သွားသည်။ ကိုယ်က ဘယ်သူမွေးတဲ့သားပဲဖြစ်ပါစေ ကိုယ့်ရဲ့မိဘနှစ်ပါးစလုံးအပေါ် ပြင်းထန်သည့်နှိမ့်ချစကားတွေက နားထဲမှာသံရည်ပူစီးကြောင်း



ကြီးတစ်ခုလို ဖြစ်နေသည်။ သူတို့က ကိုယ့်ကိုမသိကြသလို ကိုယ်ကလည်း ဘယ်သူ့ကိုမှမမြင်ဘူးခဲ့ပေ။ မေမေ့ဆီက မိဘမိသားစုဓာတ်ပုံအပ်ပုံတလေမှ ရှိမနေတာကိုလည်း မတွေးမိခဲ့.. ။

"သူတို့ကမာနကြီးတယ်..သားကစိတ်ဆတ်တော့ သူတို့အယူအဆတွေနဲ့ ပြောဆိုလာတာတွေကို ခံနိုင်မှာမဟုတ်ဘူး..မသွားချင်ပါနဲ့သားရယ်.."တဲ့.. ။

'တာဝတိံသာ' နာမည်ကိုကြားလိုက်တိုင်း မေမေချောက်ချားသွားတတ်သည်။ မျက်စိမျက်နှာပျက်လျက် ရှောင်ထွက်သွားတတ်တာလည်းရှိသည်။ သွားချင်တယ်လို့ပြောမိတိုင်း တားဆီးခဲ့သည်။ ဒါတွေဟာ အဖေ့ကိုသဘောမကျတာကြောင့် ကင်းကင်းပြတ်ပြတ်နေကြသည်ဟု သူပေါ့ပေါ့ပါးပါးတွေးထားခဲ့မိသည်။ ထို့ပြင်.. ။

"မြထွတ်ဦးကဆရာဝန် မြပုလဲဖြူကတော့ အရမ်းလှပြီးမောက်မာတယ်..အငယ်ကောင်မြမင်းစံကလည်း အေးတယ်ဆိုပေမယ့် သူလည်းချစ်ကန်ကန်ပုံပဲ၊ ငါ့မိန်းမကျမှ အရိုးလွန်ပြီး 'အ'နေတာ..'အ'လွန်းလို့ဘုံနေတာ၊ အကြီးတွေဘယ်လောက်တောင် အနိုင်ကျင့်နေကြသလဲမသိဘူး...အပိုးကျိုးလိုက်တာမှ.."

ဆိုသည့် ဖေဖေ့ထေ့ငေါ့စကားတွေ ကြားရဖန်များလာခဲ့ရင်း ကိုယ့်ရဲ့ကြီးတော်ကဘယ်သူ အဒေါ်နာမည်ကဘာဆိုတာတွေ သူသိနေခဲ့သည်။ တွေ့ချင်စိတ်တွေ သန္ဓေတည်ကိန်းအောင်းလာခဲ့သည်။ လူကြီးတွေရဲ့ အထာမကျဖွာရှိနေခဲ့သည့်ဆက်ဆံရေးတွေကို သူဘာလို့သတိမထားခဲ့မိတာလဲ..။ တကယ်ဆို ခြေခြေမြစ်မြစ်တွေးကြည့်သင့်တာ မဟုတ်ဘူးလား..။ ခုတော့ ဖေဖေ့ကိုတောင် သေချာမမြင်ဘူးခဲ့ပါလို့ဆိုခြင်းမှာသူ ငုတ်တုတ်မေ့နေခဲ့သည်။ ဒါဆိုလူကြီးချင်းသဘောတူပြီး လက်ထပ်ထားခဲ့သည့် အဖြစ်တွေကို ဘယ်လိုနားလည်ရမလဲ..။ ဘယ်သူတွေက သဘောတူပြီး ဘယ်သူတွေက ကန့်ကွက်ခဲ့တာလဲ..။ သဘောတူပြီးမှ သဘောမတူရင်လည်း ဒီအရေးကိစ္စကို ကဲန်ဆယ်လ်လုပ်လိုက်လို့ရတာပဲ..

မင်္ဂလာကိစ္စကို အပျက်မခံပေမယ့် သမီးတွေကိုဖယ်ပြီး မေမေနဲ့အစားထိုးလဲလှယ်ခဲ့ကြသည်။ ဒါကိုဘယ်သူမှမသိအောင် ဖုံးဖိထားခဲ့

ကြတာလည်း သူ့အသက်နဲ့တမျှ နှစ်ပေါင်းများစွာတိုင်ခဲ့သည်။ မေမေက အလုပ်သမားမို့ မတော်စပ်ရင်တောင် ဖေဖေကဆွေမျိုးရင်းချာမဟုတ်ဘူး လား..။ မခေါ်ချင်လို့ရပေမယ့် မတော်ချင်လို့ရသလား..။ ခုတော့ သူနဲ့ ရွယ်တူညီအစ်ကိုမောင်နှမတွေ ရှိနေတာတောင် တစ်ယောက်တလေမှ မတွေ့ခဲ့ရသည့်ပြင် နောက်လည်းဆုံဖြစ်ကြမယ့် အခြေအနေမရှိ။ ဒါဆို သူကရော ဆုံချင်လွန်းလို့လား.. ၊

အာဏာသျှန့်နှုတ်ခမ်းမှာ နာကျင်သည့်မဲ့ပြုံးတစ်ရပ်ဖြစ်ထွန်းသွား ခဲ့သည်။ ချာချာလည်နေသည့်စက်ဝိုင်းကဲ့သို့ 'တာဝတီံသာ'နဲ့'မိုးထိ'စံအိမ် ၏ မာနကွန်ယက်ကြီးမှာ လက်ပစ်ကူးရင်း မောဟိုက်လာခဲ့သည့်ရင် ဘက်က အသက်ရှူလို့တောင် မဝချင်။ ပြီးတော့ တစ်ခုခုဖြစ်ချင်လာ သည်။ ဘာတစ်ခုခုဆိုတာ မသိပေမယ့် ကားမောင်းနေသည့်အဖြစ်ကို မလိုချင်တော့ဘဲ စိတ်ကအစိုင်အခဲတစ်ခုလို တစ်စုံတစ်ရာနှင့် ထိခတ် ပေါက်ကွဲချင်လာသည်။ ထိုစဉ် နောက်ကားကဟွန်းသံပေးလာသည်။ ကြည့်လိုက်တော့ ပါဂျဲရိုအနက်ရောင်တစ်စီး။ သူ့ကားက ရွှေအိုရောင် ပရာဒို.. ၊

ဒဏ်ရာဗလပွနှင့်နာကျင်နေသည့်ရင်ဘက်က ဦးနှောက်ရဲ့ဆုံးဖြတ် ခွင့်တချို့ကို ကန့်လန့်ကာချထားသကဲ့သို့ရှိကာ ကားကိုကျော်တက်ခွင့် မပေးတော့မလို ဘေးချပေးလိုက်သည်။ အနက်ရောင်ပါဂျဲရိုကားက အရှိန် တင်ပြီး ကျော်တက်လာ၏။ ထိုအခါကျမှ သျှန်ကရှေ့ကပိတ်ကာပစ် လိုက်၏။

"ဝုန်း...ဒိုင်း..."

"အား.."

ကားနှစ်စီးပြင်းထန်စွာ ပွတ်တိုက်သွားကာ အရှိန်နှင့်တက်လာ သည့် ကားကဘေးတိုက်လွင့်ထွက်သွားခဲ့ပြီး တစ်ပတ်လည်၏။ ပြီးမှ အလယ်အုတ်ရိုးကို နောက်မြီးနဲ့ပစ်ဆောင့်လေသည်။ သူ့ကားလည်းအ ရှိန်နှင့်ခါထွက်သွားခဲ့လျက် လမ်းဘေးချိုင့်ထဲ ထိုးဆင်းသွားသည်။ ဇာ မင်တိုက်ပစ်လိုက်သည့်လူရော အတိုက်ခံရသူပါ မသက်သာပေမယ့် သျှန်ကတော့ ကားထဲကနေ ဒယိမ်းဒယိုင်ထွက်လာနိုင်ခဲ့၏။ မီးခိုးတွေ အူထွက်နေသည့် ကားဆီသွားဖို့ အားယူပေမယ့် သူ့ခြေထောက်တွေလမ်း



ဘယ်မှာပဲ ခွေခနဲညွတ်ကျ၏။ ပြန်ထဖို့ဘယ်လိုကြိုးစားလို့မှမရဘဲရှိခဲ့ ရင်း.. ၊

မင်းဘာလုပ်လိုက်တာလဲသျှန်..မင်းမကျေနပ်တာ တာဝတိံသာစံ အိမ်ကြီးပါ..အဲ့ဒီကလူတွေကို မင်းကြိုက်သလောက်သွားပေါက်ကွဲလို့ရ တယ်..ဒီကားက ဘာဆိုင်လဲ.. ၊

ရုတ်တရက်ဒေါသစိတ်ကြောင့် အမှောင်ဖုံးသွားခဲ့သည်။ အသိစိတ် ဝင်လာတော့ သူလည်းဘာမှမတတ်နိုင်တော့ပေ။ ကားဆီကိုလှမ်းကြည့် ရင်း လမ်းလယ်ခေါင်မှာပဲ တအိအိပြိုလဲလေသည်။

"ဟိုလူ..ဟိုလူလမ်းပေါ်မှာ ကားကြိတ်ခံရတော့မယ်.."

အနက်ရောင်ပါဂျဲရိုထဲက မိန်းကလေးတစ်ယောက်ကလည်း ကား ထဲကနေ သူ့ကိုလှမ်းမြင်နေခဲ့သည်။ သူမရဲ့ဒရိုင်ဘာလည်း သေသွားပြီ လား သတိလစ်နေတာလားမသိ။ ဟိုကားပေါ်ကလူကတော့ သူမတို့ ကားကို ကူညီဖို့လာခဲ့တာဖြစ်နိုင်သည်။ ဒါပေမယ့် လမ်းပေါ်မှာပဲ လဲ ကျသွားခဲ့၏။ မှောင်ရိပ်ပျိုးစ ညီအစ်ကိုမသိတသိအချိန်ကြီး ဒီလူ့ကိုဘယ် သူကူညီမလဲ.. ၊

"အား.."

ခြေထောက်တွေ ညပ်နေသဖြင့် မရမကဆွဲထုတ်ရင်း ခေါင်းကစိမ့် ထွက်လာသည့်သွေးတို့ကိုလည်း သုတ်ပစ်မိသည်။ ကိုယ့်ကိုယ်ကိုနာ ကျင်နေသည့် ဒဏ်ရာတွေထက် မျက်စိအောက်မှာ ကားကြိတ်ခံပြီးသေ ရတော့မည့် လူတစ်ယောက်ကို ကယ်တင်ဖို့ပဲ စိတ်စောနေခဲ့သည်။ ထို အချိန်မှာပဲ ဟိုးအဝေးကနေ ဆင်းလာနေသည့် ကားမီးရောင်တို့ကို လှမ်း မြင်လိုက်ရသည်။

သူသေတော့မည်.. ၊

"အား.."

ကားထဲကနေ မရမကရုန်းထွက်ဖို့ကြိုးစားရင်း နောက်ထပ်ဒဏ် ရာတွေပါ တိုးခဲ့ရကာ.. ၊

ငါအချိန်မီမထွက်နိုင်ရင် ဒီလူသေတော့မယ်.. ၊

## အခန်း(၁၀)

"ကျွန်တော်တို့ကားအဝေးမှာတည်းက မြင်တယ်..အဲ့ဒီမိန်းကလေး လမ်းပေါ်ကိုတက်လာတဲ့ပုံစံကလည်း မှုမမှန်တော့ ကားတိုက်မှုဖြစ်ပြီ ဆိုတာသိပေမယ့် ရှင်းရှင်းဝန်ခံရရင် ဒီမိန်းကလေးလမ်းလယ်ထိတက် ပြီး မတ်တပ်ရပ်မနေဘူးဆိုရင် ကျွန်တော့်ကားကိုရပ်မိမှာမဟုတ်ဘူး..လဲ နေတဲ့လူကိုလည်း မြင်မှာမဟုတ်ဘူး၊ တကယ်သိသိလေးပဲ.."

"ကျွန်တော်လည်း ကိုယ့်ရှေ့ကကားကရပ်ပြီး ကူညီနေတော့ ငါ လည်းကူညီရမယ်ဆိုပြီး ရပ်လိုက်မိတာ..မှောင်လည်းမှောင်နေပြီဆိုတော့ လဲနေတဲ့လူကို သေချာသွားကြည့်မှကို မြင်တာဗျ..ကျွန်တော်ရောက်သွား တော့ ကောင်မလေးကလည်း ကောင်လေးရဲ့ဘေးမှာ လဲကျနေပြီ.."

စကားပြောသံတွေ နားထဲမှာကြားနေရသည်။ လူတွေကိုလည်း မြင်နေရသလိုလို ကိုယ်ပါစကားဝင်ပြောနေမိသလိုလို သျှန့်အသိစိတ် တွေ တောင်ပံဖြန့်ပြီး လွတ်လပ်စွာပျံသန်းနေသကဲ့သို့ ဘယ်မှာမှ နားချင် စိတ်မရှိဘဲ လူနာခုတင်ပေါ်မှာ ရှိနေသည့် ကိုယ့်ရဲ့ခန္ဓာကိုယ်ကြီးကို တောင် စွန့်ခွာချင်ခဲ့တာ အကြိမ်ကြိမ်..

သူဘာဖြစ်သွားခဲ့တာလဲ..။ ကားချင်းတိုက်မိခဲ့သည်။ မဟုတ်ဘူး..



ဘမင်တိုက်ချပစ်လိုက်တာ..သူ..။ ဟိုကားပေါ်ကလူတွေ ဘာတွေဖြစ် သွန်ခဲ့ပြီလဲ..။ ဒီလူတွေပြောနေတဲ့ ကောင်မလေးဆိုတာ ဟိုကားပေါ်က သူလား..။ လမ်းသွားလမ်းလာလား.. ၊

သိချင်လာသည်။ တစ်သက်နဲ့တစ်ကိုယ် သူများအပေါ်ပထမဆုံး ဒိတ်ယုတ်မာဖြင့် ဒုက္ခပေးခဲ့မိသည်။ ဒါပေမယ့် ဒီလိုလုပ်ခြင်းဖြင့် ကိုယ့် အစိတ်သက်သာရာရခဲ့သလားဆိုတော့လည်း ဘာမှမဆိုင်။ သူခုချိန်ထိ ခံကြိတ်နေမိတာ ကိုယ်ပေါ်ကဒဏ်ရာတွေကြောင့်မဟုတ်ပေ။ နာကျင် နေဆဲ နှလုံးသားဒဏ်ရာသည် မျက်စိနှစ်လုံးမပွင့်သေးဘဲ အသိစိတ်တစ် ချက်ပြန်လည်လာတာနှင့် ပူပြင်းလောင်မြိုက်လာခဲ့၏။

"လူရမ်းကားနဲ့ 'ကျွန်'မသား.."

"တာဝတိံသာက ဆုတောင်းမေတ္တာကို လွယ်လွယ်လေးရမယ်မ ထင်နဲ့.."

"မသွားပါနဲ့သားရယ်..သူတို့ရဲ့ဒေါသမာနတွေကို မေမေ့ထက် ဘယ်သူမှ ပိုမသိဘူး.."

"မင်းအမေကိုတော့ ပြောမနေနဲ့..အလုပ်လုပ်နေရမှ စားလို့ဝင်တာ၊ ကျွန်'စာတာပါနေသလားလို့မေးရင် မေးတဲ့လူကလွန်ဦးမယ်.."

"အဲ့ဒါဆေးတဲ့ရေတွေ စင်ကုန်တာလား..အဲ့ဒီလိုက်ကာတွေပါ အ ကုန်ဖြုတ်ချပြီး မီးပုံရှို့ပစ်.."

"လူရမ်းကားနဲ့ 'ကျွန်'မသား ထိုင်ခဲ့တဲ့နေရာ.."

"ငါဒီလိုမလုပ်ရင် တာဝတိံသာမှာ ကျက်သရေယုတ်တယ်.."

"မန္တလေးကိုတော့ မသွားချင်ပါနဲ့သားရယ်..နော်၊ တာဝတိံသာက သူတွေ သားကိုနွေးနွေးထွေးထွေး ကြိုဆိုမှာမဟုတ်ဘူး.."

"ဒီမိသားစုထဲမှာ မေမေကဘယ်ဘက်က တစ်ယောက်လဲ.."

"ငါ့မှာသမီးနှစ်ယောက်ပဲရှိတယ်.."

"အဆင့်မရှိတဲ့အောက်တန်းစား..သွား ခုချက်ချင်းခြံထဲကထွက်.."

ဟာ..ကွာ.. ၊

"ဒုန်း.."

"ဟာ..လူနာသတိရလာပြီ လုပ်ပါဦး.."

သူ့ကိုယ်သူဘာဖြစ်သွားမှန်းမသိလိုက်ခင် လက်မှာအဆမတန်နာ

ကျင်သွားတာကို ပထမဆုံးသတိထားမိသည်။ ပြီးတော့ သူ့အားမှာလှုပ်ရှားနေကြသည့် ပုံရိပ်တွေ.. ။

"သား..သားလေးသတိရလာပြီ.."

မေမေ့အသံကို ကြားလိုက်ရခြင်းသည် သူ့မျက်တောင်များတို့မှာ ခိုတွဲနေကြသည့် မျက်ရည်စတို့ကို လိမ့်ခနဲဖြတ်ဆင်းခွင့်ပြုလိုက်သလို ကိုယ့်ကိုယ်ကို ငိုနေမိမှန်းလည်းမသိခဲ့.. ။

"သားလေး.."

ပထမဆုံးမြင်လွှာတွေ ဖွင့်လိုက်ချိန်မှာ မေမေ့ကိုမြင်ရလိမ့်မည်လို့ မထင်ခဲ့မိပေ။ သူ့မျက်လုံးတွေကို ချက်ချင်းပြန်မှိတ်ထားလိုက်သည်။

"သား..အစ်ကို သားသတိရလာတာမို့လားဟင်၊ ဒေါက်တာကြည့်ပါဦးရှင်.."

"ဒေါက်တာကြည့်နေပါတယ်ယမုံရယ်..နင်ပျာနေတာနဲ့ အားလုံးဘာလုပ်ရမှန်းမသိတော့ဘူး.."

သတိရရချင်း လက်သီးဆုပ်နှင့်ဆွဲခါပစ်လိုက်သောကြောင့် လက်မှာသွင်းထားသည့်ပိုက်တွေ ဆေးအပ်တွေပြုတ်ထွက်လွင့်စင်ကုန်ကာ အနီးမှာရှိနေသောဆေးရုံသုံးပစ္စည်းတချို့ပါ လဲပြိုကွဲကျကုန်၏။ ဦးနေမင်းသစ်နဲ့ ဒေါ်မြင့်မိုရ်တို့ တွင်တွင်ရှင်းနေရလျက် ဒေါ်ယမုံခင်က သားအားနားကမခွာ.. ။

"သားလေး.."

ဆရာဝန်တွေရှိနေပေမယ့် မရှောင်နိုင်ဘဲ သားဖြစ်သူရဲ့နားသယ်စပ်က စိမ့်ကျနေသည့်မျက်ရည်စတို့ကို တယုတယပွတ်သုတ်ပေးရင်း ဒေါ်ယမုံခင်ငိုသည်။ ထို့ပြင် သားရဲ့ပါးပြင်လေးကို ကတုန်တယင်ပွတ်သပ်ပေးရင်း.. ။

"မေမေသိတယ်..သားလေးဘယ်လောက် ခံစားနေရတယ်ဆိုတာမေမေသိပါတယ်သားရယ်.."

မျက်နှာချင်းထိမတတ် တိုးကပ်ပြီး တိုးသက်စွာပြောသော်လည်း သျှန်ကောင်းကောင်းကြားနေရသည်။ မကြားချင်ပေမယ့် ကြားနေရ၏၊ မသိချင်သော်လည်း မသိခဲ့ရသေးတာတွေကို သိချင်သေးသည်။ ထို့ကြောင့် အံကြိတ်ထားရင်း နားစွင့်နေခဲ့မိလျှင်..



"သားလေးကျန်းမာအောင်နေပေါ..ဒီစိတ်ညစ်စရာတွေကြောင့်တော့ ဘဝကိုအရှုံးမပေးပါနဲ့သားရယ်နော်၊ မေမေလေ သားသိချင်တာတွေကို ပြောပြပါ့မယ်..မေမေဝန်ခံပါ့မယ်.."

ပြောနေရင်း မျက်ရည်စက်တွေတပေါက်ပေါက်ကျလာကြသည်။ မေမေဆုပ်ကိုင်ပြီး ပါးနဲ့ကပ်ထားသည့် သူ့လက်ခုံမှာ မေမေ့မျက်ရည်ပူတွေ အဆက်မပြတ်တိုးစိမ့်ဖြတ်သန်းနေကြတာကို ခံစားမိနေသည်။ ဒါပေမယ့် သူမျက်လုံးမဖွင့်ဘဲနေခဲ့သည်။

"ယမုံ ဘယ့်နှယ်ကြောင့်ငိုချည်းငိုနေတာလဲကွ..သားအသက်အန္တရာယ်မရှိတော့ဘူးလို့ ပြောနေတာကို.."

ဆရာဝန်နဲ့စကားပြောပြီးတော့ ဦးနေမင်းသစ်က လှမ်းပြောသည်။ ဒေါ်မြင့်မိုရ်ကလည်း အနားရောက်လာပြီး သျှန့်နဖူးဆံစတို့ကို ပွတ်သပ်ပေးရင်း.. ။

"ငါ့သားလေး အတွင်းဒဏ်ရာတွေဘာတွေများ ရှိနေသေးလားမသိဘူး..ယေယေကတော့ ထိခိုက်ရှနာဖြစ်တိုင်း ငိုတတ်တာမဟုတ်ဘူး"

ဒေါ်မြင့်မိုရ်ပြောလိုက်တော့ ဒေါ်ယမုံခင်သားရဲ့မျက်တောင်များက ခိုတွဲနေသည့် မျက်ရည်တို့ကို လက်ကိုင်ပဝါနဲ့ ကမန်းကတန်းတို့သုတ်ပေး၏။

"ဒေါက်တာခုနက ကျွန်တော့်သားရှန်းလိုက်တာ..လက်မှာများထိခိုက်သွားတာရှိသေးလား.."

"မရှိပါဘူး..လက်ဖျံကဒဏ်ရာက အက်ဆီးဒန့်မှာတည်းက ရလာတဲ့ဒဏ်ရာပါ၊ သိပ်မစိုးရိမ်ပါနဲ့..အဆင်ပြေသွားမှာပါ.."

"ဒါနဲ့ ဟိုဘက်ကလူနာရှင်တွေ လာပြီလားဒေါက်တာ.."

"လာနေပြီလို့ပြောပါတယ်.."

"ဟုတ်ကဲ့ပါရှင့်..အဲ့ဒီမိန်းကလေးက သားကိုအသက်ကယ်ထားမို့လို့ပါ၊ သူ့အခြေအနေကရော.."

"ဘယ်ဘက်ခြေထောက်တစ်ဖက် ထိခိုက်မိထားတယ်..ကျန်တာတော့ ကြီးကြီးမားမားမရှိပါဘူး၊ ခေါင်းထိထားတာလည်း နည်းနည်းပါပဲ.."

လူကြီးတွေပြောသမျှကို အားလုံးကြားနေရသည်။ ထို့ကြောင့် သူ

တမင်ဒုက္ခပေးခဲ့သည့် ကားထဲကမိန်းကလေးက သူ့ကိုကယ်တင်ခဲ့မှန်း သိလိုက်ရသည်။ တကယ်ဆို ကိုယ်သာအောက်တန်းကျခဲ့မိတာ။ ကိုယ့် ဒေါသကို မသက်ဆိုင်သူအပေါ်မှာ လွှဲချပေါက်ကွဲတတ်တာ ယောက်ျား ကောင်းမဟုတ်.. ။

"ဟိုကားဘက်က လူနာရှင်တွေရောက်လာပြီတဲ့မမ..ကျွန်တော် သွားတွေ့လိုက်ဦးမယ်.."

ဦးနေမင်းသစ်က လာပြောလျှင် ဒေါ်မြင့်မိုရ်က သျှန့်အခြေအနေ ကို တစ်ချက်ပြန်လှည့်ကြည့်လိုက်ပြီး.. ။

"သူ့အမေရှိတာပဲ..မမလည်းလိုက်ခဲ့မယ်.."

မောင်နှမနှစ်ယောက် ဟိုမိန်းကလေးရှိသည့်အခန်းဘက်ကို ကူး လာခဲ့ကြသည်။ သူမတို့ရောက်သွားပေမယ့် လူနာရှင်ကိုမတွေ့သေးဘဲ ရှိရာ.. ။

"ဆေးရုံကိုမရောက်သေးတာထင်တယ်.."

"ကောင်မလေးက လှလိုက်တာမောင်လေးရယ်..ကြည့်ပါဦး၊ ဆံ ပင်ရှည်ကြီးတွေက ညိုမှောင်အုပ်ဆိုင်းနေတာပဲ.."

ခေါင်းအုံးထက်မှာ မျက်နှာလေးတစ်ခုလုံးက အချိုးကျလှပနေ၏၊ သူမလေးရဲ့ဘေးမှာ စမ်းသပ်ကြည့်ရှုနေသည့် ဒေါက်တာနှင့်နာ့စ်လေးရှိ နေရာ. ၊

"ဒေါက်တာ..သူ့အတွက်လိုအပ်တာမှန်သမျှ အကောင်းဆုံးလုပ် ပေးပါနော်၊ ဒဏ်ရာပြင်းတဲ့ဒရိုင်ဘာအတွက်ရော ဘယ်လောက်ကုန်ကုန် ကျွန်မတို့တာဝန်ယူပါတယ်ရှင်.."

"မလိုပါဘူး..ငါတို့လူနာအတွက် နင်တတ်နိုင်တာထက် ငါတို့ပို တတ်နိုင်တယ်.."

နောက်ကပေါ်လာသည့်စကားသံကြောင့် ဒေါ်မြင့်မိုရ်တို့နှစ် ယောက်စလုံး လှည့်ကြည့်လိုက်ကြသည်။ ခါးလောက်ထိရှည်သော ဆံ ပင်ကို ကျစ်ဆံမြီးနှစ်ဖက်ခွဲကျစ်၍ ဘေးနှစ်ဖက်မှာပဲ ပြန်ထုံးထားသည့် မျက်နှာသည် အသက်နှစ်ဆယ်အရွယ် မိန်းမငယ်လေးတစ်ယောက်တော့ မဟုတ်တော့ပေ။ တမင်နုအောင်ပြင်ဆင်ထားတာ မဟုတ်မှန်းလည်း သိပေမယ့် ခုထိနုပျိုနေတုန်းပါလားလို့တော့ တွေးမိသွားတာအမှန်ပင်၊



သူမသည် တာဝတိံသာစံအိမ်ကြီးက ဒေါ်မြမင်းသီရိရဲ့သမီးလတ် ဒေါ် မြပုလဲဖြူ။ ပြီးတော့ သူမနောက်မှာ မဟာနဖူးကျယ်ကျယ် ဆံပင်ခပ် ပါးပါးနှင့် တိုက်ပုံအင်္ကျီနုံ့သာရောင်ဝတ်ထားသော အငယ်ဆုံးသား ဦး မြင်းစံ.. ၊

မရင်းနှီးကြပေမယ့် သူတို့အားလုံးကိုမြင်လိုက်တာနဲ့ ဘယ်သူ ဘယ်ဝါတွေဆိုတာ ခန့်မှန်းလို့ရနေ၏။ သူတို့ကလည်း ဤကဲ့သို့သိနှင့် ပြီးသည့်အကြည့်တို့နှင့်.. ၊

"ရှေကဖယ်ပါ.."

ဒေါ်မြပုလဲဖြူအသံက မာထန်နေသည်။ ဒေါ်မြင့်မိုရ်နောက်ဆုတ် ပေးနေလိုက်ရင်း.. ၊

"မြပုလဲဖြူမို့လား.."

အကြည့်တစ်ချက် စူးခနဲရောက်လာသည်။ ဒါပေမယ့် ဖြေစရာမ လိုဘူးဆိုသည့်မျက်နှာထားနှင့် ပြန်လှည့်သွားခဲ့ပြီး.. ၊

"ဒေါက်တာ လူနာကိုခုချက်ချင်း ကျွန်မတို့ပြန်ခေါ်သွားပါရစေ.."

"လူနာက.."

"ကျွန်မတို့လူနာတစ်ခုခုဖြစ်ရင် ဒီဆေးရုံမှာလုံးဝတာဝန်မရှိစေရ ပါဘူး..ဒါသူ့အဖေပါ၊ ကျွန်မကသူ့အဒေါ်ပါ.."

ဆရာဝန်ဘာမှမပြောနိုင်သေးခင် ပိုက်ဆံအိတ်ဖွင့်ကာ ငွေစက္ကူ တွေအုပ်လိုက်ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်မှာ ချထားလိုက်လျက်.. ၊

"ဒီဆေးရုံအတွက် အလှူငွေပါ..ကျွန်မတို့ကိုခွင့်ပြုပေးပါ.."

ပြောပြီး ဆရာဝန်ခွင့်ပြုမပြုတစ်ချက်မှ ဂရုမစိုက်ဘဲ အပြင်ကိုလှမ်း ကြည့်၍.. ၊

"ဦးကျောက်ဆူးတို့ ကလေးကိုလာသယ်ပေးပါ.."

"ပုလဲဖြူ..ခဏ.."

ဦးနေမင်းသစ်က ဒေါ်မြပုလဲဖြူနားသွား၍ တားဆီးရင်း.. ၊

"ငါ့သားနင်တို့ဆီ ရောက်လာတယ်မို့လား.."

မျက်လုံးလှန်ကြည့်ပေမယ့် ဖြေသံကထွက်မလာခဲ့ပေ။ လူသုံး ယောက်ဝင်လာကြသည်။ သတိမရသေးသည့်လူနာကို ဂရုတစိုက်မွေ့ ချီသယ်မနေကြသည်။ မလွှတ်မလပ်အနေအထားကနေ လွတ်အောင်ခြေ

လှမ်းရှေ့ဖယ်ရင်း.. ၊

"ကြီးကြီးသီရိ တစ်ခုခုများပြောဆိုလွှတ်လိုက်တာလား..ငါ့သား ပြန်လာတာချက်ချင်း.."

"ကိုယ့်သားကိုမေးကြည့်လေ..နင်တို့ကိုရှင်းပြနေဖို့ ငါ့မှာအချိန်မရှိဘူး.."

ဒေါ်မြပုလဲဖြူက ရှောင်ထွက်သွားလျှင် ဦးနေမင်းသစ်က ဆက်လိုက်သွားဖို့ပြင်၏။ ဒေါ်မြင့်မိုရ်က ခေါင်းခါပြလိုက်ပြီး ဦးမြမင်းစံနား ကိုတိုးသွားကာ..၊

"မောင်လေး.."

ဦးမြမင်းစံက ထွက်ခွာဟန်ပြင်နေရင်း လှည့်ကြည့်လျှင်.. ၊

"အစ်မတို့က ဆွေမျိုးရင်းတွေပါ..သူ့ဘိုးအေဘွားအေတွေဆီ သွားလည်မယ်ဆိုလို့ အစ်မတို့ကလွှတ်လိုက်တာ၊ ဘာဖြစ်လာခဲ့သလဲဆိုတာ လောက်တော့ ပြောပြစမ်းပါ.."

"လောလောဆယ်ဖြစ်နေတာက ကျွန်တော့်သမီးဒဏ်ရာအပြင်းအထန်နဲ့ သတိမရသေးတဲ့အဖြစ်ပဲ.."

"မပြင်းထန်ပါဘူး..အသက်အန္တရာယ်မစိုးရိမ်ရတော့ဘူးလို့ ဒေါက်တာပြောပြပါတယ်၊ ပြောကြကြေးဆို အစ်မတူလည်း ဒဏ်ရာပြင်းတာပဲ..တာဝတိံသာစံအိမ်ကို သွားလည်မယ်ဆိုပြီး အနားယူမယ့်ရက်တောင် သူ့ဘာသာသတ်မှတ်သွားခဲ့သေးတာ၊ အခု ချက်ချင်းပြန်လာတယ်.. အက်ဆီးဒင့်ဖြစ်တာလည်း တာဝတိံသာကကားနဲ့.."

သူမပြောနေတုန်း ပြန်လှည့်လာသည့်ဒေါ်မြပုလဲဖြူ အနားရောက်လာ၏။ ပြီးတော့ မောင်ဖြစ်သူလက်မောင်းကို ခပ်ဖိဖိဆွဲယူလိုက်ပြီး ဒေါ်မြင့်မိုရ်တို့ကိုကြည့်၍.. ၊

"ဘာပြောလိုက်တာလဲဆိုတာ သိချင်ရင် နင့်သားကိုမေးလေ.. နောက်ထပ်ဒီလိုမဖြစ်စေချင်ရင်တော့ တာဝတိံသာစံအိမ်ဆိုတာ အလည်အပတ်လာသမျှလူကို ထိုင်လက်ခံနေတဲ့နေရာမဟုတ်ဘူးဆိုတာ သိအောင်ပြောပြထား.."

"ဘာပြောတယ်.."

ဦးနေမင်းသစ်မျက်နှာ ဖျန်းခနဲနီရဲသွားသည်။ ဒေါ်မြပုလဲဖြူက



လှည့်ကြည့်ပြီး မဲ့လိုက်၏။ ပြီးတော့.. ၊

"သွားမယ်မောင်လေး.."

ဦးမြမင်းစံလက်ကို ဆွဲ၍ လှည့်ထွက်သွားလေသည်။ ဒေါသသွေးကို ဆူပွက်လျက် ဦးနေမင်းသစ်တို့ ကျန်ခဲ့ကြရင်း.. ၊

"တောက်..ဘာတာဝတိံသာလဲ.."

## အခန်း(၁၁)

"ဘယ်လိုဖြစ်နေတာလဲမောင်လေး..ဒီလောက်ထိဆက်ဆံရေးကျဲတဲ့လူတွေနဲ့ ဘာတွေထပ်ပြောချင်သေးလို့လဲ၊ ချထားလိုက်..ခု.."

ခုချထားလိုက်ဆိုပေမယ့် ဦးနေမင်းသစ်ကဆုပ်ကိုင်ထားဆဲမို့ ဒေါ်မြင့်မိုရ်ကပဲ ဖုန်းကိုလက်ထဲက ဆွဲယူပြီး ပြန်တင်ထားလိုက်ကာ..

"ဘာတွေဖြစ်ကြတယ်ဆိုတာ သားနေကောင်းရင်မေးလို့ရတယ်..ဘာတွေဖြစ်လာလာ ဂရုစိုက်စရာလည်းမလိုဘူး၊ ဒီမှာနေမင်း..ငါတို့ကမိဘဘိုးဘွားအမွေအနှစ်ကို တိုးပွားအောင်မလုပ်နိုင်ခဲ့ကြတာမှန်တယ်၊ ဒါကြောင့်လည်း နာမည်ပျက်ခဲ့တယ်..ဒါပေမယ့် ငါတို့ဆယ်သက်စားလို့မကုန်တဲ့ စည်းစိမ်ဥစ္စာတွေရှိနေသေးတယ်၊ တာဝတိံသာချမ်းသာတာထက် မပိုရင်တောင် နိမ့်ကျဖို့အကြောင်းမရှိဘူး.."

"အဲ့လိုစိန်ထည်ရွှေထည်ချင်း ပစ်ပေါက်ပြီး ငါတို့လည်းနင်တို့လိုချမ်းသာတယ်လို့ ပြောလို့ရရင် ကောင်းတယ်လေ..ခုတော့ ဘာတွေဒီလောက်ဘဝင်မြင့်နေမှန်း မသိဘူး၊ တာဝတိံသာစံအိမ်ဆိုတဲ့နာမည်ကြောင့် အဲ့ဒီတစ်အိမ်လုံးသူတို့ကိုယ်သူတို့ တာဝတိံသာမှာ နေကြတဲ့လူတွေလို့ ထင်နေကြတာ.."



"ဘယ်လိုထင်ထင် ဘာလို့ဂရုစိုက်နေတာလဲ..မှားတာကငါပဲ၊ သူတို့အကြောင်းသိရက်နဲ့ သားလေးနဲ့အဲ့ဒီမိန်းကလေးကို စေ့စပ်ပေးဖို့စာချုပ်ခိုင်းလိုက်မိတာ.."

"မမက.."

"ဟုတ်တယ်..ငါမှားသွားတယ်၊ အဲ့ဒီစာကြောင့် ငါ့သားလေးကို တွေ့မတန်စကားတွေပြောလွှတ်လိုက်ကြတာ သေချာတယ်.."

"မမကလည်း ဘာမှန်းမသိဘူးဗျာ..အဲ့လိုအစီအစဉ်မျိုးဆို ကျွန်တော့်ကို တိုင်ပင်ပါလား၊ ကျွန်တော်လည်းသားရဲ့အဖေပါ.."

"ငါကလည်း.."

"မမကိုယ်တိုင်က ကျွန်တော့်ကိုလူရာသွင်းပြီး စဉ်းစားခဲ့တာမှမဟုတ်ဘဲ.."

"ဟဲ့..ငါပြောတာနားထောင်ပါဦး.."

"ခုမှထောင်ခိုင်းမနေနဲ့..ဟိုဟာတွေ စော်ကားသွားတာ ဒီမျက်နှာ ရစရာမရှိတော့ဘူး၊ ကိုယ့်ထက်ငယ်တဲ့ဟာလေးက ပြောဆိုသွားလိုက်တာ..တောက်.."

"ပြောနေရင်း စကားလုံးတွေကကြမ်းတမ်းလာပြီး ငါတို့စံအိမ်ကြီးကို အားလုံးကဝိုင်းကဲ့ရဲ့နေကြတာ၊ အဲ့ဒီလို အပြောအဆိုမဆင်ခြင်ရမ်းကားတာတွေကြောင့်ပဲ.."

"ထာဝရယဉ်ကျေးနေတာ ဘယ်ကောင်ရှိသလဲ..ဒေါသထွက်ရင် ဒေါသသံဖြစ်လာတာပဲ၊ သူတို့အိမ်ထဲမှာ ထမီအလံတင်နေလည်း လူမသိဘူး..ဒီကလူကြားအောင်အော်တော့ ကဲ့ရဲ့ဖို့အဆင်သင့်.."

"အဲ့ဒီတော့ လူမကြားအောင်အော်ရမယ်ဆိုတာ မင်းနားလည်သင့်တယ်မဟုတ်ဘူးလား..အသိဉာဏ်ရှိတဲ့လူတွေပဲမောင်လေးရယ်၊ စိတ်ထဲရှိသလိုပြောဆိုအော်ဟစ်နေရင် ဘာမှနားမလည်တဲ့ တိရစ္ဆာန်သာသာဖြစ်သွားမှာပေါ့.."

ဦးနေမင်းသစ်ရဲ့ဒေါသမျက်လုံးတွေ လက်ခနဲရောက်လာလျှင်..

"မောင်နှမချင်းဆိုဆုံးမတာ မောင်လေးကိုတိရစ္ဆာန်နဲ့နှိုင်းချင်လို့မဟုတ်ဘူး.."

ကပျာပယာပြန်ရှင်းပြမိကာ 'ဒီလိုပုံစံတွေနဲ့ ဘယ်တော့များမှ လူ

ပြောလွတ်ပါ့မလဲ'ဆိုသည့် အတွေးနှင့် စိတ်ညစ်သွားမိသည်။ ထိုစဉ် ဖုန်းမြည်သံထွက်လာသဖြင့် သူတို့လှမ်းကြည့်လိုက်တော့ ဒေါ်ယမုံခင်က တံခါးဝမှာရပ်နေသည်ရှိရာ.. ။

"ဖုန်းသွားကိုင်လိုက်လေ.."

သားအိမ်မှာမရှိလျှင် ဖုန်းသံကြားတာနှင့် ကမန်းကတန်းပြေးသွားသည့်ဒေါ်ယမုံက ကြောင်တောင်တောင်ခေါင်းညိတ်ရင်း ယောင်တောင်ပေါင်တောင်ခြေလှမ်းတို့နှင့် ထွက်သွား၏။

"သူကဒီနားမှာ ဘာရပ်လုပ်နေတာလဲ.."

ဒေါ်မြင့်မိုရ်စဉ်းစားနေတုန်း ဦးနေမင်းသစ်က စိတ်ထဲဖြစ်လာတဲ့အတိုင်း ပြောချလိုက်ကာ.. ။

"ဘာပြဿနာရှိရှိ ဘေးထွက်နေတယ်..ဘာမေးမေး အားကိုးလောက်စရာအကြံဉာဏ်ပေးတာ တစ်ခါမှမရှိဘူး၊ သင်းရဲ့သမီးကရော ဘယ်လောက်တောင် အဆင့်အတန်းရှိပြီး တန်ဖိုးကြီးနေလို့လဲ..ဘယ်နေရာမှ သုံးစားမရဘူး၊ ခိုင်းမှလုပ်တတ်တယ်..ပြောမှသိတယ်၊ ဇနီးနေရာနဲ့မတန်တဲ့မိန်းမ.."

"မောင်လေးရယ်..လူကြီးတွေကိုပြောချင်တာနဲ့ပဲ သူ့ကိုချည်းအပြစ်တွေတင်မနေပါနဲ့၊ ကြောက်တတ်တဲ့သူက ဆူလေ ဟျာလေ ကြောက်လေပိုမှားလေပဲ..ယမုံခုလိုဖြစ်နေတာ မင်းကြောင့်လည်းပါတယ်.."

ဒေါ်ယမုံအားလုံးကို ကြားနေရသည်။ ဖုန်းကအခန်းပြင်မှာပေမယ့် ဒေါ်မြင့်မိုရ်တို့မောင်နှမရပ်နေကြသည့် စာကြည့်ခန်းရှေ့မှာမို့ တံခါးလည်းဖွင့်ထားသဖြင့် လူတွေကိုလည်းမြင်နေရသည်။ ပြောသမျှကိုလည်း ကြားနေရ၏။ ဘယ်တုန်းကမှ ရင်ထဲမထည့်ခဲ့မိသောဒီစကားတွေက ဒီနေ့ကြားရကာမှ မျက်ရည်ကြည်တွေကို ချက်ချင်းဖြည့်တက်စေကာ ပါးပြင်ထက်သို့ တပေါက်ပေါက်လိမ့်ဆင်းလာကြ၏။

"ခိုင်းမှလုပ်တတ်တဲ့မိန်းမ.."

"ဇနီးနေရာနဲ့မတန်တဲ့မိန်းမ.."

ဟုတ်ပါတယ်..ဇနီးနေရာနဲ့သူမနဲ့မတန်ပါ။ ဘယ်တုန်းကမှမတန်ခဲ့တဲ့သူပါ.. ။

"ဟဲ့ယမုံ..ဘယ်ကဖုန်းလဲလို့.."



"ရှင်..ဟုတ်..ဟလို.."

လှည့်ကြည့်မလိုဖြစ်ပြီးမှ မျက်ရည်တွေကိုသတိရကာ ကမန်းကတန်းကျောခိုင်း၍ ဟလိုထူးမိရင်း.. ။

"ဟုတ်ပါတယ်ရှင်.."

ပြီးတော့မှ နောက်လှည့်ကြည့်လိုက်ရင်း.. ။

"ဆေးရုံကမမ.."

"ဘာတဲ့လဲ.."

ဒေါ်ယမုံခင်က ခဏဖြေနေပြီးမှ ဖုန်းချ၍.. ။

"သားမက်ဒီကယ်လ်ချက်ကပ်လုပ်ထားတာတွေ ရပြီတဲ့.."

"အမလေး..ဒီမှာလုပ်လည်းရတယ်၊ သူတို့ဆီပဲ သွားယူရဦးမယ်ပေါ့.."

ဒေါ်မြင့်မိုရ်က စိတ်မရှည်စွာရေရွတ်လိုက်ပေမယ့် ဟိုဆေးရုံအသံကြားတာနှင့် ဦးနေမင်းသစ်ရဲ့ဒေါသတွေက မြင်ယောင်လာသည့် မျက်နှာတွေပေါ်မှာ ဒုတိယပိုင်းဆက်လေသည်။ သူတို့ကိုကိုယ့်သားက ရှိုးသလေးစားလို့သွားတာ ဒါကိုမတူတန်သလိုလို ဒေါသတကြီးဘယ်လိုအချိုးတွေလဲ.. ။

"ဒီကောင်လေး အကြီးအကျယ်တစ်ခုခုဖြစ်လာတာ သေချာတယ်..ဆေးရုံမှာသတိရလာတဲ့ပုံစံကို ကျွန်တော်မကြိုက်ဘူး၊ ရလာတဲ့ဒဏ်ရာကြောင့်ဖြစ်တဲ့ပုံစံ လုံးဝမဟုတ်ဘူး..ငါ့သားကိုတစ်ခုခုစော်ကားလိုက်တာ သေချာလို့ကတော့..ဟွန်း.."

ပြောနေတာကို ဒေါ်ယမုံခင်မျက်လုံးအကြောင်သားနှင့် ရပ်ကြည့်နေတာကိုမြင်လိုက်တော့ စိတ်တိုသွားသည်။ သင်းကိုမကျေနပ်ဖြစ်ရတိုင်း ဒေါ်မြမင်းသီရိတို့ကိုမြင်။ ဟိုကိုဒေါသထွက်လာတိုင်း သင်းကိုကြည့်လို့မရ.. ။

"ဘာလဲ..မင်းအိမ်ကလူတွေကို ကြိမ်းမောင်းနေလို့ မျက်လုံးပြူးကြည့်နေတာလား၊ ကိုယ်မွေးထားတဲ့သားသမီးကိုတောင် တောင်းစုတ်လုံးစုတ်လို စွန့်ပစ်ထားခဲ့တာကို ဘယ်လိုကျေနပ်နှစ်သက်ဖွယ်တွေပြောပေးရဦးမှာလဲ..သူတို့ရင်ထဲမှာ အသည်းနှလုံးမရှိဘူး၊ နွားချေးလူးထားတဲ့ မြေကြီးခဲတွေပဲရှိတယ်.."

"မောင်လေးရေ.."

"သူနားထောင်နေလို့ ပိုရှင်းအောင်ပြောပြတာလေ..အစကမသိ[illegible]ရင် ခုကစပြီး မှတ်ထားဖို့.."

ဒေါ်ယမုံ ကျောခိုင်းလာခဲ့သည်။ ပြောချင်တာပြောကြပါတော့[illegible] တစ်နေ့ဒီလိုပြဿနာတွေ ရှိလာမှာပဲဆိုတာ သူမသိခဲ့ပြီးသားပါ။ ဒါ[illegible]မယ့် ရှိလာတဲ့အခါ ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုတော့ ဘယ်လိုတွေ[illegible]တွေးအဖြေမပေါ်ခဲ့ပေ။ ရင်ဆိုင်နိုင်စွမ်းမရှိမှန်းသိလျက်နှင့် ရင်တထိ[illegible]ထိတ် စောင့်နေခဲ့ရသမျှ ခုတော့ သူမအကြောက်ဆုံးနေ့ကို ရောက်လာ[illegible]ပါပြီ.. ।

"မေမေ.."

ဟင်.. ।

သားအခန်းထဲကို ဝင်လိုက်တာနှင့် ခုတင်ဘေးမှာ မတ်တပ်ရ[illegible]နေသည့် သားကိုမြင်လိုက်ရကာ.. ।

"သား..သားကောင်းကောင်းရပ်နိုင်နေပြီ၊ နေကောင်းနေပြီလား ဟင်.."

သားရဲ့ဘေးကို ကမန်းကတန်းပြေးသွားမိပြီး မျက်နှာကိုလှမ်းကိုင်လိုက်တော့ သျှန်က ဒေါ်ယမုံ့ခင့်လက်ကို ဖမ်းကိုင်ထားလိုက်ပြီး. ।

"ကျွန်တော့်မှာသေလောက်တဲ့ဒဏ်ရာရှိခဲ့ရင်တောင် ကျွန်တော်သိချင်တဲ့အဖြေတစ်ခုကို မသိရသေးဘဲ သေမှာမဟုတ်ဘူး.."

ဒေါ်ယမုံခင် မျက်လုံးအဝိုင်းသားနှင့် တောင့်မတ်ငြိမ်သက်သွားလေသည်။ ထိုမျက်ဝန်းတို့ကို သျှန်ကစူးစိုက်ကြည့်နေလျက်.. ।

"ကျွန်တော်ဘာမေးတော့မယ်ဆိုတာ မေမေသိနေတယ်မို့လား.."

ဖြေသံထွက်မလာဘဲ မျက်ဝန်းအစုံမှာ မျက်ရည်တွေစိမ့်ဝင်လာတာမြင်တော့ သျှန်တင်းခနဲအံကြိတ်သည်။ ပြီးတော့ မျက်နှာလွှဲ၍..

"ဒေါ်မြမင်းသီရိက ကျွန်တော်ထိုင်ခဲ့တဲ့ထိုင်ခုံ နင်းခဲ့တဲ့ကြမ်းခင်း ထိကိုင်ခဲ့တာမှန်သမျှ အားလုံးကို နွားနို့နဲ့ရေဆေးချတယ်..မီးပုံရှို့ပစ်တယ်.."

ဘုရား..ဘုရား.. ।

ဒေါ်ယမုံခင် နှုတ်ခမ်းအစုံတဖြည်းဖြည်းပွင့်ဟလာခဲ့လျက် မျက်



[illegible]ာင်များတို့ ဖြန့်ကျက်ငြိမ်သက်နေသည့်ကြားက မျက်ရည်စက်တွေ[illegible]လိမ့်လိမ့်ပြုဆင်းလာကြ၏။

"ကျွန်တော်က လူရမ်းကားနဲ့ 'ကျွန်'မသားတဲ့..အဲ့ဒါဟုတ်သ[illegible].."

အခန်း(၁၂)

'တာဝတိံသာ'စံအိမ်ကြီးတစ်ခုလုံးသည် စံအိမ်အရှင်သခင်ဦးဘော ဂမင်းနှင့်ဒေါ်မြစောရှင်တို့၏ ယမ်းပုံမီးကျသလိုဒေါသတို့ကြောင့် သား သမီးမြေးမြစ်တွေပါမကျန် အိမ်အကူတွေရှိသမျှပါမနေရဘဲ ဖြောင်းဆန် အောင် ဆူပွက်အုံကြွနေခဲ့လျက်.. ၊

"ပြောတာကိုမှတ်မိတယ်နော်.."

"ဟုတ်ကဲ့ပါရှင်.."

"ဟုတ်ကဲ့ပါသခင်ကြီး.."

တန်းစီနေကြသည့်ခြံစောင့်တွေ မာလီတွေပါမကျန် လူတန်းဆုံး အောင်ကြည့်ပြီး အားလုံး၏ကတိကဝတ်ကိုရရှိပြီးမှ.. ၊

"နင်တို့တွေ ဒီစံအိမ်မှာ သားမြေးစဉ်ဆက်အမှုထမ်းလာခဲ့ကြတယ် ..အားလုံးရဲ့စားဝတ်နေရေး ပညာရေး အိမ်ထောင်ရေးထိ ငါတို့တာဝန် ယူခဲ့တယ်၊ နင်တို့ဘက်က ပြန်ပေးရမှာက ကျေးကောင်းကျွန်ကောင်းပီ သဖို့ပဲ.."

အားလုံးက ခေါင်းငုံ့နာခံနေကြ၏။ တစ်ခုခုပြောကြားဖို့ရှိတိုင်း နောက်ဖေးအဆောင်ကြီးထဲမှာ လူစုခိုင်းသည်။ အလုပ်သမားတွေစုံ



အောင် စုဝေးခိုင်းသကဲ့သို့ ညွှန်ကြားခိုင်းစေဖို့ရောက်လာရင်လည်း အရှင် သခင်မိသားစုတွေ အစုံအလင်ပဲဖြစ်၏။ ဦးဘောဂမင်းနှင့် ဒေါ်မြစော ရှင်တို့က အလယ်မှာခန့်ညားစွာထိုင်နေကြသလို သမီးဖြစ်သည့်မြမင်း ဒိရိက ဒေါ်မြစောရှင်ရဲ့ဘေးမှာဖြစ်သည်။ မြေးတွေဖြစ်သော မြထွတ် နှင့်မြေးလတ်မြပုလဲဖြူ ပြီးတော့ အငယ်ဆုံးမြေးမြမင်းစံတို့သည် ဘယ် ဘက်မှာ ကြီးစဉ်ငယ်လိုက်အတိုင်း ရပ်နေကြ၏။

အားလုံးရှိနေကြသည့်နေရာ၏ တစ်ဆင့်နိမ့်သည့်အောက်မှာ စံ အိမ်အလုပ်သမားတွေက တန်းစီရပ်နေကြတာဖြစ်ကာ ကိုယ်စီမျက်လွှာ ချသားကြ၏။ ဦးဘောဂမင်းသည် ကျန်းမာရေးမဆိုလှပေမယ့် ဒေါ်မြ စောရှင်က နဂိုတည်းက ဦးဘောဂမင်းထက် ရှစ်နှစ်လောက်အသက်ပို ကြီးတာမို့ တစ်ယောက်တည်းအထိုင်အထ မလုပ်နိုင်တော့သည့်အခြေအ နေမျိုးဖြစ်၏။ အသက်လွန်အရွယ်ကျနေသဖြင့် မျက်ခုံးရိုးနဲ့နှာခေါင်းရိုး က ရှန်းကြွထင်ပေါ်လာကာ မျက်လုံးတွေက မျက်တွင်းထဲချိုင့်ဝင်နေသ လိုဖြစ်နေ၏။ သို့သော် မာန်မာန၏အရိပ်တို့ဖြင့် မျက်လုံးအစုံသည် တလက်လက်စူးရှနေကြလျက်.. ၊

"ဒီနေ့တာဝတိံသာမိသားစုအတွက် အရေးကြီးတဲ့ဆုံးဖြတ်ချက် တစ်ခုချဖို့ရှိတယ်..ဒါကိုအပြင်လူလုံးဝမသိရဘူး၊ ငါတို့နဲ့ပတ်သက်ဖို့ ရောက်လာကြမယ့် ဆွေမျိုးအသိုင်းအဝိုင်းတွေလည်း သိလို့မဖြစ်ဘူး.. ..ငါ့ဆွေမျိုးသားချင်းတွေထက် ငါ့အိမ်ကကျေးကျွန်ကို ယုံကြည် တယ်.."

ပြောပြီး တန်းစီနေသည့် အလုပ်သမားတွေကို မျက်လုံးဝေ့သည်။ ပြီးမှ.. ၊

"တာဝတိံသာမိသားစုမှာ ဘယ်လိုအရေးအခင်းတွေဖြစ်နေနေ ငါ တို့က ဖြူတုတယ်ပြောနေရင် မည်းတယ်လို့ကွယ်ရာမှာ မပြောရဘူး..လို ချင်တာဒါပဲ.."

လူဆိုတာ ဖုံးဖိထားရင် ပိုသိချင်သည်။ ဖိနှိပ်ထားရင် ရှန်းကြွချင် ၏။ ဒီသဘောတွေကို ဒေါ်မြစောရှင်က ကောင်းကောင်းနားလည်သား သို့မို့ အိမ်တွင်းရေးမှာ အရေးကြီးဆုံးသစ္စာဖောက်ဖြစ်သည့် အိမ်အကူ တွေကို သေချာကိုင်တွယ်ခဲ့သည်။ အိမ်တွင်းရေးမှန်သမျှ သူတို့မသိ

အောင် လျှို့ဝှက်ထားတာမျိုး ဘယ်တော့မှမလုပ်။ တခြားနေရာတွေ ကျေးကျွန်ကိုကျေးကျွန်အခွင့်အရေးထက်မပိုစေပေမယ့် အိမ်ရှင်မိသား စုအပေါ်မှာ သစ္စာရှိမှုကို ရဖို့အတွက် စိတ်ဓာတ်ရေးရာအရ စည်းရုံး သည်။ တပ်မက်လွယ်သည့် လူ့သဘာဝအရ ပေးနိုင်သမျှ ပေးကာ ထောက်ပံ့ချုပ်ကိုင်ထားခဲ့၏။

ထို့ကြောင့် အိမ်အကူတွေအများကြီးရှိသလောက် လက်ထပ်ထိ မြားခြင်းလည်း ကိုယ်တိုင်စီမံပေးသည်။ ဖြစ်တည်လာခဲ့သည့် အိမ် ထောင်စုတွေအတွက် စားဝတ်နေရေးကိစ္စတွေအပြင် ပညာရေးအတွက် လည်း ကျောင်းဆရာတွေကိုဖိတ်ပြီး အိမ်မှာအချိန်ပိုင်းနှင့် သင်ပြစေ ၏။

"အတတ်ကျူးတော့အရူးတဲ့..ဒါပေမယ့် စာမတတ်ရင်လည်း အသ ညဏ်နည်းမယ်..ငါ့အိမ်ကအလုပ်သမားတွေအတွက် ထိုက်သင့်တဲ့အ တန်းပညာတတ်ဖို့ ငါစီစဉ်မယ်.."လို့ ကြွေးကြော်ပြီး ဖြစ်အောင်လု သည်။ 'တာဝတိံသာ'စံအိမ်ကြီးထဲမှာ အလုပ်သမားကလေးတွေအတွက် စာသင်ဆောင်သီးသန့်ဖြစ်တည်လာခဲ့တာဟာ ဒေါ်မြစောရှင်လက်ထက် ကျမှပါ။ ထိုသို့သော ထောက်စေအောင်စီမံတတ်မှုများကြောင့် 'တာဝတိံ သာ'စံအိမ်ကြီးမှာ ခစားကြသည့် ခြွေရံသင်းပင်းတွေမှာ လူသစ်နည်းပါ ကာ သားမြေးစဉ်ဆက်တွေ ဖြစ်လာခဲ့ကြသည်။ သစ္စာကြီးကြသည်။ ဒီစံအိမ်ကို ဘယ်သူတွေပဲဝေဖန်ကဲ့ရဲ့ပါစေ ကျေးကျွန်တွေကတော့ သူတို့ သခင်တွေကို လေးစားချစ်ခင်မပျက်။ ရှုံ့ချငြီငြင်ကြတာမျိုးလည်းမရှိ ဒေါ်မြစောရှင်သည် ခင်ပွန်းသည်ကိုလှည့်ကြည့်ပြီး ခပ်တိုးတိုးတိုင်ပင် သည်။ ပြီးတော့ ရှေ့ပြန်လှည့်ကာ.. ။

"မိမှုံ.."

"အမိန့်ရှိပါရှင့်.."

ခေါ်လိုက်တာနှင့် ဒေါ်ရွှေမှုံက ရှေ့ကိုခြေလှမ်းတိုးထွက်လာပြီး ခေါင်းငုံ့ထား၏။ ဒေါ်ရွှေမှုံသည် ပိန်ရှည်ရှည်ညိုစိမ့်စိမ့်လေးဖြစ်ကာ အသက်က သုံးဆယ့်ကိုးနှစ်.. ။

"မနက်ဖြန်လာမယ့်ဧည့်သည်တွေရှေ့မှာ ညည်းသမီးကိုငါ့မြေးအ ဖြစ်ပွဲထုတ်မယ်.."



"ရှင်.."

ဘယ်လိုမှမယုံနိုင်ဘဲ ဖျတ်ခနဲမော့ကြည့်၏။ ပြီးတော့ ကမန်းက တန်းပြန်ငုံ့၍.. ။

"ဟုတ်..ဟုတ်ကဲ့.."

ဒေါ်မြစောရှင်မျက်လုံးတစ်ချက်ဝေ့လိုက်လျှင် အလုပ်သမားအား လုံး ပါးစပ်အဟောင်းသားနှင့် မော့ငေးနေကြကာ မျက်လုံးချင်းဆုံမိသည် နှင့် ချက်ချင်းပြန်ငုံ့သွားကြ၏။ အားလုံး၏စိတ်လှုပ်ရှားအုံခြသွားကြ ခြင်းကို နှစ်ဖက်ဆုပ်ယှက်ထားကြသည့်လက်တွေ လှုပ်လှုပ်ရွရွပွတ်ချေ နေကြတာမြင်တာနှင့် သိသာ၏။ ဒေါ်မြစောရှင်ရဲ့ တွန့်ကုတ်ထားသည့် မျက်ခုံးတန်းတို့ မသိမသာပြေကျသွား၏။ ပြီးတော့ အောင်နိုင်သူ၏အ ပြုံးရိပ်တစ်ချက်ဖြစ်လျက် ခဏအတွင်းပြန်လည်ပျောက်ကွယ်သွားခဲ့ပြီး..။

"နင်တို့အားလုံးသိထားကြတယ်..မနက်ဖြန်ကလေးတွေစောစပ်ဖို့ သာကြမယ်၊ မင်္ဂလာကိစ္စပြီးမှ ပြန်ကြမယ်..ပြန်တာနဲ့ ငါ့မြေးမကိုခေါ် သွားကြလိမ့်မယ်.."

ဒီထိပြောနေပေမယ့် အလုပ်သမားတွေရှင်းလင်းသိမြင်ကြပုံမပေါ် သေး။ ဒေါ်ရွှေမှုံကိုယ်တိုင် သူမတို့သားအမိဘယ်အခန်းကဏ္ဍက ပါ ဝင်ရမည်ဆိုတာ မသိနိုင်ဘဲရှိကာ.. ။

"ဟင်..ဘယ်လိုအမေ၊ ကျ..ကျွန်မက သူဌေးသားနဲ့လက်ထပ်ရ မယ်.."

တစ်ဆင့်ပြန်ကြားလိုက်ရသည့် ယမုံခင့်မျက်နှာလေး ဖီးဇော့ခန့်ငယ် ကျသွားသလိုပင်။ ကလေးတွေကို စာသင်ပေးနေရင်း ကိုင်ထားသည့် စာအုပ်က လွတ်ကျသွားသလား..လွှတ်ချလိုက်မိတာလားဆိုတာ မသိခဲ့။ ဒေါ်ရွှေမှုံက ကျသွားသည့်စာအုပ်ကို ပြန်ကောက်၍ ဝိုင်းဖွဲ့စာသင်နေကြ သည့် အလုပ်သမားမိသားစုတွေနဲ့ ကလေးတွေကိုကြည့်လိုက်ရင်း.. ။

"မယ်တော်ကြီးတို့က ငယ်သားအပေါ်မှာ သိပ်ကိုညှာတာပါတယ် သမီးရယ်..ညည်းခုလိုဆရာပြန်လုပ်နေနိုင်တာ ညည်းငယ်ငယ်ကလည်း ဒီကလေးလေးတွေလို စာသင်ကြားခွင့်ရခဲ့လို့ပဲလေ..တက္ကသိုလ်ဝင်းကြီး ထဲမှာ ဘွဲ့ရလက်မှတ်ကြီးတက်မယူနိုင်ပေမယ့် ဘွဲ့ရပညာတတ်တစ် ယောက်ဖြစ်လာခဲ့တာပဲ.."

"ကျွန်မသိပါတယ်အမေရယ်..ဘာပဲခိုင်းခိုင်း အရိုးကြေကြေအရေခမ်းခမ်း ကျွန်မလုပ်မှာပါ..အခုကိစ္စကြီးက.."

"မတော်မရာကြီးမှန်း အမေလည်းသိတယ်..ဒါပေမယ့် ဒါလည်း ကိုယ့်ကျေးဇူးရှင်သခင်တွေရဲ့အမိန့်ပဲလေ၊ နောက်ပြီး သမီးလည်း ဒီဘဝကလွတ်မြောက်တော့မယ်.."

"အမေရယ်..အမေနဲ့အတူ ကျွန်မဒီမှာပျော်ပါတယ်.."

"မပျော်ပါနဲ့သမီးရယ်..ဘဝမှာ နေစရာစားစရာမရှိလို့ ရတဲ့နေရာမှာ ကပ်တွယ်နေခဲ့ရတယ်၊ သူတော်ကောင်းတွေ လက်ထဲရောက်ခဲ့တဲ့အတွက် အမေ့ဘဝရော ညည်းဘဝလေးရော လုံခြုံနွေးထွေးခဲ့တယ်..ဒါပေမယ့် ကျေးကျွန်ဘဝကို ရောက်ခဲ့ရတာပါပဲ.."

"မယ်တော်ကြီးပြောသလို ဒါလည်းကံအကြောင်းတွေပဲအမေ..ဒီလိုမှမနေနိုင်ရင်လည်း အမေ့ဘဝက မိဘမဲ့ ဆွေမျိုးမဲ့ စားစရာမရှိ နေစရာမရှိဖြစ်နေရမှာလေ..အမေလည်း ကိုယ့်ဘဝကိုယ်ရောင့်ရဲလိုက်ပါတော့၊ ကျွန်မလည်း အမေနဲ့အတူနေရရင် ဘာပဲဖြစ်နေနေ ကျေနပ်တယ်..ဒါပေမယ့်.."

"ဒါပေမယ့်ဆိုပြီး ရှောင်လွှဲချင်တဲ့စကားတွေနဲ့ အမေစိတ်ချမ်းသာအောင်မပြောပါနဲ့တော့အေ..ကိုယ့်အနေနဲ့ မတန်ရာပေမယ့် ဓိကုပ်ပြီးနတ်ပြည်တင်ပေးတာကို ပြန်ခုန်ချဖို့မကြိုးစားပါနဲ့.."

"မဟုတ်ဘူးအမေ...အမေပြောသလိုမဟုတ်ဘူး၊ မိုးထိစံအိမ်ကသူဌေးကြီးတွေကို မယ်တော်ကြီးတို့ကိုယ်တိုင် မလွန်ဆန်နိုင်လို့ မင်္ဂလာကိစ္စကို မငြင်းရဲခဲ့တာမို့လား.."

"ဟုတ်တယ်..ဒါပေမယ့် ဒါကအဓိကမဟုတ်ဘူးယမုံ၊ မယ်တော်ကြီးကိုက မမလေးတို့ကို အိမ်ထောင်ချမပေးချင်သေးတာ အိမ်မှာကျွေးမွေးထားတဲ့ ခွေးတွေတောင် လူဒဏ်ခွေးခံရတယ်မို့လား..သူတို့မသွားချင်တဲ့လမ်းမို့ တို့ကိုလွှတ်ရင်သွားရမှာပဲ၊ သေစေမယ့်အစားကို အရင်စားပြပါဆိုရင်လည်း စားရမှာပဲလေ..အခုသေမယ့်လမ်းလည်း မဟုတ်ဘူး၊ သေအောင်ကျွေးတဲ့အစာလည်း မဟုတ်ပါဘူး..ဒီကိစ္စကို လက်ခံရမယ်ဆိုတာပဲ ညည်းခေါင်းထဲထည့်စမ်းပါအေ.."

မနက်ဖြန်ဆိုတဲ့နေ့ကို ရင်ဆိုင်ဖို့အတွက် ယမုံခင်သေလောက်



အောင်တုန်လှုပ်နေခဲ့သည်။ စံအိမ်မှာ အလှအပတွေပြင်ဆင်ကြ စီစဉ်ကြသည့်အထဲမှာ သူမမပါခဲ့တော့သည့်အဖြစ်ဟာ သူမအတွက် ပျော်ရွှင်ဖွယ်မဖြစ်ခဲ့ဘဲ စက္ကန့်ပိုင်းအတွင်း ကမ္ဘာပြိုတော့မှာကို ကြိုသိနေရသည့်လူလို.. ၊

"ကြည့်ပါဦးမယ်မယ်..ယမုံလှရဲ့လား.."

အခန်းလေးထဲမှာ ယမုံခင့်ကိုအလှပြင်ပေးနေကြသည်။ မြထွတ်ဦးနှင့်မြပုလဲဖြူလည်း ယမုံခင်ကိုဝိုင်းပြင်ဆင်ပေးနေတာကို ကြည့်နေကြ၏။ ဖြူလွသောအပြာနုနု ချိတ်ထမီလေးနှင့် ရင်ဖုံးလက်ရှည်အပါးသား အပြာနုလေးသည် ကျစ်ဆံမြီးရှည်ကြီး တန့်နွဲ့နှင့် ယမုံခင့်ကိုယ်လေးပေါ်မှာ ကပ်ကပ်ချပ်ချပ်လေးရှိနေ၏။ မိတ်ကပ်ပါးပါးလေးခံကာ သနပ်ခါးရေကျဲလေးတင်ထားသည့် မျက်နှာလေးမှာ ပါးကွက်လေးနှစ်ခက်နှင့် နုသစ်လှပနေ၏။ ဒေါ်မြမင်းသီရိက ရတနာဘူးကြီးကို လက်ဆွဲအိတ်လို ပိုက်ထားလျက်ဝင်လာကာ ယမုံခင့်ကို ရှေ့နောက်လှည့်ပတ်ကြည့်သည်။ ပြီးတော့ မှန်ချပ်ကြီးထဲကပုံစံကို ပြန်ကြည့်၍.. ၊

"လှပေမယ့် အသားသေနေတဲ့မျက်နှာက ကျေးကျွန်ပါပဲလို့ပြောပြနေသလိုပဲ..ဟဲ့ မော့လိုက်စမ်းမိယမုံ.."

ယမုံမော့လိုက်တော့ မှန်ထဲကနေ ဒေါ်မြမင်းသီရိကိုမြင်လိုက်ရသည်။ မှန်ထဲမှာ မျက်လုံးချင်းဆုံတာတောင် ဖျတ်ခနဲမျက်လွှာချပစ်လျှင်၊

"အဲ့ဒီလိုမဖြစ်ရဘူး..ဒီထဲကိုခေါ်လာတည်းက ညည်းက နေမင်းသစ်ဆိုတဲ့သူဌေးသားနဲ့ လက်ထပ်မယ့်ငါ့သမီးဆိုတာ ရင်ထဲထည့်ရမှာ..ဘယ်သူနဲ့ဖြစ်ဖြစ် မျက်လုံးချင်းဆုံရင် မျက်လွှာချမပစ်နဲ့.."

"အဲ့ဒါကိုဘွားဘွားသင်ပေးခိုင်းလို့ သမီးတို့လည်းသင်နေတာပဲ..သူကိုက အပိုးကျိုးလွန်နေတာ.."

"အပိုးကျိုးပြီးနေလာခဲ့တာလည်း သူ့တစ်သက်ပဲကိုမယ်မယ်ရယ်..ရှုတ်တရက်ကြီးတော့.."

"ရုတ်တရက်ဖြစ်ဖြစ် မျက်တောင်တစ်ခတ်အတွင်းဖြစ်ဖြစ် ဒါလုပ်ဆိုရင် လုပ်ရမယ်.."

ဘာမဆိုစာနာစိတ်လေးနှင့်ကြည့်တတ်သည့် မြထွတ်ဦးက ဒေါ်မြမင်းသီရိစိတ်တိုသွားမှန်းသိတော့ ဘာမှဆက်မပြောတော့ဘဲ ငြိမ်သက်

သွားခဲ့၏။ ဒီအိမ်မှာ ကျေးကျွန်တွေကို မိန်းမဆိုလျှင် 'မိ'တပ်ခေါ်သည်။ ယောကျ်ားဆိုလျှင် 'ဖိုး'တပ်ပြီးခေါ်၏။ 'ဖိုးခဲ..ဖိုးဖြူ' အစရှိသဖြင့် ဦးချို သောအခေါ်အဝေါ်တွေကို ဒေါ်မြမင်းသီရိလက်ထက်ကနဦးမှတည်းက တွင်လာခဲ့တာဖြစ်သည်။ ထို့ပြင် 'မိုးထိ'စံအိမ်ကလူတွေ စရိုက်ပျက်လွန်း သည်။ မျိုးရိုးဂုဏ်ဖျက်သည်စသည့်ပြစ်ချက်တို့နှင့် မြေးတွေနဲ့သဘော တူနိုင်တာက ဦးဘောဂမင်းတို့ဇနီးမောင်နှံဖြစ်သော်ငြား အစီအစဉ်ကို ဖြစ်မနေ အကောင်အထည်ဖော်သူကလည်း ဒေါ်မြမင်းသီရိပဲဖြစ်လေ သည်။ မြပုလဲဖြူကတော့ မိခင်ဖြစ်သူအတွက် တစ်တပ်တစ်အား တိုးတိုး ဖော်လိုဖြစ်နေရကာ.. ။

"ဟုတ်တယ်..နေမင်းသစ်က လူလည်လို့ကြားထားတာ၊ နှင့်ပုံစံ မြင်လိုက်တာနဲ့ တန်းရိုပ်မိသွားမှာပဲ..ဟဲ့ ပြောရင်းဆိုရင်း ခေါင်းကြီးငုံ့ ထားပြန်ပြီ၊ မော့လိုက်စမ်းအဲ့ဒီခေါင်း.."

ပြောရင်း ခေါင်းကိုဒေါက်ခနဲခေါက်ချပစ်လိုက်သဖြင့် ယမုံခင် ကိုယ့်ခေါင်းလေးကို လက်နဲ့ပြန်အုပ်ရင်း မရဲတရဲမော့လာရှာ၏။

"ကြည့်..ငါ့ကိုကြည့်နေစမ်း၊ အမလေးဟယ်..မျက်လုံးပြူသ လောက် ပြည့်နေလိုက်တဲ့မျက်ရည်တွေ၊ နှင့်ကိုဘာလုပ်ရသေးလို့ငိုရတာ လဲပြော.."

"သူကငိုနေတယ်ဟုတ်လား.."

"မယ်မယ်ရယ်.."

မြပုလဲဖြူက သိပ်စိတ်မရှည်တတ်ပေ။ ဒေါ်မြမင်းသီရိက ဒေါသ ထွက်သွားသည့်မျက်နှာနှင့် ရှေ့တိုးလာ၏။ မြထွတ်ဦးမနေသာတော့ဘဲ ကမန်းကတန်းထပြီး ကြားဝင်လိုက်ရကာ.. ။

"သူကြောက်နေမှာပေါ့ပုလဲရယ်..မယ်မယ်စိတ်ဆိုးလေ သူပို ကြောက်လေဖြစ်နေမှာ၊ ညှို့သည်တွေလည်း ရောက်လာတော့မယ့်ဟာ သမီးတို့အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ပါ့မယ်.."

"မဖြစ်အောင် ဒီလောက်သင်ပေးနေတာကို ဘာကြောက်ရတာလဲ.. ဒီမှာမိယမုံ ညည်းကျွန်ဘဝကလွတ်ဖို့လမ်းကို ရွေးချယ်ပေးတာ နားမ လည်ဘူးလား၊ ဟိုကိုမရောက်သေးဘူး..ဒီမှာပဲညည်းကို ဘဝပြောင်းနေ ကြပြီ အပြင်ကိုတစ်ချက်လောက် ထွက်ကြည့်လိုက်စမ်း..ညည်းထွက်



သွားကြသွားမယ့်လမ်းကို ညည်းရဲ့လုပ်ဖော်ကိုင်ဖက်တွေက ပန်းခင်း သမ်းလုပ်ပေးနေကြတာတွေ.."

"ကျ..ကျွန်မလေ..သူဌေးကိုတော့.."

"တိတ်စမ်း.."

"မယ်မယ်.."

လက်ကိုလည်းမဆွဲဝံ့ဘဲ အသည်းအသန်တားဆီးလိုက်ရင်း မြ ထွတ်ဦး ယမုံခင်နဲ့ဒေါ်မြမင်းသီရိကြားသို့ ရောက်သွား၏။ ဒေါသနှင့် ဆွဲမြှောက်လိုက်သောလက်သည်လည်း လေထဲမှာပဲ ရပ်တန့်သွားခဲ့ ရက်.. ။

"ဘာဝင်လုပ်တာလဲသမီးကြီး..မိဘခြေလှမ်းကိုဖျက်ရဲတာ ဘယ် သိုသတ္တိတွေနဲ့လဲ.."

"မဟုတ်ပါဘူးမယ်မယ်ရယ်..သူ့မျက်နှာမှာ ဒဏ်ရာဖြစ်သွားရင် နက်ဖြန်ဘယ်လိုလုပ်ကြမှာလဲ၊ မယ်မယ်သတိလစ်သွားမှာ စိုးလို့ပါ.."

"ဟုတ်သားပဲမယ်မယ်..ရိုက်လို့မဖြစ်ဘူးလေ.."

မြပုလဲဖြူက ရွယ်ထားဆဲဒေါ်မြမင်းသီရိလက်ကို ပြန်ဆွဲချလိုက် ပြီးမှ.. ။

"ဟဲ့..နှင့်ကိုမရိုက်ရသေးဘူး၊ ဇက်ပုထားလိုက်တာ ခေါင်းကအစာ အိမ်ထဲ ပြန်ဝင်တော့မယ်.."

စိတ်တိုနေကြသည့်လူတွေကြားမှာ ယမုံခင်သည် သူမကိုမရိုက် ဖြစ်ခြင်းအတွက် အလန့်တကြားမော့ကြည့်၏။ ပြီးတော့ နေရာမှာတင် ဆတ်ခနဲဒူးထောက်ထိုင်ချလိုက်ပြီး ဒေါ်မြမင်းသီရိရဲ့ခြေဖမိုးအစုံမှာ နဖူး နဲ့တိုက်ကာ.. ။

"ကျွန်မကိုရိုက်ပါ..မသေရုံတမယ်ရိုက်ပါ၊ သေသွားရင်လည်း ကျေနပ်ပါတယ်မယ်တော်ကြီးရဲ့..သူဌေးကိုတော့.."

"ကဲဟယ်.."

"အား.."

ကန်ပစ်လိုက်တာတော့မဟုတ်။ သို့သော် ခြေထောက်ကိုဖက်၍ နဖူးနဲ့ဖိကပ်ထားတာမို့ ဆတ်ခနဲလွဲရုန်းပစ်လိုက်သဖြင့် ကြမ်းပြင်နဲ့နဖူး ဆောင့်မိသွား၏။ သံမံတလင်းသာဆို နဖူးကွဲမှာသေချာပေမယ့် ရွှေအို

ရောင်မွှေးပွကော်ဇောကြီးတွေကြောင့် ယမုံခင်သက်သာသွားခဲ့သည်။ သို့သော်.. ။

"ညည်းကငါ့ကို ဘာလုပ်ပါညာလုပ်ပါ ပြန်ခိုင်းနေတာလားမိယမုံ.."

"ကျွန်မ.."

"သွား..ခုချက်ချင်းဆွဲထုတ်ပြီး နေပူထဲမှာ တစ်နာရီတိတိထားလိုက်.."

"မယ်မယ်.."

"ဟော့.."

ဒီတစ်ခါမြထွတ်ဦး ဘယ်လိုဖြေရှင်းပေးရမှန်းမသိဘဲ ဗျာများသွားသည်။ ဒေါ်မြမင်းသီရိ လက်ညှိုးထိုးစေခိုင်းနေသမျှ စိန်ပွင့်ကြီးတွေပြူး ပြလက်တောက်နေသော နှစ်တန်းသွားလက်ကောက်ကြီး၏ရောင်စဉ်တွေက လက်လှုပ်လိုက်တိုင်း ဖြိုးပြက်လက်နေခဲ့လျက်.. ။

"တစ်နာရီပြည့်ရင် ပြန်ခေါ်လာပြီး အပိုးကျိုးနေတဲ့ ကျွန်ရုပ်ပျောက်အောင်သင်..မျက်ရည်ထပ်ကျရင် ပြန်ဆွဲထုတ်၊ ဒါပေမယ့် နောက်တစ်ခါ ဝတ်လစ်စလစ် ထုတ်ပစ်ရမယ်.."

ဟင်.. ။

ယမုံခင်တစ်ကိုယ်လုံး တုန်ယင်သွားသည်။ ထိုစဉ် အခန်းရှေ့မှာ ဒေါ်ရွှေမှုံမျက်နှာပေါ်လာသဖြင့် မြပုလဲဖြူက ခါးထောက်လိုက်ပြီး.. ။

"ဘာလာလုပ်တာလဲ..ဒေါ်မှုံ့သမီးကို နှိပ်စက်နေတယ်ထင်လို့လား"

"မ..မဟုတ်ပါဘူးမမလေးရယ်၊ ယမုံကို ဆုံးမပေးချင်လို့ပါ.."

"မလိုဘူး..ရှင်ကမွေးထားပေမယ့် သူဘာလုပ်ရမယ် ဘယ်လိုနေရမယ်ဆိုတာ ရှင်ပြောခွင့်မရှိဘူး.."

ပြောနေရတာကိုပဲ စိတ်ပျက်သလို လက်ပိုက်လိုက်ပြီး မိခင်ဖြစ်သူဘက်လှည့်ကာ.. ။

"ဒီရတနာဘူးက မိယမုံအတွက်လားမယ်မယ်.."

"ဟုတ်တယ်..ရွှေလက်ကောက်ခုနှစ်ကွင်း လက်စွပ်ခုနှစ်ကွင်း ဆွဲကြိုးခုနှစ်ကုံး ခြေချင်းနှစ်စုံ.."

"ဒါပဲလားမယ်မယ်..မယ်မယ့်သမီးအဖြစ်ထည့်လိုက်မှာကို ဘာမှ



မပါဘဲနဲ့.."

မြထွတ်ဦးကပြောတော့ မြပုလဲဖြူကလည်း ခေါင်းညိတ်၍.. ။

"ဟုတ်တယ်နော်မယ်မယ်..ဘွားဘွားတို့ကလည်း ဒါပဲပေးခိုင်းတာလား၊ ရတနာခုနှစ်မျိုး တစ်ဆင်စာစီပေးရတာ ထုံးစံဆို.."

"ငါလုပ်ရင် ငါ့ထုံးစံ..သမီးတို့ဘာမှလမ်းကြောင်းပေးဖို့ မလိုဘူး၊ ဘိုးတော်စက်နဲ့မယ်မယ်ကလည်း သင့်မြတ်ကြတာမဟုတ်ဘူး..သူတို့ကအရှိန်အဝါပိုကြီးတာနဲ့ သမီးလှမ်းတောင်းတာ၊ မယ်မယ်တို့မပြောနိုင်ပေမယ့် ငါပြောနိုင်တယ်..မယ်မယ်တို့မကောင်းတတ်လို့ဆင်ခြင်နေတာကို ငါဖြစ်အောင်လုပ်နိုင်တယ်၊ မသထာရေစာကို စားချင်ရင် ဒီလိုပဲဖြစ်မယ်ဆိုတာ သူတို့ကြိုတွက်ထားမှာပါ..ဒါကြောင့် ငါ့ဘက်ကဘာလက်ဖွဲ့မှ မပေးဘူး.."

နှစ်ဖက်လူကြီးတွေ ပြိုင်ဆိုင်ကြတဲ့ အငြိုးအတေးမာနတွေက သားသမီးတွေနဲ့ ဆိုင်လို့လား..။ ဒေါ်မြမင်းသီရိရဲ့စကားတွေပေါ်မှာ မြထွတ်ဦးကနားမလည်နိုင်။ ကိုယ်ကသိနေလို့သာ ဒီလိုလုပ်တာအဆင်ပြေပေမယ့် တစ်ဖက်ကကြည့်တော့ ကိုယ့်သမီးတစ်ယောက်လုံးကို အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထိုးကြိတ်လွှတ်တဲ့အတိုင်း။ 'မိုးထိ'စံအိမ်ကလူတွေ မင်္ဂလာကိစ္စရောက်လာကြတော့ သက်ကြီးဝါကြီးတွေမပါလာကြပေမယ့် သားချင်းမိဘအစုံအလင်ပဲဖြစ်ကာ.. ။

"မိန်းကလေးကို ခေါ်သွားပါရစေ..မင်္ဂလာကိစ္စအတွက် လုံးပမ်းကြတာက ကျန်းမာရေးမကောင်းတဲ့ ဘိုးတော်ကြီးရဲ့ဆန္ဒအရမို့ ဟိုမှာပဲမင်္ဂလာကိစ္စတွေအကုန်လုံးကို တခမ်းတနားစီစဉ်ပြီး လူမမာကိုစိတ်ချမ်းသာစေဖို့ပါ.."

စံအိမ်မှာ ဘာမှမလုပ်ရတော့ဘဲ ထည့်လွှတ်လိုက်ရမည့်အခြေအနေမျိုးရလာတော့ ဒေါ်မြမင်းသီရိတို့ ဝမ်းသာအားရလက်ခံလိုက်ကြသည်။ ပြီးတော့ အားလုံးကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း သတို့သားနေမင်းသစ်ရဲ့ ရှေ့ကြောင်းနောက်ကြောင်းတချို့ကို လူကြီးတွေရှေ့မှာပဲ ဖော်ထုတ်ပြောပြလိုက်ပြီး.. ။

"ကျွန်မတို့ကလည်း လက်ခံခဲ့ပြီ..မိုးထိစံအိမ်ကလည်း ကျွန်မတို့ ထက်ဝါကြီးတဲ့ပုဂ္ဂိုလ်တွေမို့ မင်္ဂလာကိစ္စကို မဖျက်ချင်ပါဘူး..ဒါပေမယ့်

နေမင်းသစ်ကိုတော့ လုံးဝသဘောမကျဘူးကြီးတော်၊ ပွဲတဲ့ရှုပ်တဲ့ယောကျ်ားတစ်ယောက်ကို ဘယ်သမီးရှင်ကမှ သဘောကျကြမှာမဟုတ်ဘူး.. ပြီးတော့ ဂါရဝါစတရားနည်းတယ်ဆိုတာ ခုနကျွန်မတို့ထောက်ပြခဲ့တဲ့ အဖြစ်တွေက သက်သေပဲ.."

ဒေါ်မြမင်းသီရိက နောက်ထပ်ပတ်သက်မှုကို ဖြတ်တောက်ဖို့ ကကြိုးဆင်၏။

"ကျွန်မသမီးပေမယ့် သူရဲ့ဖူးစာကံကို အလွန်ပဲစိတ်ပျက်မိပါတယ်..ရှင်းရှင်းပြောရရင် နေမင်းသစ်ရဲ့ဒီပုံစံကိုမပြင်ဘူးဆိုရင်တော့ ကျွန်မတို့ဘက်က ဆက်ဆံရေးပြောင်းလဲမှုအပေါ် ကြီးတော်တို့နားလည်ပေးဖို့လိုပါတယ်.."

လူတစ်ယောက်ရဲ့မာနကို စကားလုံးတို့နှင့် ရိုက်ချိုးလိုက်သည်။ နေမင်းသစ် ဒါတွေကိုပြန်ကြားသွားရင် ဒေါသပုန်ထလိမ့်မည်။ လိမ်လိမ်မာမာနေပါတော့မည်လို့ ဘယ်တော့မှပြောလာမှာမဟုတ်သည့်ပြင် အကြီးအကျယ်ရွဲ့ပါလိမ့်မည်။ သို့တည်းမဟုတ် မချေမငံစိန်ခေါ်မည့်စကားတွေ ဒီကိုအရောက်ပြန်ပို့လိမ့်မည်။ နောက်ဆက်တွဲဆက်ဆံရေးကိုတော့ ဇာဝတီသာက ကြိုက်သလိုဆုံးဖြတ်ရုံ.. ။

"ဟား ဟား ဟား.."

ဒေါ်မြမင်းသီရိ ခါးနှစ်ဖက်ထောက်ပြီး ဟားတိုက်ရယ်သည်။ ကိုယ်ဘာမှမဖန်တီးရဘဲ လိုချင်သည့်အခြေအနေတွေနဲ့ ရောက်လာကြသည့်အဖြစ်ကြောင့် ကိုယ့်ဘုန်းတန်ခိုးကြီးပါဘိလို့ လက်ပန်းမောင်းခတ်၏။

"လိုက်သွားပြီးရင် နောက်ကိုတစ်ချက်မှပြန်လှည့်မကြည့်နဲ့..ဇာဝတီသာအကြောင်း ပါးစပ်ထဲထည့်မပြောနဲ့၊ ငါ့သမီးအဖြစ်နဲ့ တစ်ဘဝလုံး သူဌေးကတော်အဖြစ် အရိုးထုတ်သွားချင်ရင် ဒီအလှည့်အပြောင်းကိစ္စ လုံးဝမပေါက်ကြားစေနဲ့..ညည်းကမွေးလာမယ့် သားမြေးမြစ်တီတွတ် အကုန်လုံးဇာဝတီသာအရိပ်ကိုတောင် မနင်းဖြစ်ဖို့အသက်နဲ့လဲပြီး ကြိုးစား အတိမ်းအစောင်းဖြစ်သွားလို့ ဒါကိုဖော်ထုတ်ရပြီဆိုရင်တော့ ညည်းနဲ့ညည်းသွေးသားတွေ ငါ့အိမ်မှာကျွန်လာခံခွင့်တောင်မရှိတော့ဘူးဆိုတာ အသေမှတ်.."



မျက်နှာကို နီးကပ်စွာစိုက်ကြည့်ပြီး ပြောသည်။ လက်ညှိုးတထောင်ထောင်နှင့် မှတ်သွား ခိုင်းနေသည့် လက်ချောင်းက ယမုံခင့်မျက်နှာရှေ့မှာ လာထိုးမိတော့မလိုဖြစ်လိုက် ဝေ့ဝဲသွားလိုက်။ ပြီးတော့ မြထွတ်ဦးရယ် မြပုလဲဖြူရယ် ခပ်လှမ်းလှမ်းမှာမျက်နှာမသာမယာနှင့် မြင်းစီးရယ်။ ဦးဘောဂမင်းကတော့ ဒေါ်မြမင်းသီရိရဲ့မှာကြားချက်တွေ ပြီးဆုံးသွားမှ ခပ်လှုပ်လှုပ်ဝင်လာကာ.. ။

"စကားတွေမများနဲ့သမီး..စကားဆိုတာ ပြောပါများရင် အမှားပါတတ်တယ်၊ ညှော်ဆောင်မှာလည်း တခြားသူတွေရောက်နေတယ်..သူတို့မြန်မြန်ပြန်နိုင်အောင် အားချင်းစီစဉ်၊ သမီးမယ်မယ်က ကျန်းမာရေးကောင်းတာမဟုတ်ဘူး.."

ဒါပဲပြောကာ မျက်နှာလေးနီရဲလျက် နှုတ်ခမ်းလေးဖိပိတ်၍ တောင့်မတ်စွာရပ်နေသည့် ယမုံခင့်ကိုခပ်စိုက်စိုက်ကြည့်သွားသည်။ မျက်ရည်မကျပေမယ့် ယမုံခင့်မျက်နှာတစ်ပြင်လုံး အဝတ်စနီလို နီရဲနေသည်။ ငိုချင်တာကိုထိန်းရင်း ဆုပ်ကျစ်ထားမိသည့် လက်သီးဆုပ်ကပြန်ဖြေဖို့တောင် လွယ်မည်မထင်။

အမေဘယ်မှာလဲ..။ ညှော်သည်တွေရောက်လာတည်းက သူမဘေးမှာ ခြွေရံသင်းပင်းတွေနဲ့ရှိစေကာ အမေ့ကိုလုံးဝမတွေ့ရတော့ပေ။ အမေ့ကိုသူမနှုတ်ဆက်ခွင့်ရပါ့မလား..။ နှုတ်မဆက်ရဘဲ ထွက်သွားရမည်ဆိုရင် အမေခံနိုင်ရည်ရှိပါ့မလား..။ အမေ့မှာ နှလုံးသွေးကြောကျဉ်းသည့်ရောဂါရှိသည်။ ဒါကြောင့် မမလေးတို့ကိုယ်တိုင်လည်း အမေ့ကိုညာတာသည်။ သို့သော် အမေကအလုပ်ပင်ပန်းတာကို ခံနိုင်သည်။ စိတ်ဆင်းရဲပြီဆိုရင်တော့ မောတာကျပ်တာတွေ ဖြစ်တတ်လျက် တစ်ခါတလေအသက်ပါတော့မတတ် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်တတ်လေသည်။

"မကျော့ရေ..အမေရောဟင်.."

သွားလာဖို့ပြင်ဆင်ပေးနေကြတုန်း ယမုံခင်အရဲစွန့်၍ နောက်ဖေးထဲပြေးဝင်လာခဲ့သည်။ သူမကိုမြင်လိုက်သည်နှင့် အလုပ်လုပ်နေကြသည့် မယ်ကျော့တို့မျက်လုံးပြူးကာ လန့်ဖျန့်ကုန်ကြ၏။ ယမုံသည်ဆေါ်ရောင်ဒူးနားချိတ်လေးနှင့် တစ်ကိုယ်လုံးမှာရွှေတွေညှတ်ခဲနေသည်။ ဆံပင်တွေကို ကလစ်လှလှလေးနဲ့နောက်မှာဒီတိုင်းညှပ်ချထားသဖြင့်

ကိုယ်လုံးပါးပါးလေးက ပို၍ထင်းနေ၏။ 'တောင်းမှာအကွပ် လူမှာအဝတ်'ဆိုသည့်အတိုင်း ကျေးကျွန်တစ်ယောက်ဖြစ်ခဲ့သည်ဆိုတာ ယုံနိုင်ဖွယ်မရှိအောင် သန့်စင်လှပနေခဲ့၏။ ထို့ကြောင့် အားလုံးပို၍ထိတ်လန့်ကုန်ကြကာ.. ।

"အမလေးလေး ဒီလောက်ပြင်ဆင်ပေးပြီး လက်ထပ်သင်ပေးထားတာတွေကို ဂရုမစိုက်ဘဲနဲ့ ယမုံရယ်.."

"ဟုတ်ပါရဲ့ဟယ်..သွား သွား..ထွက်၊ နင့်အမေ နောက်ဥယျာဉ်ထဲမှာထင်တယ်.."

"နှုတ်ဆက်ရင် ငိုချင်မှာစိုးလို့ ရှောင်နေတာလားမှမသိတာ..ကဲပါ၊ သူ့သမီးသူဌေးကတော်ဖြစ်သွားတာကို ငိုနေရင်တောင် ဝမ်းသာလို့ကျတဲ့မျက်ရည်ဖြစ်မှာပါအေ.."

မဟုတ်ဘူး..။ ဒီကိစ္စကြီးဘယ်လောက်ထိ အန္တရာယ်ကြီးတယ်ဆိုတာ အမေသိတယ်။ သူမကို သူဌေးကတော်ဖြစ်လာဖို့ အမေမျှော်လင့်နေမှာမဟုတ်ဘူး..။ မယ်တော်ကြီးအမိန့်ကို မလွန်ဆန်ရဲတာ.. ।

"ကျွန်မအမေ့ကို နှုတ်ဆက်ရမှဖြစ်မှာ."

နောက်ထပ်ဘယ်တော့မှ မတွေ့ရမည့်အဖြစ်ကို နောက်ထပ်ပြောမထွက်တော့ဘဲ မီးခင်ရှိရာအရောက်သွားဖို့ ချက်ချင်းပြန်ထွက်သည်။ သို့သော်.. ।

"ကဲဟာ.."

"ဖြန်း.."

တံခါးဝကို မျက်နှာမူလိုက်တာနှင့် ရိပ်ခနဲရိုက်ချက်က အရှိန်နဲ့ပစ်ဝင်လာသည်။ ပါးရိုက်ခံလိုက်ရတာပေမယ့် ကလစ်ကထောက်ခနဲ့ပြုတ်ထွက်သွားကာ ညိုမောင်းအုပ်ခဲသောဆံနွယ်တွေ ကျောပြင်နောက်မှာဖရိုဖရဲပြန့်ထွက်သွားကြ၏။ ဆံပင်တွေ မည်းခနဲပြန့်ကျဲကုန်သလို လူသည်လည်း ကြမ်းပြင်ပေါ်ပြိုလဲသွားခဲ့လျက်.. ।

"မမလေး.."

"ဟုတ်တယ်..ငါပဲ၊ နင့်ကိုယ်နင်ဘာထင်လို့ ငါတို့စီမံထားတာကို ကျော်ချင်တာလဲ.."

"မဟုတ်ရပါဘူးမမလေးရယ်..အမေ့ကို.."



"နှုတ်ဆက်မှပိုဆိုးမယ်လို့ နင်နည်းနည်းမှမတွေးမိဘူးလား..အပိုလုပ်နဲ့၊ သေကွဲခွဲကြတာမဟုတ်ဘူး၊ ဟဲ့..မိကျော့.."

"ဟုတ်ကဲ့..ရှိပါတယ်ရှင့်.."

"အဲ့ဒီပါးကို ရေခဲကပ်ပေးလိုက်..ဆယ့်ငါးမိနစ်ကျော်တဲ့အထိ ဒဏ်ရာပေါ်နေသေးရင် နင့်ကိုပါရိုက်မယ်.."

ယမုံခင့်ကို မယ်ကျော့တို့လာဝိုင်းတွဲပြီး ကူပေးကြသည်။ တအားရိုက်ခံထိထားရတဲ့ပါးကို ဆယ့်ငါးမိနစ်အတွင်း ဒဏ်ရာမမြင်ရအောင်ဘယ်လိုဖျောက်ဖျက်ရမလဲ..။ မယ်ကျော့တို့အသက်ရှူမှားမတတ် ထိတ်သန့်ကုန်ကြကာ လက်တွေပါတဆတ်ဆတ်တုန်နေကြလေသည်။

"ဒီကားပေါ်တက်သမီး.."

အဖြူရောင်ကားကြီးက လက်လက်ထနေသည်။ ယမုံခင့်ပါးပေါ်က ဒဏ်ရာမပျောက်သဖြင့် ဆံပင်ကိုဖားလျားဖြန့်ချပြီး ပိုလှအောင်ပြင်ထားရ၏။ မျက်ရည်မဆည်နိုင်ခြင်းကိုလည်း အိမ်နဲ့ခွဲရမှာမို့ ငိုသည့်အသွင်နှင့် ခေါင်းစဉ်တပ်၍ လွတ်လပ်စွာငိုကြွေးခွင့်ရခဲ့သည်။ သို့သော်သူမရဲ့မိခင်ရင်းကို အစအနလေးတောင် မမြင်ရဘဲ ဒေါ်မြမင်းသီရိကိုပဲအမေအမှတ်နဲ့ နှုတ်ဆက်ရသည်။ နှုတ်တိုက်ကျက်ထားခဲ့ရသည့် စကားလုံးတို့ကို အပိုအလိုမရှိပြော၍ နှုတ်ဆက်ရင်း မျက်ရည်တွေတွေကျနေခဲ့သည်.. ।

'ကျွန်မကို အမေတစ်နေရာက ကြည့်နေမှာလား..ကြည့်နေခွင့်ရရဲ့လား၊ ကျွန်မသွားပြီအမေ..'

အဖြူရောင်ကားကြီး၏ ဆလိုက်တံခါးကြီး လုံးဝပိတ်ကျမသွားခင်ထိ စံအိမ်ကြီးထဲကို လှမ်းကြည့်ရှာဖွေနေမိရင်း.. ।

'ကျွန်မသူဌေးမဖြစ်ချင်ဘူး..မိုးထိစံအိမ်ကြီးက အရှင်သခင်တွေကိုလည်း မလိုချင်ဘူး..အမေ့ကိုပဲ လိုချင်ပါတယ်၊ အမေနဲ့ပဲနေချင်တာပါ..ကျွန်မထွက်သွားတော့ အမေပျော်ရွှင်နိုင်မှာတဲ့လား'

အမေရင်ကွဲနာကျတော့မည်ကို သူမသိနေသည်။ အမေသောက်ရမည့်ဆေးလေးတွေ အမေသောက်ပါ့မလား..

"ဆေးသောက်လေအမေရယ်..ကျွန်မတို့သာ ချမ်းသာရင် အမေ့ဘဝက ငြိမ်ငြိမ်လေးနေပြီး ဆေးကုခံရမယ့်သူဌေးနာအမေရဲ့ သိရဲ့

လား..ဆေးသောက်ဖို့ကို အမေသိပ်ပေါ့တာပဲ.."

ဆေးသောက်ဖို့သတိပေးတိုင်း သတိပေးပေမယ့် မသောက်ဖြစ်မှာ စိုးလို့ ကိုယ်တိုင်တိုက်ကျွေးရတိုင်း.. ।

"ညည်းမသိဘူးလား..သားသမီးပြုစုတာ ခံချင်လာရင် မိဘတွေက ကလေးပြန်လုပ်ကြတယ်ဆိုတာ.."

အမေပြောတတ်တဲ့ မရယ်ရသောဟာသစကားတွေပါ။ ကျွန်မမရှိရင် အမေဆေးသောက်ပါ့မလား..။ အမေ့ကိုဆေးသောက်ဖို့ သတိပေးပေးပါဦးလို့ မှာချင်ခဲ့သည်။ ကျွန်မထွက်သွားလို့ အမေတစ်ယောက် တည်းကြိတ်ငိုနေရင် အမေ့နားသွားနေပေးပါ။ အမေရင်ကျပ်မှာစိုးလို့ ပါလို့ မကျော့တို့ကို ပြောခဲ့ချင်၏။ ဒါပေမယ့် အမေ့ကိုတွေ့ဖို့ကြိုးစားရင်း အရိုက်ခံခဲ့ရသည်။ ပါးတစ်ဖက်ကို ကတုန်ကယင်စမ်းရင်း 'တာဝတိံသာ'စံအိမ်ကြီးနဲ့ ဝေးသထက်ဝေးရာသို့ သူမပါသွားခဲ့ပြီးနောက်..

"ငါ့သမီးလေးသွားပြီလား..ငါ့သမီးလေးအရိုက်ခံလိုက်ရသေးတယ်..ဟုတ်လား.."

ဒေါ်ရွှေမှုံမျက်ရည်တစ်စက်မှမကျဘဲ အရူးလိုလျှောက်မေးနေသည်။ ပြီးတော့ အကြာကြီးကြောင်ရပ်နေပြီး.. ।

"ငါ့ကြောင့်..အဲ့ဒါငါသတ္တိမရှိလို့ဖြစ်ရတာ၊ ငါ့သမီးထွက်သွားတာကို မကြည့်ရဲလို့ ငါပုန်းနေမိလို့.."

ပြောနေရင်း မျက်ဖြူလန်ကာ နေရာမှာပဲခွေခနဲ လဲကျသွားခဲ့၏။ 'တာဝတိံသာ'စံအိမ်ကြီး သူမမြင်ကွင်းထဲက ပျောက်ကွယ်ကျန်ရစ်ခဲ့သည့် အခိုက်အတန့်လေးမှာပဲ မိခင်ဖြစ်သူ ထာဝရပျောက်ကွယ်သွားခဲ့ပြီမှန်း ယမုံခင်သိခွင့်မရှိခဲ့ဘဲ.. ।

## အခန်း(၁၃)

မေမေ့မျက်ရည်တွေကို စူးစိုက်ကြည့်နေခဲ့ရင်း သျှန့်မျက်ဝန်းတွေ ပိတ်ပစ်လိုက်မိသည်။ ပြီးတော့ စာကြည့်စားပွဲခုံမှာ ခပ်ဖြည်းဖြည်း င်ချလိုက်ရင်း.. ।

"မေမေကျွန်တော့်ကိုတော့ ပြောပြထားသင့်ပါတယ်.."

"သား.."

"ကျွန်တော့်ကို စိုးရိမ်စိတ်ရှိခဲ့ရင် သူတို့ရှေ့ရောက်မသွားခင် မေမေ ပြောပြသင့်တယ်.."

"ဟုတ်ပါတယ်..မေမေမှားပါတယ်၊ မေမေ့မှာအပြစ်ရှိပါတယ်သား ..မေမေလေ မယ်တော်ကြီးတို့ရဲ့အမိန့်တစ်ရပ်ကိုပဲ အကြောက်ကြီး ကြီးပြီး အားလုံးအပေါ်သစ္စာမဲ့ခဲ့တာပါ၊ ခုချိန်ထိလည်း မေမေ့ရဲ့အ ရှိသေးလား ရှင်နေသေးလားမသိခဲ့ဘူး..ဘာမှမသိခဲ့ရဘဲ ဘာကိုပို ကြောက်ရမယ်ဆိုတာလည်း မသိဘူး၊ မေမေ့ရဲ့ကြောက်စိတ်က ခုတော့"

"တော်ပါတော့မေမေ.."

သူ့ကိုယ်မှာ ဒဏ်ရာတွေစိုးရိမ်မှုတ်နှင့် ရှိနေသေးသည်လား..ဘယ် မှာ ဘယ်လိုဆိုးရွားနေသေးသလဲ..။ ဒါတွေကို ဘာမှမခံစားမိတော့

အောင် ရင်ထဲမှာလောင်မြိုက်နေသည့် အပူရှိန်က ဟိန်းဟိန်းထနေ သည်။ 'ငါက'ကျွန်'မသား'ဆိုသည့် ရက်စွဲနာကျင်မှုလား ဒါမှမဟုတ် ရင့်သီးပက်စက်လွန်းသည့် စကားလုံးရိုင်းတွေကြောင့်လား..။ သူ့ရင်ထဲ မှာ ထိုဝေဒနာလောက် ခံခက်ဆိုးရွားတာ မရှိတော့ပေ.. ၊

"မေမေ့ကိုအပြစ်ပေးပါ..တစ်ခုခုပြောပါ၊ အဲ့လိုတော့ကျောခိုင်း နေပါနဲ့သားရယ်..သူတို့ပြောကြသလို မေမေကတကယ်ပဲ အစေအပါး ကျေးကျွန်ပါ၊ ဒါကြောင့် မေမေ့ကိုဘယ်တော့မှ မေမေလို့မခေါ်တော့ ဘူးဆိုရင်လည်း.."

ဆက်ပြောရမည့်အစား ရှိုက်သံတွေပွဲ့လွင့်လာခဲ့သည်။ သားလေး ကို ထာဝရဆုံးရှုံးရတော့မည်ဆိုလျှင်.. ၊

"တောက်.."

တက်ခေါက်သံကြောင့် သားကိုငေးနေခဲ့သည့် ဒေါ်ယမုံခင်ဆတ် ခနဲတုန်သွားသည်။ ဦးနေမင်းသစ်ရောက်လာပြီမှန်းသိလိုက်သော ချောက်ချားခြင်းသည်.. ၊

"ငါတို့နဲ့ပတ်သက်တာရော ငါ့သားအပိုင်းရော မင်းတောင်းဆိုခွင့် မလိုဘူး...ငါပဲဆုံးဖြတ်မယ်.."

ခက်ထန်ပြင်းရှသည့်စကားသံနှင့်အတူ ဦးနေမင်းသစ်ခြေလှမ်းကျဲ ကြီးတွေနှင့် တလွှားလွှားဝင်လာသည်။ ပြီးတော့ လက်ကိုဆတ်ခနဲဆွဲ ကိုင်လိုက်ပြီး.. ၊

"မျက်ရည်အစွဲသားနဲ့ လူမမာရှေ့အပြစ်တွေ တောင်းမနေနဲ့..မင်း ကိုအပြစ်ပေးမှာငါ.."

"အစ်ကို.."

"မင်းပါးစပ်ကိုပိတ်.."

လေးပင့်သောပစ္စည်းတစ်ခု ဒရွတ်တိုက်ဆွဲသလိုပါလာသည့်သူ ဘယ်လိုဖြစ်နေနေ တစ်ချက်မှလှည့်မကြည့်ဘဲ အိပ်ခန်းထဲအရောက်ဆွဲ ခေါ်ထုတ်လာသဖြင့် မြင်ကွင်းကိုလှမ်းမြင်လိုက်သည့် ဒေါ်မြင့်မိုရ်လည်း အပြေးတပိုင်းရောက်သွားခဲ့လျက်.. ၊

"ဘာတွေဖြစ်လာကြတာလဲ..ခုနလေးတင် ငါ့ရှေ့ကထွက်သွား တယ်.."



မေးရင်း ပြေးဝင်သွားပေမယ့် ဦးနေမင်းသစ်မဖြေဘဲ ဒေါ်ယမုံခင့် ကိုလက်လွှဲ၍ တွန်းထုတ်ပစ်လိုက်၏။ ထိုအခါ ဒရောသောပါးပါလာခဲ့ သည့် အရှိန်နှင့် တွန်းထုတ်ခံလိုက်ရသောကြောင့် လူတစ်ကိုယ်လုံးက အဝတ်ထုတ်တစ်ထုတ်ကဲ့သို့ ကြမ်းပြင်ပေါ်မှာ ရှောတိုက်လိမ့်သွားကာ စားပွဲခြေထောက်နဲ့ပစ်ကပ်သွားလေသည်။

"ဟဲ့..ဟဲ့၊ အို..နေမင်း နင်ဘယ်လိုလုပ်လိုက်တာလဲ.."

နဂိုတည်းက ခွေးချေးနိုင်သလို နိုင်နေတဲ့အဖြစ်ကို စိတ်မသက် သာကြည့်နေခဲ့ရတာမို့ ဒေါ်မြင့်မိုရ်ဒေါသသံတွေပါနေခဲ့လျက်.. ၊

"မိန်းမသားတစ်ယောက်ကို အဲ့လိုအနိုင်ယူတာမျိုး ငါမကြိုက်ဘူး.. ပါးစပ်နဲ့အနိုင်ပြောနေရတာ အားမရလို့ အခုလက်ပါပါလာပြီ၊ နင်မလွန် လွန်းဘူးလား.."

"လွန်သလားမလွန်ဘူးလား သူ့ကိုမေးကြည့်လေ..သူကိုယ်တိုင် သူ့ကိုသတ်စေချင်နေတာ.."

"ဘာ.."

စကားလှည့်ပြောသည့် ဦးနေမင်းသစ်မျက်နှာမှာ အဝတ်စနီလို ရဲတွတ်နေခြင်းနှင့် ဝိုတော့မလိုမျက်လုံးတွေကြောင့် ဒေါ်မြင့်မိုရ်အံ့သြ သွားသည်။ တစ်ခုခုဖြစ်ပြီဆိုတာ တွက်လိုက်မိရင်း ကြိုးတစ်စလို ပုံကျ လျက်ငိုရှိုက်နေသည့်ယောက်မထံ ပြန်ကြည့်မိ၏။

"မမသူ့ကို သိပ်သနားနေသလား...ကျွန်တော်ကပဲ အနိုင်နဲ့ပိုင်းနေ တယ် ကျွန်တော်ကပဲ ဆူငေါက်နေတယ်ပေါ့၊ အဲ့ဒီမိန်းမ အဲ့ဒီမိန်းမက.."

မတ်တပ်ကနေ လက်ညှိုးငေါက်ငေါက်ထိုးရင်း စကားသံသည် ရှေ့ဆက်ထွက်မလာခဲ့ဘဲ.. ၊

"တောက်.."

တက်တစ်ချက်ခေါက်၍ နဖူးရိုက်သလို လက်ဖဝါးနဲ့ဖိကပ်၏။ ပြီးတော့ ဆံပင်တွေဖွရင်း ချာခနဲလှည့်သွားသည်။ မောင်ဖြစ်သူယမ်းပုံ မီးကျဖြစ်နေရသည့်ဒေါသကို ဒေါ်မြင့်မိုရ်တွက်မိသွားသည်။ ဒေါ်ယမုံ ခင်ငိုကြွေးနေသည့် မျက်ရည်တို့သည်လည်း.. ၊

"အဲ့ဒီမိန်းမက တာဝတီံသာကအစေခံ.."

ဟင်.. ၊

"ကျွန်တော့်ကိုမလိုလားလို့ မိုးထိစံအိမ်ကစရိုက်ပျက်မျိုးတွေဆိုပြီး သူတို့အိမ်က 'ကျွန်'နဲ့ထိုးကျွေးလိုက်တာ.."

ဘုရား.. ။

ဒေါ်မြင့်မိုရ်မျက်လုံးထဲမှာ ပြာခနဲဖြစ်သွားကာ ခြေနှစ်လှမ်းခန့် နောက်ဆုတ်ယိမ်းယိုင်သွားခဲ့၏။

"သူ ကျွန်တော်တို့ကို တောက်လျှောက်အရှုံးလုပ်ခဲ့တာ..သူ့ကြောင့် တာဝတိံသာက လူတွေစော်ကားသွားတာ ကျွန်တော်တို့ခံလိုက်ရတာ မမသိလား..ဟိုလူတွေ ကျွန်တော်တို့ကို ကွယ်ရာမှာဘယ်လောက်တောင် ဟားတိုက်ရယ်နေကြမလဲ..မိန်းမယုတ်.."

"ဘုန်း.."

"အား.."

ဒေါ်သတကြီး ပြေးကန်ပစ်လိုက်လျှင် ဒေါ်ယမုံခင်စားပွဲကြားမှာ ဘောလုံးတစ်လုံးလို ဖြစ်နေခဲ့လျက်.. ။

"ပြော..ခုပြောစမ်း၊ မင်းငါ့ကိုကြည့်ပြီးပြော..ယမုံခင် မင်းကဘာလဲ၊ မင်းကဘာလဲလို့.."

လက်တစ်ဖက်ကို မညှာမတာဆောင့်ဆွဲထုတ်၍ မေးဖျားကနေမော့လာအောင် လက်နဲ့ဖျစ်ညှစ်ခါပစ်ရင်း.. ။

"ပြောလေ..ငါ့ကိုကြည့်ပြီးပြော.."

"ကျွန်မ..ကျွန်မက 'ကျွန်'မပါ.."

"အဲ့ဒါကို မင်းငါမေးမှပြောတယ်..ကဲကွာ.."

"အား.."

မျက်နှာတစ်ခုလုံး ပြုတ်ပါသွားပြီလားထင်ရကာ ဒေါ်ယမုံခင်မျက်လုံးတွေပြာမိုက်နေခဲ့၏။ ရှည်လျားထူခဲသည့် တစ်ပတ်လျှိုဆံထုံးသည် ကျောပြင်ထက်မှာ ပြေကျဖြန့်ခင်းသွားခဲ့လျက် ဆံပင်ဖျားတို့က ကြမ်းပြင်မှာ လူးလူးလဲလဲ.. ။

ဦးနေမင်းသစ်ရဲ့မာန်မာနနဲ့ ရက်သည့်စိတ်က ငါ့ဇနီးဆိုတာလည်း မသိ။ သနားစဖွယ်မိန်းမသားတစ်ယောက်ပါလားလို့လည်း မမြင်တော့ဘဲ..

"အိမ်ရောက်လာတုန်းက သတိလစ်အောင်ကြောက်တတ်နေတာ



တွေက မင်းရဲ့မာယာတွေလား..သူများတင်စီးတာခံ အနိုင်ယူပြောနေတာတွေလည်း မသိသလိုခေါင်းငုံ့နေ၊ အဲ့ဒါတွေကဘာလဲ..မင်းရုပ်ရှင်ရိုက်နေတာလား.."

မေးနေရင်း လူသတ်ချင်စိတ်ပေါက်အောင် မုန်းတီးစိတ်တွေတဖွားဖွားဖြစ်လာခဲ့သည်။ မင်္ဂလာဦးညမှာ သူမခြေတုန်လက်တုန်နှင့် ကြမ်းပြင်မှာထိုင်ချပြီး လူကိုအကြိမ်ကြိမ် ဦးချတောင်းပန်ခဲ့သည်။

"ကျွန်မကိုကြိုက်တာခိုင်းပါနော်..ခုတင်ပေါ်မှာ တက်မအိပ်ပါရစေနဲ့၊ ကျွန်မဒီမှာပဲအိပ်ပါရစေ.."

သူ့မှာ ငိုအားထက်ရယ်အားသန်။ ချစ်သူတွေဝိုင်းဝိုင်းလည်ထားခဲ့သည့်လူတစ်ယောက်က မြီးကောင်ပေါက်မလေးကို စနောက်နေရသလို စိတ်ပျက်မိသည့်မင်္ဂလာဦးညက စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ရ၏။ ပိုဆိုးသည်က သူမလေးကို မွေ့ရာပေါ်လက်လေးဆွဲခေါ်လာခဲ့ပြီး အတူထိုင်ပြခဲ့သည်။ ပြီးတော့ သူမပါးပြင်လေးတစ်ဖက်ကို နမ်းလိုက်မိရုံရှိသေးသည်၊ ရုတ်တရက်ခနဲခွေကျပြီး သတိလစ်သွားခဲ့တဲ့ယမုံခင်.. ။

ဒါတွေကဘာလဲ.. ဘယ်လိုမာယာတွေသုံးခဲ့တာလဲ.. ။ သူမွေ့ရှုပ်ခဲ့တာတွေရှိပေမယ့် သူမရဲ့ရိုးသားနုံအမှုတွေကို ကရုဏာသက်မိခဲ့သည်၊ ပြီးတော့ လူကြီးတွေသဘောတူ စုံမက်လက်ထပ်ခဲ့တဲ့ကိုယ့်ရဲ့မယားသီ၊ ပြီးတော့ ပြုပြင်ဖို့အချိန်တန်ပြီလို့ ကိုယ့်ကိုယ်ကိုသတ်မှတ်ခဲ့တာတွေကြောင့် သူမအပေါ်မှာ သစ္စာတွေလည်း ထားခဲ့သေးသည်။

အတွေးတို့သည် ဖွဲမီးကဲ့သို့ တငွေ့ငွေ့လောင်မြိုက်လာခဲ့လျက်..၊

"မင်းရဲ့သခင်တွေက ဒီလိုခိုင်းလိုက်ရင်တောင် ငါတို့ရှေ့မှာ မင်းဒူးခံလို့ရတယ်..အခု အခုငါ့ရင်သွေးကို မင်းကမွေးခဲ့တယ်၊ ငါ့သားဘာဖြစ်သွားပြီလဲ.."

"ကျ..ကျွန်မကိုသတ်ပစ်လိုက်ပါ၊ ကျွန်မဘယ်သူ့ကိုမှ မလွန်ဆန်ခဲ့လို့ပါ.."

"ဘာပြောတယ်.."

"ဘယ်လိုပြောလိုက်တယ်ယမုံ..ဘယ်သူ့ကိုမှ မလွန်ဆန်ရဲလို့ဟုတ်လား တာဝတိံသာက ဟိုးနောက်မှာဆယ်စုနှစ် နှစ်ဆက်သုံးဆက်ကျန်ခဲ့ပြီလေ..နင်နေတာ ငါတို့နဲ့နေတာ နင်ကမွေးတဲ့ကလေးက ကျွန်တစ်ပိုင်း

ပါမှာ..နင်အဲ့ဒါတွေကို မတွေးမိဘူးလား၊ ငါတို့ကိုတော့ ဂရုစိုက်ဖို့မေ တော့ဘူးလား.."

"မဟုတ်ရပါဘူးမမရယ်..ကျွန်မမယ်မယ်ကြီးကို ကြောက်တဲ့စိတ် နဲ့.."

"လာပြန်ပြီ..ကဲကွာ.."

နောက်ထပ်ရိုက်ချလိုက်တော့ ဒေါ်ယမုံခင်ကြမ်းပေါ်မှာ မျက်နှာ မှောက်ကျသွားကာ တော်တော်နဲ့ပြန်မော့မလာနိုင်ဘဲရှိလျက်.. ။

"မင်းခဏနေဦးမောင်လေး..ဒီကိစ္စသူ့ကိုရိုက်နှက်ပစ်လိုက်တာနဲ့ ပျောက်သွားမှာမဟုတ်ဘူး၊ ငါတို့ဘယ်လိုရှင်းမလဲဆိုတာ တွေးရမယ်.."

ပြောနေရင်း 'ဘုရား'တ၍ ကိုယ့်ရင်ဘက်ကိုယ်ဖိသည်။ ပြီးတော့ မယုံနိုင်သော စိတ်ပျက်ရွံရှာသောမျက်ဝန်းတို့သည် ဒေါ်ယမုံခင့်ကို အ ကြင်နာကင်းစွာ စူးစိုက်ကြည့်နေခဲ့လျက်.. ။

"နင်ဘယ်လိုသတ္တိတွေနဲ့ ငါတို့ကိုဒီလောက်ထိ လိမ်ရဲခဲ့တာလဲ ဘာဖြစ်ချင်တာလဲ၊ ဘယ်အခြေအနေထိ လုပ်ပစ်ချင်တာလဲ..အခု နင်ဘာ လုပ်လိုက်မိတာလဲဆိုတာရော သိရဲ့လား.."

"ကျွန်မ.."

"လက်အုပ်မချီနဲ့..နင်ဒီလိုပုံစံတွေနဲ့ ငါတို့ဆီရအောင်ဝင်လာ တာ၊ သူတို့ကနောက်ထပ်အမိန့်တွေထပ်ပေးခဲ့ရင် နင်ထပ်နားထောင်ဦး မှာ၊ ဒီစံအိမ်ကလူတွေကို သတ်ပစ်လိုက်ဆိုရင်လည်း နင်သတ်ဦးမှာပဲ.."

ဒေါ်ယမုံခင် ခေါင်းတွင်တွင်ခါရင်း မျက်ရည်လည်းမသုတ်နိုင် မောင်နှမနှစ်ယောက်၏ဒေါသအမုန်းတွေကြားမှာ သူမတစ်ခါတည်းသေ သွားပါရစေလို့ ဆုတောင်းနေရုံအပြင် မတတ်နိုင်ခဲ့ဘဲ.. ။

"ကျွန်မမညာပါဘူး..မယ်မယ်ကြီးတို့ကို ကြောက်တဲ့စိတ်ကလွဲပြီ ဘယ်လိုစိတ်ယုတ်မာမှုလည်း မရှိခဲ့ပါဘူး၊ အိမ်ထောင်သည်ဆိုတဲ့ဘဝ ကို မလွန်ဆန်နိုင်ခဲ့တဲ့အဖြစ်ကြောင့် သားကိုလွှယ်ခဲ့ရတာပါ..အစ်ကို့ရင် သွေး.."

သူမစကား ထစ်ငေါ့သွားခဲ့ပြီးမှ.. ။

"အစ်ကိုလေးရင်သွေးကို လွှယ်ချင်တဲ့စိတ်တွေ..ဒီစံအိမ်ကြီးက ချွေးမဖြစ်ခွင့်ရချင်တာတွေ ဘာဆိုဘာမှမရှိခဲ့ပါဘူး၊ အခု ကျွန်မဒီအပြ



အတွက် ဘယ်လိုပြန်ပေးဆပ်ရမလဲ..ဘာလုပ်ပေးရမလဲပြောပါ၊ မမတို့ ခိုင်းတဲ့အတိုင်း လုပ်မယ်..ထားသလိုနေပါ့မယ်.."

"ဟုတ်တယ်..လုပ်ရမယ်၊ လူတိုင်းက အခွင့်အရေးနဲ့မထိုက်တန် ဘူး..တာဝတိံသာကလူတွေ နင့်ကိုဒီအထိထိန်းချုပ်ထားနိုင်ပြီး ငါတို့က တော့ ဘာလို့ဘာမှမလုပ်နိုင်ရတာလဲ..အဲ့ဒါ နင့်ကိုအခွင့်အရေးတွေပေး ခဲ့လို့.."

သူမ ဒီနေရာနဲ့မထိုက်တန်မှန်းသိနေခဲ့သည်။ ဒါကြောင့် အိမ်ကို ရောက်လာတည်းက အစ်ကိုလေးတွေ မမလေးတွေရောယောင်ခေါ်နေ ခဲ့တာ ခဏခဏ။ နေမင်းသစ်နဲ့အုံးစက်ရာအတူခွဲဖို့မဝံ့ရဲခဲ့ဘဲ သတိလစ် တဲ့အထိ ကြောက်ရွံ့ခဲ့၏။ ဒါတွေက ရိုးသားမှုကြောင့်ချည်းပဲမဟုတ်မှန်း ခွင့်ပြောမှပဲသိခဲ့ရသည်။ ဒီအပြုအမူ နေထိုင်ပုံတွေအပေါ်မှာ နည်းနည်း လေးတောင် သံသယမဝင်ခဲ့ဘဲ သနားကြင်နာစွာ အခွင့်အရေးတွေပေး ခဲ့ကြသည်။ စည်းကမ်းမဲ့ စရိုက်ပျက်ဆိုသော 'မိုးထိ'စံအိမ်က သူမကို ကြင်နာခြင်းတွေနဲ့ ကြိုဆိုခဲ့တာတောင် တစ်ချက်လွှတ်အမိန့်နှင့် လည် ပင်းဓားတင်ပြီး ခိုင်းစေခဲ့သည့်လူတွေအတွက် သူမကအရာရာဖြစ်နေခဲ့ သည်။

ဒေါ်မြင့်မိုရ်စူးစိုက်ကြည့်နေရင်း အံတကြိတ်ကြိတ်ဖြစ်လာခဲ့သည်။ အဖြစ်မှန်ကိုသိလိုက်ရကာမှ သူမအပေါ် သနားညှာတာခဲ့သမျှ မေတ္တာ ကရုဏာတွေအားလုံးက negativeပြနေခဲ့ပြီဖြစ်လျက်.. ။

"နင်ကသခင့်အမိန့်တစ်ရပ်ကို ခေါင်းပေါ်တင်ပြီး ငါတို့အားလုံးအ ပေါ်မှာ တစ်ကိုယ်ကောင်းဆန်လိုက်တာပဲယမုံခင်..မိုးထိစံအိမ်က ချွေးမ ဆိုတဲ့နေရာမပျောက်ဖို့အတွက် ကိုယ့်သားသမီးကို သူများပြောဆိုလွှတ် တဲ့အဖြစ်ထိရောက်အောင် ပါးစပ်ပိတ်နေရက်တယ်.."

"မဟုတ်ပါဘူး..ကျွန်မ.."

"ဟုတ်တာမဟုတ်တာတွေ မပြောနဲ့..မင်းအသံကြားရတာ နလုံး နာတယ်၊ ခုချက်ချင်း ငါတို့မျက်စိရှေ့က ထွက်သွား..ဒီနေ့ကစပြီး မင့် နေရာမှန်ကို ပြန်သွားရမယ်၊ ငါ့ခနီးဖြစ်ခဲ့တဲ့ဘဝကို အိပ်မက်ထဲတောင် ပြန်မမက်မိစေနဲ့..ငါတို့နဲ့နီးကပ်ဖို့ အကြောင်းဆိုရင် ငါတို့စားသောက် ရေးကအစ လုံးဝလာမကိုင်နဲ့ မင်းလုပ်ရမှာက ငါတို့ကွယ်ရာ လူစိမ်း

တွေရဲ့ကွယ်ရာကနေ စံအိမ်တစ်ခုလုံးရဲ့ သန့်ရှင်းရေးအကုန်လုပ်ဖို့ပဲ..”

ဒေါ်ယမုံခင် ကျေကျေနပ်နပ်ခေါင်းညိတ်သည်။ လဲပြိုနေရာမှ မချိ တရိပြန်ထရင်း မအောင်မြင်ဘဲရှိလျှင် ဦးနေမင်းသစ်က စိတ်မရှည်သလို လက်မောင်းတစ်ဖက်ကနေ ဆွဲထူ'မ'လိုက်ရင်း..။

“အခုချက်ချင်း အနောက်ဘက်အဆောင်ကိုပြောင်း..မင်းကိုအဓေ ခံတန်းလျားမှာ မထားသေးတာက ငါ့သားရဲ့ဂုဏ်သိက္ခာ ငါတို့အဆင့် အတန်းမနိမ့်ကျဖို့အတွက်ပဲ..”

မတ်တပ်ရပ်လိုက်တာနှင့် ပြန်လဲတော့မတတ် ယိမ်းယိုင်နေကာ ဒေါ်ယမုံခင် စားပွဲခုံကိုနောက်ပြန်လက်ထောက်ထားလိုက်ရင်း.. ၊

“ဟုတ်ကဲ့ပါ..ဘယ်မှာဖြစ်ဖြစ် ကျွန်မသွားနေပါ့မယ်၊ ဒါပေမယ့် မမ..မမကြီးရယ် သားလေးကိုတော့ အဲ့လိုပြောင်းလဲနေတာကြီး ရှုတ်တ ရက်မမြင်စေချင်လို့ပါ၊ ကျွန်မကိုနောက်ဆုံး ဒီအခွင့်အရေးလေးတော့ ပေးပါမမရယ်နော်..”

“ဘာပြောတယ်ယမုံခင်..ငါ့သားကိုမင်းက သားလို့ခေါ်ရဲသေး တယ်၊ သူ့အတွက် မင်းဘာမှတောင်းဆိုနေဖို့မလိုဘူး..မင်းကိုပြောနေတာ ခု ဒီနေရာကနေ ထွက်သွားဖို့..”

“အစ်ကိုလေးရယ်..သားလေးနေကောင်းပြီး အရင်လိုအလုပ်ပြန် လုပ်တဲ့အထိ ခဏလေးပဲစောင့်ပေးပါနော်..အခန်းထဲမှာပေမယ့် ကျွန်မ ကြမ်းပေါ်မှာ ဆင်းအိပ်ပါ့မယ်..”

“တောက်..”

ဦးနေမင်းသစ်တက်ခေါက်ကာ ဒေါ်ယမုံခင့်လက်ကိုဆောင့်ဆွဲ၍ အခန်းပြင်ထိ တောက်လျှောက်ခေါ်သွားခဲ့ပြီး.. ၊

“အခွင့်အရေးနဲ့မင်းနဲ့တန်လို့လား..ခုချက်ချင်း စံအိမ်ထဲကထွက်..”

“အား..”

တံခါးနားရောက်တာနှင့် ဆွဲထားသည့်လက်ကိုလွှဲ၍ အပြင်ကို တွန်းထုတ်ပစ်လိုက်လျှင် ဒေါ်ယမုံခင်လေးဘက်ထောက်လျက်သား အင့် ခနဲပစ်ကျသွားလေသည်။ အရိုက်အနှက်ခံထားရခြင်း အကြိမ်ကြိမ်အခါ ခါ ပြိုလဲခြင်းတို့ကြောင့် ရှုတ်တရက်မြင်ကွင်းတစ်ခုလုံး မှောင်ကျသွား ခဲ့၏။ သို့သော် သူမလဲကျသွားလို့မဖြစ်။ မအေတစ်ယောက်ရဲ့အဖြစ်



ဆိုးကို သျှန်ဒီတိုင်းမြင်သွားလို့မဖြစ်ပါ။ ပြာမိုက်နေသည့်မျက်လုံးတွေ ကို ဒီတိုင်းခရီးဆက်ခွင့်မပြုဘဲ ပြန်လည်ကြည်လင်လာဖို့ ကြိုးစားထိန်း ချုပ်နေမိစဉ်.. ၊

သား.. ၊

သူမရှေ့မှာ ရပ်လာသောခြေအစုံကိုသိလိုက်သည်။ သျှန်ပဲဖြစ်ကာ သူ့ခြေထောက်ရှေ့ထိ ပစ်စလက်ခက်ပြိုကျလာသည့် ဒေါ်ယမုံခင့်ကို ငုံ့မိုးကြည့်နေ၏။ ဒေါ်မြင့်မိုရ်တို့လည်း ချက်ချင်းကြီးရှေ့ရောက်လာမည် ထင်ခဲ့သဖြင့် အံ့အားတွေသင့်နေခဲ့လျက် မျက်စိမျက်နှာပျက်ကုန်လေ သည်။ ဒီလိုပုံစံနှင့် သျှန်တွေ့သွားခြင်းအတွက် ဘယ်လိုမှမကောင်းနိုင် ဘာကို သိလိုက်သော်လည်း.. ၊

“သား..သူဘာတွေလုပ်ခဲ့တယ်ဆိုတာ သားအဖေသိသွားလို့လေ.. အဲ့ဒါ..”

“သူ့ကိုဖေဖေအပြစ်ပေးနိုင်တာ ဒါပါပဲ..သူ့ကြောင့်ခံလိုက်ရတာ တွေက ဘယ်လိုမှရင်းစားပြန်ယူလို့ မရနိုင်တာတွေ မင်းသိလားသား.. ဒီမိန်းမတစ်ယောက်ရဲ့လက်ထဲမှာ ဖေဖေတို့မျိုးရိုး အားလုံးရဲ့ဂုဏ်သိက္ခာ တွေ ဘာမှမရှိတော့ဘူး..အကုန်လုံးကြေမွပျက်စီးကုန်ပြီ..”

“ဒါပေမယ့် သူကကျွန်တော့်အမေပဲ..”

သျှန့်မျက်လုံးတွေက သူ့ကိုမော့ကြည့်၍ တားဆီးဖို့ကြိုးစားနေ သော ဒေါ်ယမုံခင်မျက်နှာထက်က ဒဏ်ရာတွေမှာ စူးစိုက်နေခဲ့လျက်..၊

“သူဘာတွေလုပ်ခဲ့လုပ်ခဲ့..ဘယ်လိုလူစားပဲဖြစ်ဖြစ် ဒေါ်ယမုံခင် က ကျွန်တော့်အမေပါ..”

“အဲ့ဒီအဖြစ်ကိုရောက်အောင် သူလုပ်ခဲ့တာ..ဒီနေ့ဒီလိုတွေဖြစ်လာ တာကို သူသိနေတယ်၊ ဘယ်လောက်ထိဆိုးရွားကုန်မလဲဆိုတာလည်း သူကြိုတွက်ထားပြီးသား..ငါတို့ကသာ ဘာမှမသိခဲ့ မမြင်ခဲ့ကြတဲ့ငတုံး တွေ၊ ငါကကွယ်ရာမှာ မိန်းမလှောင်ရယ်ခံရတဲ့ယောကျ်ားပဲသျှန်..ဒါကို မင်းက သူ့အတွက်ပြောနေသေးတာလား..”

“တုံးခဲ့ချွန်ခဲ့တာတွေက ဖေဖေတို့ပြဿနာ..ကြားညှပ်ခံခဲ့တာက ကျွန်တော်၊ ဒါပေမယ့် မျိုးနွယ်စုလိုက် ပုတ်ခတ်ငြိငြင်လောက်အောင် ဘာရိုက်တာပျက်ပြားခဲ့တဲ့ယောကျ်ားကလည်း ကျွန်တော့်အဖေပဲ..ဒီ

ယောကျ်ားနဲ့ပေါင်းသင်းဖို့ တာဝန်ပေးခံခဲ့ရတဲ့မိန်းမကလည်း ကျွန်တော့်အမေ..”

“မင်းက ဖေဖေလည်းမှားခဲ့တာပဲလို့ ပြောချင်တာလားသျှန်..”

“မိန်းမသားတစ်ယောက်ကို ကိုယ်ထိလက်ရောက်ရိုက်နှက်အပြစ်မပေးခင်တည်းက ဖေဖေစဉ်းစားသင့်တယ်..”

နီရဲသွားသည့်မျက်နှာသည် သားသမီးကအပြစ်ထောက်လိုက်ခြင်းကြောင့် ပို၍ရုပ်ပျက်ဆိုးရွားစွာဖြစ်ခဲ့လျက်.. ။

“ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အပြစ်လုပ်မိရင် ထိုက်တန်တဲ့ပြစ်ဒဏ်ခံရမှာပဲ..အဲ့ဒီမိန်းမတွေ ဘာလုပ်နိုင်သေးဘဲမင်းသိလား၊ လင်သားတစ်ယောက်နဲ့ အနီးကပ်ဆုံးရန်သူက အဲ့ဒီမိန်းမ..သာသနာကို ဖျက်ဆီးပစ်နိုင်တာလည်း မိန်းမတွေပဲ..”

“တိုင်းပြည်သားကောင်းရတနာတွေ သာသနာ့အာဇာနည်တွေကိုလည်း မိန်းမတွေကပဲ မွေးပေးနိုင်တာပါ..”

“အာဏာသျှန်..”

ဦးနေမင်းသစ်မျက်လုံးတွေ မီးဝင်းဝင်းတောက်ဖြစ်နေခဲ့လျက် ဒေါသံသည်လည်း မညင်သာ.. ။

“ငါကမင်းနဲ့ စကားရှည်လုနေရတာလား..”

“နေရာတကာမှာ အဆိုးအကောင်းဒွန်တွဲနေတာပါဖေဖေ..လက်တစ်ဖက်တည်းမှာတောင် လက်ဖဝါးလက်ဖမိုးကွဲပြားတယ်..”

“လက်ဖဝါးလက်ဖမိုးကွဲပြားနေတာ မင်းထောက်ပြဖို့မလိုဘူး...ငါယူလိုက်တဲ့မိန်းမက ကျွန်ဖြစ်နေတယ်၊ သူနဲ့ငါနဲ့ကနေ ပေါက်ဖွားထားတာမင်းကို..အဲ့ဒီကိစ္စပဲ မင်းသိဖို့ ငါပြောနေတာ၊ ငါ့နောက်ကျောကိုဓားနဲ့ထိုးတဲ့မိန်းမအပေါ် ငါဘယ်လိုဆက်ဆံသင့်လဲ..”

“မိန်းမတစ်ယောက်ကို မိန်းမလိုပဲဆက်ဆံသင့်တယ်ဆိုတာ ဖေဖေမေ့နေတာ..”

သျှန့်မျက်နှာကလည်း အနီရောင်သမ်းလာခဲ့လျက် ဒယိမ်းဒယိုင်ထရပ်လာသည့် ဒေါ်ယမုံခင်ကို လက်တစ်ဖက်နဲ့ ထိန်းဖက်ထားလိုက်ပြီး.. ။

“မိန်းမတစ်ယောက်က လင်ကိုသတ်ပစ်နိုင်တဲ့ အနီးဆုံးရန်သူဆို



ရင် အရာရာကို လွှမ်းမိုးအုပ်ချုပ်နိုင်တဲ့ ယောကျ်ားကဘာလဲ..အဲ့ဒီယောကျ်ားတွေက မိန်းမတွေနဲ့လက်ရုံးချင်းယှဉ်ပြီး ယောကျ်ားကောင်းဖြစ်လာကြတာလား၊ အိမ်ထောင်ဦးစီးယောကျ်ားတွေအားလုံး သူတို့မိန်းမတွေနဲ့ အဲ့လိုပဲယှဉ်ပြိုင်ကြတာလား..”

“အာဏာသျှန်..”

သွေးတွေပေါက်ထွက်လာတော့မတတ် နီရဲသည့်မျက်နှာကြီးနှင့် လက်သီးဆုပ်၍အော်သည်။ ပြီးတော့ အသက်ရှူသံပြင်းနှင့် စကားလုံးတို့ထစ်ငေါ့နေခဲ့လျက်.. ။

“မင်း...မင်းရပ်တည်နေနိုင်တာ မိုးထိစံအိမ်ကအရိပ်ကြောင့်ဆိုတာမေ့နဲ့..”

သျှန်က မထိတထိစိုက်ကြည့်ပြီး အံကြိတ်၏။ ဒေါ်ယမုံခင် သားကိုလည်းမတားရဲ ခင်ပွန်းမျက်နှာကိုလည်း မကြည့်ဝံ့ဖြစ်ရကာ သျှန့်လက်မောင်းကို ပို၍တင်းနေအောင်ဖက်ထားရင်း တုန်ယင်နေလေသည်။

“မင်းမှတ်ထားဖို့က သူနဲ့ပတ်သက်တဲ့တစ်ခြမ်းကို ငါခွင့်လွှတ်ထားလိုက်မယ်..မင်းကငါ့သွေးဖြစ်တဲ့အတွက်..”

“အဲ့ဒါကိုပါ မေ့ထားလိုက်ပါဖေဖေ..”

သျှန်က ပြတ်သားစွာဆို၏။ ပြီးတော့ သူ့လက်ပတ်နာရီနဲ့ကားသော့ကိုပါစုကိုင်၍ ဖြန့်လျက်သားဒရင်ဘက်ဒ်ပေါ် လှမ်းပစ်တင်လိုက်ပြီး.. ။

“မိုးထိစံအိမ်ရဲ့အရိပ်ကျတဲ့ ဘယ်နေရာမှကျွန်တော်မနင်းဘူး..”

“အို..အဲ့လိုဖြစ်ဖို့မလိုပါဘူး၊ သားလေး..”

ဒေါ်မြင့်မိုရ် အထိတ်တလန့်တားဆီးသော်လည်း သျှန်ကလှည့်မကြည့်.. ။

“ကျွန်တော့်ဘဝအတွက် မိဘနှစ်ပါးအမြဲတမ်းရှိတယ်..ဖေဖေ့အတွက် ဘာမှမရှိဘူးလို့ သဘောထားနိုင်ပါတယ်..”

“သားရယ်..ဒီကိစ္စကို အကောင်းဆုံးပြန်စီစဉ်လို့ရပါတယ်၊ သားအမေကိုလည်း ဒီမှာပဲအတူတူထားလို့ရတာပဲ..သားဖေဖေ စိတ်လိုက်မာန်ပါပြောခဲ့သလို မဟုတ်ဘဲ မေမေလေးပြန်စဉ်းစားပေးပါမယ့် နော်သားလေးထွက်သွားဖို့ မလိုပါဘူး..”

"ကျွန်တော်ရှိနေတဲ့နေရာမှာ ကျွန်တော့်အမေက အိမ်ဦးခန်းမှာပဲ ရှိရမယ်.."

"ဒါ..ဒါကတော့သားရယ်.."

"ကျွန်တော်တောင်းဆိုနေတာ မဟုတ်ဘူး..မိုးထိစံအိမ်မှာဖြစ်ဖြစ် လမ်းဘေးကဇရပ်ပေါ်မှာပဲဖြစ်ဖြစ် ကျွန်တော့်ရင်ထဲမှာရှိတဲ့ မေမေ့တန်ဖိုးက အမြဲတမ်းဒီအတိုင်းပဲဆိုတာပါ.."

ပြောပြီးတာနှင့် ဒေါ်ယမုံခင့်လက်တစ်ဖက်ကို ဆွဲကိုင်လိုက်သည်။ ဆံပင်တွေဖရိုဖရဲပြန့်ကျလျက် ဒဏ်ရာတွေနှင့် မိခင်ဖြစ်သူကိုငုံ့ကြည့်ကာ ခါးလေးကနေ ထိန်းဖက်ထားလိုက်ပြီး.. ။

"သွားမယ်မေမေ.."

"မဟုတ်ဘူးလေ..သား၊ ယမုံခင်..ညည်းငါ့သားလေးကို အဲ့လိုခေါ်ထုတ်မသွားနဲ့.."

ဒေါ်မြင့်မိုရ်အရှုံးတပိုင်းဖြစ်ကျန်ခဲ့လျက် လက်ပတ်နာရီနဲ့ကားသော့ဆီ ပြေးကိုင်ကြည့်၏။ သားလေးကလက်ဝတ်ရတနာ ပေးဝတ်ခိုင်းလို့ ဘယ်တုန်းကမှ မရခဲ့ပေ။ ဒါကြောင့် ဒီနာရီလေးကို ဂုဏ်ထူးတွေနဲ့ ဆယ်တန်းအောင်တုန်းက အကောင်းဆုံးဆင်ယင်ပြီး ပေးထားခဲ့တာဖြစ်သည်။ ရိုလက်စ်နာရီထဲမှာမှ စိန်အလုံးရေအများဆုံး အကောင်းဆုံး..၊

"ငါ့သားလေး..ဟင့် ဟီး.."

အသက်ကြီးကာမှ နာရီကိုရင်ခွင်မှာကပ်ပြီး ရှုံးပွဲချငိုလေသည်။ ပြီးတော့ ကားသော့..။ ခေတ်ဆန်တာကို သျှန်ကမကြိုက်။ ကားထည်လဲစီးတာမျိုးလည်း မရှိတတ်ပေ။ သူကြိုက်သည့်ကားဆို အမှန်းစီးတတ်တာကြောင့် ကားသော့မှာလည်း သူ့ရဲ့အငွေ့အသက်လေးတွေ စွဲနေတတ်ရာ.. ၊

"သူ့ဟာသူအပြင်သွားမလို့ ထွက်လာတာ..အဲ့ဒါ မင်းမဆင်မခြင် အော်ဟစ်ပြောဆိုတာတွေကြောင့် ကလေးကကြားသွားပြီး.."

"ငိုမနေပါနဲ့မမရာ..မမသား ကလေးမဟုတ်တော့ဘူး၊ ဖအေကိုပြောသွားတာတွေ မမကြားလိုက်ဘူးလား..ဒီလိုမိန်းမကြောင့်များ မိုးထိစံအိမ်ကိုအာခံပြီး သင်းက ဘာအားကိုးနဲ့လဲ.."

"ဟဲ့..အဲ့ဒါမအေလေ၊ မိဘကိုထိခိုက်လာရင် ဘယ်သားသမီးကခံ



ကလဲ..ငါလည်းမှားတယ် ကိုယ့်ဘက်တစ်ဖက်တည်းကို ကြည့်ပြီး ထင်သလိုပြောဆိုဆုံးဖြတ်နေတာ၊ သူ့သားရှိသေးတယ်ဆိုတာ နည်းနည်းလေးတောင် ထည့်မစဉ်းစားခဲ့ဘူး.."

"စဉ်းစားရမှာက ကျွန်တော်တို့မဟုတ်ပါဘူး..မိုးထိစံအိမ်ကအရိပ်ကိုမနင်းဘူးဆိုရင် သူဘာဖြစ်သွားမလဲ သူစဉ်းစားရမှာ.."

"စဉ်းစားစရာမှ မလိုဘဲ.."

ဒေါ်မြင့်မိုရ်က မျက်ရည်သုတ်လိုက်ရင်း ဦးနေမင်းသစ်ဘက်ကို ပြန်လှည့်လာကာ.. ၊

"ဒီမိုးထိစံအိမ်ကိုပဲ မင်းထည့်ပြောနေတယ်..မင်းပဲမိုးထိစံအိမ်ကို အားကိုးနေတာ၊ မိဘအရှိန်အဝါအားကိုးနဲ့ မိုက်မဲခဲ့တာလည်းမင်းပဲ.. သားပြောသွားတာတွေ အမှန်တွေချည်းပဲ၊ ယမုံမင်းဆီရောက်လာတာ ဘာဝတီသာက သူ့သမီးနဲ့မင်းနဲ့ မပေးစားချင်လို့လေ..ဘာကြောင့်မပေးစားချင်တာလဲ စဉ်းစားဦး.."

"မမဘာဖြစ်လို့ မောင်နှမချင်း ငယ်ကျိုးငယ်နာဖော်နေတာလဲ.."

"ဖော်ချင်လို့မဟုတ်ဘူးနေမင်း..သူများကိုပြောချင်ရင် ကိုယ်အရင်လုံအောင် ထိုင်ရတယ်လေ၊ ငါတို့အပြောအဆိုမတတ်လို့ ငယ်ဟဲ့လူက ခုလိုပြန်ပြောသွားတော့ ကောင်းလား..တကယ်ဆို ယမုံ့ကိုပဲဖိပြောနေမိတာ ငါတို့မှားတာ.."

"မမှားဘူး..လုံးဝမမှားဘူး၊ ပကာသနအရှိန်အဝါဘယ်လောက်အရေးပါသလဲ သင်းမကြာခင်သိတော့မယ်..ငါလုပ်တိုင်းအောင်မြင်တယ်ဆိုပြီး မာန်တွေစွတ်တက်နေတာ၊ ငွေကြေးကြောထောက်နောက်ခံမရှိဘဲ သင်းဘယ်လိုရုန်းကန်မလဲ.."

"အရည်အချင်းရှိတဲ့ယောကျ်ားတစ်ယောက်အတွက် အထုတ်အသည်ပါဖို့ မလိုဘူး.."

ဒေါ်မြင့်မိုရ်ရင်ထဲမှာ သားတစ်ယောက်ကို ဆုံးရှုံးလိုက်ရပြီဆိုသည့် အသိက အရာရာဟာ ဘာမှမဟုတ်တော့သည့်အတိုင်း.. ၊

"မင်းရဲ့ဂုဏ်သိက္ခာကို သားကြောင့်ပြန်ရခဲ့တာ..ငါတို့မှာ မိဘဘိုးဘွားအမွေအနှစ်တွေ ဘယ်လောက်ရှိရှိ ညမှထွက်ရတဲ့ဇီးကွက်လို ခြေသံကြားတိုင်း ခေါင်းလျှိုဝင်နေရတဲ့လိပ်လိုမျိုးပဲ..အသက်ရှိလျက်နဲ့ဘဝသေ

နေခဲ့တာ၊ ဒါတောင် သားကမိဘကို တစ်ချက်မှမငြိုငြင်ဘဲ သူ့အင်အားနဲ့ ပြန်ထူထောင်နိုင်ခဲ့တာ..”

ဦးနေမင်းသစ် ငေးငိုင်တိတ်ကျသွားခဲ့၏။ မိဘတွေက သားသမီးအပေါ်အလိုလိုက် အကြိုက်ဆောင်ခဲ့ကြသည်။ သားသမီးတွေကတော့ မိဘမျက်နှာကိုမကြည့်။ မိဘက စော်ကားခံရမည့်ပါရမီရှင်တွေ ဖြစ်နေရလျက် သားသမီးတွေက သုံးဖြုန်းစော်ကားခွင့်ပါမစ်နှင့် မွေးလာကြသလိုမျိုး.. ။

ကိုယ့်အကြောင်းကိုပြန်တွေးကြည့်လိုက်တော့ ကိုယ်တိုင်မိဘဖြစ်လာကာမှ ဒါကိုဆင်ခြင်မိရသလားလို့ မေးရတော့မယ့်အဖြစ်။ ဒါပေမယ့် ‘ငါ့မိဘတွေလို ငါဝဋ်လည်တာပဲ’လို့တော့ မဖြေနိုင်ပေ။ ကိုယ်ကလုပ်ခဲ့ပေမယ့် ကိုယ့်ကိုခြေရာတိုင်းလာတာကို လက်မခံနိုင်.. ။

“မမတူကို မမသိပ်အထင်ကြီးလွန်းနေတာပါ..”

အံကြိတ်သံနှင့် ပြန်ပြောခဲ့မိလျက်.. ။

“ဒီမအေကိုဖက်တွယ်နေသရွေ့ သင်းကိုသားအဖြစ် လုံးဝမသတ်မှတ်ဘူး..”

## အခန်း(၁၄)

“ကလေးဘယ်လိုနေသေးလဲမောင်မောင်..”

“ကောင်းနေပါပြီ..”

“ကောင်းနေရင်လည်း ကားတိုက်မိတဲ့ကိစ္စ ဘာတစ်ခွန်းမှပြန်မပြောစေနဲ့..မေးလည်းမပြောနဲ့၊ ပါးစပ်ထဲရောက်ရင် ပါးစပ်ပါကျက်သရေသတ်တယ်..”

ဒေါ်မြထွတ်ဦး ကိုယ့်ညီမကိုမမြင်ဘူးသလို နှစ်ခါပြန်ကြည့်မိသည်။ ဒီနေ့‘တာဝတိံသာ’စံအိမ်ကြီးရဲ့ နှစ်ပတ်လည်ပွဲအပြီး ဆယ်ရက်မြောက်နေ့ဖြစ်သည်။ ခါတိုင်းနှစ်တွေဆို မိသားစုဆုံပြီး အလွန်ဆုံးနေမှ သုံးရက်ပဲဖြစ်သည်။ ဒီတစ်ခေါက် စံအိမ်မှာကြာသွားခဲ့တာ ဆယ့်ငါးရက်တိတိ။ ပြန်ကြဖို့ ကိုယ့်ကားတွေပေါ် ပစ္စည်းတွေတင် ပြင်ဆင်နေကြရင်း ဦးမြမင်းစံရောက်လာသဖြင့် ဒေါ်မြပုလဲဖြူက လူမမာမေးခြင်းဖြစ်သည်။ မေးတာက စိုးရိမ်မှုပါမှာပေမယ့် ပြောချင်သည့်အဓိကလိုရင်းက ကားတိုက်မိကြသောပြဿနာကိုသာ.. ။

“မောင်မောင် နင့်သမီးသတိရရချင်း ဟိုအစ်ကိုဘယ်လိုနေလဲ..အသက်ရှင်ရဲ့လားလို့ မေးတာတွေနင်ကြားလား..”

"ကြားပါတယ်မလတ်ရာ..သူတွေ့ခဲ့တာကိုမေးတာ ကျွန်တော်က ပါးစပ်ပြောပိတ်ရမှာလား.."

"ပိတ်သင့်ရင်ပိတ်ရမှာပဲ..ကားချင်းတိုက်မိတာ ဘယ်သူ့ကြောင့်မို့လဲ၊ ဒါကိုပဲသူကဟိုသတ္တဝါကို သွားကယ်လိုက်သေးတယ်တဲ့..ဟွန်း သင်းတို့နဲ့ရှုပ်ရှုပ်ယှက်ယှက်တွေဖြစ်ရတာ ကျက်သရေယုတ်တယ်.."

"မလတ်ကလည်း မယ်မယ့်ထက်ဆိုးသေးတယ်.."

"ဘာ.."

ဦးမြမင်းစံက စကားနည်းပေမယ့် ပြောပြီဆိုလည်း ရင်ထဲရှိသလို တည့်တည့်ပြောတတ်သူ။ ထို့ပြင် တာဝတိံသာစံအိမ်ကြီးမှာ အတူနေသည့် အငယ်ဆုံးသားလည်းဖြစ်ကာ မိခင်၏အထူးချစ်ခင်အရေးပေးခြင်းကို ရရှိထားသူမို့ သူပြောသမျှက အပြစ်မဟုတ် မရှိသကဲ့သို့..၊

"ကဲ..အဲ့ဒါတွေကားထဲထည့်မှာမို့လား၊ ပေး..မကြီးကို.."

မောင်နှမ စကားစပြတ်အောင် ဒေါ်မြထွတ်ဦးက ကြားဝင်ကြိုးပမ်းပါသော်လည်း.. ၊

"ဖယ်ပါ..မမကြီးကဘာကိစ္စ ပုလဲအထုတ်ကိုဆွဲရမှာလဲ..မိကြာဟဲ့..ဘာလုပ်နေသလဲ.."

"လာပါပြီရှင့်.."

"အသံထားခဲ့..လူအရင်လာ၊ ဒီမှာအလုပ်လုပ်နေရတာ ဘယ်မှာသွားကပ်ပြီး အခေါ်စောင့်နေသလဲ.."

အိတ်နှစ်လုံးကို လက်ထဲဆောင့်ထည့်ပေးပြီး ရိုက်ချတော့မလို လက်မြှောက်ရွယ်လိုက်သေးသည်။ ပြီးတော့ ဦးမြမင်းစံဘက်ကို ပြန်လှည့်၍.. ၊

"မောင်မောင်နော်..နင့်သမီးကို အပြင်ထွက်စေချင်တာနဲ့ အလုပ်ကိစ္စတွေအကြောင်းပြ ကျန်းမာရေးတွေအကြောင်းပြနဲ့ ကလေးတွေကို ခေါ်ခေါ်ထုတ်တာတွေ ဆင်ခြင်..မယ်မယ့်နားမှာ ငါ့မောင်လေးရှိနေတယ်ဆိုပြီး မလတ်တို့ကစိတ်ချနေကြတာ၊ ကလေးတွေကြီးလာကာမှ အပြင်ထွက်ရမယ့်ကိစ္စတွေချည်းပဲ.."

"အခု အက်ဆီးဒန့်ဖြစ်တာ ကျွန်တော့်ကိစ္စမဟုတ်ဘူးလေ.."

"ဒါကိုပြောတာမဟုတ်ပါဘူး..နင့်ကိုမယ်မယ် ဘယ်လောက်ထိ



အလိုလိုက်ထားခဲ့သလဲ အားလုံးထက်နင်ပိုသိတယ်.."

"မလတ်ကဘာကိုပြောချင်တာလဲ.."

"ကဲပါ..မလတ်က မောင်မောင့်ကိုဆူနေတာမဟုတ်ပါဘူး၊ မယ်မယ့်ကျန်းမာရေးအတွက် စိတ်ပူလို့ပါ.."

ဒေါ်မြထွတ်ဦးက ဝင်ပြော၍ ညီမဖြစ်သူကို လက်ဖဝါးချင်းဆုပ်ကိုင်လိုက်ပြီး.. ၊

"ကိုယ့်မောင်လေးက ဟိုတုန်းကလို ကလေးလေးမဟုတ်တော့ဘူးလေ..ငါ့ညီမက ချိုချိုသာသာပြောမှပေါ့.."

"ပုလဲကလည်း ဖြစ်သင့်တာကိုပြောမလို့ပါ..မမကြီးမောင်လေးက သူ့ကိုထိတော့မယ်ဆိုရင် သူကအရင်ဦးအောင် မေးခွန်းထုတ်တယ်၊ ဟိုကောင်လေးပြောဆိုသွားတာတွေကြောင့် မယ်မယ်သွေးတွေတိုးပြီး လူမကျဖြစ်သွားတယ်..အခုထပ်ပြီး ဒီကောင်လေးနဲ့အငယ်လေး သွားငြိနေတယ်.."

"ငြိတာမှမဟုတ်တာညီမလေးရယ်..လမ်းပေါ်မှာ မထင်မှတ်ဘဲဖြစ်ကြတာဥစ္စာ၊ ပြီးတော့ သူတို့ချင်းလည်း ဘယ်သူဘယ်ဝါတွေမှန်း သိကြတာမဟုတ်ဘူး..အားလုံးပြီးသွားပြီပဲ.."

ဒေါ်မြပုလဲဖြူကျေနပ်ပုံမရှိပေ။ အာဏာသျှန်ဆိုတဲ့ကောင်လေး ရောက်လာခဲ့တာရော အငယ်လေးနဲ့ကားချင်းတိုက်မိကြတာရော ဒီအဖြစ်တွေဆက်တိုက်ဖြစ်သွားခဲ့သည်။ အိမ်မှာ မယ်မယ်ကကျန်းမာရေးထိခိုက်နေ၏။ မယ်မယ့်ပုံစံ ဒီလိုဖြစ်နေတာမျိုး သူမတို့တစ်သက်မှာ မရှိခဲ့သလောက်ပင်။ မယ်မယ့်လောက် စိတ်ဓာတ်ခိုင်မာတာ မယ်မယ်ပဲရှိသည်၊ ကျန်းမာရေးအထူးဂရုစိုက်ခဲ့သည်။ 'အမြဲတမ်းခိုင်မာခဲ့သည့် တာဝတိံသာ'ဆိုသော ယုံကြည်ချက်ကြောင့် မယ်မယ့်မျက်နှာက အမြဲတမ်းကြည်လင်သန့်စင်နေခဲ့သည်။ ခုတော့ မယ်မယ့်မျက်နှာပန်းလိုညှိုးနေတာ ဟိုကောင်လေးပြန်ထွက်သွားတည်းက.. ၊

"သင်းက ငါ့ကိုစိန်ခေါ်သွားတာလား.."

"ဘိလူးခေါင်းကို သူဆက်ခံမယ်ဆိုတာ တာဝတိံသာကို လက်တုံ့ပြန်ဖို့ စိန်ခေါ်သွားတာ.."

မတူရင် မတုနဲ့ဆိုသည့် မာနရှိပေမယ့် 'တာဝတိံသာ'စံအိမ်ကြီး

ရဲ့ သခင်ကို မျက်နှာတည့်တည့်ကြည့်၍ စိန်ခေါ်ခဲ့သည့် ပထမဆုံးမျက်လုံး ပထမဆုံးစကားသံ.. ။

“ဒီမလောက်လေးမလောက်စားကောင်လေးရဲ့မျက်နှာကို မယ်မယ်မြှောက်လို့မရဘူး..”လို့ ဖွင့်ပြောခဲ့တဲ့အထိ.. ။

“ဟုတ်တယ်..တာဝတိံသာစံအိမ်ကို စိန်ခေါ်သွားတာ..”ဆိုသည့်စကားကို ခဏခဏရေရွတ်ရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေခဲ့၏။ နှစ်ရက်သုံးရက်အကြာမှာတော့ နေမကောင်းဘူးဆိုသည့်အသံထွက်ခဲ့လေသည်။ ထို့ကြောင့် သူမတို့မိသားစုတွေ့ဆုံပွဲအဖြစ် နှစ်ပတ်လည်နေ့ကို ဆင်နွှဲပြီးပေမယ့် မပြန်ဖြစ်ကြခြင်းဖြစ်သည်။

“မေမေ့..လာလေ..”

“အေး..”

အဘွားဖြစ်သူကို ကန်တော့ပြီး ပြန်ထွက်လာသည့် လူလူ ခေါ် လူမင်းရာဇာက ကားထဲဝင်ခါနီး ဒေါ်မြပုလဲဖြူကို လှမ်းခေါ်၏။

“လူလူ..တစ်ရာရှစ်ဆယ်ထိ ငါနင်တို့ကားနဲ့လိုက်ခဲ့မယ်..”

“ကြီးတော်ခွင့်ပြုရင် လိုက်လေ..”

“နော်မေမေ့..”

ဒေါ်မြထွတ်ဦးရဲ့သမီး မြတ်ပန်းသဇင်က ဆံပင်ရှည်တွေကျောလယ်သာသာလောက်နှင့် နဖူးလေးအပြောင်သိမ်းထား၏။ မအေကိုရွှင်တောင်းသလို ပါးတစ်ချက်နမ်းရှုံ့နှင့် အဖြေမစောင့်ဘဲ လူလူတို့ကားဆီပြေးသွားသည်။ မောင်နှမသုံးယောက်မှာ ဒေါ်မြပုလဲဖြူက သားတစ်ယောက်မွေးထားကာ အကြီးဆုံးဖြစ်သည့် ဒေါ်မြထွတ်ဦးနဲ့ အငယ်ဆုံးဦးမြမင်းစံက သမီးတစ်ယောက်စီ။ ‘တာဝတိံသာ’စံအိမ်ကြီးရဲ့ နှစ်ပတ်လည်ကို မိသားစုအစုံလာကြပေမယ့် ခင်ပွန်းသည်တွေက ပြန်နှင့်ကြပြီဖြစ်သည်။

“ဇင်လေးရေ..”

“ရှင်..ဒွေးတော်..”

ဇင် ခေါ် မြတ်ပန်းသဇင်က လူလူ့နားရောက်မှ ပြန်လှည့်ကြည့်သည်။

“သမီးဘွားဘွားအိပ်နေလား..”



“နိုးနေပြီဒွေးတော်..ဇင်တောင် မုန့်ဖိုးတောင်းခဲ့သေးတယ်..”

“ငါ့ကိုတော့ ဘွားဘွားကမတောင်းဘဲနဲ့ပေးတာဗျာ..ဒီလိုပဲလေ၊ နာမည်ကိုက လူမင်းရာဇာဆိုတော့..အဟမ်း အဟမ်း..”

“ဒါပေါ့လေ..လက်ဖက်ရည်ဆိုင်နာမည်လိုလို ဗေဒင်ဟောခန်းနာမည်ကြီးလိုလို အတုံးလိုက်အတစ်လိုက်ကြီးဆိုတော့ ပေါ်လွင်ရှာတာကိုး၊ အဟမ်း..အဟမ်း..”

“အံမာ..ဘွားဘွားကိုယ်တိုင်ပေးတဲ့နာမည်ကို..မဇင်က..”

“ဟား ဟား ဟား..”

မောင်နှမနှစ်ယောက်ရဲ့စကားသံတွေကို ဆုံးအောင်နားထောင်လိုက်သေးသည်။ ပြီးမှ ညီအစ်မနှစ်ယောက် မျက်လုံးချင်းဆုံကာ.. ။

“ပုလဲက မယ်မယ်နဲ့စကားပြောချင်သေးတာ..မမကြီးလိုက်ဦးမလား..”

“လိုက်မှာပေါ့..မနိုးသေးဘူးထင်လို့ စောင့်နေတာဥစ္စာ၊ မောင်မောင်လည်းလာလေ..”

လက်ဆွဲခေါ်မှ ပါလာတော့မှုန်ကုတ်ကုတ်မျက်နှာနှင့်။ ဒေါ်မြပုလဲဖြူကလည်း ရှေ့ကနေလက်ပွေ့အိတ်ချိတ်ပြီး လှည့်မကြည့်တော့ပေ။ မယ်မယ့်အိပ်ခန်းကြီးထဲရောက်တော့ စံအိမ်ကြီးထဲက ဖေဖေ့လူယုံကြီးဦးသက္ကက မယ်မယ့်ခုတင်ခြေရင်းနားမှာ ခုံနိမ့်လေးနှင့်ရှိနေကာ သူ့ပေါင်ပေါ်မှာ ကျောက်သင်ပုန်းတစ်ချပ်နှင့် ကျောက်တံတုတ်တုတ်ကြီးကိုင်ထားလျက်.. ။

“မယ်မယ်..”

“အဲ့ဒီမှာခဏနေကြဦး..”

မောင်နှမသုံးယောက် အခန်းတံခါးဝမှာပဲ ရပ်စောင့်နေကြရကာ ဒေါ်မြမင်းသီရိက မွေ့ရာထက်မှာ ခေါင်းအုံးဆင့်၍ ခပ်လျှောလျှောထိုင်နေရင်း ဦးသက္ကကိုကြည့်ကာ.. ။

“အဲ့ဒါကိုတားဆီးဖို့နည်းလမ်း မင်းရှာပါ..”

“ဟုတ်ကဲ့ပါမမကြီး..”

“ဘဝမှာဖြစ်ပျက်လာသမျှ ကြောင်းကျိုးရလာဒ်တွေက သင်္ချာတွေ..ကိုယ်လိုချင်တဲ့အဖြေကိုရအောင် တွက်ချက်နိုင်ရမယ်..မရဘူးဆိုတာ

ချိုရှားသွားသော နေခဲ့ ကိုသိမ်းဆည်း ပူဇော်ထားတဲ့ယုံကြည်မှုကို မပျောက်ပါစေနဲ့.. နောက်ထပ်ဖြစ်လာနိုင်တာတွေ ငါမသိချင်ဘူး..ဖြစ်မလာတော့အောင် တားဆီးထိန်းထားနိုင်တယ်ဆိုတာပဲ လိုချင်တယ်၊ သွားလို့ရပြီ.."

ဦးသက္ကမျက်နှာမကောင်းစွာ ထရပ်သည်။ ဒေါ်မြထွတ်ဦး ဦးသက္က ရေးခြစ်ထားသည့် သင်ပုန်းဆီလှမ်းကြည့်လိုက်မိပြီး စံအိမ်မှာအဆင်မပြေဖွယ်ဖြစ်လာနိုင်သည့် အခြေအနေတစ်ခုခုရှိနေပြီကို နားလည်လိုက်၏။

"ဘဘနေကောင်းတယ်နော်.."

"ကောင်းပါတယ်သမီးရယ်..ကောင်းပါတယ်.."

ဦးသက္ကက သုံးယောက်စလုံးကို ပြုံးပြပြီး ခေါင်းငုံ့ရင်းထွက်သွားလေသည်။ ဒီအိမ်မှာ နက္ခတ် ယတြာပညာကျွမ်းကျင်သူနှစ်ယောက်ရှိသည်။ ထိုသူတို့သည် ဦးသက္ကနှင့်သူ့ရဲ့ဇနီးဒေါ်သစ္စာဖြစ်ကာ ဇနီးကဆုံးသွားပြီဖြစ်၏။ ဖေဖေနဲ့ဘိုးဘိုးတို့ ရှိနေစဉ်တည်းက ထူးခြားသည့်အိမ်မက်တွေ မက်သည့်အခါ ချွေးမ သားသမီးတွေက ကိုယ်ဝန်ရှိလာတဲ့အခါ အခြေအနေတစ်ခုခု အစပျိုးတော့မည့်အရေးများစွာအတွက် ဦးသက္ကတို့ဇနီးမောင်နှံကိုပဲ နက္ခတ်ထောက်၍ဟောခိုင်းတတ်ခဲ့၏။ ဒီနေ့ ဘယ်လိုအခြေအနေတွေကို တွက်ချက်ဟောသွားခဲ့ပါသလဲ.. ။

"မယ်မယ်နေကောင်းရဲ့လား..မျက်နှာမကြည်သေးသလိုပဲ.."

ဖွင့်ပြောလာမလားလို့ ဒေါ်မြထွတ်ဦးစကားစသော်လည်း.. ။

"ခေါင်းသိပ်မကြည်သေးလို့ပါ..သမီးတို့မပြန်ကြသေးဘူးလား.."

"မယ်မယ့်ကိုနှုတ်ဆက်ကြမလို့ စောင့်နေတာ.."

ဒေါ်မြမင်းသီရိမျက်လုံးတွေက တည်ငြိမ်အေးစက်နေခဲ့လျက် သုံးယောက်စလုံးကို ကြည့်သည်။ ပြီးတော့ ဒေါ်မြထွတ်ဦးထံ အကြည့်ပြန်ရောက်ခဲ့ပြီး.. ၊

"သမီးကိုယ်ပိုင်ဆေးရုံဖွင့်တဲ့အလုပ်က အဆင်ပြေရဲ့လား.."

"ဟုတ်..ပြေပါတယ်မယ်မယ် သမီးကိုယ်တိုင်အချိန်ပြည့်ကြပ်မတ်နေတာဆိုတော့ လစ်ဟာမှုလည်းမရှိဘူး..ခုဆိုနာမည်တောင် ရလာသေးတယ်.."

"အင်း.."



ခေါင်းညိတ်လိုက်ပေမယ့် ကျေနပ်အားရရှိလှတာမျိုးမဟုတ်ဘဲ.. ၊

"သမီးယောကျ်ားနဲ့အဆင်ပြေကြရဲ့လား.."

"ဘာမပြေစရာရှိလို့လဲမယ်မယ်ရဲ့..အစ်ကိုက အရမ်းအေးတာ၊ သူ့အနုပညာအလုပ်သူလုပ်နေရရင် ကျေနပ်နေတဲ့သူပဲ..ပြီးတော့ သူ့သမီးကိုလည်း သိပ်ဂရုစိုက်တာ၊ မယ်မယ့်မြေးက သူ့အဖေလိုပဲ အနုပညာဝါသနာပါနေတာသိလား..ဒါပေမယ့် ပီယာနိုတော့မဟုတ်ဘူး၊ ကချင်ဆိုချင်တာ.."

"ဘာ.."

ဒေါ်မြမင်းသီရိမျက်ခုံးတွေ အကျည်းတန်အောင် ကုတ်ကျသွားတော့ ဒေါ်မြထွတ်ဦးပျာပျာသလဲဖြစ်သွားကာ.. ၊

"ဝါသနာပိုးကိုက်တာမျိုးကြီး မဟုတ်ပါဘူးမယ်မယ်ရဲ့..အိမ်မှာသီချင်းလေးဖွင့်ပြီး ဆိုချင်ကချင်တာလောက်ပါ.."

"လက်နှစ်ဖက်မှာစည်းနဲ့ဝါးကိုင်ပြီး ဖက်ခွက်စားတဲ့သဘင်သည်မီးရောင်စုံအောက်မှာ တွန့်လိမ်နေတာတွေကျတော့ သိက္ခာမဲ့သရုပ်ပျက်တာ၊ မယ်မယ်ဘယ်အနုပညာကိုမှ နားလည်မပေးနိုင်ဘူး..မြေးကိုအဲ့ဒီအတွက် နည်းနည်းလေးမှ လျှော့မပေးနဲ့နားလည်လား.."

"ဟုတ်ကဲ့.."

ဒေါ်မြထွတ်ဦး မျက်နှာငုံ့ကျသွားလျက် ခေါင်းပဲညိတ်နေခဲ့၏။ နောက်တစ်ယောက်ထံ အကြည့်ရောက်သွားသော်.. ၊

"သမီးငယ်ကရော.."

"သမီးလည်းအေးဆေးပဲမယ်မယ်..သမီးတို့ကုမ္ပဏီက ကော့စမတ်တစ်တွေက နာမည်ကြီးဘရန်းဒ်ထဲမှာ ထိပ်ဆုံးကပါနေတာ၊ ပြီးတော့ ခုလုပ်တဲ့အလုပ်လည်းမဟုတ်ဘူး.."

"ကျော်မြတ်ခေါင်အလုပ်ကရော အဆင်ပြေရဲ့လား.."

"ပြေတယ်လေ..သူ့ရှိုးရွမ်းကကားတွေက ယူ့စ်တွေမှမဟုတ်တာဘရန်းဒ်နယူးတွေမှကြိုက်ကျတဲ့သူတွေဆို ကိုကိုကျော့်ဆီမှာချည်းပဲ..နောက်ရှိုးရွမ်းထပ်ဖွင့်တာလည်း အဆင်ပြေတာပဲ၊ မယ်မယ့်သမက်က အရမ်းတော်တာ..သမီးကလည်း ယောကျ်ားဖြစ်ပြီး အိမ်ကပ်ချင်တဲ့အကျင့်ရှိရင် အဲ့ယောကျ်ားကို အထင်ကြီးလို့ကိုမရတာ.."

ရည်ရွယ်တာကတော့ အစ်မဖြစ်သူကိုမဟုတ်ပါ။ ဒါပေမယ့် ပြော ပြီးမှ အားနာသွားကာ ဒေါ်မြထွတ်ဦးကို တစ်ချက်ငဲ့ကြည့်၏။ ပြီးတော့..

"ကိုယ့်ဘာသာပြောလိုက်တာပါ.."

"မမကိုပြောတယ်လို့လည်း မထင်ပါဘူးညီမလေးရယ်..အစ်ကို့ကို မမကအဲ့လိုလူစားလို့ ထင်ခဲ့တာမှမဟုတ်တာ၊ ကိုယ်ထင်ရင် ခုတင်ရှေ နန်းပေါ့.."

"ပြီးတာပဲ..အဟွန်း.."

"သားငယ်လည်း ကျောက်မျက်ရတနာ ရောင်းဝယ်တာတွေ အ နည်းဆုံးခြောက်လထိ ရပ်ထားရမယ်.."

ဟင်.. ၊

သူ့ကျမှ မေးမြန်းစစ်ကြောခြင်းမရှိဘဲ စီရင်ချက်ကျလာသဖြင့် ဦး မြမင်းစံ မျက်ခုံးပင့်သွားသည်။

"ကျွန်တော့်ကျမှလားမယ်မယ်..မမကြီးတို့ကိုမေးသလို မေးမှာ လားလို့ ကိုယ့်လုပ်ငန်းကိုပြန်ပြီး စီစစ်နေတာကို.."

"သားငယ်ကမယ်မယ့်မျက်စိအောက်မှာ လုပ်ကိုင်နေတာကို ဘာ မေးစရာလိုလို့လဲ.."

"ဒါပေမယ့်.."

"မယ်မယ်အဓိကပြောချင်တာ သားငယ်ပဲ.."

သြော်..မိုးကြိုးက လူကိုပစ်ချရင်း သစ်ပင်ကိုထိသွားတာပဲ။ ကိုယ့် နဖူးကို ငယ်ထိပ်ထိပွတ်သပ်နေမိလျက် ဘာမှမပြောဘဲ နေလိုက်ရသည်။

"သားငယ်က ရှေးဟောင်းပစ္စည်းတွေဝယ်စုတယ်..စိတ်ဝင်စားဖွယ် တွေကြားရင် ပစ္စည်းနောက်တကောက်ကောက်လိုက်တယ်၊ အဲ့ဒီအလုပ် တွေကို မယ်မယ်မကြိုက်ဆုံးပဲ.."

'ကျွန်တော့်ကိုဆို မယ်မယ်သဘောကျချစ်မြတ်နိုးတာ ဘာရှိလို့ လဲ'ဆိုသည့် မေးခွန်းမဟုတ်သော ပုစ္ဆာတစ်ပုဒ်ကရင်ထဲမှာ ချက်ချင်းဖြစ် ၏။ ဒီသားကိုအလိုလိုက်ဆုံးဆိုတာကိုက မလိုလားဖွယ်တွေ အလုပ်ဆုံး သားလို့ သတ်မှတ်ခံရခြင်းဖြစ်တာကို နားလည်နေသည်။

"နောက်ထပ်အရေးကြီးတာက ကလေးတွေရဲ့မင်္ဂလာကိစ္စစီစဉ်ရ မယ်.."



"ဟင်.."

"ဟုတ်တယ်..သမီးလည်း မယ်မယ့်မြေးကို အိမ်ထောင်ချပေးဖို့ စိတ်ကူးမိနေတာ ဒီကောင်လေးအပေါင်းအသင်းသိပ်မင်တာ၊ မိန်းက လေးတွေပါပါတော့ ပိုဆိုးတယ်..ညညဆို ဂိမ်းဆော့တာနဲ့ဖုန်းပြော.."

ဒေါ်မြပုလဲဖြူ စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားကာ မျက်လွှာ ငဲ့ကြည့်လိုက်တော့ ဒေါ်မြမင်းသီရိ၏တရားခံဖမ်းသည့်မျက်လုံးတွေ နှင့် တန်းခနဲ.. ၊

"မြေးကိုဖုန်းကိုင်ခွင့်ပေးထားတာလား.."

"ဟိုလေမယ်မယ်..အဲ့ဒါက.."

ဖြေရှင်းဖို့ခက်တော့ အစ်မဖြစ်သူကို စစ်ကူတောင်းသလိုငဲ့ကြည့် သည်။ ဒေါ်မြထွတ်ဦးက လက်ကိုင်အိတ်ကို ပေါင်ပေါ်မှာပဲတစ်ချက်ပြင် လိုက်ပြီး.. ၊

"ရန်ကုန်မှာတော့ ဖုန်းလုံးဝမသုံးရဘူးတားထားလို့ မရဘူးမယ် မယ်..ညီမလေးက သမီးကိုတိုင်ပင်ပါတယ်..လူငယ်တွေဆိုတာက တား သားရင် ပိုလုပ်ချင်တာ၊ သူငယ်ချင်းတွေလုပ်နေတာ သူတို့လုပ်ခွင့်မရ ရင်လည်း ငြိုငြင်လာမှာစိုးသေးတယ်.."

"ဖုန်းကိုင်ခိုင်းတာကို မယ်မယ်ပြောနေတာမဟုတ်ဘူး..အင်တာ နက်သုံးခွင့်ပေးနေတာ မယ်မယ့်ကိုဂရုမစိုက်တာလား.."

"ပြောရှုပ်ရတဲ့ဖုန်းက ကလေးကစားစရာလောက်ပဲ ရှိတော့တာ မယ်မယ်..သမီးတို့မယ်မယ်စကားကို အထူးဂရုစိုက်ပြီး ထိန်းကျောင်းနေ တာပါ..ဖုန်းသုံးခိုင်းပေမယ့် ကန့်သတ်ချက်နဲ့ပါ မယ်မယ့်မြေးတွေက လည်း နားထောင်ကြပါတယ်.."

သည်စကားအရ ညီအစ်မနှစ်ယောက်စလုံး ကလေးတွေ ဖုန်းသုံး ခွင့်အတွက် တက်ညီလက်ညီခွင့်ပြုနေကြပြီဆိုတာ ဒေါ်မြမင်းသီရိသ ဘောပေါက်သွားသည်။ မျက်နှာသည်လည်း ညို့မှိုင်းနေခဲ့လျက်.. ၊

"ငါ့မိသားစုတွေ စည်းပေါက်နေတာ ငါသိမှမသိခဲ့ဘဲ.."

"မယ်မယ်.."

ဒေါ်မြထွတ်ဦး ဖြေရှင်းဖို့ဟန်ပြင်လိုက်ပေမယ့် ဒေါ်မြမင်းသီရိ လက်ကာတားလိုက်သဖြင့် ဆက်မပြောရဲ.. ၊

"ကျွန်တော့်သမီးကတော့ ဒီနေ့ထိအင်တာနက်ဆိုတာ ဘာမှန်း တောင်မသိရှာပါဘူး.."

ဒေါ်မြမင်းသီရိက မျက်တောင်ဖျားတို့ စင်းကြည့်လာခဲ့လျက်.. ၊

"ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ခံရတဲ့ သားသမီးဖြစ်လာ တဲ့အတွက် သားငယ်ဂုဏ်ယူရမှာ.."

'ကျွန်တော်ကတော့ ဒီလိုမထင်' ဆိုသည့်မျက်ဝန်းတို့ကို ဖျတ်ခနဲ လွှဲပစ်ကာ မျက်နှာပါငိုသွားခဲ့၏။ ဒေါ်မြထွတ်ဦးတို့က မြင်သည်။ မောင် နှမသုံးယောက်ထဲမှာ ဂျစ်တိဂျစ်ကန်နိုင်ဆုံး မောင်အငယ်ဆုံးလေးမို့ မိ ဘဘိုးဘွားတွေရော အစ်မတွေကပါ စုပြုံအလိုလိုက်ခဲ့ကြသည်။ သူကျ မှ မယ်မယ်နဲ့အတူနေရသည့် သားဖြစ်နေခဲ့တာကလည်း မယ်မယ့်အချစ် တွေပါ.. ၊ ဒါပေမယ့် ဦးမြမင်းစံဘယ်တုန်းကမှ ဒီအဖြစ်ကို ဂုဏ်ယူဝင့် ကြွားခြင်းမရှိခဲ့သလို စိတ်ကျဉ်းကျပ်လာတိုင်း ဤကဲ့သို့ မထိခလုတ် ထိခလုတ်နှင့်.. ၊

"မယ်မယ့်ကို တစ်ခုလောက်ပြောပါရစေ.."

ဒေါ်မြထွတ်ဦးက ခွင့်တောင်း၍ ဦးမြမင်းစံကို လှမ်းကြည့်ကာ..၊

"မောင်မောင့်ကို အိမ်ထောင်အရင်ချပေးသင့်လားလို့ပါ.."

"အံမယ်..မမကြီးနော်.."

"မင်းကငယ်သေးတယ်လေ..စောစောစီးစီးမုဆိုးဖိုဖြစ်နေခဲ့တာ ခု ထိပြဿနာမရှိပေမယ့် ကိုယ့်သားသမီးအိမ်ထောင်ကျသွားခဲ့ရင် မောင် မောင်တစ်ယောက်တည်း.."

"မွေးတည်းက တစ်ယောက်တည်းမွေးလာတာ.."

"ဟုတ်တယ်..မောင်မောင့်ကိုတော့ အိမ်ထောင်ထပ်မချပေးပါနဲ့ တော့၊ ကိုယ့်မောင်လေးကို ဘေးမှာပိုင်ရှင်ငုတ်တုတ်ကြီးနဲ့ မမြင်ချင်ပါ ဘူး.."

ဒေါ်မြပုလဲဖြူကတော့ စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်ပြီး ညီအစ် မချင်းသဘောတူညီမှုကလည်း လိုချင်သေးသည်။

"မမကြီးစဉ်းစားကြည့်လေ..သမက်ကသားဖြစ်နိုင်တယ်၊ ချွေးမ ကတော့ သမီးမဖြစ်နိုင်ဘူး..ဒီနေ့ထိ မယ်မယ်စိတ်ချမ်းသာနေရတာ ချွေး မမရှိလို့..ချွေးမနဲ့အတူနေရရင် လွယ်မယ်မှတ်လို့.."



"ချွေးမဆိုတာလည်း ကိုယ့်သွေးသားတွေပဲ ညီမလေးရယ်.."

"သွေးသားအစွန်အဖျားတွေလေ..ချွေးမဖြစ်မလာခင်ကအကောင်း ချွေးမဖြစ်လာပြီးရင် အချိုးပြောင်းသွားမှာပဲ."

ဒေါ်မြထွတ်ဦးက ပြုံးလိုက်ကာ.. ၊

"ညီမလေးနဲ့မမလည်း သူများချွေးမပဲ..စကားပြောရင် နောက် ကြောင်းလုံမှ ပြောရတယ်.."

"လုံတယ်လေ..ကိုယ့်ကိုယ်ကိုသိနေလို့ ပြောတာပဲဟာ၊ ယောက္ခ မကို အမေလိုသဘောထားဖို့က ဖြစ်ကိုမဖြစ်နိုင်တာ..ကိုယ့်အမေမှမ ဟုတ်တာကြီးကိုမကြီးကလည်း၊ တစ်ခုခုငြူစူပြောဆိုပြီဆို မယ်မယ်ဆို ငါ့ကိုအဲ့လိုဆူမှာမဟုတ်ဘူးလို့ တန်းတွေးတာ..အဲ့မှာ အဆင်မပြေတာ တွေ စတာပဲ.."

ဒေါ်မြမင်းသီရိက သမီးပြောပြနေတာကို နားထောင်ရင်း နှုတ်ခမ်း မှာပြုံးယောင်သမ်းနေခဲ့၏။ အခြေအနေသည် အဆင်ပြေချောမွေ့လာ သည်သို့ရှိခဲ့လျက်.. ၊

"မယ်မယ့်လိုစည်းကမ်းကြီးတဲ့ ယောက္ခမမျိုးဆိုရင် ဒီချွေးမဘယ် လိုတွေးလာမလဲ..ပုလဲက ကိုယ့်ဘက်ကိုယ်ယက်ပြောတာ မဟုတ်ဘူး နော်၊ အမေလို သမီးလိုသဘောထားနိုင်တယ်ဆိုတာ အလကားအပိုတွေ"

"လူတစ်ဦးနဲ့တစ်ဦး ချစ်ကြမှန်းကြတာဟာ သွေးသားတော်စပ် ခြင်းမစပ်ခြင်းနဲ့ မဆိုင်ဘူး..ရင်းနှီးမှုရှိကြတာ မရှိကြတာနဲ့လည်းမဆိုင် ဘူး၊ သူတို့ချင်းဘယ်လိုတော်စပ်ပတ်သက်ခဲ့ကြသလဲဆိုတဲ့ ရှေးရေစက် အကြောင်းတရားနဲ့ပဲဆိုင်တယ်..ဥပမာ သားငယ်နဲ့မယ်မယ့်ကိုကြည့်.."

ဒေါ်မြမင်းသီရိကပြုံးနေပေမယ့် ဦးမြမင်းစံနားမလည်စွာ မော့လာ သည်။

"ဘေးကဆွေမျိုးအသိုင်းအဝိုင်းတွေ ဘာပြောပြော မယ်မယ့်သမီး တွေက မယ်မယ်ဘာပြောပြောမှုတတယ် ဘာလုပ်လုပ်နည်းလမ်းကျ တယ်ဆိုတဲ့အမြင်နဲ့ နာခံကြတယ်..သားငယ်ကျတော့ မယ်မယ့်စည်း ကမ်းသတ်မှတ်ချက်တွေမှာ လိုအပ်ချက်ရှိနေတယ် တင်းကျပ်လွန်းတယ် လို့မြင်နေတယ်.."

"ဟာ..အဲ့လောက်မဟုတ်ပါဘူး.."

"ဟုတ်တော့ဟုတ်တယ်မို့လား.."

ဒေါ်မြထွတ်ဦးက ချစ်စနိုးစနောက်မေးတော့ ဦးမြမင်းစံက နှုတ်ခမ်းပွတ်ရင်း ငယ်ထိပ်ထိလက်ရောက်သွားခဲ့လျက်.. ။

"အမြဲတမ်းပြည့်ဝမှန်ကန်နေတဲ့သူဆိုတာ မရှိဘူးလေ..မယ်မယ့်စိတ်နဲ့ကျွန်တော့်အတွေး တစ်ခါတလေတစ်ထပ်တည်းမကျတာမျိုးတော့ရှိတာပေါ့..မကြီးတို့က မျိုးသိပ်ကြတယ်၊ ကျွန်တော်ကမျိုးသိပ်မထားတတ်ဘူး..မိဘနဲ့သားသမီးကြားမှာ ဒီလောက်တော့ရှိကြတာပဲဟာ.."

"နင်ကတော့ နင့်သမီးမျက်နှာလေး ကွက်ကွက်လေးပဲမြင်တာပါ မောင်မောင်ရယ်..သမီးနဲ့ပတ်သက်ရင် အစ်မတွေလည်းချန်မထားဘူး ယောက်ဖဆိုပိုဆိုး.."

"ကိုယ့်အကန့်နဲ့ ကိုယ်နေလေ.."

"တွေ့လား.."

ပြောရင်းနဲ့ ပိုဆိုးလာတော့ ဒေါ်ပုလဲဖြူကလေးလို နှုတ်ခမ်းကိုက်မိမတတ်မချင့်မရဲဖြစ်သွားခဲ့၏။ မောင်မောင့်ကိုဆို သင်ပေးသလိုလို ကဲ့ရဲ့သလိုလိုနှင့် နေရာတကာဝင်ပြောတတ်သူက ကိုယ့်ခင်ပွန်းပဲမို့ ဒီစကားက တည့်တည့်ထိ၏။ ဒေါ်မြမင်းသီရိက လက်ကာတားလိုက်ပြီး..

"တော်ကြတော့.."

သုံးယောက်စလုံး အသံတိတ်သွားကြမှ.. ။

"သမီးတို့ကိုယ့်အိမ်ထောင်ရေးကို ထိန်းသိမ်းရမယ်..ဘယ်လိုအကြောင်းတွေပဲရှိလာလာ ကိုယ့်ရဲ့အိမ်ထောင်ဖက်အပေါ် နားလည်ဖို့ကြိုးစား..တစ်ခုလပ်တစ်လင်ကွာမိန်းမတစ်ယောက်ထက် မုဆိုးမကပိုပြီးဂုဏ်သိက္ခာရှိတယ်၊ ပြီးတော့ သမီးတို့ခင်ပွန်းတွေ ယောက္ခမတွေက မသိတဲ့သူစိမ်းတွေမဟုတ်ဘူး..ကိုယ့်ဆွေမျိုးသားချင်းတွေ.."

"ဟုတ်ကဲ့ပါမယ်မယ်.."

ညီအစ်မနှစ်ယောက် ပြိုင်တူခေါင်းညိတ်ကြ၏။ ဦးမြမင်းစံက ခပ်တည်တည်မျက်နှာနှင့်.. ။

"ကျွန်တော်က မုဆိုးဖိုဖြစ်ပြီးသားဆိုတော့ ခေါင်းမညိတ်လို့ရတယ်မို့လား.."

"ကောင်စုတ်လေး.."



အနီးကပ်ထိုင်နေသည့် ဒေါ်မြပုလဲဖြူက ဦးမြမင်းစံနှာခေါင်းကို ဆွဲလိမ်ပစ်ပြီး ရယ်ကာ.. ။

"သူ့လောက်စကားအထာအနကောက်တာ မရှိဘူး.."

မောင်အငယ်ဆုံးလေးမို့ ချစ်ကြတဲ့အထဲ ဒေါ်မြပုလဲဖြူကတော့ အစားဖော်လည်းဖြစ်ခဲ့သည့် မောင်မောင့်ကိုပိုချစ်လေသည်။ ရန်ဖြစ်နေရတတ်ပေမယ့် ကွယ်သွားတာနှင့် ဖုန်းဆက်တိုင်းမောင်မောင့်ကို ခေါ်ပေးပါဦး စကားပြောချင်လို့ ဆိုတာမျိုး.. ။

"မောင်မောင်မှာထားတဲ့ ပန်းချီကားတွေထားလို့ အဲ့ဒီကောင်စုတ်လေး ဖုန်းခေါ်လည်းမကိုင်ဘူး.."စသဖြင့် သူမဆီရောက်လာသမျှ အကြောင်းအရာတွေထဲမှာ မောင်ငယ်အတွက် တစ်ခုခုကမပါမပြီး.. ။

"ပြီးတော့ ရှိသေးတယ်..ကိုယ့်သားသမီးတွေကို မျက်ကွယ်ရာမှာ ချော့အောင်မထားနဲ့၊ ကိုယ့်ရှေ့မှာဆို လိုအပ်တာမှန်သမျှ ဘာဖြစ်ဖြစ် ဖြည့်ဆည်းပေး..ကောင်းတာလည်းသိရမယ် ဆိုးတာလည်းသိရမယ်၊ အဘူးသဖြင့် သမီးငယ်က သားလေးမွေးထားတာနော်.."

"မယ်မယ်ပဲအိမ်ထောင်ချပေးတော့မှာဆို.."

"မှန်တယ်..ဒါပေမယ့် ကြီးစဉ်ငယ်လိုက်သွားရမယ်၊ မြေးမြတ်ပန်းသင်္ခကိုအရင်..ပြီးမှ လူလူ၊ လူလူပြီးမှ ကနုတ်.."

"ကနုတ်က အငယ်ဆုံးလည်းဖြစ်တယ်၊ ငယ်လည်းငယ်ပါသေးတယ်.."

ဒေါ်မြမင်းသီရိက လှည့်ကြည့်လျှင်.. ။

"သဘောပြောတာပါ..ချပေးမယ်ဆိုလည်း ဖြစ်ပါတယ်၊ အဟမ်း..ဟမ်း.."

ဘာမှမဟုတ်သလို ချောင်းဟန့်လိုက်သေးသည်။ ပြီးတော့အစ်မနှစ်ယောက်ကိုကြည့်၍.. ။

"ဟုတ်တယ်လေ..ကနုတ်က မယ်မယ့်မျက်စိအောက်မှာပဲနေတာ၊ ပြီးတော့ အဲ.."

တစ်ခုခုပြောချင်ပေမယ့် မပြောတော့ဘဲ.. ။

"မကြီးတို့ကလေးတွေအတွက် မယ်မယ်ကပိုစိတ်ပူတာ.."

"စီနီယာအတိုင်း သွားရမှာပဲ.."

ဒေါ်မြမင်းသီရိက စကားဖြတ်ပြောလိုက်ပြီး.. ၊

"ဒါပေမယ့် မင်္ဂလာကိစ္စဆိုတာ နှစ်ဦးနှစ်ဖက်ဆုံးဖြတ်ရတာဖြစ်တဲ့ အတွက် ကိုယ့်သဘောနဲ့ချည်းမဖြစ်ဘူး..နောက်ပြီး လူများစုထဲမှာရွေး ရတာမဟုတ်တဲ့အတွက် ခက်ခဲတယ်.."

"ဆွေမျိုးတွေထဲမှာ နောက်ပေါက်တွေကထင်သလိုနေ ထင်ရာလုပ် လာပြီ..လူကြီးပိုင်းတွေက မရှိကြတော့ဘူးကိုး..ကျွန်တော်ပြောချင်တာ က ဆွေမျိုးချင်းမှ တော်ဝင်မျိုးနွယ်ကျမှုဆိုတာတွေ ရေရှည်တည်တံ့ဖို့ မလွယ်တော့ဘူးလို့.."

"အဲ့ဒါတွေ နင်ပူပန်ဖို့မလိုပါဘူးမောင်မောင်ရယ်..မသိရင်ရှေ့ရေး နောက်ရေး ပူပန်နေသလိုလို.."

"အဟွန်း.."

"မသိရင်ခက်မယ်.."

"မလတ်တို့က ကျွန်တော့်အကြောင်းကျွန်တော်ထက်ပိုသိနေတာ ကိုလိုချင်တာ.."

"ကဲ..ညီမလေးရေ၊ မယ်မယ့်စကားရှေ့မဆက်နိုင်တော့ဘူး..နင်တို့ နှစ်ယောက်လေးဆယ်ကျော် ငါးဆယ်တွေဖြစ်နေပြီနော်၊ ခုထိ မျက်နှာ ချင်းဆိုင်ရင် ရန်ဖြစ်ချင်တုန်း.."

"ကဲ..ကဲ မြေးတို့စောင့်နေကြတယ်မို့လား၊ ပြန်ကြတော့ အချိန်လင့် နေဦးမယ်..မင်္ဂလာကိစ္စအတွက် သဏ္ဍာန်တိုင်ပင်ဦးမယ်၊ သမီးတို့တွေတာ ရှိရင်လည်း မယ်မယ့်ဆီအကြောင်းကြား.."

တကယ်တမ်းကျတော့ မယ်မယ်ပဲသူ့စိတ်ကြိုက်စီမံတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မြထွတ်ဦးက ကျေနပ်ပါသည်။ အပြင်ထွက်လာကြရင်း ပြုံးလည်းပြုံးမိ ညည်းလည်းညည်းမိကြရင်း.. ၊

"စိတ်ညစ်ပါတယ်..ပုလဲက လူလူ့ကိုအိမ်ထောင်ချပေးစေချင်တာ ဇင်ကအရင်ဖြစ်နေတယ်.."

"မယ်မယ်က စိတ်ကူးရင် လက်ကတစ်ခါတည်းပါတတ်ပါတယ်.. ညီမလေးသိပ်စောင့်ရမှာမဟုတ်ပါဘူး.."

"အောင်မလေးမလတ်ရာ..ကိုယ့်ကလေးကို သူများကောက်စား သွားမယ့်ကိစ္စ ဘယ့်နှယ်မြန်လေကောင်းလေဖြစ်နေတာလဲ.."



"နင်မသိပါဘူးဟာ..လူလူကအရမ်းဆိုးတာ၊ သူငယ်ချင်းတွေနဲ့ ပျော်ပါးချင်နေတာနဲ့..ဖုန်းတစ်လုံးနဲ့ဂိမ်းဆော့ သူငယ်ချင်းတွေထား ည်းစားတွေထား သူ့ကိုယ်သူဖုန်းတစ်လုံးနဲ့ ပရိုဂရမ်မာကြီးကျနေတော့ ဘယ်.."

"အဲ့ဒါမသုံးဘူးတဲ့သူတွေ အင်တာနက်သုံးတတ်လာရင် ဖြစ်လေ့ ဖြစ်ထရှိတဲ့ရောဂါပဲ..လက်လေးနဲ့ထိပြီး ပေါ်ခိုင်းပျောက်ခိုင်းရတာတွေ ာယူတာတွေ ဘာလုပ်လုပ်ဖြစ်နေတာကို ပညာရှင်ကြီးတွေလိုမျိုး.."

"ဟုတ်တယ်..အဲ့ဒီအတိုင်းပဲ.."

မောင်နှမသုံးယောက်စလုံး တာဝတိံသာစံအိမ်ကြီးရဲ့ ဘေးတံခါး ာနေ အိမ်ရှေ့လမ်းမကြီးဆီ အတူလျှောက်လာခဲ့ကြရင်း.. ၊

"မလတ်တို့က ရန်ကုန်မှာနေပြီး ကလေးတွေကို အတင်းထိန်းချုပ် ကြိုးစားနေတာကိုး..မယ်မယ်မကြိုက်ပေမယ့် ကာလ ဒေသအရတော့ လျှော့သင့်တာလျှော့ရမှာပေါ့..ခုမှ ဖုန်းသုံးတတ်တော့ ဒီအရွယ်ကျမှ က လေးလို ဖင်လှန်ရိုက်ပစ်လို့လည်းမရ.."

"ဟုတ်ပါတယ်ဟယ်.."

"မလတ်တို့ရဲ့လိုက်လျောခြင်းတွေက ကလေးတွေအရွယ်ရောက် ာမှဖြစ်နေတော့ ဖင်မနိုင်ခေါင်းမနိုင်တွေဖြစ်လာတာပေါ့..အဲ့ဒါတွေ ယ်မယ်သိလည်း သိတဲ့နေ့ မလတ်မလွယ်ဘူးမဲ့.."

"ဟုတ်တယ်.."

မောင်နှမနှစ်ယောက်သင့်မြတ်နေပြီဆိုလည်း ကြီးတဲ့သူကခေါင်း ာညိတ်ညိတ်နှင့်ရှိနေတတ်ကာ.. ၊

"နင့်သမီးကို ငါတို့ဝင်ကြည့်ဦးမယ်.."

စိတ်ညစ်တာကို ဘေးဖယ်၍ ဒေါ်မြပုလဲဖြူက ခြေလှမ်းပြင်သည်။ မြမင်းစံတို့သားအဖက တာဝတိံသာစံအိမ်ကြီးရဲ့ ဘေးရေကူးကန်တစ် ခြားလျှက် တည်ရှိနေကာ.. ၊

"ဘာလုပ်မလို့လဲ..နေကောင်းနေပြီဥစ္စာ၊ မလတ်တို့ပြန်ဖို့နောက် နေလိမ့်မယ်.."

"ဘကျော်ကျော်တို့က.."

"မယ်တော်ကြီးက လိုက်ပို့ဖို့မှာထားလို့လေ..ရန်ကုန်ထိသမီးတို့

ကားရှေ့က ဘကျောက်ကမောင်းမှာ.."

"ဦးမောင်က သမီးတို့နောက်ကလိုက်မောင်းမှာ.."

"သြော်..မယ်မယ်ကလည်း ပူတတ်လိုက်တာ၊ တော်ကြာအိမ်မှာ လူနည်းနေတုန်း သွားဖို့လာဖို့ကိစ္စရှိလာမှဖြင့်.."

ဒေါ်မြထွတ်ဦးက မိခင်ကိုစိတ်ပူနေ၏။ ဦးကျောက်ဆူးကပြုံးကာ..

"စိတ်မပူနဲ့သမီး..ကိုပေါ်တို့ကို ဘကျောက်သေချာမှာထားခဲ့တယ် ကားမောင်းနိုင်တဲ့လူတွေချည်းပဲ.."

သူမတို့နှုတ်ဆက်၍ ကားတွေပေါ်အသီးသီးတက်ကြတော့ ဒေါ်မြ ပုလဲဖြူက ဦးမြမင်းစံနဖူးကို တယုတယပွတ်သပ်၍ မျက်ရည်ဝဲနေ ကာ.. ၊

"ငါ့မောင်လေးနဲ့ဝေးသွားရင် မမကရန်မဖြစ်ရလို့ အရမ်းလွမ်း တာ.."

"အဟွန်း.."

"မယ်မယ့်ကိုစိတ်ချမ်းသာအောင်ထားနော်..အတိုက်အခံစကား တွေ သိပ်မပြောနဲ့၊ မယ်မယ့်မျက်နှာညိုတာနဲ့ မမတို့ကိုဖုန်းဆက်.."

မှာကြားသမျှ မိခင်ဖြစ်သူအတွက်ချည်းဖြစ်ကာ ကိုယ့်မောင်လေး ရဲ့စိတ်ကို သိထားသဖြင့် ပူပင်မိတာလည်းပါသည်။ သို့သော် ပစ္စုပ္ပန် သည် သူမတို့ပူပင်ပြင်ဆင်နေသမျှနှင့် မသက်ဆိုင်သော အနာဂတ်ဆီ သို့ တိုက်ရိုက်ဦးတည်နေပြီးဖြစ်လျက်.. ၊

မနက်ဖြန်တွေကို ဘယ်သူမှမပိုင်.. ၊

☎

## အခန်း(၁၅)

"အေး..သူလာမှာမဟုတ်ဘူး၊ ငါပဲလာမှာ..မီတင်ကို နေ့လည်တစ် ာရီလို့ပြောင်းလိုက်.."

"..............."

"အတွင်းရေးမှူးကိုပြောလိုက်..ပြီးခဲ့တဲ့မီတင်မှာ တင်ပြခဲ့တဲ့ဒေတာ တွေရော ခုလိုအပ်တဲ့ဖိုင်အားလုံးပါအောင် ယူလာခဲ့လို့.."

ဖုန်းချပြီး ဒီဘက်လှည့်ရှိသေးသည် နောက်ဖုန်းတစ်လုံးက ထ မြည်၏။

"ဟလို.."

"............"

"ဘယ်မှာလဲ..ဘဏ်အသစ်က.."

"..................."

"ကျွတ်.."

ဖုန်းချပြီးတဲ့အထိ ဒေါသတွေထွက်နေတာ ခန္ဓာကိုယ်မှာပိုးကောင် တွေ ဝိုင်းကိုက်နေသလို ခံရခက်နေ၏။ သိပ်မကြာခင် ဒေါ်မြင့်မိုရ်က ၁န်းလာပေးပြန်ကာ.. ၊

"လာတာသုံးခါရှိပြီ..မင်းဖုန်းပြောနေတုန်းချည်းပဲဖြစ်နေလို့.."

"အဲ့ဒါမမကိုင်လိုက်တော့ မရဘူးလား.."

"အဲ့ဒီအာမခံလုပ်ငန်းကိစ္စတွေ အစတည်းကစိတ်မဝင်စားလို့ နိုင်ငံခြားထွက်သွားခဲ့တာ.."

ကြည့်လိုက်တော့ ကျသွားပြီမို့ ဦးနေမင်းသစ်က ဖုန်းကိုရှူးကော့ပေါ်လှမ်းတင်လိုက်ကာ.. ။

"မမက အဲ့ဒါတောင်စိတ်မဝင်စားဘူးပြောနေတယ်..အခုဘဏ်တွေ ဖွင့်ထားတယ်၊ ရက်ဆော့ဒ်ပရောဂျက်တွေကပါသေး.."

"ဟင်.."

"ဘဏ်တွေအပြင် အသေးစားငွေစုငွေချေးထိ နယ်မှာဆိုက်ဒ်ခွဲတွေလုပ်ထားတာရော မမသိလား.."

မသိဘူးလို့ မပြောနိုင်ဘဲ တအံ့တသြကြည့်နေမိတော့သည်။ အံ့လည်းအံ့သြ အထင်လည်းကြီးမိကာ.. ။

"ငါ့သားလေးက အဲ့လောက်တောင်တော်နေတာလား.."

"တော်တာပေါ့..ငွေတွေကြိုက်သလို ဖုံးကြဲလို့ရနေတာကို.."

"ဖုံးကြဲသမျှ အခိုးအငွေ့ဖြစ်သွားရင်တော့ ဘယ်သူမှတစ်ခုပြီးတစ်ခု တိုးပွားမလာဘူးနေမင်း..ကိုယ့်ဟာကိုယ်မနိုင်မနင်းတွေဖြစ်လာကာမှ လုပ်ထားခဲ့တဲ့လူကို ဒေါသထွက်မနေပါနဲ့၊ သားသမီးက တိုးတက်အောင်မြင်အောင်လုပ်နိုင်တာကို ဝမ်းသာဂုဏ်ယူရမယ့်အစား ဘယ်လိုဘာမျိုးလဲ..မင်းက.."

"တော်ပါတော့မမရာ..မမထိုင်ပြီး ကဲ့ရဲ့နေတာနဲ့ပဲ ကျွန်တော်တစ်လောကလုံးနဲ့ စစ်ခင်းရတော့မယ်.."

ပြောနေတုန်း ဖုန်းဝင်လာသဖြင့် ဦးနေမင်းသစ်က လှည့်တောင်မကြည့်ဘဲ ထထွက်သွား၏။

"ဟဲ့..ကိုင်လိုက်ဦးလေ၊ ဒီလိုပဲ မန်နေဂျာနဲ့ပူးတွဲပြီး တဖြည်းဖြည်းလုပ်သွားရင် ရတာကို.."

ပြောနေရင်း ကိုယ်ပဲကိုင်လိုက်ရကာ.. ။

"ဟလို.."

"အဲ..ဆရာမရှိဘူးလားခင်ဗျ၊ ကျွန်တော်က ကျွန်းဆွယ်ရက်ဆော့ဒ်ပရောဂျက်ကိုင်ထားတဲ့ အင်ဂျင်နီယာစိုးလွင်အောင်ပါ.."



"ဟင်..အဲ၊ အေး ပြောလေ၊ သားကခရီးထွက်သွားလို့.."

သူ့ဖုန်းကြီးကိုင်ပြီး လူမရှိဘူးပြောနေရသဖြင့် မုသာဝါဒစကားကလည်းချောင်းကို ကုတ်ခြစ်နေလေသည်။ တစ်ဖက်ကလည်း အသံခဏတိတ်သွားသည်။ ပြီးမှ.. ။

"ကြော်ငြာရိုက်မယ့်ကိစ္စတွေ ဆရာ့ဆီကလာမှာ မလာသေးလို့ပါ..ဆရာတခြားဖုန်းများကိုင်သွားလားမသိဘူး၊ ကျွန်တော်သိတဲ့ဖုန်းတွေတစ်လုံးမှ မကိုင်လို့ပါ.."

"မကိုင်..အဲ မသိပါဘူးကွယ်၊ ဒါနဲ့ကျွန်းဆွယ်ရက်ဆော့ဒ်ပရောဂျက်ဆိုတာက ပြီးနေပြီလား..ကျွန်းဆွယ်ဘယ်နေရာလဲ.."

"အဲ့ဒါ.."

တစ်ဖက်က ဘယ်လိုထင်သွားသည်မသိဘဲ တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီး တော်တော်နဲ့မဖြေ။ ထိုစဉ် ဦးနေမင်းသစ်ပြန်ရောက်လာပြီး ဖုန်းကိုပြောင်းယူလိုက်၏။

"ဟော့..အန်ကယ်လ်က သူ့အဖေပါ.."

"ခင်ဗျာ..ဟုတ်ကဲ့ပါခင်ဗျ.."

"အေး..အဲ့ဒီပရောဂျက်ကိစ္စ အရေးတကြီးဆုံးဖြတ်ဖို့ရှိနေရင် သားလုပ်ခဲ့တဲ့အပိုင်းအားလုံး လောလောဆယ်အန်ကယ်လ် တာဝန်ယူရမှာဆိုတော့ အစအဆုံးအထိ အန်ကယ်လ်သိဖို့လိုတယ်.."

"ဟုတ်ကဲ့ပါ.."

"အဲ့ဒီပရောဂျက်အတွက် အဓိကတာဝန်ယူထားတဲ့လူတွေအားလုံးကို အရေးပေါ်အစည်းအဝေးလုပ်ဖို့ မင်းပဲတာဝန်ယူပေးပါ.."

"ခင်ဗျာ.."

ဘယ်လိုထင်ထင် မတတ်နိုင်ပေ။ သားရဲ့အတွင်းရေးမှူးတွေ မန်နေဂျာတွေလည်း ကိုယ်မသိ။ လုပ်ငန်းအားလုံး သျှန့်လက်ထဲမှာ ထူထောင်လာပြီဆိုတည်းက သူတစ်ချက်မှပြန်မကြည့်ခဲ့တော့တာမို့ သိချင်လာကာမှ မတတ်နိုင်.. ။

"ဟုတ်ကဲ့ပါအန်ကယ်လ်..ကျွန်တော်ဆရာ့မန်နေဂျာနဲ့ ချိတ်လိုက်ပါမယ်.."

"အေး..အေး သဲ့နဲ့ယူ.."

ဖုန်းချလိုက်တာနှင့် အပြစ်တင်ဖို့စောင့်နေသည့် ဒေါ်မြင့်မိုရ်က ခါးထောက်လျက်သား.. ၊

"ဘယ်လိုတွေပြောလိုက်တာလဲမောင်လေးရယ်..မေးတာက အခြားနည်းနဲ့မသိမသာမေးလို့ မရဘူးလား.."

"ကျွန်တော်ကဘယ်လိုမေးနေလို့လဲ.."

"လုပ်ငန်းအားလုံး အန်ကယ်လ်ပဲတာဝန်ယူမှာဆိုတာကြီးက ကိုယ့်အိမ်ထဲမှာဘာတွေဖြစ်နေတယ်ဆိုတာ ထုတ်ကြော်ငြာလိုက်တာနဲ့ မတူဘူးလား.."

"ဖုံးဖိနေရင် လူပိုစိတ်ဝင်စားတယ်မမ..လူတွေအကျင့်က နှိုက်ထုတ်တူးဖော်ရတာကို ကြိုက်တယ်၊ ဖုံးထားရင် ဖွင့်ကြည့်ချင်တယ်..ဘယ်လိုပုံစံဖြစ်သွားသွား မမတူကိုယ်တိုင်ထင်ရာလုပ်သွားတာ ကျွန်တော်ကဘာကိုဂရုစိုက်ရမှာလဲ.."

"စိုက်ရမှာပေါ့..ငါ့သားလေးမှာ ဘာလုပ်ငန်းမှမရှိတော့ဘူးဆိုတာ သိရင် ငါ့သား.."

"သူ့ဆီကဘယ်သူက ပြန်ယူတာလဲ..သူ့ဟာသူဖုန်းနံပါတ်တွေပြောင်း၊ ကိုင်တဲ့ဖုန်းထားခဲ့.."

"ဘာပဲဖြစ်ဖြစ် မင်းကဖုံးဖုံးဖိဖိလုပ်ရမှာနေမင်း.."

"သူ့အတွက်ဖုံးဖိနေရင် ကျွန်တော်မှဘာမှမသိတဲ့အဖြစ်ကနေ သိတဲ့ကောင်တွေကို ခယမေးမြန်းနေရမှာပေါ့.."

ဒါလည်းဟုတ်နေတာမို့ ဒေါ်မြင့်မိုရ်ငြိမ်သွားခဲ့သည်။ ဒီသားအစ မပြေလည်ခြင်းနဲ့ မိုးထိစံအိမ်ရဲ့အတိတ်အကြောင်းတွေက ဒီနေ့ပျက်စီးဆုံးရှုံးခြင်းတွေ ဖြစ်လာဖို့လား.. ၊

"ဟလို.."

"............"

"ဘယ်လို..ဘယ်လို.."

ဦးနေမင်းသစ်ရဲ့ဒေါသမကင်းသော မေးခွန်းပုံစံကြောင့် ဒေါ်မြင့်မိုရ်ကမန်းကတန်းအနားရောက်သွားခဲ့လျက် ဖုန်းနားအတင်းကပ်နားထောင်မိ၏။ ဒါပေမယ့် မကြားရဘဲရှိကာ..



"အပန်းဖြေသဘော်အတွက် စာရင်းပိတ်စာချုပ်ဟုတ်လား.."

ဘုရား.. ၊

ဒေါ်မြင့်မိုရ်တအံ့တသြဖြစ်သွားခဲ့လျက်.. ၊

"နေပါဦး..အပန်းဖြေသဘော်ကြီးတစ်စီးလုံးကို.."

"မောင်လေး.."

ဖုန်းထဲမှာအကျိုးမဲ့မေးခွန်းတွေပါသွားမှာစိုးရိမ်ကာ ဒေါ်မြင့်မိုရ်အသည်းအသန်လိုက်ပိတ်ရကာ ဖုန်းချလိုက်တာနှင့် ပြဿနာစလေသည်။

"ရက်ဆော့ဒ်တွေထောင်တာ ကျွန်တော်လည်းသိပါတယ်..ဒါပေမယ့်ကျွန်းဆွယ်ထိရောက်သွားတာ မလွန်ဘူးလား၊ သူ့ရက်ဆော့ဒ်တွေအတွက် အပန်းဖြေသဘော်စီစဉ်ထားတယ်တဲ့..လူလေးလက်မလောက်နဲ့ဘာလဲ..ကမ္ဘာကြီးကို ခါးစောင်းတင်မလို့လား.."

"မင်းကအလုပ်ကိုကြောက်နေတော့ အဲ့လိုမြင်တာလေ..သူကမာကက်တင်းအမြင်ရှိတာကိုး၊ အကုန်ခံနိုင်တဲ့လူတွေများ စားစရာမရှိတာထက် အပျော်အပါးဘက်ကို သိပ်အကုန်ခံကြတာ..အကုန်မခံနိုင်တဲ့လူတွေလည်းခံတယ်၊ အကုန်ခံနိုင်တဲ့လူတွေများ အပန်းဖြေရေးအတွက်ဆိုဘာသုံးသလဲမမေးနဲ့..အခု ဘာဖြစ်လို့လဲ၊ သူလုပ်သွားတာတွေကို မင်းလက်လျှိုဝင်ရုံပဲမဟုတ်ဘူးလား.."

"သဘော်ကျင်းကို ရှင်းရမယ့်ငွေအမောင့်က နည်းမလားမမရာ..ကျွန်တော်လည်း အဲ့ဒီကိစ္စတွေစိတ်မဝင်စားဘူး၊ စိတ်မဝင်စားတာကို ဦးဆောင်နေရင် ဟိုဟာမသိ ဒီဟာမသိတွေက သူ့ကောင်တွေဟားတိုက်စရာတွေ ဖြစ်ကုန်မှာပေါ့.."

"မဆိုင်ပါဘူးမောင်လေးရယ်..ကိုယ်ကလူကြီးပဲ၊ သားမလာခင်အထောဝင်ထိန်းတဲ့ပုံစံနဲ့ အကဲခတ်နေရုံပဲပေါ့..သားမရှိလည်း သားရဲ့လူယုံတွေက နားလည်မှာပါ၊ ပြီးတော့ သူ့အလုပ်ကို ဖအေရတ်တရက်ဝင်နိုင်မှာမဟုတ်ဘူးဆိုတာ သားသိမှာပါ.."

"ဘာလဲ..မမက မမတူအကူအညီပေးမှာကို မျှော်လင့်နေတာလား"

"မမျှော်လင့်ပါဘူး..သူ့အလုပ်တွေ သူပဲပြန်လုပ်လာဖို့ပြောနေတာ"

"အဲ့လိုဆန္ဒတွေရှိနေလည်း ပြန်ရုတ်သိမ်းလိုက်တော့..သွေးကသွေးသားကသားပဲ၊ ကျွန်တော့်ကို ဘယ်လိုအဖေလဲလို့ တစ်လောကလုံးမေး

ကြပေ့စေ..မိဘမေတ္တာကို မပြနိုင်ပေမယ့် မာနဆိုတာ မိဘမှာလည်းရှိတယ်၊ သားသမီးမို့ အများကြီးလိုက်လျောခဲ့ပြီးပြီ..နောက်ထပ်မရတော့ဘူး..”

မာကျောပြတ်တောက်သည့် လေသံဖြစ်သွားတော့ ဒေါ်မြင့်မိုရ်ရဲ့ ဒြလို ကြည့်လိုက်မိ၏။ ခုနကနဲ့ခုနဲ့ ဘယ်လိုတွေခြားနားသွားခဲ့တာလဲ.. ။ နားလည်ဖို့ကြိုးစားပေမယ့် နားမလည်နိုင်.. ။

ဦးနေမင်းသစ်ရင်ထဲမှာတော့ အချစ်ကြောင့်နာကျင်မှုတို့ အဆင်သင့်ခဲ့ရတာပဲဖြစ်သည်။ ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ ဘယ်ဆွေမျိုးတွေရဲ့ပါစေ သားကိုသူ သူငယ်ချင်းပေါင်းပေါင်းခဲ့သည်။ ငါ့သားလေးက ငါ့ထက်အများကြီးတော်တယ်ဆိုပြီး ဂုဏ်ယူခဲ့ရတာ ပီတိအဖြာဖြာနှင့် သင်းကတော့ ငါမရှိရင် ဒီအဖေဘာမှမလုပ်တတ်ပါဘူးဆိုသည့်မာန်မာနတွေ အပြည့်အဝပြသွားခဲ့သည်။ သားသမီးနဲ့မိဘ ဒီလောက်ထိပြတ်သားကြဖို့ လိုသလား.. ။ ကိုယ်လုပ်စရာရှိတာလုပ်နေရင်း စိတ်ဆိုးတုန်းခဏရင်မဆိုင်ကြဘဲ နေလိုက်ရင်ရောမရဘူးလား.. ။

ထို့ကြောင့် ရှက်လည်းရှက်မိပါ၏။ လူကြီးရှက်တော့ရယ်ဆိုပေမယ့် တစ်နာရီထက်တစ်နာရီ ခံစားလာရသည့်ရင်ထဲမှာ နေမြင့်လေအရှုရင့်လေလို ဖြစ်ခဲ့သလိုမျိုး.. ။

ဒီနေ့ကစပြီး သားတစ်ယောက်ရှိတယ်ဆိုတာကိုတောင် မေ့ထားလိုက်ဖို့ ဆုံးဖြတ်၍.. ။

## အခန်း(၁၆)

“ဒီမိတင်ကို ဘာအတွက်လုပ်တာလဲ..ဘယ်သူ့ကိုစောင့်နေသေးတာလဲ..”

စားပွဲထိပ်ကုလားထိုင်မှာ ထိုင်ချလိုက်သည်။ သူ့ရဲ့ညာဘက်ဘေးခုနစ်လုံးကလွဲလျှင် စားပွဲရှည်၏တစ်ဖက်တစ်ချက်မှာလည်း သူ့နေရာနဲ့သူလူစုံနေပြီဖြစ်သည်။ အစည်းဝေးစဖွင့်ဖို့ ချောင်းဟန့်ခဲ့တာလည်း နှစ်ခါ၊ ဒါနဲ့တောင် သူ့ထံရောက်မလာသည့် အားလုံး၏အာရုံက ဘယ်ဆီကိုချဲ့ထွင်မျှော်လင့်နေကြတာလဲ.. ။

ထိုအချိန်မှာ ဖုန်းထမြည်တော့ ဦးနေမင်းသစ်ဘယ်သူ့ကိုမှမကြည့်ဘဲ ဖုန်းထုတ်ကိုင်ပြီး အပြင်ထွက်လာခဲ့သည်။ ဒီဖုန်းကိုဖြေချင်လွန်းလို့မဟုတ်ပေ။ တဆစ်ဆစ်တိုးဆောင့်နေသည့်ဒေါသက တစ်ခုခုလုပ်ပစ်ချင်နေတာမို့ ထွက်ပေါက်ပေးလိုက်ခြင်းသာ။ ထို့ကြောင့် ဘယ်သူ့ဖုန်းဖြစ်ဖြစ် တစ်ချက်မှလှည့်မကြည့်ဖြစ်ဘဲ ဒီတိုင်းပိတ်ထားလိုက်ကာ.. ။

“တောက်..”

ဒေါသဖြစ်လွန်းသဖြင့် တက်ခေါက်ပြီး ဒီဘက်လှည့်လိုက်မိလျှင်

“သူဌေးခင်ဗျ..”

သျှန့်မန်နေဂျာအောင်နိုင်က သူ့အားရောက်လာပြီး တောင်းပန်သည့်မျက်ဝန်းတို့ဖြင့်ရှိရင်း.. ।

"ထိုင်းကိုယ်စားလှယ်နှစ်ယောက် မရောက်သေးလို့စောင့်နေတာပါ..ဒီအစည်းအဝေးကလည်း ကျွန်တော်တို့ပရော့ဂျက်တစ်ခုလုံးကို ပရက်ဇန်တေးရှင်းလုပ်မှာ.."

"နေပါဦး..သူတို့သိချင်လို့ အစည်းအဝေးလုပ်ရတယ်ဆိုတော့ သူတို့က.."

"ကျွန်းဆွယ်ပရော့ဂျက်အတွက် သူတို့ကဆပ်ပလိုင်းလုပ်မယ့်သူတွေပါ.."

ဦးနေမင်းသစ်မျက်နှာ တင်းခနဲဖြစ်သွားသည်။

"လုပ်ငန်းတစ်ခုထူထောင်တာ သူများဆီက ဆပ်ပလိုင်းမလိုပါဘူး..အဲ့ပရော့ဂျက်အတွက် ဘက်ဂျက်ဘယ်လောက်တောင် ထွက်နေလို့လဲ.."

မန်နေဂျာက ပြောရခက်သွားသလိုနှင့် ပြုံးရမလိုမဲ့မလို မနေတတ်မထိုင်တတ်ရယ်သည်။ ပြီးတော့ ဦးနေမင်းသစ်နားလည်အောင်ရှင်းပြဖို့ သေချာစဉ်းစားနေရခြင်းဖြင့် လက်ဟန်တွေပါလာခဲ့ပြီး စကားသံက နောက်ကျနေခဲ့လျက်.. ।

"ဒီလိုပါသူဌေး..ဆရာကလည်း အရင်းအနှီးလိုနေလို့ သူတို့ရဲဆပ်ပလိုင်းကို မျှော်လင့်နေတာမဟုတ်ပါဘူး၊ နိုင်ငံခြားနဲ့ကူးသန်းရေးအတွက် အဓိကရည်ရွယ်တာပါ..ပြီးတော့ ကျွန်းဆွယ်အနောက်ဖျားက ကြက်လျှာစွန်းကို လေယာဉ်ဆင်းဖို့အတွက်ပါ စီစဉ်ထားတာဆိုတော့.."

"ဘာ.."

"ဂျာကြီး ကိုယ်စားလှယ်အဖွဲ့ရောက်လာပါပြီ..သူတို့က ငါးယောက်တောင်ဆိုတော့.."

တစ်ယောက်ရောက်လာပြီး သတင်းပို့လျှင် မန်နေဂျာပျာပျာသလဲဖြစ်သွားကာ..

"ဟေ..နေရာမြန်မြန်လုပ် ကုလားထိုင်ထပ်တိုး ချက်ချင်းစီစဉ်ပါကွ..သူဌေးကျွန်တော့်ကို ခွင့်ပြုပါ.."

ခေါ်တော့သူဌေး..။ သူ့ညွှန်ကြားချက်လည်း ဘာမှထပ်မယူဘဲ



အားလုံးပျာယာခတ်နေကြသည်။ စိတ်အချဉ်ပေါက်လာပေမယ့် သူမသိဘာတွေ ရှိသေးတာမို့ မတတ်နိုင်။ ထို့ပြင် မြန်မာစကားကောင်းကောင်းပြောနိုင်သည့် ထိုင်းနှစ်ယောက်နှင့်ပြောနိုင်သည့်သုံးယောက်တို့ သူ့ကိုအံ့တသြကြည့်ကြကာ... ।

"သူဌေးက ကိုအာဏာသျှန်နဲ့စကားပြောချင်ပါတယ်တဲ့.."

သူတို့ချင်းခေါင်းချင်းဆိုင်ပြီးတိုင်း မြန်မာစကားကျွမ်းကျင်သည့်တစ်ယောက်က ဒီဘက်ကိုလှည့်ပြောလာခဲ့လျက်.. ।

"ကျွန်တော်တို့က ကိုအာဏာသျှန်နဲ့ချိန်းထားလို့လာကြတာပါ..သူဘာလို့ရောက်မလာတာလဲမသိဘူး.."

"အဲ..ဆရာက.."

အတွင်းရေးမှူးက ဘာပြောရမှန်းမသိတော့ဘဲ နာရီတစ်ချက်ပင့်ကြည့်သည်။ ပြီးမှ ဦးနေမင်းသစ်ဆီ လက်ဝါးဖြန့်ညွှန်ပြလိုက်ပြီး.

"ဆရာ့အဖေပါ..လောလောဆယ် ဆရာ့ကိုယ်စားပရော့ဂျက်ပြီးတွက် စီမံမယ့်သူပါ.."

တစ်ဖက်က translatorနဲ့ပြောပေမယ့် သျှန့်အတွင်းရေးနေ့အထိုင်းလိုပဲ တိုက်ရိုက်ပြန်ပြော၏။ လူငယ်တွေ တယ်ဟုတ်ပါ ဒိုက်နဲ့ဦးနေမင်းသစ် သဘောကျသွားမိသည်။ အတွင်းရေးမှူးတောင် ၁.ပြည်စကားကျွမ်းကျင်တယ်ဆိုတော့ သျှန်ရောပဲလား.. ।

"မဟုတ်ဘူးခင်ဗျ..သူဌေးက ကိုအာဏာသျှန်ပါဝင်မှုမရှိတော့ဘူးဆိုရင် သူလည်းဆက်လုပ်ဖို့ ဆန္ဒမရှိဘူးလို့ပြောပါတယ်၊ အဲ့ဒီတော့ ကိုအာဏာသျှန်နုတ်ထွက်သွားတာလား..ခဏလား သိချင်ပါတယ်.."

ဦးနေမင်းသစ်နှုတ်ခမ်းသားတို့ ခပ်တင်းတင်းဖိကပ်သွားသည်။ ပြီးမှ.. ।

"အဆင်ပြေပါတယ်..အာဏာသျှန်က ပြန်လာဖို့မသေချာဘူး.."

သူပဲတည်ငြိမ်စွာ ဝင်ပြောလိုက်မိရင်း.. ।

"ဆိုတော့ မင်းတို့သူဌေးလည်း အဆင်ပြေသလို ဆုံးဖြတ်ပါစေ.."

သူတို့ချင်း ခေါင်းချင်းဆိုင်၏။ ထို့နောက် မီတင်ပြီးဆုံးခဲ့လေသည်။ အတွင်းရေးမှူးက ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်ကျန်ရစ်ခဲ့ပြီး မန်နေဂျာက မျက်နှာပျက်ပျက်နှင့်.. ।

"သူငွေး.."
"ပြော.."
သူ့ရှေ့ကနေ ခပ်ရှိရှိလာရပ်လိုက်ပြီး.. ။
"ဆရာက သူ့အလုပ်ကိုပစ်ပြီး ကြာကြာနေမှာမဟုတ်ပါဘူး..အ
လုပ်ကိစ္စတွေက အားလုံးပြီးနေကာမှ.."
"မင်းကဘာပြောချင်တာလဲ.."
"ဟို..ဒီလိုပါ၊ ခုလိုအပြတ်မပြောသေးဘဲ 'ရှဉ့်လည်းလျှောက်သာ
ပျားလည်းစွဲသာ'လေး ပြောထားလိုက်ရင်.."
"ပျားလည်းစွဲမှာမဟုတ်ဘူး..ရှဉ့်လည်းလျှောက်ဖို့မရှိဘူး၊ အ
ကျုပ်ပြောလိုက်တာ ပြီးသွားပြီ..မင်းကဘာကိုမျှော်လင့်နေတာလဲ.."
မန်နေဂျာက ခေါင်းငုံ့သွားပေမယ့်.. ။
"သူတို့ ဆရာ့ဘက်ကအိုခေရင် အချိန်တစ်ခုခုတော့ပေးကြမှာပါ
ဘူး..၁;;နဲ့ဆရာ ဘယ်လိုသဘောတူထားကြတာကို မသိပေမယ့် ဒီပ
လဲ.." ၁ ဆရာအရမ်းပင်ပန်းထားတာ..ရင်းနှီးမြှုပ်နှံထားတာတွေ
မီး.."
မထိုင်ဝ "ဒီမှာမောင်အောင်နိုင်.."
သေချ "ဟုတ်ကဲ့.."
နောင "အာဏာသျှန်နဲ့ကျုပ်တို့ အိမ်တွင်းရေးကို မောင်ရင်ဘာသိသလဲ.."
"မသိပါဘူး.."
"အေး..မသိရင် ကျုပ်ရှေ့ကခုလိုတားဆီးပြီး ဆန္ဒပြုတာတွေ အ
ကြံပေးတာတွေ နောက်မလုပ်နဲ့..အာဏာသျှန်ဘယ်တော့မှ ပြန်ရော
လာမှာမဟုတ်ဘူး.."
အောင်နိုင်က အသက်သုံးဆယ်ခန့်ရှိကာ အာဏာသျှန်ကိုချစ်ခင်
လေးစားပုံရှိတာလည်း သိသာသည်။ ထို့ပြင် အတွင်းရေးမှူးရန်ပိုင်က
လည်း ဖုန်းပြောနေရင်း ဒီကိုလှမ်းတကြည့်ကြည့်.. ။
"နောက်ထပ်ပြောချင်တာက အာဏာသျှန်ရှိမှဖြစ်မယ့် ဘယ်အ
လုပ်မဆို အကုန်ကဲန်ဆယ်လ်လုပ်ပစ်လိုက်..လုပ်ငန်းအားလုံး နားလိုက်
ရရင်လည်း ကျုပ်ဂရုမစိုက်ဘူး.."
ဦးနေမင်းသစ် ဒီတိုင်းပြောပြီး အပေါ်ထပ်ကိုတက်လျှောက်



ာက်လာခဲ့သည်။ ရုံးခန်းထဲဝင်လိုက်တာနှင့် LEDဓာတ်ပုံကြီးက ညာ
ာက်နံရံအပြည့် နေရာယူထားသဖြင့် သူ့ခြေလှမ်းတွေတုံ့သွားသည်။
ဓာတ်ပုံကြီးကို သူ့မွေးနေ့မှာ မိတ်ဆွေရင်းတစ်ယောက်က အမှတ်တရ
ပ်ပေးထားတာဖြစ်သည်။ ဓာတ်ပုံထဲက သုံးချိုးနှစ်ချိုးပုံဖြစ်ကာsnap
otကနေ ပုံကြီးချဲ့ခဲ့တာဖြစ်သည်။ ကျောပေးထားသည့်အနေအထား
ကနေ တစ်ခုခုကိုနောက်ဆံတင်းပြီး ပြန်ငဲ့ကြည့်လိုက်တာမျိုး။ ပခုံးစွန်း
မေးဖျားကပ်နေလျက် ကော့ထင်းနေသည့်နှာတံက ဒီတိုင်းနေတာ
ာက် ပိုပေါ်နေသည်။ ခပ်စိုက်စိုက်မျက်တောင်ဖျားတို့က ထူထူသိပ်သိပ်
နေကြကာ သိမ်းလှန်ထားသည့် ဆံပင်ရှည်တွေနဲ့ ရုတ်တရက်ကြည့်
ျင် မြန်မာတစ်ယောက်နဲ့တောင် မတူပေ။ ဒီပုံကြီး သူ့ရုံးခန်းမှာ လာ
ပ်ကြတယ်ဆိုပြီး ထိုနေ့က ဖုန်းတွေပြောရင်း ရှုံ့မဲ့နေကာ.. ။
"တစ်ရက်တလေလေး အိမ်မှာနားတယ်သားရယ်..ဖုန်းတွေပြောပြီး
ာတွေညည်းညူစိတ်ပျက်နေတာလဲ.."
"မဟုတ်ပါဘူးမေမေလေးရယ်..ဟိုလူတွေ ကျွန်တော့်မွေးနေ့အ
ာက် မွေးနေ့လက်ဆောင်ဆိုပြီး ရုံးခန်းထဲမှာ အယ်လ်အီးဒီဆလိုက်နဲ့
တ်ပုံလာကပ်သွားတယ်တဲ့..ပြီးတော့ ပုံကညာဘက်ဝေါလ်နဲ့အပြည့်
ဲ့.."
သူ့မေမေလေးကမေးတော့လည်း ပြောပြနေတာရှုံ့ရှုံ့မဲ့မဲ့.. ။
"ဘာဖြစ်လဲသားရယ်..မွေးနေ့လက်ဆောင်ဆိုတာ သူတို့ရင်ထဲမှာ
ယ်ဘယ်လောက်ရှိနေသလဲဆိုတဲ့ ပြယုဂ်ပဲလေ.."
"အဲ့ဒါတခြားနည်းနဲ့သိအောင် ပြလို့ရတာပဲ..ကိုယ့်အခန်းထဲမှာ
ယ့်ပုံကြီး ပြူးတူးပြဲတဲချိတ်ထားရအောင် ကျွန်တော်ကရုပ်ရှင်မင်းသား
ဟုတ်ဘဲ.."
"အောင်မယ်လေး..ငါ့သားက မင်းသားတွေထက်ချောတာပေါ့ကွ..
ရှင်မင်းသားဖြစ်နေတဲ့သူတိုင်း ချောလွန်းလို့မှမဟုတ်တာ.."
တူဝရီးနှစ်ယောက်ရဲ့စကားသံတွေကို ကြားယောင်နေမိသည်။
တ်ပုံကိုစိုက်ကြည့်ရင်း ဖြောင်းဆန်နေသည့်ရင်ထဲမှာ လွမ်းတာရော
ာရော ရှုပ်ထွေးနေလျက် အဆုံးသတ်မှာ ဖျတ်ခနဲမျက်နှာလွှဲပစ်မိ
က်.. ။

"ဟော့..တစ်ယောက်လာစမ်း.."

ခပ်ကျယ်ကျယ်လှမ်းအော်လိုက်တော့ အတွင်းရေးမှူးကရှေ့ကဝင်လာကာ ပြာတာကောင်လေးတစ်ယောက်လည်း နောက်ကပါလာ၏။

"ဒီပုံကိုအောက်ထပ်က သူ့နားနေဆောင်မှာ သွားပြောင်းထားလိုက်.."

တစ်ချက်လွှတ်အမိန့်ထုတ်ပြီး စားပွဲနောက်မှာ ထိုင်ကာရှိသေးသည်။ ဒေါ်မြင့်မိုရ်ဆီက ဖုန်းဝင်လာပြီး.. ။

"မပြောဘူးမမ..ကျွန်းဆွယ်ပရော့ဂျက်ကို ကဲန်ဆယ်လုပ်လိုက်တယ်.."

သူကတုံးတိတိပဲပြောချလိုက်ပေမယ့် အစ်မလုပ်သူကလည်း ဒတ်ခနဲသိသည်။

"မင်းကကဲန်ဆယ်လ်လုပ်တာလား..ဟိုကလုပ်သွားတာလား.."

"သိလည်း ဘာလို့မေးနေတုန်းမမရာ.."

မလေးမခန့်လုပ်သွားသည်ဆိုလည်း မတတ်နိုင်။ ဒီတိုင်းပဲဖုန်းချပစ်လိုက်မိသည်။ သို့သော်.. ။

"သူဌေး.."

အတွင်းရေးမှူးက ဖုန်းကိုင်ပြီး သူ့စားပွဲပေါ်လာတင်ပေးလျှင်..

"ဘယ်သူ့ဖုန်းလဲ.."

"ကွန်တိန်နာတွေရောက်နေပြီတဲ့..ပစ္စည်းထုတ်ဖို့.."

"တာဝန်ရှိတဲ့လူတွေကို ခိုင်းလိုက်လေ.."

"အာမခံပစ္စည်းချည်းပဲ မဟုတ်ဘူးသူဌေး..ဟိုတယ်လ်မှာသုံးမယ့်အဲရ်ကွန်းတွေက ဆရာ့ပစ္စည်းတွေ.."

"ဘယ်မှာလဲ..ဟိုတယ်လ်က.."

"ပုဂံရယ်..ပြင်ဦးလွင်ရယ်၊ ပြီးတော့.."

"တော်ပြီ.."

ဦးနေမင်းသစ် သျှန့်ဓာတ်ပုံဆီမျက်လုံးရောက်သွားလျှင် မွန်းကြပ်သလိုဖြစ်လာခြင်းကို ပင့်သက်ရှိုက်၍ အသက်ဝဝရှူလိုက်သည်။ ပြီးတော့ နာရီကြည့်မိ၏။ ခုမှ နေ့လည်နှစ်နာရီကျော်ကျော်။ နောက်ထပ်ဘယ်သူ့ဆီက ဘယ်အလုပ်တွေဘာဖြစ်တာတွေ ထပ်ကြားရဦးမှာလဲ..



..းနှစ်ဖက်ပိတ်ပြီး စားပွဲပေါ်ဆောင့်ကြောင့်ထိုင်နေချင်စိတ်တွေတောင် ..ါက်လာခဲ့သည်။ ဒါမှမဟုတ် ဖုန်းပလပ်တွေဖြုတ် ပိတ်တန်တာပိတ် ..ီး ဒရိုင်းဘက်ဒ်ပေါ်သွားလှဲနေရမလား.. ။

တတ်လည်းတတ်နိုင်တဲ့ကောင်.. ။

## အခန်း(၁၇)

Junction Squareထဲကထွက်လာတော့ ခြေလှမ်းကကားပါကင်ဘက်ကို ယောင်ရမ်းဦးလှည့်မိသေးသည်။ ပြီးမှ စက်လှေကားတွေတစ်ခုပြီး တစ်ခုကို စီးနင်း၍ မြေညီထပ်သို့ရောက်လာခဲ့ရင်း.. ။

"အ.."

"ဆောရီး.."

ပခုံးချင်းမလွတ်မလပ်ရိုက်မိသွားကာ သူမလက်ထဲက ပစ္စည်းထုပ်နှစ်ထုပ်ပြုတ်ကျသွားခဲ့၏။ သူ့လက်ထဲမှာ ပလပ်စတစ်ဇစ်ဆွဲအိတ်ဆယ်လုံးပါသည့် အိတ်လေးတစ်အိတ်သာရှိတာမို့ သူမပြုတ်ကျသွားသမျှကို သူပဲလိုက်ကောက်ပေးလိုက်သည်။ သူမကအထုပ်တွေကို လက်ခံယူရင်း.. ။

"အာဏာသျှန်မို့လား.."

သူမကိုမျက်မှောင်ကုတ်ကြည့်မိတဲ့အထိ စဉ်းစားပေမယ့်.. ။

"ဟုတ်ပါတယ်..ဒါပေမယ့်.."

"တို့ကိုမသိဘူးမို့လား..'မိုးမခ'ဦးညွန့်လွင်ရဲ့သမီးလေ၊ ယူနဲ့မိတ်ဆက်ခဲ့ဖူးပါတယ်..တို့နာမည်က မို့မို့ညွန့်လွင်.."



"သြော်.."

ခုမှသိရလားဆိုသည့် ခပ်နွဲ့နွဲ့အပြုံးနှင့်မို့မို့က သူမဆံပင်တွေကိုသပ်တင်ရင်း ခေါင်းညိတ်၏။

"ဆောရီးဗျာ.."

"ရပါတယ်..မှတ်မိသွားတာပဲကျေးဇူးတင်ရဦးမှာ၊ အဟွန်း..အခုဘယ်ကိုလဲ.."

"ကျွန်တော်ဒါလေးဝင်ဝယ်တာ.."

"ဒါလေးတွေ.."

အိတ်အထပ်လေးတွေနဲ့သျှန့်ကို နှစ်ခေါက်လောက်ပြန်ကြည့်ပြီးအံ့သြသလိုဖြစ်သွားလျက်.. ။

"အဟွန်း..ဒါလေးကို ကိုယ်တိုင်ထွက်ဝယ်ရတာလား၊ အချိန်နဲ့စက်ပြီး ငွေရှာနိုင်တဲ့သူက.."

သူဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ ထွက်စွာဖို့အကြောင်းရှာတော့ နာရီပင့်ကြည့်ဖြစ်၏။ ထိုအခါ သူ့နာရီကိုမို့မို့ကလည်း အကြည့်ရောက်သွားကာ နောက်တစ်ခါအံ့သြသည့်အကြည့်တစ်ချက် ဖျတ်ခနဲရောက်လာ၏။ တစ်ခါနှစ်ခါပဲ ဆုံဖူးခဲ့သည့် ဖေဖေမိတ်ဆက်ပေးခဲ့တာတောင် သူကမမှတ်မိပေမယ့် သူမကတော့ သူ့ကိုမြင်တိုင်း ခြေဆုံးခေါင်းဆုံးငေးခဲ့တာပါ။ အထူးသဖြင့် ညဘက်စားသောက်ပွဲတွေမှာပဲ ဆုံဖူးခဲ့တာမို့ ထင်းနေသည့်သူ့အရုပ်အမောင်း၏ စမတ်ကျသည့်ပုံစံသည် ပြုံးပြက်လက်သွားတတ်သော ရှိလက်နာရီနဲ့အတော်တင့်တယ်လေသည်။ လက်စွပ်ကျတော့ ဆင်မြီးလက်စွပ်လေးနဲ့ဖြစ်ကာ နာရီကျမှ လူသတိထားမိလောက်အောင်လှလည်းလှသလို တန်ဖိုးလည်းကြီးမှန်းသိသာ၏။ ဒါဆို ဒီရက်ပိုင်းမှာ သူမကြားခဲ့တဲ့သတင်းတွေ မှန်နေပြီလား.. ။

"အာဏာသျှန်ဆိုတဲ့လူ လုပ်ငန်းအားလုံး အသိမ်းခံလိုက်ရပြီ.."

"ကိုယ်ရေးကိုယ်တာသက်သက်လား ဘယ်လိုရှုပ်ထွေးမှုတွေရှိသလဲတော့ မသိဘူး..သူ့အဖေပဲအကုန်လုပ်နေတာလို့ ကြားတာပဲ.."

"ဟုတ်မှာပေါ့..ဒီကောင်လေးကရိုးရိုးသားသားပါ၊ ဥပဒေနဲ့မကင်းဘာကြောင့်တော့ ဖြစ်ဖို့မရှိဘူး..မိဘက ပြန်သိမ်းလိုက်တာထင်တယ်.."

"မိန်းမကိစ္စ ဘာညာများလား..အဲ့လိုတော်တဲ့လူတွေက ဒီလိုကိစ္စ

တွေမှာ ညံ့တတ်တယ်.."

စသဖြင့်သော ပြောသံတွေကြားထဲမှာ ဖေဖေကတော့ မယုံနိုင်သေး သည့်သူ.. ၊

"မဖြစ်နိုင်ပါဘူး..အောင်မြင်နေတဲ့လူတွေ ဘာလေးဖြစ်ဖြစ် သူ့မှာ ထက်ပေါ်လွင်တာပဲ၊ ဒါတွေဟုတ်နေတယ်ဆိုရင်တောင် သျှန့်လိုလူ နမ်းတစ်လုံးရှိရင် ဆီဖြစ်အောင်လုပ်နိုင်တဲ့လူ.."

မို့မို့တစ်နေရာတည်းမှာ ရပ်နေရင်း အတွေးတွေအမြောက်အမြား ပျံ့လွင့်သွားခဲ့လျက်.. ၊

"စကားအေးဆေးပြောရအောင်..ယူ့အချိန်ရရင် တစ်ခုခုစားကြမယ် လေ၊ မို့ကဖိတ်တာပါ.."

"အချိန်မရဘူးမမို့..ကျွန်တော်ဘာဖြစ်တာလဲဆိုတာ ကိုယ့်ကိုယ်ကို သိဖို့ကြိုးစားနေတုန်းပါ၊ အလုပ်နဲ့သက်ဆိုင်တာတွေ ခေါင်းထဲထည့်ပြီး လုံးဝစိတ်ကူးလို့မရဘူး.."

မို့မို့ရဲ့မျက်ခုံးတန်းလေးတွေ ဆတ်ခနဲပင့်တက်သွားကာ.. ၊

"အထူးအဆန်းပဲ..ဒါနဲ့နေပါဦး၊ ယူ့လိုလူက အလုပ်နဲ့သက်ဆိုင် တာတွေ ခေါင်းထဲမထည့်ဘူးဆိုတာ ထူးဆန်းပေမယ့် မို့ဘာပြောမယ် ဆိုတာ ယူကသိနေတာလား.."

သျှန်က သူမမျက်နှာကို စိုက်ကြည့်ပြီးပြုံးသည်။ အချိန်တစ်လ လောက်အတွင်းမှာ သူ့အလုပ်နဲ့သူ့အကြောင်း သတင်းတွေဘယ်လောက် တောင် ပျံ့နှံ့နေပြီလဲဆိုတာ သူ့ရှေ့ရောက်လာသည့် မို့မို့ရဲ့မျက်လုံးတွေ က သိသာလွန်းနေခဲ့လျက် သူသိနေတာကိုလည်း မပြောချင်ဘဲရှိကာ..

"ဆိုပါတော့.."

ဒါပဲပြောပြီး သူမကိုကျွေရှောင်ဖို့ ခြေလှမ်းလှည့်သည်။ မို့မို့ပျာပျာ သလဲဖြစ်သွားလျက်.. ၊

"တကယ်သွားတော့မလို့လား..ဟို.."

သူမသည် ပြောရခက်နေပုံလည်းရှိကာ မပြောလိုက်ရမှာလည်းစိုး သည်မို့.. ၊

"ယူ့အလုပ်ကိစ္စတွေအကြောင်း ဟိုတစ်စဒီတစ်စတော့ကြားတယ်.. ဘာပဲဖြစ်ဖြစ် မို့ကမိတ်ဆွေကောင်းဖြစ်ချင်တာပါ၊ ယူဘယ်ကနေစချင်



သလဲ..လိုအပ်တဲ့အကူအညီ မို့ပေးချင်တယ်၊ ဖေဖေနဲ့တိုင်ပင်လို့လည်း ရပါတယ်.."

"အလုပ်ကိစ္စတွေ ခေါင်းထဲရောက်လာရင် ကျွန်တော်စဉ်းစားမှာ ပါ..ကျေးဇူးတင်ပါတယ်.."

"သူစိမ်းဆန်လိုက်တာ အာဏာသျှန်ရယ်..မို့တို့ချင်းမရင်းနှီးပေ မယ့် ဖေဖေနဲ့ယူ့အရမ်းရင်းနှီးကြတာပဲ၊ မို့ကလည်း ကိုယ့်လုပ်ငန်းနဲ့ကိုယ် ရပ်တည်နေတဲ့လူပါ..ပြောချင်တာက ယူကမို့ထက်အသက်ငယ်မယ့်ပုံပဲ.. ခတိမ်းမယိမ်းလောက်ပေါ့နော်၊ ဒါပေမယ့် မို့ထက်ပိုတော်တယ်..တော် လို့လေးစားတာ ယူကမာနကြီးနေသလိုပဲ.."

"မင်းဘက်ကကြည့်တော့ လက်ဝါးဆိုသလိုပေါ့..လူတွေကဒုက္ခခံ ရတာတွေများလာရင် ပိုပြီးမာကျောလာကြတာပဲ.."

သူမဘာယ်လိုပုံစံနဲ့ပဲ ကျန်ခဲ့ကျန်ခဲ့မတတ်နိုင်။ စကားအတင်းဖြတ် ပြီး ထွက်လာခဲ့သည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲက မျက်မှန်ထုတ်ပြီး တပ်ထားလိုက်၏။ နောက်ထပ်အသိတစ်ယောက်ယောက်နဲ့ မျက်လုံး ချင်းဆုံမိရင်တောင် မဆုံမိလိုက်သလို မျက်နှာလွှဲနိုင်ဖို့။

တက္ကစီတစ်စီးတား၍ တက်လိုက်လျှင် ဖုန်းကမြည်လာ၏။ ဒီဖုန်း ကိုသိသည့်လူတွေက သူကိုယ်တိုင်သိခွင့်ပေးခဲ့တာမို့ ထုတ်ကြည့်လိုက် ရင်း.. ၊

"ပြော..ကိုဇေ.."

"မိုးမခဦးညွန့်လွင်က မင်းနဲ့တွေ့ဖို့ပြောနေတယ်.."

"ဘာအတွက်လဲ.."

"အလုပ်ကိစ္စထင်တယ်..ဆန်းဒေးတုန်းက ဒေါ်ယုဝတီပြောသလို မျိုးဖြစ်မှာပေါ့၊ မင်းကိုကြိုက်သလောက်ရင်းစမ်းပါဆိုပြီး ပုံပေးချင်နေ တာ.."

သူနှုတ်ခမ်းစေ့၍ မဲ့မိသည်။

"မင်းသိလား..အန်ကယ်လ်နဲ့မင်းအဆင်မပြေဖြစ်ကြပြီး လုပ်ငန်း တွေပြန်သိမ်းခံလိုက်ရတယ်လို့ ထင်နေကြတာ.."

တကယ်တမ်း သျှန့်လူတွေအားလုံးက သိကြသည်။ သျှန်ထွက် သွားသောကြောင့် ဦးနေမင်းသစ်ဘယ်လိုဒုက္ခများကျန်ခဲ့သလဲဆိုတာ

တွေ.. ।

"အစောတည်းက မင်းကိုလိုက်မမီတဲ့လူတွေ မင်းလွတ်နေပြီဆိုတာ ကြားတာနဲ့ အထုပ်ပိုက်ပြီး အလုအယက်လိုက်နေကြတာ..ညကပဲ ကိုကို မောင်ဖုန်းဆက်သေးတယ်၊ သူကတော့ မင်းဆက်မလုပ်ဘူးဆိုရင် သူ လည်းမလုပ်ဘူးတဲ့.."

"ဟာ..အဲ့ဒါတော့မဖြစ်ဘူးလေ၊ ဖေဖေ့အတွက် သူရှိဖို့လိုတယ်.."

"ငါလည်းပြောတော့ပြလိုက်တာပဲ..လဆန်းပိုင်းတုန်းက ထိုင်း ကိုယ်စားလှယ်တွေနဲ့ အလုပ်ကိစ္စပျက်သွားတာ အတော်များများသိကြ တယ်ကွ၊ အန်ကယ်လ်နဲ့တွဲရမယ်ဆို အားလုံးနီးပါးကလက်တွန့်သွား ကြတာပဲ..ငါတော့ရင်လေးတယ်သျှန်၊ မင်းဒီတိုင်းကြာကြာနေရင်တော့ ကိုယ်ကြိုးစားခဲ့သမျှ ဆုံးရှုံးကုန်လိမ့်မယ်နော်.."

ဒီလိုမနေရင် ဘယ်လိုနေရမလဲ..။ သူတို့သိတာက သားအဖစိတ် အခန့်မသင့်လို့ ဒီလိုဖြစ်သွားကြသည်ဟု။ တကယ်တမ်း စိတ်အခန့်မ သင့်ရုံကိစ္စမျိုးမဟုတ်တာ ကိုယ်ပဲသိသည်။ မေမေ့ကို ဖေဖေဘယ်တော့မှ ပြန်လက်ခံမှာမဟုတ်သလို မေမေ့ကိုလက်မခံသရွေ့ သူလည်းဖေဖေဆီ ဘယ်တော့မှပြန်သွားမှာမဟုတ်ပေ။ ထို့ကြောင့် ကိုယ့်လုပ်ငန်းစီပွားလေး နဲ့ရပ်တည်ဖို့ သူကြိုးစားရမှာပဲဖြစ်သည်။ ဒါပေမယ့် သိန်းသောင်းချီပြီး လာပုံပေးကြသည့် အရင်းအနှီးတွေကိုလည်း သူလက်ခံလို့မဖြစ်ပေ..၊ 'အကျိုးတူ ရန်သူ'ဆိုသည့် စကားအတိုင်း သူထက်ငါအောင်မြင် ကျော် ကြားအောင် ကြိုးစားနေကြသည့်ထဲမှာ တစ်ဖက်ဖက်မှာ သူရပ်တည် လိုက်တာနှင့် ဖေဖေနဲ့သူ အလိုအလျောက်ပြိုင်ဘက်ဖြစ်သွားမည်သာ။ ဒီလိုတော့ အဖြစ်မခံနိုင်ပါ။ သူ့အတွက် ဘေးကျပ်နံကျပ်ဖြစ်နေပေမယ့် ခုချိန်မှာ သူရှာဖွေရမှာ စီးပွားရေးမဟုတ်သေး။ စိတ်သည် ပစ္စုပ္ပန်နဲ့အ နာဂတ်အတွက် ပုံဖော်ကူးခတ်နေရင်း နံပါတ်တစ်ခုကို ခေါ်လိုက်ပြီး..

"မျိုးခိုင်လား.."

"..............."

"အေး..မင်းအစ်ကိုကိုပြောလိုက်၊ ဒေါက်တာဦးစန်းလွင်ဆီမှာ ငါ့ ကောင်လေးရှိတယ်..အဲ့ဒါသွားခေါ်ထားလိုက်ဖို့၊ ပြီးတော့ သူ့အတွက်မှာ ထားတဲ့ ဝိုးလ်ချဲနဲ့ပြောင်းပြီး ကျွင်ပေးထားဖို့.."



"..................."

"ဟုတ်တယ်..ခွေးထီးလေး.."

"..............."

"အေး..နောက်ပိုင်းတစ်ခြမ်းလုံးမသန်တော့ စကိတ်လေးတပ်ပြီး လေ့ကျင့်ပေးနေတာ၊ ငါလည်းတစ်ခေါက်ပဲရောက်သေးတယ်..ဒေါက် တာပြောသမျှ မင်းအစ်ကိုကိုပြန်ခိုင်းနေရတာ.."

"..................."

"အေး..အေး ငါသွားမကြည့်နိုင်သေးဘူး၊ ဝိုးလ်ချဲနဲ့သူ့ဟာသူပုံမှန် ဖြစ်သွားအောင် ကျင့်ပေးဖို့ ခွေးထရိန်နာခေါ်ကွာ.."

"..............."

"ငါလား..အိမ်မရှိဘဲ ခွေးမွေးလို့မဖြစ်သေးဘူး.."

ဖုန်းချပြီး ပြုံးလိုက်မိသည်။ ကိုယ့်ကားနဲ့တိုက်မိလို့ သေပြီထင်ကာ မှ အသက်ပြန်ရှင်လာသဖြင့် နောက်ထပ်သေကံမကြုံစေချင်တော့ပေ။ ထို့ကြောင့် ဆရာဝန်လက်ထဲမှာပဲထည့်ထားပြီး လိုအပ်သမျှ သူအားလုံး ပံ့ပိုးပေးခဲ့သည်။ ဆရာဝန်ကိုယ်တိုင်က ဦးလေးသားချင်းလို ရင်းနှီးနေ သောကြောင့် သူမှာတဲ့အတိုင်း ဂရုစိုက်စောင့်ရှောက်ပေးခဲ့၏။ ခုဆို ထိ ခိုက်မိသည့် နောက်ခြေထောက်တစ်ဖက် မသန်စွမ်းတော့ပေမယ့် စကိတ်ခုံလေးပေါ်ဖင်ထိုင်ပြီး သူ့ဟာသူလက်နဲ့ယက်သွားနိုင်နေပြီလို့ဆို သည်။ ထို့ကြောင့် ကိုယ်နဲ့ကံစပ်ပြီး လက်ထဲရောက်လာသည့်ခွေးလေးအ တွက် စကိတ်ပြားလေးထက် ပိုအဆင်ပြေမည့် ခွေးထိုင်သည့်ဝိုးလ်ချဲလေး ခိုင်းခြားကနေမှာထားခဲ့သည်။ ကားကြောင့် ဒုက္ခိတလေးဖြစ်သွားခဲ့ပေ မယ့် ကိုယ့်ကြောင့်ပဲ ဒီသတ္တဝါလေး ပြန်လည်ရှင်သန်လာဖို့ မျှော်လင့် ခဲ့တာပါ။ ခုချိန်မှာတော့ ခွေးလေးပြန်ခေါ်ပြီး အိမ်မှာထားရမယ့်အစား ကိုယ်ဘယ်လိုနေရမလဲဆိုတာတောင် မရေရာဘဲရှိနေခဲ့သည့်အဖြစ်.. ।

နောက်ထပ်ဖုန်းလာတော့ မျိုးခိုင်ရဲ့အစ်ကိုဖြိုးခိုင်ဖြစ်နေကာ.. ।

"ပြော..ဖြိုးခိုင်.."

"..............."

"ဟုတ်တယ်..မျိုးခိုင်မင်းကိုပြောပြီးပြီမို့လား.."

"..............."

"ငါဘာယ်မှာနေတော့ ဘာလုပ်မလို့လဲ.."

"......................"

"မမေးနဲ့..ငါဘာအလုပ်မှ မလုပ်သေးဘူး.."

"......................"

"လုပ်စရာရှိတယ်..ဒါပေမယ့် စီးပွားရေးမဟုတ်ဘူး.."

☎

အခန်း(၁၈)

"မမအချိန်မီလာခဲ့နော်..တော်ကြာ ဖေကြီးသိရင် ကနုတ်ကိုပဲ ဆူမှာ.."

"ပူမနေစမ်းပါနဲ့ဟာ..လေးလေးစံက နားလည်တတ်ပါတယ်၊ နင် သာ တဆုံးပြောပြမထားနဲ့..အိုခေ.."

သူမဖုန်းချလိုက်တာနှင့် မေးမြန်းစပ်စုချင်နေသည့် မျက်လုံးတွေက စုပြုံနေကြသဖြင့်.. ၊

"ငါ့ညီမလေး..တို့မောင်နှမသုံးယောက်ထဲမှာ သူကအငယ်ဆုံး၊ စ ကားနည်းတယ်..အေးလည်းအေးတယ် ဒါပေမယ့် သတ္တိတော့ကောင်း တယ်.."

"သတ္တိကောင်းတယ်လို့ ထည့်ပြောရတဲ့အကြောင်းကို ရှင်းပြပါဦး.. သူးတော့ထူးမယ့်ပုံပဲ.."

"အဟွန်း..ဘာမှမထူးပါဘူး၊ ငါတို့ဆုံကြပြီဆို သူ့ကိုညာခိုင်းရတာ တွေများတယ်လေ..သူကဘွားနဲ့အနီးကပ်နေရတော့ ပုံကျပြီးသား ကျောက်ဆစ်ရုပ်ကိုး၊ ငါတို့က ရန်ကုန်မှာဆိုတော့ သူ့ထက်အများကြီး နှင့်တယ်..ဘွားရှေ့ရောက်ရင် မခုတ်တတ်တဲ့ကြောင်လိုနေရသမျှ ကွယ်

တာနဲ့ ကဲတယ်..ကဲသမျှ သူ့ကိုပုံချလိုက်ရင် ပြီးသွားရော.."

"ဟုတ်လား..ဒါဆို အပြစ်ဟူသမျှ သူပဲခံရတာပေါ့.."

ဇင်က ခေါင်းခါပြပြီး အလျှံပယ်မှာထားသမျှ စားစရာတွေကို သုံးမျိုးလောက် ဆက်တိုက်နည်းနည်းစီစားသည်။ စားနေရင်း.. ၊

"ညာရဲတာကိုပဲ ပြောချင်တာပါ..ဘွားကိုဆို မေမေတို့ခွေးတော်ကြောင့် ဘယ်သူမှမညာဝံ့ဘူး၊ သူကတော့ ငါတို့ကိုချစ်တယ်..ပြီးတော့ အကြီးတွေမို့လို့ ကြောက်တာလည်းပါမှာပေါ့၊ သူညာတာက ဖြောင်လိမ်တာမျိုးလည်းမဟုတ်ပါဘူး..တို့ကလိမ်တယ်၊ သူလည်းရောယောင် ခေါင်းညိတ်ရတယ်..အဲ့ဒါတွေပေါ်တော့မယ်ဆို၊လေးလေးစံကသူ့သမီးဆီအရောက်မခံဘူးလေ၊ လေးလေးစံကို ဘွားဘွားကအသည်း.."

"လေးလေးစံဆိုတော့ ဘွားရဲ့သားပေါ့.."

"အင်းပေါ့.."

"သားကိုမြေးထက်ချစ်တာလား.."

ဇင်က ပီဇာကိုဖဲ့ပြီး ပါးစပ်ထဲထည့်သည်။ ပြီးမှ ဝါးနေရင်း..

"မသိပါဘူး..တို့တွေက အတူနေကြတာမှမဟုတ်တာ၊ လေးလေးနဲ့ကနုတ်ကတော့ အတူတူနေကြတာအမြဲတမ်း.."

"နင်တို့က မောင်နှမဝမ်းကွဲတွေဖြစ်တာတောင် တော်တော်ချစ်ကြတာပဲနော်..ပြောပြနေတာများ တစ်အူတုံဆင်း ညီအစ်မမောင်နှမတွေအကြောင်းပြောနေသလိုပဲ၊ ဒါနဲ့ မောင်နှမဝမ်းကွဲချင်းလက်ထပ်ကြတာ ဘာအထာတွေလဲ.."

"နင်ကလည်း တော်ဝင်မျိုးတွေပါတဲ့ဆို.."

"ခုခေတ်မှာ အဲ့လောက်အယူသည်းတာတွေ မရှိတော့ပါဘူးဟာ-ငါ့အထင်တော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်အောင် လုပ်ကြတာမျိုးပါ..ဟုတ်တယ်မလား.."

သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုးစီ ဝေဖန်ထောက်ရှုနေကြတာ နားထောင်ပြီး ဇင်ကရယ်သည်။ ဆံပင်ကျောလယ်သာသာအရှည်မှာ ကော်ဖီရောင်လက်လက်လေးတွေနှင့်ဇင်က မျက်နှာဝိုင်းဝိုင်း မေးဖျားချွန်ချွန်လေးနှင့် ရယ်လိုက်တိုင်း ချစ်စရာကောင်း၏။ ပြီးတော့ စိန်လော့ကတ်ပါသည့် လည်ကပ်ကြိုးလေးတစ်ကုံးရယ် ပတ္တမြားနဲ့စိန်နှစ်တန်း



သွားလက်စွပ်လေးရယ်ပဲ ဝတ်ထားကာ ကားအကောင်းစားကြီးနဲ့ ဟိုဘယ်လ်ရောက်လာတာဖြစ်သည်။ သူမနဲ့လိုင်းပေါ်မှာပဲ friendတွေဖြစ်ကြပြီး အပြင်မှာမကြာခဏဆုံဖြစ်ရင်း ရင်းနှီးသွားခဲ့ကြသည်။

ဆုံဖြစ်တဲ့အခါတိုင်းကလည်း သူမတစ်ယောက်တည်းခိုးထွက်ခဲ့တာတွေပဲဖြစ်ကာ ယခုကဲ့သို့ ဒရိုင်ဘာကို တော်ရာမှာနေခိုင်းပြီး ဟိုတ်ဆိုဟိုတ် တိတ်ဆိုတိတ် အာဏာလည်းညောင်း၏။ တစ်ဦးတည်းသောသမီးလည်းဖြစ်လျက် ကျိုကျိုတက်ချမ်းသာသလောက် ငွေကိုရေလိုသုံးတာလည်း သူမကျမှ မြင်ဖူးတော့သည်။ တော်ဝင်မျိုးနွယ်တွေ ဘယ်လိုနေထိုင်ဘယ်လောက်မာနကြီးတယ်ဆိုတာမျိုး ရုပ်ရှင်ထဲမှာပဲမြင်ဖူးခဲ့သည်။ သူမနဲ့တွေ့မှလက်တွေ့မြင်ရတာမို့ မြတ်ပန်းသဇင်ဆိုသည့်သူမလေးက အားလုံးထဲမှာ ကြည့်ရှုချင်စရာ မင်းသမီးရုပ်လေးသဖွယ်ပင်..

"ဆွေမျိုးချင်းဆိုတာမျိုးချည်းပဲ မဟုတ်ပါဘူးဟာ..မျိုးနွယ်တူချင်းဖြစ်ရင်လည်း ကမ်းလှမ်းတောင်းရမ်းကြတာပါပဲ၊ ငါတို့ကတော့ ဆွေမျိုးတောင့်တယ်လေ..ပြီးတော့ တစ်ဝမ်းကွဲလောက်ဆို မပေးစားပါဘူး၊ ရင်းနှီးကြတဲ့ မောင်နှမတွေမို့ ကလေးတွေကငြင်းရင်လည်း လူကြီးတွေက လက်ခံပေးတာရှိတယ်..ထိမ်းမြားတဲ့နေရာမှာတော့ တင်းတင်းကျပ်ကျပ်ကြီး မဟုတ်ပါဘူး၊ ငါစိတ်ပျက်တာက ဖုန်းမသုံးရတာတွေ ကားမောင်းရတာတွေ..ပြီးတော့.."

ပြောရမည်ဆို အများကြီးရှိပါသေးသည်။ ဆံပင်ရှည်မကြိုက်ဘဲအရှည်ထားနေရသည့် ဒုက္ခဆိုအဆိုးဆုံး။ ပိုလှအောင် ဆံပင်အရောင်တော်ကြိုက်ဆိုးလို့ရရင်လည်း တော်သေးသည်။ ကော်ဖီရောင်လေးတင်မိတာတောင် ဘွားဘွားဆီသွားဖို့ အရေးရှိလာရင် မေမေမျက်လုံးပြူးနေပြီ..

"ဖုန်းမသုံးရတာတော့ ဆိုးပါတယ်ဇင်ရယ်.."

"အေးလေ..ခုခေတ်မှာ အင်တာနက်မသုံးတတ်ရင် အကန်းလိုပဲ၊ ဈေးသည်တွေ ကယ်ရီဆိုက်ကားသမားတွေတောင် ဖုန်းနှစ်လုံး သုံးလုံးကိုင်နေကြတာ.."

လူငယ်တွေပီပီ သူငယ်ချင်းတွေကလည်း ဒါကိုပဲပြောပြီး အဆင်းဘပ်ပေးနေကြသေးသည်။ ဒါပေမယ့် ဇင်ကတော့ စိတ်ညစ်တာ

တောင် အစားမပျက်ညစ်တာဖြစ်ကာ.. ।

"ဒါတွေဆို အပြင်ထွက်မှစားရတာ..စံအိမ်မှာစားချင်တာ လုပ်ကျွေးပေမယ့် ဆိုင်မှာစားရတဲ့ဖီလင်မျိုး ဘယ်လိုမှမရဘူး..တူလည်းမတူဘူး.."

"နင်တို့ကချမ်းသာတာပဲဟာ..နိုင်ငံတကာ အစားအသောက်ချက်တတ်တဲ့ စားဖိုမှူးတွေခန့်ထားပေါ့.."

"ဟာ..ဟ.."

အထူးအဆန်းလိုနားထောင်ပြီး ဇင်ကရယ်သည်။ ကျေးကောင်ကျွန်ကောင်းဆိုသည့် အယူသည်းမှုနှင့် အလုပ်သမားအသစ်ခန့်ဖို့ စံအိမ်မှာ ဘယ်လောက်အရေးကြီးသလဲဆိုတာ ပြောပြရရင်ကုန်မည်မထင်..

"စံအိမ်မှာ လူသစ်ရောက်ရင်လည်း လစာဘယ်လောက်ရရ ဖြစ်လစ်မှာသေချာတယ်..အရမ်းပျင်းဖို့ကောင်းပြီး စည်းကမ်းတင်းကျပ်နေတာ ဘယ်သူနေမှာလဲ.."

"အေးနော်..နင်တောင်မှ အပြင်ထွက်ရဖို့ အသေအလဲကြိုးစားနေရတာ.."

"အဲ့ဒါတွေအားလုံးပြီးသွားအောင် ယောကျ်ားယူလိုက်ပေါ့ဟာ..ကိုယ့်ယောကျ်ားဆိုရင် ကိုယ်ပြောသလို ဖြစ်လာမှာပဲ.."

"မဖြစ်ဘဲနဲ့ ပိုဆိုးနေရင်ရော.."

သူတို့ချင်းမေးပြီး ဇင့်ကိုလှည့်ကြည့်ကာ.. ।

"သူ့ဟာသူသိနေလို့ ပတ်ပြေးနေတာကို.."

"ဟုတ်လားဇင်.."

"ဟုတ်တယ်.."

ကိုကိုလင်းဆိုတဲ့လူကြီးကို ဇင်တွေ့ဖူးပြီးသား..။ ဘွားဘွားရွေးချယ်သတ်မှတ်လိုက်သည့်အတိုင်း တကယ့်ဘိုးတော်ဒီဇိုင်းနှင့် ခပ်ဖိုင့်ဖိုင် မျက်နှာပြားပြား အေးတိအေးစက်။ ဒီလူကြီးကိုတော့ လက်မထပ်ချင်ပေ။ ထို့ကြောင့် ကနုတ်နဲ့ပဲလက်ထပ်ပေးလိုက်ဖို့ မေမေ့ကို အကြံပြု၍ အပြတ်အသတ်ငြင်းထားလိုက်သည်။ ခုချိန်ထိတော့ ဇင်နဲ့ကနုတ်နဲ့ကို ဘယ်သူ့ကိုအရင် လက်ထပ်ပေးမယ်မသေချာပေမယ့် ကိုယ့်ဘက်က မိုင်းနုပ်စ်ပြထားပြီးသား.. ।



"နင်တို့က ရန်ကုန်မှာသာဆိုတယ်..ဆားမလောက်နားမှာနော်၊ အဆားကြီးပဲ.."

"အင်း..အဲ့ဒါကြောင့် ကနုတ်တို့ရောက်နေတာ အကြောင်းပြပြီး ဒါလိုမှ့ထွက်လို့ရတာပေါ့.."

အမှန်က လူကြီးတွေကိုက ဇင်တို့ကို ကိုကိုလင်းနဲ့ဆုံပေးချင်တာဖြစ်သည်။ ဒေါက်တာလင်းမြတ်သူတို့မိသားစုသည် ဆွေမျိုးတွေထဲမှာ သိပ်ချမ်းသာလှသည်မဟုတ်ပေမယ့် မိသားစုအကုန်လုံးက ပညာတတ်တွေချည်းဖြစ်ကာ လူငယ်တွေကအစ အေးချမ်းသိမ်မွေ့ကြ၏။ ဥစ္စာစနသက် ပညာမာနထားကြတာကို ဒေါ်မြမင်းသီရိက သဘောကျတာဖြစ်ဘာ လင်းမြတ်သူတို့ရဲ့ 'ချမ်းမြေ့'စံအိမ်နဲ့ကျမှ မြေးမတွေကို ပေးလွှတ်လိုက်တဲ့အထိ ထူးထူးခြားခြားလိုက်လျောခဲ့တာဖြစ်၏။

လူကြီးမျက်စိထဲမှာ အံဝင်ခွင်ကျဖြစ်နေတိုင်း လူငယ်တွေဘယ်လို အကြိုက်မတွေ့နိုင်ဘူးဆိုတာကျတော့ မစဉ်းစားပေးကြတာ ဘယ်သူ့အလွန်လဲ.. ।

"ဟိတ်..ငါတို့ဝိုင်သောက်ကြမလား.."

အဖော်ညှိလိုက်တာ ဇင်ပဲဖြစ်ကာ သူငယ်ချင်းသုံးယောက်မျက်လုံးပြူးကုန်၏။ တစ်ယောက်ကတော့ နိုင်ငံကျော်မင်းသမီးတစ်ယောက်၏ သူမဖြစ်သူမို့ ဇင့်ကိုခေါင်းဆောင်နိုင်သလို ဘယ်လိုအခြေအနေဖြစ်ဖြစ် သိတ်လန့်အံ့သြမည့်သူလည်းမဟုတ်။ ဒါပေမယ့် ကျန်တဲ့နှစ်ယောက်က ငယ်ကနေ စက်ရုံမှာ အလုပ်လာလုပ်နေရသဖြင့် ငွေလည်းမကိုင်နိုင်။ ဟိုလိုဒီလိုအဆန်းအပြားတွေလည်း မလုပ်ဘူးကြပေ။ သုံးယောက်စလုံးကို ဇင်ကကြည့်၍ မေးဆတ်မေးလိုက်ပြီး.. ।

"ဘယ်လိုလဲ..ငါတစ်ခါသောက်ဖူးတယ်၊ နည်းနည်းပူရှိုရှိုလေးရယ်ဘာမှမဖြစ်ဘူး..မူးသွားတော့ အရမ်းကောင်းတာပဲ၊ မနက်ဖြန်ဆန်းဒေးဆိုတော့ အလုပ်သွားရမှာလဲမဟုတ်ဘဲနဲ့ ပေရယ်ကလည်း မနက်ဖြန်ငါပြန်မှပြန်မှာပဲဟာ."

ဇင်က ကနုတ်ရောက်နေလို့ အဖော်လုပ်ပေးမည်ဆိုပြီး အိမ်ကထွက်လာတာဖြစ်သည်။ ဒါပေမယ့်ကနုတ်နဲ့လှမ်းချိတ်ပြီး အစီအစဉ်ပြောင်းလိုက်၏။ လိုင်းပေါ်ကသူငယ်ချင်းတွေကိုပဲ ချိန်းနေကျအတိုင်း

ချိန်းကာ ဒီတစ်ခါပိုတာက ဟိုတယ်လ်မှာညအိပ်ကြဖို့ဖြစ်၏။ ဇင်နဲ့တွေတိုင်း မရောက်ဘူးတဲ့နေရာတွေရောက် မစားဘူးသေးတာတွေစားရတတ်ကာပြန်တဲ့အထိ သူမတို့လိုအပ်တာတွေ လျှောက်ဝယ်ပေးလိုက်သေးသည်။ ထို့ကြောင့် ဇင်နဲ့တွေဖို့ဆို သူမတို့အားတက်သရောစုဝေးတတ်ကြလေသည်။ ဒီထဲမှာ ဝိုင်တွေသောက်ပြီး ပျော်ပါးကြဖို့တော့ မပါခဲ့ဘူးသောကြောင့်.. ။

"ငါတို့ကမသောက်ဘူးတော့ ဖြစ်ပါ့မလား.."

"ဘာဖြစ်လဲ..ငါတို့ထဲမှာ ယောကျ်ားလေးမှမပါတာ၊ သောက်စားပြီး ထိုးအိပ်ကြရုံပဲ.."

ဧပရယ်က စဉ်းစားကာ.. ။

"အေးလေ..မနက်ဖြန်ချက်ခ်အောက်ဝင်တဲ့အထိ အေးဆေးအိပ်လို့ရတာပဲ၊ သောက်ရအောင်ပါ.."

လိုင်းပေါ်မှာတွေ့ကြတာပေမယ့် စရိုက်ပျက်တစ်ယောက်မှမပါကြသလို မိန်းကလေးတွေချည်းဖြစ်ကြတာမို့ လေးယောက်ညီညွတ်သွားခဲ့ကြ၏။ အထူးသဖြင့် လှောင့်ရှိုင့်စံမင်းသမီးလေး မြတ်ပန်းသဇင်အတွက် သူမတို့ဝိုင်းဝန်းလိုက်လျှော့ဖို့ ခေါင်းညိတ်လိုက်ကြပြီး.. ။

"ဟဲ့..ငါတို့လေးယောက်စလုံး သောက်လို့ဖြစ်ပါ့မလား၊ အားလုံးမူးနေရင် တော်ကြာ.."

"မူးတော့ဘာဖြစ်လဲ..တစ်ယောက်ကမသောက်ဘဲ ငုတ်တုတ်ထိုင်ကြည့်နေမှာလား.."

"အေး..ဟုတ်တယ်.."

"ဇင်..တော်ကြာ နင့်ဒရိုင်ဘာကြီးက ပြန်တိုင်ရင် ဘယ်လိုလုပ်မလဲ.."

"ငါပိုင်ပါတယ်..သူကငါ့လူပါ.."

ဒရိုင်ဘာလူကြီးက ခပ်ပိန်ပိန်အသက်ငါးဆယ်လောက်ရှိကာ သဘောကောင်းသည့်ပုံလည်းရှိ၏။ ညဦးကတော့ မကြာမကြာရောက်လာတတ်ကာ ဇင်ကထပ်မလာနဲ့တော့ ပြောလိုက်တာနှင့် ပြန်ပေါ်မလာတော့ပေ။ ထိုစဉ် ဖုန်းသံမြည်လာပြန်ကာ.. ။

"ဖုန်း..ဖုန်းဘယ်ကလဲ.."



သီတာလွင်က အလန့်တကြားမေး၏။ ပြီးတော့.. ။

"ငါတို့မူးနေကာမှများ ဖုန်းဝင်လာရင် နင်ကအာလေးလျှာလေးကြီးနဲ့.."

"ငါလည်းအဲ့လောက်ဖြစ်အောင် မသောက်ရဲပါဘူးသီတာရယ်..မသောက်ရသေးဘူး ကြောက်နေလိုက်တာ.."

"အေးလေ..ငါတို့လည်းပျော်ချင်လို့ မြည်းကြည့်မှာပါ၊ မသောက်ရဲဘူး.."

"နေဦး.."

ဇင်က စကားပြောဖို့ပဲကိုင်လို့ရသည့်ဖုန်းကို ရှု့မဲ့ကြည့်ပြီးမှ ဖွင့်ကာ.. ။

"ဘာလဲ..ပြော.."

"မမက.."

"ငါမနက်ဖြန်အချိန်မီလာရင် ပြီးရောမို့လား..ထပ်မဆက်နဲ့တော့၊ ကိုယ့်ဘာသာကြည့်လုပ်ထားပါလို့ ပြောထားသားနဲ့.."

"မနက်ဖြန်မှဟုတ်လား..ဒါဆို အခုမမက အိမ်မှာပေါ့.."

"ဘယ်မှာဖြစ်ဖြစ်ပါကနုတ်ရယ်..ငါနင့်ထက်ကြီးတယ်၊ ပြူးတူးပြဲဘဲတွေ ပူပန်ပြမနေနဲ့..ပြီးတော့ မှတ်ထားဦးနော်၊ ကိုကိုလင်းကို ငါလုံးဝမကြည့်ဘူး..နင့်အတွက်ဆိုတာ နင့်ခေါင်းထဲထည့်ထား.."

ပြောပြီး ဖုန်းချထားလိုက်ကာ.. ။

"အမြည်းဘာမှာရင် ကောင်းမလဲ.."

"မသိဘူး.."

"ငါကတော့ ဟိုတယ်လ်မှာမရဘူးဆိုလို့သာ..ကြာစံသုတ်လေးစားချင်တာ ဟင်းခါးပူပူလေးနဲ့.."

"ငါကဝက်သားဒုတ်ထိုး.."

"တော်ပါတော့ဟာ..နင်တို့ကို မနက်ဖြန်ဒီကပြန်ရင် အကုန်လုံးလိုက်ဝယ်ကျွေးမယ်၊ ငါကသူငယ်ချင်းတွေနဲ့ နေ့ရောညရောအတူတူရှိနေရတဲ့ဖီလင်ကို လိုချင်လို့ ဖြစ်လာမယ့်အန္တရာယ်ဘေးချိတ်ပြီး ဟိုတယ်လ်မှာ တစ်ရက်တည်းဖို့စီစဉ်တာ.."

"အေးပါ..အေးပါ မပြောတော့ပါဘူး.."

"ဒါဆို အမြည်းမှာဖို့ စဉ်းစားကြ.."

လေးယောက်သား ခေါင်းချင်းဆိုင်သွားကြ၏။

ယောက်ျားလေးဖြစ်စေ မိန်းကလေးဖြစ်စေ မိဘကမည်မျှ ဆုံးမထားပေမယ့် မိမိကိုယ်မိမိထိန်းချုပ်နိုင်ခြင်းမရှိလျှင် လမ်းကောင်းကနေ ခွဲ.နွဲ့ဆူးခြုံကြားသို့ ဖွဲ့ဆင်းတိုးဝင်ကြသကဲ့သို့.. ।

အထိန်းအကွပ်မဲ့ခြင်းကိုသာ ပျော်မွေ့ကြလေသည်။

☎

အခန်း(၁၉)

"မင်းခုထိမအိပ်သေးဘူးလား..သန်းခေါင်ကျော်နေပြီ.."

"အင်း.."

"သောက်နေတာလား.."

"ကိုဖေ..မင်းမေးတာတွေဖြေဖို့ မဟုတ်ဘူးနော်၊ မင်းကိုမေးစရာရှိလို့ခေါ်တာ.."

ခေါင်းတွေနောက်ကျိနေသဖြင့် အိပ်ရာဝင်ဖို့လိုလာပြီမှန်း သိလိုက်သည်။ ဒါပေမယ့် အလုပ်ကမပြီးသေး.. ।

"အေးပါ..မင်းဘာမေးမှာလဲငါသိပါတယ်၊ မင်းလိုချင်တဲ့ အင်ဖော်မေးရှင်းတွေအကုန် ရထားပြီးပြီ..ငါ့ကောင်တွေက အားကိုးရပါတယ်ကွ၊ ဓာတ်ပုံတွေနဲ့တကွ စုံစုံစေ့စေ့ကို ပါလာမယ်မနက်ဖြန်.."

"အေး..ငါလည်း အဲဒါပဲလိုချင်တာ၊ ပြီးရင် ငါ့ခြံအတွက် အလုပ်သမားရှာတဲ့ကိစ္စလည်း မြန်မြန်ပြီးချင်တယ်.."

"အေးပါ..လုပ် မင်းက အလောင်းစည်သူဝင်စားတာပဲ.."

စီးကရက်ရှိုက်လိုက်ရင်း မျက်ခုံးကို လက်မခြစ်၍ ပြုံးမိသည်။ ပြီးတော့ ဘာ:ကထလိုက်ပြီး..

"ငါ့မှာလုပ်စရာလုပ်ငန်း ဒါပဲရှိတော့တာ ထေ့ငေါ့မနေစမ်းပါနဲ့ ဒီကကိစ္စတွေစတာနဲ့ အလုပ်လည်းလုပ်ရမှာပဲ.."

"သျှန်.."

"ဘာလဲ.."

"မင်းကတကယ်ကြီး ရော်ဘာစိုက်တော့မလို့လား.."

"ငါပိုင်တာမြေပဲရှိတော့တာ အဲ့ဒီနေရာမှာ ဘာသွားလုပ်ဖို့ရှိလို့လဲ"

သက်ပြင်းချသံကြားလိုက်တော့ သျှန်ကစီးကရက်ကို ခွက်ထဲ လှည့်ထည့်ပြီး.. ၊

"အိုခေ..စီးယူ.."

"နေဦးလေ..သျှန်.."

ကြားလိုက်ပေမယ့် ဖုန်းကိုအိတ်ထဲထည့်ထားလိုက်သည်။ ပြီး တော့ အခန်းဆီထွက်လာခဲ့ရင်း တံခါးဖွင့်ဝင်လိုက်ပြီးမှ သူ့အတွက်အ ရေးကြီးသည့် စာရွက်လေးတစ်ရွက် ပန်းအိုးကြားထဲမှာ ကျန်ခဲ့မှန်းသတိ ရသည်။ ပြန်လှည့်လာခဲ့ရင်း မေမေ့ဆီက ဖုန်းထပ်ဝင်လာလျှင်.. ၊

"သားအဆင်ပြေရဲ့လား.."

မေမေစိတ်ပူတတ်တာသိရက်နဲ့ သူမဆက်မိတာကို တွေးမိရင်း..

"မနက်ဖြန် မေမေ့ကိုလာခေါ်မယ်..အဲ့ဒီတိုက်က ပူတယ်၊ မြို့ထဲ မှာပဲ ရှာထားတာ..မေမေကြိုက်ရင် ကွန်ဖင်းဖြစ်ကြောင်းပြန်လိုက်ရုံပဲ.."

"မေမေ့အတွက် ဘာမှမလိုဘူးသား..သားကိုယ်သားပဲ ဂရုစိုက်ပါ၊ ခုလည်း မအိပ်ဘဲထိုင်နေတုန်းမို့လား.."

"ကျွန်တော်အလုပ်ကိစ္စတွေ ရှိလို့ပါ..ခုပဲအိပ်တော့မှာ၊ မေမေလည်း ဘာမှတွေးမနေနဲ့တော့နော်.."

ပြန်ဝင်လာပြီးမှ မျက်လုံးကျယ်နေသဖြင့် ဆိုဖာပေါ်မှာပဲ ထိုင်ချ လိုက်သည်။ ပြီးတော့ စီးကရက်မီးညှိလိုက်ပြီး ခေါင်းထဲမှာ အစီအစဉ် တကျရှိနေသည့် သူလုပ်ရှားရမည့်အနာဂတ်အတွက် အထပ်ထပ်သေချာ နေမိ၏။ ညညဆိုအိမ်မပျော်ဘဲ တစ်ရက်ကိုတစ်နာရီနှစ်နာရီလောက်ပဲ အိပ်ဖြစ်ခြင်းဖြင့် သူတွေးနေခဲ့တာ ရက်တွေကြာခဲ့ပါပြီ။ လက်တွေ့တိုင်း ဟာ စိတ်ကူးတွေကနေလာတာမဟုတ်ပေမယ့် စိတ်ကူးဆိုသည်မှာ အစီ အစဉ်တကျရှိခြင်းပဲဖြစ်သည်။ မနက်ဖြန်တိုင်းကို ဘယ်သူမှမပိုင်သော်



လည်း ကိုယ့်ရဲ့မနက်ဖြန်တွေကို ကိုယ်တိုင်တည်ဆောက်ဖို့ သူပင်ပန်း ပါစေ။ လုပ်သလိုမဖြစ်လို့ ဖြစ်သလိုလုပ်လိုက်ရတာမျိုး ဒီနေ့ကစပြီး သူ့အတွက်မရှိစေရ.. ၊

အာဏာသျှန်ဆိုတဲ့ကောင် မိဘချမ်းသာလို့ အထောက်အပံ့ ကောင်းနဲ့ အောင်မြင်နေတာဆိုသည့် စကားသံတွေ တိတ်သွားရမည်။ သူ့ရဲ့ရည်ရွယ်ချက်များထဲမှာ စီးပွားရေးကဒုတိယ။ တစ်စုံတစ်ရာသည် အဓိက.. ၊

"အား..ဟား.."

နားထဲမှာ ထူးခြားသည့်အသံတစ်သံ ဝင်လာသဖြင့် ဖျတ်ခနဲဖြစ် သွားသည်။ အိပ်ပျက်ညတွေများခဲ့ပြီမို့ ဆိုဖာပေါ်မှာ ဘယ်လောက်ထိ အိပ်ပျော်သွားခဲ့မှန်းမသိ။ ကြားသည့်အသံကို နားစွင့်လိုက်မိစဉ် လှုပ်ရှား သံတစ်ချက် ဆက်တိုက်ဝင်လာသဖြင့် ဆိုဖာပေါ်မှာမှောလှန်ထားသည့် ခေါင်းက ချက်ချင်းထောင်မတ်သွား၏။ လှည့်ကြည့်လိုက်တော့ မွေ့ရာ ဘက်မှာ ခေါင်းလေးပေါ်၍ စောင်ခြုံအိပ်နေသည့် မိန်းကလေးတစ် ယောက်.. ၊

ဒါ ဘာလဲ.. ၊

သျှန်လန့်ဖျန့်သွားကာ နေရာမှာထရပ်လိုက်မိ၏။ သူနည်းနည်း သောက်ထားမိသည်မို့ အခန်းမှားဝင်လာမိတာလား..ဒါမဖြစ်နိုင်။ ကိုယ့် ဘာသာသေချာပေမယ့် ဒိုးလော့ခ်ကဒ်ကို ကောက်ကြည့်မိသေးသည်။ သူ့မှာ ဖုန်းကလွဲလို့ ဘာပစ္စည်းမှ အပိုမပါတာကြောင့် ပစ္စည်းခိုးဖို့ဝင်နေ တာမျိုးဆို ပူစရာမရှိပေ။ ခိုးမည့်သူကလည်း မွေ့ရာပေါ်မှာ အေးဆေး ဘက်အိပ်နေမှာမဟုတ်။ သူမွေ့ရာနားလျှောက်သွားပြီး ငုံ့ကြည့်လိုက် တော့ မျက်ခုံးတန်းသေးသွယ်သွယ် နှာတံပေါ်ပေါ်လေးနှင့် မိန်းကလေး သည် ဆံပင်ရှည်ပုံလည်းပေါ်၏။ ပြီးတော့ မွေ့ရာခင်းအရောင်နှင့် အ ရောင်တူညဝတ်အင်္ကျီကို ဝတ်ထားကာ စောင်ကိုနှာခေါင်းဖျားလေးတွေ မြုပ်နေတဲ့အထိ ဆွဲခြုံထားသည်။ သူဒီလောက်ထိ နမော်နမဲ့နေတတ်သူ မဟုတ်ပေ။ သူမအစောပိုင်းက ခေါင်းမြီးခြုံထား၍သာ ပြီးတော့ ခေါင်း တွလည်းနောက်နေသဖြင့် မွေ့ရာကို သတိထားမကြည့်မိခဲ့တာဖြစ် သည်။

"ဟော့..ဟိတ် ဒီမှာ.."

ခပ်ဆတ်ဆတ်ခေါ်လိုက်လျှင် သူမကလှုပ်တောင်မလှုပ်.. ။

"ဟိတ်..ထစမ်း.."

စောင်ကို ဆွဲဖယ်ပစ်မလို့ကိုင်လိုက်ပြီးမှ လက်ပြန်ရုတ်ကာ မတ်မတ်ပြန်ရပ်လိုက်သည်။ ပြီးတော့ ရေခဲသေတ္တာထဲက ရေတစ်ဘူးသွားယူကာ အဖုံးဖွင့်၍.. ။

"အယ်.."

မျက်နှာပေါ်ရေတွေ အလုံးလိုက်ပြိုကျလာလျှင် ဧပရယ့်ဖုန်းထဲကကြည့်ထားသည့် ရေတံခွန်ကြီးအောက်မှာ ရေကူးဝတ်စုံလေးနှင့် ရေချိုးနေသည်ဟု အိပ်မက်မက်နေသော ဇင့်အတွက်.. ။

"ပါသွားပြီ..ပါသွားပြီ.."

အော်လည်းအော်ကာ လူးလဲထရပ်လိုက်သည်အထိ သူမကိုယ်သူမ ရေတံခွန်နဲ့မျောပါနေသည်ထင်တုန်း။ ပြီးနောက်.. ။

ဟင်.. ။

"ရှင်..ရှင်က.."

သူမရှေ့မှာ ရပ်နေသည့်ယောကျ်ားသည် ရွှန်းစက်နေသော နက်ပြာရောင်ရုပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားကာ ဖြူဝင်းနေသည့်မျက်နှာသည် မျက်ခုံးထူထူ စူးရဲသောမျက်ဝန်းတို့ဖြင့်..။

"ရှင်က ဘာလုပ်.."

"ဒါ ငါ့အခန်း.."

"ဟင်.."

ဇင် ကြက်သီးတွေဖျန်းခနဲထသွားသည်။ ကိုယ့်အကြောင်းကိုယ်သိနေသဖြင့် သူနဲ့အခန်းပြိုင်ငြင်းဖို့ စိတ်ကူးလည်းမရှိဘဲ အထိတ်တလန့်ပြန်မော့ကြည့်မိ၏။ ချောလိုက်တာ.. ။ ကိုယ်ကသူ့ရှေ့မှာ ရပ်နေပေမယ့် မော့ငေးနေရသည့်အဖြစ်နှင့် မျက်နှာပြန်လွှဲဖို့လည်း မေ့နေခဲ့လျက်..။

"ဇင်က ဇင်ကမြတ်ပန်း.."

"မင်းကိုဘယ်သူကမေးနေလို့လဲ..ဒီအခန်းထဲ ဘာဝင်လုပ်နေတာလဲပြော.."

"အိပ်နေတာ.."



"ဘာ.."

"မဟုတ်ဘူးလေ..မှား မှားတာထင်တယ်၊ ဟို.."

သူမက ဟိုဒီလက်ညှိုးညွှန်ရင်း ညကကိုယ့်အခန်းကိုယ်ပြန်ကြစဉ် သူ့အခန်းမှားဝင်မိပြီကို ဆက်စပ်တွေးမိလာသည်။ ပြီးတော့ သူ့ကိုတောင်းပန်မလို့။ ပြီးတော့ သူနဲ့စကားပြောချင်သည်ဖြစ်ရာ.. ။

"ညကလေ.."

"တော်ပြီ..မင်းထွက်တော့.."

"နေပါဦး..ဇင်ကလည်းရှင့်ကို..အား.."

သူမပြောနေတုန်း လက်ကိုဆတ်ခနဲဆောင့်ဆွဲကာ အခန်းတံခါးဆီ တောက်လျှောက်ခေါ်သွားခဲ့ပြီး.. ။

"ရှုပ်ရှုပ်ယှက်ယှက်တွ လာမလုပ်နဲ့..မင်းကိုလုံခြုံရေးလက်ထဲမအပ်တာ ကံကောင်းတယ်မှတ်.."

"ရှင်တော်တော်ပဲ..အ.."

"ဂျိမ်း.."

ဘာမှကိုပြောခွင့်မရလိုက်ဘဲ ဇင်အခန်းပြင်ရောက်သွားကာ တံခါးကိုဂျိမ်းခနဲမြည်သံနှင့် ပိတ်၏။ ထိုအချိန်မှာ အခန်းရှေ့ကို ကွက်တိရောက်လာကြတာက ဧပရယ်တို့ဖြစ်လျက်.. ။

"ဇင်.."

"ငါ.."

"ဇင် ဘယ်လိုဖြစ်လို့ ဒီထဲရောက်နေတာလဲ..နင့်အခန်းက ဟိုဘက်ကမဟုတ်ဘူးလား.."

"အေးလေ..ငါတို့တစ်ဆက်တည်းဥစ္စာ၊ နင်ကအစွန်ဆုံးအခန်း.."

တစ်ယောက်တစ်ခွန်းပြောနေကြသံတွေကြားမှာ ဇင်ကြားနေတာ သူ့အသံ.. ။

"ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်နဲ့.."တဲ့.. ။

"မင်းကိုလုံခြုံရေးလက်ထဲ မထည့်တာကံကောင်းတယ်မှတ်.."ဆိုပြီး လက်ကိုဆွဲထွက်ခဲ့တာ ဘယ်လိုမှရှုန်းလို့မရ.. ။

"အထဲကဘယ်သူလဲဟင်..မိန်းမချင်းလား.."

ဇင်ခေါင်းခါပြမိကာ ယောကျ်ားတစ်ယောက်လို့ပြောလိုက်တာနှင့်

သီတာလွင်တို့ ဟယ်ခနဲဖြစ်ကုန်ကြ၏။ ညက သူမတို့ကိုယ်စီ အိပ်ရာဝင်ခဲ့ကြ၏။ ဇင်လည်း သူ့အခန်းထဲပဲဝင်သွားတာဖြစ်ကာ တံခါးပြန်ဖွင့်ပြီး ရယ်စရာတွေတောင် လှမ်းပြောနေသေးသည်။

"ဇင်..ဟဲ့ နင်ယောင်နေတာလား၊ တကယ်နိုးတာရော ဟုတ်ရဲ့လား..ဇင်.."

"ငါနိုးပါတယ်.."

ဆိုပြီး မျက်နှာပေါ်ရေလောင်းလိုက်သဖြင့် စိုစိစိဖြစ်နေဆဲ ဆံစတွေကို ပြန်စမ်းကိုင်မိကာ.. ၊

"ငါ ညကရေချိုးခန်းထဲက အသံတွေကြားနေရတာနဲ့ သီတာနဲ့သွားအိပ်မယ်ဆိုပြီး ပြန်ထွက်တာ.."

"အဲ့ဒါနဲ့ အခန်းမှားသွားတာလား..အောင်မယ်လေး ယောက်ျားတစ်ယောက်ရှိတဲ့အခန်းကို.."

"စုနတံခါးဆောင့်ပိတ်လိုက်တာလား..နင်ထွက်ပြေးလာတာလား.."

သဲက စိုးရိမ်ကြီးကာ ဇင့်အင်္ကျီတွေကို ပြေပြစ်အောင်ပြုပြင်ပေးရင်း ဟိုလိုဒီလိုတွေး၍ အကဲခတ်နေသေးသည်။

"ဆံပင်တွေက ဘာဖြစ်တာလဲ..ရေတွေစိုနေပါ့ရော.."

"လုံးထွေးသတ်ပုတ်လာတာများလား..ဘုရား ဘုရား၊ လွတ်အောင်ပြေးလာနိုင်တာ ဘုရားမလို့.."

"တော်သေးတာပေါ့..သဲသဲ ထအန့်နေလို့ ငါအကုန်လုံးကို လိုက်နှိုးမိလို့သိတာ.."

သဲသဲနဲ့ သီတာလွင်က စက်ရုံတစ်ရုံထဲမှာ အတူလုပ်တာမို့ ပိုရင်းနှီးကြသည်။ ထို့ကြောင့် သဲကစမူးပြီဆိုတည်းက အခြေအနေမကောင်းတာ သီတာလွင်ကသိသည်။ ကိုယ်တိုင်လည်းအိပ်လို့မပျော်ဘဲ ယားယံနေသဖြင့် မကြာခဏ ထသွားတံခါးခေါက်မိသောကြောင့်.. ၊

"ငါတို့ကိုလည်း ပြောပါဦးဇင်ရယ်..ရှက်မနေပါနဲ့၊ နင့်ကိုဟိုသင်းဟိုဟာပြု.."

"ဟင့်အင်း..ဘာမှမပြုဘူး.."

"ဟဲ့..ဘာလဲ မျက်နှာကပြုံးစိစိ.."

"အဲ့ဒီလူအရမ်းချောတာပဲသိလား.."



"ဘယ်လို.."

"ငါသူ့ကိုမော့ကြည့်ပြီး ငါးစက္ကန့်လောက်သတိလစ်နေတာ.."

"ဘုရားရေ.."

"ချောလို့လား အကြောက်လွန်ပြီးသတိလစ်တာလားဇင်ရယ်..အိပ်ရာထလာပြီး တကယ်မနိုးဘဲ ယောင်နေတတ်တဲ့အကျင့်များ ရှိနေတာလား.."

"ဆွဲဆိတ်လိုက်..ဆိတ်လိုက်.."

"အား.."

"အယ်..သူနာတယ်၊ ယောင်နေတာမဟုတ်ဘူး.."

"နင်တို့ဘယ်လိုဖြစ်နေတာလဲ..မိုးလင်းသေးတာမဟုတ်ဘူးနော်.."

"ဟုတ်တယ်..လာ ငါတို့အခန်းထဲပြန်ဝင်ပြီးမှ ပြောကြမယ်.."

ပေရယ်က ဇင့်ပခုံးကိုဖက်၍ သီတာလွင်ကလက်တစ်ဖက်ကိုဆွဲပြီး အခန်းထဲခေါ်သည်။ ဇင့်မျက်လုံးတွေက ပိတ်ထားသည့်အခန်းကနေ မခွာနိုင်သေး။ အခန်းနံပါတ်ကို လည်ပင်းလိမ်အောင်ကြည့်၍ နောက်ထပ်သူ့မျက်နှာကို မြင်လိုသည့်ဆန္ဒက ပြင်းပြင်းပြပြ နိုးဆော်နေခဲ့လျက်.. ၊

သူနဲ့ဇင်နဲ့ ရှန်ဂရီလာဟိုတယ်လ်မှာ.. ၊

## အခန်း(၂၀)

"မမေသဘောကျရဲ့လား..ရေချိုးခန်းကတော့ ဟန်းရှာဝါသိပ်မကောင်းဘူး၊ တခြားပိုက်လိုင်းတွေပါ စစ်ရအောင် ကျွန်တော်ပိုက်သမားခေါ်ထားတယ်.."

"ဒီတိုက်ခန်းက သားဝယ်ထားတာလားဟင်.."

"မဝယ်ရသေးပါဘူး..လောလောဆယ်နှစ်ချုပ်နဲ့ငှားထားတာ ကိုယ်နေထိုင်ကြည့်လို့ ပတ်ဝန်းကျင်နဲ့ရော အိမ်ကိုရောအဆင်ပြေပြီဆိုရင် ဝယ်မှာပေါ့.."

"သြော်..ပိုင်ရှင်က ဝယ်ရင်လည်းရောင်းမှာပဲတဲ့လား.."

"ပိုင်ရှင်ကသူငယ်ချင်းပါ..ကျွန်တော်အဆင်ပြေသလို လုပ်လို့ရတယ်၊ မမေ့အတွက် အကူမိန်းကလေးတစ်ယောက် လာလိမ့်မယ်..အသက်အစိတ်သုံးဆယ်လောက်.."

အိမ်ပေါ်ထိ အတူတက်သွားပြီး အိပ်ခန်းဘုရားခန်းတွေပါ လိုက်ပြပေးရင်း စကားတွေပြောနေပေမယ့် ဒေါ်ယမုံခင်က စိတ်နဲ့လူနဲ့မကပ်သလို သားမျက်နှာကို တကြည့်ကြည့်.. ။

"ကျွန်တော် နှစ်ရက်သုံးရက်နေရင် ခရီးသွားဖို့ရှိသေးတယ်မမေ..



မမေနဲ့အဲ့ဒီအမျိုးသမီး အဆင်ပြေမှပါ.."

သားအမိနှစ်ယောက် အပေါ်ထပ်ဝရံ်တာလေးမှာ အတူတူထွက်ရပ်ရင်း မျက်နှာချင်းဆိုင်မိကြကာ.. ။

"မမေဘာတွေတွေးနေလဲ သားသိတယ်.."

မမေနဲ့စကားပြောမိလျှင် ကိုယ့်ကိုယ်ကို သားလို့ပြောမိလိုက်ကျွန်တော်ဖြစ်လိုက်.. ။

"သားအတွက် မမေဘာမှစိတ်မပူပါနဲ့..အခု အလုပ်လက်မဲ့ဖြစ်သွားတာတွေ တာဝတိံသာစံအိမ်က ချိုးနှိမ်ပြောလွှတ်လိုက်တဲ့စကားတွေအဲ့ဒါတွေကြောင့် မမေ့သားဘဝပျက်မသွားပါဘူး..ဘဝပျက်လောက်အောင်လည်း ခံစားမနေဘူး.."

"ဒါဆို မိုးထိစံအိမ်က ထွက်လာတဲ့ညကတည်းက သားကောင်းကောင်းမအိပ်တာတွေက ဘာကြောင့်လဲ.."

"အလုပ်လုပ်နေတုန်း အလုပ်အကြောင်းတွေးတာက ကားမောင်းနေတုန်း ဘရိတ်အုပ်လိုက်ရတဲ့အဖြစ်ထက် ဘာမှမပိုပါဘူး..ကိုယ်ဘယ်သွားနေတာလဲ ဘာအတွက်လဲဆိုတာ တော့ဂတ်ရှိပြီးသား၊ ဒါကသွားလာရင်းနဲ့ ပျောက်ပျက်သွားမှာမျိုးလည်းမဟုတ်ဘူး..ဘာမှမလုပ်သေးဘဲထိုင်တွေးနေတာကျတော့ အရေးကြီးတယ်၊ မမေကအလုပ်လက်မဲ့ဖြစ်သွားပြီ ထင်ပေမယ့် သားအတွက်က လုပ်စရာတွေပိုများလာတာ..မလုပ်ရသေးတာတွေဖြစ်နေလို့ လုပ်ဖို့ပိုခက်တယ်.."

ဒေါ်ယမုံခင့်မျက်ခုံးတန်းလေးတွေ မသိမသာတွန့်ကုတ်သွားသည်။ ရှည်လျားသည့် ဆံပင်ရှည်တို့ကို တစ်ပတ်လျှိုထုံးဖွဲ့လျက် ဘယ်ဘက်ရင်အုံတစ်ခြမ်းမှာ ဆံစလေးတွေ ပြန့်ချထားသည်။ ခိုပြာရောင်ဖျော့ဖျော့လက်ရှည်ရင်ဖုံးအင်္ကျီလေးနှင့် မမေ့ပုံစံလေးက အမြဲတမ်းမပြောင်းလဲခဲ့ပေ။ မသွယ်မဝိုင်းမျက်နှာပြည့်ပြည့်လေးနှင့် တောက်ပခြင်းကင်းသည့် မျက်ခုံးတန်းလေးတွေက ညိုရိုပ်ရိုပ်ခပ်ဖျော့ဖျော့သာ။ မျက်ဝန်းညိုလေးတွေက သူငယ်အိမ်လှုပ်ရှားမှုနှေးကွေးတတ်သော မျိုးသိပ်သည်းခံလွှန်းသည့် အကြင်နာမျက်ဝန်းလေးတွေဖြစ်သည်။ ထို့ပြင် လောဘသဏ္ဍာယနည်းပါးသူမို့ထင်သည်။ မမေ့ပုံစံလေးက နုပျိုလှပနေတာမျိုးမဟုတ်ပေမယ့် အိုစာရင့်ရော်သွားတာမျိုးလည်း မဖြစ်..

မမေ့ကို ဘယ်လိုအကြောင်းကြောင့်မှ သူအပြစ်မတင်ရက်ပေ၊ ဤမျှအပြစ်ကင်းစင်လွန်းသည့် အားနည်းသူကိုမှ ဖိနှိပ်အနိုင်ယူကြသည်။ အပြစ်ရှိသမျှ ပုံချကြ၏။ ဒီအတွက် သားတစ်ယောက်ဖြစ်သည့် သူ့မှာ တာဝန်ပိုမကြီးဘူးလား.. ။

"သားဘာကိုပြောတာလဲမေမေသဘောမပေါက်ဘူး..ဒါပေမယ့် သားမျက်လုံးထဲမှာ နာကျည်းမှုတွေရှိနေတယ်၊ ပြီးတော့ ဒါကိုသားတစ်နံ့ခံစားနေတယ်..အဲ့ဒါတွေအတွက် မေမေအရမ်းစိတ်ပူတယ်သားရယ် သားညတိုင်း ငုတ်တုတ်မိုးလင်းနေတဲ့ညတွေမှာ သူတို့ကိုလက်စားချေဖို့ အကြောင်းတွေပဲ တွေးနေခဲ့တာလားဟင်.."

သျှန်က ဒေါ်ယမုံခင့်ကိုကြည့်နေရင်း သက်ပြင်းချသည်။ ထိုမျက်ဝန်းတွေကြောင့် ဒေါ်ယမုံခင်ရဲ့စူးစမ်းသည့်မျက်ဝန်းတို့က အဖြေတွေ့သွားသလိုရှိကာ.. ။

"သား..သားအဲ့လိုတကယ်လုပ်မလို့လား.."

"မေမေ့ကို ကျွန်တော်မညာချင်ဘူး.."

ဘုရား..ဘုရား.. ။

"ကျွန်တော်.."

သူစကားစလိုက်တာနှင့် ဖုန်းမြည်လာ၏။ ထုတ်ကြည့်လိုက်ပြီး မေမေ့နားမှာပဲ ဖွင့်လိုက်ကာ.. ။

"ပြော ကိုစေ.."

"..............."

"ရတယ်..ငါဖွင့်ကြည့်ပြီးပြီ၊ ဟင်.."

"................"

"ဓာတ်ပုံတော့ မကြည့်ရသေးဘူး.."

"................"

"ဟုတ်လား..ဆောင်ဖြစ်မှာပေါ့၊ ဘယ်မှာလဲ..ဒီတ်လုပ်ပြီးပြီလား.."

"................"

"ဟွန်း..ကောင်းတယ်၊ အေး..ငါကြည့်လိုက်မယ်၊ မင်းကိုငါလုပ်ခိုင်းထားတာတွေလည်း ပြောတဲ့အချိန် အတိအကျပြီးမှဖြစ်မှာနော်..ညနေဖြိုးခိုင်ဆီသွားပြီး ငါ့ခွေးလေးဆေးရုံဆင်းတဲ့ကိစ္စ ဝိုင်းကူပေးလိုက်ဦး.."



"................."

"ဟော့ကောင်..မင်းကိုဒါလေးပဲခိုင်းရသေးတယ်၊ ညည်းတွားမနေနဲ့.."

သူဖုန်းပြောရင်း ကိုစေပို့ထားသည့် ဓာတ်ပုံတွေကို ဖွင့်ကြည့်လိုက်သည်။

ဟင်.. ။

ဟိုကောင်မလေးလား..။ သေချာကြည့်လိုက်တော့ ပိုပြီးသေချာသွားသည်။ ဟိုတစ်ညက ဟိုတယ်လ်မှာ တွေ့ခဲ့တဲ့ကောင်မလေး.. ။

"ကိုစေ..လက်ထပ်မှာက ဘယ်တစ်ယောက်လဲ၊ ဆံပင်ပိုရှည်တဲ့ တစ်ယောက်လား နည်းနည်းတိုတာလား.."

"မသိဘူး..သူတို့ကိုယ်တိုင်ကို ခုထိမသေချာတာ.."

ကံကြမ္မာဒီလောက်တောင် ဆန်းကြယ်တာလား..။ ဒါမှမဟုတ် ရာသီဥတုက ကိုယ့်ဘက်မှာလို့ ပြောရမလား..။ မင်းဘာလုပ်မှာလဲသျှန်..

သူ့နှုတ်ခမ်းမှာ အပြုံးတို့ခိုတွဲလာခဲ့၏။

"ခုနပြောနေတာ မေမေ့ကိုပြန်ပြောပြပါဦး..သားမညာချင်ဘူးဆိုတာ ဘာလဲဟင်၊ ဂလဲ့စားချေဖို့ကိစ္စတွေ သားလုံးပမ်းနေတာလား.."

စိတ်စောနေသည့်ဒေါ်ယမုံခင်က သူဖုန်းချတာစောင့်၍ ဒါပဲထပ်မေးလေသည်။ ပခုံးပေါ်မှာ ကပိုကရိုဝဲကျနေသည့် ဆံပင်တွေကို တစ်ချက်သပ်ရင်း သျှန်ခေါင်းညိတ်လိုက်သည်။ ပြီးတော့မှ မေမေနဲ့မျက်လုံးချင်းဆုံကြည့်လိုက်ရင်း.. ။

"ဟုတ်တယ်မေမေ.."

"သားရယ်.."

တစ်ခုခုပြောမလာခင် သူမေမေ့ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ကာ.. ။

"ကျွန်တော့်ကိုစိတ်မပူနဲ့မေမေ..စိုးရိမ်တဲ့မျက်လုံးတွေနဲ့ ရှေ့တင်ဖြစ်ဖြစ် ကွယ်ရာဖြစ်ဖြစ် မေမေရင်တမမကြည့်နေတာတွေ သားမကြိုက်ဘူး..ကျွန်တော်တို့နှစ်ယောက်ဘဝမှာ ကျွန်တော်တို့ချည်းပဲရှိတယ်၊ မိုးထိစံအိမ်လည်းမရှိဘူး..တာဝတိံသာလည်း မရှိဘူး ကျွန်တော်တို့တစ်ယောက်ကိုတစ်ယောက် ထူမတ်ကြဖို့လိုတယ်.."

"သားအတွက် မေမေအရာရာကို ရင်ဆိုင်ရဲတယ်..ဘာဖြစ်ဖြစ်ေ ဆပ်နိုင်တယ်၊ ဒါပေမယ့် သားကိုမကာကွယ်နိုင်ဘူးသား..အဲ့ဒါကြော င် သားဒုက္ခရောက်မယ့်အဖြစ်တွေကိုတော့ မလုပ်စေချင်ဘူး၊ သူတို့ကိုမပြ ပါနဲ့သားရယ်..စည်းစိမ်ဂုဏ်ရှိန်ကြီးလေးတယ် ကိုယ့်ထက်အသက်ေ ကြီးကြတယ်၊ ဒီလိုလူတွေကို သွားစရင် မြင့်မိုရ်တောင်ကို ဖိးစေ့နဲ့ပေါက် သလိုဖြစ်မှာပေါ့.."

"မြင့်မိုရ်တောင်က မြင့်မိုရ်တောင်ပဲ..ဒေါ်မြမင်းသီရိကလည်း မြင့် မိုရ်တောင်မဟုတ်ဘူး၊ ကျွန်တော်ကလည်း ဖိးစေ့နဲ့ပေါက်မှာမဟုတ်ဘူး ချေးရင်တောင် ပြန်ဆပ်ရင်အတိုးပေးရတယ်၊ ဒေါ်မြမင်းသီရိနဲ့ကျွန်တော် ရဲ့ပွဲမှာ လူကြီးနဲ့လူငယ်..မိန်းမနဲ့ယောကျ်ားဘယ်လိုပဲဖြစ်ဖြစ် တရားချင် တရား မတရားချင်နေ၊ သူတို့အတွက် ကျွန်တော့်ဘက်က လက်နက် ချွေးနေမှာမဟုတ်ဘူး.."

ပြောသမျှ စကားလုံးတိုင်းက နာကျည်းမှုကြောင့် မာထန်ပြတ် တောက်နေခဲ့လျက်.. ။

" 'သတ္တဝါနဲ့လက်နက် မမျှဘူး'လို့ ဘယ်သူပြောပြော..ဘာကြောင့် မမျှသလဲဆိုတာ သူတို့သိဖို့လိုရင်း.."

အခန်း(၂၁)

'တာဝတိံသာ'စံအိမ်ကြီးရဲ့ မင်္ဂလာသဘင်ဆင်ယင်ကျင်းပရာ 'ကျက်သရေတော်'ခန်းမကျယ်ကြီးထဲမှာ ဆွေမျိုးစုတွေစုံညီစွာ ပြင်ဆင် ထားသည်။ ခန်းမ၏ကြမ်းခင်းတစ်ပြင်လုံးသည် နုံ့သာရောင်ကတ္တီပါ ကော်ဇောခင်းထားလျက် ခန်းမပတ်လည်ရှိအလှဆင်ထားသည့် ကြေး ပန်းအိုးကြီးတွေထဲမှာ အဖြူအနီနှစ်မျိုးတည်းသော သစ္စာပန်းတို့က ပဒ္ဒ လက်ဆန်စွာ လှပနေကြ၏။ ထို့အတူ လူတို့ထိုင်နေသော ပေနှစ်ဆယ် စားပွဲရှည်ကြီးပေါ်မှာ ရွှေဖလားကြီးများနှင့် အလှဆင်ထားသော တော် ၁င်သစင်ပန်းတို့သည် မြစိမ်းရောင်တို့ယှက်နွယ်ဖြူဖွေးလျက် မဟာဆန် စွာ တည်ရှိနေကြ၏။

ခန်းမ၏ထိပ်မှာ စင်မြင့်ကြမ်းပြင်ထက် တစ်ပေသာသာမြင့်သော ခင်မြင့်ကျယ်ကြီးရှိနေလျက် စင်မြင့်၏ဘေးနှစ်ဖက်နှင့်ရှေ့အလယ်တည့် တည့်မှာ လှေကားတစ်ထစ်ရှိသေးသည်။ လှေကားတို့၏ဘေးဘောင်တို့ သည် ပန်းရထားကဲ့သို့ ကြေးခက်ပန်းတို့ဖြင့် အလှဆင်ထားသဖြင့် တာ ဝတိံသာစံအိမ်၏ ကြီးကျယ်ခမ်းနားမှုက 'ကျက်သရေတော်'ခန်းမဆောင် ကိုမြင်တာနှင့်ပင် သိနိုင်၏။

စင်မြင့်ထက်မှာ နှစ်ဖက်မိဘထိုင်ခုံတွေနှင့် သတို့သားသတို့သမီးတို့၏ ထိုင်ခုံတွေကလည်း ဆိုဖာတပ်ကြေးသွန်းထိုင်ခုံတွေပဲဖြစ်ကာ ထိုင်ခုံတို့၏ ရှေ့စားပွဲပေါ်မှာတော့ နှစ်ဖက်မိဘလက်ဖွဲ့သည့် စိန်ရွှေရတနာတို့သည် ရွှေလင်ပန်းနှင့်ဖြစ်ကာ ငွေလင်ဗန်းက ဆွေမျိုးတို့လက်ဖွဲ့ကြသည့် ရတနာတွေဖြစ်သည်။ ထိုဗန်းနှစ်ချပ်ထဲမှာ ငွေသားလည်းမပါ။ လက်ဖွဲ့ပစ္စည်းတွေလည်း မပါပေ။ ဒါကလည်း ဘယ်သူသတ်မှတ်ထားတာမှမဟုတ်သော ဆွေမျိုးစုထဲမှာသာ အစဉ်ခိုင်မာလာခဲ့သည့် ဓလေ့တစ်ခုဖြစ်လေသည်။ အမြို့မြို့အနယ်နယ်မှာရှိနေကြသည့် ဆွေတော်မျိုးတော်တို့သည် သတို့သားသတို့သမီးတို့ကို စိတ်မဝင်စားဘဲ ပရိတ်သတ်ထဲမှာ ကိုယ့်လူတွေကို ရှာဖွေကြည့်ရှုမိကြလျက်.. ။

"မိုးထိစံအိမ်က တစ်ယောက်မှမပါပါလား.."

"ဟုတ်တယ်..မတွေ့ဘူး.."

"မပါလို့မှမရတဲ့ဟာကို..မိုးထိစံအိမ်က အားလုံးရဲ့အကြီးအကဲလေ.."

"အကြီးအကဲတွေ မရှိတော့ဘူးဆိုတော့.."

"မဟုတ်ဘူး.."

တစ်ယောက်က ဝင်ပြောလိုက်ပြီး စကားသံကိုထပ်၍ တိုးနှိမ့်ကာ၊

"နေမင်းသစ်နဲ့မင်္ဂလာဆောင်ပြီးတည်းက စံအိမ်နှစ်ခု ဆက်ဆံရေးမရှိကြတာ.."

"ဟုတ်လောက်တယ်..ကြီးကြီးစံက အရမ်းမာနကြီးတာ၊ သူ့စည်းကမ်းမလိုက်နာရင် ဘယ်လိုလူဖြစ်ဖြစ် လှည့်မကြည့်တတ်ဘူး..နေမင်းတို့က သူတို့ကိုယ်ပိုင်စတိုင်လ်နဲ့ လွတ်လွတ်လပ်လပ်နေတဲ့သူတွေ.."

အနီးကပ်ရှိနေသည့် သူတို့ချင်းခေါင်းချင်းဆိုင်နေကြသဖြင့် တခြားသူတွေလည်း နီးစပ်ရာချင်း တီးတိုးပြောဖြစ်ကြကာ.. ။

"မိုးထိစံအိမ်ကို မဖိတ်တာလား..ဟိုကမလာတာလားပဲ၊ လာတာမတွေ့ဘူးနော်.."

"မိုးထိကဘယ်လာမလဲ..ငါတို့တောင် လာချင်လို့လာတာမှမဟုတ်တာ.."

"တိုးတိုးပြောပါ..ရှင်ကလည်း.."



ဤကဲ့သို့ စကားသံတွေရှိသကဲ့သို့.. ။

"မစံက မာနကြီးရင်လည်း ကြီးထိုက်တာပဲလေ..သူ့သားသမီးတွေကြည့်ပါဦး၊ ကိုယ့်အင်အားနဲ့ကိုယ် ကြီးပွားချမ်းသာအောင်လုပ်နိုင်ကြတယ်..ပညာတတ်တယ်၊ မိဘစကားမြေဝယ်မကျ နားထောင်ကြတာ.."

"မြေးတွေကျရင် ကြည့်ဦးလေ..လောကကြီးက အကောင်းအဆိုးခွဲပေးတာပါ၊ အရာရာအမြဲတမ်း အကောင်းဆုံးတွေချည်းပေးနေတယ်ဆိုတာ မရှိဘူး.."

"မြေးတွေကလည်း လှလိုက်တာနော်.."

"အခုလက်ထပ်မယ့် မိန်းကလေးကိုမြင်ဖူးပြီလား..အရမ်းချစ်စရာကောင်းတာပဲ၊ ကိုယ့်တူမတော်ပေမယ့် ငါတောင်မနက်ကမှမြင်ဖူးတာ..မျက်ခုံးထူထူ နှုတ်ခမ်းဖူးဖူးလေးနဲ့.."

"နှစ်ယောက်လုံးလှတယ်ပြောတာပဲ..အကြီးမလေးက ဆံပင်နည်းနည်းတိုတယ်.."

"အဲ့ဒါပြောတာပေါ့..အကြီးမလေးက ရန်ကုန်မှာနေတာလေ၊ ဆံပင်အရှည်ပေမယ့် လှအောင်ပြင်ထားတယ်..ဆေးတောင်ဆိုးထားလားမသိဘူး၊ လွတ်ရင်လွတ်သလို ချော်ထွက်ကုန်တာပဲ.."

"အင်း..ဘယ်အရာမှ ကိုယ့်စိတ်တိုင်းကျဖြစ်မလာနိုင်ဘူး၊ မမစိုးပြောတာလည်း မှန်တာပဲ.."

"အခု သမက်ရွေးတာကိုကြည့်လေ..မစံတို့အိမ်ထဲကသာမထွက်ဘာ၊ ဘယ်လိုရှားပါးပစ္စည်းကို ရှာဖွေရွေးထုတ်သလဲမသိဘူး..ဒေါက်ဘာလင်းမြတ်သူက 'ရွှေသာယာ'မျိုးဆက်ထဲကမို့လား၊ ဘာကြောင့် ချမ်းမြစံအိမ်ဖြစ်သွားတာလဲ..ကြားကာစက မျက်စိတောင်လည်သွားတယ်."

"ကျုပ်တော့ မျက်စိဓလာလည်သွားပေမယ့် မစံကိုချီးကျူးလို့မဆုံးဘူးဟေ့..ဒေါက်တာလင်းမြတ်သူတို့က ရိုးသားတဲ့ဂုဏ် ပညာဂုဏ်အင်မတန်ပြည့်စုံတဲ့မိသားစု၊ ပြောရရင် သမိုင်းကြောင်းကောင်းတဲ့လူတွေ.."

"ဘာလဲ..ဦးဦးဇော်က သမက်မတော်လိုက်ရလို့ ရင်နာနေတာလား.."

"သိသွားတာလား..ဟား ဟား ဟား၊ ငါ့မြေးမလေးက ခုမှဆယ့်သုံးနှစ်ပဲရှိသေးတာပါ.."

ပြောရင်း ရယ်လိုက်တော့ အားလုံးထဲမှာ အသံအကျယ်ဆုံးဖြစ်သွား၏။ နှစ်ဖက်မိသားစုတွေ ထိုင်ကြသောစင်မြင့်၏ ဝဲယာနှစ်ဖက်က လူတွေ ရယ်သံဆီ အကြည့်တွေရောက်လာကြ၏။ 'နတ်စည်းစိမ်'ဦးဇော်ဝိတ်က ရယ်ပြီးမှ ခပ်တည်တည်တစ်ချက်လှမ်းကြည့်သည်။ 'တာဝတိံသာ'မိသားစုဘက်မှ ဒေါ်မြပုလဲဖြူနှင့် မျက်လုံးချင်းဆုံသွားကာ ဦးဇော်ဝိတ်က ပုံမှန်ပဲပေမယ့် ဒေါ်မြပုလဲဖြူက မသိမသာမျက်မှောင်ကုတ်၏။ ဒီလူတွေ ပြောပဲပြောနိုင်လွန်းသည်။ ပြီးတော့ ဒီဘက်စားပွဲနဲ့ နောက်ဖျားဆုံးထိပ်က လူတွေလည်း အတူတူပင်.. ။

မင်္ဂလာကိစ္စအတွက် ရောက်လာကြသည်။ ဧည့်သည်အတွက်ပေးထားသည့် ကိုယ့်နေရာမှာကိုယ်မနေကြဘဲ စံအိမ်ကြီးထဲမှာ ဝင်ထွက်စုံစမ်းနေကြတာ ပေါ်ပေါ်တင်တင်။ ပြီးတော့ မသိမသာမေးတာကတစ်မျိုး။ သိသိသာသာလက်တို့မေးတော့ ရှောင်ရခက်။ အထူးသဖြင့် အငယ်လေးမင်္ဂလာကိစ္စမှာ ဆွေမျိုးတွေစုံအောင်တက်ရောက်လာကြတာ အံ့သြဖို့ကောင်းနေ၏။ မယ်မယ့်အပြောအရ ဒီ'ကျက်သရေတော်'ဆောင်မှာ မင်္ဂလာပွဲစီစဉ်လာခဲ့သမျှ ခုတစ်ခါလောက် တစ်ခါမှလူမစုံခဲ့ဘူးလို့ဆို၏။

ဆွေမျိုးတော်ကြပေမယ့် ဒီလိုပွဲတွေရှိမှသာ တစ်ဖက်နဲ့တစ်ဖက်ဆုံဖြစ်ကြကာ ငယ်တဲ့သူတွေဆို အချင်းချင်းသိတောင်မသိကြပေ။ ဒါပေမယ့် ဆွေမျိုးချင်းသိဖို့လည်း မကြိုးစားကြသလို ပွဲတစ်ခုဖိတ်ကြားခံရပြီဆို တက်ရောက်ကြဖို့ ဝန်လေးတတ်ကြ၏။ ဒီပွဲမှာ အံ့သြစရာကောင်းတာက ကနုတ်ကိုမြင်ဖူးတဲ့ဆွေမျိုး တစ်ယောက်မှမရှိခြင်းပင်။ ထို့ကြောင့် ပွဲမစခင်က ပြောမိသေးသည်။

“မမကြီးရေ..ဆွေတော်မျိုးတော်တွေ စုံလှချေလား၊ ကနုတ်ကိုမမြင်ဖူးချင်တဲ့သူတွေ တော်တော်များသားနော်..”

“မမြင်ဘူးတာနဲ့တော့ တစ်နယ်တစ်ကျေးကနေ မလာပါဘူးညီမလေးရယ်..မယ်မယ်ကအားလုံးနဲ့ ပြတ်ပြတ်တောက်တောက်နေတတ်တဲ့သူလေ၊ မယ်မယ့်ဆီလာကြတာနေမှာပါ..ပြီးတော့ အားလုံးကဒီလိုပွဲတွေမှာပဲ ဆုံဖြစ်ကြတာကိုး..”

အစ်မဖြစ်သူပြောတာတွေ တွေးမိပြီး လှည့်ကြည့်မိသည်။ ဒေါ်မြထွတ်ဦးက ခန်းမနဲ့လျော်ညီသော နံ့သာရောင်ချိတ်ကိုဝတ်ထားကာ တစ်



ကိုယ်လုံးပုလဲတွေချည်း ဝတ်ဆင်ထား၏။ ထိုအတူ သူမမျက်နှာလေးကလည်း အေးချမ်းသည့်အပြုံးတို့နှင့် အမြဲတမ်းကြည်လင်နေတတ်သည်ရှိချက်.. ။

“ညီမလေး..မယ်မယ်ထွက်မလာသေးဘူး၊ မမခဏသွားလိုက်ဦးမယ်..”

“ဟုတ်..”

မနက်တည်းက မယ်မယ်မျက်နှာမကောင်းဖြစ်နေတာ သူမလည်း သတိထားမိသည်။ ဒီပွဲမှာ ဝတ္တရားရှိတဲ့အတိုင်း ဖိတ်ကြားထားခဲ့ပေမယ့် တကယ်လူတွေများလာတော့ မယ်မယ်စိတ်ရှုပ်နေပုံပေါ်သည်။ ဒါမှမဟုတ် တခြားအကြောင်းတစ်ခုခုကြောင့်လား.. ။

ခေါင်းညိတ်လိုက်ရပေမယ့် သူမလည်းသွားချင်နေသည်ဖြစ်ရာ..၊

“ကိုကိုကျော်..ဖြူခဏနော်..”

“အင်း..သွားလေ..”

ဇနီးသည်တွေထွက်သွားကြတော့ ဦးကျော်မြတ်ခေါင်နဲ့ဦးအောင်သိခ်တို့ မျက်လုံးချင်းဆုံသွားကြသည်။ တစ်ခုခုတော့ ပြောချင်တာရှိကြပေမယ့် တစ်ဖက်မှာသတို့သားဘက်က မိဘမွေးချင်းတွေနဲ့ မျက်နှာချင်းဆိုင်ရှိနေတာမို့ အဆင်မပြေ။ ထို့ပြင် သတို့သမီးရဲ့ဖခင်ကိုယ်တိုင်ရောက်မလာသေးတာက ဒီကလူတွေ အလျှိုအလျှိုထွက်သွားကြသည့်အကြောင်းတွေနဲ့ ဆက်စပ်နေနိုင်တာကြောင့် သူတို့ကိုယ်တိုင် နေမထိထိုင်မသာရှိနေကြ၏။ ခဏကြာသော် ဦးအောင်သိခ်က သူ့ဘက်ကိုမသိမသာကိုယ်ကိုင်းလိုက်ပြီး.. ။

“ယောက်မတော်ပျောက်နေပါလား..”

သူလည်း ခေါင်းညိတ်လိုက်ပြီး နှုတ်ခမ်းလှုပ်ရုံ.. ။

“အင်း..သူကနဂိုတည်းက ဘွားတော်ကြီးနဲ့ကီးကိုက်တာမဟုတ်ဘူး..”

ဦးကျော်မြတ်ခေါင်က ဦးအောင်သိခ်လိုမဟုတ်ပေ။ ဝတ်စားနေထိုင်ပုံကအစ ခေတ်မီကာ သူကိုယ်တိုင်ကလည်း လူငယ်ပုံပေါက်နေတာဖြစ်၏။ 'တာဝတိံသာ'စံအိမ်ကို လာရမည့်အရေးဆို ဆားအိုးထဲထည့်ခံရသည့် တီကောင်အတိုင်းဆတ်ဆတ်ခါခါ။ ခုလိုမဖြစ်မနေရောက်လာရ

ပြီဆိုရင်လည်း လုံးလုံးပါးစပ်ပိတ်နေတတ်သလောက် ပြောပြီဆိုလည်း ရင်ထဲရှိတဲ့အတိုင်း ဘယ်မျက်နှာကိုမှမကြည့်။ ဦးအောင်သိန်းက သူ့ ကားတွေအပေါ် နားလည်ပြီးသားဖြစ်နေသည့်အတိုင်း ပြုံးလိုက်မိကာ..

"သတို့သားဘက်ကို အားနာဖို့ကောင်းနေပြီ.."

"ဟုတ်တယ်..ဒါပေမယ့် ကျွန်တော်တို့ထပ်ထွက်သွားလို့ မရတော့ ဘူး.."

"ယောက်ဖကို ဖုန်းဆက်ကြည့်မလား.."

"ကိုအောင်လုပ်ကြည့်လေ..မင်းစံနဲ့ကျွန်တော် သိပ်အဆင်မပြေ ဘူး.."

ဦးအောင်သိန်းက ပြုံး၍ခေါင်းညိတ်သည်။ ပြီးတော့ ဖုန်းခေါ်လိုက် လျှင်.. ।

အခန်း(၂၂)

"ကျွန်တော်ကမဟုတ်ဘူးပြောနေလည်း မယ်မယ်မှမယုံဘဲ.."

"အခု သားငယ်ရဲ့ဟုတ်တာမဟုတ်တာတွေကို မယ်မယ်မေးနေ တာမဟုတ်ဘူး..အဲ့ဒါကို မေးနေရမယ့်အချိန်လည်း မဟုတ်တော့ဘူး၊ သားငယ်ခေါင်းညိတ်သဘောတူခဲ့လို့ မယ်မယ်ဒီပွဲကိုစီစဉ်ခဲ့တာ..အခု ဘာကိုစိတ်တိုင်းမကျ ဖြစ်ရပြန်တာလဲ.."

မေးပြန်ပြီဆိုသည့်အကြည့် ဖျတ်ခနဲတက်လာသည်။ ပြီးတော့ မျက်နှာလွှဲလိုက်ရင်း.. ।

"သမီးမင်္ဂလာဆောင်နေတာကို ဘယ်အဖေက ကခုန်နေမှာလဲ.."

"ကခုန်မနေကြပေမယ့် မင့်လိုမျက်နှာပုတ်ချ ရှောင်လွှဲနေတဲ့အဖေ မျိုးတော့ မင်း၊ပဲရှိတယ်ထင်တာပဲ.."

ဒေါ်မြထွတ်ဦး ခြေလှမ်းတွေတုံ့သွားခဲ့သည်။ ရှေးခေတ်စာပေစာ ကြည့်တိုက်ဟောင်းကြီးထဲမှာ မယ်မယ်နဲ့မောင်မောင်နှစ်ယောက်တည်း ဘာတွေ အဆင်မပြေဖြစ်နေတာလဲ..။ မသိမသာရှေ့တိုးပြီး ခပ်ဟဟတံ ခါးကြားကနေ လှမ်းကြည့်လိုက်မိသည်။ ခရမ်းရင့်ရောင်ပိုးပြောင်ချိတ် ဘိတ်စုံနှင့် ရွှေခြည်ထိုးမြသဘက်ကို ပခုံးမှာပတ်တင်ထားသည့် ဒေါ်မြ

မင်းသီရိသည် မီးဖွင့်မထားသည့်အခန်းထဲမှာ သူမလှုပ်ရှားလိုက်တိုင်း ဖျတ်ခနဲ လက်ခနဲ.. ။

ဦးမြမင်းစံသည် နံ့သာရောင်ဝတ်စုံပေါ်မှာ တိုက်ပုံအင်္ကျီအဖြူနှင့် ဖြစ်လျက် လက်ထဲမှာကတ္တူတစ်ဘူးကို ကိုင်ထား၏။ ဘူးထဲမှာဘာဝါ မုန့် ဘာဘူးမုန့်းတော့မသိပေ။ ထိုစဉ် ဒေါ်မြမင်းသီရိက ဘူးကိုလက် ညှိုးထိုး၍.. ။

"မယ်မယ်ကြားပြီးပြီ..အဲ့ဒါက ကနုတ်ကိုပေးမယ့်ဖုန်းမို့လား.."

ဦးမြမင်းစံ ဘူးကိုပြန်ငုံ့ကြည့်ကာ နဖူးကိုမသိမသာငုံ့ပွတ်နေရင်း..

"သူ့အိမ်ထောင်နဲ့သူ ခွဲသွားပြီဆိုတော့ သူလည်းသူများလိုကိုင်သင့် တယ်ထင်လို့ပါ.."

"ဒီမှာတော့ သူများကိုင်သလို မကိုင်ရရှာဘူးဆိုတဲ့အမြင် သားငယ် မှာရှိနေတာပဲ.."

"ကျွန်တော် မယ်မယ့်သဘောအတိုင်း မရွေးမစောင်းနေခဲ့တာပဲ မယ်မယ်..အခုမင်္ဂလာဆောင်နေကာမှ ကျွန်တော်လည်း သမီးလေးနဲ့ရှို ရမှာကို ခံစားရတာပဲ.."

"ဒါကိုမယ်မယ်နားလည်တယ်..လက်ထပ်ဖို့ စီစဉ်နေကြတုန်းက လည်း ကျွန်တော့်သမီးလေးငယ်ပါသေးတယ်ဆိုတာ မယ်မယ်လက်ခံ ခဲ့တာပဲ.."

ထိုစကားမှာ ဦးမြမင်းစံအကြည့်က ခပ်စူးစူးခပ်ရဲရဲရှိကာ မဲ့တော့ မလို ပြုံးတော့မလို နှုတ်ခမ်းသားတို့က တစ်ခုခုပြောတော့မလိုဖြစ်လာ ခဲ့၏။ ဒါပေမယ့် မပြောဘဲနေလျှင်.. ။

"မယ်မယ့်ကို သားငယ်တစ်မျိုးထင်နေတယ်.."

"မထင်ရဲပါဘူး.."

"မယ်မယ့်ကို ရွဲ့ရွဲ့စောင်းစောင်းပြောဝံ့တာလည်း သားငယ်ပဲရှိ တယ်.."

ဦးမြမင်းစံ ဘာမှမပြောတော့ဘဲ မျက်နှာခပ်လွှဲလွှဲနှင့်ငြိမ်နေလျှင် ဒေါ်မြမင်းသီရိက စိတ်မသက်သာသလို စိုက်ကြည့်လိုက်ရင်း.. ။

"စီနီယာအလိုက်မသွားဘဲ အငယ်ဆုံးကို အရင်ဆုံးလက်ထပ်ပေး လိုက်တာက.."



"ပြီးတော့ ကျွန်တော့်သမီးက ခြေထောက်သိပ်မကောင်းသေးဘူး မယ်မယ်.."

"အဲ့ဒါကို အကြီးအကျယ်ရင်နာနေတာလား.."

"မယ်မယ်.."

ဒေါ်မြထွတ်ဦးတို့ ဝင်သွားကြပြီး မယ်မယ့်လက်ကိုတစ်ယောက် တစ်ဖက်ဝင်ဖက်ထားလိုက်ရင်း.. ။

"မင်္ဂလာအချိန်နောက်ကျနေပြီမယ်မယ်..တစ်ယောက်ယောက် သိ သွားကြားသွားရင် ခက်ကုန်တော့မယ်၊ တော်ပါတော့နော်.."

"ဟုတ်ပါတယ်မယ်မယ်ရယ်..မောင်မောင်က ဒီလိုပဲနေတတ်တဲ့ ဟာ.."

ဒေါ်မြမင်းသီရိက ခေါင်းတွင်တွင်ခါရင်း သားဖြစ်သူမျက်နှာက အကြည့်ကိုမခွာ.. ။

"မဟုတ်ဘူး..ကနုတ်နဲ့ပတ်သက်ရင် ညည်းတို့မောင်မယ်မယ့်ကို အမြင်စောင်းတယ်၊ အဲ့ဒါ ဟိုအရင်တည်းက မကြည်မလင်ရှိခဲ့တာတွေ နဲ့ဆိုင်တယ်..သူ့အမြင်မှာ မယ်မယ်ကမတရားတဲ့သူ.."

"မယ်မယ်ရယ်.."

"ဒီမအေက အရမ်းဆိုးနေတာ.."

"မဟုတ်တာမယ်မယ်ရယ်..မောင်မောင် မယ်မယ့်ကိုတောင်းပန် လိုက်လေ၊ နင်ပဲအမြဲစကားနာထိုးနေတာ..ဘာမှမဟုတ်တဲ့စကားတစ် ခွန်းနှစ်ခွန်းနဲ့ လူကြီးမှာဘယ်လောက်ခံစားရမလဲ နင်တွေးရဲ့လား.."

"ကျွန်တော်ဘာပြောလို့လဲ.."

ထိုစဉ် ဖုန်းဝင်လာသဖြင့် ဦးမြမင်းစံကထုတ်ကြည့်ကာ.. ။

"ယောက်ဖဆက်တာ..ကျွန်တော်ဖုန်းပြောလိုက်ဦးမယ်.."

ဦးမြမင်းစံက မိခင်ကိုတောင်းပန်သလိုအကြည့်တစ်ချက်နှင့် အ ပြင်ထွက်သွား၏။ ဒေါ်မြပုလဲဖြူက ဒေါ်မြမင်းသီရိရဲ့ရွှေခြည်ထိုးတ ဘက်ကို ပြေပြစ်အောင်သေချာပြန်တင်ပေးလိုက်ပြီး.. ။

"ကန်တော့နော်မယ်မယ်..ဆံထိုးနည်းနည်းငိုက်နေလို့.."

လက်အုပ်လေးချီခွင့်တောင်းပြီမှ စိန်ဘီး၏အပေါ်တည့်တည့်မှာ ဒိုးစိုက်ထားသော နဝရက်ကိုးသွယ်ဆံထိုးကြီးကို သေချာပြန်စိုက်ပေး

၏။

"မယ်မယ်ရယ်..အားလုံးက သတိထားမိနေကြပြီ၊ မယ်မယ်ထွက်သွားရင် အကဲခတ်မိကြတော့မှာ..ကျွန်မြေမပျက်အောင် သတိလေးထားပါဦး၊ မောင်မောင်နဲ့ပဲမယ်မယ်အတူတူ နေချင်တယ်..မောင်မောင့်အတွက်ပဲ အများကြီးလုပ်ပေးခဲ့တယ်၊ မယ်မယ်က တာဝန်ကျေခဲ့တာပဲ..ဒီကောင်လေးက မယ်မယ့်ကိုမှ ပိုဆိုးချင်နေတာ သူလည်းမယ်မယ့်ကို ချစ်လို့ပါ.."

"ချစ်တဲ့သူက ရိုက်ရင်ပိုနာတယ်အေ့..ညည်းတို့သိရဲ့လား.."

မယ်မယ်က စိတ်မဆိုးဘဲ ညည်းတွေ ငါတွေနဲ့ ပြောခဲ့တဲ့သူပါ။ အသံတွေပါတုန်နေတော့ ညီအစ်မနှစ်ယောက်စလုံး စိတ်မချမ်းသာဖြစ်ကြရကာ ဘယ်လိုဆက်ပြီး နှစ်သိမ့်ရမှန်းလည်းမသိ။ မင်္ဂလာကိစ္စစီစဉ်တာက ဇင်လေးကိုဖြစ်သည်။ ဒါပေမယ့် ဇင်လေးကငြင်းဆန်နေသလို ကိုကိုလင်းတို့ဘက်ကလည်း ဆေးကုလာသည့် ကနုတ်ကိုပဲ တောင်းခဲ့ကြသည်။ ထို့ကြောင့် အစဉ်အလာတွေကို ကျော်လွှန်၍ စီစဉ်မိတဲ့ပွဲကို ပြီးဆုံးအောင် စီစဉ်လိုက်ရတာဖြစ်သည်။ 'တာဝတိံသာ'စံအိမ်အရှင်သခင် ဒေါ်မြမင်းသီရိရဲလက်ထက်မှာ ကိုယ်ကသာရွေးချယ်ခဲ့တာဖြစ်ကာ သူများရွေးချယ်တာကို ခံခဲ့ရတယ်ဆိုတာ မရှိခဲ့ဘူးပေ။ ခုလိုသတို့သားဘက်က လိုချင်သည့်သတို့သမီးကို ထုတ်နှုတ်ရွေးချယ်ယူလိုက်သလိုဖြစ်ခဲ့ရခြင်းနှင့် ပတ်သက်၍.. ၊

"မြထွတ်ဦး..ညည်း ညည်းကိုယ့်သားသမီးကို မဆုံးမနိုင်တဲ့မိန်းမ ညည်းလိုမအေမျိုးတွေကြောင့် သမီးရှင်တွေမျက်နှာငုံ့ရတာ.."

လက်ညှိုးထိုးပြောရင်း ဒီပွဲမတိုင်ခင် ဒေါ်မြမင်းသီရိဘယ်သားသမီးနဲ့မှမတွေ့ဘဲ အခန်းအောင်းနေတဲ့အထိ ပြဿနာကြီးခဲ့သေးသည်၊ သို့သော် သတို့သားဘက်က ငြင်းပယ်ခြင်းကို တခြားလူမသိအောင် ကနုတ်နဲ့စီစဉ်ခဲ့တာလိုလို ခရီးဆက်ခဲ့ခြင်းသည် ဂုဏ်သိက္ခာအတွက်မှ လွဲ၍..

"မယ်မယ်စိတ်ဆင်းရဲရတာ သမီးကြောင့်ပါ..သမီးအပြစ်တွေပါ မယ်မယ်.."

အဖြစ်တို့ကို ခြုံငုံတွေး၍ ဒေါ်မြထွတ်ဦးမျက်နှာငုံ့၍ ထပ်တောင်းပန်မိသည်။



"မယ်မယ်ဘယ်လိုခံစားနေရတယ်ဆိုတာ သမီးသိပါတယ်..မောင်မောင့်ကို နားလည်ပေးလိုက်ပါမယ်မယ်ရယ်၊ သူ့သမီးနဲ့ပတ်သက်လာရင် သူသည်းခံမှာမဟုတ်ဘူးလို့ မယ်မယ်ပဲပြောခဲ့တာလေ..အနာရှိလို့ ဆားပက်မခံနိုင်တာပါ၊ ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲအောင် မတွေးပါနဲ့ မယ်မယ်ရယ်..ကနုတ်လေးကတော့ နာခံရှာတာပဲ.."

"ဟုတ်သားပဲမယ်မယ်ရယ်..ဒေါသသွေးလောက် လူကိုရုပ်ဆိုးစေတာ မရှိဘူးလို့ မယ်မယ်ကိုယ်တိုင်ဆုံးမခဲ့တာ.."

သားသမီးပေမယ့် ပြောတာလည်းမှန်တာပဲမို့ ဒေါ်မြမင်းသီရိကိုယ့်စိတ်ကို ထိန်းချုပ်လိုက်သည်။ ပြီးတော့ တည်ငြိမ်သည့်မျက်နှာကိုမော့လိုက်ပြီး.. ၊

"ကနုတ်ကို သွားခေါ်.."

## အခန်း(၂၃)

အိမ်ရှင်မိသားစုဖြစ်ကာ 'တာဝတီံသာ'စံအိမ်မှ သားစဉ်မြေးဆက် အားလုံးသည် စင်မြင့်၏တစ်ဖက်ခြမ်းမှာ မျက်နှာစုံညီရှိနေကြလျက် 'ချမ်းမြေ့'စံအိမ်မှ သတို့သားမိသားစုတွေက တစ်ဖက်မှာရှိနေကြ၏၊ မင်္ဂလာအချိန်ကျော်နေကာမှ ပွဲစရတာမို့ ဒေါက်တာလင်းမြတ်သူ၏ ဖွေ ချင်းမိဘတွေက မျက်နှာမသာယာချင်။ သို့သော် သတို့သမီးကိုခေါ်လာ ချိန်မှာ အားလုံး၏မျက်နှာတွေမှာ အပြုံးတို့ပြန်လည်ခိုတွဲလာခဲ့ကြ၏၊

"ကြည့်ပါဦးနော်..ကနုတ်ရောင်ဆိုတဲ့အတိုင်းပဲ ဝတ်ထားတဲ့ကန ကမာရောင်လေးနဲ့ အသားလေးကရောနေတာပဲ.."

ကနုတ်ရောင်ကို သေချာကြည့်၍ ယောက်မဖြစ်သူတွေက ကေ နပ်လို့မဆုံး.. ၊

"မမေ့သား တကယ်အမောပြေမှာပါ..ဘယ်အချိန်ကြည့်ကြည့်ကြ လှနေတာ.."

"ဟုတ်တယ်..အိမ်ရောက်လာတည်းက ကျူးကျူးကသိတယ်၊ ဒါ ကြောင့် ကနုတ်ရောင်ကိုပဲ ယောက်မတော်ချင်နေတာ.."

မိဘတွေဟန့်တားကာမှ ငြိမ်သက်သွားကြကာ စားပွဲပြည့် နေရာ



ပြည့်စည်ကားနေသော ပရိသတ်တွေကိုလည်း လှမ်းကြည့်ကြသေးသည်။ ဆွေမျိုးတွေချည်းပဲဖိတ်ကြားတက်ရောက်ကြသည့်ပွဲမို့ သာရေးနာရေးဆို သူမတို့တွေ သိပ်စိတ်မဝင်စားတတ်ပေ။ ခုကျတော့ ကိုယ့်မောင်ရဲ့မင်္ဂလာပွဲမှာ ပရိတ်သတ်အပြည့်နှင့် စည်ကားနေသောကြောင့် ပီတိတွေဖြာနေကြသည်။ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းတွေ ဒီလောက် တောင်တောင့်တင်းများပြားစွာရှိနေကြတာကို မသိခဲ့တာအမှန်။ ထို့ပြင် အားလုံးကြွယ်ဝချမ်းသာနေကြတာကိုလည်း ဂုဏ်ယူမိ၏။ မင်္ဂလာမောင်နှံ၏လက်ဖွဲ့ဗန်းထဲမှာ မောက်လျှံနေသည့် ရတနာပစ္စည်းတွေကိုလည်း လည်ပင်းရှည်ကြည့်ရတာ ခဏခဏ.. ၊

"အဟမ်း..အဟမ်း မင်္ဂလာအချိန်ခါကျရောက်ပြီမို့ သတို့သားမောင်.."

"ခဏလေး ခဏလေး.."

ဘိတ်သိတ်ဆရာ၏အဖွင့်စကားမှာပဲ တားဆီးသံတစ်ရပ်က ပီပြင်ပြတ်သားစွာ ပေါ်လာခဲ့ပြီး.. ၊

"ဒီမင်္ဂလာပွဲကို မရှင်းဘူး..နည်းနည်းလောက်မေးပါရစေ.."

အားလုံး အသံရှင်ကိုလှည့်ကြည့်မိကြသည်။ စင်မြင့်ထက်မှာရှိနေသော ဒေါ်မြမင်းသီရိတို့မိသားစုတချို့မှလွဲ၍ ထိုသူကိုဘယ်သူမှမသိကြပေ..။

အာဏာသျှန်..သင်း ဘာလုပ်တာလဲ.. ၊

ဒေါ်မြမင်းသီရိကိုယ်ကြီး တောင့်မတ်သွားသည်။ ဒေါ်မြထွတ်ဦးတို့မောင်နှမတွေ အသက်ရှူရပ်မတတ်ဖြစ်ကုန်ကြကာ.. ၊

"သူ..သူ့ကိုသိတယ်.."

စင့်အသံလေးက တိတ်ကျသွားသည့်ဝန်းကျင်မှာ အုံ့ဩဝမ်းသာဖြစ်သွားသည့်နှယ်။ အာဏာသျှန်က အတွင်းခံဆွယ်တာကအစ နက်မှောင်သောအရောင်တွေချည်း ဝတ်ဆင်ထားကာ ဆံပင်တွေကိုဖြစ်သလို ထိုးသိပ်တင်ထားပုံရှိကာ မျက်မှန်တပ်ထားသေးသည်။ ထို့ကြောင့် သူ့မျက်နှာကိုသေချာမြင်ရဖို့ လူတွေပို၍အာရုံစိုက်နေကြ၏။ သျှန့်နောက်မှာ ဘယ်သူမှမပါပေ၊ တစ်ယောက်တည်း ဘောင်းဘီအိတ်တွေထဲ လက်သည့်ထားရင်း အလယ်လျှောက်လမ်းကနေ စင်မြင့်ဆီကို တစ်လှမ်းချင်း

လျှောက်ဝင်လာ၏။

“အဲ့ဒီမှာရပ်နေစမ်း..”

“မယ်မယ်..”

ဒေါ်မြမင်းသီရိဆတ်ခနဲထရပ်ပြီး လက်ညှိုးငေါက်ငေါက်ထိုးလျှင် ဒေါ်မြထွတ်ဦးတို့ အထိတ်တလန့်တွေဖြစ်ကုန်ကြကာ.. ။

“မယ်မယ်မပြောနဲ့လေ..အဲ့လိုပြောလို့မဖြစ်ဘူး..”

ညီအစ်မနှစ်ယောက် အမောတကောတားမိကြသည်။ ပြောလို့မသင့်မှန်းသိပေမယ့် ဒေါ်မြမင်းသီရိအသားဆတ်ဆတ်တုန်လျက်.. ။

“ရပ်..ခုချက်ချင်း အဲ့ဒီမှာရပ်..”

“ဘာကြောင့်လဲ..အားလုံးကထိုင်နေကြပြီး ဘာလို့ကျွန်တော့်ကျ လဲ..”

ခြေလှမ်းမရပ်ဘဲ မေးခွန်းပြန်ထုတ်သည်။ ပြီးတော့ စင်ပေါ်ကို ခြေတစ်လှမ်းတင်လိုက်ပြီးမှ ရပ်တန့်သွားကာ.. ။

“အခုရပ်လိုက်ပြီ..ကျွန်တော့်ကိုဘာကြောင့်ဒီပွဲထဲ ဝင်မလာစေချင်တာလဲ..ပြောပြလိုက်ပါ..”

“မင်း..”

စကားသည် ဒီ့ထက်ရှေ့ဆက်မတက်ဘဲရှိလျှင် သျှန်က ဧည့်သည်တွေဘက်ကို မသိမသာမျက်နှာငဲ့၍.. ။

“ကျွန်တော်က ဦးနေမင်းသစ်ဒေါ်ယမုံခင်တို့ရဲ့သားပါ..”

ဧည့်သည်တွေကြားအောင်ပြောလိုက်လျှင် အားလုံးအံ့သြသွားကြ၏။

“မိုးထိစံအိမ်ကပဲ..”

“အချင်းချင်းတွေကို ကြီးကြီးစံဘာဖြစ်တာလဲမသိဘူး..”

“မိုးထိစံအိမ်မှာ ကြောက်ရမယ့်အကြီးအကဲတွေ မရှိတော့လို့ဖြစ်မှာပေါ့..”

“ဘာအကြောင်းမို့လို့လဲ..ဒီလောက်တောင်ဆတ်ဆတ်ခါခါ..”

ဧည့်သည်တွေဆီက စကားသံတွေပျံ့လွင့်လာလျှင် ဒေါ်မြမင်းသီရိမျက်နှာ သွေးပေါက်ထွက်မတတ်ဖြစ်လာခဲ့လျက် သျှန်ကအေးစက်စက် ပြုံးသည်။ ပြီးတော့ စင်ပေါ်လှမ်းတက်လိုက်ကာ.. ။

“တာဝတိံသာစံအိမ်မှာ မင်္ဂလာပွဲကျင်းပနေတယ်ဆိုလို့ ဒီတစ်ခါ



ဘယ်ကျေးကျွန်အလှည့်ကျသလဲလို့ လာကြည့်တာပါ..”

ပြောပြီး ဒေါက်တာလင်းမြတ်သူတို့ဘက်ကို ငဲ့ကြည့်လိုက်ပြီး..၊

“ဒီမှာ သမက်ရွေးတဲ့ပွဲက နည်းနည်းတော့မာယာများတယ်ဗျ..သဘောကျရင်တစ်မျိုး သဘောမကျရင်တစ်မျိုး၊ မလွန်ဆန်နိုင်တာမျိုးဆိုရင်တော့ သမီးတွေကိုဂုဏ်ထားပြီး ကျေးကျွန်မိန်းကလေးတွေအတွက် အဲ့ဒီသတို့သားကို ကံစမ်းမဲလုပ်ပေးတာ..”

“အဏာသျှန် မင်းခုချက်ချင်းတိတ်စမ်း..”

“မင်း ဒီထိလာပြီး စော်ကားရဲလှချေလား..”

ဒေါ်မြမင်းသီရိနဲ့ဒေါ်မြပုလဲဖြူပြိုင်တူရှေ့တိုးလာရင်း ဒီစကားတွေ ပျောက်ပျက်သွားဖို့ အသည်းအသန်ကြိုးစားသည်။ သို့သော်.. ။

“မှန်တာပြောရင် စော်ကားတယ်ပြောကြတာပဲ..ဒါပေမယ့် ကျွန်တော်ကစော်ကားခွင့်ပါမစ်နဲ့လာခဲ့တာဆိုတော့ ပြဿနာမရှိပါဘူး..ဒီနေ့ ချမ်းမြေ့စံအိမ်က ဆရာဝန်နဲ့လက်ထပ်ပေးမှာက ဦးမြမင်းစံ ဒေါ်မေစည် သူတို့ရဲ့သမီးရင်းလား..ဒါမှမဟုတ် ဒေါက်တာလင်းမြတ်သူကို ကံစမ်း မဲပေါက်သွားတဲ့ ကျေးကျွန်တစ်ယောက်ယောက်လား အဲ့ဒါကိုအားလုံး ရှေ့မှာသိချင်တာ..”

ဧည့်သည်တွေအားလုံး မျက်လုံးအပြူးသားနှင့် ငြိမ်ကျသွားကြ သည်။ ပြီးတော့ ပါးစပ်အဟောင်းသားတွေဖြစ်လျက် တစ်ယောက်ကို တစ်ယောက်ကြည့်ကုန်ကြ၏။ ဒေါက်တာလင်းမြတ်သူတို့မိသားစုက ပိုဆိုးလေသည်။ မကြားဘူးတာတွေကြားနေရကာ ရုပ်ပျက်ဆင်းပျက် ဒေါသတွေနှင့် တာဝတိံသာမိသားစုတွေရဲ့ မသကာဖွယ်ပုံစံတွေကြောင့် ကိုယ့်နားကိုယ်ပင်မယုံနိုင်ကြ.. ။

“သမီးတွေအစား ကျေးကျွန်နဲ့ထိုးထည့်လက်ထပ်ပေးတာလည်း သူတို့ပဲ..ပြီးတော့ အဲ့ဒီလူတွေကို ကျွန်မျိုးလို့သတ်မှတ်ပြီး တာဝတိံသာစံ အိမ်ကြီးသာ အမျိုးမြတ်သူတွေလိုလို အိမ်ရိပ်တောင်နင်းတာမကြိုက်..”

“အဏာသျှန်..မင်းပါးစပ်ပိတ်ထားစမ်း..”

သျှန်က ဒေါ်မြပုလဲဖြူကို စေ့စေ့ကြည့်ပြီးမဲ့သည်။

“ကျွန်တော်ပါးစပ်ပိတ်ထားရင် သူတို့ဘယ်သိတော့မလဲ..”

ဆုံဆည်းကြသည့်မျက်လုံးတွေက မီးတောက်မီးလျှံတညီးညီး

တောက်လောင်နေသည့်နှယ်။ ပြီးတော့ သျှန့်မျက်ဝန်းတွေက ဒေါ်မြမင်းသီရိထံ ရွေ့လျားသွားခဲ့ပြီး.. ။

"ကျေးကျွန်ကိုအနိုင်ကျင့် မသိတဲ့လူတွေကို လိမ်ညာပြီး ကိုယ်သာလျှင် အမျိုးမြတ်သူလို့ သတ်မှတ်နိုင်တာ ဂုဏ်သိက္ခာမဟုတ်ဘူး..လူတစ်ယောက်ကို ကျွန်မျိုးလို့လက်ညှိုးထိုး ပြောရဲတာကိုဂုဏ်သိက္ခာလို့သတ်မှတ်ရင် သူ့ကိုကျွန်တော်အခုပြောမယ်.."

သျှန်က မိသားစုဘက်ခြမ်းမှာထိုင်နေသည့် ဖင့်ထံလက်ညှိုးထိုးလိုက်ပြီး.. ။

"မိန်းမပျိုလေးတစ်ယောက်က ဟိုတယ်လ်မှာယောက်ျားပျိုတစ်ယောက်နဲ့အတူအိပ်ခဲ့တယ်..အဲ့ဒါ ဒေါ်မြမင်းသီရိရဲ့မြေး မြတ်ပန်းသဇင်"

"မင်း.."

"အဲ့ဒီမိန်းကလေးကို ဘယ်လိုအမျိုးအစားလို့ သတ်မှတ်မလဲ..ဖြေပေးနိုင်မလား၊ ကျွန်တော်ဂုဏ်သိက္ခာကြီးချင်လို့ပါ.."

"ခွေးစကားပြောတဲ့ကောင်.."

"ညီမလေးမလုပ်နဲ့.."

စိတ်ဆတ်သည့်ဒေါ်မြပုလဲဖြူက သျှန့်ပါးကို တအားပြေးရိုက်၏၊ ဒေါ်မြထွတ်ဦးအမိအရဆွဲဖက်ထားလိုက်ရင်း အားလုံးရှုတ်ရှုတ်သဲသဲတွေဖြစ်ကုန်လေသည်။

"ပုလဲဖြူ..ငါတို့လူကြီးတွေ အားလုံးရှိတယ်နော်၊ ဒါမျိုးတော့ လက်မပါနဲ့.."

"ဟုတ်တယ်..ငါတို့ကညှော်သည်ဆိုပေမယ့် အားလုံးကဆွေမျိုးတွေပဲ"

"ဟုတ်တာတွေပြောနေလို့ မခံနိုင်တာလား.."

"သူများအပေါ်ကောက်ကျစ်ပြီး အမျိုးဖျက်တာသူတို့ပဲ..ဒါလုံးဝမဖြစ်သင့်ဘူး.."

"နေမင်းသစ်တို့ကို လုပ်လိုက်တာဖြစ်မယ်.."

"မစံရယ်..ရှင်ဘယ်လိုတောင် အမျိုးဖျက်ဖို့နည်းတွေ တတ်နေရတာလဲဟင်၊ အံ့ပါရဲ့.."

ဧည့်သည်တွေအဖြစ်ရှိနေခဲ့ကြသည့်လူတွေ အားလုံးရှုတ်ရှုတ်သဲသဲထဖြစ်ကုန်ပြီး တချို့ကစင်ပေါ်တက်လာကြကာ.. ။



"ဘာလို့ကောင်လေးကိုဝိုင်းထားတာလဲ..သူတစ်ယောက်တည်းဘာပေမယ့် ငါတို့ရှိသေးတယ်.."

"သူများကိုကျွန်မျိုးလို့ပြောချင်တာနဲ့ ကျွန်နဲ့ပေးစားပြီး ယုတ်မာလိုက်တာ.."

"ကိုယ့်မြေးကိုကျတော့ ဘယ်သူ့ရင်ခွင်ထဲသွားအိပ်နေမှန်းတောင်သေိတာ ဝင်္ဂလည်တာလေ.."

"ဟေ့..ငါတို့က ချမ်းမြေ့ဘက်ကလက်ဖွဲ့ထားတာ ပတ္တမြားလည်ဆွဲ.."

"ငါလည်း ဒေါက်တာလင်းမြတ်သူဘက်ကလက်ဖွဲ့တာ ပုလဲတစ်ဆင်စာ.."

"ဗန်းကိုဆွဲထုတ်လိုက်..ကိုယ့်ပစ္စည်းတွေကိုယ်ပြန်ယူ.."

"ဟေ့.ငါတို့က ပစ္စည်းယူဖို့ထက် မိုးထိစံအိမ်အတွက်နစ်နာတာကို ဘယ်လိုပြန်ပေးမှာလဲ..ဒါပဲလိုချင်တာ.."

"အန်ကယ်လ် ခဏလေးပါ..ဒါတွေမှာ တကယ့်အမှန်တရားရှိပါသိမ့်မယ်၊ ပြီးရင် အားလုံးရှင်းရအောင်ပါ.."

"အန်တီ..ခဏလေးနေပါဦး၊ ဒါတွေကိုပြန်ယူပါ..မင်္ဂလာပွဲပြီးတဲ့အထိ.."

"ဘာမှမလိုဘူး..ငါတို့ဒီလောက်ထိရှုပ်ထွေးနေတဲ့မိသားစုနဲ့လည်းမပတ်သက်ချင်တော့ဘူး၊ ဒီနေ့ငါ့သားမင်္ဂလာပွဲ မလုပ်ခဲ့ဘူးလို့ပဲ သတ်မှတ်တယ်..လာ့ ကိုဦး၊ သားထ..ပြန်မယ်.."

"အန်တီ..အန်တီ့ခဏလေး.."

စင်ပေါ်မှာ အချင်းချင်းတိုးတိုက်ကုန်ကြသဖြင့် သမက်တွေဖြစ်သည့် ဦးအောင်သိန်းနဲ့ဦးကျော်မြတ်ခေါင်တို့ ဘယ်သူ့ကိုတားလို့ဘယ်သူ့ကိုဆွဲထားရမှန်းမသိဖြစ်နေကြ၏။ ဒေါ်မြမင်းသီရိဘာတွေလုပ်ထားခဲ့သလဲ.. အာဏာသျှန်ဆိုတဲ့ကောင်လေးနဲ့ ဘာတွေပြောဆိုဖြစ်ပျက်ခဲ့သလဲ..သူတို့ဘာမှမသိထားကြသဖြင့် ဒါကိုဖြေရှင်းနိုင်မယ့်အကြောင်းတော့ရှိနေလိမ့်မည်ဟု ယုံကြည်ကာ ပွဲမပျက်ဖို့ကြိုးစားနေကြတာဖြစ်သည်။ သို့သော် သူတို့သည်သာ ဖက်ဖက်မောကြရလျက် ဧည့်သည်အားလုံး၏ ဒေါသမောဟတွေက တာတမံကျိုးသည့်ရေလုံးကြီးတွေအတိုင်း..

ဘယ်သူဘယ်ဝါတွေဆိုတာ ခွဲရခက်လောက်အောင် ရှုတ်ရှုတ် သဲ ဆူညံနေသည့် လူတွေကိုကြည့်ကာ ကနုတ်နေရာမှ ကတုန်ကယင် ထရပ်သည်။ ဒီပွဲသည် ကိုယ်ကဖြစ်ချင်ခဲ့တာမဟုတ်သည့်တိုင် သူမှာ ကဖျက်ချနှုတ်ထွက်သွားခဲ့သည့်အကြောင်းတရားများနှင့် ပတ်သက်၍

"အ.."

ခြုံထားသည့်ပဝါစလေး ပခုံးပေါ်ဆွဲတင်ကာ စင်မြင့်၏ဘေး ကားကနေဆင်းပြေးတော့ဖို့ လှည့်လိုက်လျှင် သူမမျက်နှာသည် ဘက်တစ်ခုနှင့် တိုက်မိသွား၏။

"ရှင်.."

မော့ကြည့်လိုက်တော့ စူးရဲသည့်မျက်ဝန်းတစ်စုံနှင့် ငုံ့မိုးကြည့် သော အာဏာသျှန်.. ।

"လိုက်ခဲ့.."

"ဟင့်အင်း.."

သျှန်က လူအုပ်ကိုအေးအေးလှမ်းကြည့်ပြီး မျက်မှန်ပြန်တပ်သည် ပြီးတော့ ထွက်ပြေးဖို့ပြင်လိုက်သည့် ကနုတ်လက်လေးကို ဖျတ်ခနဲလှမ်း ဆွဲကာ.. ।

"ဟင့်အင်း..မလိုက်ဘူး၊ အား.."

လေ့ကားသည် တစ်ထစ်ပဲရှိပေမယ့် လေ့ကားကိုနင်းခွင့်မရလိုက် ဘဲ ပြုကျသွားသည့်အခါ ကနုတ့်ခြေထောက် ဘာဖြစ်သွားမှန်းမသိ နည်းနည်းလေးတောင် ထောက်မရတော့ပေ.. ।

"နာတယ်..ဟင့်အင်း လွှတ်..ဖေဖေ့.."

သူမနောက်လှည့်ကြည့်ပြီး အော်သည်။ သို့သော် သျှန့်လက်တ ဖက်မြောက်တက်သွားပြီး သူမဇက်ပိုးကို ဖြတ်ရိုက်ပစ်လိုက်လျှင်..

"တောက်..အလုပ်ကရှုပ်ဦးမယ်.."

ပျော့ခွေမေ့မျောသွားသည့် အငယ့်ကိုယ်လေးကို ဆွဲပွေ့လိုက်ပြီ ခပ်ကြိတ်ကြိတ်တက်ခေါက်သည်။ ပြီးတော့ 'ကျူက်သရေတော်'ခန်း ကြီး၏ ဘေးတံခါးကနေ ထွက်ခွာသွားလေသည်။

စင်မြင့်ပေါ်မှာ ရှုပ်ထွေးနေဆဲမို့ ဘယ်သူမှသတိမထားမိလိုက်

☎

အခန်း(၂၅)

"မယ်မယ်..မယ်မယ့်ကိုပြောစရာရှိလို့၊ တံခါးဖွင့်ပေးပါဦး.."

"ဒုံး ဒုံး.."

"မောင်မောင်.."

ဒေါ်မြပုလဲဖြူက ဦးမြမင်းစံလက်ကိုလာဆွဲပြီး တံခါးနဲ့အလှမ်း ကွာတဲ့အထိ ခေါ်သွား၍.. ।

"မယ်မယ့်အခန်းတံခါးကို အဲ့လောက်ထိသွားထုပြီး ဘယ်လိုရိုင်း ရိုင်းနေတာလဲမောင်မောင်..မယ်မယ်ဘယ်လောက်ထိ စိတ်ဆင်းရဲနေမလဲ င်းတွေးမိရဲ့လား.."

"စိတ်ဆင်းရဲတာ အခန်းတံခါးပိတ်နေရင် ပျောက်သွားမှာလား.. ါဆို ကျွန်တော့်သမီးအတွက် တစ်စက္ကန့်လေးတောင် ဖင်ချထိုင်လို့မရ တာ ဘယ်လိုဆင်းရဲမှုမျိုးလဲ.."

"မင်းပဲအဖေဖြစ်နေတာမဟုတ်ဘူး..ငါတို့တွေလည်း မိဘတွေပဲ.."

"မလတ်တို့သားသမီးတွေက ဘာမှမဖြစ်တာ.."

"မောင်မောင်ရယ်..မင့်သမီးကို ဟိုကောင်ခေါ်သွားတာ တစ်ခါ ဘည်းရိုက်သတ်ပစ်မယ့်ကိစ္စ မဟုတ်ပါဘူး.."

"သြော်..မလတ်က အဲ့လိုပြောသလား.."

ဒေါ်မြပုလဲဖြူ ကျွတ်ခနဲဖြစ်သွားခဲ့လျက် လက်သီးနှစ်ဖက်ပါဆုပ် လိုက်မိ၏။ ကောင်းလိုက်ကြတဲ့ဆွေတော်မျိုးတော်တွေ။ သူများအိမ်ပေါ် လာပြီး ဘယ်သူတွေဘဝပျက်ပျက် ဘာဖြစ်ဖြစ် ရလာသည့်ပြဿနာတစ် ခုကို အစဆွဲထုတ်ပြီး ဖွဖို့ကြိုးစားကြသည်။ အာဏာသျှန်ဆိုတဲ့သတ္တဝါ သင်းအကြံ ပိုင်ပါပေသည်။ တကယ်လူစုံတက်စုံရှိနေသည့်ပွဲကိုမှ ဖ အုံတုတ်နဲ့ထိုးသလို ဖန်တီးပြီး ကနုတ်ရောင်ကိုပါ ဆွဲထုတ်သွားခဲ့၏။ ဘာအတွက်လဲ..။ နောက်ထပ်ဘာဖြစ်ချင်သေးတာလဲ..။ 'တာဝတိံသာ ရဲ့လျှို့ဝှက်ချက်တွေကို ကိုယ့်သိက္ခာအကျခံပြီး ဖော်သွားသည်။ မြတ် ပန်းသဇင်ကို လူပုံအလယ်မှာ စွပ်စွဲသွားခဲ့၏။ မင်္ဂလာပွဲပျက်သည့်အပြင် သတို့သမီးကိုပါ ခေါ်ထုတ်သွားခြင်းသည်.. ।

"ဒီကောင်ကျွန်တော့်သမီးကို ကျွန်လိုခိုင်းတော့မှာ..သိဖူးမြင်ဖူး ကြတာလည်း မဟုတ်ဘဲနဲ့ ချစ်လို့ခေါ်စရာအကြောင်း ဘာရှိသလဲ၊ မယ် မယ့်စကားတွေအပေါ် အငြိုးထားပြီး ဂလဲ့စားချေဖို့ခေါ်တာ.."

"အဲ့ဒါလည်း ငါတို့ဘာမှလုပ်လို့မရတော့ဘူး.."

"ဘာလို့လုပ်လို့မရရမှာလဲ..သူများခြံဝင်းထဲဝင်လာရုံနဲ့တင် ပိုင် နက်ကျူးလွန်မှုနဲ့ စွဲလို့ရနေပြီ၊ အခု အသရေဖျက်မှုတွေ အိမ်ပေါ်တက်ပြီး သူများသမီးပျိုကို.."

"မောင်မောင်တော်တော့.."

ဒေါ်မြပုလဲဖြူစိတ်ပေါက်ပေါက်နှင့် အော်ပစ်လိုက်မိသည်။ ထိုအ ချိန်မှာ ဦးအောင်သိခ်တို့လည်း ဝင်လာကြလျက်.. ।

"ဒါတွေလုပ်လို့ ဘယ်လိုမှမဖြစ်တာ မင်းသိသားနဲ့မင်းစံ.."

"ဟုတ်တယ်မင်းစံ..မယ်မယ်ခွင့်ပြုမှာ မဟုတ်ဘူး၊ အာဏာသျှန် ဆိုတဲ့ကောင် အကြောက်အလန့်မရှိတဲ့ပုံပဲ..ဒါမှအဟုတ် အကြောက်လွန် ပြီး အသိမဲ့သွားတာလား.."

"အသိမဲ့တာတော့မဟုတ်ဘူးကျော်မြတ်..သိလို့လုပ်တာ၊ ဒါတွေ လိုဖြစ်အောင်လည်း သူစီစဉ်ခဲ့တာမဟုတ်ဘူး..ဒါပေမယ့် ကနုတ်ကို ခေါ်ထုတ်သွားနိုင်တဲ့အထိ ဒီမှာကသောင်းကနင်းတွေဖြစ်ကျန်ခဲ့တယ် တာဝတိံသာစံအိမ်က အားလုံးရဲ့ဘုံရန်သူဖြစ်သွားတယ်..သူလုပ်နိုင်တာ



တွေ လုပ်ပြသွားတာ တစ်ချက်မှဟာကွက်မရှိဘူး.."

ဦးမြမင်းစံက နံရံကိုလက်သီးဆုပ်နဲ့ တစ်ချက်ထုလိုက်ပြီး.. ।

"အဲ့လိုတွေ သူဖြစ်စေချင်တာတွေဖြစ်ကုန်ပြီပဲ..ဘာကိစ္စ ကျွန်တော့် သမီးကို ဆွဲထုတ်သွားတာလဲ.."

"တို့ကပြီးပြီလို့ထင်ပေမယ့် သူကမပြီးသေးလို့ပေါ့..ဒေါသတွေ အငြိုးတွေနဲ့ ပြည့်နက်နေတဲ့သူက ချစ်လို့မဟုတ်ဘူးဆိုရင် မုန်းလို့..ဒါပဲ ရှိတယ်.."

"ကိုကိုကျော်ပြောမှပဲ ပိုဆိုးကုန်ပြီကိုကိုကျော်ရယ်..အခု အဲ့ဒီက လေးတွေကိစ္စထက် မယ်မယ့်ကျန်းမာရေးက ပိုအရေးကြီးတာပါ..မယ် မယ်အခု.."

"မယ်မယ့်ကိုမလတ်တို့ အစ်ကိုကျော်တို့ စောင့်ရှောက်နေတာပဲ.. ခြွေရံသင်းပင်းတွေလည်း ဝိုင်းဝိုင်းလည်လို့၊ ဟိုမှာ ကျွန်တော့်သမီးက တစ်ယောက်တည်း..ဘယ်လောက်တောင် ဝိုင်းထောင်းနေကြပြီလဲ.."

"မောင်မောင်..နင်ဘာဖြစ်လို့ ဒါချည်းထပ်တလဲလဲရစ်နေတာလဲ.."

"ကျွန်တော်ရဲ့တိုင်မယ်..အဲ့ဒါကိုပြောချင်နေတာ.."

"မတိုင်ရဘူး.."

စကားသံသည် သူတို့ဆီကမဟုတ်သောကြောင့် လှည့်ကြည့်မိကြ လျှင် ဒေါ်မြမင်းသီရိက တစ်ဝက်ဖွင့်ထားသည့် အခန်းဝမှာ တောင့်မတ် စွာရပ်နေခဲ့လျက်.. ।

"ဘာကြောင့်ခေါ်သွားတာဖြစ်ဖြစ် အာဏာသျှန်နဲ့သက်ဆိုင်တဲ့ ပစ္စည်းဖြစ်သွားပြီးပြီ.."

"လူတစ်ယောက်လုံးကို ပစ္စည်းတစ်ခုလို့သတ်မှတ်လိုက်တာလား မယ်မယ်..အခု အိမ်ပြန်ပါလာရင်တောင် ဆိုဖာခုံတွေလို မီးပုံရှို့ပစ်မှာပဲ ဆိုတဲ့သဘောလား.."

"မောင်မောင်တော်တော့.."

မိခင်ဖြစ်သူ၏နာရီပိုင်းအတွင်း ချုံးချုံးကျသွားသည့် မျက်နှာသွင် ပြင်ကိုမြင်ရတည်းက ဒေါ်မြပုလဲဖြူအတော်စိုးရိမ်သွားမိကာ ဒီထက်ပို ပြီး စိတ်ထိခိုက်ရရင်တော့ နလံပြန်ထူဖို့မလွယ်တော့တာကိုသိနေ၏။ ထို့ကြောင့် မောင်မောင်ဘယ်လိုထင်သွားသွား ဂရုမစိုက်နိုင်..

"မမကြီးလည်း သူ့သမီးအတွက် အရှက်ရလို့ခေါင်းမဖော်ဝံ့ရှာဘူး..ငါတို့အားလုံးခံစားနေရတာ မင်းထက်မပိုရင်တောင် သေးသေးကွေးကွေးတော့မဟုတ်ဘူးနော်..နင်မယ်မယ့်ကိုဘာမှ မေးခွန်းထုတ်နေဖို့မလိုဘူး.."

"ဒီလိုဖြစ်လာခဲ့တာလည်း ဘယ်သူမပြုမိမိမှုပဲ.."

ဦးမြမင်းစံက နည်းနည်းလေးမှ လေသံမလျှော့။ ဒေါ်မြပုလဲဖြူ ဒေါသထွက်တားဆီးနေတာကိုလည်း ဂရုမစိုက်။ ယောက်ဖတွေဘာမှမသိလိုက်ပေမယ့် သူသိနေသည်။ အာဏာသျှန့်ကို မယ်မယ်ဘယ်လိုမောက်မောက်မာမာနှင်ထုတ်လွှတ်လိုက်တာလည်း သူ့ရှေ့တင်။ ဒါကိုအစ်မနှစ်ယောက်စလုံးလည်း မျက်မြင်ကိုယ်တွေ့ပဲ..။ ကိုယ့်အမေဖြစ်တိုင်း မှားနေတာကို လက်ညှိုးထောင်ခေါင်းညိတ်မလုပ်သင့်တဲ့အကြောင်း ထိုနေ့ကကောင်လေးပြန်သွားတည်းက သူမတို့ကို သတိပေးခဲ့သေးသည်။

ဝမ်းနည်းပူလောင်မှုမှန်သမျှကို မျှဝေခံစားကြတာ 'မိသားစု'..၊

'မိသားစု'မို့မကောင်းမှုကို ကူညီအားပေးရမယ်ဆိုရင် ဒါမှန်သလား.. ၊

"ကျွန်တော်အစတည်းက မယ်မယ်ဒီလိုတွေခွဲခြားဆက်ဆံတာဆောင်လွန်နေပြီဆိုတာ သိတယ်..ပြောခွင့်ကြုံတိုင်းလည်းပြောခဲ့တယ်၊ တကယ်တမ်း ဒီဒဏ်ကိုခံရတော့ ကျွန်တော့်သမီးဖြစ်နေတယ်.."

"အဲ့ဒါငါတို့က 'သူ့ကိုပဲခေါ်သွားပါ'လို့ ထည့်ပေးလိုက်တာမဟုတ်ဘူးလေ.."

"ဒါပေမယ့် ကနုတ်နေရာမှာ ဖင်လေးဆိုရင် မယ်မယ်ဒီလိုနေမှာမဟုတ်ဘူး.."

ဦးမြမင်းစံမျက်နှာက နာကျည်းမှုတို့နှင့် တင်းတင်းကြိတ်ကြိတ်ရှိနေခဲ့လျက်.. ၊

"ဟုတ်တယ်လို့မယ်မယ်ဝန်ခံလိုက်ပါ..ကျွန်တော့်သမီးကတော့.."

"ဘယ်သူ့သမီးဖြစ်ဖြစ် မိုးထိစံအိမ်ကိုရောက်သွားရင် အမှိုက်တစ်စလွှင့်သွားတယ်လို့ပဲ ငါသတ်မှတ်တယ်..ဘယ်သူတွေဘာပြောပြော သူတို့ပြောကြသလို ဆွေမျိုးတွေကို မျိုးဖျက်ဖို့ ငါလုပ်ခဲ့တာမဟုတ်ဘူး..



ငါ့အခက်အခဲအတွက် ငါရှင်းခဲ့တာ..ငါလုပ်တာငါမှန်တယ်၊ အဲ့ဒီအတွက်ကျွန်ဖြစ်ထိုက်လို့ဖြစ်သွားတဲ့သူတွေ သွားမေ့စေ.."

ဦးမြမင်းစံ စကားတစ်ခွန်းမှ မပြောတော့ဘဲ ကျိုခနဲအံကြိတ်သည်။ ဒေါ်မြမင်းသီရိက သားမျက်နှာကိုစိုက်ကြည့်ပြီးမှ တစ်ဖက်လှည့်ပစ်ကာ..၊

"လူတစ်ယောက်ရဲ့ကံကြမ္မာကို လူတစ်ယောက်ကမဖန်တီးနိုင်ဘူး..ဒါတွေဖြစ်တာ မြမင်းသီရိကြောင့်လို့ ထင်နေကြတာ တရားမသိတာပဲ၊ ဘာဖြစ်ဖြစ် ပြောကြပါစေ..သူတို့က ကဲ့ရဲ့တာပေမယ့် ငါ့ဂုဏ်သိက္ခာ ငါ့မာန ငါ့စည်းငါ့ကမ်းကို ဘယ်တော့မှနည်းနည်းလေးတောင်မရွှေ့စေရဘူး..လူကဲ့ရဲ့လွတ်အောင် ကိုယ့်ဂုဏ်သိက္ခာကို ထိုးကျွေးရအောင် မြမင်းသီရိသွေးမကြောင်ဘူး.."

"ကောင်းပါတယ်..ခုလိုရှင်းရှင်းသိရတာ မယ်မယ့်ကိုကျေးဇူးတင်တယ်.."

ဦးမြမင်းစံ ချာခနဲလှည့်ထွက်သွားလေသည်။ ဦးအောင်သိန်းနဲ့ဦးကျော်မြတ်ခေါင်တို့ ရပ်နေကြပေမယ့် ခေါင်းတွေငုံ့ထားကြ၏။ သူတို့ဘာမှမသိလိုက်သော ကိစ္စတွေရှိပေမယ့် ကြားနေရသည့်စကားတွေအရသိတော့သိနေကြပါပြီ။ ဒေါ်မြမင်းသီရိက အားလုံးကိုဝေ့ကြည့်ပြီးမှ မျက်လွှာချသည်။ ထိုအခါ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ကျသွားခဲ့လျှင်.. ၊

"မယ်မယ်.."

ဒေါ်မြပုလဲဖြူ အနားကပ်ဖို့သွားသော်လည်း လက်ကာပြလိုက်ပြီး.. ၊

"ချပ်.."

အထဲပြန်ဝင်၍ တံခါးပိတ်ပစ်လိုက်၏။

"မယ်မယ်ရယ်..မောင်မောင်က ဒီလိုပဲပြောတတ်တာပါ၊ ဘာပြဿနာတွေပဲရှိရှိ သမီးတို့အားလုံး မယ်မယ့်နားမှာရှိတယ်..မယ်မယ့်ဘက်မှာ အားလုံးရှိပါတယ်၊ စိတ်မဆင်းရဲပါနဲ့မယ်မယ်ရယ်..နော်.."

မယ်မယ့်အကြောင်း သူမသိသည်။ အရာရာကိုဖြေဖျောက်ပစ်နိုင်ရင်တောင် မောင်မောင့်မျက်နှာတစ်ချက်လောက်ပျက်တာကို ခံနိုင်ရည်ရှိခဲ့တာမဟုတ်.. ၊

မိုက်လိုက်တဲ့ကောင်လေး.. ၊
စိတ်ရှိတိုင်းသာ လုပ်ပစ်လိုက်ရပါလျှင်.. ၊

## အခန်း(၂၆)

"ဖြန်း.."

ရိုက်ချက်ကပြင်းသည်။ သျှန့်ပါးတစ်ဖက် ပူလောင်ကျိန်းစက်သွားခဲ့လျက် မျက်နှာပါလည်ထွက်သွား၏။

"အဲ့ဒါမိုက်ရိုင်းချင်ဦး.."

သျှန် စကားတစ်ခွန်းမှမပြောဘဲ အံကြိတ်ထား၏။ ငိုနေသည့်က နတ်မျက်ရည်တွေပါ ထိုရိုက်ချက်မှာ တိခနဲရပ်၏။ ဒေါ်ယမုံခင်သည် မျက်ရည်တွေကျလာခဲ့လျက် ရိုက်ပစ်လိုက်သည့်လက်ကို နာကျည်းစွာဖိဆုပ်ပစ်ရင်း..

"မင်းလုပ်ခဲ့တာ ဘယ်သူ့မှာကောင်းကျိုးတွေ ဖြစ်ထွန်းသွားသလဲ ..မင်းအဖေ 'ကျွန်'မနဲ့ညားပြီး အာဏာသျှန်ဆိုတဲ့ 'ကျွန်'မသားလေးလူဖြစ်လာတယ် မင်းဖြစ်ချင်တာ အဲ့ဒါလား..အဲ့လိုဖော်ထုတ်ပြလိုက်တာပျော်စရာကောင်းလို့လား။ မင်းမှာဂုဏ်ကျက်သရေတွေ တိုးသွားသလား"

"တစ်လောကလုံး ဘယ်သူသိသိ ကျွန်တော်ဘာဖြစ်သွားသွား တာဝတီံသာစံအိမ်ပဲသိနေတဲ့အဖြစ်နဲ့ ဒေါ်မြမင်းသီရိလက်ညှိုးထိုးလိုက်တာကို မခံနိုင်ဘူး..ပြီးတော့ ဒေါ်မြထွတ်ဦး ပြီးတော့ ဒေါ်မြပုလဲဖြူ ပြီးတော့

ဦးမြမင်းစံ သူတို့ကထပ်ပြီးပေါက်ဖွားလာတဲ့ သားစဉ်မြေးဆက်အားလုံး ရွံ့သလိုရှာသလိုကြည့်နေကြမှာကို ခံနေရမှာလား..လူလူချင်းအတူတူ သခင်လို့ကိုယ့်ကိုယ်ကိုသတ်မှတ်ပြီး အလုပ်အကျွေးပြုနေရတဲ့သူတွေကို ကျွန်လို့သတ်မှတ်တာ၊ တာဝတီံသာတစ်ခုတည်းရဲ့သတ်မှတ်ချက်..တခြားမှာမရှိဘူး..”

မဟုတ်ဘူး..ရှိခဲ့တာတွေက အဲ့လိုမှမဟုတ်ဘဲ.. ၊

ဒေါ်ယမုံခင် ရင်ထဲမှာနာကျင်နေသည်။ သားကိုရိုက်လိုက်မိခြင်းငါ့ကြောင့် ငါ့သားလေး ‘ကျွန်’လို့သတ်မှတ်ခံရပြီဆိုသည့် နောင်တနှင့်နီရဲနေသည့်သားရဲ့ပါးတစ်ဖက်ကို ငေးနေရင်း မျက်ရည်တွေတလိမ့်လိမ့်စီးကျလာကြ၏။ ဒါပေမယ့် သူမဒါကိုခွင့်မပြုလို့မဖြစ်ပေ။ နောက်ထပ်အစီအစဉ်များနဲ့ ဟိုကမိန်းကလေးတစ်ယောက်ကို အဓမ္မဆွဲခေါ်လာခဲ့သည့်အဖြစ်မှာ ဘယ်လိုဆိုးရွားမှုတွေ ထပ်ဖြစ်လာမည်ဆိုတာမသိ..

မိန်းကလေးနာမည်က ‘ကနုတ်ရောင်’။ ပြီးတော့ အစ်ကိုလေးမြမင်းစံရဲ့သမီး..။ ဆံပင်ရှည်တွေက တင်ပါးအောက်ကျော်သေးသည်။ ဆံမြိတ်မထားသည့် ကကြီးပုံနဖူးပြေပြေလေးက ထင်းနေလျက် မျက်ခုံးထူထူလေးတွေက မျက်ဝန်းအိမ်ထက် ပိုမရှည်ဘဲ ချစ်စဖွယ်မျက်နှာလေးနှင့်.. ၊

“လူတွေရဲ့ဘဝတွေကို ငွေကြေးစည်းစိမ်နဲ့ဖိပြီး ပညာရေး လူမှုရေးဘာမှမသိတော့အောင် အိမ်ထဲမှာပဲ ကကြီးခခွေးသင်ပေးတယ်..”

“ကကြီးခခွေးပဲ သင်ပေးတာမဟုတ်ပါဘူး..အပြင်မှာသင်တဲ့အတန်းပညာတွေပါ သင်ပေးတာပါ၊ အပြင်ကျောင်းမှာစာမေးပွဲစစ်သလိုသေချာစစ်ပြီး တစ်နှစ်တစ်တန်းအအောင်ပေးခဲ့တာ..”

ကနုတ်ကဝင်ပြောတော့ သျှန့်မျက်နှာတင်းခနဲဖြစ်သွားသည်။ သူ့မျက်လုံးတွေရောက်မလာခင် သူမမျက်နှာအရင်လွှဲလိုက်မိကာ.. ၊

“အိမ်မှာနေခဲ့တာဆိုရင် အဲ့ဒါတွေကို အန်တီသိမှာပဲ..”

“ဟိတ်..တိတ်စမ်း..”

သူ့အသံဟိန်းထွက်သွားကာ ကနုတ့်ဘေးကိုရောက်သွားတာ ခုန်ပျံသွားတဲ့အတိုင်း။ ပြီးတော့ မေးဖျားကိုခပ်ကြမ်းကြမ်း ဆွဲခါပစ်ကာ..

“မင်းကဘာမို့လို့ ငါ့စကားထဲဝင်ပါတာလဲ..ဒီအိမ်ရောက်ပြီဆိ



တည်းက မင်းကိုယ်မင်းဘယ်သူ့သားသမီးဆိုတာ မေ့လိုက်တော့..ဒေါ်မြမင်းသီရိရဲ့ စကားကြေးတွေအတွက် မင်းပြန်ပေးဆပ်ရမယ်၊ သူ့မြေးကို ငါခေါ်ခိုင်းထားတယ်ဆိုတဲ့ဖီလင်နဲ့ အဲ့ဒီကြွေးပြေမယ့်အချိန်က မင်းပြန်ရမယ့်အချိန်..”

“အဲ့လိုလုပ်လို့မဖြစ်ဘူး..”

ဒေါ်ယမုံခင် သိနေသည်။ ဒီမိန်းကလေးဘဝပျက်ရတော့မည့်အဖြစ်အတွက် ကိုယ့်သားဘက်ကရပ်တည်လို့မဖြစ်.. ၊

“သူ့ကိုအချိန်မနှောင်းခင် ပြန်ပို့ပေးလိုက်သား..မဟုတ်ရင် မယ်တော်ကြီးလက်ခံမှာမဟုတ်ဘူး..”

သျှန့်နားထဲမှာ ခါးသွားသည်။ မျက်နှာသည် အလိုလိုမဲ့ကျသွားခဲ့လျက်.. ၊

“မယ်တော်ဆိုတာ သာသနာ့မိခင်တွေသာ ခံယူခွင့်ရှိတဲ့အသုံးအနှုန်းပါမေမေ..ဒေါ်မြမင်းသီရိက မိဖုရားကြီးတစ်ပါးလည်းမဟုတ်ဘူး၊ သူ့ကိုယ်သူမယ်တော်ခေါ်မှ ကြိုက်တတ်တာဆိုရင်လည်း ဒီနေရာကဒေါ်မြမင်းသီရိရဲ့ပိုင်နက်မဟုတ်ဘူး..အဲ့ဒီစူပါနေထရယ်လ်တွေ မေမေမေ့လိုက်ပါတော့..”

မျက်ဝန်းမှာဖြစ်တည်နေသည့် ဒေါသအရှိန်သည် ပြောလိုက်သူဟာ မိခင်တစ်ယောက်သာ မဟုတ်ခဲ့လျှင် ဘယ်လိုတုံ့ပြန်ပြောဆိုလာနိုင်မည်မသိ.. ၊

“ကျွန်တော့်အနာဂတ်က ‘တာဝတီံသာ’ချွတ်ခန်းပဲ..”

ပြောပြီး ခါးနှစ်ဖက်ထောက်၍ အငယ့်မျက်နှာဘက်ဆတ်ခနဲလှည့်သည်။

“မင်းကရော အဲ့ဒီကသမီးအရင်းလား..ကျေးကျွန်ထဲကလား..”

“ရှင်ဘာတွေပြောနေတာလဲ..”

“ပြန်မမေးနဲ့..မင်းနားကန်းနေလား..”

“အား..”

ပခုံးကို ဆွဲခါပစ်လိုက်သဖြင့် သူ့လက်ပေါ်ထပ်အုပ်ကိုင်မိရင်း တတ်တုန်တုန်ခိုက်ခိုက်အော်သည်။ သူမအသည်းမငယ်တတ်ပါ။ သို့သော် အာဏာသျှန်ဆိုသူ၏ဒေါသကို ကြောက်နေမိသည်။ ဖြစ်ပျက်ခဲ့

တာတွေမှာ ဘယ်သူကစခဲ့လို့ ဘယ်သူမှားခဲ့တာလဲ..။ သူ့ကိုဘွားဘွား ဘာပြောခဲ့လို့ သူဒီလိုပြန်လုပ်တာလဲ.. ။ ဘာမှဂဃနဏမသိပေမယ့် သူပြောသည့်စကားလုံးတွေ ရိုင်းစိုင်းလွန်းတာတောင် သူမဘာမှမပြောတော့ဖို့ ဆုံးဖြတ်၍ ပါးစပ်ပိတ်နေလိုက်၏။ ထိုအခါ သျှန်က သူမလက်ကိုလွှတ်၍ မျက်နှာကိုကပ်ကြည့်သည်။ သူ့ခါးအနည်းငယ်ညွတ်လိုက်မှ ကနုတ်မျက်နှာနှင့် သူ့မျက်နှာနီးကပ်သွားသည့်အဖြစ်ကိုရကာ ခါးညွှန့်ထားလျက်နှင့် တစ်ကိုယ်လုံးကို ပိုက်စိတ်တိုက်ကြည့်သွား၍.. ။

"ငါမေးတာကို ဖြေစရာမလိုဘူးဆိုတဲ့သဘောလား.."

ကနုတ်ကမဖြေဘဲ ပြန်ငေးနေလျှင် သူမပါးစောင်လေးနှစ်ဖက်ကို လက်တစ်ဖက်နဲ့ ဖမ်းညှစ်ပစ်လိုက်ကာ.. ။

"မင်းဘယ်လောက်သတ္တိကောင်းသလဲ..ကြည့်ရအောင်.."

"အ.."

သျှန်က လက်ကိုအားစိုက်ဖိပစ်လိုက်ပြီး.. ။

"မင်းကိုယ်တိုင် 'ကျွန်'ပါလို့ မပြောရဲတာလား.."

"ဘာတွေလျှောက်မေးနေတာလဲသား..သူက.."

"ကျွန်တော်သူ့ကိုမေးနေတာမေမေ.."

"အဲ့ဒါဘာလိုလို့လဲ..သူဌေးသမီးဖြစ်ဖြစ် ဘာဖြစ်ဖြစ်.."

"လိုတယ်..ကျွန်တော်ဆွဲခေါ်လာခဲ့တာ ကျေးကျွန်တစ်ယောက်ပဲဆိုရင် ခုလောက်ဆို ဒေါ်မြမင်းသီရဲ့ ဟားတိုက်ရယ်နေပြီ..မဟုတ်ရင်တော့.."

တက်ခေါက်အံကြိတ်နေမလား..ရဲတိုင်မယ် ထောင်မကျကျအောင် ချပစ်မယ်လို့ ကြိမ်းဝါးနေမလား.. ။

သူ ထိုစကားကို ပြီးဆုံးအောင်မပြောဘဲ ရပ်ထားခဲ့၏။ ပြီးမှဆက်၍..

"ဟုတ်တယ်..သူဘာဖြစ်ဖြစ် ကျွန်တော်မရှုံးပါဘူး၊ ဒေါ်မြမင်းသီရဲ့ဂုဏ်သိက္ခာတွေ ခုလောက်ဆိုငရဲကြီးရှစ်ထပ်မှာ လက်ပစ်ကူးနေပြီ"

"မကြာခင် သားကိုရဲလာဖမ်းသွားနိုင်တယ်ဆိုတာရော မတွေးမိဘူးလားသား..ဟင်၊ မင်းအရင်လိုမဟုတ်တော့ပါလား.."

မျက်ရည်တွေ ပြည့်သိပ်နေသည့် ဒေါ်ယမုံခင့်မျက်ဝန်းတွေက



သားကို မော့ကြည့်၍ မယုံနိုင်.. ။

"သားရင်ထဲမှာ ဒီလောက်ထိအတ္တတွေကြီးမားနေမယ်လို့ မေမေ နည်းနည်းမှ မတွေးမိခဲ့ဘူး..တကယ်တော့ သားဘယ်လိုမှခံနိုင်ရည်မရှိတာပဲ၊ သားကိုယ့်ကိုယ်ကိုမသိပေမယ့် မေမေသိတယ်..'ကျွန်'ဆိုတဲ့စကားကို ခါးသီးနေတာ၊ 'ကျွန်'မသားလို့ ခေါ်ခံခဲ့ရတဲ့အဖြစ်ကြောင့်.."

"မေမေပြောနေတာ ခန့်မှန်းခြေတွေဆိုရင် နီးစပ်တယ်..ဒါပေမယ့် ကျွန်တော်အဲ့လိုမဟုတ်ဘူး.."

ဒေါ်ယမုံခင်က မချိတရိပြုံးရင်း မျက်ရည်သုတ်လိုက်၏။

"ဒီနေ့ထိ သားအတွက် မေမေဘာမှတာဝန်မကြီးခဲ့ဘူး..သားမှာတော့ မေမေ့ကြောင့် ဘဝပျက်အောင်ခံစားနေရတယ်၊ မေမေနားလည်ပြီသား..သားထင်ရာလုပ်မှ စိတ်ချမ်းသာမယ်ဆိုရင် ဆက်လုပ်ပါ၊ ပြောဆိုဆုံးမခွင့်မရှိတဲ့ အမေတစ်ယောက်အဖြစ်နဲ့ မေမေဆက်ရှိမနေချင်တော့ဘူး.."

"မေမေဘာတွေပြောနေတာလဲ..ကျွတ်.."

"မေမေကြောင့်..အခု.."

"မေမေနဲ့မဆိုင်ဘူး..မေမေဘာကိုမှ မလွန်ဆန်နိုင်ခဲ့တာ ဘာဖြစ်လို့မေမေ့ကြောင့်ဖြစ်ရမှာလဲ၊ 'ကျွန်'ဆိုတဲ့လူတန်းစားတစ်ရပ်ဖြစ်လာအောင် ခွဲခြားနှိမ့်ချခဲ့တဲ့ အဲ့ဒီတာဝတီံသာကိုပဲ ဖြိုချပစ်ရမှာ၊ ကျွန်တော့်ပြဿနာက တာဝတီံသာပဲ ကျွန်တော့်အနာဂတ်မှာ အရေးကြီးသမျှအရာရာကလည်း တာဝတီံသာပဲ..တကယ့်ဂုဏ်သိက္ခာ ဘာလဲဆိုတာ ဒေါ်မြမင်းသီရဲ့ရိုးတွင်းခြင်ဆီထိ စွဲနေရမယ်.."

"အေး..ကြိုက်သလိုလုပ်ပါ၊ မေမေကတော့ အဲ့ဒါတွေကို ထိုင်ကြည့်မနေနိုင်တဲ့အတွက် သားနားမှာမနေတော့ဖို့ ဆုံးဖြတ်ရလိမ့်မယ်.."

ဒေါ်ယမုံခင်တစ်ခွန်းပြောလိုက်ပြီး အထဲဝင်ဖို့ ခြေလှမ်းပြင်သည်။ ပြီးတော့ တစ်ချက်ငိုင်သွားခဲ့ပြီး အိမ်ရှေ့တံခါးဆီချာခနဲလှည့်ထွက်သွား၏။ သျှန်မျက်မှောင်ကုတ်သွားလျက် ဒီတိုင်းကြည့်နေခဲ့၏။ ဒေါ်ယမုံခင်တံခါးအပြင်မှာ ဖိနပ်စီးနေတော့မှ.. ။

"မေမေတကယ်သွားတာလား..ဒါဆိုရင် ဒီမိန်းမကို ကျွန်တော်စိတ်ကြိုက်နှိပ်စက်ပြမယ်၊ မသေရင်ပြီးရော.."

"အား..သေပြီ.."

ဟင်.. ။

ဒေါ်ယမုံခင် လှမ်းကြည့်လိုက်ချိန်မှာ သျှန်သည်သတို့သမီးဝတ် စုံလေးနှင့် မိန်းမငယ်လေး၏ကိုယ်ကို ကြိုးကွင်းစွပ်သလို ပဝါစနဲ့လည် ပင်းကနေစွပ်၍ နွားဆွဲသလို ဆွဲချသွား၏။

"အောင်မလေး..သား မလုပ်နဲ့လေ၊ မလုပ်ရဘူး..သား.."

ကောင်မလေး ခြေထောက်နာနေသည်။ စွတ်ဆွဲသွားသည့်နော ကို မလိုက်နိုင်ဘဲ ခလုတ်တိုက်ဒူးတုပ်လဲပြိုကျသွားခဲ့လျှင် သျှန်ဆ ဆွဲမသွားနိုင်အောင် ဒေါ်ယမုံခင်အသံပြာအောင် လှမ်းအော်၏။ စီးထ ပြီးသည့်ဖိနပ်ကို ကမန်းကတန်းပြန်ချွတ်ပေမယ့် တစ်ဖက်သည်ဘ ဘက်ခြေထောက်ခြေသန်းလေးမှာ ချိတ်လျက် ပါလာခဲ့ပြီး.. ။

အဲ့ဒီလောက်ဆိုးတာ ငါ့သားဟုတ်ရဲ့လား.. ။

အခန်း(၂၇)

"မယုံရင်လည်း မတတ်နိုင်ဘူး..ငါတတ်နိုင်တာ လုပ်ရမယ်ဆိုရင် တော့ မင်းကိုခုချက်ချင်း ငါ့ခြံထဲကဆွဲထုတ်ဖို့ရှိတယ်၊ မြန်မြန်လစ်တော့"

"မလစ်နိုင်ဘူးဟေ့ကောင်..ငါ့သမီးကို မင့်သားဆွဲထုတ်သွားတာ [illegible]မှာ အရှင်းကြီး.."

"စီစီတီဗီဖြစ်ဖြစ် နတ်မျက်စိဖြစ်ဖြစ် မသိဘူး..တာဝတိံသာက လူ [illegible]မာတွေကြောင့် ငါ့မှာမယားလည်းမရှိတော့ဘူး၊ သားလည်းထွက် [illegible]..ဘာထပ်သိချင်သေးလဲ၊ ဒုတိယဝမ်တိန်ပေးမယ်..ငါလူသတ်ချင် [illegible] မင်းချက်ချင်းထွက်မသွားရင် အန္တရာယ်ရှိတယ်.."

"တောက်.."

ဦးမြမင်းစံ တက်ခေါက်ရုံမှလွဲ၍ ဘာမှမတတ်နိုင်။ ထိုစဉ် ဒေါ် [illegible]ရုံထွက်လာကာ.. ။

"နေစမ်းပါဦးမြမင်းစံ..မင်းတို့မိသားစုတွေ အကုန်လုံးဂရုမစိုက် [illegible]တဲ့ အထုံပါရမီတွေ ရင့်သန်နေကြတာလား၊ မဟုတ်ရင်လည်း ကြီး [illegible]ကျမှ တကယ့်ကိုတာဝတိံသာထိ တက်လွင့်နေတာလား.."

တစ်မျိုးစီဝင်ပြောနေသည့်မောင်နှမကိုကြည့်၍ ဦးမြမင်းစံစိတ်တို

ဖို့ သတိမရနိုင်။ သူပူပင်နေတာက သမီးလေးဘယ်လိုနေမလဲဆိုတာ
ပင်။ ဒီအိမ်ထဲဝင်လိုက်တာနဲ့ သမီးကိုကြမ်းတိုက်ခိုင်းထားတာ မြင်ရ
လား.. အဝတ်တွေလှန်းနေမလား ပူလောင်လာခဲ့ရသည့်ရင်ထဲမှာ သမီး
မျက်နှာကိုမမြင်ရမချင်း အေးချမ်းမှာမဟုတ်.. ။

"နင်တို့လုပ်ရပ်ကြောင့် ဒီမှာဘာတွေဖြစ်ကုန်ကြသလဲသိရဲ့လား
ဒါနဲ့တောင် ငါ့အိမ်ထဲထိ.."

"လာဟောင်နေသေးတာ..နောက်တစ်ခါဟောင်ဖော်ရအောင်
ဘာမင်တစ်ကောင်လောက် မွေးထားရမယ်.."

"နေမင်းသစ်..မင်းမိဘချင်းကိုယ်ချင်းစာစမ်းပါ.."

"အဲ့ဒါ မင်းအမေကိုပြောကြည့်ပါလား..သူ့သားကို'ကျွန်'မနဲ့
စားမယ်၊ ပျော်မလားလို့.."

"အဲ့ဒါတွေ ငါလုပ်ခဲ့တာမဟုတ်ဘူး..ငါပြောခဲ့တာလည်း မဟုတ်
ဘူး၊ ငါ့သမီးဆို သက်ကင်းပဲ..ဘာမှကိုမသိခဲ့တဲ့မိန်းကလေးကိုမှ
သားကလုပ်သွားတာ.."

"ဘာလုပ်သွားတာလဲ.."

ကိုယ့်ဘာသာစကားမှားပြီး ဦးမြမင်းစံမျက်နှာ ရဲခနဲဖြစ်သွား
သည်။ ပြောမည်ပြင်လိုက်တော့ ဒေါ်မြင့်မိုရ်မျက်ဝန်းက မျက်ရည်တွေ
မြင်လိုက်ပြန်ကာ.. ။

"နင်တို့ကြောင့် ငါ့သားလေးသူ့အဖေနဲ့ စကားများပြီးထွက်သွား
တာ..နင့်အမေရက်စက်တာ၊ နင်တို့တစ်မိသားစုလုံး အဲ့ဒီအပူမီးတွေ
ပြီး ကောင်းကောင်းဝင်္ဂလိုက်မှာ မှတ်ထား.."

လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောနေသည့်သူက မျက်ရည်
စီးကျနေသဖြင့် ဦးမြမင်းစံတစ်ခွန်းမှ မတုံ့ပြန်နိုင်ဘဲ မျက်လုံးအ
သားဖြစ်နေခဲ့၏။

" 'ဝဇီဗေဒ ထိတိုင်းရှ'တဲ့..အဘိုးအဘွားဆိုပြီး ကန်တော့ဖို့
ကလေးကို 'ကျွန်'လို့ရက်ရက်စက်စက် ပြောလွှတ်တယ်၊ အဲ့လိုပြော
အောင် ဘယ်သူလုပ်တာလဲ..နင်တို့အကုန်လုံး.."

"အကုန်လုံးချည်းပဲပြောမနေနဲ့မြင့်မိုရ်..ဒါပေမယ့် အခုမ
တူလုပ်သွားတာ တာဝတိံသာယိုင်လဲမတတ်ပဲ၊ အဲ့ဒါကျတော့ ငါ



ပြောမှာမို့လား.."

"ယိုင်လဲမတတ်ဟုတ်လား..တောက်.."

ဦးနေမင်းသစ် ဝင်မေးပြီး တက်ခေါက်လိုက်ကာ.. ။

"ဒီခွေးကောင်က ဘာတွေငဲ့ပြီး ညာလိုက်တာလဲ..တစ်ခါတည်း
အစိပ်စိပ်အမွှာမွှာဖြစ်အောင် အိမ်တိုင်တွေပါ ဆွဲနှုတ်ပစ်ရမှာ.."

"နေမင်းသစ်..ငါလာတာ မင်းတို့နဲ့နှစ်ချီအငြင်းရှင်းဖို့ မဟုတ်
ဘူး.."

"ဟုတ်မလား..နှစ်ချီအငြင်းရှင်းလိုက်ရင် မင်းအစ်မတွေနှစ်
ယောက်စလုံးအလိုက်ပေးရင်တောင် ကြေမှာမှမဟုတ်ဘဲ.."

"ဟေ့ကောင်..မင်း.."

"ဟဲ့..ရပ်နေစမ်း၊ အံမာ..ငါ့အိမ်ပေါ်တက်ပြီး လက်သီးရွယ်လား
ဘာလားနဲ့.."

ဒေါ်မြင့်မိုရ်ဒေါသတကြီး အော်ပစ်လိုက်ရင်း.. ။

"လူယုတ်မာက သူတော်ကောင်းကို ပစ်မှားလို့ ခေါင်းရှစ်စိတ်ကွဲ
သေတဲ့မသာ ငါ့အိမ်ပေါ်မှာ လာတင်နေမယ်..ခုချက်ချင်း ထွက်သွား၊
ဘာဝတိံသာမဟုတ်ဘူး..ယမ္မကုမ္ဘဏ်အသိုက်က ဘီလူးတွေ.."

"ခင်ဗျားတို့တော်တော်လွန်နေပြီသိလား..ခင်ဗျားတို့သား ဘာတွေ
လုပ်သွားလဲဆိုတာ နည်းနည်းနားစွင့်ကြည့်ဦး.."

ဦးမြမင်းစံသမီးနောက်လိုက်ရင်း အကြီးအကျယ်ပြိုလဲလေသည်။
ပြဿနာအသစ် ဖြစ်သူအဟောင်းဆိုရင် ဘယ်သူကအသစ် ဘယ်သူကအ
ဟောင်းလဲ..။ အစပြုခဲ့သူက အပြစ်ကြီးတာလား.. တုံ့ပြန်တဲ့သူမှာ အ
ပြစ်ကြီးသလား.. ။ ဘာတွေဖြစ်ကုန်မှန်းမသိသော်လည်း သွားလေရာမှာ
မျက်နှာငယ်ရခြင်းသည်.. ။

"ဟလို..ပြော အေးမောင်.."

ကားပေါ်တက်မောင်းလာကာမှ ဖုန်းလာတော့ နားထောင်လိုက်
သည်၊ သူ့လူတွေဖြန့်၍ အာထာသျှန့်အကြောင်း စုံစမ်းခိုင်းထားသဖြင့်
အခုမှ ဖုန်းဝင်လာသမျှကို စိတ်လောကြီးစွာ ဖွင့်မိသည်ချည်းဖြစ်ကာ..၊

"အဲ့လောက်တောင် သေချာလို့လား..ငါ့မယုံငါ့မယားမေးကြည့်
ရဦးမယ်နော်၊ သူနဲ့နီးစပ်တဲ့လူတွေကိုမေးရင် သူ့အကြောင်းပြော

မှာပဲ..မင်းပိပိရိရိလုပ်နိုင်ရဲ့လား.."

"သိပ်ပိရိတာပေါ့ဆရာရယ်..သတင်းမှန်ရဖို့က သူနဲ့အနီးဆုံးလူဖြစ်မှရမှာလေ၊ ဒါပေမယ့် ကျွန်တော်ပိုင်ပါတယ်..အာဏာသျှန်ဆိုတာသူနဲ့နီးစပ်တဲ့လူတွေမေးတာနဲ့တင် ဘယ်လိုလူဆိုတာ တန်းသိတယ်.."

"အင်း..ဆက်ပြော.."

"မိုးထိစံအိမ်က စီးပွားရေးကိုလည်း သူပဲပြန်ထောင်ခဲ့တာ..ဘဏ်လုပ်ငန်းလည်းရှိတယ်၊ ရုပ်ဆော့ဒ်လုပ်ငန်းတွေလည်း အတော်တွင်ကျယ်နေတာ..အိုင်တီကုမ္ပဏီဖွင့်ဖို့အတွက် ပရောဂျက်တောင် အားလုံးပြီးနေပြီတဲ့၊ ဒီလူက ပထမနှစ်မှာတည်းက စီးပွားရေးလောကထဲဝင်လာတာဆိုပဲ..ငွေလည်းသုံးနိုင်တယ်လေ၊ ကံလည်းရှိ ဉာဏ်ရှိတိုင်းငွေးပေါ့..စပ္ပါနဲ့ဆရာရယ်၊ ဆရာ့သမီး ရှယ်ယောက်ျားနဲ့.."

"အေးမောင်..မင်းကိုမေးတာပဲ မင်းပြော.."

"ဟုတ်ကဲ့ပါ.."

"အခု အဲ့ဒီကောင်ဘယ်မှာတဲ့လဲ.."

"အဲ့ဒါ ဆရာမခိုင်းထားဘူးလေ.."

ပြောနေတုန်း ဖုန်းဝင်လာသဖြင့် ဖွင့်လိုက်လျှင်.. ၊

"ဆရာ..အာဏာသျှန်နေတဲ့နေရာ သိပြီ.."

## အခန်း(၂၈)

"ဘားလမ်း..ဘားလမ်းဆိုတော့ ဒီကနေသွားရင်..အဲ.."

မျက်လုံးထဲမှာရင်းနှီးနေသည့် အရိပ်တစ်ခုကို ဖျတ်ခနဲရုပ်ပြေးသွားသဖြင့် ချက်ချင်းပြန်လှည့်ကြည့်မိသည်။ ဟိုမှာ..ဟုတ်ရဲ့လား.. ၊

ဆံပင်ရှည်ကို တစ်ပတ်လျှိုထုံးဖွဲ့လျက် နုသာရောင်ပေါ်မှာ ရှား ရှားရောင်အပွင့်ခက်တွေပါသော ကိမိုနိုထမီနှင့် ရှန်သားအကျီလေးဝတ်ထားသည်။

ယမုံ.. ၊

ဦးမြမင်းစံ ကားကိုရုတ်တရက်ရပ်ပစ်လိုက်မိသဖြင့် နောက်က ဟွန်းသံထွက်လာ၏။

"ဆောရီးပါ..ဆောရီး.."

နောက်ကားကိုလှည့်မကြည့်ဘဲ တစ်ယောက်တည်းတောင်းပန်စကားဆိုမိကာ ရပ်ဖို့နေရာအမြန်ရှာရသည်။

"ယမုံ..ယမုံ မင်းပျောက်မသွားနဲ့နော်၊ အဲ့ဒီမှာပဲနေပါဦး.."

ကားပါကင်ထိုးနေရင်း ဒေါ်ယမုံခင့်ကိုမြင်လိုက်သည့်ဘက်ကိုလည်း မကြာမကြာလှည့်ကြည့်နေရကာ တစ်ယောက်တည်းစကားတွေ

ပြောရင်း ရှာရှာနေ၏။ ပြီးတော့ ကားသော့ကိုင်၍ လမ်းဖြတ်ကူး
လျှင်.. ၊

"တီ.."

"ဟာ..အား.."

ကားတည့်တည့်ကြီးဖြတ်မိသဖြင့် ပွဲချင်းပြီးတော့မလို့ သီသီလေး
ကားထဲက လူတချို့သူပြေးလွှားနေတာကို လှမ်းကြည့်ကျန်ရစ်၏၊
တတ်နိုင်ပါ။ ယမုံကိုတွေ့ရမှဖြစ်မည်။ ယမုံ့ဘေးမှာ အာဏာသျှန်ရှိ
မည်။ အာဏာသျှန့်ဆီမှာ ကိုယ့်သမီး.. ၊

ဒီနေရာ ဒီဆိုင်ရှေ့မှာ ယမုံရှိနေတာ..။ သစ်သီးဆိုင်ရှေ့မှာ ရပ်လို
ပြီး အသည်းအသန်လှည့်ပတ်ရှာကြည့်မိလျှင် ဒေါ်ယမုံခင့်ထမီအနား
လေးကို လူတွေကြားထဲမှာ ဖျတ်ခနဲမြင်လိုက်တာ.. ၊

"ယမုံ ယမုံ..ခဏ.."

သူ့အကျယ်ကြီးလှမ်းခေါ်လိုက်တော့ ယမုံ့ဆီအသံမရောက်ပေမယ့်
ဘေးလူတွေ တအံ့တသြလှည့်ကြည့်ကြ၏။ ဦးမြမင်းစံ ကိုယ်လိုအပ်
တာကလွဲ၍ ဘာဆိုဘာမှဂရုမစိုက်နိုင်ဘဲ.. ၊

"ယမုံ.."

နောက်ကနေ ဆွဲခြင်းလေးကို အမိအရလှမ်းဆွဲလိုက်လျှင် သူ
ဖျတ်ခနဲလှည့်ကြည့်သည်။

"ဟင်.."

"ယမုံ..ငါရယ်ပါ၊ ငါ့ကိုမှတ်မိလား.."

"အစ်ကိုလေး.."

ခေါင်းပဲညိတ်ပြနိုင်ကာ ဦးမြမင်းစံရင်ဘက်ကြီး အမောဖောက်
သဖြင့် နိမ့်ကျသွားလိုက် မောက်တက်လာလိုက်.. ၊

"ငါတို့စကားပြောရအောင်.."

"ရှင်.."

ဒေါ်ယမုံခင် အကျင့်ပါနေသည့်နားထဲမှာ ထိုစကားက ဒိုင်းနမိ
ကွဲသွားသကဲ့သို့.. ၊

"သူလာပြောလည်း သမီးနားမထောင်ရဘူး..ပြန်ပြောနေဖို့ဆို
မစဉ်းစားနဲ့၊ မင်းသားလေးနဲ့သမီး အဲ့လိုမျက်နှာချင်းဆိုင် စကားပြော



ဘာသာ မယ်တော်ကြီးတို့မြင်သွားရင် ဘာတွေဖြစ်ကုန်မလဲသိရဲ့လား.."

"မော်တောင်မကြည့်နဲ့ယမုံ..သူကအငယ်ဆုံး ယောကျ်ားလေးဒီ
တစ်ယောက်တည်းမို့ အားလုံးဝိုင်းတုန်နေကြတာ၊ သူ့အနားရောက်လာ
မယ့်အနေအထိုင်မျိုးတွေ လုံးဝမလုပ်ရဘူး.."

ဒေါ်ယမုံခင်အတိတ်က စကားသံတွေကို ပြန်ကြားယောင်လာခဲ့
သျှက် ဦးမြမင်းစံကို မျက်လုံးအကြောင်သားနှင့် ငေးကြည့်နေမိ၏။

"လာပါ..ဒီနားကဆိုင်တစ်ဆိုင်ထဲ.."

ဒေါ်ယမုံခင် ခေါင်းခါလိုက်ကာ.. ၊

"မဖြစ်ဘူး.."

"ဘာဖြစ်လို့လဲ..ငါတို့သားရေးသမီးရေး ဆွေးနွေးဖို့ရှိတယ်.."

"မဖြစ်ဘူးအစ်ကိုလေး..ကျွန်မကြောင့် ကျွန်မသားလေးဘာဝပျက်
ခဲ့ရပြီးပြီ၊ ခုထပ်ပြီး.."

"ဘာတွေပြောနေတာလဲယမုံ..နင်နဲ့ငါကသူငယ်ချင်းတွေပါ၊
နောက်ပြီး ငါ့စိတ်ကိုလည်း နင်သိတယ်..အစကဖြစ်ခဲ့တာတွေလည်း
ငါဘာမှမသိခဲ့ရဘူး၊ အခုဖြစ်သွားတာတွေမှာလည်း ငါမရှိလိုက်ဘူး.."

သမီးအတွက် စိတ်တိုင်းမကျခြင်းကြောင့် မယ်မယ်ဆူနေတာ
ဆောင် သူဘေးထွက်နေခဲ့တာပါ။ မင်္ဂလာပွဲကျင်းပတဲ့အချိန်အထိ သူပွဲ
ထဲမှာမရှိခဲ့ပေ။ ထို့ကြောင့် အာဏာသျှန်ခေါ်ထုတ်သွားတဲ့အခြေအနေ
တွေအထိ သူမသိလိုက်တာဖြစ်သည်။

"ငါ့ကိုကူညီပါ..အာဏာသျှန်နဲ့ငါတွေ့မှဖြစ်မယ်.."

"ဘာအတွက်လဲ.."

ရုတ်တရက်အသံပေါ်လာသဖြင့် ဦးမြမင်းစံလှည့်ကြည့်လိုက်
သည်။ အတွင်းခံရှပ်အင်္ကျီကြက်သွေးရောင်နှင့် အနက်ရောင်ဂျက်ကက်
ကို ဝတ်ထား၏။ လူမိုက်ပုံပေါက်အောင် ကပိုကရိုကျနေသည့် ဆံစတွေ
ကြားက မထီမဲ့မြင်မျက်လုံးတို့က စူးရဲနေခဲ့လျက်။ အကြည့်ချင်းဆုံလျှင်
ပင်တော့မှ စတင်ရုတ်သိမ်းမှာမဟုတ်သော မာန်တွေအပြည့်.. ၊

"စံအိမ်ကကိစ္စတွေနဲ့ ကနုတ်နဲ့ဘာမှမဆိုင်ပါဘူး..အထူးသဖြင့် ငါ
တို့သားအဖက မဆိုင်ဆုံးပဲ မင်းငါ့သမီးကို.."

"ခိုင်းဖို့ခေါ်လာတာ.."

"ဘာကွ.."

"ဟိုအရင်တုန်းက ကိုယ်မလိုချင်ဘဲ ယူခဲ့ရတယ်..အခု မပေးချင် တာကို ပြန်ယူခဲ့တယ်၊ ဘာမတရားတာရှိသလဲ.."

"အာဏာသျှန်..မင်းလုပ်နေတာတွေ ဘာမှအဓိပ္ပာယ်မရှိဘူးနော်.."

သျှန့်မျက်နှာ ဖျန်းခနဲရဲတက်သွားသည်။ မခံနိုင်ဆုံးထဲမှာ ကိုယ့် လုပ်လိုက်တာကို အဓိပ္ပာယ်မရှိဘူးပြောတာလောက် ခံရခက်တာမရှိ ဦးမြမင်းစံကလည်း ဖွတ်တိုး၍.. ။

"ဘာပဲဖြစ်ဖြစ် ကနုတ်ကိုလက်ထပ်ပွဲထဲက မင်းဆွဲခေါ်သွားခဲ့တာ အတင်းလုယူလိုက်တာပဲ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိကြတာ လည်းမဟုတ်ဘူး.."

"မေတ္တာရှိဖို့မလိုပါဘူး..ခင်ဗျားသမီးကို ခိုင်းဖို့ခေါ်လာတာပဲ.."

"မင်းထင်သလို လုပ်လို့မရဘူးအာဏာသျှန်.."

"အစ်ကိုလေး.."

သျှန့်အင်္ကျီရင်ဘက်ကို ဆတ်ခနဲဆုပ်ဆွဲလိုက်သဖြင့် ဒေါ်ယမုံလေး ဖျန့်ခေါ်လိုက်၏။ အနီးအပါးမှာ ဖြတ်သန်းသွားလာနေကြသည့်လူတွေ က ရန်ဖြစ်တော့မည်ထင်ကာ သတိထားကြည့်ကုန်ကြ၏။ သျှန်ကသူ့ ရင်ဘက်မှာ ဆုပ်ကိုင်ထားသည့် ဦးမြမင်းစံလက်ကို မျက်တောင်ဖျား စင်းကြည့်လိုက်ပြီး မဲ့ကာ.. ။

"ဘယ်မှာအစ်ကိုလေးလဲ.."

မိခင်ဖြစ်သူခေါ်လိုက်သည့်အသံကို ခါးသီးစွာဖြင့်.. ။

"အဲ့ဒီလူက ဦးမြမင်းစံပဲ..တာဝတိံသာဆိုတာ ပန်းရုံသမားတွေ တေပေါ်မှာ ထွင်းထုသွားတဲ့နာမည်၊ လူပြည်မှာဘုံပေါက်နေတဲ့ န မာန်လို့ထင်ပြီး အဲ့ဒီလူတွေရှူးနေကြတာ.."

ပြောပြီး ဦးမြမင်းစံလက်ကို ထပ်အုပ်ကိုင်၍ အသာလေးဖြုတ် လိုက်သည်။ ပြီးတော့ အင်္ကျီကိုလက်ဖျားနှင့် ခါထုတ်ပစ်လိုက်ပြီး..

"ကျွန်တော့်ဆီက ဘာမှထပ်ရဖို့ မမျှော်လင့်ပါနဲ့ဦးမြမင်းစံ..နော ထပ်ဘာမှထပ်ပါမသွားဘဲ ကာကွယ်ထား.."

"တရားလွတ်မပြောနဲ့အာဏာသျှန်..မင်းကိုတရားစွဲချင်ရင် လောက်ဆို မင်းအမေချက်တဲ့ထမင်းဟင်း မင်းစားခွင့်ရမှာ မဟုတ်



ဘူး.."

"ဟွန်း.."

သျှန်က ဘောင်းဘီခါးစပ်မှာ လက်မတစ်ဖက်ချိတ်လိုက်ပြီး ရယ် သည်။ ပြီးတော့ မရိုမစနဲ့ထွက်နေသည့်ဒေါသတွေကို မနိုင်မနင်းထိမ်း နေရသည့် ဦးမြမင်းစံမျက်နှာနီနီကြီးကို စိုက်ကြည့်ကာ.. ။

"ခင်ဗျားတရားစွဲချင်ပါတယ်..ဒေါ်မြမင်းသီရိက ခွင့်မပြုတာ၊ တ်တယ်မို့လား..ဘယ်ခွင့်ပြုမလဲ၊ ဒီဒေါသနဲ့ ခင်ဗျားလဲသေသွားရင် ောင် သူဘယ်တော့မှခွင့်ပြုမှာမဟုတ်ဘူး..အဲ့ဒါဒေါ်မြမင်းသီရိသတ် တ်တဲ့ ဂုဏ်သိက္ခာပဲ.."

"ဟိတ်..နေဦးအာဏာသျှန်.."

ဒေါ်ယမုံခင့်ကို လက်ဆွဲထွက်သွားတော့ ဦးမြမင်းစံရှေ့ကနေ ပြေး ထားလိုက်ကာ.. ။

"ငါ့သမီးစိတ်နဲ့ မန္တလေးကနေ တစ်ချက်မှမနားဘဲ ငါမောင်းလာခဲ့ တာ.."

"အဲ့ဒီတော့.."

"မင်းကဘာမို့လို့ တရားမစွဲရဲရမှာလဲ..ဒီနေ့ပဲ ငါကိုယ်တိုင်ရဲစခန်း တိုင်ချက်ဖွင့်မယ်.."

"လုပ်တော့မှာလား.."

"အေး..မင်းနားလည်တယ်ဆိုရင် ငါ့သမီးနဲ့ငါ့ကိုပေးတွေ့လိုက်၊ အတွက် သက်ညှာပေးမယ်.."

သျှန်က ပြက်လုံးတစ်ခုကိုကြားလိုက်ရသလို မျက်နှာမော့ရယ် သည်။ ဦးမြမင်းစံမျက်မှောင်ကုတ်ကြည့်နေရင်း နှုတ်ခမ်းတွေကိုဖိပိတ် ထား၏။

"ကျွန်တော့်ကိုသက်ညှာဖို့အတွက် ခေါင်းရှုပ်မခံပါနဲ့..ခင်ဗျားသမီး တွေ့ဖို့လည်း အစီအစဉ်မရှိတော့ အားနာတယ်.."

"ဟိတ်..အာဏာသျှန်.."

ဦးမြမင်းစံ အံကြိတ်ခေါ်သည်။ သျှန်ကခြေလှမ်းမရပ်ဘဲ ပြန်ငဲ့ င်း.. ။

"ကျွန်တော်က မီးစကိုကိုင်ပြီး ကောက်ရိုးပုံထဲခုန်ချတဲ့သူ..မီး

လောင်မှာကိုမကြောက်ဘူး၊ ကြောက်တဲ့သူကြိုက်သလို ခုခံကာကွယ်
ရတယ်..ကျွန်တော်က မီးကြီးလေပိုကြိုက်လေပဲ.."

ဒီတိုင်း ငုတ်တုတ်မေ့ကျန်ခဲ့ရင်း ဦးမြမင်းစံလက်သီးကို ကျစ်
အောင်ဆုပ်ထားမိသည်။ အမေတစ်ယောက်ဖြစ်ပေမယ့် ယမုံဘာမှ
မနိုင်ဖြစ်နေတာကို သူနားလည်သည်။ ဟိုတုန်းကပုံစံအတိုင်း ယမုံ
မြင်လိုက်တည်းက ဒီလင်ဒီသားနဲ့ ဘယ်လိုမှရောနှောသွားမည့်မိန်းမ
မဟုတ်တာလည်း ခန့်မှန်းမိ၏။ ထို့ကြောင့် သူတို့ရဲ့အချေအတင်စကား
တွေမှာ တစ်ခွန်းတလေတောင် ဝင်ပြောဖော်မရပါလားလို့လည်း ရှုံမ
မဖွဲ့ချင်တော့ပါ.. ।

မီးကြီးလေပိုကြိုက်လေဆိုသည့်စကားက တမင်မီးမွှေးခဲ့တာ
ဆိုခြင်းဖြစ်သည်။ မယ်မယ်က ရဲတိုင်ရင် သူဘယ်လိုတုံ့ပြန်မှာလဲ
ဒီအတွက် ဒုတိယအစီအစဉ်ရှိနေပြီးသားဆိုရင် ဘာလဲ.. ।

တားဆီးနေသည့် မယ်မယ့်မျက်နှာနဲ့ စိန်ခေါ်နေသည့်အာ
သျှန့်ကို နှိုင်းယှဉ်မြင်ယောင်လာခဲ့ရင်း.. ।

ငါ့သမီးလေးက သူတို့ကြားထဲမှာ ဘာလဲ.. ।

အခန်း(၂၉)

"လာ လာ..ဆင်းခဲ့ ဟော့ကောင်၊ မင်းနဲ့ငါကော်ဖီဆိုင်သွားမယ်.."

သူ့ကြောင့်ဒုက္ခိတဖြစ်သွားသည့် ခွေးလေးကို ဝှီးလ်ချဲလေးလုပ်ပေး
သဖြင့် အဆင်ပြေနေသည်။ နောက်ခြေနှစ်ချောင်းအစား ဘီးလေး
က အလုပ်လုပ်နေကြကာ ပုံမှန်လမ်းသွားသလို ရှေ့လက်နှစ်ဖက်
အဆင်ပြေအောင်လေ့ကျင့်ပေးထားတာကြောင့် ပြေးတာလမ်း
ကတ်တာမှာ အခက်အခဲမရှိတော့ပေ။ သို့သော် ကားလမ်းပေါ်ထွက်
ည်ဆို လည်ပတ်ကြိုးလေးနဲ့တော့ ခေါ်ရသည်။ တခြားအန္တရာယ်
ရောက်အောင်ဖြစ်၏။

"ဟာကျူလီ..နေဦး.."

တိုက်ခန်းအောက်အရောက် ကားလေးတစ်စီးထိုးရပ်လာသဖြင့်
နေမိလျှင် ကားထဲကနေ အမျိုးသမီးတစ်ယောက်ဆင်းလာကာ..

"လူနာအထဲမှာလား.."

"ရှာ.."

"အန်တီက ဒီရဲ့တစ်တိုက်ကျော်မှာနေတာပါ..ဒီကအစ်မက ဖုန်း
ားလို့.."

မေမေလား..ဘာအတွက်လဲ.. ။

ခုနပဲ မေမေနဲ့ကျိုနေသေးသည်။ နေထိုင်မကောင်းတာလည်း မြေ
သံမကြားပါ.. ။

"ဩော်..ဆရာမကြွပါရှင်၊ သားနဲ့စကားပြောနေတော့ ခေါ်လာ
လားလို့ ကြည့်နေတာ.."

"ဘာဖြစ်လို့လဲမေမေ.."

"မေမေမဖြစ်ပါဘူး..ကနုတ်ခြေထောက်နာနေလို့.."

ဒါပဲဖြေပြီး ဒေါက်တာ့အိတ်ကိုဆွဲ၍ ဒေါ်ယမုံပြန်ဝင်သွားသည်
ဟာကျူလီနဲ့ထွက်လာခဲ့ရင်း စိတ်ကတော့တိုနေပြီဖြစ်၏။ ဒါလုပ်
လား..။ ဒီကောင်မလေးနဲ့ပတ်သက်သမျှ မေမေကြောင့်သူလိုက်လျော
ဖို့တွေ ရှိလာမှာကို မလိုချင်။ အတိုက်အခံတွေဖြစ်လာတိုင်း သား
သူဆင်းမယ် ငါသွားမယ်တွေဖြစ်နေရတာလည်း ကြားလို့မကောင်း

"ဒီမှာ ဒီမှာမောင်လေးရေ.."

စိတ်မပါလက်မပါခြေလှမ်းတွေ နှေးနေစဉ် အမျိုးသမီး
ယောက်က တိုက်ခန်းတစ်ခုထဲက ထွက်ခေါ်ကာ.. ။

"ဟိုနေ့တည်းကမြင်နေတာ..ခွေးလေးကလည်း ရွှေညိုရောင်
စရာလေး၊ ဒီပိုးလ်ချဲလေးဘယ်ကဝယ်တာလဲဟင်..အစ်မရဲ့အသိ
ယောက်ဆီမှာလည်း နောက်ပိုင်းချိုပြီး ဒရွတ်ဆွဲနေတဲ့ ခွေးမလေး
ကောင်ရှိတယ်..သူတို့ကတအားချစ်တော့ အဲ့ဒါလေးကိုပဲ ဒုက္ခခံပြု
ကြတာလေ၊ ဒီလိုပိုးလ်ချဲလေးဝယ်လို့ရရင် အစ်မကလက်ဆောင်
လိုက်ချင်လို့.."

"ကျွန်တော့်ကိုဆရာဝန်ကပဲ မှာပေးတာ..ကိုရီးယားကဆရာ
ချင်း လှမ်းချိတ်တာလို့ပြောတယ်.."

"ဟုတ်လား..ဘယ်ကဆရာဝန်လဲဟင်၊ မြန်မာနိုင်ငံမှာ တိရစ္ဆာန်
လေးတွေအဲ့လိုဖြစ်ရင် ပစ်ရတာပဲလို့ထင်နေတာ..ခုလိုဆရာဝန်
တွေရှိတာ အရမ်းဝမ်းသာတာပဲ၊ အစ်မကိုလိပ်စာလေးတစ်ချက်လော
ပြောပြပါလား.."

အမျိုးသမီးက အသက်လေးဆယ်ဝန်းကျင်လောက်ရှိကာ
ဆွာန်ချစ်တတ်ပုံလည်း ပေါ်၏။ သျှန့်ကိုမေးနေရင်း ဟာကျူလီကို



ကြီးသည်။ အကိုင်ခံမှန်းသိတော့ အနားမှာထိုင်ချကာ တစ်ကိုယ်လုံးကို
ပွတ်သပ်ပေးနေတော့၏။

"မျက်နှာလေးကချောလိုက်တာ..အရမ်းကံကောင်းတဲ့ကောင်လေး
နာမည်ဘယ်လိုခေါ်လဲဟင်.."

"ဟာကျူလီ.."

အလုပ်နဲ့လက်နဲ့မပြတ်ခဲ့သည့်အဖြစ်က ခွေးတစ်ကောင်ကျောင်း
အာလာပသလ္လာပပြောနေရခြင်းအတွက် အချိန်တွေကိုတွက်ပြီး
နေမိသည်။ ဒါပေမယ့် ဘာလုပ်မှာလဲ.. ။ လက်ဘက်ရည်ဆိုင်ထိုင်
ဖုန်းချိန်းထားတာတွေပြောဖို့.. ။

"ဟော့ကောင်ငြိမ်ငြိမ်နေ..မနေရင် မင်းနောက်နေ့လိုက်ရမှာမဟုတ်
ဘူး.."

လက်ဖက်ရည်ဆိုင်က ခွေးနဲ့သူ့ကိုသိနေပြီမို့ ပြဿနာမရှိပေ။ အ
စားပွဲမှာပဲထိုင်ကာ ကြိုးကိုကိုယ့်ခြေထောက်နားမှာ ချပြီး နင်းထား
လိုက်သည်။ ဟာကျူလီက လူစကားနားလည်နေသည့်အတိုင်း ပိုးလ်
ကျောမှာ ကျေလေးကပ်ပြီး ငုတ်တုတ်လေးထိုင်နေ၏။ ညနေခင်းမို့
တွေရော လူတွေရောရှုပ်ယှက်ခတ်နေသည်။ ဖုန်းလာတော့ နားကျပ်
ထားရင်း.. ။

"အေး..ပြော.."

"..................."

"အေး..ရောက်လာတယ်၊ မနေ့က.."

"..................."

"ဘာမှမဖြစ်ဘူး..ဖြစ်စရာဘာရှိလို့လဲ၊ ဒီတစ်ခါဟိုလိုဒီလိုတွေ ပုံ
သတင်းလာနိုက်ရင်ပြောလိုက်..အာဏာသျှန်ဆိုတဲ့ကောင် မားပြ
ဝရမ်းပြေးဖြစ်နေတာလို့.."

"..................."

"ဘာလဲ..ဘာကိစ္စနောက်ရမှာလဲ၊ အဲ့တိုင်းပဲပြောလိုက်.."

"..................."

"ဟုတ်တယ်..အဲ့ဒါတွေက တမင်ပြောခိုင်းလိုက်တာ ငါကြွားချင်
ဟုတ်ဘူး အခု ငါ့မှာဘာမှမရှိတော့ဘူး..အဲ့ဒီလုပ်ငန်းတွေနဲ့ငါဘာမှ

မဆိုင်ဘူး၊ အရင်ပြောခိုင်းခဲ့တာက အရင်ကအမှန်တရား..အခုပြန်ပြော ခိုင်းတာက အခုငါလက်ဖက်ရည်ဆိုင်မှာ ငေါင်နေရတဲ့အဖြစ်.."

ကိုယ့်ဘာသာပြောရင်း ရယ်မိကာ ပေါက်စီကိုဖဲ့လိုက်သည်။ ပြီး တော့ ဟာကျူလိုကိုကျွေးလိုက်၏။ ဖြိုးခိုင်တို့ထရိန်နာနဲ့ ဘယ်လော တောင်ဂရုစိုက်လေ့ကျင့်ပေးထားသည်မသိ။ သွားတာစားတာ အားလုံး အဆင်ပြေနေကာ စည်းကမ်းတကျရှိနေတာကိုလည်း သဘောကျ သည်။

"တော်တော့ဟော့ကောင်..ထမင်းစားချိန်နီးနေပြီ၊ ဒါအဆာပြေပဲ"

ပေါက်စီကုန်သွားတော့ သူပိုက်ဆံရှင်းပြီး ထလာခဲ့သည်။ လ ဖက်ရည်ကော်ဖီဆို လမ်းဘေးမှာတစ်ခါမှထိုင်မသောက်ခဲ့ဘူးသလို သက်သည့်အစားအစာလည်း မဟုတ်။ ထို့ကြောင့် ဒီရောက်လာမှ ည တိုင်းဒီဆိုင်ကိုလာဖြစ်ပေမယ့် ဟာကျူလီကိုကျွေးပြီး ဒီတိုင်းထပြန် သည်သာ.. ၊

"ဟာလို.."

"..................."

"မင်းကြီးတော်မို့ ခုမှဆက်ရသလားကွ..ပြော.."

အလုပ်ကိစ္စမို့ ခြေလှမ်းနှေးလိုက်ပြီး ခပ်ဖြည်းဖြည်းလျှောက်ရင်း ပြောနေမိသည်။ ထိုစဉ် ကားလမ်းပေါ်မှာဖြတ်သွားသည့် အနက်ရောင် မာစီဒီကားပေါ်မှာ ဇင်ကသူ့ကိုလှမ်းမြင်လိုက်ကာ.. ၊

"ဟိုမှာ..ဟိုမှာအာဏာသျှန်.."

"ဘယ်မှာလဲ.."

ကားပေါ်မှာဒေါ်မြပုလဲဖြူတို့ပါ ပါနေသဖြင့် အားလုံးလှမ်းကြည့် လိုက်ကြ၏။ သျှန်သည် မိတ်ကပ်ရောင်ရှပ်လက်ရှည်ကို လက်မောင်း လေးပဲ ခေါက်လုန်ထားကာ ဘောင်းဘီအညိုနှင့်ဖြစ်သည်။ အပေါ်ထပ် တစ်ခုခုနှင့်မြင်နေရသည့်ပုံစံကို အပေါ်ထပ်မပါတော့ ဒေါ်မြပုလဲဖြူ ရုတ်တရက်သတိမထားမိတာဖြစ်သည်။ သူ့ကြည့်လိုက်လျှင် ပခုံးသာ သာဆံပင်ခပ်တွန့်တွန့်က မျက်နှာတစ်ဝိုက်မှာ အမြဲတမ်းဖရိုဖရဲရှိလု ကိုယ့်ကိုယ်ကိုမင်းသားထင်နေတာလားမသိ။ လူကြီးတွေမျက်လုံးထဲမှာ တော့ လူရမ်းကားပုံစံပဲဖြစ်နေတတ်လျက်.. ၊



"ကားရပ်စမ်း.."

ဒရိုင်ဘာကလည်း ကားကိုချက်ချင်းဘေးချရပ်ပေးသည်။

"ဘာလုပ်မလို့လဲပုလဲ.."

"ဒီသတ္တဝါကိုမေးစရာရှိတယ်.."

"ဒီလောက်ရိုင်းတဲ့ကောင်ကိုကွာ..ဘာဖြစ်လဲ၊ မင်းတူမပါသွားတာ ကမ္ဘာပြိုသွားနိုင်လို့လား.."

"တူမပါသွားတာ ကမ္ဘာပြိုမသွားနိုင်ပေမယ့် ကနုတ်ရဲ့အဖေက ခောင်မောင်လေ..ကိုယ့်ကလေးကို ခွေးတစ်ကောင်လိုဆွဲချသွားတာ လူကြီးတွေကို စော်ကားသွားတာပဲ.."

"ဟော့..တော်ပြီ၊ မျိုးသန့် မောင်း.."

ဦးကျော်မြတ်ခေါင်က ဒေါ်မြပုလဲဖြူကို တားဆီးလိုက်ပြီး ကား ဆက်မောင်းခိုင်းသည်။ ပြီးတော့ တူမဖြစ်သူမျက်နှာကို ဖျတ်ခနဲလှမ်း ကြည့်၏။ ဇင်က သတိမထားမိဘဲ သျှန့်ကိုလည်ပင်းလိမ်ရှုမက ကိုယ် လေးကြွ၍ ခါးပါလိမ်အောင်လိုက်ကြည့်လေသည်။ ဒီအခြေအနေကို ဦး ကျော်မြတ်ခေါင် အကဲခတ်မိတာ မင်္ဂလာပွဲမှာတည်းက။ ယောကျ်ားချင်း နာလိုချင်လောက်အောင် ဆွဲဆောင်မှုရှိသည့်အရပ်အမောင်းနှင့် အဆီပို ထောင်သောကိုယ်ဟန်က မိန်းကလေးတိုင်းကို ဖမ်းစားနိုင်လိမ့်မည်။ ထို့ ပြင် မျက်နှာပုံပန်းအရလည်း ဘာတစ်ခုမှ အပြစ်ဆိုစရာမရှိသော အာ အာသျှန်ဆိုသည့်ယောကျ်ား.. ၊

"သူ့ကိုသိတယ်"လို့ ထခုန်မတတ်ဖြစ်သွားသည့် အသံလေးနှင့် ဇင့်ပုံစံကို ဦးကျော်မြတ်ခေါင် အတိအကျဖမ်းမိထားခဲ့၏။ တကယ်တမ်း က ဟိုတယ်လ်မှာပြဿနာရှိခဲ့တာ တခြားယောကျ်ားမဟုတ်တဲ့အ ကြောင်း ရှင်းပြနေတည်းက ဇင့်ဘက်ကဒါကိုကျေနပ်နေခဲ့တာ ပေါ်လွင် နေခဲ့ပြီးသား.. ၊

"တခြားသူနဲ့လုံးဝမဟုတ်ဘူး..ဇင်တမင်ချိန်းထားတာလည်း မ ဟုတ်ဘူး၊ ချိန်းတွေ့ရအောင် ဇင့်မှာရည်းစားမှမရှိတာ..ဟိုတယ်လ်မှာတွေ့ တာ သူပဲ၊ သူနဲ့လည်း သိခဲ့တာမဟုတ်ဘူး..ဇင်အခန်းမှားပြီး ဝင်အိပ်နေ တာ.."

"သူကအဲ့လိုလူမှမဟုတ်တာ..ဟို ဇင့်ကိုတောင်သူပဲအခန်းထဲကဆွဲ

ထုတ်တာ.."တဲ့.. ။

အရှုပ်အရှင်းကင်းခဲ့သည့်အဖြစ်ကို ပေါ်လွင်ချင်လို့သာ ဒီအဖြစ်ကို ဇင်မဖြစ်မနေထည့်ပြောခဲ့တာဖြစ်ကာ.. ။

"ဇင်နဲ့သိခဲ့တာကို ကနုတ်ကိုဆွဲခေါ်သွားတာ အံ့ဩလွန်းလို့.."

ဆိုသည့်စကားသံတိုးတိုးလေး ပါလာခဲ့တာလည်း ဦးကျော်မြတ်ခေါင်သေချာကြားခဲ့သည်။ ထိုစဉ်ကတွေးမိလိုက်သေးသည်။ ကနုတ်ကို မဟုတ်ဘဲ သူ့ကိုခေါ်သွားစေချင်တာများလားလို့။ တစ်ခါလေးပဲတွေ့ပေမယ့် အာဏာသျှန့်ကို ဇင်သဘောကျနေတာလားလို့လည်း မကြာမကြာတွေးမိခဲ့သည်။ ခုတော့ သေချာလောက်ပြီထင်သည်။

"ကိုကိုကျော်ရယ်..ရှင်လုပ်တာနဲ့လွဲသွားပြီ၊ ဒီသတ္တဝါလေးကို လူပုံအလယ်မှာမို့ ထင်သလိုမပြောခဲ့ရတာ.."

"ခုသွားပြောတော့ လူပုံအလယ်မဟုတ်ဘူးလား.."

ဒေါ်မြပုလဲဖြူတစ်ချက်တော့ ကြောင်သွားသည်။ ပြီးမှ.. ။

"သူကလာတည်းက ရည်ရွယ်ချက်တွေနဲ့ ရောက်လာခဲ့တာလေ..ပုလဲတို့က အလစ်ငိုက်ခံလိုက်ရတာ၊ ခုသွားပြောရရင် ကိုယ့်အလှည့်ပဲ.."

"မင်းတို့အဲ့လို မာန်တွေကြီးနေလို့ခံရတာ..မယ်မယ့်ရှေ့ပြောရင် ကွိုင်အကြီးကြီးတက်မှာစိုးလို့၊ အာဏာသျှန်ဘယ်လိုလူစားလဲဆိုတာ ဖုန်းတစ်ချက်ထောက်လိုက်တာနဲ့ ငါအကုန်သိပြီးပြီ.."

"ကိုကိုကျော့်လိုပဲလေ..သူ့ဟာသူစီးပွားရေးရှာတော်တာနဲ့ပဲ.."

"တော်တာမတော်တာကို ပြောနေတာမဟုတ်ဘူး..မင်းတူမမင်္ဂလာပွဲကို ရောက်လာတည်းက ခုထိသူ့ရင်ထဲမှာ ပရိုဂရမ်တွေရှိနေသေးတယ် အဲ့ဒါတွေက မင်းအမေလုပ်ခဲ့တဲ့.."

"မယ်မယ့်ကိုမပြောပါနဲ့ ကိုကိုကျော်ရယ်..မယ်မယ်ကစည်းကမ်းကြီးတာတစ်ခုပဲ တင်းကျပ်သလိုဖြစ်နေတာပါ၊ သူတို့ထင်သလိုမောက်မာနေတာလည်း မဟုတ်ဘူး..ဒူးနေရာဒူး တော်နေရာတော်ပေါ့၊ သူနိုင်ငံတကာပြေး ဘုရင့်စားတော်ပွဲနဲ့ရတာကိုတုပြီး မာန်တက်ချင်ရင်တော့ ငတက်ပြားလိုသေခါနီးဖြစ်နေမှာပဲရမှာပေါ့.."

"ဟား ဟား ဟား.."

"ဘာရယ်တာလဲဒါက.."



ဦးကျော်မြတ်ခေါင်က ရယ်လက်စမျက်နှာကြီးနှင့် ခေါင်းတရမ်းရမ်းလုပ်နေရင်း.. ။

"တကယ့်အမေတူသမီးပဲ.."

ဒါက သူဆွဲချခဲ့သည့်အရှိန်တွေ တွန်းထိုးဆောင့်ဆွဲဖြစ်ရခြင်းတွေနှင့် ဘယ်လိုမှ မပျောက်နိုင်ခဲ့ဘဲ.. ။

"ဘာဖြစ်တာလဲ.."

တံခါးဝမှာ မျက်နှာပြန်ပေါ်လာခဲ့ပြီး.. ။

"မင်းကိုတစ်ခုခုခိုင်းလိုက်တိုင်း အသံထွက်လာတာပဲ..ဘယ်လို ဘောင်ဆန္ဒပြကောင်းနေတာလဲ.."

"ကနုတ်ကဘာကိုဆန္ဒပြရမှာလဲ..အစတည်းက ဒီမှာဒဏ်ရာရှိခဲ့ တာမသိဘူးလား.."

"မသိဘူး..သိသိမသိသိ ငါ့အလုပ်လည်းမဟုတ်ဘူး၊ မင်းကိုခိုင်း ခေါ်လာတာ..ငါ့အမေအတွက် ကူဖော်လောင်ဖက်ရဖို့ပဲ၊ အခု ပိုပြီးတာ ကြီးသွားပြီ..မင်းအတွက်ဆေးဖိုးကုန်ထားရတာ ပြန်ကာမိအောင် မင်း လုပ်ရမယ်၊ ခုချက်ချင်းထွက်ခဲ့.."

သူ့ကိုကြည့်နေရင်း ကနုတ့်မျက်နှာလေးက တည်သထက်တည် လာသည်။ ပြီးတော့ နှုတ်ခမ်းတွေကို ဖိပိတ်ပစ်လိုက်သဖြင့် အံကြိတ် လိုက်သလိုဖြစ်သွား၏။ သျှန်လှည့်ထွက်သွားပြီးမှ ဆတ်ခနဲပြန်ငဲ့ကြည့် ။

"ဘာလဲ..မင်းကမကျေနပ်တာလား.."

"ကိုယ့်ကိုဖိနှိပ်ခိုင်းစေခံနေရတာကို ပျော်နေတဲ့သူရှိမလား.."

"မင်းပျော်သင့်တာကိုပဲ ပြောနေတာ..မင်းကိုငါ ဒီ့ထက်မကနှိပ် စက်ဖို့ တာ့ဂတ်ထားခဲ့တာ၊ ပြီးတော့ ဘာလုပ်မလဲသိလား.."

သူမရဲ့ဒုက္ခဆင်းရဲတွေကို ဓာတ်ပုံဗီဒီယိုတွေရိုက်ပြီး 'ကျွန်'သံသ ရာလည်ပုံကို တာဝတိံသာကလူတွေ နားလည်သွားအောင်ပို့လိုက်ဖို့။ သို့သော် အလုပ်ထက်အပြောမစောတတ်သည့် သူ့ဉာဏ်အတိုင်း တ ကယ်မလုပ်နိုင်သေးဘဲ ကြိမ်းဝါးနေလည်း အပိုပဲမို့ ရှေ့ဆက်မပြောဖြစ် ။

"မင်းရှေ့မှာ ငါ့အမေရှိနေတဲ့အတွက် မင်းအေးဆေးဒုက္ခတဖြစ်ခွင့် ရတာမှတ်.."

သူပြောနေဘုန်းမှာပဲ ကနုတ်က သူမအတွက်လုပ်ပေးထားသည့် တုတ်ကောက်လေးကိုထောက်၍ အနားရောက်လာသည်။ သျှန်ကရှေ့

## အခန်း(၃၀)

"ဘာလုပ်နေတာလဲ..အဲ့ဒီမှာ.."

ဟင်.. ။

ပြတင်းပေါက်ကနေ လမ်းပေါ်ကိုငေးကြည့်နေတုန်း ကနုတ်ဆတ် ခနဲဖြစ်သွားသည်။

"ထွက်လာခဲ့..ဒီမှာမီးပူတိုက်စရာတွေ ရှိတယ်.."

အင်္ကျီတွေအထွေးလိုက်ကိုင်ပြီး တံခါးဝကနေပြန်ထွက်သွား ကနုတ်ထိုင်ရာကထသည်။ ပြတင်းပေါက်သံပန်းမှာတစ်ဖက် ကု ထိုင်ကျောမှီမှာတစ်ဖက်ကိုင်ပြီး အားပြုရပ်လိုက်သဖြင့် ကုလားထိုင် နောက်လန်သွားကာ.. ။

"ဒုန်း.."

"အား.."

ခုံရောလူပါ ပြိုလဲကျသွား၏။

"သေပါပြီ..အား.."

ပြန်ထဖို့ကြိုးစားရင်း ခြေထောက်ကအဆမတန်နာကျင်နေသ တော်တော်နဲ့မရပ်နိုင်။ ကားတိုက်တုန်းကဒဏ်ရာသည် မင်္ဂလာဆ

ကနေ လျှောက်နေရင်း.. ၊

"ဟိုခြင်းထဲမှာလည်းရှိတယ်..ဒါတွေကိုကော်လံတောင့်အောင်တိုက် ဒုက္ခိတမို့ ဒုက္ခိတလုပ်လိုရတဲ့အလုပ်ပေးတာ..တန်ရာတန်ရာတွေ နောက်ထပ်လာဖို့အများကြီးရှိသေးတယ်.."

"ဘာတွေရှိသေးတာလဲသား.."

အဝတ်ထုတ်ကိုဘုတ်ခနဲပစ်ချပြီး တပ်လှန့်ဆော်ညြနေတာ စကားမဆုံးသေး မေမေအခန်းဝရောက်လာတာမြင်လိုက်ရကာ.. ၊

"အကျီတွေမီးပူတိုက်ဖို့လား..သားပြောထားတဲ့နှစ်စုံ မေမေထုတ်ပေးထားတယ်လေ.."

"မေမေဘာလုပ်တာလဲ.."

ဒေါ်ယမုံခင်က မီးပူတိုက်သည့်ခုံလေးချလိုက်ပြီး ကြောင်တောင်တောင်ပြန်ကြည့်ကာ.. ၊

"မီးပူတိုက်မလို့မဟုတ်ဘူးလား.."

"ကျွန်တော်က မေမေ့ကိုခိုင်းစရာလား.."

ပြောရင်းဆိုရင်း ဒေါ်ယမုံခင့်ကို လက်ဆွဲဖယ်လိုက်ကာ.. ၊

"ဘာရပ်ကြည့်နေတာလဲ..မင်းကိုငါခိုင်းနေတာ သိတယ်မို့လား.."

"သိပါတယ်..ဒါပေမယ့် ကနုတ်မီးပူမတိုက်တတ်ဘူး.."

"ဘာ.."

တစ်ဖက်မှာ မေမေရှိနေသဖြင့် ဒေါသကနှစ်ဆပိုနေသည်။

"မီးပူမတိုက်တတ်ရအောင် မင်းကိုယ်မင်းနတ်သက်ကြွေလာတာ မှတ်နေလား.."

"သားရယ်.."

"မေမေမပါနဲ့မေမေရာ.."

"မပါလို့ရမလားသား..သူ့ခြေထောက်မှာ.."

"ဒဏ်ရာရှိလို့လည်း ဆေးကုပေးခဲ့ပြီးပြီ..သူ့ကိုပြုစုယုယဖို့ခေါ်လာတာမဟုတ်ဘူးမေမေ.."

"ဟုတ်ပါပြီ..သူနေကောင်းရင် မေမေသင်ပြပေးပြီး ဝိုင်းကူခိုင်းမယ်..ခုတော့.."

"ခုလည်းမရဘူး.."



မေမေ့အားကိုးနဲ့တွက်ကပ်နေသည်ပဲတွက်ကာ သျှန်ဒေါသတွေ ပွက်နေခဲ့၏။ ထို့ကြောင့် မဖြစ်မနေခိုင်းဖို့ဆုံးဖြတ်၍.. ၊

"ဒဏ်ရာကြောင့်မလုပ်နိုင်ရင် သူ့စုနတည်းက နာနေသေးတယ်လို့ပြောမှာ..သူ့ဟာသူရလို့ ထွက်လိုက်လာတာ.."

"အဲ့ဒါ.."

"မတတ်လို့မလုပ်ဘဲနေရင် ဘယ်တော့မှလုပ်တတ်မှာမဟုတ်ဘူး..မှတ်.."

"ဟင်.."

ထူးလိုက်တာမဟုတ်ဘဲ အသံထွက်သွားတာဖြစ်သည်။

"လုပ်..လုပ်တတ်အောင်လုပ်၊ မေမေကျွန်တော်နဲ့စီးတီးမတ်လိုက်သွားလေ..ဈေးဝယ်စရာတွေရှိတယ်ဆို.."

ဒေါ်ယမုံခင် ခေါင်းမညိတ်နိုင်ဘဲဖြစ်နေသည်။ အပြင်ကိုနှစ်ယောက်စလုံးထွက်ကြရင် တိုက်ခန်းကိုသော့ခတ်ထားခဲ့မှာဖြစ်သည်။ အပြင်က သော့ခတ်ထားခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ဘေးဥပါဒ်တွေနဲ့ မဆိုးမိုးမှောင်ကျခဲ့ကြတာတွေ အများကြီး။ ပြောပြန်ရင်လည်း ဘယ်သူမှ လက်မခံသည့်သားနှင့် တစ်ဖက်ကအပြစ်မဲ့တဲ့မိန်းကလေး..။ ဆံပင်ရှည်ကြီးတွေ ကျောပေါ်မှာဖြစ်သလိုစုစည်းထားကာ ဖြူနုသည့်မျက်နှာလေးနှင့် ဘယ်လောက်တောင်ချစ်စရာကောင်းတဲ့မိန်းကလေးလဲ..။ မိန်းကလေးကို ဘာဖြစ်လို့အမုန်းအငြိုးတွေပုံချပြီး နှိပ်စက်ဖွယ်လူသားတစ်ယောက်လို သားမျက်လုံးထဲမှာရှိနေမှန်း စဉ်းစားလို့ကိုမရတော့ပါ..၊

"ဒီမှာ..မင်းကြမ်းပေါက်ဖြင့်ပြီး ထွက်ပြေးဖို့လည်းစိတ်မကူးနဲ့နော်၊ တံခါးဆီမှာ ဆယ်ရက်ရှိပြီ..မင်းထွက်သွားတာနဲ့.."

"ကနုတ်ထွက်မပြေးဘူး.."

ခပ်ဆတ်ဆတ်ဖြတ်ပြောလိုက်သဖြင့် သျှန်မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ ဆတ်ခနဲခေါင်းညိတ်၍.. ၊

"နားလည်ဖို့ပဲလိုတာ.."

"အ.."

"သမီး.."

သူမကလည်း မာနလေးနဲ့..။ အလုပ်လုပ်ဖို့ဆိုးဆိုးဆတ်ဆတ်လှုပ်

ရှုးလိုက်ပြီး ညွတ်ခနဲယိုင်သွား၏။ ဒေါ်ယမုံခင်ပြေးဆွဲမတတ်ဖြစ်သွ
လျှင် သျှန်ကလက်ကိုဆွဲထားလိုက်ကာ.. ။

"သွားမယ်.."

လက်ကိုဆွဲခေါ်တော့ပါလာသည်။ အောက်ထပ်လှေကားကျ
ဒေါ်ယမုံခင်က လက်ကိုဖြုတ်၍ သျှန့်မျက်နှာကို စေ့စေ့ကြည့်ကာ..

"သားအဲ့ဒီလိုလူမှန်း မေမေသိခဲ့ဘူး.."

"မေမေအဲ့လိုပြောတာ ဘယ်နှစ်ခါရှိပြီလဲ.."

"သားခုလိုရိုင်းပျတာတွေလုပ်တိုင်း မေမေကအံ့သြနေရတာလေ.."

"သူတို့ရိုင်းတာကို သားခံခဲ့ရတာကျတော့ မေမေမြင်ရတာ
ဟုတ်ဘဲ.."

"မမြင်ရလို့ သားအတွက်မခံစားရဘူးလို့ ပြောတာလား..မိခင်
ယောက်ရင်ထဲကနာကျင်မှုကို သားအဲ့ဒီလိုပဲတွက်ချက်ကြည့်လိုက်
လား.."

သျှန်ဆံပင်တွေထဲ လက်ထိုးဖွကာ စိတ်ပျက်လက်ပျက်ဖြစ်သွ
သည်။ အလုပ်နဲ့လူနဲ့လုံးထွေးနေခဲ့သဖြင့် မိဘရဲ့ဆုံးမစကားတွေ
ခဲ့လို့လား.. ဒါမှမဟုတ် သူကိုကလူကြီးမိဘနဲ့ စကားမပြောတတ်
တာလား ဒါမှမဟုတ်ရင်လည်း သူတကယ်ပဲ အရိုင်းအစိုင်းဖြစ်
လား.. ।

မေမေ့ဆီက သူကြားချင်တာ ဒီစကားတွေမဟုတ်ဘဲဖြစ်
လျက် မေမေပြောစေချင်သည့်စကားကိုလည်း သူမပြောနိုင်။ ပြော
ပြီဆိုတော့ နှစ်ယောက်စလုံးရင်ထဲမှာ ဘယ်သူမှမငြိမ်းချမ်းနိုင်ကြ

"တစိမ်းမိန်းကလေးရှေ့မှာတော့ မေမေ့ကိုအမိန့်မပေးပါနဲ့
ရယ်..မေမေပြောတဲ့စကား နားမထောင်ရင်တောင် ဒီအမေက သား
မှာ မလှုပ်ဝံ့တဲ့အမေမျိုး.."

"ဘာတွေပြောနေတာလဲမေမေ..မေမေ့ကိုသား အဲ့လိုပြောဆို
လား၊ မေမေ့အပေါ်မှာ တစ်ခါမှအဲ့လိုစိတ်နဲ့ ဆက်ဆံခဲ့တာမရှိဘူး
လုပ်နေတာ လုပ်သင့်တာချည်းပဲမေမေ၊ ကမ္ဘာကြီးကရပ်တန့်နေ
ဟုတ်ဘူး..သူ့အလှည့်ပြီးရင် ကိုယ့်အလှည့်ပဲ.."

"ကိုယ့်အလှည့်ပြီးရင်လည်း သူ့အလှည့်ပြန်ရောက်လာဦးမှာ



..သံသရာတစ်ပတ်လည်တယ်ဆိုပေမယ့် သူလည်းရပ်တန့်သွားမှာမ
ဟုတ်ဘူး.."

"ဟား..လည်ပါစေမေမေ.."

သျှန်က မတ်တပ်ပြန်ရပ်ပြီး ခပ်မဲ့မဲ့မျက်နှာနှင့်.. ।

"ပထမတစ်ခါက ဘုရားမှန်းတောင်ပို့မှန်းမသိခဲ့လို့ သိခဲ့ပြီးမှတော့
နောက်ထပ်အလစ်အငိုက်ဆိုတာ မရှိစေရဘူး..ညံ့တဲ့လူခံ အလှည့်ကျရင်
ခံနေ့စတမ်းပဲ.."

ကြည့်စမ်း..ဒီလောက်ပြောနေတာတောင် ဒီကလေး.. ।

ဒေါ်ယမုံခင် သားဖြစ်သူကို စူးစူးစိန်းစိန်းကြည့်နေမိလျက်.. ।

"မဟုတ်ပါဘူးလို့ ကြားကောင်းအောင်ငြင်းနေပြီး မေမေနဲ့ဝါဒီကွဲ
နေတာကို သားကသက်သေပြနေတာပဲ.."

"မေမေကြည့်တဲ့မျက်လုံးနဲ့ပဲ သက်ဆိုင်တယ်မေမေ..ကျွန်တော်ခု
သို့တွေလုပ်နေတာ ကျွန်တော့်ကိုပြောလို့မဟုတ်ဘူး၊ ကျွန်တော်ဘယ်သူ့
သားဖြစ်ဖြစ် အဲ့ဒါကအသက်ရှူမှားလောက်စရာမရှိဘူး..မေမေ့ကိုပြော
တာ ကျွန်တော့်အတွက် ကမ္ဘာပြိုနိုင်တယ်.."

"အဲ့ဒါ မေမေ့ဘဝကို သားလက်မခံနိုင်တာရော မဖြစ်နိုင်ဘူး
လား.."

"လုံးဝမဟုတ်ဘူး..မေမေအဲ့ဒီဆိုက်ကိုဝင်နေတာလည်း သားမ
ကြိုက်ဘူး..ခုခေတ်မှာ သူဌေးနဲ့အိမ်ဖော်မိန်းကလေးတွေ ချစ်ကြိုက်
ခေါင်းကြတာ တစ်ပုံကြီးပဲမေမေ၊ ဘာမှအရေးမပါတဲ့ကိစ္စကို တမင်နှိမ်
ချခဲ့ခြားပြီး သူတို့ကိုယ်သူတို့ သခင်လုပ်နေကြတာ..ပလ္လင်ပေါ်မှာထိုင်
နေတယ်လို့ အိပ်မက်မက်နေရင် အဲ့ဒီအိပ်မက်ကနိုးအောင် ပလ္လင်ပေါ်က
ဆွဲချပေးလိုက်မယ်..အဲ့ဒါအာဏာသျှန်ပဲ.."

"တော်တော့..မင်းတော်တော့သျှန်၊ မင်းအရမ်းကိုရိုင်းနေပြီ.."

"မေမေသားကို နားမလည်သရွေ့တော့ ဘယ်လိုမှအဆင်ပြေမှာ
မဟုတ်ဘူးမေမေ..ဒီကောင်မလေးနဲ့ပတ်သက်ပြီး.."

"သူ့အတွက်ပဲပြောတော့လည်း မင်းနားထောင်လို့လား..ဟိုမှာလုပ်
ထားတာတွေနဲ့တင် လုံလောက်နေပြီ၊ မိန်းကလေးကိုထပ်ခေါ်လာပြီး သက်
သက်ဒုက္ခပေးနေတာမင်း.."

သျှန်မျက်လုံးတွေမှိတ်ပစ်ရင်း တစ်ဖက်လှည့်ရပ်၏။ ပြီးတော့ ဆတ်ခနဲပြန်လှည့်ကာ.. ။

"သူ့ကိုအဲ့လိုမလုပ်ချင်ဘူး..ဒါပေမယ့် လုပ်မှဖြစ်မယ်၊ မေမေ ကြိုက်ရင် ကျောခိုင်းနေလိုက်ပါ.."

"ဘာ.."

"ဒါပေမယ့် မေမေစိတ်ဆိုးပြီး ထွက်သွားဖို့စဉ်းစားရင်လည်း ကျွန် တော်တို့မိသားစု အဆင်မပြေသရွေ့ အဲ့ဒီဒါသကထွက်ပေါက်ရှာမှာ ပဲ.."

ပြောမိပြီဆိုမှတော့ သတိပေးချက်က မပါလို့မဖြစ်တော့ပေ။ မေ မေသူ့ကိုဒါနဲ့ပဲ ချိန်းခြောက်မှာမို့ သူလည်းဒီအတိုင်း.. ။

## အခန်း(၃၁)

"ဟော..လာပြီဆရာသမား.."

"ဘာလဲ..မျှော်နေကြတာလား၊ ကိုယ်မှာတာကိုယ်ရှင်းပဲနော်..ဒီမှာ နေတာ.."

"ဟာ..ကျက်သရေတုံးမပြောစမ်းပါနဲ့သျှန်ရာ၊ ငါတို့အုပ်စုမှာ ခမ်း ကောင်တစ်ကောင်မှမပါဘူး..ဟော့ကောင် မင်းပြောလိုက်စမ်းပါ.."

"ဟုတ်တယ်..ဒီမှာလုံးဝအလျှံ.."

ကောင်းမြတ်က ခပ်မဲမဲအတုံးလေးတစ်တုံးကို စားပွဲပေါ်ချပြလိုက် ။

"ငါ့တွင်းကလျှံတာတွေလေ.."

"ဘာလဲ.."

"အစိမ်း.."

သျှန်ကပြုံးလိုက်ကာ.. ။

"ငါတော့မည်းမည်းပဲမြင်တယ်.."

"ဒီကောင်အစိမ်းကြောမိထားတယ်သျှန်..မင်းယုံလား.."

တစ်ယောက်က ရှေ့ကိုကိုယ်ကိုင်းပြီး ပြောလျှင်..

"စီစီတီဗီရှိတယ်..မင့်ဟာချလိုက်တည်းက ပါသွားပြီးသား၊ လုပ် မနေနဲ့.."

"ပါတော့ မင်းတို့ကိုဘယ်သူတရားစွဲမှာလဲ..ဒီသုံးထပ်လုံးကြို့တ် တာလုပ်လို့ရတယ်.."

မိနီမတ်ပိုင်ရှင်ဖြစ်သည့် စိုးထွန်းက ရှိနေသည့်လူဆယ့်သုံးယောက် စာအတွက် ဖန်ခွက်ထဲကို ရေခဲတုံးလေးတွေထည့်ပြီး အလယ်ဝိုင်းပေါ် တင်၍ လှည့်ပေးနေ၏။ သူတို့အားလုံးမှာ ကိုယ်ပိုင်လုပ်ငန်းတွေနဲ့ ရုန်း တည်နေသူတွေချည်းဖြစ်ကာ အကြောင်းတစ်မျိုးစီနှင့် တွေ့ဆုံစုစည်း နေကြတာဖြစ်သည်။ ထို့ပြင် ငယ်သူငယ်ချင်းတွေမဟုတ်ဘဲ ရင်းနှီးချ ခင်နေကြတာလည်း ထူးဆန်းစွာပင်။ ပို၍ထူးဆန်းသည်က လူမှုရေး လွတ်တွေချည်းဖြစ်လျက် ခုချိန်ထိအိမ်ထောင်ပြုဖို့ ဘယ်သူမှမစဉ်းစား ကြပေ.. ။

"ငါကတော့ ဒီကောင်ခိုင်းတာတွေလိုက်လုပ်ပေးနေရတာနဲ့ ငါ့ ဘဏ်တောင် ဖေ့ဘွတ်ခ်မှာအတင်ခံရတဲ့အထိဖြစ်လာပြီ.."

"ဟား ဟား ဟား.."

သျှန်ကရယ်တော့ ဖြိုးခိုင်ကမျက်စောင်းထိုးသလိုကြည့်ကာ..

"အေးပါ..သူများကိုမဖော်ထုတ်ခင် ငါ့ဘဏ်ဒေဝါလီခံရရင်တော့ မင်းတာဝန်ယူ.."

"ဟုတ်လား..ဘာတွေခိုင်းနေတာလဲ.."

"မေးကြည့်ပါလား..အဲ့ကောင်အချိုးကြီးကြံနေတာ.."

ဖြိုးခိုင်ပြောလိုက်တော့ သျှန့်ကိုအားလုံးဝိုင်းကြည့်ကြသည်။ ဒီဆိုင် မှာ နောင်ချိန်နဲ့စိုင်းမင်းခမ်းတို့ မပါခဲ့ဘဲ.. ။

"ဒီမှာ မင်းပြောတဲ့ကားရှုံ့ရွမ်းဦးကျော်မြတ်ခေါင်ရဲ့ဖုံမလီတိုက်ပဲ.."

ပြောပြီး စတစ်လေးတစ်ခုကို အလယ်ဝိုင်းပေါ်တင်ပြီး သျှန့်ဆီ ရောက်အောင် ပို့ပေးလိုက်သည်။ သျှန်က မယူခင် သူရရှိန်ကကောက် ယူထားလိုက်ပြီးကြည့်ကာ.. ။

"ဘာတွေလှုပ်ရှားနေကြတာတုံးကွ..ကြည့်ရတာ ကောင်းမြတ်ရဲ့ အရိုင်းတုံးလေးတွေထက်တောင် စိတ်ဝင်စားဖို့ကောင်းနေပါလား.."

"ဘာလဲ..နိုင်ငံခြားစာတ်လမ်းတွေထဲကလို ဘဏ်ဖောက်မလို့လား



..လေယာဉ်အပိုင်စီးကြံမလို့လား.."

ပြောပြီး ကိုယ့်လူအင်အားကိုသေချာကြည့်လိုက်သေးသည်။ ပြီး တော့.. ။

"ဒီနေ့မှ ပြည်တွင်းပြည်ပက မိတ်ရင်းဆွေရင်းတွေလာစုနေကြတာ မိုးရောရှိုးသားရဲ့လား.."

"ဟုတ်လား..အဲ့လိုလုပ်ဖို့ရှိရင်လည်းကြိုပြော၊ ငါရေးထားတဲ့ ဂိမ်း ဆော့ဝဲတွေထဲမှာ ဘယ်ဂိမ်းကိုသုံးမလဲ..ရှယ်ရေးပေးမယ်.."

"တော်ပါကွာ..မင်းဟာမြန်မာပြည်မှာပဲ ခေတ်စားနေတဲ့ ခပ်ညံ့ညံ့ ကလေးဂိမ်းလေးတွေပါ.."

"အံမာ..ကလေးဂိမ်းလို့မပြောနဲ့၊ အကောင်းဆုံးဆိုတာတွေကို က လေးတွေပဲသိတာ..လုံးဝညာလို့မရတာလည်း ကလေးတွေပဲ၊ ငါ့ကျေးဇူး ရှင်လေးတွေကို မစော်ကားနဲ့..အဲ့ဒါ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်လောင်း လျာလေးတွေ.."

အောင်ထက်မြတ်ရဲ့ဂိမ်းကုမ္ပဏီကလည်း အောင်မြင်နေတာဖြစ် သည်။ ကျွမ်းကျင်သည့်ပရိုဂရမ်မာတွေနှင့် ဖွဲ့စည်းထားကာ စံနစ်တကျ ချထောင်ထားတာမို့ စပြီဆိုတည်းက ကြီးမားသည့်အခက်အခဲဆိုတာ မရှိခဲ့၊ ဒီနေရာမှာ သူငယ်ချင်းတွေလာဆုံနေကြကာမှ လုပ်ငန်းရှင်သူ ဌေးကြီးတွေကနေ တက္ကသိုလ်ကျောင်းသားတွေလို ပြန်ဖြစ်နေကြလျက်၊

"ဟဲ ဟဲ..ကြွားတာမဟုတ်ပါဘူး၊ ဂိမ်းဆိုပေမယ့် အထင်မသေး သင့်တာကိုပဲ ပြောချင်တာ..လုံခြုံရေးတစ်ခုခုကို ချိုးဖောက်ဖို့ဆိုတာ.."

"ဖိုးအောင်..မင်းတကယ်အတည်ကြံနေတာလား.."

"ဟုတ်တယ်..ဒီကောင်တကယ်ထင်နေတာ.."

"ထင်တာလား..တကယ်ကြံချင်နေတာလားကြည့်ပါဦး၊ ကလေး ဂိမ်းတွေနဲ့ အခြေအနေမဟန်တာနဲ့ သျှန့်ကိုဆေးထိုးကြည့်တာနေမှာ.."

"လာပြန်ပြီလားကလေးဂိမ်း..နည်းနည်းတော့ တင်းချင်လာပြီ.."

"ဟား ဟား ဟား.."

သျှန်က စီးကရက်မီးညှိနေရင်း ရယ်ကာ.. ။

"မတင်းနဲ့ဖိုးအောင်..မင်းဂိမ်းကိုငါလိုအပ်တယ်.."

"သျှန်.."

"ဘာလဲ.."

"ငါတို့အခုစုဝေးလာကြတာ ဘာကြောင့်ထင်လဲ.."

"ငါ့ကြောင့်လို့ထင်တာပဲ.."

"ဟုတ်တယ်.."

သူတို့အားလုံး အစားအသောက်တွေ ဘေးထားပြီး အတွင်းစကား များသို့ ရောက်ခဲ့ကြပြီး.. ।

"မင်းဒဏ်ရာဘယ်လောက်တောင် ရင်းနေပြီလဲ.."

သျှန်က စီးကရက်ဖွာရင်း ဘာမှမပြောသေးဘဲ မျက်နှာလွှဲနေ၏ သူခံစားခဲ့ရသမျှ ဖြစ်ပျက်ခဲ့သည့်အကြောင်းစုံကို ဒီမှာနေကြသည့် သူ ငယ်ချင်းတွေအကုန်သိထားပြီဖြစ်သည်။ အထူးသဖြင့် ဒီလိုကိစ္စကြီးဖြ နေရခြင်းအတွက် မျိုသိပ်မထားခဲ့တာဖြစ်သည်။ ပျော်စေပျက်စေပြော ပြီးသည့်နောက်မှာ အားလုံး၏မျက်နှာတွေမှာ လေးနက်ခြင်းတို့ဖြစ်ေ ခဲ့လျက်.. ।

"ငါကတော့မင့်ဘိုးတော်ကြီးနဲ့ပတ်သက်တဲ့အပိုင်းမှာ မင်းပြော ထားတာတွေတောင် ကူညီပေးထားတာနော်..မင်းရှိမနေတာကလွဲ မင်းရှိနေတဲ့အတိုင်းပဲ.."

ကျော်ခိုင်လင်းက သူတာဝန်ကျေတာကို စပြောလာ၏။ သူလည်း ကုမ္ပဏီလုပ်ငန်းပဲမို့ သျှန့်လုပ်ငန်းပိုင်းတွေက သူနဲ့သာအရင်းနီးဆုံးဖြ နေခဲ့သည်။ ထို့ကြောင့် ရှုတ်တရက်အလုပ်တွေအကုန်လက်ထဲရော လာသဖြင့် ဦးနေမင်းသစ်ခက်ခဲလာမှာကို တွက်မိသောကြောင့် မသိ သာဝင်ကူညီပေးဖို့ သူငယ်ချင်းချင်းလက်ဝါးရိုက်ခဲ့ကြသည်။ ထိုစကာ ကြောင့် စိုးထွန်းကရေခဲတွေနဲ့ ဖန်ခွက်ထဲကို ဝီစကီလောင်းထည့်နေရ

"မင်းမရှိပေမယ့် မင်းရှိသလိုပဲဆိုတာတော့ နည်းနည်းများသွာ ပြီဖိုးခိုင်..တော်ကြာ ဘိုးတော်ကြီးသူ့ဟာသူကောင်းမှန်းသိပြီး လွှင့် လိမ့်မယ်.."

"ဟုတ်တယ်..ဒါတွေသျှန့်ကြောင့်ဆိုတာ.."

"တော် တော်.."

သျှန်က လက်ကာလိုက်သဖြင့် ပြောလက်စနှင့်ဖြိုးခိုင်စကား ရပ်သွား၏။ သျှန်က ဆံပင်တွေထဲထိုးဖွနေသည့်လက်ကို လည်ဂုတ်



ဒြန်ပြီး ဖိချလိုက်ပြီးမှ.. ।

"ငါနဲ့ဘာမှမဆိုင်တော့ဘူး..သူလုပ်ရမယ့်အလုပ်တွေ သူနိုင်နင်း အချင်လို့ ငါကူညီခိုင်းတာ.."

"ဒါဆိုလည်း အရှင်းနေလိုက်လေ..မင်းငါနဲ့လုပ်မယ်ဆိုတော့ သက်မခံဘူး.."

"ဟော့ကောင်..ငါ့စက်ရုံတွေ ဘေလုံးကန်ပစ်လို့ရတယ်၊ ဘာကိစ္စ မင်းနဲ့လက်တွဲရမှာလဲ.."

"စိုင်းမင်းခမ်း.."

"အဟမ်း..အဟမ်း.."

"မပြောသေးဘူး ကြည့်နေတယ်.."

"ပြောကိုမပြောချင်တော့ဘူး.."

သျှန် အလုပ်မလုပ်တော့ဘူးကြားတည်းက သူ့ဆီလာပါ ငါ့ဆီ လာပါဖြစ်နေသည့် သူငယ်ချင်းတွေက တစ်ယောက်ကခေါ်လိုက်တာနှင့် သျှန်ဘယ်ဆီသွားမလဲ မျက်လုံးဒေါက်ထောက်ကြည့်ဖို့ ပြင်လာကြ သည်။ သျှန့်အရည်အချင်းကိုလည်း သိနေကြသလို သူငယ်ချင်းတွေမို့ ကူညီဖို့အသင့်ဖြစ်နေကြတာမျိုး.. ।

"လောလောဆယ် ဘေဘီဂိမ်းကို စိတ်ဝင်စားတယ်လို့ပြောထား တာဆိုတော့..အင်း.."

"အင်းမနေနဲ့..ငါ့ပစ္စည်းတွေဖျောရမှာ၊ သျှန်စိတ်ပြေလက်ပျောက် ငါနဲ့ထိုင်းကိုလိုက်ခဲ့.."

"မလိုက်နဲ့..မလိုက်နဲ့၊ ပြဿနာကြီးကြီးတက်နေရင် ကံမကောင်း ဘဲ့တဲ့..မင်းရဲ့ဥပဒေနဲ့မကင်းတဲ့ကိစ္စတွေ မင်းဘာသာလုပ်.."

"ဟော့ကောင်..ဥပဒေနဲ့ကင်းချင်လည်း ရတယ်၊ မကင်းချင်လည်း ရတယ်..လူကိုမှောင်ခိုသမားမှတ်နေသလား.."

"အေးလေ..မီးမရှိမှ မှောင်ခိုတာကို.."

"စစ်သွေးနီ.."

"ဩော်..မီးမရှိရင် မှောင်တာပဲမဟုတ်ဘူးလား.."

"ဒီမှာရုပ်ကိုကြည့်ထား.."

"တော်တော်တူတယ်.."

"ခွေးကောင်.."

"အား.."

ကပ်ထိုင်နေကြတာမို့ ပခုံးကိုဖျန်းခနဲရိုက်ပစ်လိုက်တော့ စစ်သွေး နီရှုံ့မဲ့သွားသည်။ ကောင်းမြတ်က ခပ်တိုးတိုးဆဲလိုက်ပြီး.. ။

"အရောင်းအဝယ်ဆိုတိုင်း မင်းရဲ့အဏ္ဏဝါဗေဒတွေမှတ်နေသလား ..ရေထဲလည်း အလင်းပေးရ ရေအောက်လည်းအမှောင်ချရ.."

"ဘယ်မှာချချ မလင်းရင်မှောင်မှာပဲ..ငါပြောတာမှားသလားပြော"

"ဟုတ်တယ်..စစ်သွေးမမှားဘူး၊ ငါထောက်ခံတယ်.."

"မောင်မောင်တင်..မင်းဆေးအပ်ပဲကိုင်တတ်တာ တိတ်တိတ်နေ"

"အံမာ..ဒီမှာ နွဲ့စိတ်အထူးကုမောင်မောင်တင်နော်၊ ကိုင်စရာ လိုဘူး..ငါ့နားမှာ နာ့စ်တွေရှိတယ်.."

"နာ့စ်တွေက ဘာလုပ်ကြတုံး.."

"ငါခိုင်းတဲ့အတိုင်း သူတို့ပဲကိုင်တာ.."

"ဟာ..ဟုတ်လား.."

တစ်ယောက်က စားပွဲကိုဖျန်းခနဲပုတ်ပြီး အကြီးအကျယ်ထအော် တော့ ဒေါက်တာမောင်မောင်တင်ဆတ်ခနဲလှည့်ကြည့်သည်။

"ဘာထဖြစ်တာလဲရှပ်က.."

"ကိုင်တာကို စီတာဝင်စားဆုံးပဲ.."

"သူတောင်းစား.."

မောင်မောင်တင်က ပခုံးကိုလှမ်းရိုက်ပြီး ခပ်ကြိတ်ကြိတ်ဆဲသည်။

"ဘာလဲ..ငါ့အဘွားပြောတာလေ၊ ပါရဂူတွေသာဆိုတယ်..ဆေး အပ်လည်းမကိုင်တတ်ဘူး၊ သူနာပြုဆရာမလေး ထိုးတာသိတောင်မသိ လိုက်ဘူး..သူ့ဝင်ထိုးမှ လမ်းတောင်မလျှောက်နိုင်တော့ဘူးတဲ့၊ ဟဲ..ဒါ အဲ့ဒါပြောချင်တာ၊ ပြီးတော့ ရှိသေးတယ်.."

"တော်တော့ ဟေ့ကောင်..မင်းပါးစပ်ကြီးထဲ ဝီစကီပုလင်းလိုက် ထိုးထည့်မိတော့မယ်.."

"ဟုတ်တယ်..မောင်မောင်တင့်ကိုမထိနဲ့၊ ငါတို့ထဲမှာ သူဝင်ငွေအ ကောင်းဆုံး..ဟိုထောက်ဒီထောက် နောက်တစ်ယောက်.."

"ဘာလဲ..ဟိုထောက် ဒီထောက် နောက်တစ်ယောက်ဆိုတာ"



"လူနာကိုလှန်တယ်..စမ်းတယ်၊ ပြီးတော့ ဆေးစာလေးရေးပေးပြီး"

"တော်ပြီ..တိတ်ကြတော့၊ ဆေးရုံကိစ္စပါလာမှ ငါ့အလှည့်ဆိုတာ သတိရတယ်..သျှန် မင်းလုပ်ခိုင်းတဲ့ကိစ္စ.."

"အံမာ..မောင်မောင်တင် လူလည်ကျပြီ၊ တခြားကိုရွှေ့ချင်တာတွေ သား.."

"သေနာ.."

ထုတော့ဖို့လက်ကြီးရွယ်လိုက်ပြီးမှ ပြန်ချပြီး မောင်မောင်တင်က ရယ်သည်။ ထိုစဉ် သျှန့်ဖုန်းကအသံမြည်သဖြင့် ဖုန်းသံဆီလှမ်းကြည့် ပြီး အားလုံးတိတ်သွားကြသည်။ သျှန်က ဖုန်းကိုကြည့်လိုက်ပြီး ဘာမှ မပြောဘဲ မျက်မှောင်ကုတ်သွားသဖြင့်.. ။

"ဘယ်သူ့ဖုန်းလဲ.."

သူခေါင်းခါပြပြီး စိတ်ထဲမှာဇဝေဇဝါဖြစ်သွားခဲ့၏။ ဒီဖုန်းကိုဖေဖေ နဲ့မေမေလေးတို့တောင် သိကြတာမဟုတ်၊ ဒီဖုန်းမြည်လာပြီဆို ကြည့် လိုက်တိုင်း ကိုယ့်လူတွေပဲဖြစ်နေတာမို့ နံပါတ်စိမ်းကိုအံ့သြနေသည်။ ဖုန်းက တစ်ခါပျက်ကျသွားပြီးမှ ဒုတိယအကြိမ်ပြန်ခေါ်လျှင်.. ။

"ဟလို.."

"အာဏာသျှန်..ငါမြပုလဲဖြူပဲ.."

သူအံ့သြသွားသော်လည်း.. ။

"ဘာကိစ္စလဲ.."

"ငါမင်းနဲ့ပြောစရာရှိတယ်.."

"ရှိတော့.."

"ငါခေါ်ရင် မင်းလာမှာမဟုတ်ဘူး..အဲ့ဒီတော့ မင်းဆီကို.."

"ခင်ဗျားလာရင်တော့ ရမယ်ထင်နေတာလား.."

"ဟေ့..ထင်ကြေးတွေမေးမနေနဲ့၊ မာနကြီးသလိုလိုနဲ့ မင်းငါတို့နဲ့ ရင်မဆိုင်ရဲတာမို့လား.."

"အံမာ.."

အားလုံး အာရုံစိုက်နားထောင်နေတာမို့လို့ စိတ်ဆတ်သည့်ကောင်း မြတ်ဆီက အသံထွက်လာ၏။ ဘေးကနေ ကျော်ခိုင်ကခြေထောက်ကို နင်းတို့ပြီး တိတ်တိတ်နေဖို့ သတိပေးရသည်။

"မင်းဘက်ကပုံမှန်ဆိုရင် ပြောဆိုစရာရှိနေတဲ့ကိစ္စတွေကို ဒီတိုင်းပုန်းနေလို့မရဘူးဆိုတာ နားလည်ရမှာပေါ့.."

"အဲ့ဒီတော့ ခင်ဗျားဘယ်လိုထင်လဲ.."

"ဘာဖြစ်လို့မေးခွန်းတွေ ပြန်ထုတ်နေတာလဲအာဏာသျှန်.."

"ကျွန်တော်ကအာဏာသျှန်ပဲ.."

"တောက်..ငါတူမကို မင်းခေါ်သွားပြီး အခုဘာလုပ်နေတာလဲ.."

သူနဲ့မျက်နှာချင်းဆိုင်ပြောဖို့အတွက် စိတ်ပျက်သွားပုံရှိကာ အမိုက်မေးခွန်းထွက်လာခဲ့သည်။ သျှန်ကပြုံးလိုက်ပြီး.. ।

"အာဏာသျှန် မင်းလိုကောင်လေးမျိုးနဲ့ ပါသွားပြီးမှ ငါတို့ကလည်း ပြန်မခေါ်ဘူး..ဒါပေမယ့် မိန်းကလေးတစ်ယောက်ကို ဟင်းရွက်ကန်စွန်းလို အညွှန့်ချိုးယူသွားလို့မရဘူး၊ ကနုတ်လေးက ငါတို့အချုပ်ဆုံးမောင်ရဲ့သမီး..တာဝတိံသာရဲ့အမိကလူ၊ နင့်အမေလိုမိန်းမကိုတောင်နေမင်းသစ်ဘယ်လိုတင့်တောင်းတင့်တယ် လက်ထပ်ယူခဲ့သလဲဆိုတာ မိယမုံတစ်ခါမှ ကြားမပြောဘူးလား.."

သျှန် တင်းခနဲအံကြိတ်သည်။ ကောင်းမြတ်တို့လည်း အသည်းတွေယားနေကြ၏။ ဒီအကြောင်းတွေ သိထားကြသဖြင့် သူငယ်ချင်းဘက်က ဘယ်လိုမှမခံရပ်နိုင်ကြ.. ।

"နင်လမ်းဘေးမှာ တေလေဂျပိုးဖြစ်နေလို့ မင်္ဂလာကိစ္စခက်ခဲရင် ငါငွေပို့လိုက်မယ်..ဟေ့ တစ်ခုခုပြန်ပြောစမ်း.."

"ခင်ဗျားနဲ့ပြောစရာမရှိဘူး ဒေါ်မြပုလဲဖြူ..သူ့မြေးကို ဘာလုပ်ရမလဲဆိုတာ ခင်ဗျားဖုန်းဆက်တဲ့အကြောင်းနဲ့တကွ ဒေါ်မြမင်းသီရိနဲ့တိုင်ပင်လိုက်မယ်.."

"ဘာ.."

"သူ့မှာအစီအစဉ်ရှိမှာပါ..မဟုတ်ရင်လည်း ကျွန်တော်ခေါ်သွားတည်းက ဘာအစီအစဉ်မှ မထားတော့တာလည်း ဖြစ်နိုင်တာပဲ.."

"မင်းမယ်မယ့်ဆီဖုန်းဆက်ဖို့ မလိုဘူး..ဒီလိုကိစ္စလောက်ကို မယ်မယ့်ဆီရောက်စရာလည်း မလိုဘူး.."

"ခုနကတော့ တာဝတိံသာရဲ့အမိကလူဆို..ဘာလဲ ဒေါက်တာလင်းမြတ်သူကို ကျေးကျွန်တွေနဲ့ ကံစမ်းမဲဖောက်တာလား၊ ကျေးကျွန်တို့



ခင်ဗျားတူမလိုလိုအရှိန်နဲ့ လိုမ့်နေတာဆိုရင်တော့ အပင်ပန်းခံမနေပါနဲ့..ဒုက္ခကုန်ခံစရာလည်းမလိုဘူး၊ သူအိမ်ပြောင်းသွားတာပဲရှိတာ..သူ့အလုပ်ဆက်လုပ်ရုံပဲ.."

"ဟေ့ကောင်..မင်းခွေးစကားမပြောနဲ့.."

ဟိုဘက်ကဝင်ပြောလိုက်သည့် ဦးမြမင်းစံအသံကိုကြားလိုက်ရတော့ သျှန်ဟက်ဟက်ပက်ပက်ရယ်သည်။

"ခင်ဗျားနားလည်သားပဲ..မဆိုးဘူး.."

"တောက်..အရိုင်းအစိုင်းကောင်၊ မင်းငါ့သမီးကို ဒုက္ခပေးကြည့်စမ်း.."

"ဟား ဟား ဟား.."

"ဟေ့ကောင်.."

သူဖုန်းချပစ်လိုက်တော့ 'ကောင်းတယ်'လို့ အားလုံးကဝိုင်းပြောကြတာ.. ।

"မင်းလုပ်တော့သျှန်.."

"ဘာခိုင်းမှာလဲ..ဆက်လုပ်မယ်၊ ဘာဖြစ်ဖြစ် ငါလုပ်ပေးမယ်၊ ချမ်းသာတဲ့လူတွေ စုမှနားနဲ့ဆတ်ဆတ်ကြားရတယ်၊ တော်တော်မောက်မာတဲ့လူတွေ.."

"အေးဟ..သူဌေးနဲ့အိမ်ဖော်လောက်ပဲ ခွဲခြားစမ်းပါ၊ ဒါတောင် ခုခေတ်မှာအိုဗာတွေဖြစ်နေပြီ..သူတို့ကိုယ်သူတို့ ဘာထင်နေတာလဲ.."

"သျှန် မင်းချင့်ချိန်နေတာကြာလာရင် တွေဝေတာနော်..လူကောင်းဆိုတာ ဒေါသဖြစ်ရင် ဟုန်းခနဲဖြစ်တတ်ပေမယ့် အသိစိတ်ဝင်လာရင်ပြေသွားတတ်တယ်..သွေးပူတုန်း တဆုံးလွှတ်လိုက်ကွာ.."

"ဟုတ်တယ်..သွေးအေးရင် လူကျွံဘောနဲ့ပဲ အရှုံးပေးလိုက်ရမယ်၊ ဘာမှတွက်မနေနဲ့..ဘာလုပ်ချင်သလဲ၊ ဘာလုပ်မှာလဲ..ငါမိုးကုတ်ကိုမသိသေးဘူး.."

"ငါလည်းဩစီကိုမပြန်ဘူး..ဒီကိစ္စမပြီးမချင်း.."

"ငါကတော့ ဆော့ဝဲရေးရင်း နားစွံနေမယ်..ကူညီရန်အသင့်ပဲ.."

သျှန်က စီးကရက်တိုကို ပြာခွက်ထဲပစ်ထည့်လိုက်ပြီး စီးကရက်အသစ်တို့ကို နှုတ်ခမ်းမှာခပ်လွှနဲ့လွှနဲ့မှုတ်ထုတ်ရင်း..

"ဒေါ်သနဲ့ဖြစ်လာတဲ့ဆုံးဖြတ်ချက်ကို အတည်မပြုရဘူး..အဲ့ဒီ[illegible] စိတ်မနိုင်ရင် အန္တရာယ်ဖြစ်တတ်တယ်.."

## အခန်း(၃၂)

"မမတို့အတွက်အန္တရာယ်ရှိနိုင်တယ်..ဘယ်လိုလုပ်ကြမလဲ.."

ဖုန်းချလိုက်တာနှင့် ဒေါ်မြပုလဲဖြူက ရင်တုန်ပန်းတုန်ဖြစ်နေသည့် အသံနှင့် ဦးမြမင်းစံပခုံးကိုလှုပ်၍.. ၊

"သူမမတို့ကို ခြိမ်းခြောက်နေတာနေမှာပါ..မယ်မယ့်ကိုသွားမပြော [illegible]ာက်ပါဘူးနော်၊ မောင်မောင်ဘယ်လိုထင်လဲ.."

"ပြောလည်းမတတ်နိုင်ဘူးမလတ်ရာ..မယ်မယ်အမိန့်ပေးတာကို [illegible] ရက်စက်လွန်းတာ၊ အဲ့ဒါကျွန်တော်သိတယ်..ကျွန်တော့်သမီးမို့လို့ ဥပေက္ခာထားတာ.."

"မောင်မောင်ရယ်..နှင့်သမီးမို့လို့ပဲ သူဘယ်လောက်ထိချစ်ခဲ့သလဲ [illegible]တွေးကြည့်ပါဦး၊ အခု ဇင်လေးကိုတောင် စံအိမ်လုံးဝမလာရဘူးလို့ အမိန့်ထုတ်ထားတာလေ.."

"ဇင်လေးတကယ်မှားခဲ့တာပဲမလတ်..မှားလို့အပြစ်ပေးတာသဘာ [illegible]တာပဲ၊ ကျွန်တော့်သမီးက.."

"နှင့်သမီးလည်း သူ့ဆီမှာပဲ..ဇင်လေးနဲ့အတူရှိခဲ့တယ်ဆိုတာ [illegible]ည်း အာဏာသျှန်ပဲ.."

ဦးမြမင်းစံက ဆတ်ခနဲလှည့်ကြည့်ကာ.. ।

"မလတ်က ဘာကိုပြောချင်တာလဲ.."

"ဇင်လေးနဲ့ဒီလိုဖြစ်အောင် အာဏာသျှန်ကြိုတင်စီစဉ်ပြီး ယုတ်မာ ခဲ့တာလည်း ဖြစ်နိုင်တာပဲ.."

"ယုတ်မာတဲ့ကောင်က မလတ်တူမကို အခန်းထဲကဆွဲထုတ်ပစ် လား.."

ဖြစ်သမျှအကြောင်းတွေကို ဇင်လေးပြောပြပြီးပြီဖြစ်ကာ ဒါအစ အတိုင်းပဲဆိုတာသိပေမယ့်လည်း သျှန့်စကားတစ်ခွန်းမှာ မိန်းကလေး တစ်ယောက်အတွက် အရာရာကစွန်းထင်းခဲ့ပြီမို့.. ।

"ကျွန်တော်ကတော့ မယ်မယ်ဘာပြောပြော အာဏာသျှန်ဘာ ကောင်ဖြစ်ဖြစ် သူတို့ကြားမှာ ကျွန်တော့်သမီးဘဝပျက်မခံနိုင်ဘူး..အာ ဏာသျှန်နဲ့ကနုတ် လက်ထပ်ဖြစ်အောင် ကျွန်တော်ကြိုးစားမှာပဲ.."

ဒေါ်မြပုလဲဖြူသည် ဒေါ်မြမင်းသီရိလို အမေတူသမီးပဲမို့ မောင် ဖြစ်သူပြောတာကို သဘောတော့မကျပေ။ ကနုတ်ကို လုံးဝမဆက်သွယ် ရဘူး မစုံစမ်းရဘူးတားမြစ်ထားသည့်ကြားက ကိုယ့်မောင်လေးပူလောင် ဗျာများနေတာ မမြင်ရက်လို့သာ ဒီကိစ္စအတွက် ပါဝင်လုံးပမ်းပေးနေ ပေမယ့်.. ।

"နေမင်းသစ်ရဲ့သားဆိုပေမယ့် မိယမုံရဲ့တစ်ခြမ်းကယုတ်ညံ့ခဲ့ တာတော့ မင်းခေါင်းထဲထည့်ထားဦး.."

"ဒါနဲ့ပဲ သူများအိမ်မှာခိုင်းဖက်ဖြစ်နေတာကို ကြည့်နေရမှာလား"

"မမသဘောပြောရရင်တော့ ကနုတ်ကိုရအောင်ပြန်ခေါ်နိုင်ရင် မျ ကုန်မှာပဲသူ့အတွက် အစစပြည့်စုံအောင် စီစဉ်ပေးထားမြီး.."

"မလတ်ဗျာ..တကယ်ပြောရက်တယ်.."

ဦးမြမင်းစံ နာကျည်းသည့်မျက်လုံးတို့နှင့်တစ်ချက်စိုက်ကြည့်ပြီ ထိုင်ခုံကထ၏။ ဒေါ်မြပုလဲဖြူတို့ရဲ့ 'နတ်ရေကန်'စံအိမ်ကြီးက ပန်း ယျာဉ်ထဲမှာ ဖူးပွင့်နေကြသည့် ရောင်စုံပန်းတွေ သစ်ပင်ကြီးငယ်တွေ သူ့နေရာနဲ့သူ စံနစ်တကျလှပနေကြသည်။ အလှအပတွေကိုကြည့်နေ သည့် ဦးမြမင်းစံမျက်လုံးထဲမှာတော့ သားသမီးအတွက် ရင်ပူမီးသည် အခိုးအငွေ့တွေအဖြစ် တလွန့်လွန့်ထွက်နေသလားထင်ရအောင် လော

ပြုက်နေခဲ့၏။ ဇ
တ်တိုချင်သည်
ထင်.. ।
ဒေါ်မြပု
ဖိပွတ်လိုက်
"ကျွန်နဲ့
ဖြစ်နေပါပြီ.
တဲ့သူလို ဒ
ဖြစ်ရ
မ်ကို မပြန်ရ
အာက်မှာပဲ သူ
င်တာလေ.."

အခန်း(၃၃)

"မျက်စိအေ
ဒေါ်မြပုလဲဖြူ ..ားမှာပဲ ငါသေချာတွေ့လိုက်တာ.."
၍.. ।
"မမကလည်း .. သူ့ကိစ္စနဲ့ဖြတ်သွားဖြတ်လာရောက်နေတာလည်း
"တော်ပြီမမ.. .."
ျွန်တော်တို့သား ဘူးဆိုနင်တို့ကလည်း..ခွေးလေးဆွဲပြီး လမ်းလျှောက်
လည်း ကျွန်ရေ ...ဝင်မှ အကောင်းမဟုတ်ဘူး..ဒုက္ခိတခွေးအနီလေး ငိုးလ်
အာဏာသျှန်နဲ့
ျွန်တော့်သမီး ငိုးလ်ချဲနဲ့.."
ပြောနေ သ..ခစ် ခစ်.."
းရှိသည်။ မ ..ဒါ..သူကသူ့ခွေးပဲဟာ၊ ပိုက်ဆံရှိရင် ဘာပစ္စည်းမဆိုဝယ်လို့
အာင် ပြုစုပို
း ပြည့်စုံ ..မှာဖြစ်တဲ့ပြဿနာတွေကလွဲလျှင် သီတာလွင်တို့ကို နည်း
ဖြစ်လာ ..ါးတော့ ပြောပြထားသည်။ ကိုယ်အပြင်ထွက်ပြီဆို သူတို့တွေ
ည်းကမ်းန ..မို့ အားလုံးဖုံးကွယ်ထားလို့လည်းမရ။ ဟိုတစ်နေ့က ခွေး
ကာလ ..ဒီနားရောက်တုန်း ကားပေါ်ကနေသေချာလှမ်းမြင်နေတာမို့
အာဏာ ..ကိုချိန်း၍ အိမ်ကနေမရမက ခိုးထွက်ခဲ့သည်။ ဘာရယ်မဟုတ်

ဦးမြမင်းစံက ဆတ်ခနဲလှည့်ကြည့်ကာ.. ।

"မလတ်က ဘာကိုပြောချင်တာလဲ.."

"ဇင်လေးနဲ့ဒီလိုဖြစ်အောင် အာဏာသျှန်ကြိုတင်စီစဉ်ပြီး ယုတ်မ ခဲ့တာလည်း ဖြစ်နိုင်တာပဲ.."

"ယုတ်မာတဲ့ကောင်က မလတ်တူမကို အခန်းထဲကဆွဲထုတ်ပစ် လား.."

ဖြစ်သမျှအကြောင်းတွေကို ဇင်လေးပြောပြပြီးပြီဖြစ်ကာ ဒါအမှ အတိုင်းပဲဆိုတာသိပေမယ့်လည်း သျှန့်စကားတစ်ခွန်းမှာ မိန်းကလေ တစ်ယောက်အတွက် အရာရာကစွန့်ထင်းခဲ့ပြီမို့.. ।

"ကျွန်တော်ကတော့ မယ်မယ်ဘာပြောပြော အာဏာသျှန်အ ကောင်ဖြစ်ဖြစ် သူတို့ကြားမှာ ကျွန်တော့်သမီးဘဝပျက်မခံနိုင်ဘူး..အ ဏာသျှန်နဲ့ကနုတ် လက်ထပ်ဖြစ်အောင် ကျွန်တော်ကြိုးစားမှာပဲ.."

ဒေါ်မြပုလဲဖြူသည် ဒေါ်မြမင်းသီရိလို အမေတူသမီးပဲမို့ မော ဖြစ်သူပြောတာကို သဘောတော့မကျပေ။ ကနုတ့်ကို လုံးဝမဆက်သွ ရဘူး မစုံစမ်းရဘူးတားမြစ်ထားသည့်ကြားက ကိုယ့်မောင်လေးပူလော ဗျာများနေတာ မမြင်ရက်လို့သာ ဒီကိစ္စအတွက် ပါဝင်လုံးပမ်းပေးနေ ပေမယ့်.. ।

"နေမင်းသစ်ရဲ့သားဆိုပေမယ့် မိယမုံရဲ့တစ်ခြမ်းကယုတ်ညံ့ တာတော့ မင်းခေါင်းထဲထည့်ထားဦး.."

"ဒါနဲ့ပဲ သူများအိမ်မှာခိုင်းဖက်ဖြစ်နေတာကို ကြည့်နေရမှာလား"

"မမသဘောပြောရရင်တော့ ကနုတ်ကိုရအောင်ပြန်ခေါ်နိုင်ရင် ကုန်မှာပဲသူ့အတွက် အစစပြည့်စုံအောင် စီစဉ်ပေးထားပြီး.."

"မလတ်ဗျာ..တကယ်ပြောရက်တယ်.."

ဦးမြမင်းစံ နာကျည်းသည့်မျက်လုံးတို့နှင့်တစ်ချက်စိုက်ကြည့် ထိုင်ခုံကထ၏။ ဒေါ်မြပုလဲဖြူတို့ရဲ့ 'နတ်ရေကန်'စံအိမ်ကြီးက ဝင်း ယျာဉ်ထဲမှာ ဖူးပွင့်နေကြသည့် ရောင်စုံပန်းတွေ သစ်ပင်ကြီးငယ်တွေ သူ့နေရာနဲ့သူ စံနစ်တကျလှပနေကြသည်။ အလှအပတွေကိုကြည့် သည့် ဦးမြမင်းစံမျက်လုံးထဲမှာတော့ သားသမီးအတွက် ရင်ပူမီးသ အခိုးအငွေ့တွေအဖြစ် တလွန့်လွန့်ထွက်နေသလားထင်ရအောင် ...

အခန်း(၃၃)

"ဟုတ်တယ်..ဒီနားမှာပဲ ငါသေချာတွေ့လိုက်တာ.."

"ဒီနားဆိုတာက သူကိစ္စနဲ့ဖြတ်သွားဖြတ်လာရောက်နေတာလည်း ဖြစ်နိုင်တာပဲဇင်ရယ်.."

"မဟုတ်ပါဘူးဆိုနင်တို့ကလည်း..ခွေးလေးဆွဲပြီး လမ်းလျှောက် နေတာ ခွေးတောင်မှ အကောင်းမဟုတ်ဘူး..ဒုက္ခိတခွေးအနီလေး ငိုးလ် ...စီးလို့.."

"ခွေးကပိုးလ်ချဲနဲ့.."

"အေးလေ..ခစ် ခစ်.."

"ရယ်ပေါ့..သူကသူ့ခွေးပဲဟာ၊ ပိုက်ဆံရှိရင် ဘာပစ္စည်းမဆိုဝယ်လို့ ရတယ်.."

စံအိမ်မှာဖြစ်တဲ့ပြဿနာတွေကလွဲလျှင် သီတာလွင်တို့ကို နည်း နည်း ပါးပါးတော့ ပြောပြထားသည်။ ကိုယ်အပြင်ထွက်ပြီဆို သူတို့တွေ ...မှာမို့ အားလုံးဖုံးကွယ်ထားလို့လည်းမရ။ ဟိုတစ်နေ့က ခွေး ...နဲ့ ဒီနားရောက်တုန်း ကားပေါ်ကနေသေချာလှမ်းမြင်နေတာမို့ ...တို့ကိုချိန်း၍ အိမ်ကနေမရမက ခိုးထွက်ခဲ့သည်။ ဘာရယ်မဟုတ်

ဘဲ မသိစိတ်ထဲမှာစွဲနေခဲ့တာ သူ့ဒီနားမှာပဲနေသည်ဟု.. ।

"လာ..ဟိုဘက်ထိပ်ကို ပြန်ပတ်ကြည့်ရအောင်.."

"ခုပဲပတ်ခဲ့တာလေ.."

"လာပါဟာ.."

"နေပါဦး..နင့်လူပုံစံကိုလည်း နည်းနည်းပါးပါးပြောပြစမ်း တစ်ခါပြောတိုင်း အရုပ်မြင့်တယ်ပဲပါပါလာတယ်.."

"ဘယ်ရောက်နေနေ အားလုံးထဲမှာထင်းနေတဲ့ဟာ..သူ့ကိုမြင် သိမှာပဲ၊ ဘာထပ်ပြောရဦးမှာလဲ..ဆံပင်ရှည်နဲ့သူ့ပုံစံအရမ်းမိုက်တယ်"

ဘာထပ်ပြောရဦးမှာလဲဆိုပြီး အာဏာသျှန်ဆိုတဲ့လူအကြောင်း ပြီဆို ဇင့်ချီးမွမ်းခန်းက ခေါင်းဖျားကနေ ခြေဖျားမထိဘဲမပြီး.. ।

"သူ့မျက်ခုံးနှစ်ဖက်ကုတ်ထားရင် မျက်လုံးတွေက အရောင်ပိုလ တယ်..ဒေါသတွေထွက်နေတာတောင် မျက်တောင်ဖျားလေးတွေကို မြ နေရတယ်၊ နှုတ်ခမ်းက အညိုရောင်နည်းနည်းပါတယ်..အဲ့ဒါကြော ပိုကြည့်ကောင်းတာလို့ ငါထင်တယ်သိလား၊ သူ့နှုတ်ခမ်းက မထူမ ဆိုတော့ ပုံဆွဲပြီး ကပ်ထားသလိုပဲ.."

"အဲ့လောက်ထိသိဖို့ မလိုပါဘူး..ရပြီ၊ ဆံပင်က ဘယ်လော လောက်လဲ..စည်းထားပြီးအရှည်ကြီးကျနေတဲ့ ဆံပင်မျိုးလား.."

လမ်းလျှောက်ရင်းစကားပြောနေတာ သူမကမမောပေမယ့် နာ ထောင်ရသည့်လူတွေ သူမဆီအာရုံရောက်ပြီး ခလုတ်တွေတိုက်လိုတို နောက်ကနေတင်ပါးမှာ ကားလာထိမှထခုန်မိလိုမိ။ ဘားလမ်းနားမှာ သည့်အမြင်တစ်ချက်နှင့် လူတစ်ယောက်ကိုလာရှာသည့်အဖြစ်က မောဖွယ်.. ।

"သူ့ဆံပင်က လှိုင်းထရုံတော့ မဟုတ်ဘူးဟ..တွန့်တွန့်လေး ဆိုတော့ ဆံပင်တွေမျက်နှာပေါ်ပြန်ကျနေတာ အရမ်းချောတာပဲ၊ ဗိုက် ရင်ဘက်က လုံးဝအဆီပိုမရှိတော့ ချပ်ကပ်နေတာပဲ.."

"ဇင်ရင်..အရေးထဲမှာ ပန်းချီဆွဲနေပြန်ပြီ၊ တော်ပါပြီ..သိပြီ မျ လုံးထဲမှာ အသေးစိပ်ပေါ်နေပြီ၊ သဲသဲရေ..ရှည်နှစ်ရှည်တွေတာနဲ့ တစ် တည်းသာပြေးဆွဲလိုက်တော့.."

"ခစ်..ခစ်.."



ရှည်နှစ်ရှည်ဆိုတာ ဇင်ကသဘောပေါက်ပေမယ့် သဲသဲကမသိ..।

"ဘာပြောတာလဲ..ရှည်နှစ်ရှည်က.."

"ဆံပင်နဲ့အရုပ်.."

"အဲ့လိုရှည်တဲ့လူတွေလည်းရှိတာပဲကို မြင်တာနဲ့ပြေးဆွဲစရာလား"

"နင်ကလည်း တုံးလိုက်တာသဲသဲရယ်..ကဗျာတွေသီ ပန်းချီတွေ ပြနေတာကို ငါတောင်..အ.."

ပြောနေရင်း ခါးကျိုးနေသည့် ကျောက်ပြားအက်ထဲခြေချော်ပြီး တော့မလို ကံကောင်းသွားသည်။

"ငါတောင်တွေ ငါတောတွေလုပ်မနေနဲ့..ငါလည်းမလျှောက်နိုင် ဘူး၊ တော်ပြီဖြည်းဖြည်းပဲ.."

ဇပရယ်ကစပြီး ခြေလှမ်းတွေနှေးချပစ်လိုက်သည်။

"ပြီးရော..ဒါဆို ငါကတော့ ခဏထိုင်ဦးမယ်.."

"နင်တို့ကလည်း ထိပ်မှာခဏသွားပတ်ချင်လို့ပါဆို..ရောက်ခါနီးမှ "

တိုက်ခန်းတစ်ခန်းရှေ့မှာပဲ ဇပရယ်ကဆောင့်ကြောင့်လေးထိုင်ချ ကာ.. ।

"ငါ့ကိုသာခုနေ အမေတို့မြင်သွားရင်တော့ မလွယ်ကြောပဲ.."

"ဟုတ်ပါပြီမော်ဒယ်မရယ်..သူ့ကိုတွေ့တွေ့မတွေ့တွေ့ ဒီကအပြန် ဖုန်းမခေါ်သေးရင် နင်လိုချင်တဲ့ဖိနပ် ငါလိုက်ဝယ်ပေးပါမယ်.."

"နေပါစေတော့..ငါကနင့်ကိုခင်လို့ လိုက်ပေးနေတာပါ၊ လက် ဆိုတာ တစ်ခါတလေပဲကောင်းတယ်.."

"မဟုတ်ပါဘူး..ငါက နင်တို့ကြောင့်သာ ငါဖြစ်ချင်တာလေးတွေ ခွင့်ရနေတာ၊ ခင်လည်းခင်တယ်..ကျေးဇူးလည်းတင်တယ်၊ အဲ့ဒါ ကြောင့်.."

စကားပြောနေရင်း ဇင်စိတ်ကူးပေါက်သွားကာ သူမရှေ့မှာခပ်လှုပ် ဖြတ်သွားသည့် ယိုးဒယားသဘော်သီးထောင်းသည်ကို လှမ်းတား ကာ.. ।

"တစ်ပွဲလောက်.."

အဖြူရောင်ကြိုးရှည်လွယ်အိတ်လေးကို စလွယ်သိုင်းလွယ်လိုက်

ကာ အနီရဲရဲစတော့ကင်ပေါ်မှာ ပေါင်လယ်လောက်ရှိသည့်ဆွဲသားကို
ကျပ်ကို ဆွဲတင်ဆွဲချပြေပြစ်အောင် ပြင်လိုက်ပြီး.. ।

"အန်တီတို့က ဒီလမ်းထဲမှာရောင်းနေကျလားဟင်.."

"ဟုတ်တယ်..ဒီအချိန်ပုံမှန်ပဲ.."

အမျိုးသားကြီးက တွန်းလှည်းတွန်းကာ အမျိုးသမီးကြီးက
ဘော်သီးထောင်းရောင်းဖို့ ပြင်နေရင်း.. ।

"အစပ်နည်းနည်းလား..များများလား.."

"ရတယ်..အငနေတော်ပဲ.."

တကယ်က စားချင်တာမဟုတ်သည်မို့.. ।

"ဒီလမ်းထဲမှာလေ..ပိုးလ်ချဲလေးနဲ့ခွေးလေးကိုဆွဲထားတဲ့ အရပ်
ရှည်ကြီးနဲ့လူတစ်ယောက်များ တွေ့မိလားလို့.."

ဈေးသည်နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်
လျှင်.. ।

"အဲ့ဒီလူက ဆံပင်တွန့်တွန့်ရှည်ရှည်နဲ့ အသားဖြူတယ်
တယ်.."

"သမီးပြောတဲ့ကောင်လေးကို သိတယ်..တစ်ခါတလေ ခွေး
အဲ့ဒီနားမှာရပ်နေတာတော့ မြင်တယ်.."

"ဟင်..ဟုတ်လား၊ ဒီနားမှာလား.."

"အင်း..ဒီတိုက်ခန်းမှာနေတာလားတော့ မသိဘူး.."

ဧင်ဝမ်းသာသွားတာ ခုန်ပေါက်အော်ပစ်ချင်တဲ့အထိ..။
ကို ကျေးဇူးတင်ကြောင်းပြောတာ တိုက်ကြီးကိုမော့ကြည့်မိသည်
တော့.. ।

"သိတာနဲ့ပေရယ်..ဒီမှာစောင့်နေခဲ့နော်၊ သဲသဲနဲ့အပေါ်တက်
ဦးမယ်.."

"ခြောက်ထပ်တောင်ရှိတာ အပေါ်ထိတက်မှာလား.."

"အေးလေ..ဘယ်လိုမေးမှာလဲ၊ ကိုယ်ကကိစ္စကြီးကြီးမားမား
မရှိဘဲနဲ့.."

"ရင်းနှီးခဲ့တာလည်း မဟုတ်ဘူး.."

သူတို့ထင်ကြတာက ဧင်တစ်ဖက်သတ်ဖွဲ့လမ်းပြီး ပက်ပင်



ရုံ၊ ဒါမှမဟုတ် ချောင်းကြည့်လှည့်ပြန်ရုံပဲလို့.. ।

"နင်တို့ကလည်း ငါလုပ်ဖို့အစီအစဉ်ရှိလို့ပါ..သတင်းကမသေချာ
သေးလို့.."

ဒါပဲပြောပြီး သဲသဲကိုခေါ်၍ အပေါ်တက်လာခဲ့သည်။ သို့သော်
တိယထပ်မတက်ရသေးခင် လှေကားပေါ်ကဆင်းလာသည့် အမျိုးသ
မီးတစ်ယောက်ကို မြင်လိုက်သဖြင့် ရပ်စောင့်နေလိုက်ရင်း.. ।

"ဒီမှာရှင့်အန်တီ..အဲ အစ်မ.."

တစ်ပတ်လျှိုဆံထုံးကြီးက လက်သီးဆုပ်လောက်ရှိကာ ရင်ဘက်
ပေါ်ပြန်ချထားသည့် ဆံပင်ဖျားကပဲ ရင်ညွန့်အောက်ကျော်နေသေးသည်
အဖြူရောင်ရင်ဖုံးအင်္ကျီနှင့် အဖြူအနက်ပွင့်ထမီကို ဝတ်ထားသော အမျိုး
သမီးက နုသည်ရင့်သည်မပြည်သော ခပ်သွယ်သွယ်ဖြူနုနုပုံစံလေးမို့
အန်တီခေါ်ပြီးမှ အားနာသွားတာဖြစ်၏။

"တစ်ခုလောက်မေးကြည့်ချင်လို့ပါ.."

"ဘာလဲသမီး..မေးလေ.."

"ဟိုလေ..အရပ်ရှည်ရှည် ဆံပင်အရှည်နဲ့ ပိုးလ်ချဲနဲ့ခွေးလေးလည်း
ရှိတယ်၊ အဲ့ဒီအစ်ကိုက ဘယ်အထပ်မှာလဲသိလားဟင်.."

အမျိုးသမီးကြီး အံ့သြသည့်မျက်နှာနှင့် ဧင့်ကိုသေချာကြည့်နေ
လေသည်.. ।

"သမီးတို့က သားနဲ့သိကြတာလား.."

ဟင်.. ।

ရင်းနှီးဖော်ရွေဟန်နှင့် အစွမ်းကုန်ပြုံးထားသည့် ဧင့်မျက်နှာလေး
ရုတ်ခနဲပျက်သွားသည်။ ပြီးတော့ မျက်ဝန်းလေးတွေ ကျဉ်းမြောင်း
သွားခဲ့ပြီး.. ।

"အန်တီက ဒေါ်ယမုံခင်လား.."

"ဟုတ်တယ်..သမီးက.."

မေးမိပြီးမှ နှုတ်ခမ်းပါးရဲရဲလေးတွေကို သတိထားမိသွားသည်။
ပြီးတော့ ဧင်ယော်တောင်ပံလို သေးသွယ်ကော့ညွတ်နေသော မျက်ခုံး
မွှေးလေးတွေ..

စိတ်အာရုံမှာ တာဝတိံသာမိသားစုတို့၏မျက်နှာပုံတွေ တဖျတ်

ဖျတ် ပေါ်လာနေဆဲ.. ။

"ဇင်ကမြတ်ပန်းသဇင်..ဒေါ်မြထွတ်ဦးရဲ့သမီး.."

ဟင်.. ။

ထင်လိုက်သည့်အချိန်မှာပဲ သိလိုက်ရသဖြင့် ဒေါ်ယမုံခင်မျက်လုံး ပြူးသွားသည်။ လက်ပိုက်ခေါင်းငုံ့မိတော့မလို ဘာခိုင်းစရာရှိလို့လဲလို့ မေးမိတော့ မလိုလို။ ငယ်ကျင့်သည် ဆံဖြူသွားကျိုးတဲ့အထိ မပျောက် တာလား..ဒါမှမဟုတ် ငယ်ကြောက်လို့ခေါ်မလား.. ။ မျက်လုံးချင်းဆိုင် ကြည့်နေရင်း ဖျတ်ခနဲမျက်လွှာချပစ်မိ၏။ ဇင်က နှုတ်ခမ်းလေးစေ့ ပြုံးသည်။ ပြီးတော့ လက်လေးပိုက်လိုက်ကာ.. ။

"အန်တီ့သားအထဲမှာ ရှိနေလား.."

ဒေါ်ယမုံခင်မျက်လွှာပင့်ကြည့်တော့ ဇင့်အကြည့်တွေပြောင်းသွား တာကို တွေ့သည်။ ပြီးတော့ သားကိုတန်းမေးလိုက်သည့် စကားသွား အရ လူကြီးတွေဖြစ်ပျက်ခဲ့သည့် ပြဿနာအစုံကို သိပြီးသည့်ကလေး မှန်း နားလည်လိုက်၏။

"သားမရှိဘူး.."

"ဘယ်အချိန်လောက်ပြန်လာတတ်လဲ.."

"အဲ့ဒါက.."

"ခန့်မှန်းခြေပဲပြောခိုင်းတာပါ..အလုပ်အကိုင်မရှိမှန်းသိတယ်.."

ချက်ချင်းပြောင်းလဲသွားသည့် ဇင့်ပုံစံကို နောက်မှာရပ်ကြည့်နေ သည့် သဲသဲကအံ့သြနေသည်။ အာဏာသျှန့်အမေနဲ့ သိနေသလို သူ့ပေးစာကမ်းစာ စားနေသည့်လူတွေလိုလို လက်ပိုက်ဆက်ဆံပုံကို နား မလည်နိုင်.. ။

"ရပါပြီ..သူလောလောဆယ်ပြန်မလာလောက်သေးဘူးမို့လား။ ဇင် ကကြောက်လို့မဟုတ်ဘူး..မလိုတာတွေ ပြောနေရမှာစိုးလို့.."

ပြောပြီး စလွယ်သိုင်းလွယ်ထားသည့်အိတ်ကို ပခုံးတစ်ဖက်မှာ သေချာပြန်လွယ်လိုက်သည်။ ပြီးတော့ မျက်နှာလေးပင့်၍ ဖြန့်ချထား သည့်ဆံပင်ရှည်တွေကို ခါပစ်လိုက်ကာ.. ။

"ဇင် ကနုတ်နဲ့တွေ့ဖို့လာတာ..အန်တီရှေ့ကသွားလေ.."

"ဟင်..ဩော် အင်း.."



ဒေါ်ယမုံခင် အပြင်မှာတစ်ရှူးထုပ်ဝယ်ဖို့ ကိုင်လာသည့်ပိုက်ဆံကို ခပ်တင်းတင်းပြန်ဆုပ်ပြီး အပေါ်ပြန်တက်ခဲ့ရသည်။ သားသိရင် ဘာ တွေဖြစ်ကုန်မလဲ..။ မြတ်ပန်းသဇင်နဲ့ကနုတ်တွေ့ရင် ဘာတွေဖြစ် ကြမှာလဲ..။ အရာရာကို စိုးထိတ်မှုများနှင့်သာ စောင့်ကြည့်ခဲ့ရသည့် နာကျင်မှုတို့ ဘယ်တော့များမှ ပြီးဆုံးမှာလဲ.. ။

"ဝင်လေသမီး.."

အခန်းရှေ့ရောက်တော့ ဇင်ကခြေစုံရပ်ပစ်ပြီး ခေါင်းခါ၏။

"ကနုတ်ကိုခေါ်လိုက်ပါ.."

ဒေါ်ယမုံက ငေးခနဲကြည့်ပြီးမှ ခေါင်းညိတ်လိုက်ပြီး အထဲဝင်သွား သည်။ သဲသဲက ဇင့်ခါးကိုတို့လိုက်ပြီး အနားကပ်၍.. ။

"အဲ့ဒီအန်တီက အာဏာသျှန့်အမေလား.."

"အင်း..ဟုတ်တယ်.."

"နင်ကအစတည်းက သိနေတာလား..ဒါနဲ့မသိတဲ့လူကိုရှာနေတာ ကျနေတာပဲ.."

"သိတာက တခြားအကြောင်းနဲ့ပါ..အဲ့ဒါတွေပြီးမှပြောပြမယ်.."

"အေးပါ..ဒါပေမယ့် အာဏာသျှန့်ကိုလာရှာပြီး သူ့အမေကိုတွေ့ တာမှ ကနုတ်ကိုတွေ့ဖို့ ဖြစ်သွားတာကရော.."

"အမေးအမြန်းမထူစမ်းပါနဲ့သဲသဲရယ်.."

ထိုစဉ် လှုပ်ရှားသံတွေကြားရကာ မရှေးမနှောင်းမှာပဲ လူရိပ်တွေ သူတို့ရှေ့ကို ရောက်လာကြ၏။

"မမ.."

ကနုတ့်ကိုမြင်လိုက်တော့ ဇင်အံ့သြသွားသည်။ ညီအစ်မဝမ်းကွဲ တွေမို့ စိတ်မကောင်းဖြစ်သွားသည့်စိတ်က ဖျတ်ခနဲဝင်သွားပေမယ့် ကိုယ့်စိတ်ပူသလို မဟုတ်တာတွေလိုက်ရတော့ ဝမ်းသာသွား၏။ ကနုတ် သည် စံအိမ်မှာမြင်ရသည့်ပုံစံနှင့်လုံးဝမတူတဲ့ ဘလောက်စ်အကျီပါးလေး ပွပွနှင့် စကက်အရှည်ပွပွလေးကို ဝတ်ထားသည်။ ဆံပင်တွေကို နောက်မှာဘာနဲ့စုစည်းထားသည်မသိ.. ။

"ကြည့်ပါဦး..ဖြစ်နေလိုက်တာ စုတ်ပြတ်သပ်နေတာပဲ.."

ရင်နာသွားသလိုလို စိတ်တိုသလိုလိုပြောလိုက်ပြီး ကနုတ့်လက်ကို

လှမ်းဆွဲလိုက်လျှင် တံခါးအပြင်ကိုပါလာ၏။ သို့သော် ကနုတ်ထံ ညည်းသံသဲ့သဲ့လေးထွက်သွားသလို ဒေါ်ယမုံပြေးတွဲတော့မလိုလို ကိုး တော့မလိုနှင့် ဗျာယိဗျာယာဖြစ်သွားခဲ့လျက်.. ။

"သူ့ခြေထောက်သက်သာသွားတာ မကြာသေးဘူးသမီးရဲ့.."

"ဇင်သိပါတယ်..ခြေထောက်ကပြန်ကောင်းနေပါပြီ၊ အန်တီ့ဆီမှာ အလုပ်တွေလုပ်နေရလို့ ပြန်ဖြစ်တာနေမှာပေါ့.."

အလုပ်လုပ်ရလို့ဖြစ်တာ မဟုတ်ပါ။ သားဒေါသထွက်လာတိုင်း တွန်းတွန်းဆွဲဆွဲတွေ လုပ်တတ်တာကြောင့် သူမလေးထိခိုက်မိတာဖြစ် သည်။ ဒါပေမယ့် ဒီအိမ်မှာဖြစ်ရတာက အမှန်ပဲမို့ ဒေါ်ယမုံခင်မဖြေရှင်း နိုင်ပေ.. ။

"နင်ငါနဲ့ပြန်လိုက်ခဲ့တော့.."

ဟင်.. ။

ရုတ်တရက်စကားကြောင့် ဒေါ်ယမုံခင်မျက်လုံးပြူးသွားသည်၊ ကနုတ်လည်း အံ့ဩသလိုဖြစ်သွားခဲ့ပြီး.. ။

"ကနုတ့်ကို ကနုတ့်ကိုဘွားခေါ်ခိုင်းလိုက်တာလားဟင်.."

"မဟုတ်ပါဘူး..ဒါပေမယ့် လေးလေးစံငါတို့အိမ်ရောက်နေတယ် သူနင့်ကိုရှာနေတာ.."

လူကြီးတွေ ပြောဆိုနေသံ ကြားထားသောကြောင့် တမင်ပြော လိုက်တာဖြစ်ကာ သူမသည်လည်း ကနုတ့်ကိုလိုက်ရှာနေတာမဟုတ် ပေ။ သို့သော် ကနုတ်နဲ့အာဏာသျှန် နီးစပ်သွားမည့်အရေးကိုတော့ အမြဲ တမ်း တွေးပူနေခဲ့ရတာမို့ မထင်မှတ်ဘဲလာတွေ့သည့်အချိန်မှာ ဒီကနေ ခေါ်ထုတ်သွားဖို့ ချက်ချင်းဆုံးဖြတ်လိုက်တာဖြစ်သည်။ ဘာပဲဖြစ်နေနေ ဒေါ်ယမုံခင်ဆိုသည့်အသံကြားလိုက်တည်းက ဒီလူနဲ့ဒီအိမ်မှာ သူမထင် သလို လုပ်ခွင့်ရှိသည်ဟု ခံစားမိခဲ့တဲ့အတိုင်း.. ။

"လာ..သွားတယ်၊ ခု.."

"နေပါဦးသမီးရယ်..ဒါ ဒါကလူကြီးတွေ လုပ်ထားကြတဲ့ကိစ္စလေ"

"ဘာလူကြီးတွေလဲ..တာဝတိံသာစံအိမ်ရှေ့ကို အန်တီဖြတ်တော လျှောက်ရဲလို့လား.."

ပြောပြီးကာမှ အာဏာသျှန့်အမေဆိုသည့်အသိနှင့် ညာတာဖို့ဖျာ



ခနဲ တွေးမိကာ.. ။

"အန်တီလုပ်ခဲ့တဲ့ကိစ္စ မဟုတ်ဘူးဆိုတာကို ပြောချင်တာပါ..အာ ဏာသျှန်က.."

"သမီးတို့ထက် ကိုးနှစ်ဆယ်နှစ်တော့ကြီးမယ်ထင်တယ်..ဘာပဲ ဖြစ်ဖြစ်သမီးရယ်၊ လူကြီးတွေနဲ့ပြဿနာရှိခဲ့တဲ့ကိစ္စဖြစ်နေလို့ပါ..သူတို့ ချင်းညှိနှိုင်းတာပဲ ပိုကောင်းပါတယ်၊ သမီးလေးလေးစံနဲ့သားနဲ့လည်း တွေ့ပြီးပါပြီ.."

"ဘယ်လို.."

ဇင် ကွက်ခနဲမျက်နှာပျက်သွားတော့ ဒေါ်ယမုံခင်အားတက်သွား တာ.. ။

"ဟိုလေ..အန်ဝတီပြောတာက ကနုတ်လေးအတွက်လည်းပါဝါ တယ်၊ လူကြီးတွေ မဆုံးဖြတ်ရသေးဘဲ.."

"ကနုတ်က အန်တီတို့မဲပေါက်သွားတဲ့ပစ္စည်းမဟုတ်ဘူးနော်.. သက်ထပ်နေတဲ့မိန်းမကို ဇွတ်အတင်းဆွဲချိုးသွားတာ.."

ဇင့်မျက်နှာလေးက မာထန်ပြတ်တောက်နေခဲ့လျက်.. ။

"ပြီးတော့ ဇင့်ကိုဦးအာဏာသျှန် ဘာတွေပြောသွားလဲ..အန်တီမသိ ချင်ယောင်ဆောင်နေတာလား.."

"ဟုတ်ပါတယ်..အဲ့ဒါကို.."

"အန်တီဖြေရှင်းတာကို မလိုချင်ပါဘူး..ဇင်ကလည်း သူ့ကိုဂလဲ့ စားချေဖို့တွေ ဘာတွေစီစဉ်ပြီး လာတာမဟုတ်ဘူး၊ ဒါပေမယ့် လူကြီး တွေကိစ္စဆိုတာကို ဇင်ကလည်း တုံ့ပြန်ခွင့်ရှိတဲ့အကြောင်းပြောပြတာ.. သာ..ကနုတ်သွားမယ်၊ ဘွားတို့လေးလေးစံတို့ကို ငါတို့ပြောပေးမယ်.. နင့်မှာမှ အပြစ်မရှိတာ.."

"ဟင့်အင်း.."

ဆွဲထားသည့်လက်ကို ပြန်ဆွဲနုတ်သွားတော့ ဇင်တအံ့တဩဖြစ် သွားသည်။ သင်းကလည်း အာဏာသျှန့်ကို ကြိုက်သွားပြီလား..။ ဆွဲ ခေါ်သွားခံရတာနဲ့ ကြိုက်တာရောပြီး ချော်လဲရောထိုင်လုပ်ချင်တာလား.. ဒေါ်ယမုံခင်ဆိုသည့် မိန်းမကြီးရှေ့မှာမို့ စိတ်တိုတာက ရှက်တာပါပါ လာသည်။

"နင်ကဘာဖြစ်တာလဲ.."

"ကနုတ်ပြန်မလိုက်ရဲဘူး.."

"ဘာ.."

အခြေအနေကိုကြည့်နေသည့် သဲသဲတစ်ယောက်ဘေးကနေ အ
သက်ရှူမှားနေခဲ့၏။ ဇင်တို့မိသားစုနဲ့အာဏာသျှန်ပြဿနာအကြီးကြ
တက်ခဲ့တာကို တွက်မိနေပြီဖြစ်ကာ သျှန့်ကိုဇင်ကမသိခဲ့တာကိုလည်း
အံ့ဩနေမိ၏။ ပြီးတော့ ရှေ့မှာမြင်နေရသည့် ကနုတ်ရောင်ဆိုသော သူ
သည် ဇင့်လိုမျက်နှာဝိုင်းဝိုင်းအသည်းပုံမေးချွန်ချွန်လေးနဲ့ မဟုတ်ဘ
သွယ်တာလည်း မဟုတ် လေးထောင့်လည်းမကျသည့် မျက်နှာပြည့်ပြည့်
လေးနှင့်ဖြစ်ကာ ထူခဲခဲမျက်ခုံးတန်းလေးတွေက သူမနှုတ်ခမ်းပြည့်ပြည့်
လေးနှင့် ချစ်စရာကောင်းသည်။

သူမနဖူးပြေပြေလေးနဲ့ ဆံပင်တွေသိမ်းလှန်ထားပုံလေးက ယ
သည်။ ဇင်ကဆံပင်ရှည်ပေမယ့် ကော်ဖီရောင်ဆိုးပြီး ဖြောင့်ထားတာ
ကာ ကနုတ်ဆိုသည့်သူမကျတော့ ကပိုကရိုလေးနှင့် မဟာဆန်နေ
ဖြစ်သည်။ သဲသဲဘေးကနေ ရှုမြင်သုံးသပ်နေမိဆဲ.. ၊

"နင်ကငါ့ကို မယုံမကြည်လုပ်ပြနေတာပေါ့လေ..ဟုတ်လား.."

"မဟုတ်ပါဘူး..ဒါပေမယ့် ကနုတ်ဘွားဘွားအကြောင်းသိတယ်.."

'ကျွန်'ဆိုသည့် နိမ့်ချသောဘွားဘွားရဲ့မျက်လုံးတွေထဲမှာ ဒီ
လက်ထဲပါသွားခဲ့သည့်သူမကို ပြန်လာဖို့ မျှော်လင့်နေသည့်ဆိုတာ..

"ဘွားဘွားကခေါ်ခိုင်းတယ်ဆိုမှ ကနုတ်ပြန်လိုက်မယ်.."

"အဲ့လိုမျှော်လင့်နေတယ်ဟုတ်လား..နင့်ကို ငါတို့ဝိုင်းပြောပေး
ဆိုတာတောင် နင်ကစိန်ခေါ်နေတာပေါ့.."

ကနုတ်က ခေါင်းခါနေပေမယ့်.. ၊

"နင့်ကိုသူများဆွဲခေါ်သွားတာပေမယ့် အဲ့ဒါနင့်ကံတရားပဲ
ဘွားဘွားဘယ်လိုမှ လက်မခံနိုင်တဲ့သူနဲ့ နင်ပါသွားတာကို ဘာတွေ
ပြီး မတန်တရာမျှော်လင့်နေတာလဲ..နင့်ပုံကိုလည်း နင်ပြန်ကြည့်ဦး.."

ဟုဆိုကာ ကနုတ့်လက်မောင်းကိုဆွဲ၍ အတွင်းနံရံက မှန်ရှ
ပေါ်နေသည့် အရိပ်ကိုမြင်မြင်အောင် ပြသည်။ သူမလှမ်းမြင်နေရ
အရာသည် ကနုတ်ကကျောခိုင်းရပ်နေတာမို့ လူတစ်ကိုယ်လုံးကို



သည့်တွန်းထိုးပစ်သလိုရှိကာ.. ၊

"အား.."

"မလုပ်ပါနဲ့သမီးရယ်..ကလေးကဒဏ်ရာမကျက်သေးဘူးလေ.."

"အို..မကိုင်ပါနဲ့.."

ဒေါ်ယမုံခင်ဝင်ဆွဲတော့ ဇင်ကသူမကိုယ်ကို ထိကိုင်မိမှာစိုးသလို
နောက်ဆုတ်ရှောင်၍ အော်လည်းအော်ပစ်လျက်.. ၊

"နင်ဒီရောက်မှ ချိုထောင်တတ်နေတယ်ဟုတ်လား..နင်ကိုယ်တိုင်
ဒီမှာ ပျော်နေတယ်ပေါ့.."

"မဟုတ်ပါဘူးမမရယ်..အား.."

မေးရင်း တဖျန်းဖျန်းရိုက်နေသဖြင့် သူမရိုက်ပစ်သည့် လက်
မောင်းတွေ ပခုံးလေးတွေကို ပွတ်သပ်ကာကွယ်ရင်း ကနုတ်မျက်ရည်
တွေကျလာခဲ့၏။

"နေခဲ့..နင့်ကိုဘယ်တော့မှ ပြန်မခေါ်တော့အောင် ငါအကုန်ပြန်
ပြောလိုက်မယ်၊ ဘယ်လောက်ထိ စုတ်ပြတ်သပ်ပြီး 'ကျွန်'ရုပ်ပေါက်နေ
ပြီဆိုတာပါ ပါစေရမယ်.."

စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်ရပါလျှင် 'နင်အာဏာသျှန့်ကို
ကြိုက်နေလို့မို့လား'ဆိုပြီး ပါးနားတွေပါ ရိုက်ပစ်ချင်မိ၏။ ဒီတိုင်းသာ
အိမ်တည်းအတူတူရှိနေကြမည်ဆိုလျှင် သူတို့ချင်းအချိန်မရွေး နီး
သွားတော့မည်။ ဂလဲ့စားချေဖို့ဖြစ်စေ အပျော်ကြံချင်တာဖြစ်စေ မိန်း
ကလေးတစ်ယောက်နဲ့အကြာကြီးရှိနေမှတော့ ဘယ်ယောကျ်ားကအမြ
ဲမှန်းတီးနေမှာလဲ.. ၊

ပြီးတော့ လေးလေးစံကလည်း ဘွားရဲ့အထောက်အပံ့မလိုလောက်
အောင် သူ့စီးပွားနဲ့ သူ့စည်းစိမ်နဲ့ရှိပြီးသား။ သူ့သမီးနဲ့ပတ်သက်လာရင်
ခွင့်လွှတ်ပြီး လက်ကမ်းကြိုဆိုနေမည်သာ..၊

"တောက်.."

ဒီတိုင်းလှည့်ပြန်လာခဲ့ရပေမယ့် ရင်ထဲမှာ ကလီစာတွေကပြောင်း
ပြန်တွေ ဖြစ်ကျန်ရစ်ခဲ့တဲ့အတိုင်း ဘယ်လိုနေရထိုင်ရမှန်းမသိအောင်
ခံစားဆတ်ခါနေ၏။ သဲသဲလည်း ဇင့်ဒေါသကိုနားလည်သဖြင့် ဇပရုယ်
အိမ်ပြန်ရောက်လာတဲ့အထိ ဘာမှမမေးရဲဘဲ သူမတို့ကိုပါ တိတ်တိတ်

နေကြဖို့ မျက်ရိပ်ပြလိုက်ရလျက်.. ၊
ဆိုးရွားတာ တစ်ခုခုတော့ ရှိခဲ့လိမ့်မည်ဟု.. ၊

☎

## အခန်း(၃၄)

"တောက်.."

ကြားရချက်က မကောင်း.. ၊

သူဒီတိုင်း လမ်းလျှောက်ပြန်လာတာမို့ ကိုယ့်တိုက်ခန်းအောက်မှာ မိန်းကလေးလေးယောက်တန်းစီ ရပ်နေတာကို မြင်လိုက်သည်။ ပြီးတော့ လမ်းထိပ်ကိုထွက်သွားကြ၏။ ထိုအထဲမှာ ဆံပင်ရှည်ဖြန့်ချထားသည့်တစ်ယောက်ကို သူသေချာမှတ်မိလိုက်သည်။ ဒေါ်မြထွတ်ဦးရဲ့သမီး..။ သူနဲ့ဆုံခဲ့ဖူးသည့် မြတ်ပန်းသစင်.. ၊

ပြန်ရောက်လို့မေးလိုက်တော့ ရောက်လာပုံဖြစ်ပျက်ပုံတွေကို ကြားလိုက်ရပြီး.. ၊

"သား.."

လှည့်ကြည့်လိုက်တော့ ဒေါ်ယမုံခင်က အခန်းတံခါးဝမှာရပ်လျက်၊

"သားတက်ခေါက်တာ မေမေ့ကိုမဟုတ်မှန်းသိပါတယ်..ဒါပေမယ့် ဒါတွေဖြစ်ရတာ မေမေနဲ့ပဲ ပတ်သက်နေတော့.."

"မေမေနဲ့မပတ်သက်ဘူးမေမေ..ဖြစ်တာက မေမေနဲ့ဘာမှမဆိုင်ဘူး ဒါပေမယ့် မေမေကြည့်နေရမှာ မဟုတ်ဘူးလေ..ဘာဖြစ်လို့လဲ

ကျွန်တော်က မေမေ့သားမဟုတ်ဘူးလား..ကျွန်တော်လုပ်နေတာ မကောင်းမှုတွေမို့လို့ မေမေအားမပေးဘူးဆိုတာ လက်တွေ့ပြလိုက်တာလား.."

ဒေါ်ယမုံခင် ဘာမှမပြော ခေါင်းလည်းမခါ ခေါင်းလည်းမညိတ်..

"ကျွန်တော်သူတို့တစ်အိမ်လုံးကို သွားစိန်ခေါ်ခဲ့တာ..မေမေ့ကိုစော်ကားလိုက်တာ မခံနိုင်လို့၊ ခံစားရတာ မေမေ့အတွက် သက်သက်ပဲမေမေ..ကျွန်တော်ဘယ်သူ့သားဖြစ်ဖြစ် ကျွန်တော့်အသိုင်းအဝိုင်း ကျွန်တော့်နယ်ပယ်မှာ ဘာမှပြောင်းလဲမသွားဘူး၊ ဘယ်နေရာမှလည်း ပွန်းပဲ့မသွားပါဘူး..ဒီကောင်မလေးကို ခေါ်ထုတ်လာတာလည်း စိန်ခေါ်မှုသက်သက်ပဲ.."

ဘယ်လိုမှ မခံစားနိုင်ခြင်းသည် မိခင်ကို အိမ်ထိလာစော်ကားသွားသည့်အဖြစ်ကြောင့်ပင်.. ၊

"ကျွန်တော်ရမ်းကားခဲ့တာကို ရမ်းကားတဲ့အကြောင်း သူတို့အိမ်ထိလာပြောရဲသလား..အဲ့ဒါမပြောရဲတဲ့သူတို့အကြောင်းပဲ၊ ဘာမဟုတ်တဲ့မိန်းကလေးတစ်ယောက်က မေမေ့ရှေ့မှာ ကိုယ့်အိမ်ကလူကို ထင်သလိုပြောဆိုရမ်းကားသွားတာ မေမေ့ကို ဘယ်လိုသဘောထားနဲ့လဲ မေမေ မခံစားမိဘူးလား.."

ဒေါ်ယမုံခင်က မဖြေ.. ၊

"မေမေ့ကို ကျွန်တော်ပြောင်းလဲစေချင်တာမေမေ.."

သျှန့်စကားသံ အနည်းငယ်ညှံ့သက်သွားခဲ့၏။ ပြီးတော့ ဆံပင်သပ်ရင်း အနားတိုးလာကာ.. ၊

"မေမေ့ကို ဖေဖေ့ဆီက ခေါ်ထုတ်လာခဲ့တာ မေမေ့ကိုဖေဖေထက်သာအောင် သားထားနိုင်တယ်..ဖေဖေအထင်မြင်သေး စော်ကားနေတာကို ခွန်းတုံ့ပြန်နိုင်တဲ့အခြေအနေအထိ မေမေ့စိတ်ကိုပါ ပြောင်းလဲပစ်နိုင်အောင် ကြိုးစားဖို့ ရည်ရွယ်ချက်တွေ သားမှာရှိတယ်..ဒါပေမယ့် လောလောဆယ် တာဝတိံသာအုပ်စုနဲ့ရှင်းဖို့ကိစ္စတွေ လုပ်နေရလို့ မေမေ့အတွက် သားဘာမှမလုပ်နိုင်သေးဘူး.."

သျှန်က ဒေါ်ယမုံခင့်ရှေ့ကနေ လှည့်ထွက်သွားပြန်ကာ ပြောမှားဆိုမှားမဖြစ်အောင် အတင်းအကျပ်ထိန်းချုပ်နေရသည့် ပင့်သက်တွေအ



ခါခါနှင့်.. ၊

"သားလုပ်တဲ့အလုပ်က မေမေနဲ့မဆိုင်သလိုနေလိုက်တာ တော်တော်အဆင်ဆိုးတယ်မေမေ.."

"ဟုတ်တယ်..မေမေသိတယ်.."

တည်ငြိမ်နေသည့် ဒေါ်ယမုံ့အသံကြောင့် သျှန်ကလှည့်ကြည့်သည်။ မျက်ဝန်းတို့သည် မျက်ရည်တွေဝေ့နေပေမယ့် မျက်နှာလေးက တည်ငြိမ်နေခဲ့လျက်.. ၊

"ဒါပေမယ့် မေမေ့ကိုခွင့်လွှတ်ပါ..မေမေ့စိတ်ကို ပြောင်းလဲပေးဖို့ သားမကြိုးစားနဲ့၊ နောက်ထပ်မေမေ့အတွက် သားဘာမှမခံစားပါနဲ့.."

မျက်ရည်တွေပြည့်အိုင်လာသည့် မျက်ဝန်းတို့က သူ့မျက်နှာဆီရောက်လာခဲ့ပြီး.. ၊

"မေမေ့ဘဝနဲ့ မေမေ့စိတ်က အသားသေနေပြီသားရဲ့..မေမေ့မှာ မေမေ့မှာ တုံ့ပြန်ဖို့မပြောနဲ့၊ ခုခံနိုင်စွမ်းအားတောင် မရှိပါဘူး..မေမေက ဘာမှမဟုတ်တဲ့ အမေတစ်ယောက်ပါ.."

"မေမေ့.."

ရှေ့ဆက်တိုးမည့်ခြေလှမ်းက အခန်းထဲကစကားသံတွေကြောင့် နေရာမှာတင် ရပ်နေမိခဲ့၏။ ပြီးတော့ လိမ်ဆွဲခံလိုက်ရသဖြင့် သွေးခြည်ဥကျန်ခဲ့သည့် လက်မောင်းလေးကို ခပ်ဖွဖွစမ်းရင်း နောက်ကိုတဖြည်းဖြည်းဆုတ်ခဲ့မိသည်။ ဘွားဘွားတို့ရယ် ဒေါ်ယမုံခင်ဆိုသည့်အမျိုးသမီးကြီးရယ် ပြီးတော့ ဦးနေမင်းသစ်ဆိုသည့် 'မိုးထိ'စံအိမ်ကလူတွေရယ် ဘယ်လိုတွေဆုံကြုံကွဲကြသည့်အဖြစ်ကိုမသိပေမယ့် ဘွားဘွားလက်ထပ်ဆားလိုက်လို့ ကျေးကျွန်ဘဝကနေ မိုးထိစံအိမ်ရှင်မဖြစ်သွားခဲ့သည့်နောက်မှာ ကောင်းသောပြောင်းလဲခြင်းတွေနဲ့ သူမပျော်ရွှင်ခဲ့ဘူးလား..၊

ဒီကိစ္စပေါ်လာမှသာ အိမ်ထောင်ရေးအဆင်မပြေဖြစ်ခဲ့ရတာဆိုလျှင် မေမေ့စိတ်က အသားသေနေပြီဆိုတဲ့စကားက ဘာလဲ..။ ဒီစကားတွေကို နားမလည်နိုင်ပေမယ့် မမရောက်လာတုန်းက ဒေါ်ယမုံပုံစံကိုသူကိုယ်တိုင်အံ့ဩခဲ့ရသည်။ အာဏာသျှန်က ခက်ထန်သလောက်ခင်ဖြစ်သူက ရိုးအေးလွန်းသည်။ အကယ်၍ သူမသာမငြင်းဆန်ခဲ့လျှင် မခေါ်နိုင်အောင် ဒေါ်ယမုံခင်တားရဲလိမ့်မည် မထင်..

"မင်းက ဒီထိဘာလာလုပ်တာလဲ.."

ဟင်.. ၊

တစ်လှမ်းချင်းလှည့်ပြန်ခဲ့ရင်း တွေးနေတုန်းမို့ ကနုတ်တုန်ခနဲဖြစ်သွားသည်။ သျှန်က သူမရှေ့ရောက်လာခဲ့ပြီး ခါးထောက်လိုက်ကာ..

"မင်းရွေးချယ်တာ မှန်သွားတယ်..ငါပြန်လွှတ်တာမဟုတ်ဘဲ မင်းပြန်သွားရင် တာဝတိံသာရော 'နတ်ရေကန်'ရော 'သုခိတာ'ရော အကုန်လုံးအဝီစိရောက်ကုန်အောင် လုပ်ပစ်မယ်..မယုံမရှိနဲ့.."

"ဦးအာထာသျှန်ကြောင့်မဟုတ်လည်း ကနုတ်မပြန်ရဲပါဘူး..ခဏခဏ ကြိမ်းမောင်းမနေပါနဲ့.."

"အေး..ထပ်ပြီးသတိပေးထားဦးမယ်၊ ဒီတစ်ခါ ဘယ်သူလာတွေ့တွေ့ ထွက်မတွေ့နဲ့..မေမေက တွေ့ခိုင်းခိုင်းမခိုင်းခိုင်း မေမေကိုယ်တိုင်ခေါ်ထုတ်တာ ဟုတ်ဟုတ်မဟုတ်ဟုတ် မင်းထွက်မတွေ့ရဘူး၊ တောက်"

ပြောနေရင်း ဒေါသမထိန်းနိုင်ဖြစ်လာခဲ့လျက်.. ၊

"ဒုန်း.."

ရှူးကော့ပေါ်က ပန်းအိုးကိုလက်ပြန်ရိုက်ချပစ်လိုက်၏။ ပန်းအိုးသည် နံရံဆီလွင့်ထွက်သွားပြီး ကွဲကြေသွားခဲ့လျက်.. ၊

"အေး..ငါရယ်၊ ဒီညနေ ငါတို့ဆုံနေကျဆိုင်မှာ စောင့်နေကွာ..ငါလာခဲ့မယ်.."

"................"

"မလိုဘူး..ဆိုင်မှာပဲပြောမယ်၊ အခု မင်းအားပေမယ့် ငါမအားဘူး-ဟာကျူလီသိပ်နေမကောင်းလို့ ဆေးခန်းပို့ထားရတယ်..သွားခေါ်ရမှာနော်.."

"................"

"ငါရေချိုးပေးလိုက်တာ ရေချိုးမှားသွားလို့..ဒီကောင်သိပ်ဒဏ်မခံသေးဘူး.."

"................"

"ပို့ထားလိုက်တာပေါ့..ငါမှဘာမှမလုပ်တတ်တာ၊ ထက်မြတ်..မင်းစကားတွေရှည်မနေနဲ့၊ ငါအရေးကြီးတယ်..နောက်မကျစေနဲ့.."

"................"



"ဟုတ်တယ်..ဒါပေမယ့် ဂိမ်းမဟုတ်ဘူး.."

ဖုန်းပြောပြီးတာနှင့် သူလှည့်ထွက်သွားကာ ပန်းအိုးအကွဲစကို လွှဲကန်ပစ်သည်။ သူ့လုပ်ကွက်တွေ ဘယ်လောက်ရိုင်းနေလဲဆိုတာ မသိလို့သား.. ၊

ကနုတ်မျက်မှောင်လေးကုတ်လျက် ဒီတိုင်းရပ်ကြည့်နေမိသည်။ ကိုယ့်အပေါ်မှာ ရိုင်းတာယဉ်တာတွေကိုလည်း မပြောလိုပါ။ ဝမ်းနည်းကြေကွဲနေသည့် မိခင်တစ်ယောက်လုံးရှိနေတဲ့ကိစ္စ.. ၊

☎

## အခန်း(၃၅)

"ဟိတ်..လာယူစမ်း.."

မိုးဖွဲလေးတွေကျနေသဖြင့် ကိုယ်မှာရေစိုနေသည်။ ဟာကျူလီ
ရေမစိုအောင် ဂျာကင်နဲ့ထုပ်ပတ်ပြီး ပွေ့ထားရသဖြင့် ရေစိုစိစိနဲ့
တတ်သည့်သူ့အတွက် စိတ်အိုက်ဖွယ်ဖြစ်နေရကာ.. ၊

"ဟိတ်..မြန်မြန်လာယူဆို တောက်.."

"လာပါပြီ..ကနုတ်ဆံပင်ကိုင်နေလို့ပါ.."

"ဘာကိုင်ထားထား လာဆိုရင် ပစ်ချပြီးပြေးလာ.."

လာစရာလား..။ ဆံပင်ကိုင်လိုက် ခွေးကိုင်လိုက်လုပ်လို့ရတာ
လို့.. ၊

ကနုတ်ဘာမှပြန်မပြောရဲပေမယ့် စိတ်ထဲမှာ ကျန်ရစ်သည့်ပြော
ရာစကားက မျက်နှာလေးမှာ အထင်းသားပေါ်၏။ ဖေဖေဒီတိုင်းပဲ
ပြီး ရယ်တတ်တာကို သတိရကာ သူစိုက်ကြည့်နေတော့ ကိုယ့်မျက်
ကို ပြေပြစ်အောင် ဖုံးဖိပြင်ဆင်လိုက်ရသည်။ ဒုက္ခိတခွေးလေးကို
ခဲ့နဲ့ဘာနဲ့ တပုတယတော့မွေးပြီး အပြင်ထွက်ရင် ခေါ်သွားတတ်တာ
ကာ အိမ်မှာဆို လူကတခြားခွေးကတခြား.. ၊



"နင်ကလည်းနင်ပဲ..သူများချစ်ချင်အောင် အမွှေးစုတ်ဖွားဖွားလေး
နဲ့ ပြေးကာလွှားကာနေပါလား.."

ဟာကျူလီကိုပွေ့ထားရင်း တိတ်တိတ်ကပ်ပြောမိ၏။ ပြီးတော့
အပြင်ပြန်ထွက်ပြီး ဝိုးလ်ချဲပြေးယူလာတာကိုစောင့်ကာ တင်ပေးဖို့
ပ်လျှင်.. ၊

"ဟေ့..မချနဲ့၊ သူနေမကောင်းဘူး..သူ့အိပ်ရာပေါ်ခေါ်သွား.."

"ဒါလေးနဲ့တင်ခေါ်သွားလို့ မရဘူးလား.."

သူဆတ်ခနဲပြန်ကြည့်လိုက်တော့ ကနုတ်မျက်လွှာချပစ်မိကာ.. ၊

"သူ့ဟာသူလျှောက်နိုင်လို့လား..ကနုတ်မသိလို့ပါ.."

"မသိရင် ခိုင်းတာလုပ်..ဘာမှပြန်မမေးနဲ့၊ အဲ့ဒီကောင် သူ့ဟာသူ
ကိစ္စသူရှင်းနိုင်တယ်..ဟိုနားဒီနားလျှောက်နိုင်တယ်၊ မသန်လို့ဝိုးလ်
လုပ်ပေးထားတာ.."

သူကဘာဖြစ်လို့ ဒုက္ခိတဖြစ်သွားတာလဲလို့ မေးချင်ပေမယ့် မမေး
၊

"မမေ့.."

ဆံပင်တွေလက်နဲ့ဆတ်ခါရင်း အထဲဝင်သွားတော့ ဟာကျူလီကို
လျက် ကနုတ်ကျန်ခဲ့ကာ.. ၊

"ငါအခု လမ်းလျှောက်နိုင်နေပြီ..နင်နဲ့ငါစကားပြောမယ်သိလား
ဘာဖြစ်တာလဲ ငါ့ကိုပြောပြ..ငါဘာဖြစ်လာတာလဲဆိုတာလည်း ပြော
ယ်၊ ဘာလဲ..ဘာကြည့်နေတာလဲ.."

ဟာကျူလီဆိုတာ သန်မာအောင်ပေးထားတဲ့နာမည်ထင်သည်။
လေးက အုန်းနွဲ့ရောင်ရဲရဲလေးဖြစ်ကာ နှုတ်သီးသေးသေးလေးက
နေသည်။ မျက်လုံးလေးက ဘောင်ခတ်ထားသလို မည်းနေသည့်ပြင်
ဝန်းအိမ်မှာမျက်နက်ဆန်အပြည့်လေးနဲ့ ချစ်စရာတော့ကောင်း၏။
မှာ သူမအတွက် ဖေဖေဝယ်ပေးထားတာ အော်စကာအမွှာလေးနှစ်
ကောင်ရှိ၏။ အမွှာဆိုတာ အရောင်အသွေးတူ အလုံးအရပ်တူလေးမို့
လို့ပဲ သတ်မှတ်ထားတာဖြစ်ကာ အကြီးအငယ်ကိုယ့်ဘာသာသတ်
မှာကြီးမွှာလေးလို့ပဲ နာမည်ပေးထားခဲ့၏။ ဒါပေမယ့် သူမကား
ဆီးဒင့်မဖြစ်ခင်လေးမှာပဲ မွှာလေးနေမကောင်းဖြစ်ပြီး ဆုံးသွားခဲ့

သည်။

"ငါမှာကြီးကို လွမ်းလိုက်တာ..နင်ကမှာကြီးလောက်မလှပေမယ့် ငါကခွေးချစ်တတ်ပါတယ်၊ နင့်ကိုငါထိန်းမယ်သိလား.."

"ဟော့..မေမေဘယ်သွားမယ်ပြောသွားလဲ.."

ကနုတ်က အံ့ဩသွားသလိုမျက်နှာလေးနဲ့ လှည့်ကြည့်ကာ..

"ဟင့်အင်း..ကနုတ့်ကိုတော့ ပြောမသွားပါဘူး.."

"မပြောလည်းမင်းသိရမှာပေါ့..ဒီအိမ်ကျဉ်းကျဉ်းလေးထဲမှာ ယောက်တည်းကျန်ခဲ့တဲ့ကိစ္စ.."

"ကနုတ်က ခုလေးတင်ရေချိုးပြီးလို့ ခေါင်းဖြီးနေတာ..ကနုတ် ချိုးမယ်ဆိုတော့ အန်တီကတောင် ရေနွေးလာစပ်.."

"ဘာ.."

မိုးကြိုးပစ်သံထက်ကျယ်သွားသည်ထင်ရကာ ကနုတ်တုန်ခနဲ သွား၏။

"မင်းဘာပြောလိုက်တယ်..ပြန်ပြောစမ်း.."

"ဘာပြောရမှာလဲ.."

"မင်းကိုမေမေက ရေချိုးဖို့လုပ်ပေးရတယ်ဟုတ်လား..မင်း အမေကို ခိုင်းရအောင်ဘာမို့လို့လဲ၊ မင်းကိုယ်မင်းဘာထင်နေလဲ.."

ကနုတ့်ပခုံးနှစ်ဖက်ကို ဆောင့်ခါရင်း အတင်းဖိကပ်လာကာ အင့်ခနဲပစ်ကပ်သွားမှ ရပ်၏။ ပြီးတော့ မျက်နှာနားကပ်၍ စားတော့ တော့မတတ် အံကြိတ်လျက်.. ၊

"ကနုတ်ရောင်..မင်းအဲ့ဒီအချိုးတွေနဲ့ ငါ့ဒေါသကိုဆွနေတာ၊ မေကြောင့်..မဟုတ်ရင် မင်းကိုငါအရေခွံဆုတ်ပစ်မိတော့မယ်၊ တော

"အား..နာတယ်.."

လွှတ်လိုက်ကာမှ ဖျစ်ပစ်လိုက်သဖြင့် ကနုတ့်မျက်နှာလေးမဲ့ သည်။ မျက်ရည်တွေပါ ပြည့်ဝိုင်းကျန်ခဲ့လျက်.. ၊

"အန်တီ့ကိုကနုတ်ခိုင်းတာ မဟုတ်ဘူး.."

"တိတ်စမ်း.."

သူခြေလှမ်းကျဲများနဲ့ ထွက်သွားခဲ့လျက် တလှားလှားနဲ့ လုပ်နေသည်မသိ။ ခဏကြာမှ ပြန်ထွက်လာကာ.. ၊



"အဲ့ဒီခွေးချထားလိုက်..ခုချက်ချင်းအိမ်သာသွားဆေး.."

"မနက်ကမှ.."

"အခုသွားထပ်ဆေး..ပြီးရင် ခွေးအိမ်သာကိုပါသန့်ရှင်းထား၊ နောက်ထပ်တစ်ခါ မင်းကိုမေမေတစ်ခုခုလုပ်ပေးလိုက်တယ်ကြားရင် ဒီထက်ပိုဆိုးမယ်ဆိုတာ မှတ်ထား.."

ပြောဆိုအော်ဟစ်ပြီး သူပြန်ထွက်သွားသည်။ မိုးသည်းနေသဖြင့် ထီးပြန်လှည့်ယူသည်။ ဒါပေမယ့် ဆောင်းတာမဟုတ်ဘဲ ဒီတိုင်းကိုင်သွားသဖြင့် သူ့ကိုလိုက်ကြည့်နေမိသေး၏။ ပြီးတော့ မျက်ရည်တွေကို လက်ခုံနဲ့သုတ်လိုက်ရင်း ရေအိမ်ဆီခပ်ဖြည်းဖြည်း လျှောက်သွားခဲ့မိသည်။

ခြေထောက်က အနေအထားမှန်မှန်လေးနှင့် ဖြည်းဖြည်းသွားလာတာမျိုးတော့ အဆင်ပြေနေပြီဖြစ်ပေမယ့် သူ့ဒေါသကြောင့် တွန်းထိုးဆွဲခါတာတွေ ခံလိုက်ရပြီဆို တစ်ကနေပြန်စတော့သည်။

ဟင်.. ၊

မနက်ကမှ သူမသေချာသန့်ရှင်းထားခဲ့ပြီးသား။ ဒါဘာတွေလဲ..၊ ခါကြန့်ကြန့် ခပ်ပျစ်ပျစ်တွေကိုကြည့်ရင်း နလုံးနာသွားမိ၏။ ပြီးတော့မှ ဘူးတွေခွက်တွေ ဒီတိုင်းပစ်ချထားခဲ့တာကို တွေ့သည်။ ချိစ့်တွေ ခရမ်တွေ ပြီးတော့ နို့စိမ်းတွေ။ စားစရာတွေကို အကုန်သွန်ကြဲချမှပြီး သူများကိုခိုင်းဖို့အတွက် ဒုက္ခခံသွားရှာတာ.. ၊

"နင့်သခင် တော်တော်အကုသိုလ်ကြီးတဲ့လူသိလား..သူ့ဒေါသနဲ့ သူနေစရာမရှိအောင်ဖြစ်နေတာ၊ ပူလောင်ပြင်းပြနေတာ.."

ဒါမျိုးတွေလုပ်ခဲ့ဖူးတာ မဟုတ်သည်မို့ ဘာပစ္စည်းနဲ့ဘာလုပ်ရမှန်းမသိ။ တိုစဉ် သူမနောက်ကခပ်နဲ့နဲ့ကပ်လိုက်လာသည့် ဟာကျူလီက စားစရာတွေကို အနံ့ခံပြီး လိုက်လျက်နေ၏။

"အယ်..ကျေးဇူးပဲ၊ နင်ကအရင်လုပ်သွားပေး..ပြီးရင် ငါအဝတ်နဲ့ ထိုက်သုတ်မယ်.."

ဝမ်းသာအားရဖြစ်သွားပြီး ကြမ်းတိုက်သည့်အဝတ်သွားယူလိုက်သည်၊ သို့သော် တစ်ခန်းလုံးပြန့်ကြဲပေပွနေတာတွေကို ဟာကျူလီလျက်နေတာမပြီးတော့ဘဲရှိလျှင်..

"ဟယ်..မရဘူး၊ အဲ့လိုမဖြစ်ဘူး..တော်တော့ ဟာကျူလီ၊ နင်ဝ တွေသွားလိမ့်မယ်..ဒုက္ခပါပဲ၊ ငါတော့ ထပ်ပြီးဒဏ်ပေးခံရတော့မယ် သွား..သွားထွက် အပြင်ထွက်.."

စားစရာတွေတွေ့နေသဖြင့် ဟာကျူလီကမထွက်ချင်.. ။

"ဘုရား..ဘုရား ဒေါသကူမ္ဘာရကို မေ့နေတာ၊ နင့်ကိုဘယ်လော ချစ်သလဲတော့ မသိဘူး..ငါ့ကိုဒီတစ်ခါကိုင်ပေါက်တော့မှာ သေ တယ်."

အိမ်သာတစ်ခုလုံး ကမုတ်တွေပေါ်ထိ ဖိတ်စင်ပေကျံနေသဖြ အိမ်မှာရှိသမျှ အဝတ်ကြမ်းတွေအကုန်ယူတိုက်တာလည်း မပြောင်နိုင် ခက်တာက ထိုင်လို့ထလို့သိပ်မကောင်းသေးသည့် ခြေထောက်ကြောင့် မတ်တပ်ကနေ ခြေထောက်နဲ့နင်းပြီး လျှောက်ပွတ်ရ၏။ ဟာ ကျူလီကလည်း အဝတ်တွေသွားရှာတိုင်းလိုက် တစ်ရှူးတွေထွက် လည်း ပါလာခဲ့လျက် သူတကောက်ကောက်လိုက်နေသမျှ ကနုတ် လည်း အလုပ်လုပ်ရင်း စကားတွေပြောနေကာ.. ။

"ကဲ..ပြောင်သွားပြီ.."

သူ့အမောဖြေသလို နံရံမှာကပ်မှီလိုက်ပေမယ့် ဟာကျူလီက ခန်းထဲကို မျှော်ကြည့်ပြီး နှာခေါင်းရှုံ့ပွပွနှင့် အနံ့ခံနေဆဲ.. ။

"အနံ့တော့ရှိမှာပေါ့..ငါ့ကိုအနံ့မစင်သေးဘူးလို့ ပြောနေတာလား တော်ပြီ.."

နံရံကိုမှီ၍ ခပ်ဖြည်းဖြည်းထိုင်ချလိုက်ကာ ဟာကျူလီကို့လှမ်းဖ ထားလိုက်သည်။ ပြီးတော့ လည်ပင်းကအမွေးစုလေးတွေကို ပွတ်သ ပေးရင်း အခန်းထဲမှာပဲ သူမပုံချထားသည့်အဝတ်ပေတွေကို စိတ်မသ သာစွာကြည့်ရင်း.. ။

"ငါ ဒါတွေကိုပြန်လျှော်ရတော့မယ်..ဘယ်လိုလျှော်ရမှန်းလည် ငါမသိဘူး.."

ဟာကျူလို့ကိုဖက်ထားရင်း မှာကြီးတို့ကိုဖက်၍ ကိုယ့်ဥယျာဉ်ကြ ထဲမှာ ပြေးလွှားဆော့ကစားခဲ့တာတွေကို သတိရနေမိသည်။ နှာခေါင် ထဲမှာ ချိစ်နဲ့ခရမ်းမီနံ့တွေအစား ပန်းရနံ့တွေဖြစ်လာခဲ့လျက် အိမ်သာ မှာဆိုတာမေ့ကာ ပန်းဥယျာဉ်ကြီးထဲရောက်သွားခဲ့သည်။



"မှာလေး..ဒီကိုလာ ငါ့ကိုပေး..ဟေး.."

"မှာကြီးက ဒီကိုပြေးခဲ့လေ..ဟား နင့်ကောင်ကြီးက ငါ့တို့ကိုအ ကက်ကိုမလုပ်ဘူး.."

"မဟုတ်ပါဘူး..မမက သူ့ကိုလူခေါ်သလို လက်ယပ်ခေါ်တာကိုး၊ သူနဲ့ကစားချင်ရင် ဂိုးဖမ်းသလိုခါးကုန်းပြီး လက်နှစ်ဖက်ပက်လက်နဲ့ လာ..လာလို့ခေါ်ရတယ်၊ အဲ့ဒါဆို ကစားဖို့ခေါ်မှန်း တန်းသိတယ်.."

"ဟုတ်ပြီ..လာဟေ့၊ လာဟေ့မှာကြီး..မင်းကငါ့ဘက်က.."

"မဇင်နော်..မဇင်မှာကြီးဖြစ်လိုက် မှာလေးဖြစ်လိုက် မညစ်နဲ့.."

"ဟား ဟား ဟား..နင်ကယောကျ်ားလေးဖြစ်ပြီးတော့ လူလူရယ်၊ ငါ့ဘက်ကခွေးလေးတစ်ကောင်ပိုတာများ.ခစ် ခစ်.."

ရယ်သံတွေ ပြေးလွှားသံတွေကြားမှာ အငယ်ဂါဝန်လေး'မ'၍ မှာ လေးကို လိုက်ထိန်းပေးနေရကာ.. ။

"ဟား..ဒါဘာတွေလဲ.."

ဟာင်.. ။

မိုးကြိုးပစ်သံလိုအသံကြောင့် ဆတ်ခနဲဖြစ်သွားကာ.. ။

"ဦးအာဏာသျှန်.."

"ရေအိမ်ထဲဝင်ပြီး အိပ်ပျော်နေတယ်ဟုတ်လား..မင်းကိုဒါတွေရှင်း ခိုင်းခဲ့တာ.."

"ရှင်းပြီးပြီလေ.."

"ဘာ.."

သူကြည့်တော့ အဝတ်စုတ်ပုံကတစ်ပုံ၊ ဟိုတစ်စ ဒီတစ်စတစ်ရှူး တွေဆိုတာ ခန်းလုံးပြည့်ပြန့်ကြဲနေလျက် ရေအိမ်ထဲရောက်နေတာနဲ့မ ဘဲ Bakeryထဲရောက်နေသည့်နှယ်.. ။

"ဒါတွေဘာလုပ်ထားတာလဲ.မင်းငါ့ကိုရွဲ့တာလား.."

"ဟင့်အင်း..မဟုတ်ဘူး.."

ကနုတ် ဟာကျူလို့ကို ဘေးဖယ်လိုက်ပြီး နေရာကထရပ်လိုက် သည်၊ ပြီးတော့ မျက်နှာပေါ်က ဆံပင်တွေကိုသပ်ဖယ်ချလိုက်ရင်း..

"ကနုတ်က ဘာလို့ရွဲ့ရမှာလဲ..လုပ်ဆိုလို့ အားလုံးလုပ်ထားတာပဲ အကုန်လုံး သုတ်ပြီးပြီလေ.."

သူမကပဲ ကြမ်းပေါ်မှာဘာမှမရှိတော့ကြောင်း လက်နဲ့ညွှန်ပြနေသေးသည်။ မေမေ့ကို ရှာမရလို့ ဖြစ်လာခဲ့သည့်ဒေါသက စိတ်ရှုပ်ဖွယ်မြင်ကွင်းနှင့် သူမရဲ့အချိုးမပြေမှုတို့ကြောင့်.. ၊

"ဘာဖြစ်လို့ ဒီလောက်နံစော်နေတာလဲ..ရှိသမျှအဝတ်တွေနဲ့ လိုက်သုတ်တယ်၊ တစ်ရှူးတွေလည်း မချန်ဘူး..ဒီလိုသန့်ရှင်းရေးလုပ်ရမယ်လို့ မင်းကိုဘယ်သူပြောထားလဲ.."

"မပြောထားပါဘူး..ကနေ့တော့ကိုဘယ်သူမှလည်း သန့်ရှင်းရေးမလုပ်နိုင်းခဲ့ဖူးဘူး.."

"အခုလုပ်ရမယ်..ငါခိုင်းတယ်၊ ဒီအလုပ်တွေက လက်ထပ်သင်ဆေးနေရမယ့် အလုပ်တွေမဟုတ်ဘူး..အခု နံစော်နေတာတွေ အကုန်လုံးဆေးချပစ်.."

"ရေဆေးချရမယ်.."

သူမလေးက မျက်လုံးအဝိုင်းသားနှင့်.. ၊

"မဆေးလို့ မင်းနှာခေါင်းမှာ အနံ့မရဘူးလား..ဒီချိစ်တွေခရမ်းချဉ်မင်းသုတ်ထားတာ သွားခြေချကြည့်..သွား.."

သွားဆိုတော့ တုတ်တုန်မလှုပ်ဘဲ လက်လေးနှစ်ဖက်ဆုပ်၍ ပွတ်သပ်လိမ်နေရင်း.. ၊

"ကနတ်က ခြေထောက်ရေစိုလို့ မရသေးဘူး.."

"ဒါမင်းဆင်ခြေလား.."

"ဟင့်အင်း.."

"ခြေထောက်ရေစိုလို့မရရင် ခေါင်းနဲ့ဆေး..သွား ဒီတစ်ခေါက် ငါပြန်လာရင် ဒါတွေရော ဘာတစ်ခုမှမတွေ့ချင်ဘူး.."

"အန်တီရောဟင်.."

"မတွေ့ခဲ့ဘူး.."

လွှတ်ခနဲဖြေမိပြီးမှ စိတ်တိုသွားသည်။

"အဲ့ဒါမင့်ကိစ္စဘာပါလဲ.."

စိတ်နဲ့လူနဲ့ မတည့်ရတဲ့အထဲ.. ၊

☎

အခန်း(၃၆)

ညရှစ်နာရီထိုးတဲ့အထိ မေမေ့ကိုရှာမတွေ့သေး။ အိမ်ကိုဖုန်းလှမ်းဆက်တော့လည်း ပြန်မလာသေးဘူးဆိုတော့ စိုးရိမ်စိတ်တွေ ရင်ထဲမှာ ဘင်ခတ်လာသည်။ မေမေဘာအဝတ်အစားမှလည်း ယူသွားတာ ဟုတ်။ ငွေလည်းမပါဘဲ ဘယ်ကိုထွက်သွားတာလဲ..။ ဖေဖေ့ဆီပြန်သွားတာလည်း မဖြစ်နိုင်။ တခြားသွားလာနေတာဆိုလည်း ညဘက်ထိ နေမှာမဟုတ်.. ၊

"မင်းအမေနဲ့အပြင်ထွက်ရင် ဘော်တော်ကိုရုပ်ပျက်တာသားရေ.. ကိုအသေဆွဲထားတာပဲ၊ ဘာဖြစ်ဖြစ် သူကြောက်မယ်ဆိုတာချည်းပဲ.."

လို့ ဖေဖေပြောတာတွေ သတိရတော့ စိတ်ပူနေမိ၏။ မေမေတစ် ဖြစ်နေသလား..။ မိုးကမရွာတော့ပေမယ့် လမ်းပေါ်မှာရေဗွက်တွေ ချွန်ရစ်ခဲ့၏။ ညဦးယံမို့ လူစည်တတ်သည့်နေရာတွေမှာ စည်ကား ခဲ့နေဆဲဖြစ်ကာ အကူအညီတောင်းထားသည့် သူငယ်ချင်းတွေကို ခေါ်၍ တစ်နေရာမှာ ရပ်နေလိုက်ပြီး.. ၊

"ညနေတည်းက ငါကောင်လေးတွေကို ဓာတ်ပုံပေးပြီး ရှာခိုင်း တာသျှန်..လုံးဝမတွေ့သေးဘူး.."

"ငါပြောတဲ့ကားကိုလည်း စောင့်ကြည့်ထားဦး..ထွက်လာတာနဲ့ ငါ့ကိုပြော.."

မြတ်ပန်းသဇင်ဆိုသည့်သူမနဲ့ ပြောစရာရှိသည်။ ဒါတွေဖြစ်လာရတာ သူမကြောင့်.. ।

"ဟလို..ပြော.."

"ငါမတွေ့ဘူးသျှန်..မင်းသစ်တို့ကိုလည်း မေးကြည့်ပြီးပြီ၊ သူတို့ဆိုရင် ဆေးရုံဆေးခန်းတွေတောင် ရောက်ကြတာ.."

"ငါလည်းရောက်တယ်.."

"အေး..မင်းစိတ်ပူသလောက် ဟုတ်ချင်မှဟုတ်မှာပါကွာ၊ လူကြီးပဲ..သိပ်လည်းမစိုးရိမ်ပါနဲ့ဦး.."

"မဟုတ်ဘူး..ငါမေမေ့ကို ပြောလိုက်တာတွေလွန်သွားတယ်၊ မေမေ့ကို ငါနားလည်သင့်တာ.."

"ဒါလည်းဒါပေါ့..မင်းလည်း စိတ်ပူလို့ပြောမိတာမို့လား၊ နောက်ဆိုဒေါသထွက်တဲ့အချိန် အပြောအဆိုဆင်ခြင်ပေါ့ကွာ..ငါလည်းအပြင်မှာပဲ၊ ညဉ့်နက်တဲ့အထိ ပတ်ရှာပေးပါ့မယ်..ငါတို့ကောင်တွေ အကုန်အပြင်မှာပဲကွ.."

"အေး.."

စိတ်ထဲမှာ အချိန်အိုမင်းလာလေ ပူလောင်လာလေ.. ।

မေမေဘယ်မှသွားလာဖူးတာ မဟုတ်ဘဲ စိတ်ဆိုးတာတစ်ခုတည်းနဲ့တော့ ဒီလိုခြေဦးတည့်ရာထွက်သွားမှာ မဟုတ်ပါ။ ဒါဆို ဘယ်သွားနိုင်မလဲ..။ အိမ်များ ပြန်ရောက်နေပြီလား.. ।

သတိရလို့ အိမ်ကိုဖုန်းထပ်ခေါ်တော့ ကိုင်မယ့်လူမရှိ။ မေမေရောက်သေးတာ သေချာပြီမှန်း သိပေမယ့် ကနတ်ရောင်ဖုန်းမကိုင်ဘဲနေတာကို စိတ်တိုသွားသည်။ ထိုစဉ် အောင်ထက်မြတ်ဆီက ဖုန်းဝင်လာကာ.. ।

"ဟလို.."

"သျှန့်..မင်းလိုချင်တဲ့ ဆက်ကျူရတီဆော့ဖ်ဝဲ ငါလုပ်နေတာ အဆင်ရာတက်နေလို့.."

"အဲ့ဒါထားလိုက်ဦးထက်မြတ်..ငါအလုပ်ရှုပ်နေလို့.."



"မင်းအမေကိုရှာနေတာ ငါသိပါတယ်..ဒါပေမယ့် ချာတိတ်မလေးမှမဟုတ်ဘဲကွာ၊ သူလည်းသူ့စိတ်ကူးလေးနဲ့သူ လှုပ်ရှားချင်တာ ရှိမှာပေါ့.."

"ဟော့ကောင်.."

"ကဲပါ..မင်းခဏဖြစ်ဖြစ် လာခဲ့စမ်းပါ၊ ငါကကိုင်ပြီးရင် မပြီးဘဲမထားတတ်ဘူးကွ..ဂျီပီအက်စ်လည်းအဆင်ပြေတယ်၊ ဟုန်းစ်တူဖုန်းနဲ့အိမ်နဲ့ချိတ်တာမှာ အယ်ရာတက်နေတာ..မင်းလာလိုက်ရင်ပြီးပြီ၊ ငါကျတော့ အဲ့လောက်ခေါင်းမစားနိုင်တော့ဘူး.."

သူနာရီပင့်ကြည့်လိုက်ပြီး.. ।

"လာခဲ့မယ်.."

အောင်ထက်မြတ်ဖုန်းကိုချပြီး ကားတားရင်း အိမ်ကိုပြန်ခေါ်မိသည်။ ကိုင်မည့်သူမရှိ.. ।

"တောက်.."

"ညီလေးရေ..ဟိုမိန်းကလေး ကားတားနေတာ၊ ရပ်ပေးလိုက်ရမလား..မိန်းကလေးတစ်ယောက်တည်းမို့လို့ပါ၊ ဒီနေရာက ကားရှားတယ်"

စိတ်ကမကြည်တာနှင့် မရပ်နဲ့လို့ပြောဖို့ဖြစ်သည်။ သို့သော် တားနေသည့်မိန်းကလေးက ထမင်းချိုင့်လေးတစ်ဖက်နှင့် လွယ်အိတ်ကြီးကောင်းကားနေသည်။ ဝတ်ထားတာလေးကလည်း ရုံးဝတ်စုံလေးနှင့်မို့..।

"တင်လိုက်ပါ.."

ကားရပ်သည်နှင့် သဲသဲဝမ်းသာအားရပြေးသွားမိကာ.. ।

"ဟင်.."

လူပါတာလားဆိုသည့်အသိနှင့် လက်တွန့်သွား၏။ ကားဆရာကခေါင်းပြုလာကာ.. ।

"ညီမကိုအရင်ပို့ပေးမှာပါ..ဒီမှာကားရှားတယ်နော်၊ ဘယ်သွားမှာလဲ.."

"ရတယ်..မလိုက်.."

ပြောသည့်စကားမဆုံးခင် အထဲကလူဖုန်းပြောရင်း မျက်နှာလှည့်လာသဖြင့် သဲသဲဟင်ခနဲဖြစ်သွားသည်။

အာဏာသျှန်.. ।

ထိုသူကို ခုနလေးကပဲ ဓာတ်ပုံမြင်ဖူးလိုက်တာပါ.. ၊

"ပုံပို့လိုက်ပြီသဲသဲ..မင်္ဂလာပွဲတုန်းက စိစိတီဗီမှာကျန်ခဲ့တဲ့ပုံလေ သူ့ပုံပဲ ငါထုတ်ယူလိုက်တာ"ဟု ပြော၍ ဇင်ပို့ပေးလိုက်တဲ့ပုံ.. ၊

"ရပြီ..လိုက်မယ် လိုက်မယ်၊ ဦးချစ်မောင်အိမ်ရာထဲကို ပို့ပေးပါ နော်.."

ဈေးမေးဖို့ရော ဈေးဆစ်ဖို့ရော သတိမရ။ ကားနောက်ခန်းထဲဝင် ထိုင်လိုက်ပြီး ခိုတွဲနေသမျှ အလုတ်အပိုး ကိုင်တွယ်စရာတွေကို စုပြုံ လိုက်ကာ ဖုန်းထုတ်၍.. ၊

ဇင်လေးရေ..နင့်ရဲ့အာဏာသျှန် အခုငါ့ဘေးမှာသိလား

ပုံထဲမှာထက် ပိုချောတယ်..အရမ်းမိုက်တယ်သိလား

နာတံကိုကော့ထင်းနေတာပဲမျက်လုံးလည်းလှတယ်..

တစ်ဖက်မှာ ဖုန်းခိုးဆော့နေတုန်း မက်ဆေ့ချ်ဝင်လာသဖြင့် ဖွင့် ဖတ်လိုက်မိရာ.. ၊

ဘယ်မှာလဲ..နင်ကဘယ်မှာလဲ..တကယ်ဟုတ်လို့လား..

OTဆင်းရတာလေ

နည်းနည်းစောပြီး ပြန်လာရတာ..ငါတို့ဘက်ကို ဖယ်ရီက ကြာမှာမို့လို့ တက္ကစီစီးရတာ..

နင့်ကားပေါ် သူတက်လာတာလား..

မဟုတ်ဘူး..ငါတားတဲ့တက္ကစီပေါ်မှာ နင့်မင်းသားပါလာ တာ..

နင့်ကျမှပဲသဲသဲရယ်..ငါနဲ့အဲ့လိုတိုးလိုက်ပါလား..

ခိ..ခိ..

သဘောတွေကျနေတယ် ဟုတ်လား ငါကသူ့ဘေးမှာရှိ

သမျှ အမှိုက်တောင်မထားဘူး ရှင်းပစ်မှာနော် သတိထား..

မလုပ်လိုက်ပါနဲ့ဇင်ရယ်..ကြည့်ရုံလေးတော့ ခွင့်လွှတ်ပေး ပေးပါ..ဒီလောက်မြင့်မားထွားကြိုင်းတာကြီးကို ငါက လည်းစိတ်တောင်မကူးရဲပါဘူး ကြောက်စရာ..

ကြောက်ရမှန်းသိဖို့ပဲလိုတာ..အခု သူဘာဝတ်ထားလဲ..

ပန်းရင့်ရောင်တီရှပ်လက်ရှည်နဲ့ အောက်ထိတော့မသိဘူး



ဆံပင်ကရော

ဒီတိုင်းပဲ..အခုဖုန်းပြောနေတယ်..

ဘာအကြောင်းတွေလဲ..

သူကအင်ဂျင်နီယာထင်တယ်..ဆော့ဖ်ဝဲဆိုလား ရှုပ်နေတာ ပဲ..ဟိုဘက်တစ်ယောက်က အယ်ရာတက်လို့မေးနေတာ ထင်တယ်..

ဘယ်သွားမှာလဲ..သေချာမှတ်ထားပေး..

ဟာ..မရဘူး..ဒရိုင်ဘာက ငါ့ကိုအရင်ပို့ပေးမှာ..

ချီးထုပ်..မဆင်းနဲ့ဟာ..သူ့ကိုအရင်ပို့ပေးလိုက်ပါလို့ပြောလိုက်..

မလုပ်ပါနဲ့ဇင်ရယ်..ငါနေတဲ့လမ်းက အရမ်းမှောင်တာ.. အခုတောင် အရမ်းနောက်မကျရဲလို့ တက္ကစီခအကုန်ခံပြီး ငှားစီးလာတာကြည့်..

သိပါတယ်..သတ္တိမရှိမှန်း..

ဟုတ်တယ်..ခုတောင် ကားပေါ်မှာတခြားလူပါလာတာဆို ငါမစီးရဲဘူး..သူမှန်းသိလိုက်လို့..

"ဒေါက်..ဒေါက်.."

ဇင် ဆတ်ခနဲဖြစ်သွားသည်။

ဆက်မပို့နဲ့တော့..မေမေလာလို့..

နောက်ဆုံးတစ်ကြောင်းပို့ပြီး အင်တာနက်သုံးလို့ရသည့်ဖုန်းကို သေချာလုံအောင် ဝှက်လိုက်သည်။

"ဇင်လေး..သမီးမအိပ်သေးတာ မေမေသိတယ်နော်၊ တံခါးလာ ဖွင့်.."

"အိပ်ချင်နေလို့မေမေ.."

"မအိပ်နဲ့ဦး..ပြောစရာရှိတယ်၊ ထွက်လာခဲ့.."

မေမေခုတလော မျက်နှာတည်နေသလို ဆေးရုံကပြန်လာတာနှင့် ချုပ်စရာရှိတာလုပ်ပြီး အခန်းထဲတန်းဝင်သွားတတ်သည်။ မေမေက သည်း နဂိုတည်းက ခပ်အေးအေးမို့ အိမ်မှာအရင်ကထက်ပိုပြီး ဖျင်းစ ရာကောင်းလေသည်။ ကနုတ်ကို လေးလေးစံက ခွေးလှလှလေးတွေ ထည့်ပေးထားသည်။ အဖော်မရှိလည်း သူငယ်ချင်းတွေလိုပဲ စကားပြော

နေလို့ရသည်။ ဘောလုံးလုတမ်းဆော့ရင်လည်း ခွေးလေးတွေနဲ့အရ လု ရတာ ပိုတောင်ပျော်စရာကောင်းသေးသည်။ ဒီမှာတော့ မေမေက ဆရာ ဝန်ပီပီ တိရစ္ဆာန်တွေနဲ့ ပလူးပလဲနေတာမကြိုက်တော့ ဘာကောင်မှမွေး ခွင့်မပေး။ ဖုန်းလေးတစ်လုံးနဲ့ သူများလိုအချိန်ဖြုန်းရမလားဆိုတော့ ဘွားဘွားချမှတ်တဲ့လမ်းစဉ်အရ ဖုန်းပြောခြင်းမှလွဲ၍ အင်တာနက်မသုံး ရ။ အိမ်မှာ ရွယ်တူအိမ်ဖော်မိန်းကလေးတွေရှိတော့လည်း အလကား..

"အလုပ်သမားတွေနဲ့ဆက်ဆံတာ သူငယ်ချင်းပေါင်းမပေါင်းနဲ့ သမီး...သမီးဘွားဘွားအဲ့လိုနေတာတွေကို လုံးဝခွင့်မပြုဘူးနော်.."

ဆိုပြီး တားမြစ်သည်။ တာဝတိံသာစံအိမ်ကြီးထဲရောက်မှ စည်း ကမ်းကလနားတွေများသလားမှတ်သည်။ ကိုယ့်အိမ်မှာလည်း ဒီအတိုင်း ခွေးတော်တို့အိမ်ရောက်သွားတော့ ပိုဆိုးသည်။ ခွေးတော်သည် ဘွား ဘွားနဲ့အတူဆုံး အမေတူသမီးဆိုတာ 'နတ်ရေကန်'စံအိမ်ထဲဝင်လိုက် တာနှင့် သိသာ၏။ ဒီလိုတင်းကျပ်မှုတွေနဲ့ သူမဘာလုပ်ရမလဲ.. ၊

ညဝတ်အင်္ကျီပွပွလေးနှင့် ဆံပင်တွေမသေမသပ်ဖြန့်လျက်ထွက် လာသည့် ဇင့်မျက်နှာလေးက နွတ်ခမ်းဆူမနေပေမယ့် ကြည်လင်နေ သည်လည်း မဟုတ်ဘဲ.. ၊

"နင်ကမအိပ်သေးဘဲ ဘာလုပ်နေတာလဲ.."

အိမ်ရောက်နေတာ နှစ်ရက်ရှိပြီဖြစ်သည့် လူလူကလည်း ညဝတ် အင်္ကျီလေးနှင့် ဆိုဖာမှာထိုင်နေကာ.. ၊

"ကြီးကြီးထွက်ခေါ်လို့ ခုပဲထွက်လာတာ.."

ဧည့်ခန်းကြီးထဲမှာ မေမေတစ်ယောက်ပဲရှိနေတာ တွေ့ကတည်းက ပြဿနာတစ်ခုခုဆိုတာ တွေးမိလိုက်သည်။ ဒေါ်မြထွတ်ဦးက တစ် ယောက်ထိုင် ဆိုဖာကြီးမှာ လက်နှစ်ဖက်တင်၍ ခပ်လျော့လျော့ထိုင်နေ ရာကနေ မတ်မတ်ပြင်လိုက်ပြီး.. ၊

"အိပ်ရာထဲက ထထွက်လာဖို့ကို ဒီလောက်တောင်ကြာရသလား သမီး..မေမေစောင့်နေတာကို မလေးစားတာလား.."

"မဟုတ်ပါဘူး.."

"အင်တာနက်သုံးနေတဲ့ဖုန်းကို ငုက်နေတာလို့မှန်တဲ့အတိုင်းပြော ပါလား.."



ဇင့်မျက်နှာလေး ပိုင်းသွားလျက် အလန့်တကြားလှမ်းကြည့်သည်။ ဘည့်တည့်မေးပြီဆိုရင်တော့ ဖြောင်လိမ်ရလောက်အောင် သူမသတ္တိမ ရှိပေ။ ဘယ်တုန်းကမှလည်း မလုပ်ခဲ့ဘူးသည်မို့.. ၊

"ဇင်..နယူးဖိဒ်ထဲပဲ ဝင်ကြည့်တာပါ၊ ဘာမှမလုပ်ပါဘူး.."

"ဒါကြောင့် လိုင်းပေါ်ကသူငယ်ချင်းတွေနဲ့ အပြင်မှာသွားတွေ့တာ လား.."

ဟင်.. ၊ တံတွေးမျိုချရင်း လူလူ့ကိုလှမ်းကြည့်မိသည်။ သူစပေးလို့ အင်တာနက်သုံးချင်တဲ့ပိုးဝင်ခဲ့တာ။ သူပဲသင်ပေးခဲ့ပြီး ဖော်ကောင်လုပ် တာ ကောင်စုတ်လေး.. ၊

"သူပြောတာမဟုတ်ဘူး..ဒီမှာ.."

ဇင့်မျက်လုံးရောက်သွားတာကို ဒေါ်မြထွတ်ဦးက သိသည်။ ထို့ ကြောင့် လူလူ့ဖုန်းကိုထောင်ပြပြီးမှ စားပွဲပေါ်တင်လိုက်ကာ.. ၊

"နေ့လည်က သွေးစစ်ဖို့ဆေးရုံကိုရောက်လာတုန်းက မေမေ့စား ပွဲပေါ်မှာ သူကျန်ခဲ့တာ.."

ဒီက စပြီးပေါ်သွားတာပေါ့..ဒီလောက်တောင် ပေါ့လျော့ရလား လူလူရယ်.. ၊

ဇင့်စိတ်ထဲမှာ ပြောနေမိရင်း သွားပြီဆိုသည့်စကားကိုပဲ ရေရွတ်နေ မိသည်။ ဒီဖုန်းလေးကြောင့် မက်ဆေ့ချ်ပို့တာတွေ ပုံပို့တာတွေ ဘာလုပ် တာ ညာလုပ်တာတွေ သူငယ်ချင်းတွေနဲ့ တစ်ခါတွေ့တိုင်း တစ်ခါတတ်ခဲ့ တာ။ ဖုန်းသိမ်းခံရရင် သွားပြီပေါ့.. ၊

"အဲ့ဒါ ဇင့်ကိုသူသင်ပေးတာ.."

"အံမယ်..မဇင်နော်.."

"သူသင်ပေးတော့ သမီးကမသင်ချင်ဘဲနဲ့လား.."

"မေမေရယ်..ဇင်တို့ကျောင်းတောင်ပြီးကုန်ပြီ၊ အင်တာနက်သုံးတာ လောက်ကတော့.."

"မသုံးရဘူးသမီး..ခုခေတ်ကလေးတွေ အင်တာနက်သုံးပြီးပျက်စီး ကြတာ ဟန့်ဒရက်ပါစန့်ပဲ.."

"ဇင်တို့က နယူးဖိဒ်ပဲကြည့်တာပါ...ဖရန့်ဖြစ်ကြတာကတော့ အင် တာနက်သုံးပြီဆိုတည်းက ပါလာတာပါပဲ.."

"ဟုတ်တယ်..အဲ့ဒါကိုလုံးဝမကြိုက်တာ၊ နယူးဖိဒ်တက်ရှုပဲဆိုတာ ကရော ဘာလဲ..တက်လာတဲ့ပို့စ်တွေမှာ ဘာတွေကိုပညာယူသလဲ၊ ဗဟုသုတရစရာ ဘာတွေပါသလဲ..ဆယ်တစ်နှစ်သားလေးနဲ့ ဆယ့်သုံးနှစ်သမီးညားသွားပြန်ပြီ..မင်းသမီးတွေ ဘယ်သူကဘယ်လိုဝတ်စားထားတာအရှမ်းရှိုင်းတယ်၊ လန်းတယ်..ဒါတွေလား၊ ငါပုံတင်တာ လိုက်ခ်ဘယ်လောက်ရသလဲဆိုတာ ရင်ခုန်ဖို့လား.."

ဇင် ဘာမှမပြောဘဲငြိမ်နေတော့ ဒေါ်မြထွတ်ဦးနေရာမှ ထလျှောက်လာကာ.. ।

"လူငယ်တွေအတွက် အင်တာနက်က ပညာရှာဖို့မဟုတ်ဘူး၊ ရှုသတ်တာပေါ်ပြူလာဖြစ်တယ်လို့ ထင်နေကြတယ်..အသက်မစေ့အရွယ်မရောက်သေးတဲ့ ကလေးတွေပျက်စီးလာကြတယ်..အိမ်ထောင်ရှိတဲ့လူတွေ ဖောက်ပြန်ဖို့အခွင့်အရေးတွေ ရကုန်တယ်..ဘာကောင်းတာရှိလို့လဲ.."

"မကောင်းတာတွေချည်း ထုတ်ကြည့်ရင်တော့.."

"ဘာပြောတယ်ဇင်..သမီးဟိုတယ်လ်မှာ ခြေလှမ်းမှားတဲ့အထိဖြစ်လာတာက ကောင်းကျိုးတစ်ခုလို့ ပြောချင်တာလား.."

ဇင်မျက်နှာလေး ငယ်သွားသည်။

"သူငယ်ချင်းတွေနဲ့ချိန်းပြီး ထင်သလိုသွားလာ မိဘကိုလိမ်ညာပြော..အဲ့ဒီအတတ်တွေက အင်တာနက်ကရတဲ့ ကောင်းကျိုးတရားတွေလား.."

"ဇင်သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ်သွားလာချင်တဲ့ ဗီလင်ကိုပဲလိုချင်တာ..အဲ့ဒါတွေက အထီးကျန်ဆန်မှုကြောင့်ဖြစ်လာတာတွေပါမေမေ၊ ဓာတ်ထွက်ခွင့်ရတုန်း လုပ်လို့ရတာ အကုန်လုပ်မယ်ဆိုပြီး–"

"တော်စမ်း..တော်တော့.."

ဒေါ်မြထွတ်ဦး မကြားရဲသလို လက်ညှိုးထိုးထားရင်း သမီးနားချက်ချင်းရောက်သွား၏။ ပြီးတော့ ခေါင်းကုတ်ပြီး ငုံ့နေသည့်လူလူကို လှည့်ကြည့်ကာ.. ।

"ဖုန်းယူပြီးသွားအိပ်တော့လူလူ..မနက်ကျမှ မင်းအမေနဲ့ကြီးကြီးပြောမယ်.."



"အကုန်လုံးတော့ မပြောလိုက်ပါနဲ့ကြီးကြီးထွတ်ရာ..သားဒီဖုန်းပေးလိုက်ရရင် အားလုံးကုန်ပြီ.."

"သွားအိပ်တော့..သွား.."

ကျေနပ်သည့်အဖြေကိုမရဘဲ လူလူကခေါင်းကုတ်နေရင်း ခပ်လှုပ်လှုပ်ပြန်ဝင်သွားသည်။ ဒီကောင်လေးကို ဂျပန်လွှတ်ပြီး နည်းပညာသင်တန်းတက်ခိုင်းမည်၊ လုပ်ငန်းအားလုံးလွှဲမည်ဟု မိဘကရည်ရွယ်ချက်အကြီးကြီးထားပြီး သွေးစစ်ရင်းအလည်အပတ်လွှတ်ထားတာဖြစ်သည်။ ခုတော့ ဒီကောင်လေးမှာ စီပိုးရှိနေသည်။ မိဘရည်ရွယ်ကတွေ ဘယ်လိုပြီးဆုံးတော့မှာလဲ.. । ဒီကြားထဲ ဖုန်းထဲမှာ ဂိမ်းတွေချည်းဖြစ်နေကာ..।

"ညညလည်း အခန်းထဲတော့ ဝင်သွားတာပဲမကြီးရယ်..တစ်နေ့တခြားပိန်လှီခြောက်ကပ်လာတာတော့ မြင်တဲ့အတိုင်းပဲ၊ ဆေးတွေဘာတွေများ စွဲနေသလားတောင် ထင်ရတယ်.."တဲ့.. ।

မိဘကတော့ သားဖြစ်တဲ့သူ ဂိမ်းကိုက်နေမှန်းမသိရှာ။ သူ့သားလေး ဒီလိုဖြစ်နေရှာတယ်ဆိုပြီး ကိုယ်ကကူညီချင်တာတောင် ကိုယ့်သမီးကပိုဆိုး.. ।

"ပြော..ဆက်ပြောလို့ရပြီဇင်.."

နှစ်ယောက်တည်းကျမှ မျက်နှာချင်းကပ်ပြီး မေးမိကာ ဖြေလာတာကိုလည်း မကြားချင်ဘဲ.. ।

"အခွင့်ရေးရတုန်း အကုန်လုပ်ချင်တယ်ဆိုတာ ဝိုင်သောက်ဖို့ပါသလား..နောက်ထပ်ဓာတ်ဓာတ်ထွက်ပြီး မိဘမသိအောင် သူငယ်ချင်းတွေနဲ့ သွားဦးမှာပဲဆိုတဲ့ ရည်ရွယ်ချက်တွေ ထပ်တိုးပြီးတော့လား..ပြောစမ်းပါ။ သမီးကြောင့် မေမေဘယ်လောက်အရှက်ရခဲ့သလဲ..ခုထိဘာပွဲမှမတက်ရဲတော့ဘဲ လိပ်လိုခေါင်းလျှိုနေရတယ်.."

"အဲ့ဒါ တခြားလူမှမဟုတ်တာမေမေ..ပြီးတော့ ဇင်နဲ့အာဏာသျှန်တားတောင် သေချာမပြောလိုက်ရဘူး၊ တစ်ယောက်နဲ့တစ်ယောက်မကြမှန်းသိတာနဲ့ သူဇင့်ကိုအတင်းဆွဲထုတ်ပစ်တာ.."

"ဒါပေမယ့် သမီးအဲ့လိုလူတိုင်းကိုလိုက်ရှင်းမပြနိုင်ဘူး..သူပြောသွားတဲ့တစ်ခွန်းကသာ သမီးဘဝကို ကြက်ခြေခတ်ခဲ့တာ.."

"အဲ့လောက်ထိမဆိုးရွားသေးပါဘူးမေမေရယ်..တချို့ဆိုရင် အဲ့လို

လူသိရှင်ကြားဖြစ်သွားတာနဲ့ အဲ့နှစ်ယောက်ကိုလက်ထပ်ပေးလိုက်ကြတာ..ခုတော့ ကနုတ်ကိုဆွဲခေါ်သွားတာ မေမေတို့ရော ဘွားတို့ရော တိုင်းကြည့်နေကြတယ်.."

"ဘာ.."

"ခေါ်သွားတာမသိလည်း.."

"ညည်းဘယ်လိုတွေတောင် သိက္ခာမဲ့နေတာလဲဇင်..သမီးဘာတွေ ပြောနေတာလဲ ကိုယ့်ကိုယ်ကိုသိရဲ့လား.."

"သိပါတယ်.."

ဇင်မျက်ဝန်းတွေမှာ သတ္တိတွေလား ရိုင်းစိုင်းတာလား..ဘာမှန်းမသိပေမယ့် မိခင်ကိုသံပြိုင်ပြောဆိုနေရင်း မျက်ဝန်းတို့က တလက်လက် တောက်လာခဲ့လျက်.. ။

"ဇင် အင်တာနက်သုံးမိတဲ့အတွက် အပြစ်ပေးချင်ပေးပါမေမေ..ဒါပေမယ့် အဲ့ဒါကြောင့် ဇင်သူနဲ့ဆုံရတာ၊ သူ့ကြောင့်ပဲ ဇင်အပြင်ကိုခဏခဏခိုးထွက်မိခဲ့တာ.."

ဒေါ်မြထွတ်ဦး ကိုယ့်သမီးကိုမမြင်ဘူးခဲ့သလို စူးစိုက်ငေးနေခဲ့မိသည်။ ပုလဲရဲ့ခင်ပွန်းပြောခဲ့သည်။ 'မမဦးသမီး အာဏာသျှန်ကို စိတ်ဝင်စားနေတယ်'တဲ့..။ ပုလဲပြန်ပြောခဲ့တုန်းက ရှက်လည်းရှက်သည်။ ယုံလည်းမယုံခဲ့ပါ။ ဟိုတယ်လ်မှာတစ်ခါပဲတွေ့ဖူးခဲ့တာကို.. ။

"ဇင်လေး..ညည်းအာဏာသျှန့်ကို သဘောကျနေတာလား.."

ဖြေသံကိုမလိုချင်ပေမယ့် ဘယ်လိုမှမယုံနိုင်စွာ မေးလိုက်မိလျှင်

"ဟုတ်တယ်..သူ့ကိုဇင်အရင်တွေ့ခဲ့တာ၊ သူ့ကိုမြင်မြင်ချင်း မူးမိုက်မတတ် ရူးသွပ်ခဲ့ရတာ..သူပျောက်သွားတော့လည်း တစ်ရက်တစ်နာရီမှ မေ့လို့မရဘူး၊ ရှာနေခဲ့တာက ဇင်ရယ်..သူ့ကိုရသွားတော့ ကနုတ်ရောက၊ အဲ့ဒါဖြစ်သင့်လို့လား.."

"ဇင်လေး.."

ရှက်လွန်းသည့်စိတ်နှင့် ပခုံးနှစ်ဖက်ကို ဆွဲခါပစ်မိကာ.. ။

"ညည်း.."

လက်ကို အားပါးတရလွှဲမြှောက်လိုက်မိလျက်.. ။

"ညည်း..သိက္ခာမဲ့တဲ့မိန်းမ အရှက်မရှိတဲ့မိန်းမ..ညည်းကိုငါဘယ်



လိုမွေးခဲ့မိတာလဲ.."

လက်သည် သမီးမျက်နှာလေးကို စေ့စေ့ကြည့်ရင်း လေထဲမှာပဲ ရပ်တန့်နေခဲ့၏။ သားသမီးဆိုတာ မိဘပုံသွင်းတဲ့အတိုင်း ကြီးပြင်းကြသည်။ မိဘဘိုးဘွားရဲ့ Life Styleအတိုင်း နေထိုင်ကြသည်တဲ့..။ ဒါဆိုဘာလို့လဲ..။ သူမတို့မကြားရဲ မကြားဘူးခဲ့သည့် သိက္ခာမဲ့စကားတွေကို ကိုယ့်သမီးက ရဲရဲတောက်ပြောထွက်နေသည်။ ထိုမျှနှင့်လည်း မပြီးသေးဘဲ.. ။

"မေမေရိုက်ချင်လည်းရိုက်ပေါ့..ဇင်မသိတော့ဘူး၊ ကနုတ်ကိုလည်း မကျေနပ်ဘူး..ဘွားဘွားကိုလည်း မုန်းတယ်.."

ဘုရား..ဘုရား.. ။

"ဇင့်ကျမှ ဘာဖြစ်လို့ ဒီလိုပိတ်လှောင်ခံရတဲ့ ဘဝဖြစ်ရတာလဲ..သူနဲ့ဟိုတယ်လ်မှာ အတူရှိခဲ့တာက ဇင်ရယ်လေ၊ ဇင်နဲ့ပဲလက်ထပ်ရမှာ မဟုတ်ဘူးလား..ဘာဖြစ်လို့ကနုတ်ဖြစ်ရတာလဲ၊ ကနုတ်ကိုပြန်မခေါ်ဘဲ ဘာဖြစ်လို့ သူနဲ့အတူတူနေခွင့်ပေးရတာလဲ.."

ပြောနေရင်း စကားသံတွေက ကျယ်လာသည်။ မျက်ရည်တွေပါ ကျလာခဲ့လျက်.. ။

"ဇင်ကတော့ နာမည်ပျက်ကြီးနဲ့နေခဲ့ရပြီး..ကနုတ်ကသူ့ကိုရသွားတယ်၊ တကယ်ဆို အာဏာသျှန်က ဇင်နဲ့ပဲ.."

"ဒီလောက်တောင်..ကဲ.."

ဒေါ်မြတ်ထွတ်ဦး နောက်ထပ်တစ်ခါလွှဲရိုက်လိုက်သည့်လက်သည် အထိန်းအကွပ်မဲ့သွားပြီဖြစ်လျက် ရှက်စိတ်ကြောင့် ဘာမှလည်း မမြင်တော့ပေ။ သို့သော် သူမရဲ့လက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲထားလိုက်ပြီး.. ။

"အချိန်လည်းမရှိတော့ဘူးမဦး..ကြားလို့မကောင်းဘူး.."

ဦးအောင်သိန်းမျက်နှာက မီးရောင်အောက်မှာ နီရဲနေသည်။ သမီးကို တစ်ချက်ပဲကြည့်ပြီး ဇနီးသည်ဘက်ပြန်လှည့်ကာ.. ။

"မင်းကိုကိုယ်ပြောသားပဲ..မင့်သမီးပုလဲတို့အိမ်သွားလည်မယ်ဆိုတာတွေက ပုံမှန်မဟုတ်ပါဘူးဆိုတာ.."

ကိုယ့်သားသမီး ဘယ်သွားမယ် ဘာလုပ်နေတယ်ဆိုတာတွေ တ

ခြားလူဆီမှာ မခံ့စမ်းသင့်ဘူးလို့ သူတို့တွက်ခဲ့သည်။ ဒါကြောင့်ပဲ ကိုယ့် ကလေးကိုယုံကြည်ပါရစေလို့ တဖွဖွသတိပေးနေခဲ့၏။ စိတ်ချပါမေမေ လို့လည်း ကတိပြန်ရခဲ့ပေမယ့်.. ။

"ကျွန်မတို့မှားခဲ့တာလား..ကျွန်မတို့တန်ဖိုးထားခဲ့တဲ့ ဂုဏ်သိက္ခာ ဂုဏ်သိက္ခာအတွက် ကျွန်မတို့ကြိုးပမ်းနေကြတာတွေ မှားယွင်းနေတာ လား.."

ဒေါ်မြထွတ်ဦး ကိုယ့်ယောကျ်ားမျက်နှာကိုတောင် မကြည့်ဝံ့ဘဲ လက်နှစ်ဖက်စုံချလိုက်ပြီး မျက်ရည်ပေါက်ပေါက်ကျ၏။ ဦးအောင်သိန်း အားလုံးကြားပြီးမြင်ပြီးခဲ့သည်မို့ သမီးဆီအကြည့်မရောက်ဘဲ မျက်နှာ ငှဲ၍.. ။

"သွားအိပ်ချေတော့.."

ဇင်ကလည်း ဆံပင်တွေဝေ့ခနဲခါထွက်ကုန်အောင် လှည့်ထွက် သွား၏။ သမီးသွားပြီဆိုမှ ဦးအောင်သိန်း သူမရဲ့ကျောပြင်ဆီ လှမ်းကြည့် လိုက်ရင်း.. ။

"ငါတို့က မီးစကိုဝှမ်းထုပ်ထဲ ထည့်သိမ်းမိတာ.."

ဟု တီးတိုးရေရွတ်၏။

## အခန်း(၃၇)

"ဟလို.."

"..............."

"ဘာသတင်းမှမရဘူး.."

"..............."

"ရပါတယ်ကွာ..ငါအိမ်ပြန်ရောက်နေပြီ၊ ကျေးဇူးပဲပေါ့ကောင်.. မင်းလည်းနားလေ.."

"..............."

"ဖေဖေ့ဆီမသွားဘူးဆိုတာ ငါသိတယ်.."

ဖုန်းပြောရင်း အပေါ်ကိုတက်လာခဲ့လျှင် တံခါးရှေ့ရောက်တော့ အတွင်းထဲမှာ ကနုတ်ရောင်က ဖိနပ်ချွတ်အဆင့်မှာ ငုတ်တုတ်လေးထိုင် နေလျက် ဘေးမှာဟာကျူလီက ဝိုးလ်ချဲမပါဘဲ ထိုင်နေ၏။ သူ့ကိုမြင် တာနှင့် ကမန်းကတန်းထရပ်ပြီး.. ။

"အန်တီရော.."

သူဘာမှမဖြေဘဲ ဒီတိုင်းဝင်လာခဲ့သည်။ အငယ်က ရေချိုးခန်းသုံး သည့် တဘက်ကြီးကို ပခုံးမှာဆွဲခြုံထားကာ သူ့နောက်ပြန်ပါလာရင်း..

"ကနုတ်ဘာမှမစားရသေးဘူး.."

သျှန်ခြေလှမ်းတုံ့သွားသည်။ အချိန်က ညဆယ်နာရီခွဲနေပြီ..

"ဦးအာဏာသျှန် ဘာစားပြီးပြီလဲဟင်..ဘာမှမစားတော့ဘူးလား."

သူဘာမှမဖြေဘဲ ဒီတိုင်းဆက်လျှောက်သွားလျှင် သူမလည်းဆက်ပါလာကာ.. ।

"ကော်ဖီဘယ်လိုဖျော်ရတာလဲ..ကနုတ့်ကိုဖျော်ပြပါလား.."

ဒီတစ်ခါ ခြေလှမ်းတုံ့ခြင်းသည် သူမဘက်ကိုပါ ဖျတ်ခနဲလှည့်လိုက်မိလျက်.. ।

"ခင်ဗျားကိုကျုပ်က ကော်ဖီဖျော်တိုက်ရမယ်.."

"ဟင့်အင်း..ဖျော်ပြ အဲ..ဖျော်တဲ့ပုံ၊ ဟိုလေ..အဲ့ဒါ ကနုတ်မဖျော်တတ်လို့ပါ.."

"နေစမ်းပါဦး..မေမေရှိနေတုန်းကတော့ မင်းကိုမေမေပဲဝတ်ကြီးဝတ်ငယ်ပြုစုနေရတာပေါ့.."

"မဟုတ်ပါဘူး.."

"ဒါဆိုကော်ဖီဘယ်လိုသောက်နေသလဲ.."

"အန့်တီဖျော်ပေးတာ.."

"ကနုတ်ရောင်.."

သူအော်လိုက်တာနှင့် ကနုတ်ခြေလှမ်းလေးဆုတ်သွား၏။ ပြီးတော့ မျက်လုံးအဝိုင်းသားနှင့်.. ।

"မင်းဘယ်လိုဟာလေးလဲ..ဘာဖြစ်လို့ ဒီလောက်တောင်ဖောက်မှန်းကမ်းမှန်းမသိ ပြောဆိုနေတာလဲ၊ ငါကိုင်ပေါက်မိတော့မယ်..မင်း.."

တကယ်ကိုင်ပေါက်တော့မလို သူတိုးမိတော့ အလန့်တကြားနောက်ဆုတ်ကာ.. ।

"အန့်တီ့ကိုကနုတ်ဘာမှမခိုင်းပါဘူး..အန့်တီက ကနုတ့်ကိုညီသည်လို သဘောနဲ့လုပ်ကိုင်ပေးတာပါ၊ ကနုတ်ဘာမှမလုပ်တတ်လို့တဲ့ မလုပ်တတ်ဘဲလျှောက်လုပ်ရင် ပစ္စည်းလေလောင်းတယ်တဲ့.."

တဲ့ပေါင်းများစွာနှင့် ရှင်းပြနေရင်း မျက်ရည်တွေဝေ့ဝဲလာသည်။ ပြီးတော့ ခြုံထားသည့်စောင်ကို တင်းတင်းဆွဲပတ်လိုက်ပြီး ခေါင်းလေးငုံ့၍ သူ့ရှေ့ကထွက်သွား၏။



ဟား.. ।

စိတ်ပျက်ညစ်ညူးစွာ လေပူတစ်ချက်နှင့် ဆံပင်တွေထဲလက်ထည့်ဖွရင်း နေရာမှာပဲရပ်နေမိသည်။ သူဘာလုပ်နေတာလဲ..ရှေ့တိုးနေတာလား..ဒီတိုင်းရပ်နေတာလား..။ ဘာဖြစ်ဖြစ် ရှေ့ဆက်ရမှာလား..ဖြစ်နေဆဲအခြေအနေမှာ ရှင်းလင်းဖို့ကြိုးစားရမှာလား.. ।

မေမေ့ကိုအပြစ်မတင်ရက်ပေမယ့် အင်တိုက်အားတိုက်ကြိုးပမ်းနေသည့် သူ့ခေါင်းထဲက ပရိုဂရမ်တွေ ကစဉ့်ကလျားဖြစ်နေရခြင်းမှာ စိတ်ပျက်ခြင်းက ယိမ်းယိုင်လာသည်။ ငါမှန်တယ်လို့ လက်မထောင်ထားခဲ့ပေမယ့် မေမေ့မျက်စောင်းတစ်ချက်မှာ သူ့ယုံကြည်မှုတွေ လျော့ရိလျော့ရဲဖြစ်ကုန်၏။ လိုနေတာက မေမေ့ဆီက အားပေးမည့်ခွန်အားလေးတစ်ရပ်.. ।

"ကဲ..မင်းကလည်းတစ်မျိုးကွာ၊ ခွေးစာတောင်မကျွေးတတ်တဲ့ မိန်းမနဲ့ကျန်ခဲ့တော့ မင်းငတ်တာလည်း မဆန်းဘူး.."

ဟာကျူလီအတွက် သူပဲထမင်းစားခန်းထဲ ဝင်ခဲ့ရသည်။ ဟိုနေ့တွေက မေမေဘယ်လိုကျွေးနေသည်မသိပေမယ့် ဟာကျူလို့အတွက်ဆောင်ရန်ရှောင်ရန်တွေကို ဆရာဝန်ပြောပြတဲ့အတိုင်း မေမေ့ကိုပြောခဲ့တာမို့ သိသည်။

"အေး..ခုထိထမင်းမစားရသေးဘူးဆိုတော့ စားရမှာပေါ့၊ အချိန်မတော်စားပြီး စည်းမရှိကမ်းမရှိနောက်ဖေးသွားရင်တော့ မင်းနာပြီ.."

ဟန်ကြီးပန်ကြီး ကြိမ်းမောင်းပြီး အိုးခွက်ပန်းကန်တွေကို လှန်လှောကြည့်တော့ ဘာမှမရှိ။ မနက်က ချက်ထားသည့် ထမင်းအကျန်ကချေးကျနေပြီဖြစ်ကာ ဟင်းအိုးတွေကလည်း ဆေးကြောထားတာ အထပ်လိုက်။ ထမင်းအုပ်ဆောင်းသွားဖွင့်ကြည့်တော့လည်း ဘာမှမရှိ။ အိမ်မှာထမင်းကျန်ဟင်းကျန်မရှိရအောင် မေမေအထူးဂရုစိုက်တတ်တာ သတိရမိသည်။ ထို့ပြင် မနက်တစ်မျိုးညတစ်မျိုး ပူပူနွေးနွေးချက်ခြင်းဖြင့် ခံတွင်းမြိန်စေသည့်ပြင် ကျန်းမာရေးနဲ့လည်း ညီညွတ်သည့်အကြောင်း..

"ဟုတ်ပါတယ်..အဲ့ဒါတွေ မင်းထက်ဘယ်သူမှမသိဘူး၊ မင်းကခေါင်းထဲကမှမထွက်တာ..ကိုယ်ယောကျ်ားအကြောင်းကို သိချင်မှသိမယ်ခေါင်းချောင်ကိစ္စဆိုရင် ထမင်းဘာဝမရောက်ခင် ဆန်ဘယ်လိုရလာသလဲ

မင်းသိတယ်..ကြက်သားဟင်းမဖြစ်ခင် ကြက်ဘယ်လိုဥဖြစ်သလဲလည်း မင်းသိတာပဲ၊ မယ်တတ်ပကြီး..”

အေအေဆို မေမေ့ရဲ့ကျွမ်းကျင်သိတတ်မှုမှန်သမျှအပေါ် ဘယ်တုန်းကမှလည်း ကျေနပ်ဂုဏ်ယူသည်မရှိခဲ့ပါ။ ဒါ့အပြင် လက်ရှိအခြေအနေအရ မေမေ့ကိုရိုးဖဲ့ပြောဆိုနိုင်ဖို့ ပြကွက်ကောင်းတွေလည်းဖြစ်ခဲ့လေသည်။ သျှန် သက်ပြင်းချလိုက်ရင်း တမော့မော့နှင့် မျှော်နေသည့်ဟာကျူလို့ကို ငုံ့ကြည့်မိ၏။ ပြီးတော့ အနားမှာထိုင်ချလိုက်ပြီး ပွတ်သပ်ပေးမိကာ.. ၊

“ဆောရီးကွာ..မင်းကိုကျွေးစရာ ဘာမှမရှိတော့ဘူး၊ ဒါပေမယ့် မပူပါနဲ့..လမ်းထိပ်မှာ မင်းကိုပေါက်စီဝယ်ကျွေးမယ်..လာ သွားရအောင်”

တံခါးပြန်ပိတ်ခဲ့ပြီး လမ်းထိပ်ထွက်ခဲ့ကြပေမယ့် ပေါက်စီသည်လည်းမရှိတော့ပေ။ သူပြန်လာတုန်းကတောင် အငွေ့တထောင်းထောင်းနှင့် တွေ့ခဲ့သေးသည်။ နောက်ဆုံးကြက်ကြော်ဆိုင်ပတ်ရှာပြီး ဆိုင်ရှေ့မှာပဲ ဟာကျူလီဝအောင် ကျွေးပစ်လိုက်သည်။ ကနတ်ကိုဖျတ်ခနဲသတိရပေမယ့် မေမေကတောင် ကော်ဖီဖျော်တိုက်နေရသည့်အဖြစ်ကို တွေးတော့ စေတနာပျက်၏။ မိန်းကလေးဖြစ်ပြီး မချက်မပြုတ်တတ်လို့ငေါက်တာ သနားစရာမရှိ.. ၊

“ဘာထိုင်လုပ်နေတာလဲဒီမှာ..”

ပထမတစ်ခေါက်ပြန်လာတုန်းကအတိုင်း တဘက်ခြုံလျက် ငုတ်တုတ်လေးရှိနေကာ သူအသံပေးလိုက်ပေမယ့် တုတ်တုတ်မှမလှုပ်။ တံခါးဖွင့်ဝင်သွားပြီး သူမမျက်နှာကို ဟာကျူလီကလျှက်တော့မှ.. ၊

“အာ..မလုပ်နဲ့၊ ဟာကျူလီ..”

အာလေးလျှာလေးသံနှင့်ဆိုရင်း မျက်နှာငဲ့ရှောင်၏။ လက်လေးထွက်လာပြီး ကာနေရင်း.. ၊

“ဟင်..ပြန်လာပြီလား၊ ဦးအာဏာသျှန်..”

သျှန်ကအထဲဝင်သွားပြီမို့ သူမလည်ပင်းလေးလိမ်အောင် လိုက်ကြည့်သည်။ ပြီးတော့ နောက်ကနေထလိုက်လာကာ.. ၊

“ဦးအာဏာသျှန် ပြန်ထွက်သွားဦးမှာလားဟင်..”

သျှန်ကမဖြေ။ သူလည်းအပြင်မှာ စားသောက်တတ်သည့်အကျင့်



မရှိတာကြောင့် ပြန်လာတာနှင့် ဆီးကြိုပြင်ဆင်ကျွေးမည့်သူမရှိတော့ ဗိုက်ထဲကမြည်သံပေးနေပြီဖြစ်သည်။ ထို့ကြောင့် ဆာနေတော့လည်း ဒေါသကပါလာ၏။ ဘာမေးမေး ပြန်ဖြေဖို့အစီအစဉ်မရှိသော်လည်း..၊

“ဒီတစ်ခါပြန်ထွက်မသွားနဲ့နော်..ကနတ်တစ်ယောက်တည်းမနေရဲလို့..”

စကားဆုံးသည်နှင့် မျက်လုံးထဲမှာမြင်လိုက်သည့်အရိပ်က မုံခနဲ ခွေကျသွားလျှင် သူလှည့်ကြည့်လိုက်မိသည်။

“ဘာဖြစ်တာလဲ..ဟိတ်..”

သျှန်ပြန်လှည့်သွားပြီး မျက်နှာပေါ်အုပ်ကွယ်လုလုတဘက်ကိုဆွဲဖယ်လိုက်သည်။ ပြီးတော့ ပါးကိုပုတ်နှိုးလိုက်ရင်း.. ၊

“ဟိတ်..မင်း..”

ပူခြစ်တောက်နေသည့်အသားနဲ့ ထိလိုက်ရကာ ထိတ်ခနဲဖြစ်သွား၏။ သွားပြန်ပြီ..။ ဒီညသူ့အတွက် ပြဿနာပါလား.. ၊

ဖုန်းထုတ်ယူလိုက်ရင်း တက်ခေါက်မိလျက်.. ၊

## အခန်း(၃၈)

"ခါးတွေအရမ်းကိုက်တယ်..ပြီးတော့ အား.."

"ဒီကကိုက်လား.."

"အောင့်တယ်..အား.."

ဆရာဝန်စမ်းသပ်ချက်တွေကိုမြင်ကာ သျှန်အခန်းပြင်ထွက်လာခဲ့မိသည်။ သူမညည်းညူနေသည့်အသံကြောင့် အခြေအနေဒီလောက်ဆိုးနေသလားလို့တွေးရင်း အံ့လည်းအံ့သြမိ၏။ သူမတဘက်ခြံထားပေမယ့် ခုနထွက်မသွားခင်အထိ အကောင်းအတိုင်းပဲ။ မေမေသာရှိလျှင် ဘယ်လောက်ထိသူ့ကိုအပြစ်တင်ဦးမလဲ..၊ ခုနကတင် သူမကိုကိုင်ပေါက်ချင်စိတ်တွေ ဖြစ်သွားခဲ့တာ အတော်ချုပ်တီးလိုက်ရသေးသည်။

"ညီလေးက လူနာရဲ့အစ်ကိုလား.."

"ဗျာ.."

တစ်ယောက်တည်းတွေးနေတုန်း ဆရာဝန်ထွက်လာကာ.. ၊

"ဟုတ်ကဲ့..ဘာဖြစ်တာလဲဆရာ.."

"မိန်းကလေးသဘာဝပါ.."

"ဆေးနှစ်လုံးထိုးပေးခဲ့တယ်..သောက်ဆေးလည်း တိုက်ထားတယ်



ဖြစ်နေတုန်းအအေးပတ်သွားတာဖြစ်မယ်..ဒါမျိုးက မိန်းကလေးတွေရဲ့အသက်ပဲကွ အရေးကြီးတယ်..တကယ်လို့ သူပြန်အောင့်နေရင် ဆေးတစ်ခွက်ထပ်တိုက်လိုက်ပါ၊ အဲ့ဒါမှမသက်သာရင်တော့ ဆေးရုံတင်ရလိမ့်မယ်..နောက်မကျပါစေနဲ့၊ အရေးကြီးလို့ပြောတာ.."

"ဟုတ်ကဲ့ပါ.."

ဒီညအတွက် သူအိပ်ရပါဦးမလား..။ နာရီကြည့်တော့ ဆယ့်နှစ်နာရီကျော်နေပြီဖြစ်ကာ သူမဆီကညည်းသံတိတ်သွားပါစေလို့ ဆုတောင်းနေရင်း ငုတ်တုတ်ထိုင်နေရသည့်အဖြစ်။ သူမရဲ့အခန်းရှေ့မှာ ခရင်းဘက်ဒ်နှင့်လှဲနေရင်း စီးကရက်ထုတ်မီးညှိသည်။ ဟာကျူလီကတော့ အထဲဝင်သွားပြီး သူမရဲ့ခုတင်ခြေရင်းကြမ်းပေါ်မှာ ဒီတိုင်းခွေအိပ်နေ၏။ စီးကရက်တစ်လိပ်ကုန်ခါနီးတော့ အထဲဝင်သွားပြီး သူမကိုကြည့်မိခဲ့.. ၊

"အား..ကျွတ် ကျွတ်.."

တိုက်တိုက်ဆိုင်ဆိုင် သူမမျက်နှာလေးမဲ့သွားပြီး လူးလူးလွန့်လွန့်ဖြစ်လာ၏။ ပြီးတော့ မျက်လုံးပွင့်လာကာ.. ၊

"ဟင်..ဦးအာဏာသျှန်.."

"မထနဲ့..မင်းဖျားနေတာ.."

"မဖျားပါဘူး..ကနုတ်အဲ့လိုဖြစ်ဖူးတယ်.."

ပြောရင်း လှဲနေရာကနေ အတင်းထထိုင်၏။ ပြီးတော့.. ၊

"အန်တီပြန်မလာဘူးလားဟင်.."

"ဘာလုပ်မလို့ဒါပဲမေးနေတာလဲ..သက်သာပြီဆိုရင်လည်း ပြန်အိပ်.."

"ဦးအာဏာသျှန်.."

သူလှည့်ထွက်သွားတော့ ကမန်းကတန်းလှမ်းခေါ်၏။ သူမကခုတင်ပေါ်ကနေ ခြေချထိုက်လျက်လေးဖြစ်နေခဲ့ပြီး.. ၊

"ဦးအာဏာသျှန် ဘာထွက်စားတာလဲဟင်.."

သူမဖြေဘဲ မျက်မှောင်ကုတ်သွားသည်။ သူမဗိုက်ဆာနေလို့ ဒါဝဲနေတာလား.. ၊ ခက်သည်က အိမ်မှာဘာမှမရှိ။ သူလည်းဘာမှဝယ်လာခဲ့..

"ဘာထလုပ်မလို့လဲ..အိမ်မှာဘာမှမရှိဘူး၊ သန်းခေါင်ကျော်နေပြီ..ဗိုက်ဆာနေလည်း မနက်ကျမှရမယ်.."

"အိုဗာတင်းဖြစ်ဖြစ်သောက်ချင်လို့..ကနုတ်ဗိုက်အရမ်းဆာနေရင် အိပ်မရဘူး.."

ပြောပြီး နေရာမှထရပ်သည်။ ပြီးတော့ ကိုယ်ကိုစောင်နဲ့ဆွဲပတ်ပြန်၏။ ဒီတစ်ခါ သျှန်မျက်လုံးပြူးသွားသည်။ စောင်နဲ့ပတ်ပြန်တာက အဖျားရှိနေသေးတဲ့သဘော။ သူမကလည်း သိပုံပေါ်၏။ စောင်နဲ့ပတ်ပြီးမှ မလုံမလဲပြန်ကြည့်ကာ.. ၊

"ချမ်းလို့မဟုတ်ပါဘူး.."

မပွင့်တပွင့်ဖြေပြီး သူ့နောက်ကလိုက်လာသည်။ ပြီးတော့ သူကျော်ကာ ကော်ဖီမှုန့်တွေအိုဗာတင်းတွေရှိသည့်နေရာ သူမဘာသာသွားပြီး အိုဗာတင်းပုလင်းကိုဆွဲချ၏။ သျှန်မီးဖိုခန်းရှေ့ကနေ ရပ်ကြည့်နေတာကို သူမမသိ။ ကိတ်ခြောက်နှစ်ချပ်ယူထည့်သည်။ ပြီးမှ အိုဗာတင်းထည့်ထားသည့် ကြွေခွက်ကိုယူ၍ ရေခဲသေတ္တာထဲက ရေတစ်ဗူးထုတ်ယူလိုက်ပြီး.. ၊

"ဟိတ်..ဘာလုပ်တာလဲ၊ အဲ့ဒါနဲ့ဖျော်ရတာမဟုတ်ဘူး.."

လှမ်းအော်တားရင်း သူဝင်သွားမိကာ.. ၊

"ဒီလောက်လေးတောင် မင်းနားမလည်ဘူးလား..ရေခဲနဲ့ဘယ်ဖျော်မလဲ.."

"ရေနွေးမှမရှိတာ.."

"မရှိရင်တည်ပေါ့.."

သူမမီးဖိုလည်း မကိုင်တတ်ပါဘူးလို့ ထပ်မပြောရဲတော့ဘဲ မျက်လုံးတစ်နေရာရွေ့သွားတာနှင့် ရေတွေထည့်ချပစ်လိုက်သည်။

"ဟာ..မင်း.."

"ဟင့်အင်း..ကနုတ်ဒီတိုင်းပဲသောက်တတ်တယ်.."

သူမ ခြေလှမ်းသုံးလှမ်းလောက်ဆုတ်သွားရင်း ဇွန်းလေးနဲ့မွှေကာ ဒီတိုင်းပေါ်လောဖြစ်နေသည့် အိုဗာတင်းအမှုန့်တွေကို မရမကမွှေနေ၏။ ထိုစဉ် သူမလက်လေးတွေ တုန်ယင်နေတာကို သတိထားမိ၏။ ထို့ပြင် ကိတ်မုန့်ကိုလှမ်းယူတော့ လက်တုန်ပြီး ပြန်ပြုတ်ကျ



ပထမတစ်ချပ်သည် ကြမ်းပြင်ပေါ်တစ်ချက်တည်း ဒိုင်ဗင်ထိုးဆင်းသွားကာ နောက်တစ်ချပ်ကျမှ ပါးစပ်ထဲရောက်လေသည်။

ဒီမိန်းကလေး တကယ်ကိုဘာမှမလုပ်တတ်တာလား..။ တာဝတိံသာကသူဌေးသမီးဆိုသည့်မာနနှင့် မေမေ့ကိုအနိုင်ယူပြချင်လို့ တမင်လုပ်နေတာ မဟုတ်ဘူးလား..။ သူမပုံစံမှာ ဟန်ဆောင်မာယာမရှိပေမယ့် မိန်းမတစ်ယောက်က ဒီလောက်ထိမသိနားမလည်ခြင်းတွေ ပြည့်နှက်နေတယ်ဆိုတာကို လက်မခံချင်။ မေမေလေးလည်း 'မိုးထိ'စံအိမ်က သူဌေးပါပဲ။ အလုပ်သမားရှိလို့ အလုပ်သမားကိုပဲခိုင်းနေပေမယ့် မီးဖိုချောင်ဖြစ်ဖြစ် ဘယ်ကိစ္စမဆို မသိတာလည်းမရှိ။ မတတ်တာလည်း မရှိ။ ခေါင်းထဲမှာ မေးခွန်းတွေ လျှပ်စီးလက်သလိုဝင်လာခဲ့လျက် သူမအိုဗာတင်းတစ်ခွက်လုံး သောက်လို့ကုန်တဲ့အထိ ဒီတိုင်းရပ်ကြည့်နေမိသည်။

"ဦးအာဏာသျှန် သောက်ချင်လို့လားဟင်.."

"မသောက်ဘူး.."

ဒါပဲပြောပြီး သူလှည့်ထွက်လာခဲ့သည်။ ဆံရာဝန်ပြောတော့ သေလောက်တဲ့ဝေဒနာခံနေရသလိုလို။ ခုကျတော့ စားချင်သောက်ချင်လို့ ဘီးလူးစီးနေတဲ့အတိုင်း.. ၊

နောက်မကျပါစေနဲ့ဆိုတာ အချိန်မီကျွေးဖို့လား.. ၊

☎

## အခန်း(၃၉)

ရှာနေသူက မတွေ့နိုင်သော်လည်း မတွေ့ချင်တဲ့သူကတော့ မတွေ့ချင်မြင်လျက်သားဆိုသည့်အတိုင်း ကုမ္ပဏီအပေါ်ဆုံးထပ်မှာ အထူးအစည်းအဝေးပြီးလို့ တစ်ယောက်တည်းကျန်ခဲ့သည့် ဦးနေမင်းသစ်မရှုနိုင်မကယ်နိုင် ရင်နင့်နေခဲ့လျက်.. ။

"ကျွတ်.."

ထိပ်ဆုံးခုံမှာထိုင်နေရင်း ဖျတ်ခနဲထရပ်သည်။ ပြီးတော့ မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ဖိပွတ်ရင်း ထိုလက်နှစ်ဖက်သည် စားပွဲပေါ်မှာပြန်ထောက်လျက် ခပ်ငုံ့ငုံ့ငြိမ်နေရင်း အကြာကြီးစဉ်းစားသည်။

"နိုင်ငံခြားကုမ္ပဏီနဲ့ချိတ်ပြီး လုပ်ထားတာ..လေယာဉ်ဒီဇိုင်းကိုသူပဲဆွဲတာ၊ ကျွန်တော်တို့သဘောကျသွားတာ သူ့အိုင်ဒီယာပဲ..လုပ်ရဲတယ်ဖြစ်အောင်လုပ်တယ်..အဆုံးသတ်နိုင်တယ်.."

"ကျွန်းပေါ်မှာ လေယာဉ်ရပ်နားဖို့ ပရိုဂရမ်ရေးတည်းက သူ့လေယာဉ်ဘယ်လိုထည့်မယ်ဆိုတာ တစ်ခါတည်းအိပ်ဇက်လုပ်ထားတာ..ပြေးလမ်းအရှည်မလိုဘူး၊ အင်ဂျင်သံညက်တယ်..အင်ဂျင်မှာ ပြဿနာတစ်ခုခုရှိရင်စက်နှိုးတည်းက ဆစ်ဂနယ်ပြတဲ့ဖန်ရှင်လည်းပါသေးတယ်"



"ဟုတ်တယ်ဗျာ..ကျွန်တော်တို့ကတော့ အနီးအပါးပဲခေါက်တိုပြေးမယ့် အပျော်စီးလေယာဉ်လို့ကို မမြင်ဘူး..စကျူရတီအတွက်လည်း နိုင်တီပါစနဲ့စိတ်ချရမယ်ဆိုတာ ယုံတယ်၊ လုပ်ငန်းတစ်ခုလုံး အောင်မြင်ဖို့အတွက် ဒီလေယာဉ်ပရောဂျက် အောင်မြင်ဖို့ကမိန်းပဲ.."

ပြောသွားကြတာတွေ ပြန်တွေးရင်း ရွှေးပြန်လာသည်။ ညှိုသည်တွေရှေ့မှာ တည်တည်ခံ့ခံ့နေရသည့် တစ်နေ့တာကုန်ဆုံးခြင်းတို့သည် တစ်ယောက်တည်းနေရတော့လည်း လွတ်လပ်ပျော်ရွှင်ခြင်းကို မဖြစ်ဘဲရှိ၏။ ခပ်တုံးတုံးအခိုင်းအစေမိန်းမနဲ့ လွတ်လပ်ခြင်းမှာ အားကျနေခဲ့တဲ့ဒီအဖေကမွေးတဲ့သား.. ။ ဒီကောင်လေးဘယ်လိုကြောင့် ထိုးထွင်းသိတတ်လွန်းနေတာလဲ..။ ကိုယ့်မျက်စိအောက်မှာရှိနေတုန်းက ဒီထိသူ့ဘာမှမသိခဲ့ရတာ အမှန်.. ။

"သူတို့ဂရု(ပ်)က အရမ်းပါဖက်ဖြစ်တယ်..အာဏာသျှန်က ခေါင်းဆောင်ပီသတယ်၊ ကျွန်တော်တို့ကလူကြီးတွေပေမယ့် သူတို့လိုလူငယ်လေးတွေကို ဦးဆောင်ခွင့်ပေးလိုက်ရတဲ့အတွက် ဂုဏ်သိမ်တယ်မထင်ပါဘူးဗျာ..လူငယ်တွေခေါင်းဆောင်ကောင်းဖြစ်လာမှ တိုင်းပြည်တိုးတက်မှာမို့လား.."

ကိုယ့်သားမို့ ဂုဏ်ယူမိသည်။ ပီတိတွေလည်းဖြစ်ရသည်၊ သူ့အဖေဖြစ်ရသည့်အတွက် မော်လိုက်ရတဲ့မျက်နှာ။ ရင်ဘက်ထဲမှာတော့ မီးငြင်းတိုက်ထားတဲ့ ဒယ်အိုးထဲကပုစွန်ဆိတ်လို။ ပုစွန်ဆိတ်လို ချက်ချင်းမသေသော်ငြား.. ။

"ကျွန်တော်တို့ကို လေယာဉ်ပရောဂျက်နဲ့ပတ်သက်တာတွေ ပရဓန်တေးရှိုင်းလုပ်ပေးမယ်လို့ ကြားထားလို့ ဒီရက်ပိုင်းအရောက်လာခဲ့တာ.."

"ဟုတ်တယ်..ကျွန်တော့်အတွင်းရေးမှူးတောင် ထားခဲ့ရတယ်၊ ဟိုမှာအလုပ်ကိစ္စဖြတ်လို့မရတာတွေ ရှိနေတာနဲ့.."

"ကိုအံ့နဲ့ကျွန်တော်တို့ အတူပြန်မယ်လေ.."

"ဒါဆို ကျွန်တော်တို့ကို ပရောဂျက်အတွက် ပရဓန်တေးရှိုင်းဘယ်တော့လုပ်မလဲဦးနေမင်းသစ်.."တဲ့.. ။

ခေါင်းကြီးခဲ့ရတာ ဒီမေးခွန်းကြောင့်ဖြစ်သည်။ လေယာဉ်ပရိုဂရမ်

အားလုံးသိနေကာမှ ဘာအတွက်ပရစနိတေးရှိင်းလဲ..။ ဦးနေမင်းသစ် နောက်ထပ် ကျွတ်ခနဲဖြစ်သွားမိကာ ဖုန်းခေါ်လိုက်ရင်း.. ၊

"အောင်နိုင်..အေး မင်းပဲဘာမဆိုဖြေနိုင်နေတော့ ငါမင်းကိုပဲမေးရမှာပဲ.."

"ကျွန်တော်ဒီနေ့ မေမေ့မွေးနေ့ရှိလို့ အလုပ်နားတယ်လေ.."

"ဟုတ်လား..မင်းအောက်ထပ်မှာရှိတယ် မှတ်နေတာ၊ ကျွတ်.."

"ရပါတယ်..သူဌေးမေးပါ၊ ကျွန်တော်အားပါတယ်.."

"ဒီတိုင်းမေးလို့မရဘူး..မင်းလည်းအလုပ်ထဲရောက်မှဖြေနိုင်မှာ၊ ငါ သားကွန်ပျူတာထဲက လေယာဉ်ပရော့ဂျက်ဖိုင်ကို ဖွင့်မရဘူးဖြစ်နေလို့ အဲ့ဒါသူ့လက်ဗွေနဲ့များလား..ကုတ်ဒ်နဲ့ပဲဆိုရင်တော့.."

"ဟုတ်ကဲ့..ကျွန်တော်သိလားမသိဘူး၊ ခဏလေးပဲစောင့်ပေးပါ..ကျွန်တော်ပြန်ဆက်မယ်နော်.."

ဘာလဲ..ချက်ချင်းတောင်ပြန်ဖြေမယ့်ပုံပါလား.. ၊

သားဆီကို လှမ်းမေးမှာများလား..။ ဒါမဖြစ်နိုင်ဘူး ဒီလိုမလုပ်ရဘူးလို့ ငါသေချာမှာထားတာပဲ..။ ဒါဆို သားနဲ့ပတ်သက်တဲ့လုပ်ငန်းမှုသမျှ ကုမ္ပဏီအထွေထွေမန်နေဂျာတစ်ယောက်က ဘာဖြစ်လို့ဒီလောက်တောင်သိနေရတာလဲ..။ သိတာတွေများလာတော့ တွေးစရာတွေ ရှိလာသည်။ တွေးဖို့သတိရလာတာနှင့် သံသယဖြစ်ဖွယ်တွေ ပလုံစီပေါ်လာခဲ့သည်။ ဒါပေမယ့် သျှန်ကအပေါင်းအသင်းဆုံသည်။ သူလုပ်သမျှ ရှုငယ်ဆန်လွန်းသဖြင့် အစပိုင်းတုန်းကဆို စီးပွားရေးလုပ်နေတာလားအပေါင်းအသင်းများအောင် ငွေတွေသုံးနေတာလားလို့တောင် ထင်မိတဲ့အထိ။ ဒီအကျင့်က စီးပွားရေးလောကမှာ ထိပ်ဆုံးကပါဝင်လာခဲ့တဲ့အထိပြောင်းလဲခဲ့တာမဟုတ်။ ထို့ကြောင့် သူနဲ့ရင်းနှီးသူဟာ ဘယ်လိုလူမျိုးဖြစ်နိုင်သည်ပဲ.. ၊

ဟုတ်တယ်..ငါဘာလို့ သံသယတွေ ထားနေတာလဲ..။ ခုချိန်မှာကိုယ်သည်လည်းမိဘဆိုသည့်မာနနှင့် သားကိုဆက်သွယ်မှာမဟုတ်သလို သားလုပ်ထားသမျှကိုလည်း သူတစ်ယောက်တည်းဘယ်လိုမှ ရှေ့ဆက်လုပ်ကိုင်သွားနိုင်ဖို့ မလွယ်။ ဟိုဒီအတွေးတို့ကို ဖျောက်ရင်း သူစောင့်နေမိသည်။ ဒီဖိုင်ကိုမှ မဖွင့်နိုင်ရင် နောက်နှစ်နာရီပြန်စမယ့် အ



စည်းအဝေးအတွက် ဘယ်လိုဖြေရှင်းချက်ပေးနိုင်ဖို့မှ မလွယ်တော့ပေ။

တစ်ဖက်မှာလည်း အောင်နိုင်တစ်ယောက် ကျော်ခိုင့်ဆီဆက်သွယ်ပြီး ကွန်ပျူတာထဲက ဖိုင်ကိုဖွင့်ဖို့ မြန်မြန်ဆန်ဆန်စုံစမ်းနေရကာ.. ၊

"ကိုကျော်မြန်မြန်လုပ်..သူဌေးစောင့်နေမှာ.."

"အေးပါ..သျှန်ဖုန်းမကိုင်ဘူး၊ ငါကိုယ်တိုင်သွားနေရတာ.."

အခြေအနေတွေအားလုံးကို ချိတ်ဆက်မိဖို့ ခက်ခဲနေဆဲ ဦးနေမင်းသစ်စောင့်ရတာ စိတ်မရှည်နိုင်ဖြစ်လာသည်။ ထို့ကြောင့် ဖုန်းကိုင်ရင်းခေါက်တုံ့ခေါက်ပြန်လျှောက်နေမိစဉ် မှန်ချပ်တွေကနေ ဟိုဘက်လမ်းအခြမ်းကိုငုံ့ကြည့်လိုက်မိစဉ်.. ၊

ယမုံပါလား.. ၊

မကြည့်ချင် မြင်လျက်သား..။ ဆတ်ခနဲမျက်နှာလွှဲလိုက်ပြီး နှစ်လှမ်းလောက် ကျောခိုင်းမိသေးသည်။ ပြီးတော့ ခြေလှမ်းတုံ့သွား၏။ သူတို့ဒီနားမှာပဲ နေတာလား..။ ဒါဘယ်လိုမှမဖြစ်နိုင်ပါ။ ဒါဆို ယမုံဒီနားဘာလို့ရောက်လာတာလဲ..။ နာရီကြည့်တော့ မနက်ဆယ်နာရီ..၊ ဒီနားမှာ ဈေးတွေဘာတွေလည်းမနီး။ ရှော့ပင်မောလ်တွေနဲ့လည်းမနီးဆ။ သူမပုံစံကလည်း ဈေးလာသည့်ပုံစံမရှိ။ ဦးနေမင်းသစ်ချာခနဲပြန်လှည့်ကာ ငုံ့ကြည့်မိပြန်သည်။ လမ်းကူးမလို့လား.. ဘာလုပ်မှာလဲ..၊

ခုနစ်လွှာကနေ ငုံ့ကြည့်နေရင်း အသည်းတွေယားနေမိသည်။ ခေါ်သမုံက ဝတ်နေကျအတိုင်း အရောင်ဖျော့လေးတွေနဲ့ပဲဖြစ်ကာ ဒီတစ်ခါ ပါတိတ်အနီဆင်လေးနဲ့ လမ်းမပေါ်ဆင်းဖို့လေးတောင် ဟိုကြည့်ဒီကြည့် လမ်းပေါ်ချမည့်ခြေတစ်ဖက်က ရှေ့ထွက်လာလိုက် လမ်းနဲ့မထိခင် ပြန်ရုတ်သွားလိုက်။ ပြီးတော့ ခဏရပ်နေပြီး ဒီတိုင်းပဲချီတုံ့ချတုံ့ဖြစ်နေသေးသည်။ လမ်းတစ်ဖက်ကို မျှော်ကြည့်နေတည်းက သူမလမ်းကူးချင်နေတာကို သိလိုက်၏။ မသွားရဲမလာရဲဘဲ လမ်းပေါ်ဘာကိစ္စထွက်လာရတာတုံး.. ၊

ကိုယ့်အမေဘယ်လိုအမေမျိုးလဲဆိုတာ အာဏာသျှန်ဆိုတဲ့သားကိုတော့မသိဘူးလား.. ၊

ခက်ပါ့.. ၊

သူစားပွဲပေါ်ကနေ ဘဲလ်ကိုတီးပြီး အပြင်ကတစ်ယောက်ကို လှမ်း

ခေါ်လိုက်ကာ.. ။

"ဟိုမှာမြင်လား..လမ်းကူးမလို့လုပ်နေတဲ့ တစ်ပတ်လျှိုဆံထုံးရှေ့ ဖြန့်ချထားတဲ့တစ်ယောက်..ထမီအနီဆင်နဲ့.."

"ဟုတ်ကဲ့သူဌေး.."

"သူ့နောက်လိုက်ကြည့်..သိလည်းမသိစေနဲ့၊ တစ်ခုခုအန္တရာယ်ဖြ မယ့်အရိပ်အခြေရှိရင် ကူညီပေးလိုက်..သူသွားမယ့်တဆုံးထိ လိုက်ကြည့် ပေးလိုက်..သွားမြန်မြန်.."

ကိုယ့်ဘာသာမနေနိုင်မထိုင်နိုင် ခိုင်းလိုက်ပြီးမှ ဘာကိုစိတ်တိုနေ မှန်းမသိ။ သင်းတို့တောင်ကင်းကင်းနေကြတာ ငါကဘာလဲ..။

ကျွတ်.. ။

သျှန့်မျက်နှာကိုမြင်ယောင်လာတော့ ချစ်ရဆုံးသားမို့ ပိုပြီးနာကျင် မိသည်။ သင်းကပဲ မိဘဆုံးဖြတ်တာကို ကဏ္ဍကောစလုပ်ပြီး မာနရှေ့ အလံထူလို့ ဒီအဖေကဘယ်သူ့အတွက် ပြောနေတာမို့လို့လဲ..။ သင်းရဲ့ ဘဝလေး၊အညွန့်ကျိုးရချေရဲ့ဆိုတဲ့သောက ဘယ်လောက်ပူပြင်းသလဲ.. သားသမီးတွေအချိန်တန် သူတို့အမေဘက်က ရပ်တည်ပြကြတာ ဘယ် လိုဥပေက္ခာတွေနဲ့ဆိုတာမသိ။ အမိအဖဆိုတဲ့ သဘာဝရပ်တည်ချက်တို့ က ဖခင်ကနောက်တန်းကျပြီးသားဖြစ်နေတာကရော ဘယ်ဒိုင်လူကြီး က အမှတ်ပေးဆုံးဖြတ်ထားတာလဲ..။ ဖခင်တွေကတော့ မချစ်တတ်ကြ ဘူးလား.. ။

ဒီတိုင်းထားလိုက်ရင် ပြီးတာပဲ။ ငါကိုက..တောက်.. ။

## အခန်း(၄၀)

"အန်တီ..အန်တီက သျှန့်အမေမို့လား၊ ကျွန်တော်တို့က သျှန့်သူ ငယ်ချင်းတွေပါ.."

ကြိုးစားပမ်းစားလမ်းဖြတ်ကူးပြီးကာမှ အနားမှာကားတစ်စီးလာ ရပ်ကာ လူငယ်နှစ်ယောက်အသည်းအသန်ဆင်းလာပြီး မေးပုံကအမော တကော။ ကားကမောင်းထွက်သွားပြီး သူတို့ကအနားမှာ တစ်ဖက်တစ် ချက်စီလာရပ်ကာ ဒေါ်ယမုံခင်ဘာမှမဖြေရသေးခင်.. ။

"သျှန်ရန်ဖြစ်ပြီး ဒဏ်ရာရသွားလို့.."

"ဟင်..ငါ့သားလေး.."

ဒေါ်ယမုံခင် ဘာမှတွေဝေမနေနိုင်ဘဲ သူတို့လက်ဆွဲခေါ်သည့်အ တိုင်း ရှေ့နားမှာရပ်သွားသည့်ကားဆီ အပြေးတပိုင်းလိုက်တက်မိသည်။ ဒီအဖြစ်ကို လှမ်းမြင်လိုက်သည့်လူတစ်ယောက်က ဒီအမျိုးသမီးကို ဟို ကောင်တွေဆွဲပြေးပြီဟုတွက်လိုက်ပြီး ကားတစ်စီးအမြန်တားသည်။

"ဟိုကား..ဟိုကားပရှိဘောက်၊ အဲ့နောက်အမီလိုက်ပေး..ဝိုက်ဆံ ကြိုက်သလောက်ရှင်းပေးမယ်.."

အပြင်မှာ ဘာတွေဘယ်လိုဖြစ်ပျက်နေသည်မသိသောသျှန်က

ကျော်ခိုင်နဲ့အတူ အပြင်ထွက်ဖို့လုပ်နေရင်း.. ။

"အောင်နိုင့်နောက်မှာ မင်းရှိနေတာ ဖေဖေမသိစေနဲ့နော်.."

"အေးပါ..ငါလည်း ဒီလောက်တော့နပ်ပါတယ်၊ မင်းဘယ်သွားမှာလဲ.."

"မေမေ့ကိုရှာရမှာ..ဒီနေ့ ငါတွေးမိတဲ့အတိုင်း သီလရှင်ကျောင်းတွေကို လိုက်ရှာမယ်.."

"အဲ့ဒီလိုလုပ်သွားရင်တော့ မင်းလိုက်သွားလည်း အပိုဖြစ်မှာပဲ..ဒီလောက်ဆို သီလရှင်ဝတ်ပြီးရောပေါ့၊ ပြန်ထွက်ပါဆိုတော့လည်း မကောင်း.."

"ကောင်းကောင်းမကောင်းကောင်း.."

ထိုစဉ် မက်ဆေ့ဝင်လာသဖြင့် ဖွင့်ကြည့်လိုက်လျှင်.. ။

"ဟာ..တွေ့ပြီကွ.."

"ဟုတ်လား..ဘယ်မှာတဲ့လဲ၊ မြန်မြန်လိုက်လေ.."

"ဒီကိုခေါ်လာနေပြီတဲ့..ကိုဇေနဲ့သူ့တပည့်.."

"ဖိုးဇေကို မင်းဘယ်တုန်းက မက်ဆေ့ချ်ပို့လိုက်တာလဲ.."

"နောက်မှသတိရလို့ ညကမှပို့လိုက်တာ.."

"ဒီကောင်မျက်စိလျင်သား.."

"မျက်စိလျင်တယ်လုပ်မနေနဲ့..မေမေရည်ရွယ်ချက်တစ်ခုခုနဲ့ ထွက်သွားတာသေချာတယ်၊ ကိုဇေတို့ဘယ်လိုပြောပြီး ပြန်ခေါ်လာသလဲမသိဘူး.."

"ဘာဖြစ်ဖြစ် ပါလာဖို့ကလိုရင်းပဲ..မင်းလည်းမိဘကို စိတ်ဆင်းရဲအောင် ထပ်မလုပ်ဖို့ တစ်ထိုင်တည်းဆုံးဖြတ်၊ ကံကြီးထိုက်တယ်ဆိုတာ အကုသိုလ်အလုံးလိုက်ဝင်တာ မဟုတ်ဘူးတဲ့..ငါ့အမေပြောဖူးတယ်၊ ဆိုးရွားမှုတွေ မသိမသာစိမ့်ဝင်နေတာ ကိုယ့်ကိုယ်ကိုဘာဖြစ်လို့ ဖြစ်မှန်းမသိဘဲ ဘာလုပ်လုပ်ဘာမှအဆင်မချောဘဲ အခက်အခဲဒုက္ခပိစိလေးတွေကနေ ဒုက္ခကြီးတစ်ခုဆီ တဖြည်းဖြည်းစိမ့်ဝင်သွားတာ ကင်ဆာထက်ဆိုးတယ်တဲ့ဗျား.."

ကျော်ခိုင်ကလူတတ်ကြီးလုပ်ပြီး ပြောပြနေ၏။ နှစ်ယောက်သားတိုက်ခန်းရှေ့ကနေ လမ်းတစ်ဖက်ထိပ်ကို မျှော်ကြည့်နေမိရင်း..



"ကံကြီးထိုက်တာကို ရှောင်ရှားဖို့ စမ်းသပ်နိုင်တဲ့ဆရာဝန်မရှိသေးဘူးနော်..တစ်ဘဝလုံး ဖြုန်းဖြုန်းကျတာတောင် ဘာဖြစ်လို့ဖြစ်မှန်းမသိဘဲ နားသွားလိမ့်မယ်၊ ငါကတော့ ယုံတယ်..သူ့ကျေးဇူးကိုကန်းတာမျိုးပြီးတော့.."

"ဟုတ်ပါပြီ..ငါဘုန်းကြီးလည်းမဝတ်နိုင်သေးဘူး၊ မင်းတရားဟောချင်ရင် ငါဘုန်းကြီးဝတ်တော့လာခဲ့..အိုခေ.."

သျှန်ကရွဲ့သည်။ ပြီးတော့ စောင့်ရတာ စိတ်မရှည်ဖြစ်လာခြင်းကြောင့် ရှေ့မှာဟိုလျှောက်ဒီလျှောက်ဖြစ်နေခဲ့လျက်.. ။

"မင်းကဘာလုပ်နေတာလဲ..မပြန်သေးဘူးလား.."

"မင်းကားယူထားလိုက်မလား..ငါကရှန်ဂရီလာမှာ ညှိသည်ဝင်တွေ့ဖို့ရှိတယ်၊ သူရကိုဖုန်းဆက်ပြီး ကားလှမ်းခေါ်လို့ရတယ်.."

"မယူပါဘူး.."

"ခရီးသွားဖို့ရှိတယ်ဆို.."

"အေးလေ..သွားမှမသွားသေးတာ.."

ဖြေလိုက်ပြီး လမ်းကိုတစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ အထဲဝင်သွားလျှင် ကျော်ခိုင်ကလည်း စကားမပြတ်သေးသောကြောင့် နောက်ကလိုက်ဝင်ရင်း.. ။

"မဟုတ်ဘူးသျှန်..ငါပြောချင်တာက မင်းဘာသာဘာလုပ်လုပ်..ငါ့အမာခံအိပ်စ် အဖြူလေးတစ်စီးအားနေတာ၊ ယူထားလေကွာ..ငါလိုတိုင်းမင်းဆီက ကြိုက်သလိုယူသုံးနေတာကို.."

ပြောရင်း လှေကားရင်းရောက်လာကြကာ.. ။

"အပေါ်ပြန်တက်မလို့လား..ရောက်လာရင်တော်ကြာ.."

ပြောလို့မှမဆုံးသေးခင် မထင်မှတ်သောပြဿနာတစ်ရပ်သည်..

"ဟော့ကောင်တွေခုရပ်လိုက်..အဲ့ဒီအမျိုးသမီးကို လွှတ်လိုက်နော်..ခိုင်ရဲခေါ်ပြီးပြီ.."

ဘာလဲဟ.. ။

ကိုယ့်တိုက်ရှေ့ကအသံမို့ သူတို့ကမန်းကတန်းပြန်လှည့်လာခဲ့လျှင်ကိုဇေတို့ကားနှင့် တက္ကစီတစ်စီးရပ်လျက်ရှိကာ..

"ဘာလဲ.ဘာဖြစ်ချင်တာလဲ၊ မင်းတို့ကားတောက်လျှောက်လိုက်

လာတာရော ငါတို့မသိဘူးမှတ်နေသလား..”

“ငါတို့က..”

တက္ကစီနောက်ခံနှင့်လူသည် သျှန့်ကိုလှမ်းမြင်လိုက်လျှင် ပါးစပ်အ ဟောင်းသားပွင့်လျက်.. ၊

“အစ်ကိုသျှန်..”

“သန်းထိုက်ဘာလဲ..”

“ဟို..”

လက်ညိုးသည် ဒေါ်ယမုံခင့်ကိုထိုးမိပြီးမှ အပေါ်ထောင်သွား သည်။ ပြီးတော့ သျှန်နဲ့တစ်ခုခုပတ်သက်နေသလားလို့ တွေးမိကာ လက်ညိုးက သျှန့်ဆီဦးတည်သွားသည်။ သို့သော် 'သူ့နောက်လိုက် ကြည့် သိလည်းမသိစေနဲ့'လို့ မှာခြင်းကို သတိရပြီး လက်ညိုးမှသည် လက်သီးဆုပ်ခြင်းသို့ ရောက်ခဲ့လျက်.. ၊

“ကျ..ကျွန်တော်က ဒီအမျိုးသမီးကို အတင်းအဓမ္မဆွဲခေါ်သွား တယ်မှတ်လို့..”

“ဟေ့ကောင်..အဲ့ဒါမင်းနဲ့ ဘာဆိုင်လို့လဲ၊ အသာတကြည်ခေါ်တာ လား..အဓမ္မခေါ်တာလား ဒီအဆင်ကြည့်တာနဲ့ သိတယ်..”

“ဟုတ်တယ်..ဒီကောင်အစတည်းက အန်တီ့ကိုလိုက်ကြည့်နေတာ အသိသာကြီး၊ ဘာအကြံနဲ့လဲ..ပြော ဟေ့ကောင်..”

“ဟာ..မဟုတ်ဘူး၊ မဟုတ်ပါဘူးအစ်ကိုသျှန်..”

လုပ်ပါဦးဆိုသည့်အကြည့်နှင့် သျှန့်ကိုလှမ်းကြည့်ကာ ရင်ဘတ် ကို ဆုပ်ဆွဲခြင်းကနေ အတင်းရှုန်းလေသည်။

“သူကရဲနဲ့တောင် ငါတို့ကိုခြောက်နေသေးတယ်..ဒါသျှန့်ကို လို့ တစ်မျိုးပြောင်းသွားတာ၊ ရအောင်စစ်..”

“မင်းဘာလိုက်လုပ်တာလဲသန်းထိုက်..အမှန်အတိုင်းပြော..”

သျှန်က မျက်မှောင်ကုတ်ထားရင်း အနားရောက်လာကာ.. ၊

“ဖေဖေလွှတ်လိုက်တာလား..”

မျက်နှာတည့်တည့်ကြည့်ပြီး ထပ်မေးကာမှ.. ၊

ဟုတ်..ဟုတ်ပါတယ်၊ ဒီ..အဲ့ အဲ့ဒီအန်တီကို ကုမ္ပဏီရှေ့မှာ ..ကကျွန်တော့်ကို လွှတ်လိုက်တာပါ၊ ဘာအကြံနဲ့မှမဟုတ်



ဘူး..အန်တီသွားချင်တဲ့ဆီ ရောက်တဲ့အထိ နောက်ကလိုက်ကြည့်ပေး ခိုင်းပါပဲ၊ တကယ်ပါ..ဘာအကြံမှမရှိပါဘူး..”

သျှန်က ခေါင်းညိတ်ပြလိုက်မှ ကိုဇေကရင်ဘက်ကအကျီၤစကို လွှတ်ပေးလိုက်၏။ 'ဖေဖေ့ကိုပြောလိုက်ပါ ဒါတွေလုပ်နေဖို့ မလိုဘူး' ဆိုသည့် စကားကို လျှာဖျားပြန်ပါးလိုက်ချင်သည်။ သို့သော် သန်းထိုက် မျက်နှာကိုကြည့်တာနှင့် ဖေဖေဘယ်လိုမှာလိုက်နိုင်သည်ကို တွေးမိကာ..

“သူကငါ့အမေ..”

“ဗျာ..”

သန်းထိုက် အလွန်အမင်းသိချင်ခဲ့လျက် သိလိုက်ရတော့လည်း မျက်လုံးပြူးမျက်ဆံပြူးနှင့် သားအမိနှစ်ယောက်ကို တစ်လှည့်ဆီကြည့် ရင်း တံတွေးမျိုချသည်။ သူဌေးဖြစ်သူ၏မျက်နှာပုံပန်းကို ပြန်သတိရ မိလိုက်ပြီး အိမ်တွင်းရေးအဆင်မပြေမှုတစ်ခုခုဆိုတာလည်း နားလည် လိုက်သည်။ မထင်မှတ်ဘဲ ကိုယ့်သူဌေးရဲ့မဟာအတွင်းရေးကြီးထဲ ပါ ဝင်မိပြီဆိုသောအသိသည် လူတစ်ကိုယ်လုံးကို နတ်ပူးသလို ကတုန်က ယင်ဖြစ်လာစေကာ.. ၊

“အစ်ကိုသျှန်..ကျွန်တော်..”

“ငါသိတယ်..ဖေဖေမေးရင် ဘေးကင်းတယ်ပဲပြောလိုက်၊ သွား တော့..”

“ဟုတ်ကဲ့ပါ..ဟုတ်ကဲ့ပါအစ်ကိုသျှန်..”

ခေါင်းတွင်တွင်ညိတ်၍ ခါးညွှတ်သွားသေးသည်။ ပြီးတော့ ဒေါ် ယမုံခင်ကိုလည်း ဦးညွှတ်နှုတ်ဆက်၍ တက္ကစီပေါ်အသည်းအသန်ပြေး တက်၏။

“ဘာကောင်မှန်းမသိဘူး..”

ကိုဇေကတော့ ခုထိကျေနပ်သေးပုံမပေါ်.. ၊

“သား..”

ဒေါ်ယမုံခင်က သားမျက်နှာကိုဆွေးငေးစွာကြည့်လျက်.. ၊

“သားဘာမှမဖြစ်ဘူးပေါ့..”

“ဟုတ်ပါတယ်အန်တီ..သျှန်ဖက်ဖက်မောအောင် ရှာနေလို့ ကျွန် တော်တို့ဝိုင်းကူရှာနေကြတာပါ၊ အဲ့ဒါအန်တီ့ကို မထင်မှတ်ဘဲတွေ့လိုက်

လို့ အန်တီပြန်ပါလာအောင် ညာပြောခဲ့မိတာပါ..တောင်းပန်ပါတယ်ခ
ဗျ.."

"မတောင်းပန်ရပါဘူးသားတို့ရယ်..သားလေး တစ်ခုခုဖြစ်ပြီဆိုင
အသိနဲ့တင် အန်တီထွက်မသွားနိုင်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုနားလည်
တာ..သားကိုခုလိုလေးပြန်မြင်ရတာအန်တီ.."

ဒေါ်ယမုံခင် မျက်ရည်တွေဝေ့လာရင်း မျက်နှာငုံ့ပစ်သည်။ ပြ
တော့ သျှန့်လက်ကိုတစ်ချက်ဖျစ်ကိုင်ပြီး အထဲဝင်သွား၏။ ကိုဇေတို့မျ
နှာတွေပြုံးကြည်သွားကာ ကျော်ခိုင်ကလက်မထောင်ပြီး မျက်နှာရှေ့က
ပြ၏။ ပြီးတော့.. ၊

"ညကျဝမ်းတော့ဘယ်လ်.."

"ဘာဆိုင်လို့လဲမင်းက.."

"ဟော့ကောင်..ငါကမင်းဆီအရေးပေါ်ပြေးလာရတာ.."

"အန်တီနဲ့ဆိုင်လို့လား.."

"ကိုဇေ..မင်းလည်းမောသလို ငါလည်းမောတာပဲ၊ မစ္စျှန်နဲ့.."

သျှန်က ရယ်ကာ.. ၊

"အဲ့လောက်ငက်နေကြရင်လည်း ကျွေးပါ့မယ်ကွာ..စားပြီး
ကိုယ်စားတာ ကိုယ်ရှင်းရုံပဲကို.."

"လုပ်ပေါ့..သိရတာပေါ့.."

"လုပ်ပါစေ..သူ့မျက်ခွက်ကြီး ပါဖို့ပဲလိုတာပါ.."

အမျိုးမျိုးသော ဆဲရေးခြင်းတို့နှင့် လူစုခွဲကြလျက်.. ၊

☎

## အခန်း(၄၁)

မေမေ့မျက်လုံးစိမ်းတွေကိုကြည့်ရင်း သူလုပ်ခဲ့သည့်အပြစ် ဒီ
လောက်တောင်ကြီးသွားသလားလို့ ပြန်တွေးမိလိုက်၏။ ပြန်ရောက်
ရောက်ချင်း ကနုတ်ရောင်အခန်းထဲဝင်သွားခဲ့သည်။ ပြန်ထွက်လာတော့
မသာယာသည့်မျက်နှာက အေးစက်စက်ကဲ့သို့ဖြစ်နေခဲ့လျက်.. ၊

"မိန်းကလေးဆိုတာ မိန်းကလေးသဘာဝတွေရှိတယ်..မင်းဘာမှ
မသိဘဲနဲ့ ဖိခိုင်းဖိဆို.."

"ကျွန်တော်ဘာမှမခိုင်းဘူးမေမေ..မေမေ့ကိုခိုင်းတယ်ထင်လို့ နည်း
နည်းပညာပေးလိုက်တာ.."

လို့စမိရင်း သူပဲအားလုံးပြောပြလိုက်ကာ.. ၊

"ဒေါ်မြမင်းသီရိဆိုကဲ့အရပ်ကလာရင် လူဖြစ်ဖြစ် အမှိုက်ဖြစ်ဖြစ်
အိမ်ဦးခန်းမှာ နေရာမထားနိုင်ဘူး...ခေါ်လာတာကိုက အဲ့လိုနားလည်စေ
ချင်လို့.."

"ကနုတ်ကိုလုပ်တော့ ဟိုလူတွေနားလည်ကုန်ရောလား.."

တစ်ခွန်းချင်းပြန်မေးတော့ သူမဖြေနိုင်။ မေမေကလည်း သူပြန်ဖြေ
တာကို မစောင့်ခဲ့ပါ။ မီးဖိုခန်းကို လှည့်ဝင်သွားပြီး အသံတိတ်ချက်ပြုတ်

နေ၏။ ပြီးသွားသည့်အချိန်မှာ ဆိတ်သားခြောက်မီးဖုတ်ဆီစမ်းနှင့် ရှောက်သီးသုတ်ချဉ်စပ်တစ်ပွဲရယ် ပဲဝါလေးကြော်ဖံဟင်းချိုတစ်ပွဲရယ် စားပွဲပေါ်မှာ စားချင်စဖွယ်ရောက်လာ၏။

"ထမင်းစားလို့ ရပြီသား"လို့ ခေါ်ပြီးသည့်အချိန်မှာ မပြီးပြတ်သေးသည့်စကားကို ပြန်ဆက်တာဖြစ်သည်။ စိတ်ထဲမှာတော့ တွေးလိုက်မိသည်။ ထမင်းကျွေးဖို့ခေါ်တာလား..ဆူဖို့လား.. ၊

"သားကိုဘယ်လောက်ကြောက်နေလဲသိလား..ထမင်းစားဖို့ခေါ်တာတောင် ဦးအာဏာသျှန်စားပြီးမှစားမယ်တဲ့.."

"သူများချက်ပြုတ်မှ ထွက်ရစားရမှာ သူဟာသူမလုံတာနေမှာပါ.."

မေမေ့မျက်နှာရိပ်မကောင်းပေမယ့် သျှန်နည်းနည်းတော့ပြန်ပြောလိုက်မိသည်။ မီးဖိုခန်းထဲမှာ ချက်ပြုတ်စရာဘာမှမရှိတော့ဘူးလို့ သူထင်ခဲ့သည့်တိုင် မေမေပြန်ရောက်လာတော့ ဘာတွေဘယ်လိုဆွဲထုတ်လိုက်လို့ ဟင်းသုံးခွက်ဖြစ်လာတာလဲ..။ သူမှာတော့ ချက်ပြုတ်ဖို့နေသာသာ ကော်ဖီဖျော်ဖို့ ရေနွေးတောင်မတည်နိုင်ရတဲ့အဖြစ်.. ၊

"မိန်းကလေးတစ်ယောက်ရဲ့အရည်အချင်း ရှိခြင်းမရှိခြင်းကို ထောက်ရှုဝေဖန်နေတာလည်း ယောက်ျားကောင်းတွေအလုပ်မဟုတ်ဘူးဟမ်.. ၊

စိတ်ထဲကအတွေးကို မြန်မြန်ဆန်ဆန်ဖျောက်ပစ်ရင်း ပဲဟင်းခပ်သောက်လိုက်တာ ပူလိုက်သည့်ဖြစ်ခြင်း.. ၊

"သားကိုမေမေမဝေဖန်ပါဘူး..ဒါပေမယ့် ယောက်ျားကောင်းတစ်ယောက်အဖြစ်ပဲ ရှိနေစေချင်တာတော့ အမှန်ပဲ.."

"ကျွန်တော်ကအခု ယောက်ျားကောင်းအဖြစ်ကနေ တိမ်းပါးရွေ့လျားနေလို့လားမေမေ.."

"အားလုံးပါဖက်ဖြစ်နေတဲ့လူဆိုတာ မရှိဘူးတဲ့..တီဗီဇာတ်လမ်းတွေထဲမှာ မေမေကြည့်လိုက်ရတယ်၊ သူပြောသွားတာလည်း ဟုတ်တယ်..ဒါကြောင့် သားအဖေနဲ့မေမေလေး မေမေ့ကိုဘယ်လိုပဲဆက်ဆံပါစေ သူတို့ကောင်းနဲ့တာကိုပဲ မေမေတွေးတယ်၊ လူတစ်ယောက်ကိုယ့်ကိုယ်ကို အရမ်းပါဖက်ဖြစ်နေပြီလို့တွေးတာ မကောင်းဘူး.."

မေမေ့စကားတွေက သူ့ကိုရည်ရွယ်နေတာမှန်းသိနေသဖြင့် နား



ထောင်နေရပေမယ့် အောင့်သက်သက်.. ၊

"ကိုယ်တင်းတာများသွားရင် ပြန်လျှော့ပေးသင့်တာပေါ့သားရယ်..သူများအပေါ်မှာ နိုင်ပြီးရင်းနိုင်နေရတာ ပျော်စရာမကောင်းပါဘူး၊ လူတိုင်းပဲ အကောင်းဆုံးကိုလိုချင်ကြတယ်..အဲ့ဒီအကောင်းဆုံးထဲမှာ သူများကိုကြောက်ရွံ့အောက်ကျို့ပြီး နေနေရတဲ့မကောင်းခြင်းကို ဘယ်သူလိုချင်မှာလဲ..အထူးသဖြင့် ကနုတ်ရောင်က သူဘာမှမသိခဲ့တဲ့ပြဿနာအတွက် ဓားစာခံဖြစ်ခဲ့တဲ့မိန်းကလေး.."

"ဒါဆိုကျွန်တော်ကရော.."

ခေါ်ယမုံခင်ဆွဲ့အသွားသည်။ မေမေ့ကို သူချောင်ပိတ်မေးခွန်းထုတ်ပြီး အကျပ်မရိုက်စေချင်ပါ။ ဒါပေမယ့် ဒီကောင်မလေးအတွက်နဲ့တော့ အရှုံးမပေးချင်ပေ.. ၊

"မေမေတို့လူကြီးတွေရေးတဲ့ ပရိုဂရမ်မှာ အာဏာသျှန်ကတော့ အမှိုက်ပုံးထဲရောက်ကိုရောက်သင့်တဲ့လူလား.."

သျှန်က ထမင်းစားခြင်းကို ရပ်တန့်မပစ်ဘဲ လေးလေးမှန်မှန်လှုပ်ရှားနေရင်း လေသံကိုထိန်းပြောသည်။ မေမေ့စကားလုံးတွေပေါ်မှာ ခေါ်သတကြီး တုံ့ပြန်ခြင်းမပြုစေချင်၍ဖြစ်သည်။ ခေါ်ယမုံကတော့ သားရဲ့စကားတွေအပေါ်မှာ ရင်နင့်သွားခဲ့လျက် ရုတ်တရက်ဘာမှမပြောနိုင်။

"ကျွန်တော်ဘာမှမသိနားမလည်ဘဲ သူတို့ခြေရင်းမှာ ဒူးတုပ်ဦးချခဲ့ရတယ်..ဦးချကန်တော့နေတဲ့ မျက်နှာကိုပဲ တည့်တည့်ကြည့်ပြီး ဘာတွေပြောခဲ့လဲ၊ ကနုတ်ရောင်ဆိုတဲ့ကောင်မလေးကို ကျွန်တော်အနိုင်ကျင့်နေတယ်ဆိုရင်တောင် ပြောချင်ပြီးပြောမထွက်သေးတဲ့ စကားလုံးတွေအများကြီးကျန်သေးတယ်မေမေ..သူတို့ရက်စက်တဲ့အတိုင်း လိုက်မီဖို့အများကြီးလိုသေးတာ.."

"သားရယ်..သားကိုမေမေသင်ပေးနေတာ သူတော်ကောင်းတရားလို့ပဲမှတ်ပါ၊ မေမေ့ကိုပြန်မမေးပါနဲ့..အများကြီးလိုနေသေးတဲ့ တုံ့ပြန်လဲ့စားတွေကိုလည်း မေမေ့ကိုလှူလိုက်ပါသားရယ်၊ သားကိုအမုန်းတွေနဲ့ သံသရာလည်မနေစေချင်ဘူး.."

သူထမင်းလက်စသတ်ရင်း ရေချိုင့်ကိုလှမ်းဆွဲလျှင် ခေါ်ယမုံခင်က ချိုင့်ကို ဘေးတွန်းထားလိုက်ကာ..

"ရေတန်းမသောက်ရဘူးလေ.."

မေမေအမြဲဆုံးမနေတာပါ။ ဒါပေမယ့် သူ့စိတ်မတည်ငြိမ်ဘဲ ထမင်းစားဖြစ်တဲ့အခါတိုင်း ဒီလိုပဲမေမေအမြဲလိုက်တားနေခဲ့ရလျက်.. ၊

"သားမေမေ့ကို စိတ်ဆိုးနေလား.."

"မဆိုးပါဘူး.."

"သားအတွက်ပြောနေတာပါ..ချေးငှားတဲ့ငွေဆိုတာ ပေးတော့အပေါ်စီးကပေမယ့် တောင်းတော့လက်ဖြန့်ရတယ်၊ အခု သားတို့ပြန်နိုင်ပြီ..ငါနိုင်ပြီဆိုတာတွေက အနိုင်နဲ့ပဲပြီးသွားမယ်လို့ သားထင်လို့လား၊ သံသရာလည်သရွေ့ ကိုယ်လည်းအောက်စည်းကို ပြန်ရောက်သွားဦးမှာပဲ..သားကိုအဲ့လိုအဖြစ်မျိုး ထပ်မဖြစ်စေချင်ဘူး.."

ငရဲရောက်မှာကြောက်ပြီး မွေးလာတဲ့လူ ဘယ်သူရှိသလဲ..။ မေမေ့ကိုမပြောဖြစ်သည့်စကားတွေ ရင်ထဲမှာပလုံစီလာသည်။ ဒါပေမယ့် နောက်ထပ်တုံ့ပြန်မပြောမိဖို့ ဆုံးဖြတ်ချက်နှင့် ပါးစပ်ပိတ်နေလိုက်၏၊ ဒေါ်ယမုံခင်က သားကိုအကဲခတ်ရင်း.. ၊

"မနေ့ညက ကနုတ်ရောင်ဘာဖြစ်သွားတာလဲသိလား.."

သျှန်က မျက်လွှာပင့်ကြည့်သည်။

"ရေအိမ်ထဲမှာ သန့်ရှင်းရေးတွေလုပ်တာကြာပြီး အအေးပတ်သွားတာ..မိန်းကလေးသဘာဝဖြစ်နေချိန်မှာ ညဥ့်နက်သန်းခေါင် ရေချိုးတာ ခြေဆေးတာ ဘယ်လောက်အန္တရာယ်ကြီးသလဲ သားသိမှာမဟုတ်ဘူး.."

မိန်းကလေးသဘာဝဆိုသည့် စကားကိုနားလည်သလိုလို မလည်သလိုလို လုံးထွေးသွားခဲ့လျက် ပြီးတော့မှ ဖျတ်ခနဲတွေးမိသွားသည်။ သျှန့်မျက်နှာ နီသွားခဲ့ပြီး.. ၊

"သူတစ်ခုခုသွယ်ဝိုက်ပြီး ပြောလို့ရတာပဲ.."

"ဆရာဝန်ပြောသွားတာပဲလေ..သားမှနားမလည်တာ၊ မေမေပြောချင်တာက သားကယောကျ်ားလေး..ကိုယ့်အထင်မှာ ပေါ့ပါးမှာပဲထင်တဲ့အရာက မိန်းကလေးအတွက် လေးလံနေနိုင်တယ်၊ ပြီးတော့ မိန်းကလေးနဲ့ယောကျ်ားလေး ခုလိုမျိုးမတူညီတဲ့ ရှင်သန်ခြင်းတွေလည်း ရှိကြတယ်.. ကိုယ့်ရဲ့မစာနာမှုကြောင့် ညကသာပိုးစိုပက်စက်ဖြစ်သွားခဲ့ရင်.."

"သူနိုးလာတော့ လုံးဝအကောင်းပဲ..ဒီမနက်မိုးလင်းတော့လည်း မေမေပြန်ရောက်မှ အိပ်ရာထတာ၊ အဲ့ဒါ သားဘာပြောခဲ့လို့လဲ.."

"သူအိပ်နေတာမဟုတ်ဘူးသား.."

ဖျတ်ခနဲမျက်လွှာပင့်လာပြန်သည်။ ဒေါ်ယမုံခင်က မျက်လုံးချင်းဆုံကာမှ ခေါင်းညိတ်ပြလိုက်ပြီး.. ၊

"သူဘယ်လိုမှ ထွက်လာလို့မရလို့ ငုတ်တုပ်ထိုင်နေရရှာတာ.."

ငုတ်တုတ်ထိုင်နေတဲ့သူကိုတောင် 'ထိုင်နေရရှာတာ'တဲ့..။ သျှန်နည်းနည်းတော့ အသည်းယားလာမိ၏။

"အဲ့ဒါဘာလို့လဲဆိုတော့ မိန်းကလေးလစဉ်သုံးပစ္စည်း သူ့မှာမရှိလို့.."

လာပြန်ပြီ..။ ကိုယ့်အပြစ်တစ်ပြစ်ထပ်တိုးပြီကို သိလိုက်ကာ ဆံပင်သပ်ရင်း မျက်နှာလွှဲလိုက်မိသည်။

"ပြီးတော့ တစ်ထည်ပေလို့ တစ်ထည်လဲစရာ ထမီအင်္ကျီမရှိဘူး..မိန်းကလေးတစ်ယောက်အတွက် ယောကျ်ားတွေလို အင်္ကျီအနားစနှစ်ဖက်ကိုင်ပြီး ဆွဲလှန်ချွတ်လိုက်ရုံနဲ့ ရေချိုးခန်းဝင်လို့မရဘူး..တီရှပ်တစ်ထည်ကောက်စွပ်လိုက်ရုံနဲ့လည်း ဧည့်ခန်းထွက်ထိုင်လို့မရဘူး၊ ဒီတော့ သူ့အတွက်လိုအပ်တဲ့ အသုံးအဆောင်အဝတ်အစားလောက်တော့ မေမေတို့ဝယ်ပေးရလိမ့်မယ်.."

"မေမေအိမ်ကထွက်သွားတာ အဲ့ဒါတွေဝယ်ဖို့ထွက်သွားတာတော့ မဟုတ်ပါဘူးနော်.."

ဒေါ်ယမုံခင့်မျက်နှာ ဆွေးရိပ်သမ်းသွားသည်။ သူမအစပြန်မဖော်လိုပေမယ့်.. ၊

"မေမေသီလရှင်ဝတ်မလို့ သွားတာ.."

သျှန်ဆတ်ခနဲဖြစ်သွားသည်။ ဒေါ်ယမုံခင်က မျက်တောင်များတို့ခပ်စိုက်စိုက်နှင့် ငေးနေ၏။ ပြီးတော့ သျှန့်အတွက် ရေနည်းနည်းထည့်၍ သွမ်းပေးပြီးမှ.. ၊

"သီလရှင်ကျောင်းကို ရောက်ခဲ့တယ်..ဒီနေ့လည်း ဝတ်ကြောင်းနှံ့ဖို့လည်း အားလုံးသေချာပြီးပြီ၊ ဒါပေမယ့် သမုဒယနှောင်ကြိုးကတင်းနေတော့ သားကိုစိတ်မချတဲ့စိတ်က.."

"နေပါဦးမေမေ..မေမေသီလရှင်ဝတ်ချင်အောင် ကျွန်တော်ဘာများ

လုပ်လိုက်မိလို့လဲ.."

"သားဘာမှမလုပ်ဘူး..မေမေကသာအားလုံးကို စိတ်ဆင်းရဲအနာ တရဖြစ်စေခဲ့တဲ့သူ.."

"ကျွတ်.."

"သားရဲ့အနာဂတ်အတွက် ဘာမှမှမေမေပူစရာမလိုတာ..မလိုတဲ့ အပြင် မေမေ့အတွက် သားဒုက္ခရောက်နေရတယ်၊ သားမှန်တယ်ထင်သ မျှ မေမေကမှားတယ်ထင်နေတဲ့အတွက် သားပဲစိတ်ဆင်းရဲရဦးမှာ..အဲ့ဒါ ကြောင့် မေမေဆုံးဖြတ်လိုက်တာ၊ ဒါပေမယ့် သားဒီတိုင်းနေနေမှာစိုးလို့ သားရဲ့မေမေလေးနဲ့ပြန်အပ်ချင်လို့.."

"တော်ပါတော့မေမေ.."

သျှန့်မျက်နှာသည် စိတ်ပျက်အံ့သြခြင်းတို့ဖြင့် ညိုမှောင်ခက်ထန် နေခဲ့လျက်.. ၊

"ကျွန်တော် မိုးထိစ်အိမ်က ထွက်လာခဲ့တာ မေမေကြောင့်လို့ မေ မေထင်နေတာလား..အဲ့ဒါကစပြီးမှားနေတာ၊ ပြီးတော့ မေမေကိုယ့်သား ကို နားမလည်သေးတာပဲ..မိုးထိစ်အိမ်ရဲ့ဝါဒကို ကျွန်တော်မကြိုက်ဘူး တာဝတီံသာက မူရင်းအကြောင်းခံတွေကိုလည်း မသိခဲ့ဘူး..သိတဲ့နောက် မှာ အဲ့ဒီရှုပ်ထွေးမှုတွေအကုန်လုံးကို ကျွန်တော်ကိုယ်တိုင်စိတ်ပျက်ခဲ့တာ မေမေသိလရှင်ပဲဝတ်သွားသွား အဆုံးစွန်ထိပျောက်ကွယ်သွားရင်တောင် ဒီမှု ဒီဝါဒတွေရှိနေသရွေ့ မိုးထိစ်အိမ်ကို ကျွန်တော်လှည့်မကြည့်ဘူး အဲ့ဒါသစ္စာစကား.."

ရင်ထဲရှိတဲ့အတိုင်းပြောပြီးမှ စိတ်ကိုပြန်လျှော့ချမိကာ.. ၊

"နောက်ထပ်အဲ့လိုစိတ်ကူးတွေနဲ့ မလုပ်ပါနဲ့မေမေရယ်..ကျွန်တော် ဘယ်လောက်ပဲတော်နေတတ်နေပါစေ အာဏာသျှန်က မေမေ့သားပါ သားသမီးအတွက် မိဘမေတ္တာရိပ်ဆိုတာ လိုလျှင်သုံးပစ္စည်းတစ်ခုလည်း မဟုတ်ဘူး..ထာဝရရှိနေသင့်တဲ့အရိပ်ပါ၊ ကျွန်တော်မေမေ့လက်ကိုဆွဲ ပြီး ထွက်လာခဲ့တာတောင် မေမေကဖြုတ်ချခဲ့ဖို့ကြံတယ်.."

"မေမေမှားသွားပါတယ်..သားတစ်ခုခုဖြစ်ပြီဆိုတာ သိလိုက်ရတဲ့ အချိန်မှာ မေမေမှားမှန်းသိလိုက်တာ..ကိုယ်ကစွန့်ခွာဖို့ကြိုးစားကြည့် တော့ သင့်တင့်လျှောက်ပတ်မယ့်ဖြေလုံးတွေနဲ့လေ သားကိုဆုံးရှုံးရမယ်



လို့ ခံစားမိလိုက်တဲ့အချိန်ကျတော့ မေမေ့အတွက်သားကလွဲပြီး ဘာမှမ ဟုတ်တော့ဘူးဖြစ်ကုန်တယ်.."

သျှန်နေရာမှထရပ်လိုက်သည်နှင့် ဒေါ်ယမုံခင်ကလည်း ထရပ် လိုက်၏။ ပြီးတော့ သူ့နားထိလျှောက်လာကာ.. ၊

"သားလေးကို မေမေ့ကိုယ်မေမေထက် ပိုချစ်တယ်.."

ပြောရင်း မျက်ရည်ဝဲ့လည်လာကာ အင်္ကျီရင်ဘက်စလေးတွေကို ဖွဖွလေးကိုင်တွယ်ပြုပြင်ပေးရင်း.. ၊

"သားလည်းဒေါသတွေ တင်းမာမှုတွေနည်းနည်းလျှော့လိုက်ပါ သားရယ်နော်..မေမေတို့အချင်းချင်း နားလည်မှုတွေနဲ့လေ.."

ဒါမိခင်တစ်ယောက်ရဲ့ စည်းရုံးရေးလား..။ သျှန်မေမေ့ကိုငုံ့မိုး ကြည့်ရင်း ပြုံးလိုက်မိသည်။ ပြီးတော့.. ၊

"ကနုတ်ရောင်ကို မေမေခေါ်ထုတ်သွားလို့ မဖြစ်ဘူး..သူတို့ဒီနေ ရာကို သိနေကြတာ.."

"ဒါဆိုမေမေတို့က.."

"ပလာဇာ ကျွန်တော်လိုက်ပို့မယ်.."

ဒေါ်ယမုံခင့်မျက်နှာ အပြုံးတို့နှင့် ကြည်လင်ဝင်းပသွားခဲ့လျက်.. ၊

## အခန်း(၄၂)

"ဒါဈေးလားဟင်..ဒီမှာဘာပွဲရှိလို့လဲ၊ လူတွေအများကြီးပဲ.."

"အင်း..ဈေးပေါ့.."

ဒေါ်ယမုံခင်အလွယ်ဖြေလိုက်ရင်း.. ၊

"ဒါကဂျန်းရှင်းစကွဲရ်လေ..ဝါလည်းဝင်ကာနီးနေပြီ၊ ဒီနေ့ကဆန်းဒေးဆိုတော့ လူပိုများတာပေါ့.."

နောက်ထပ်ရှာရှာကြံကြံတွေ မေးလာမှာစိုးကာ ဒေါ်ယမုံခင်ခပ်သွက်သွက်လျှောက်နေမိသည်။ မသိတဲ့လူက မတတ်တဲ့လူကို မေးနေသလိုဖြစ်တော့မှာကို မြင်ယောင်လာ၍ပါ။ လှည့်ကြည့်လိုက်တော့ သူကဖုန်းပြောရင်း ရပ်ကျန်ခဲ့၏။ ဒီဘက်ပြန်လှည့်လိုက်တော့ ကနုတ်ရော ကလူတွေကြားထဲမှာ.. ၊

"ဟဲ့..နေဦးလေ၊ သမီး..သားရေ ခြော်.."

"ဒေါက်.."

"ပလုတ်တုတ်.."

'ဖုန်းကိုင်ထားမေမေ'ဆိုလို့ ဖုန်းကိုအိတ်ထဲမထည့်ဘဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့သည်။ ကနုတ့်ဆီအာရုံတစ်ချက်ရောက်လိုက်မိတာ



ကြောင့် လက်ကတစ်စုံတစ်ယောက်နဲ့တိုက်လိုက်မိကာ ဖုန်းကခပ်လှမ်းလှမ်းထိ လွင့်ကျသွား၏။ ထို့ပြင် မိန်းကလေးတစ်ယောက်၏ ခြေဦးထိပ်နဲ့တိုက်မိကာ ကန်ထုတ်လိုက်သလိုဖြစ်သွားခဲ့ပြီး. ၊

"အယ်..ဆောရီး.."

မိန်းကလေးလည်းလန့်သွားကာ ပျာပျာသလဲတောင်းပန်သည်။ သို့သော် ဖုန်းကအတော်ဝေးဝေးထိ လျှောခနဲပြေးထွက်သွားသဖြင့် ဒေါ်ယမုံခင်ဘယ်သူ့ကိုမှ အပြစ်တင်ချိန်မရဘဲ အပြေးအလွှားလိုက်ရလေသည်။ ပို၍ကံဆိုးသည်က ကလေးတစ်ယောက်ပြေးလာပြီး ဖုန်းကိုကောက်ယူ၍ပြေးသွားလျှင်.. ၊

"ဟင်..အန်တီဘယ်ရောက်သွားလဲ.."

ကနုတ်လှည့်ကြည့်မိတော့ ဒေါ်ယမုံခင့်ကို လုံးဝအစရှာမရဘဲဖြစ်နေ၏။ မြင်မြင်သမျှဆိုင်တွေ ရောင်းနေကြသည့်ပစ္စည်းတွေကို သေချာလိုက်ငေးနေရင်း သူမနောက်ကြောင်းကို မေ့သွားခဲ့သည်။ ဒေါ်ယမုံ့ကို ဘယ်ကြည့်ကြည့် မမြင်တော့မှ ခေါင်းနပန်းကြီးသွားခဲ့ပြီး.. ၊

"အန်တီရေ.."

ဦးအာဏာသျှန်ရော ဘယ်ရောက်သွားတာလဲ.. ၊

"အန်တီ.."

လိုက်ခေါ်ကြည့်မလို့ပြင်လိုက်ပြီးမှ လူတွေလှည့်ကြည့်တော့ ကမန်းကတန်းပါးစပ်ပြန်ပိတ်ရသည်။ နှစ်ယောက်စလုံး ဘယ်ပျောက်သွားတာလဲ..။ 'ထွက်ပြေးလို့ကတော့ ရိုက်သတ်ပစ်မယ်မှတ်'လို့ အာဏာသျှန်ကြိမ်းမောင်းခဲ့တာ သဘာဝကျအောင် သရုပ်ဆောင်ခဲ့တာများလား..၊

ကနုတ်ချောက်ချားစွာတွေးမိလာသည်။ သူမကိုလူရှုပ်ရှုပ်ထဲမှာ ထည့်သွားပြီး စွန့်ပစ်ကြတာလား..။ ဒါဂလဲ့စားချေခြင်းတစ်မျိုးလား။ မဟုတ်လောက်ပါဘူး..အန်တီကအဲ့လိုလုပ်မယ့်လူမျိုး မဟုတ်ဘူး.. ၊ ကိုယ့်ကိုယ်ကိုဖြေတွေးရင်း နောက်ကြောင်းပြန်လှည့်လာခဲ့မိသည်။ လူတွေကို ရှောင်ရှားရင်း သူတည့်တည့်ပြန်လှည့်လာမိတာ ဟုတ်ရဲ့လားလို့ တွေးမိလာ၏။ ကိုယ့်ခြေထောက်ကို ငုံ့ကြည့်၍ ဘေးဆိုင်တွေနဲ့ကြား ကို ဘာမှမသိဘဲ ချာလပတ်ရမ်းအောင်ကြည့်သည်။ ပြီးတော့ ဆတ် လျှောက်လာခဲ့၏။ လျှောက်နေရင်း လူခေါင်းတွေတဖြည်းဖြည်းမြင့်

တက်ကြတာ မြင်လိုက်သောကြောင့် ခြေလှမ်းရပ်သွားမိသည်။ ဒါသူမတို့ပထမဆုံးတက်လာခဲ့တဲ့ စက်လှေကား.. ။

ဘဝမှာအိမ်ကနေ ကားပေါ်တန်းတက် ကားပေါ်ကဆင်းတော့ ကျောင်း။ ကျောင်းဆင်းတာနဲ့ ကားပေါ်ပြန်တက်ပြီး အိမ်ပြန်ရောက်ခဲ့ရသည်။ ဒီလိုဘဝနဲ့ ကျောင်းပြီးခဲ့ရသည့်အဖြစ်ဟာ ရုပ်ရှင်ရုံမှာလည်း တစ်ခါမှ မကြည့်ခဲ့ဘူးသလို ပလာဇာတွေ shopping center တွေဆိုတာလည်း ဗီဒီယိုကြည့်တဲ့အခါ မြင်ဖူးခဲ့တာပဲရှိပေမယ့် လက်တွေ့ကိုယ်တိုင်ရောက်လာတော့ မြင်ဖူးထားပေမယ့်ကြောက်တာပဲဖြစ်၏။ မျက်လုံးထဲမှာ အသစ်အဆန်းဖြစ်နေသမျှ လိုက်ငေးနေမိသော အကျိုးရလာဒ်သည်.. ။

ငါ့ကို တကယ်ပစ်သွားကြတာလား.. ။

ပို၍သေချာလာခဲ့သည်မို့ မျက်ရည်ကချက်ချင်းဝေ့၏။ စက်လှေကားထိပ်ကနေ ခုနရောက်ခဲ့သည့်နေရာဆီ ပြန်လျှောက်လာမိစဉ်.. ။

"အင့်.."

"ဆောရီး.."

ပခုံးချင်းရိုက်မိသဖြင့် တစ်ဖက်ကတောင်းပန်သည်။ ကနုတ်ကိုယ့်ကိုယ်ကို လူတစ်ယောက်နဲ့တိုက်လိုက်မိမှန်းတောင် သတိမထားနိုင်ခဲ့သော်ငြား ကျန်ရစ်သည့်မိန်းကလေးသည် မျက်လုံးအဝိုင်းသားနှင့်ဖြစ်ကျန်ခဲ့ပြီး.. ။

"ကနုတ်.."

ဇင်ဘယ်လိုမှ မယုံနိုင်။ ခြေလှမ်းသည် ဖျတ်ခနဲလိုက်မလိုလှမ်းပြီးမှ.. ။

"သမီး..မြန်မြန်လာလေ၊ တော်ကြာ ကိုယ်ကျန်ခဲ့တဲ့ဖိနပ်အိတ်ပြန်မရဘဲနေတော့မယ်.."

"ဟုတ်.."

ကနုတ့်ကို မေမေမြင်တာသေချာသည်။ ထို့ကြောင့် စိတ်ကနောက်မှာကျန်ခဲ့သော်လည်း အရှိန်မပျက်လှမ်းလာခဲ့ရင်း.. ။

"မေမေ ဟိုနားမှာသမီးဦးထုပ်လေးတစ်လုံးလောက်ကြည့်ချင်လို့.. မေမေတက်သွားလိုက်နော်၊ ပြီးရင် စီးကရက်ဂါးဒင်းမှာ မေမေစောင့်နေ



လိုက်.."

"ဩော်..ပစ္စည်းကျန်ခဲ့မှပဲသမီးရယ်.."

ဒေါ်မြထွတ်ဦး သမီးကိုလည်းမထားခဲ့ချင်။ သို့သော်.. ။

"ပြီးရော မကြာစေနဲ့နော်.."

"ဟုတ်.."

မေမေကွယ်လောက်တဲ့အထိ ခဏစောင့်ကာ ဇင်ချာခနဲပြန်လှည့်ပြေးခဲ့သည်။ ကနုတ်တစ်ယောက်တည်း ဘာဖြစ်လို့ဒီရောက်နေတာလဲ.. သူမထွက်ပြေးလာတာ ဖြစ်နိုင်ပေမယ့် သူမပုံစံက လူပျောက်ရှာနေတဲ့ပုံမှန်းသိသာသည်။ ဘယ်မှာလဲ.. ဘယ်ရောက်သွားတာလဲ..။ သူမတစ်ယောက်တည်းဖြစ်နေတုန်း တွေ့မှဖြစ်မည်။ မျက်လုံးရော ခြေထောက်ရော တစ်ချက်မှမနားဘဲ ရှာကြည့်နေမိကာ.. ။

ဟိုမှာ ကနုတ်.. ။

သူမသည် သန့်စင်ခန်းတွေဘက်ကို သွားနေတာမို့ ဇင်တအားပြေးလိုက်သွားခဲ့ပြီး.. ။

"ကနုတ်.."

"အမလေး.."

ကနုတ့်ကိုယ်လေးတုန်ခနဲဖြစ်သွားသည်။ တစ်ယောက်တည်းအားငယ်နေတုန်း ပခုံးဆွဲလိုက်သဖြင့် လန့်ဖျန့်သွားကာ.. ။

"ဟင်..မမ."

ဇင့်ကိုမြင်လိုက်တော့ ဝမ်းသာအားရဖြစ်သွားသည်။

"မမရယ်..ဝမ်းသာလိုက်တာ၊ ကနုတ်ဘယ်သွားရမှန်းမသိဖြစ်နေတာသိလား..အန်တီနဲ့ဦးအာဏာသျှန်ပါတယ်၊ အဲ့ဒါသူတို့ ဘယ်ရောက်ကုန်ကြမှန်းမသိဘူး.."

"လာခဲ့.."

ကိုယ်ထင်ထားတဲ့အတိုင်းပဲမို့ ကနုတ့်လက်လေးကိုဆွဲကာ သန့်စင်ခန်းလမ်းကြားလေးထဲ ဝင်လိုက်သည်။ ပြီးတော့ ကနုတ့်ကိုနံရံဘက်က ကျောလေးကပ်သွားအောင် လူချင်းကပ်ထားလိုက်ပြီး.. ။

"အာဏာသျှန်ပါလာတယ် ဟုတ်လား.."

"အင်း..ဒါပေမယ့် သူကဝင်လိုက်မလာဘူးထင်တယ်၊ အန်တီနဲ့

ကနုတ်နဲ့ပဲလာကြတာ..ဟိုလေ ကနုတ်ဟိုကိစ္စဖြစ်လို့၊ ဟိုဥစ္စာမရှိတာနဲ့.."

"အဲ့ဒါတွေထားစမ်းပါ..အခု အဲ့ဒီဒေါ်ယမုံခင်ဘယ်ရောက်သွားလဲ.."

"မသိတော့ဘူး..ကနုတ်ပြန်လှည့်ကြည့်လိုက်တော့ မရှိတော့ဘူး.."

"အဲ့ဒါကောင်းတယ်..နင့်ကိုငါပြန်ခေါ်သွားမယ်.."

ဟင်.. ၊

ကနုတ်မျက်နှာပျက်သွားသည်။ မမက ကယ်တင်ချင်တာပေမယ့် ဘွားဘွားက ပြန်လာရင်ကြိုက်ပါ့မလား..။ ဖေဖေဆက်သွယ်လာမှာပဲလို့ ထင်ခဲ့တာလည်း ဒီနေ့ထိပြန်ခေါ်ဖို့ ကြိုးစားနေတယ်ဆိုတာမျိုး သတင်းလေးတောင် မကြားခဲ့ပေ။ သူမဘယ်မှာနေလို့ ဘာလုပ်ရမယ်ဆိုတာ..

"လာ..သွားမယ်.."

"မမ..မမနေဦး.."

ဇင်က လမ်းထိပ်ထွက်ပြီး ခေါင်းပြူရုံလူသူလေးပါးကြည့်နေတုန်း ကနုတ်ကလက်ကိုရုန်းကာ.. ၊

"မမ ဦးအာဏာသျှန်က ကြိမ်းဝါးထားတာ..သူနဲ့တွေ့ရင် တစ်ခုခုလုပ်လိမ့်မယ်၊ မမကလမ်းသိလို့လားဟင်.."

"ဘာလို့မသိရမှာလဲ.."

ပြောလိုက်ပြီး ကနုတ့်လက်ကိုတင်းတင်းဆုပ်ကာ ဓာတ်လှေကားဆီပြေးလာခဲ့သည်။ ခုလောက်ဆို မေမေ Secret Gardenမှာထိုင်နေလောက်ပါပြီ။ ကားသော့ကကိုယ့်ဆီမှာ။ သျှန့်မှာ ကားမရှိတော့ပေ ထို့ကြောင့် ပါကင်မှာဘယ်လိုမှမတိုးနိုင်မှန်းသိနေသည်။ ဒေါ်ယမုံခင်ကို တော့ ပက်ပင်းတိုးလည်းဂရုမစိုက်ပေ။ ကနုတ့်ကို အာဏာသျှန့်ဆီက ဆွဲထုတ်ပစ်မည်။ စံအိမ်ကလည်း လက်ခံကြမှာမဟုတ်သည့် သူမကို ဘယ်လိုဝှက်ထားရလဲဆိုတာ နောက်မှစီစဉ်လို့ရသည်။ အရေးကြီးတာ က လက်ရှိလွတ်မြောက်ဖို့သာဖြစ်လျက်.. ၊

"မမ ကနုတ့်ကိုဘယ်ခေါ်သွားမှာလဲဟင်..ဘွားဘွားဆီပြန်ပို့မှာ လား၊ မမတို့နဲ့နေရမှာလား..ဖေဖေကရန်ကုန်မှာဆို.."

"ပါးစပ်ပိတ်ထားစမ်းကနုတ်..ဒီမှာမောရတဲ့အထဲ.."



ဒီလောက်ပြေးလွှားခလုတ်တိုက်နေတာတောင် ကလေးပေါက်စနလေးတွေလို မေးပဲမေးနိုင်လွန်းသည်။ စိတ်တိုတိုနှင့် ဆုပ်ကိုင်ထားသည့်လက်ကို ဆွဲခါပစ်မိပြီး.. ၊

"အမေးအမြန်းမထူနဲ့..ငါနင့်အတွက်ပြေးလွှားနေရတာ နားလည်လား.."

ပြောရင်း ဓာတ်လှေကားဆီရောက်တော့ ပြေးဝင်ပြီး ကားရပ်ထားသည့်ဒုတိယအထပ်ကို နှိပ်ထားလိုက်သည်။ ကားဆီချောချောမောမောရောက်သွားရင် ပြီးပြီ။ သူမအကျင့်ကိုက ကိုယ်လုပ်ချင်ရာလုပ်ရဖို့သာအဓိကဖြစ်ကာ နောက်ဖြစ်လာမည့်ပြဿနာ ဘာဖြစ်ဖြစ်ခေါင်းထဲမှာမရှိ။ သို့သော် တအိအိပိတ်သွားသည့်ဓာတ်လှေကားမှာ လက်တစ်ဖက်ကြားခံပေါ်လာခဲ့လျက်.. ၊

"ဟယ်.."

ကနုတ်မျက်လုံးပြူးသွားသည်။

"သူ.."

ဇင်သည် သျှန့်မျက်နှာကိုမြင်လိုက်သည်နှင့် မော့ငေးငြိမ်သက်သွားခဲ့ပြီး.. ၊

"ရှင်.."

သျှန်ဝင်လာတော့ နှစ်ယောက်စလုံး နောက်ထပ်ဆုပ်လိုက်ကြကာ သျှန့်ကိုသာကြ စီးကရက်နံ့လိုလို မွှေးရနံ့တစ်မျိုးက ပိုနီးသည့်ဇင့်ကို မေ့မူးတွေဝေသွားစေခဲ့လျက် 'ရှင်'ဆိုသည့်စကားမှာပဲ ဆက်ပြောဖို့စကားတွေလည်း ပျောက်ရှကုန်လေသည်။ အပြာဖျော့ဖျော့သော ဖြူလွှသည့်ရှပ်အကျႌ ဘောင်းဘီရှည်အဖြူနှင့် ကုတ်အကျႌအနက်ကို ထပ်ဝတ်ထားသည့် သျှန့်မျက်နှာက ဇင့်မျက်လုံးထဲမှာ မင်းသားတစ်ပါးလို သန့်စင်သည်ဝါနေသည်။ ထိုသူဟာ ဘယ်သူ့သားဖြစ်ပါစေ ထိုသူနဲ့နီးစပ်ဖို့ သူမဘယ်လိုနည်းလမ်းတွေ သုံးရပါစေ။ တစ်ခန်းတည်းအတူနေခဲ့ဖူးသည့် နီးစပ်ခြင်းထက် ဘာကပိုဦးမှာလဲ..။ ကနုတ်ဆိုတာ ဘာမှမသိတိုင်သည့်ရှုထောင့်ကနေ လေတိုက်လို့လွင့်ပါလာတဲ့အမှိုက်..

"မင်းငါ့ကိစ္စကို ဝင်ရှုပ်နေတာ ဘာအတွက်လဲ.."

သျှန်က မေးခွန်းထုတ်တော့ မျက်လုံးချင်းဖျတ်ခနဲ ဆုံသွားသည်။

"ငါသိတယ်..လူကြီးတွေအကန့်နဲ့မဟုတ်ဘူး.."

ရှင့်ကိုစွဲလမ်းနေလို့လို့ ပြောလိုက်ချင်ပေမယ့် အနားမှာကနုတ်ရှိနေသည်။ ထိုစဉ် ဓာတ်လှေကားရပ်သွားပြီး တံခါးဖွင့်လျှင် ဇင့်နောက်မှာကွယ်နေသည့် ကနုတ့်လက်ကိုသျှန်ကဆွဲထုတ်လိုက်၏။

"ဟင့်အင်း.."

ကနုတ်ကပြန်ရှုန်းသည်။ သို့သော် ခေါင်းခါနေရင်း သျှန့်ရင်ဘက်နဲ့ သူ့မျက်နှာလေးပြေးကပ်သွား၏။ ဇင့်မျက်နှာ မည်းခနဲဖြစ်သွားပြီး..

"သူထွက်ပြေးလာတာ ဇင့်ဆီကို.."

ပြောပြီး ကနုတ့်လက်ကိုပြန်ဆွဲလျှင် သျှန်ကသူ့မလက်ကို ဖမ်းကိုင်ပြီး နောက်ကိုတွန်းပစ်လိုက်သည်။ ထိုအခါ ပြန်ပိတ်သွားသည့် ဓာတ်လှေကားတံခါးတစ်ချပ်ခြားသွားခဲ့လျက်.. ၊

"ဦးအာဏာသျှန် ဘာလုပ်လိုက်တာလဲဟင်..ဟိုဟာကြီးထဲမှာ မ… ပိတ်မိနေပြီ.."

"တစ်ခါတည်းအသက်ပါသွားစေချင်တာ.."

"အဲ့လိုမလုပ်ပါနဲ့..မမသေသွားလိမ့်မယ်၊ ဦးအာဏာသျှန် မမ… ကယ်လိုက်ပါ.."

ကနုတ်အလန့်တကြားမော့ကြည့်ကာ အသည်းအသန်ရုန်းတော… သည်။ သျှန်ဒေါသထွက်လာသဖြင့် သူ့မလက်ကိုနာသွားအောင် ဖျစ်… လိုက်ရင်း.. ၊

"တိတ်တိတ်နေစမ်း..မင်းအစ်မဘာမှမဖြစ်ဘူး.."

ဘယ်လောက်တောင်မသိတတ်ဆိုးရွားတဲ့ မိန်းကလေးလဲ..။ ဒီ… မေမေ့ကို ဖုန်းခေါ်လို့မရလို့ စိတ်ပူနေရတဲ့အထဲ.. ၊

"မေမေ့ကိုထားပြီး မင်းထွက်ပြေးတယ်ဟုတ်လား.."

"ဟင့်အင်း..အဲ့လိုမဟုတ်ဘူး၊ အန်တီကို ကနုတ်လိုက်ရှာနေတာ…

"ဘယ်ရောက်သွားမှန်းမသိရအောင်မင်းက.."

"အတူတူသွားနေရင်းနဲ့ ကနုတ်လှည့်ကြည့်လိုက်တော့ မရှိ… ဘူး.."

လက်ကိုမလွှတ်ဘဲ ခြေလှမ်းကျဲနှင့်သွားနေသမျှ အငယ်အပြေ… ပိုင်းလိုက်နေရကာ..



"ဖြည်းဖြည်းလျှောက်ပါ..ကနုတ့်ခြေထောက်နာလာပြီ..အား.."

ခြေထောက်ကဒဏ်ရာကို သတိရလိုက်တော့ သျှန်ခြေလှမ်းတုံ့သွားသည်။ ပြီးတော့ သူ့မဘက်လှည့်ရပ်လိုက်ပြီး.. ၊

"ထွက်ပြေးတာမဟုတ်ရင် ဟိုကောင်မလေးကဘာလဲ.."

"သူ.."

ဇင့်ကိုမေးမှ 'သူဇင့်ဆီကို ထွက်ပြေးလာတာ'လို့ သျှန့်ကိုဇင်ပြောလိုက်တာ သတိရသည်။ သူ့မအမှန်အတိုင်း ပြောလိုက်မိပြီမို့ ဇင့်ကိုသျှန်ဒေါသထွက်တော့မှာကို စိတ်ပူသွား၏။

"အဲ့ဒါ..ဟို ကနုတ်မျက်စိလည်ပြီး လျှောက်သွားနေတုန်း မမကစိုးရိမ်လို့ ရောက်လာတာ.."

ကနုတ့်ကိုမျက်မှောင်ကုတ်ကြည့်ရင်း မိန်းကလေးနှစ်ယောက်ရဲ့စကားတွေကို ပြန်တွေးကြည့်မိသည်။ ကနုတ်ရောက်လာတည်းက မျှော်ချင်လို့ထွက်ပေါက်ရှာနေသည့် ငှက်တစ်ကောင်လို ပြုမူခဲ့တာမျိုးလည်းမရှိ၊ အိမ်ထဲထိဝင်ပြီး ဇင်လာခေါ်တာတောင် ကနုတ်ကမလိုက်ဘူးလို့ မေမေပြောပြခဲ့တာလည်း ရှိသည်။

ဒါဆို ဘယ်သူညာတာလဲ.. ၊

သူ့အံတစ်ချက်ကြိတ်လိုက်ပြီး အတွေးစကိုဖြတ်သည်။ ပြီးတော့ မေမေ့ဖုန်းကို ထပ်ခေါ်လိုက်၏။ ယခင်ကတုံ့ပြန်သည့်အတိုင်း စက်ပိတ်ထားပါသည်ပဲ ပြန်ဖြေသံကြားရသဖြင့် စိတ်ပျက်သွားမိသည်။ သူ့အသုံးကိုစွဖုန်းပြောရင်း လှမ်းကြည့်နေမိတုန်းကတော့ နှစ်ယောက်ခပ်လှုပ်လှုပ်သွားနေကြသည်ပဲ။ ဒီလိုနေရာမှာ လူကွဲပြီးမျက်စိလည်ရအောင် တောကတက်လာတဲ့ သျှောင်ပေစူးအရွယ်လေးတွေလည်း မဟုတ်။ တွေးရင်း စိတ်တိုသလို စိတ်ပူခြင်းက ပိုပိုတိုးလာသည်။ မေမေဖုန်းတွေ ဘာအမှားများ အလုခံရသလား..။ မဖြစ်နိုင်တာတွေတွေးရင်း ခြေလှမ်းတွေဦးတည်ရာမဲ့နေဆဲ ဖုန်းဝင်လာသည်။ ကြည့်လိုက်တော့ ကြိုးဖုန်းဖြစ်နေ၏။

"ဟလို.."

"သား..မေမေဘယ်ရောက်နေမှန်းမသိတော့ဘူး.."

"မေမေ..မေမေ့ဖုန်းရော ဖုန်းမရှိတော့လို့လား.."

"ရှိတယ်..ဒါပေမယ့် လွတ်ကျလို့ပျက်သွားပြီ.."

"မေမေအခု အထဲမှာပဲလား.."

"မဟုတ်ဘူး..ဖုန်းနောက်လိုက်ရင်းနဲ့ ထွက်လာခဲ့တာ ဘယ်တွေရောက်လာမှန်း မသိတော့ဘူးသားရယ်.."

"ဟုတ်ပြီ..သားလာခေါ်မယ်၊ မေမေ့နားမှာ ဘာဆိုင်ရှိသလဲ..ပတ်ဝန်းကျင်ကို တစ်ချက်လောက်ကြည့်လိုက်.."

ဖုန်းပြောနေရင်း လျှောက်ထွက်လာခဲ့တာ ကနုတ့်ကိုလည်း သတိမေ့သွားသည်။ သို့သော် ကနုတ်ကိုယ်တိုင်ခြေထောက်နာနေတာကိုလည်း ဂရုမစိုက်နိုင်ဘဲ အမောတကောမီအောင်လိုက်လေသည်။

ဒီတစ်ခါ ပြတ်ကျန်ရစ်ခဲ့ရင် သွားပြီ.. ।

အခန်း(၄၃)

"အား..ကျွတ် ကျွတ်.."

ညဥ့်နက်နေမှ ခါးကိုက်သလိုဖြစ်လာသဖြင့် ကနုတ်အိပ်ပျော်နေရာမှ နိုးလာခဲ့သည်။ ပြီးတော့ နေ့လည်ကဝယ်လာခဲ့သည့်ဆေးတွေထဲက Dolfenalတစ်လုံးယူသောက်လိုက်ပြီး မျက်လုံးကခုထိမဖြည့်ရသေးသည့် အိတ်နှစ်လုံးဆီရောက်သွား၏။ အဝတ်အစားအသစ်တွေရော မိန်းကလေးအသုံးအဆောင်တွေပါ ပြည့်စုံသလောက်ပါလာခဲ့သည်။ သူမကြီးပြင်းခဲ့သည့် တစ်သက်တာမှာ အပြင်ထွက်ပြီး ကိုယ့်စိတ်ကြိုက်ရွေးချယ်ဝယ်ခြမ်းခွင့်ရတာ ဒါဟာပထမဆုံး။ ဒီနေ့နေ့လည်က ပျော်ရွှင်ကြည်နူးခဲ့ရခြင်းသည် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် သောကအခက်အခဲအားလုံးကို မေ့ပျောက်သွားစေခဲ့တဲ့အထိ ရင်ထဲမှာချမ်းမြေ့ကျန်ရစ်၏။ ပြီးတော့ ဒေါ်ယမုံခင်.. ।

အာဏာသျှန် ဘယ်လောက်ပဲခက်ထန်မာကျောပေမယ့် ဒေါ်ယမုံခင်ဆိုသည့်အမျိုးသမီးကြီးက နူးညံ့ကြင်နာတတ်၏။ အတင်းအဓမ္မဆွဲခေါ်ခံခဲ့ရသည့် ထိတ်လန့်ကြောက်ရွံ့မှုတွေ ကြေကွဲခြင်းတွေအားလုံးသည်လည်း သူမကိုတွေ့လိုက်တည်းက လျော့ပါးခဲ့ရတာဖြစ်သည်။ ဒေါ်

ယမုံခင် ဘယ်လိုစိတ်ထားနဲ့ရှိနေနိုင်မှန်းလည်း မသိခဲ့ဘဲ အားကိုးရှိသွားသလို ရင်ထဲမှာနွေးခဲ့ရတာ ဘယ်လိုခံစားချက်ဆိုတာ မသိခဲ့ပေ။ ခုတော့ သူမကိုကနုတ်နားလည်ခဲ့ပြီထင်သည်။ စိတ်ထားနူးညံ့ကြင်နာတတ်သည့် မိန်းမတစ်ယောက်ဟာ ကျေးကျွန်ဖြစ်ခဲ့တာနဲ့ပဲ အရာရာနဲ့မထိုက်တန်တော့သလို ဘာကြောင့်ခွဲခြားနှိမ့်ချခံနေရတာလဲ..။ လူကြီးတွေမှာ ဘယ်လိုပညတ်ချက်တွေရှိနေသည်မသိပေမယ့် ဒေါ်ယမုံခင့်အပေါ် သူမ ခင်တွယ်မိပြီဖြစ်သည်။

"အန်တီက ချစ်ဖို့ကောင်းပါတယ်.."

ပြန်တွေးရင်း နှုတ်မှရေရွတ်လိုက်မိသည်။ ပြီးတော့ ဝယ်ခြမ်းနေကြတုန်းမှာ အန်တီပြုံးနေတာတွေ ကနုတ့်ကိုကြည့်သည့်အကြည့်တွေကို မြင်ယောင်မိ၏။ ထို့ကြောင့် ပြုံးမိသည်။ ကိုယ့်မှာမိခင်မရှိခဲ့တာမို့ မိခင်နဲ့တူသော အကြင်နာမျိုးကို ရင်ထဲကလက်ခံလွယ်မိတာလားမသိ။

ဟင်.. ।

အတွေးလေးနှင့် အိတ်တွေကိုဖွင့်ကြည့်လိုက်မိလျှင် အထဲမှာယောကျ်ားအဝတ်အစားတွေ.. ।

ဒါတွေ.. ।

ကနုတ် ကမန်းကတန်းဆက်ဖွင့်ကြည့်လျှင် ယောကျ်ားအသုံးအဆောင်တွေချည်း ထွက်လာသဖြင့် မွေ့ရာခြေရင်းမှာ ထိုင်နေရာကနေ ချက်ချင်းထရပ်လိုက်မိသည်။

ဒါ ဦးအာဏာသျှန်ရဲ့အိတ်တွေပဲ..သွားပြီ.. ।

သူ့အိတ်တွေ ကိုယ်ဖွင့်ကြည့်တာ အကြောင်းမဟုတ်။ ကိုယ့်အိတ်တွေထဲမှာ.. ।

"ဘုရား.."

ရင်ဘက်ဖိ၍ တံခါးပြေးဖွင့်ပြီး ထွက်လာခဲ့မိသည်။ သူမကညဦးပိုင်းတည်းက အိပ်တတ်သည့်အကျင့်ရှိပေမယ့် အန်တီကကိုးနာရီမှာ ဘုရားရှိခိုးသည်။ ပြီးတာနှင့်အိပ်၏။ ညဉ့်နက်သန်းခေါင်ကျော်ထိနေတတ်တာ အာဏာသျှန်ပဲရှိသည်။

"တစ်ခါတလေ သူလိုအပ်တဲ့ပရိုဂရမ်ရေးနေပြီဆို သားကကြက်အိပ်ကြက်နိုးနဲ့ပဲ သုံးလေးရက်ဆက်နေတတ်တာ.."



လို့အန်တီပြောပြထားဖူး၏။ ခုရော မအိပ်သေးဘဲ ရှိနေတုန်းလားဘယ်နှစ်နာရီရှိနေပြီမှန်းမသိပေမယ့် ညဉ့်နက်နေပြီဆိုတာတော့ တွက်မိကာ ခြေသံဖွဖွနှင့် လျှောက်လာခဲ့သည်။ ထိုစဉ် ဘယ်လိုနိုးနေမှန်းမသိသည့် ဟာကျူလီက အခန်းရှေ့မှာမော့ငေးနေလျှင်.. ।

"ရှူး.."

အသံမထွက်ဖို့ လက်ညှိုးထောင်ပြကာ.. ।

"အသံမထွက်နဲ့နော်..တိတ်တိတ်လေးနေ.."

ခေါင်းလေးပွတ်၍ သေချာမှာပြီးမှ အာဏာသျှန့်အခန်းကို ဦးတည်သွားခဲ့သည်။ ဟာကျူလီက ပြောတာကိုနားလည်နေသလို ခြေထောက်လေးခပ်နှဲ့နှဲ့နှင့် နောက်ကလိုက်လာ၏။ အခန်းတံခါးကပိတ်ထားသဖြင့် အထဲမှာမီးရောင်ရှိမရှိ ကြည့်လို့မရပေ။ ပြီးတော့ အိပ်နေသည်လားမအိပ်သေးဘူးလားလည်းမသိ။ သေချာတာက အိတ်ကိုဖွင့်မကြည့်သေးသည့်အဖြစ်။ မသိသေးလို့သာ ဘာသံမှမထွက်လာသေးတာဖြစ်သည်။ ထို့ကြောင့် သူမတွေ့ခင် ရအောင်ပြန်ယူရမည်။ ဒါတွေသူတွေ့သွားလို့ကတော့.. ।

တွေးကြည့်တာနဲ့တင် ချွေးပြန်လာခဲ့သည့်အဖြစ်။ သတ္တိတွေမွေးနေပေမယ့် ခိုးဝင်ရမလား..တံခါးခေါက်ပြီး အိတ်မှားနေတာပြောရမလား ချီတုံချတုံဖြစ်နေဆဲ.. ।

"ကလစ်.."

အယ်.. ।

ဒိုးလော့ခ်ကိုကိုင်ပြီး ဘာလုပ်ရမလဲမဝေခွဲနိုင်ခင် တံခါးကပွင့်သွား၏။ ကနုတ်လန့်ဖျန့်ပြီး နောက်ဆုတ်လိုက်မိသည်။ ဒေါသတကြီးမျက်နှာပေါ်လာတော့မည်မို့ အသက်အောင့်ပြီး ရပ်စောင့်နေမိသည်။ သို့သော် စောကြာတဲ့အထိ အခန်းထဲကတုတ်တုတ်မှ လှုပ်သံထွက်မလာခဲ့သဖြင့် ကနုတ်ဝမ်းသာသွား၏။

သူအိပ်နေတာလား..မရှိတာလား တစ်ခုခုဆိုတာ သိလိုက်သည်နှင့် တံခါးကိုတွန်း၍ အထဲကိုခေါင်းပြူကြည့်လိုက်သည်။ ပြီးတော့ ဘာမှတွေးမနေတော့ဘဲ အခန်းထဲဝင်လိုက်သည်။ အထဲမှာ ဘာပစ္စည်းတွေဘယ်လိုထားတာ ဘာကိုမှစိတ်မဝင်စားနိုင်ဘဲ ကိုယ့်အထုပ်တွေကိုပဲ

အသည်းအသန်ရှာမိ၏။ နက်ပြာရင့်ရင့် မွေ့ရာခင်းနှင့်ခုတင်ပတ်လည် မှာလည်း အထုပ်ကိုမမြင်။ စင်တွေစားပွဲတွေနားမှာလည်း မရှိ။ ကိုယ့် လိုအထုပ်တွေကို ခုတင်ခြေရင်းမှာချပြီး ကိုယ်စိတ်ဝင်စားသည့်အထု ကိုပဲ ဖြည်ကြည့်မေ့လျော့နေလိမ့်မည်လို့ သူမဘာဖြစ်လို့ထင်ရတာလဲ..

အပြင်မှာမရှိတာနှင့် အဝတ်ဗီရိုကြီးနားသွားမိကာ တံခါးကိုဆွဲဖွ လိုက်သည်။ အထပ်စင်မရှိသော ဘယ်ဘက်အကျီချိတ်တွေအောက်မှ အဝတ်ထုပ်နှစ်ထုပ်။ တကယ်ဆို အထုပ်ပုံစံတွေကလည်း မတူပေ။ သူ့ အထုပ်က ကတ္တူအိတ်တွေကိုထည့်ထားသည့် အိတ်တွေဖြစ်ကာ သူမ၏ အထုတ်တွေက ဒီကိုင်းအိတ်ပျော့တွေဖြစ်သည်။ ဒါကိုဘယ်လိုတော မှားခဲ့ရသလဲဆိုတာ နားမလည်နိုင်တော့ပေ။ ကနုတ်အထုပ်တွေကို ဖြ ဖွင့်ကြည့်ရင်း ကိုယ့်ကိုယ်ကိုအပြစ်တင်မိ၏။ ထိုစဉ် အပြင်ကစကားသ ကြောင့် တစ်ကိုယ်လုံးတောင့်တင်းသွား၏။

"ဟာကျူလီ ဒီမှာဘာလုပ်နေတာလဲ.."

အာဏာသျှန်.. ။

ကနုတ်ဖွင့်ထားသည့်အထုပ်တွေကို စုသိမ်းပိုက်လိုက်ပြီး ကယော ကတမ်းတံခါးဆီပြေးသည်။ သူမတံခါးနားရောက်ကာမှ သတိရ တံခါးတစ်ဖက်က စာအုပ်နှင့်ပန်းအိုးခုံကြားမှာ ပုကပ်ရပ်နေမိ၏။ သျှ က တံခါးဖွင့်လိုက်ပြီးမှ မဝင်သေးဘဲ စီးကရက်ရှို့က်နေကာ.. ။

"သွား..သွား ကိုယ်နေရာကိုယ်သွားအိပ်.."

ဘုရား ဘုရား..ဟာကျူလီပြန်မသွားဘဲ အထဲဝင်လာပြီး သူ ရာ ဦးဆောင်ခေါ်လာရင်တော့ သေပြီ.. ။

"ဘာကြည့်နေတာလဲကွ..အထဲဝင်ချင်နေတာလား၊ မရဘူး ဖော်မမက်နဲ့၊ သွားအိပ်တော့.."

"ချပ်.."

တံခါးပြန်ပိတ်လိုက်သံ ကြားသည်။ အထဲဝင်လာတော့မှ ကန မြင်ကွင်းထဲရောက်၏။ ကော်ဖီရောင်တီရှပ်လက်ရှည်နှင့် ဘောင်းဘီ နက်ပြာရောင်ကိုဝတ်ထားကာ ဆံပင်ရှည်ကိုသားရေကွင်းနဲ့ ဖြစ်သ စုချည်ထား၏။ စီးကရက်ကိုခွက်ထဲမှာ ဖိချေထည့်လိုက်ပြီး ကွန်ပျူ သွားဖွင့်သည်။ ကနုတ်တံခါးကို လှမ်းကြည့်မိပေမယ့် သျှန်ကလော



ချလိုက်တာမို့ တိတ်တိတ်လေးပြေးဖွင့်ပြီး ထွက်ဖို့လည်းမလွယ်။ ဒီလူ ကြီးမအိပ်သေးဘူးထင်တယ်..ဘုရားကယ်တော်မူပါ။ ထိုစဉ် သျှန်ကအ ဝတ်ဗီရိုဘေးက ချိတ်စင်ကြီးကနေ ညဝတ်အကျီရှည်ကြီးကို ဖြုတ်ယူ လိုက်ပြီး ခုတင်ပေါ်ပစ်လိုက်သည်။ ပြီးတော့ သူ့အကျီကိုဆွဲလှန်ချွတ် လိုက်၏။

ကနုတ်မျက်လုံးပြူးသွားသည်။ ကျယ်ပြန့်ဖြူဝင်းသော ကျောပြင် ကျယ်ကြီးနှင့် တောင့်တင်းကျစ်လျစ်သောကိုယ်ဟန်က သူမရှေ့မှာ.. ။

မဟုတ်ဘူး..မလုပ်နဲ့.. ။

နောက်ထပ်ပုဆိုးတစ်ထည်ဆွဲယူပြီး ဘောင်းဘီခါးပတ်ဖြုတ်လျှင် ကနုတ်ဘာမှမသိတော့ဘဲ မျက်လုံးတွေမှိတ်ပစ်လိုက်ပြီး.. ။

"တော်ပါတော့..မလုပ်နဲ့တော့.."

မျက်လုံးစုံမှိတ်၍ တအားအော်ရင်း တံခါးဆီပြေးထွက်သည်။

"ဟိတ်.."

သူမတံခါးလက်ကိုင်ဘုပေါ် အသေအချာဆုပ်လိုက်မိသော်လည်း သျှန်က နောက်ကနေသိမ်းဖက်ပြီး ဆွဲလှည့်ပစ်လိုက်လျှင်.. ။

"ဘုတ်.."

"ဟင့်အင်း...လွှတ်.."

"ငြိမ်ငြိမ်နေစမ်း."

အထုပ်တွေလည်း ပြုတ်ကျကုန်ကာ သူ့ရင်ခွင်ကိုကျောကပ်လျက် နှင့် ယက်ကန်ယက်ကန်ဖြစ်နေခဲ့ပြီး.. ။

"လွှတ်..ချပေးပါ၊ ကနုတ်ဘာမှမလုပ်ဘူး.."

"မလုပ်ဘဲနဲ့..ငါ့အခန်းထဲဘာလို့ရောက်နေတာလဲ၊ ဘာဝင်လုပ် တာလဲပြော.."

ကိုယ်ကလျှို့ဝှက်လှုပ်ရှားနေခဲ့သည်။ သူမကဘာလဲ..။ သူ့အိမ်အ ထွက် ဒီမှာသူလျှိုလာလုပ်တာလား..။ ကိုယ်ခိုးရင် သူများကိုပြောသည် ဆိုသောစကားအတိုင်း ကနုတ့်ကိုသူခိုးဖမ်းပြီး သျှန့်ခေါင်းထဲမှာ သံသယ တွေ့ဆတိုးကိန်းနှင့်ဖြစ်ကုန်လေသည်။

"ဒီမှာ..ငါ့ကိုကြည့်စမ်း.."

မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်ပြီးမျက်လုံးဖွင့်ခိုင်းသဖြင့် ကနုတ်

မှတ်တမဲ့ ဖွင့်လိုက်မိသည်။ သို့သော် မွေးညင်းတို့ဖြင့် ဖြူဝင်းပြေပြစ်သော သျှန့်ရဲ့ရင်အုပ်ကျယ်ကို မျက်နှာရှေ့မှာ ထိကပ်မတတ်မြင်လိုက်ရလျှင်.. ၊

"အမလေး.."

မျက်လုံးတွေပြန်မှိတ်ပစ်မိရင်း.. ၊

"ဦးအာဏာသျှန်ကို လာချောင်းကြည့်တာမဟုတ်ဘူး..ကနုတ် ကနုတ့်ဟာလာယူတာပါ၊ လွှတ်ပေးပါ..တောင်းပန်ပါတယ်.."

မျက်တောင်ဖျားလေးတွေ မျက်ခွံပြေပြေမှာ ပြွတ်ညက်ကော့တက်နေတဲ့အထိ မျက်လုံးစုံမှိတ်အော်နေသည့် ကနုတ့်မျက်နှာလေးကို သျှန်ကစူးစိုက်ကြည့်သည်။ ရှည်လျားထူခဲသော ဆံနွယ်တွေနဲ့သူမရဲ့ပခုံးသားတွေကိုရောသိမ်းဖိဆုပ်ထားမိသဖြင့် ပခုံးလေးကျုံ့လျက် မျက်နှာလွှဲဖို့ကြိုးစားနေတာလည်း မအောင်မြင်။ သူမဘာဖြစ်နေမှန်း သိလိုက်ရသည်နှင့် သျှန်ကမချိုမချဉ်မဲ့သည်။ ပြီးတော့ ဖိဆုပ်ထားခဲ့သည့်လက်တို့ကိုဖြည်လွှတ်ပေးလိုက်ပြီး.. ၊

"ဟိုအထုပ်ကောက်လိုက်.."

"ဟင်.."

မျက်လုံးတွေပွင့်လာကာ အိတ်တွေကို အူးယားဖားယားပြေးကောက်သည်။ သို့သော် သျှန့်ကိုပေးဖို့မဟုတ်ဘဲ အတင်းထွက်ပြေးဖို့လုပ်လျှင် သျှန်ကလက်မောင်းကိုဖျတ်ခနဲဆွဲလှည့်လိုက်ပြီး အိတ်တွေကိုပါ ဆွဲယူလိုက်ရာ.. ၊

"အား.."

ကနုတ့်ညဝတ်အင်္ကျီခါးစည်းကြိုးကို အထုပ်နဲ့ရောဆွဲမိသလိုဖြစ်သွားခဲ့၏။ အစတည်းက ဖွင့်လျက်သားရှိနေသည့်အထုပ်သည်လည်း တမင်ခါထုတ်လိုက်သလိုဖြစ်သွားခဲ့ပြီး ဖွေးနုဝင်းထိန်နေသော ကနုတ့်ရင်ဘက်လေးသည်.. ၊

သျှန့်မျက်လုံးထဲမှာ လျှပ်စီးလက်သွားသလိုပင်။ ရင်ထဲက ဟာခနဲ အသံသည် နှုတ်ဖျားကထွက်လိုက်တာလား မထွက်ခဲ့ဘူးလားတောင်မသိလိုက်ဘဲ..

"ဆော..ဆောရီး.."



ကနုတ်ရင်နှစ်ခြမ်းပွင့်ထွက်သွားသည့်အင်္ကျီနှစ်ဖက်စကို ကမန်းကတန်းဆွဲစေ့လိုက်ပြီး ချာခနဲလှည့်ပြေးလေသည်။

"ဟဲ့..ဟဲ့.."

တံခါးဝမှာ ဒေါ်ယမုံခင်ပေါ်လာသည်နှင့် တိုက်မိမလိုဖြစ်သွားကာ ကနုတ်ခေါင်းငုံ့ပြီး အတင်းထွက်ပြေး၏။ ပထမတစ်ခါ တံခါးပြေးဖွင့်တည်းက လော့ခ်ပြုတ်သွားတာမို့ တံခါးကပွင့်ပြီးသားဖြစ်သည်၊ ထို့ကြောင့် ဒေါ်ယမုံခင်အိပ်ရာမဝင်ခင် အပြင်ထွက်လာရင်း မီးရောင်မြင်သောကြောင့် လာကြည့်တာဖြစ်၏။ မြင်လိုက်ရသည့်အခြေအနေကို မယုံနိုင်သလို တံခါးဝကနေ မျက်လုံးအဝိုင်းသားနှင့် ရပ်ကြည့်နေရင်း..၊

"သားတို့က.."

"မဟုတ်ဘူးမေမေ.."

သျှန်ကပျာပျာသလဲလက်ကာပြီး ငြင်း၏။

"မဟုတ်တာကဘာလဲ..ဒါတွေက.."

မေမေ့လက်ညှိုးက ထွက်သွားသည့်ကနုတ်နဲ့ သူ့ပုံစံကိုမြင်ပြီး ခြွင်းပြီးထိုးတာမို့ သျှန့်မျက်နှာ ရဲတက်သွားကာ.. ၊

"သူကကျွန်တော့်အခန်းထဲဝင်လာတာ.."

"ဘယ်လိုပြောလိုက်တယ်.."

ကိုယ့်အခန်းထဲမှာမြင်တာတောင် မေမေကမိန်းမသားဘက်က ခုခံတာကွယ်ဖို့ပြင်ဆင်လိုက်သည့်အကြည့်တို့နှင့်.. ၊

"သား ဘယ်လိုပြောလိုက်တာလဲ.."

မိန်းကလေးတစ်ယောက်ကို လွဲချပစ်လိုက်တဲ့စကားက ဒေါ်ယမုံခင့်နားထဲမှာ ခါးသွားသည်၊ အင်္ကျီဖရိုဖရဲကို မလုံ့တလုံကာကွယ်ရင်းထွက်ပြေးသွားသည့်ကနုတ့်ကို သေချာမြင်လိုက်သည်။ ဒီမှာကိုယ့်သားက အင်္ကျီမပါသည့်ကိုယ်ခန္ဓာမှာ ဘောင်းဘီခါးပတ်ပြုတ်နှင့်.. ၊

သူ့ပုံစံကို စိမ်းစိမ်းကားကားကြည့်လာသည့် မျက်လုံးတို့ကြောင့် သျှန်နားလည်သွားကာ ကျွတ်ခနဲတစ်ချက်တော့ဖြစ်၏။ ပြီးမှ..

"ဒါ..ဒါတွေ.."

ကြမ်းပေါ်မှာ ပြန့်ကျဲကျန်ရစ်ခဲ့သော မိန်းကလေးအတွင်းခံအင်္ကျီတွေ လစဉ်သုံးပစ္စည်းတွေဆီ မျက်လုံးထပ်မရောက်စေဘဲ လက်နဲ့သျှန်

ပြလိုက်မိကာ.. ၊

"သူ့ဟာတွေသူလာယူတာ.."

ဒေါ်ယမုံခင့်အကြည့်တွေ ပစ္စည်းတွေဆီရောက်သွားသည်။ ဒါပေမယ့် မျက်မပြေသည့်မျက်ခုံးတန်းတို့က တွန့်ကုတ်နေဆဲရှိကာ.. ၊

"ဒါနဲ့ပဲ သားကဘယ်လိုတောင်.."

"ခက်တာပဲမေမေရာ..မေမေမြင်နေတာတွေက မဟုတ်ပါဘူး ကျွတ်..ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်သူဝင်နေတာကို မသိဘူး..အလုပ်လုပ်တော့မယ်ဆိုပြီး အကြိုလဲနေတာ၊ အဲ့ဒါသူ ထအော်မှ သူရှိမှန်းသိတာ..အော်ပြေးပြေးတော့ ဘာမှန်းညာမှန်းမသိဘဲ သားလှမ်းဆွဲလိုက်လို့ အဲ့လိုတွေဖြစ်ကုန်တာ.."

သေချာပြောပြမှပဲ မေမေ့မျက်ခုံးတွေ ပြေပြစ်ခြင်းသို့ရောက်ခဲ့ရသည်။

တကယ် မလွယ်.. ၊

## အခန်း(၄၄)

"ခင်ဗျားပဲပြောတော့ ဝယ်ထားတာနှစ်လပဲရှိသေးတယ်..စာရွက်စာတမ်းအစုံနဲ့ ပါကင်အတိုင်းပဲဆို.."

"ဒီမှာလေ..ငါ့ဖုန်းအသစ်ကြီးပဲ၊ မင်းကိုလည်း စမ်းပြပြီးပြီ.."

လူလူက သူ့ထက်အသက်ကြီးပုံပေါက်သည့် လူနှစ်ယောက်ကို မှုန်ကုတ်ကုတ်ကြည့်ပြီး ခေါင်းခါသည်။

"ကျွန်တော်သိပ်မသိပေမယ့် ဖုန်းဝယ်ရင် စာရွက်စာတမ်းနဲ့ဂရန်တီပါရတယ်ဆိုတာတော့ သိတယ်..မပါရင်မဝယ်တော့ဘူး.."

သူတို့က နှစ်ယောက်ဖြစ်သလို လူလူတို့ကလည်း နှစ်ယောက်ပဲဖြစ်သည်။ မဝယ်ဘူးငြင်းကာ ဆိုင်ကယ်ပေါ်ပြန်ခွတက်လိုက်လျှင်..၊

"ဒီလိုတော့မရဘူးလေကွာ..အရောင်းအဝယ်ဆိုတာ ညှိနှိုင်းဈေးရှိသေးတာပဲ.."

"ဘာလုပ်တာလဲဗျ.."

တစ်ယောက်က ဆိုင်ကယ်ရှေ့ဘီးကို ကန့်ပစ်လိုက်ပြီး တစ်ယောက်ကနောက်ကထိုင်သည့်လူလူ့လယ်သာဂျာကင်ပခုံးကို ဆောင့်ဆွဲချလိုက်၏။ မှောင်ရိပ်ထဲမှာ ဆိုင်ကယ်နဲ့လူနှစ်ယောက် ခွေးကျတ်

ကျကျကုန်တာ ဘယ်သူမှမမြင်။ လူလူကလွတ်လွတ်ခါခါကျပြီး လက်မောင်းတစ်ဖက်ဘာဖြစ်သွားမှန်းမသိဘဲ ဝင်းနိုင်ကဆိုင်ကယ်အောက်မှာ ပိနေသဖြင့် ရုတ်တရက်မထနိုင်။ ထိုစဉ် ဆိုင်ကယ်ကိုကန့်ပစ်လိုက်သည့် လူက ရှေ့တိုးလာကာ.. ।

"ပိုက်ဆံပေးစမ်း.."

"ဘာလို့ပေးရမှာလဲ..ခင်ဗျားတို့ဖုန်းကို မဝယ်ဘူးပြောပြီးပြီပဲ.."

"ဖုန်းနဲ့မဆိုင်တော့ဘူးကိုယ့်လူ..ဒါကမင်းတို့ဆက်ဆံရေးမညက်တဲ့အတွက် ဒဏ်ကြေးဖြစ်သွားပြီ.."

ပြောပြီးတာနှင့် ရှေ့တိုးလာကာ လူလူ့ပခုံးမှာလွယ်ထားသည့် လက်တစ်ဝါးလောက်အိတ်လေးကို ဆောင့်ဆွဲဖြုတ်၏။ လူလူကမပေးဘဲ အတင်းပြန်လုလျှင် ဖက်လုံးနေသလိုဖြစ်သွားကာ အိတ်ကြိုးကိုတစ်ဖက်စီ ဆွဲထားမိကြ၏။

"ဟိတ်ကောင်..လွှတ်လိုက်စမ်း.."

ဓားရောင်ကမလက်ပေမယ့် မှောင်ရိပ်ထဲမှာ ခပ်ဖွေးဖွေးမြင်လိုက်သဖြင့် လူလူမျက်လုံးပြူးသွားသည်။ ထိတ်လန့်စိတ်ဖြင့် အိတ်ကိုပါတစ်ခါတည်းလွှတ်လိုက်ပြီးသားဖြစ်သွား၏။ သို့သော် ဝင်းနိုင်က အသည်းအသန်ကုန်းကျုံးထကာ အိတ်ကိုခုန်အုပ်ပြီး ပြန်လုလျှင်.. ।

"ခွေးသူတောင်းစားလေးတွေ..အချိန်ကုန်အောင်လုပ်နေကြတယ် ဟိတ်ကောင်..ချကွာ.."

"ဟေ့လူ..ဟေ့လူကြီး ခင်ဗျားနော်၊ ဝင်းနိုင်..မင်းနောက်မှာ ဝင်းနိုင်.."

ဓားနဲ့တစ်ယောက်ကပြေးထိုးလျှင် လူလူအသံပြာအောင်အော်ပြီးနောက်ဆုတ်ပြေး၏။ ထိုအခါ နောက်ကလူကလည်း ဓားနဲ့ပဲဖြစ်ကာ သူ့ပခုံးကိုလှမ်းဆွဲပြီး ဓားနဲ့ထိုးဖို့ လက်လွှဲလိုက်စဉ် ကားမီးရောင်ဝင်းခနဲထလင်းလာသည်။

"တီ.."

ဟွန်းသံရှည်သည် လက်မလွှန်အောင်သတိပေးလိုက်သလိုရှိကာ အရှိန်ထပ်တင်ပြီး ဝေါခနဲပြေးဝင်လာ၏။ ဓားနှင့်လူနှစ်ယောက်တစ်ကောက်ကကုန်းမြင့်ပေါ် အသည်းအသန်တက်ပြေးသွားကြပြီး လူလူတို့တုံး...



ပက်လက်ကျန်ခဲ့ကြ၏။ မီးထိုးမောင်းလာသည့်ကားက လူလူတို့နားမှာရပ်သွားပြီး အသက်သုံးဆယ်လောက်လူနှစ်ယောက် ဆင်းလာကြ၏။

"ပြေးသွားကြပြီ..ဒီကောင်တွေ.."

"ငါပတ်လိုက်သွားရမလား.."

"မလိုက်နဲ့တော့..လက်နက်တွေပါတယ်.."

သူတို့ချင်းပြောပြီး ကားမီးရောင်အောက်က လူလူတို့ကိုသေချာကြည့်ကာ.. ।

"မင်းတို့ဆီက ပစ္စည်းလုနေတာလား..ရန်ငြိုးရှိလို့လား.."

"ရန်ငြိုးမဟုတ်ပါဘူးအစ်ကိုကြီးရာ..ဖုန်းရောင်းမယ်ဆိုလို့ လာကြည့်တာပါ.."

လူလူကပြောပြလိုက်ပြီး မြောက်မရသည့်လက်တစ်ဖက်ကို ဖိထားရင်း.. ।

"အဲ့ဒါ ပိုက်ဆံကိုဇွတ်ဝင်လုတာ.."

"အခု ပါသွားပြီလား.."

"မပါသွားဘူး.."

ဝင်းနိုင်က ဝင်ဖြေလိုက်ရင်း သူ့လက်ပြင်မှာဓားထိသွားသည့် ဒဏ်ရာကိုမမိတမိနောက်ပြန်စမ်းနေ၏။ လူလူက ခုမှမြင်လိုက်သဖြင့် မျက်လုံးပြူးသွားကာ.. ।

"မင်း..မင်းကိုထိုးမိသွားတယ်.."

"ဟုတ်တယ်..ဒါတောင် ဒီအစ်ကိုတွေရောက်လာလို့ ချက်ကောင်းထိုးသွားနိုင်တာ၊ အား.."

တစ်ခါမှဒီလိုအတွေ့အကြုံမရှိသောကြောင့် လူလူ့မျက်နှာသွေးဆုတ်ဖြူလျော်နေသည်။ နှုတ်ခမ်းသားတို့ တဆတ်ဆတ်တုန်နေခဲ့လျက်

"အစ်ကိုတို့ကို ကျေးဇူးတင်ပါတယ်အစ်ကိုရာ..ကျွန်တော်တို့ကို ဒီကထွက်တဲ့အထိတော့ လိုက်ပို့ပေးပါဦး.."

စကားသံသည် မေးရိုက်သံနှင့်တူနေကာ ရောက်လာသည့်လူနှစ်ယောက်က သူ့ကိုကြည့်နေပြီးမှ တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်၏။ ပြီးတော့ လဲနေသည့်ဆိုင်ကယ်ဆီလက်ညှိုးထိုး၍..

"ဆိုင်ကယ်ပါတယ်မဟုတ်ဘူးလား.."

"ဟုတ်ပါတယ်..ဒါပေမယ့်.."

ဟိုလူတွေတက်ပြေးသွားသည့် တောင်ကုန်းကိုလှမ်းကြည့်ကာ ဝင်းနိုင်ရဲ့ဓားဒဏ်ရာဆီ မျက်လုံးရောက်လျက်.. ။

"ပိုက်ဆံကရမသွားတော့ တစ်နေရာကချောင်းနေမှာစိုးလို့ပါ.."

"အေးလေ..ရပါတယ်၊ မင်းတို့ကသန်လျင်ကပဲလား.."

"ရန်ကုန်ကပါ..အဲ့ဒီဖုန်းကိုလိုချင်တာနဲ့.."

ဆယ့်သုံးသိန်းတန်သည့်ဖုန်းကို သုံးသိန်းတည်းနဲ့ရမည်ဆိုတော့ ဖုန်းနဲ့ပတ်သက်ပြီး အကျွမ်းတဝင်ရှိသည့်ဝင်းနိုင်၏ထောက်ခံချက်နှင့် ဝယ်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်သည်။ ကိုယ်ကလိုတရမင်းသားတစ်ပါးဖြစ်သော်ငြား.. ။

"ဘာပဲဖြစ်ဖြစ် အခြေအနေအချိန်အခါကိုကြည့်လုပ်ရတယ်..ဒီလိုနေရာမျိုးထိလာပြီး အရောင်းအဝယ်လုပ်တာမကောင်းဘူးကွ.."

"ငါမရတော့ဘူးလူလူ..တအားနာနေပြီ.."

"ဟာ..ဟုတ်တယ်၊ ဝင်းနိုင်ဒဏ်ရာ သွေးတွေတအားထွက်နေပြီ-လုပ်ပါဦးအစ်ကို.."

လူလူကိုယ့်ဒဏ်ရာနာနေတာတောင် သတိမထားနိုင်ဘဲ ဝင်းနိုင့်ကိုပြေးတွဲလိုက်လျှင် သူတို့ကလည်း ကားတံခါးကိုဖွင့်ထားပေးလျက်..

"တက်ကြ..ဆေးခန်းပြရင်လည်း ဓားဒဏ်ရာဆို ဆရာဝန်တွေကရစ်နေဦးမှာ၊ ငါ့သူငယ်ချင်းဆရာဝန်ဆီ မင်းတို့ကိုပို့ပေးမယ်.."

"ကျေးဇူးပါအစ်ကိုကြီးရာ..တကယ်ပါ.."

"ရပါတယ်ကွာ.."

သူ့ရှေ့မှာ ဝင်ထိုင်ရင်း ပြုံးလိုက်ကာ ဖုန်းထုတ်၍.. ။

"မောင်မောင်တင်လား..အေး ငါ.."

"................"

"ခဏနေဦးဟေ့ကောင်..အခုလာနေပြီ၊ ငါ့ကောင်လေးတစ်ယောက် ဒဏ်ရာရထားလို့.."

"..............."

"အဲ့ဒါကြောင့် မင်းဆီလာရတာပေါ့ကွ..ရစ်မနေစမ်းပါနဲ့၊ ချာတိတ်တွေအတွက် ငါတာဝန်ယူတယ်.."



သူဖုန်းဆက်နေတာကို စောင့်ကြည့်ရင်း လူလူတအားကျေးဇူးတင်နေမိသည်။ ခိုးစားတယ်ဆိုတာ ဒါမျိုးလား..။ ဖုန်းကောင်းကောင်းကိုင်ချင်မိသည့်စိတ်ကြောင့် မိဘမသိအောင် ပိုက်ဆံထုတ်ပြီး ခိုးထွက်လာခဲ့သည်။ လက်တံတောင်ဆစ်မှာ အဆီတဝင်းဝင်းဖြစ်အောင် ပေါက်ပြဲလျက် လက်မောင်းကမြောက်မရလောက်အောင် ကပ်နေ၏။ ဒါတွေအိမ်ပြန်ရောက်ရင် သက်သာပါ့မလား..။ ဒဏ်ရာနာတာထက် ရင်ပူနေတာက ပိုပြီးခံရခက်နေလျက်.. ။

"အစ်ကိုကြီးနာမည် ဘယ်လိုခေါ်လဲဟင်..ကျေးဇူးတင်လို့ပါ.."

ရှေ့မှာထိုင်နေသူက မျက်နှာအနည်းငယ်ငဲ့ကြည့်လာပြီး ပြုံးကာ..၊

"ကိုယ့်နာမည်က ဖြိုးသုခိုင်..ဖရန့်တွေကတော့ ဖြိုးခိုင်လို့ခေါ်ကြတယ်၊ မင်းကရော.."

"ကျွန်တော့်နာမည်က လူမင်းရာဇာ.."

"အို..အိုး.."

ကြားသည့်လူတိုင်း ဤသို့အသံထွက်လာတတ်သည့် နာမည်မို့နာမည်ပြောရတိုင်း မျက်နှာပူသော်လည်း.. ။

"လူလူလို့ပဲခေါ်ပါ..အစ်ကိုကြီးကိုတော့ကိုကြီးဖြိုးလို့ခေါ်မယ်နော်"

"ဘာဖြစ်ဖြစ်ရပါတယ်..နောက်လည်းတွေ့ကြမှာမဟုတ်ဘဲ.."

"ဟာ..ကိုကြီးဖြိုးကလည်း ကျွန်တော်က ကိုကြီးဖြိုးတို့လို လူတွေနဲ့ခင်ချင်နေတာပါ၊ တွေ့ဖို့ဆိုတာ တွေ့ချင်စိတ်ရှိနေရင် ဖြစ်တာပဲဟာ.."

ဖြိုးခိုင်ပြုံးလိုက်သည်။ ပြီးတော့ ဖုန်းကနေမက်ဆေ့ချ်လှမ်းပို့လိုက်၏။

ဒီနေ့လေး မင်းအကွက်ရှေ့တဲ့အတိုင်း ပါလာပြီ..ဘာဆက်လုပ်ရမလဲ ပြော..

မလွယ်သောမျက်နှာနှင့် ဆိုဖာမှာသွားထိုင်သည်။ ပြီးတော့မှ.. ၊

"အခု မင့်သားပြန်မလာသေးတာကို မင်းဖြစ်နေတာမို့လား.."

"ဟုတ်တယ်..အခု ဖွဲ့အောင်တို့အိမ်မှာ မွေးနေ့ရှိလို့ဆိုတာလည်း မဟုတ်ဘူးတဲ့၊ နိုင်ငံခြားသွားမယ့်ကောင်လေးက နှုတ်ဆက်ပွဲဒင်နာကျွေးတာ.."

"ဒါလည်းပွဲပဲကွာ..ယောကျ်ားလေးပဲ ဘယ်ပါတီဖြစ်ဖြစ် ဘာဖြစ်လို့လဲ.."

ပြောရင်း နာရီမော့ကြည့်ကာ.. ၊

"ခုမှရှစ်နာရီခွဲပဲ ရှိသေးတာ..သိပ်လည်းနောက်မကျသေးပါဘူး.."

ဒေါ်မြပုလဲဖြူ ပြောချင်လွန်းလို့ တနုံ့နုံ့ဖြစ်နေသည့် ကစားတွေကို ပြောချင်တိုင်းလည်း ပြောလို့မဖြစ်။ ကိုယ့်ခင်ပွန်းပေမယ့် ရင်ထဲမှာမကျေညက်သည့် အခုအခံတွေလည်း များခဲ့ပြီဖြစ်ရာ.. ၊

"ရှင်ဟာလေ.."

ဒီစကားနဲ့ပဲ နှုတ်ခမ်းကိုက်ထားမိ၏။ 'ယောကျ်ားလေးပဲကွာ' ဆိုသည့်စကားနှင့် သွားလေရာခေါ်ချင်သည်။ 'ဖေဖေရေ'လို့ခေါ်လိုက်တာနှင့် ရေတစ်ခါတည်းပါပြီးဖြစ်ချင်သည်။ 'ဒီလိုပုံစံတွေ မယ်မယ်မကြိုက်ဘူး'လို့ ကိုယ်ကတားတိုင်း 'သားကကိုယ့်သားပါကွာ'ဆိုသည့် စကားနှင့်စကားနာထိုး၏။ 'မင်းတို့ညီအစ်မ စံအိမ်နဲ့ဝေးဝေးနေကြတာတောင် တာတေ်သာမှာနေတဲ့ မင်းစံထက်ပိုပြီး ပိပြားနေတယ်နော်..ကိုယ်ဖြင့်အံ့ရော' လို့ ပြောတာကတစ်မျိုး။ ဒီဖအကြောင့်ပဲ သားကိုကိုယ်လိုသလို ပုံမသွင်းနိုင်ခဲ့ခြင်းသည်.. ၊

"ခုတလော ကိုကိုကျော်သား အရမ်းမူပျက်နေတာ ကိုကိုကျော်သိလား.."

"ကိုယ်ကတော့ မူပျက်နေတာ သားမဟုတ်ဘူးလို့ထင်တာပဲ.."

လာပြန်ပြီဆိုသည့်အကြည့်နှင့် ဒေါ်မြပုလဲဖြူမျက်မှောင်ကုတ်သွားသည်။ ဦးကျော်မြတ်ခေါင်က ခပ်တည်တည်လှည့်ကြည့်ကာ..

"မင်းပဲမန္တလေးနဲ့ရန်ကုန် ချောင်းပေါက်နေတာလားလို့.."

"ကိုကိုကျော်အဲ့ဒါကို ပြောချင်တာလား..ပုလဲကအကြောင်းမရှိဘဲသွားနေတာ မဟုတ်ပါဘူး.."

## အခန်း(၄၅)

"တောက်.."

ဖုန်းကိုင်ရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိကာ ဒေါ်မြပုလဲဖြူတက်ခေါက်လိုက် ခြေလှမ်းရပ်သွားလိုက်။ ဦးကျော်မြတ်ခေါင် ရေချိုးထားသည့်ပုံစံဖြင့် ဆံပင်တွေခါရင်း ထွက်လာကာ.. ၊

"လမ်းလျှောက်နေတာ လျှောက်တိုင်းလည်းမကောင်းဘူးနော်..ငါ့ရေမချိုးခင်တည်းက.."

"ကောင်းအောင်လို့လျှောက်နေတာမဟုတ်ဘူး..မကောင်းလွန်းလို့ထိုင်နေလို့ကို မရလို့၊ သိပြီလား.."

"ဘယ်သိမလဲကွ..မင်းပဲတစ်လောကလုံးတာဝန်တွေ ထမ်းပိုးအလုပ်ရှုပ်နေတာ.."

"ဘာရယ်.."

"ဖုန်းတစ်လုံးနဲ့ တစ်ချက်မှမနားတာလေ.."

"မယ်မယ်နဲ့ပြောနေတာကို ပြောတာလား.."

"ဘယ်နှစ်ကြိမ်ရှိပြီလဲပဲ သတိပေးတာပါ.."

ဦးကျော်မြတ်ခေါင်က ကျေနပ်သည်မကျေနပ်သည် အကဲခတ်

"ဟုတ်ပါတယ်..ငါပြောတာလည်း သွားနေတာကိုပဲပြောတာပါ မင်းခုတလော အိမ်သိပ်မကပ်တော့ တစ်ခါတလေ သားကိုတွေ့ပြီးပိန်သွားတယ်..မျက်တွင်းကျသွားတယ်၊ လမ်းများတယ်..အကုန်စုပြုပြောင်းလဲနေတာ.."

ပြောနေတုန်း ဖုန်းဝင်လာတော့ ဒေါ်မြပုလဲဖြူလက်ထဲကဖုန်းကို ငုံ့ကြည့်သည်။ ပြီးတော့ ဦးကျော်မြတ်ခေါင်ကိုကြည့်လျှင် စိုက်ကြည့်နေသည့် မျက်ဝန်းတို့ကိုလွှဲ၍.. ။

"ကြည့်ရတာ တာဝတိံသာပဲထင်တယ်.."

ဟု ပြောရင်း နေရာမှထထွက်သွား၏။ ပြီးတော့ လှည့်ပြောသေးသည်။

"မင်းပြေးပြေးထွက်နေရတာ ညောင်းနေမှာစိုးလို့.."ဟု.. ။

"ဟလို..မယ်မယ်.."

"................"

"ဟင်..အဲ.."

မယ်မယ်ရန်ကုန်လာမည့် အခြေအနေကိုကြားလိုက်သဖြင့် ဒေါ်မြပုလဲဖြူခေါင်းကြီးသွားမိကာ.. ။

"မယ်မယ်ခရီးပမ်းမှာပေါ့..သမီးလာမယ်လေ.."

"......................"

"ဘာဖြစ်လဲမယ်မယ်ရယ်..မယ်မယ်နဲ့စာရင် သမီးတို့ကလူငယ်ပါ၊ ခဏခဏသွားပြန်နေရင်လည်း စိတ်မအားလူမအားနဲ့ ရောဂါခံအားချိန်မရှိတော့ ကျန်းမာရေးတောင်ကောင်းသေးတယ်..အဟွန်း.."

ကမန်းကတန်းကတိတွေပေးပြီး မယ်မယ်ရောက်လာမည့်အရေးကို ကာကွယ်တားဆီးနေမိသည်။ အိမ်မှာ မယ်မယ်မကြိုက်သော နေထိုင်မှုတွေ အပြင်အဆင်တွေကအစ အားလုံးလိုက်ပြင် လိုက်သိမ်းနေရမှာမလွယ်။ ဒီတိုင်းထားပြန်ရင်လည်း မေမေအိမ်ထဲတောင်မဝင်ဘဲ တစ်ခါတည်းလှည့်ပြန်သွားမလား..အိမ်ဝကနေပဲ သေခန်းပြတ်ကြေညာသွားမလား တစ်ခုခုဖြစ်ဖို့ကသေချာ၏။

"ဟုတ်ကဲ့မယ်မယ်..သမီးအရောက်လာခဲ့ပါ့မယ်.."

"................"



"ဟုတ်..သမီးအားလုံးစီစဉ်ထားပါတယ်၊ အကောင်အထည်ဖော်ဖို့က.."

"................"

"ဒီ..ဒီလိုပါမယ်မယ်ရယ်၊ အဲ့ဒါကလေ.."

"................"

"မောင်မောင်လား.."

ပြောနေသည့်အချိန်မှာ ဦးမြင့်စံရဲကားလေး ပေါ်တီကိုအောက်ထိုးရပ်လာသဖြင့်.. ။

"ရှိတယ်မယ်မယ်..မောင်မောင်နဲ့ပြောမလို့လားဟင်.."

မယ်မယ်ဘာပြောလိုက်တယ်ဆိုတာ ဦးမြင့်စံကလည်းသိသည်။ ကားပေါ်ကဆင်းလာတည်းက လှမ်းကြည့်နေတာဖြစ်ကာ အနားရောက်လာမှ ဘာမှမပြောဘဲ ရှောင်ထွက်သွားလျှင်.. ။

"မောင်မောင်.."

"ဖြေရှင်းမနေနဲ့ သိတယ်.."

"မောင်မောင်ရယ်..ကိုယ့်မိဘကို မာနထားနေရသလား၊ မယ်မယ်က စိတ်တိုတုန်းမို့.."

"ကျွန်တော်က ဘာပြောနေလို့လဲ..မယ်မယ်ကကျွန်တော်နဲ့မပြောချင်ဘူး၊ ကျွန်တော်ကလည်း.."

"မောင်မောင်က ဖွတ်ဝင်ပြောရမှာပေါ့.."

"အေးအေးနေပါရစေ.."

ဦးမြင့်စံမျက်နှာတင်းနေသည်။ ပြီးတော့ ဝင်သွား၏။ ဒေါ်မြပုလဲဖြူဖုန်းကိုင်ထားလျက်နှင့် သက်ပြင်းရှည်ကြီးချမိ၏။ မမကြီးကိုလည်းသားသမီးကို ဆိုဆုံးမမတတ်ဘူးဆိုသည့်ပြစ်ချက်နှင့် မယ်မယ်က အဆက်အသွယ်မလုပ်ဘဲနေခဲ့သည်။ သူ့ဆီလာရင်လည်း ဧင့်ကိုခေါ်မလာရ အမိန့်ထုတ်ခဲ့သည်။ မောင်မောင့်ကိုလည်း 'ဓော်ကားသည့်ကောင်တွေ မကြားချင်ပါ'ဆို၍ မောင်မောင်စံအိမ်ကထွက်လာတည်းက သတင်းမေးတာတောင် ဒီနေ့မှပါ။ မမကြီးကလည်း သမီးအတွက်စိတ်ထိခိုက်နေခဲ့လျက် မယ်မယ့်ကိုဆက်သွယ်ဖို့မကြိုးစားသလို မောင်မောင်ကလည်း ဂျစ်တိဂျစ်ကန်.. ။

ခုချိန်မှာ မယ်မယ့်အတိုင်ပင်ခံက သူမပဲဖြစ်နေခဲ့ရလျက် မယ်မယ် ဘယ်လောက်မျိုသိပ်ခံစားနေရသလဲဆိုတာကိုလည်း သူမထက်ဘယ်သူမှ ပိုမသိနိုင်။ ထို့ကြောင့် မယ်မယ့်အတွက် ဘာမဆိုလုပ်ကိုင်ဖြည့်ဆည်းပေးဖို့ ဒေါ်မြပုလဲဖြူဆုံးဖြတ်ထားခဲ့၏။ အခြေအနေသည် ဘယ်အချိန်မှာ ထပေါက်မယ်မှန်းမသိသော ဗုံးတစ်လုံးကဲ့သို့ရှိကာ ဒေါ်မြထွတ်ဦးသည် သူ့သမီးအတွက် သိက္ခာကျအရှက်ရခဲ့ရသည့်ပူပင်သောကနှင့်.. ဒေါ်မြပုလဲဖြူက မိခင်ကဒါဆိုဒါ ဦးလည်မသုန်ထမ်းရွက်ဖို့ သားကြီးတောင် ဂရုမစိုက်နိုင်သည့် သမီးကောင်းပီသစွာရှိနေခဲ့ပြီး ဦးမြင့်သည် သမီးအပေါ်တာဝန်ကျေဖို့မှလွဲ၍ ဘာဆိုဘာမှခေါင်းထဲမထည့်သူ.. ။

မောင်နှမသုံးယောက်၏ ဦးတည်ချက်တို့က မတူ..။ ကွဲလွဲနေသည့် စိတ်သဘောထားများနှင့် ဤသို့.. ။

☎

အခန်း(၄၆)

"လူလူ..နင်ဘယ်မှာလဲလို့.."

"ခုပဲအိမ်ကထွက်လာခဲ့တယ်..ဘာလိုက်ဖြစ်တာလဲ.."

"ငါကလိုက်ဖြစ်နေတာမဟုတ်ဘူး..နင့်ကိုဒီနေ့ ဒွေးတောင်လိုက်ချောင်းလိမ့်မယ်၊ ငါသတင်းအတိအကျရထားတာ ပြောမလို့.."

"ဘာ.."

ခုတော့ လန့်သွားပြီးလားလို့တွေးပြီး ကိုယ့်ရှေ့မှာလူမရှိပေမယ့် မျက်မှောင်းထိုးမိသည်။ သူမကကားသေချာမောင်းတတ်သေးတာမဟုတ် ကားခိုးမောင်းတုန်း ဖုန်းပြောနေလို့ အာရုံများပြီး တစ်ခုခုဖြစ်သွားရင် အားလုံးပေါ်ပြီ။ ပြဿနာပိုကြီးမှာ ဒရိုင်ဘာဖြစ်သည်။ ထို့ပြင် ဒရိုင်ဘာကိုအလုပ်က ထုတ်ပစ်မည့်အပြစ်က အပြင်းထန်ဆုံးပဲဖြစ်ရင်တောင် သူ့အတွက်ပုံပိုးကူညီနေသည့် ဒရိုင်ဘာထွက်သွားခဲ့ရင် သူမဘာလုပ်ရမလဲ ဘာကွယ်လိုက်လျောပေးမယ့်သူဘယ်မှာလဲ.. ။

"လူလူ..နင့်ကိုငါသတိပေးတယ်နော်၊ ငါလည်းဒီနေ့ ဆုခံထိထားတာ..နောက်ထပ်နင့်အတွက် လိုက်ပူပေးဖို့ အချိန်မရှိဘူး.."

"ဆုခံထိထားတဲ့လူက လမ်းပေါ်မှာလား.."

"ငါဘာလုပ်နေလဲ နင်သိလို့လား.."

"ဘာလို့မသိရမှာလဲ..ကားခိုးမောင်းနေတာ.."

လုလုတော်တော်လည်နေပါလားလို့ တွေးလိုက်မိပြီး လည်ချောင်းတစ်ချက်ရှင်းရင်း.. ၊

"ခိုးမောင်းတာပေမယ့် ကားတော့မခိုးပါဘူးနော်..ငါငှားထားတဲ့ကား ဒီနေ့တစ်ရက်ကျန်သေးလို့ သွားယူမောင်းတာ.."

"မဇင်ကျတော့ ဘာလုပ်လုပ်အိုခေနေပါလား..ပိုက်ဆံသုံးချင်သလိုသုံးလို့ရတယ်၊ ကားဆိုကား..ဖုန်းဆိုဖုန်း.."

ဇင်က အိမ်မှာ touchဖုန်းကိုင်ခွင့်မရပေမယ့် ကိုယ့်ဘာသာဝယ်ပြီး ရအောင်ဖွက်သည်။ မေမေလည်းသိတော့သိနေမှာပါ။ ဒါပေမယ့် ဇင်ဘယ်တော့မှဝန်မခံခဲ့သဖြင့် ဒါကတရားဝင်အပြစ်မဖြစ်သေး။ ကားမောင်းသင်ခွင့်မရတာလည်း ရအောင်သင်ခဲ့သည်။ ခုဆို အတော်လေးမောင်းရဲနေပြီဖြစ်ကာ အပြင်ထွက်ခွင့်ရတိုင်း ထွက်ခွင့်ရရမရရ ထွက်လာဖြစ်တိုင်း ကိုယ့်ကားကိုယ်မောင်းလို့ရပြီပေါ့။ လုလုဆီက စိတ်ပျက်ညည်းညူသံကြားရမှ ငါတော်တော်ဟုတ်နေတာပါလားလို့ တွေးပြီးပြုံးမိရသည်။

သူမရဲ့အပြုံးတွေက လုလုထံမကူးစက်နိုင်ခဲ့ဘဲ အံတင်းတင်းကြိတ်နေသည့် လုလုမျက်နှာက ဒဏ်ရာများစွာနှင့် အလူးအလဲဖြစ်ခဲ့သည့် စစ်သူကြီးကဲ့သို့ ဖုန်းချပြီးပေမယ့် စကားလည်းမပြောနိုင်။ ထိုမျက်နှာကို ဖြိုးခိုင်က မသိမသာအကဲခတ်ရင်း ကြိတ်၍ကျေနပ်နေခဲ့၏။ ဟိုတစ်နေ့ညက လိပ်စာပေးထားခဲ့သည်။

"တစ်ခုခုလိုအပ်ရင် မင်းတို့လာခဲ့လေ..ဖုန်းဆက်လို့လည်းရတယ် တိုင်ပင်ချင်ရင်ပေါ့..ငါ့မှာနိုက်ကလပ်ရှိတယ်၊ အပန်းဖြေလို့ကောင်းတဲ့ ရက်ဆော့တွေလည်းရှိတယ်..ခုလိုဖုန်းရောင်းတာဝယ်တာမျိုးကအစ ..ရင်မေးမြန်းတိုင်ပင်လို့ရတာပေါ့.."

ဆိုပြီး တခြားသောစိတ်ဝင်စားဖွယ်ပေါင်းများစွာကို လုလုရင်ထဲ ရိုက်ထည့်ပေးလိုက်သည်။ ဒီကောင်လေးမျက်လုံးလေး တဝင်းဝင်းနှင့် နားထောင်နေတည်းက ဒီနေ့ဒီလိုရောက်လာမယ်ဆိုတာ တွက်ပြီးသား.. လုလုကတော့ သျှန့်ရဲ့supportingတွေ သူ့ဘေးမှာဝိုင်းဝိုင်းလည်...



တာ မသိရှာ.. ၊

"ကျွန်တော်ကနာမည်ကတော့ သူဌေးသားပါ.."

"မင်းကလည်းကွာ..မင်းအဖေကားရှိုးရွမ်းတွေ နည်းတာမှတ်လို့၊ ကြံဖန်အားငယ်နေပြန်ပြီ.."

ဝင်းနိုင်က ဖြိုးခိုင်ကိုတစ်ချက်ကြည့်ပြီး လုလုကိုလက်တို့ပြောသည်။ ဖြစ်စေချင်တာက လူစိမ်းရှေ့မှာ ကိုယ့်အရှိန်အဝါကိုသိအောင်ပြဖို့။ သို့သော် ဒါတွေကိုငရဲခန်းလို့ထင်နေသည့် လုလုအတွက်မှာမူ.. ၊

"ငါ့အဖေကားရှိုးရွမ်းတွေပိုင်တာလည်း ငါကဆိုင်ကယ်လ်တောင်သူများခိုးသင်ပေးလို့ စီးတတ်ခဲ့ရတာ..ကားဆို ရပ်ထားတဲ့ကားရဲ့စတီယာရင်ပဲ ကိုင်ခွင့်ရှိတာ.."

ဖြိုးခိုင်ကပြုံးလိုက်တော့ လုလုစိတ်ဆိုးနိုင်ဘဲ ငိုချင်စိတ်ပေါက်သွားခဲ့၏။

"တကယ်ပြောတာကိုကြီးဖြိုး..ကျွန်တော်တို့မိသားစုတွေက ကျောက်ခေတ်ဝါဒီတွေနဲ့ သက်ဝင်လှုပ်ရှားနေကြတာ၊ ဖေဖေက သူ့ဝါဒီနဲ့သူနေပေမယ့် မေမေ့ကိုမလွန်ဆန်နိုင်ဘူး..ဘွားဘွားကိုကြောက်ရတယ်.."

သူ့အရွယ်လေးရလာကာမှ ဖေဖေ့ခွင့်ပြုချက်နဲ့ ဟိုသွားဒီလာလေးသွားရသည်။ သူငယ်ချင်းတွေနဲ့ လိုက်ပါလည်ပတ်ခွင့်ရခဲ့၏။ ဘဏ်မှာ အကောင့်ဖွင့်ပေးခဲ့တာက ဖေဖေ။ ငွေထည့်ပေးတော့ မေမေကတားသည်။ ဖုန်းလေးတော့ကိုင်ပါရစေလို့ ဖေဖေကခွင့်ပြုခဲ့ပြီး မေမေကခါးခါးသီးသီးပြန်သိမ်းသည်။ ဖေဖေက မေမေမသိအောင် ဝယ်ပေးလိုက်။ မေမေသိသွားပြီး ပြန်သိမ်းလိုက်နှင့် သူကကိုယ်ပိုင်ဘာတစ်ခုမှ ကိုင်တွယ်သုံးစွဲခွင့်မရှိသည့် ပီဘိကလေးငယ်လေးလား.. ။ ဒါတွေကိုပြောပြနေရင်း မိသားစုအတွင်းရေးကို သူများကိုပြောပြသလိုဖြစ်နေခဲ့ပြီမှန်းသိပေမယ့် လုလုမရိုက်နိုင်။ မဇင်ဆို မိန်းကလေးပေမယ့် သူ့ဘဝနဲ့ဘာမှမဆိုင်.. ၊

"ကျွန်တော်ဆုံးဖြတ်ပြီးပြီ..ကျွန်တော့်အစ်မဘာဖြစ်လို့ ကျွန်တော်မဖြစ်သလဲဆိုတော့ သူကသတ္တိရှိတယ်..နောက်ပြဿနာကို ကြိုမတွေးဘူး ဖြစ်လာရင်လည်း မကြောက်ဘူး၊ ကျွန်တော်အဲ့ဒီလိုလုပ်တော့မယ် ..ကိုကြီးဖြိုး.."

"ပြော.."

"ကျွန်တော်သတ္တိမရှိလို့ ဖြစ်နေတာမို့လား..အခုကျောင်းလည်းပြီးပြီ၊ ကျွန်တော်ကိုယ်တိုင်ဆုံးဖြတ်လို့ရပြီ..ဟုတ်တယ်မို့လား.."

"အင်း..ယောကျ်ားတစ်ယောက်ရဲ့မာနကတော့ အဲ့ဒီလိုရှိကြတာပဲ."

"လုပ်ပါ..ကျွန်တော်မှန်တယ်လို့ပြောလိုက်ပါ၊ ခုကစပြီး ကျွန်တော်ရင်ဆိုင်မယ်..တခြားသူတွေ ကျွန်တော့်အရွယ်မှာရနေတဲ့အခွင့်အရေးတွေ ကျွန်တော်ရအောင်ယူမယ်၊ ဒါပေမယ့် ကိုကြီးဖြိုးတို့ကတော့ ကျွန်တော့်ကို ပစ်မထားနဲ့နော်.."

"ဟား ဟား ဟား.."

ဖြိုးခိုင်နဲ့စိုးထွန်းတို့ ခပ်ကြိတ်ကြိတ်ရယ်ပြီး ပခုံးတွန့်သည်။ ပြီးတော့ ခေါင်းခါရင်း.. ၊

"ပြောစကားနားထောင်ရင်ပေါ့.."

ဖြိုးခိုင်၏ခန့်ညားသော စကားလုံးတိုင်းသည် သျှန့်ကိုသတိတရ ရည်ရွယ်နေတာဖြစ်ကာ ဒီစကားဝိုင်းအပြီးမှာ သျှန့်ဖုန်းထဲကို မက်ဆေ့ချ် တစ်ကြောင်း ရောက်သွားလေသည်။

**Level 2ကို အောင်မြင်စွာတက်လှမ်းနိုင်ပါပြီ**

လမ်းကူးမယ်ကြံကာမှ မက်ဆေ့ချ်ဝင်လာသဖြင့် ဖွင့်ဖတ်လိုက်လျှင် သျှန့်နှုတ်ခမ်းမှာပြုံးရိပ်ထင်၏။ ပြီးတော့ ဖုန်းကိုပြန်ထည့်လိုက်ပြီး.. ၊

နောက်ထပ်Levelတစ်ခုက ဘာဖြစ်မလဲဆိုတာ.. ၊

"ကျွိ.."

သျှန်'ဟ'ခနဲဖြစ်ကာ နောက်ပြန်ခုန်ဆုတ်လိုက်မိသည်။ သူလမ်း မကူးရသေးပါ။ ခြေလှမ်းပြင်ရုံရှိသေးသည်။ ဦးတိုးထိုးဝင်လာသည့်ကား က သူ့သာမရှောင်လျှင် လွင့်ထွက်သွားမလားတောင်မသိ။ ပတ်ဝန်းကျင် မှာရှိနေသည့် လူတွေပါ ဟာခနဲဖြစ်ကုန်ကြလျက် သျှန့်အကြည့်တွေကား ထဲကလူဆီရောက်သွား၏။ ထိုစဉ် တံခါးဖွင့်၍ဆင်းလာသူသည်-

မြတ်ပန်းသဇင်.. ၊

သူမမျက်ဝန်းတွေမှာ ထိတ်လန့်အံ့သြဟန်မရှိ။ ပျာယာခတ်နေ တာလည်းမဖြစ်ဘဲ မျက်လုံးချင်းဆုံသွားကာမှ..



"ဆောရီးကိုသျှန်..ကားမောင်းတာက သိပ်မကျွမ်းကျင်သေးတော့"

မေးရိုးနှစ်ဖက်လှုပ်ခတ်နေတဲ့အထိ အံကြိတ်ထားသည့်နှုတ်ခမ်းတွေ မသိမသာပြေကျသွားသည်။ ပြီးတော့ သျှန့်မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တို့ဆင်နေလျက်.. ၊

"မင်းနဲ့ငါဆုံလှချေလား.."

"ဟုတ်တယ်လေ..ဆုံဖြစ်တိုင်းကိုသျှန်ကချည်းပဲ ဒေါသတွေဖြစ်သွားတာ၊ ဇင့်ဘက်က မီးစိမ်းပြထားတာပါ.."

မျက်လွှာလေးချပြီး ရှက်ရွံ့သလိုပြောတော့ သူပြုံးမိကာ။ ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့၏။ ပြီးမှ.. ၊

"ငါ့ဒေါသတွေကို မင်းနားလည်မယ်ထင်တာ.."

"နားလည်တယ်..အဲ့ဒါကြောင့် ဇင့်ကကိုသျှန့်ကို စိတ်ဆိုးလို့မရတာပေါ့.."

"အိုခေ..ဒါဆိုတစ်ခုခုလိုက်စားမလား.."

ဟင်.. ၊

ဇင်ဘယ်လိုမှမယုံနိုင်ခြင်းကို နည်းနည်းလေးမှထိန်းချုပ်ဖို့သတိမရဘဲ သူ့မျက်နှာကို ဖျတ်ခနဲမော့ကြည့်လိုက်မိသည်။ ပြီးတော့ ခေါင်းညိတ်လိုက်ပြီး.. ၊

"စားမှာပေါ့.."

## အခန်း(၄၇)

"မစားချင်ဘူး..မစားချင်နေပေါ့.."

ဟာကျူလို့ထမင်းပန်းကန်ကို ချထားလိုက်ပြီး ဘာလုပ်ရမလဲ ပြေးအလွှားစဉ်းစားမိသည်။ မနက်ကအန်တီနေသိပ်မကောင်းလို့ ... လည်စာကို ကြက်သားကြော်နဲ့ထမင်းဆီစမ်းပဲစားလိုက်ရသည်။

ဟာကျူလို့ကိုတော့ သမီးပဲကြည့်ကျက်ကျွေးလိုက်ပါလို့လည်း တာဝန်ပေးခဲ့၏။ ကိုယ်စားသလိုပဲ ထမင်းဆီစမ်းနဲ့ ကြက်သားဖွပြီး... ကျွေးတာ သင်းကနမ်းရှုံ့ပြီး ငုတ်တုတ်ထိုင်နေသည်။ မစားချင်နေ... ဆိုပြီး သူမလည်းထထွက်မသွားနိုင်ဘဲ.. ।

"နင်ကအသားပြုတ်ဟင်းချိုလေးနဲ့ နယ်ကျွေးမှကြိုက်တယ်ဟုတ်လား..ငါလည်းမလုပ်တတ်ဘူး၊ အဲ့ဒီတော့ ဒါပဲစားမလား..အငတ်... လားပြော.."

ကျောခိုင်းထိုင်နေရင်းကနေ ပြန်လှည့်မေးတော့ ဟာကျူလီ... လျှာသပ်ပြသည်။ ပြီးတော့ လူကိုနမ်းရှုံ့မလို နှုတ်သီးလေးရှေ့တိုး... ၏။

"လာမချော့နဲ့..ငါမလုပ်တတ်ဘူးဆိုမှ.."



ပြောပေမယ့် ဟာကျူလီကပါးလျှက်နားလျှက်အတင်းလုပ်နေသဖြင့် ပြန်ဖက်ထားရင်း ရယ်မိကာ.. ।

"နင်ကလေ ငါ့မွှာကြီးနဲ့သိပ်တူတာပဲ..ဆူနေမှန်းသိတာနဲ့ အတင်းဖက်လျက်ချော့တော့တာပဲ၊ ကောင်စုတ်လေး.."

ဟာကျူလီမျက်နှာချိုသွေးနေတာ မခံနိုင်တော့မှ မီးဖိုချောင်ဝင်ဖို့ ဆုံးဖြတ်ချက်က ခိုင်မာသွားခဲ့သည်။ ဘာလုပ်တတ်လို့လဲဆိုရင်တော့..।

"အချိုချက်ဆိုတော့ ရေတ်သီးမပါဘူး..ရဲနေတဲ့ဟာလည်းမပါဘူး၊ အဲ..ဟုတ်တယ် အန်တီဒါလေးသုံးတာတွေ့တယ်၊ ပြီးတော့ သကြား.."

ဒန်အိုးသေးသေးလေးယူကာ ဒေါ်ယမုံခင်ထည့်လှိုချက်ပြုတ်တာ မြင်ဖူးထားသမျှ ကြက်သားမှုန့် ဆား ငံပြာရည် ပြီးတော့..ဘာတွေလဲ..၊ ဂုလင်းတစ်လုံးပြီးတစ်လုံးပြန်ချလိုက် နည်းနည်းစီလောင်းထည့်လိုက် ...သမျှက နီညိုညိုအရောင်တွေ အမည်းတွေချည်းဖြစ်ကာ။ ဘာဖြစ် ...လဲ..။ အားလုံးချက်ပြုတ်တဲ့ပစ္စည်းတွေချည်းပဲ.. ।

ကိုယ့်ဟာကိုယ်လည်း အားပေးလိုက်သေးသည်။ ပြီးတော့ ကြက်သားကြော်တုံးနှစ်တုံးလောက် အိုးထဲထည့် ရေတွေထည့်လိုက်ပြီး မီးဖိုနားရောက်လျှင်.. ।

"ဘယ်လိုလုပ်မလဲ..ငါမီးဖိုမဖွင့်တတ်ဘူး.."

သူစကားလှည့်ပြောသမျှ မီးဖိုခန်းအဝင်ဝကနေ ဟာကျူလီက ...င်လေးတကြွကြွ ပါးစပ်လေးပြင်လျက် အားတက်သရောဖြစ်နေ၏။ ...သူ့အတွက် ချက်ပြုတ်နေပြီထင်ကာ ဟာကျူလီအားတက်နေရှာတာသိ... ...ကာ သူ့အတွက်ဟင်းလေးတော့ ဖြစ်မြောက်အောင်ချက်ဖို့ ကြည့်လိုက် ...တော့ ကြက်သားတုံးနဲ့ရေက မည်းနက်နေသည်။

လက်နဲ့နှိုက်ပြီး မြောက်ကြည့်လိုက်တော့မှ 'ရေပါပဲ..ထမင်းနဲ့ ...ညည်းလောက်ဘူး'လို့ နောက်ထပ် အားဖြည့်၏။ ပြီးတော့ ထမင်း... ...ရေနွေးသောက်တတ်သည့် ဒေါ်ယမုံခင်ကိုင်နေကျ ဓာတ်ဘူးကိုသ... ...ရလိုက်ကာ.. ।

"ဒီလောက်လွယ်လွယ်လေးကို ငါတုံးတာဟာကျူလီရေ..ရပြီ ရ...

ခတ်ဘူးပြောယူပြီး အဖုံးဖွင့်ကြည့်လိုက်တော့ ရေနွေးကအပြု
ရောင်။ အတော်ပဲမို့ ဝမ်းသာအားရဖြစ်သွားမိကာ မီးဖိုပေါ်မတင်နိုင်တော့
သည့် ရေအေးတွေထဲ သွန်ထည့်လိုက်သည်။ ဆန်တစ်လုံးချက်လောက်
အိုးလေးထဲမှာ ရေနဲ့ရေနွေးပေါင်း၍ ပြည့်လုပြည့်ခင်ဖြစ်သွားတော့ ရေ
နွေးငွေ့ဖြူဖြူလေးတွေ တက်လာ၏။

"ရပြီ..ရပြီ ဟာကျူလီရေ၊ ရသွားပြီ..နင့်အတွက်အချိုချက်.."

အိုးထဲကနေ ဟင်းသောက်ပန်းကန်လုံးလေးထဲ သွန်ထည့်လိုက်
တော့ အညိုရောင်ဟင်းရည်မှာ ဆီလေးဝေ့နေသဖြင့် ဟင်းလျာတစ်ခွက်
၏ အသွင်သဏ္ဌာန်က ပီပြင်လာသည်။ ကနုတ်ဝမ်းသာအားရဖြစ်က
လက်ဝါးချင်းပွတ်နေတာလည်း မပြီးနိုင်။ ပြီးတော့ ဟာကျူလီ့ဆီပြေ
သွားကာ.. ။

"နင့်ဖို့ငါဟင်းချက်တာ အောင်မြင်သွားပြီ..သူများတွေလို လက်ဝါး
ချင်းရိုက်မယ်၊ လာ..လာဆိုမှ.."

ဟာကျူလီက သူမလက်ကိုကြည့်ပြီး လက်လေးတစ်ဖက်တော့
ကြွတကြွတဖြစ်လာပေမယ့် နားမလည်။ ထို့ကြောင့် ကိုယ့်ဘာသာသူ့
လက်ကိုကိုင်ပြီး လက်ဝါးချင်းရိုက်ပေးလိုက်သည်။

"ဒီလိုလုပ်ဖို့လေ..အဲ့ဒါမှတ်ထားနော်၊ တစ်ခုခုအတူတူပျော်စရာ
ဖြစ်လာရင် လက်ဝါးရိုက်ရတယ်..ငါလက်ပေးရင် နင့်လက်နဲ့ပြန်ကား
ရမယ်၊ နောက်တစ်ခါ မပြောရစေနဲ့.."

လက်ညှိုးထောင်ပြီး သတိပေးသလိုမှာသည်။ ပြီးတော့ ခေါင်း
လေးပွတ်ပေးကာ.. ။

"ငါ နင့်ကိုထမင်းကျွေးမယ်.."

လို့ပြောပြီး နေရာမှထရပ်လိုက်လျှင် သူမရှေ့ကိုရောက်လာတာ
သျှန်.. ။

"မမေအိပ်နေတာလား.."

"ဟင်..ဟုတ်.."

သူမဖြေတာကို စောင့်မနေဘဲ ထမင်းစားခန်းထဲ တန်းဝင်သွား
ပြီးတော့ သူ့ဘာသာပန်းကန်လုန်ပြီး ထမင်းခူးထည့်သည်။ ဘာချက်
ထားလဲမမေး။ လုပ်ပေးပါလည်းမခိုင်း။ အန်တီအနားမှာမရှိတဲ့အခါ



သူဗိုက်ဆာပြီဆို ဒီတိုင်းပဲဖြစ်သည်။ ကနုတ့်ကိုတော့ တခြားအလုပ်တွေ
တနင့်တပိုးခိုင်းတတ်ပေမယ့် သူ့စားရေးသောက်ရေးမှာ မခိုင်းခဲ့ဘူးပါ။
ဒါပေမယ့် မိန်းမပီသချင်နေသည့်စိတ်က သူထမင်းစားချိန်ကိုယ်အနား
မှာရှိနေရင်တော့ ဘာလုပ်ပေးရကောင်းမလဲ တွေးမိသည်ချည်းပါ။ က
နုတ်နဲ့ဟာကျူလီ တံခါးဝနားမှာရှိနေတာကို စားပွဲမှာထိုင်ရင်း လှည့်
ကြည့်ကာ.. ။

"ဘာလုပ်နေကြတာလဲ..အဲ့ဒီမှာ.."

"ဟို.."

ထွက်သွားလို့မပြောပေမယ့် မျက်မှောင်ကုတ်ထားသည့်အရိပ်အရ
ရှိနေတာကို မကြိုက်မှန်းသိသာနေ၏။ ကနုတ်ကလည်း ဟာကျူလီ့ကို
ထမင်းကျွေးရမည့်တာဝန်တန်းလန်းနဲ့မို့ မရှောင်လျားနိုင်ဘဲရှိနေခဲ့လျက်..
ဟင်.. ။

ဟာကျူလီ့အတွက်ထည့်ထားသည့် ပန်းကန်ကိုလှမ်းယူလိုက်
တော့ ကနုတ်မျက်လုံးပြူးသွားသည်။ 'ဒီနေ့ဟင်းမချက်ဘူး..အဲ့ဒီကြက်
သားကြော်ပဲ'လို့ ပြောဖို့ပါးစပ်ပြင်ပေမယ့်.. ။

"ဟွတ်..ဖူး ဖလူး.."

ပါးစပ်ထဲရောက်သွားပြီးမှ ဘယ်လိုမှမထိန်းနိုင် ပြေးထွေးချိန်
တောင်မရလိုက်ဘဲ အကုန်စင်ထွက်ကုန်၏။ နံစော် င် ခါးသောအရသာ
ကြီးအပြင် ပါးစပ်ထဲမှာ ဂတ်စ်တွေဝင်သွားတဲ့အတိုင်း.. ။

သူသိလိုက်သည်။ လှည့်ကြည့်လိုက်တော့ လက်ဖျားလေးတွေ ပါး
စပ်နဲ့ဒိကိုက်ထားကာ မျက်လုံးအပြူးသားနှင့် ကနုတ်.. ။

"မင်းဘာတွေလုပ်ထားတာလဲ.."

"ဟို.."

"ဒုန်း.."

"မေးတာကိုဖြေ.."

စားပွဲကိုထုချလိုက်သဖြင့် ကနုတ်တုန်ခနဲဖြစ်သွားသည်။

"လာ..မင်းဝင်လာခဲ့.."

"အဲ့ဒါက.."

"မင်းကိုငါခေါ်နေတာ.."

ကနုတ် တွန့်ဆုတ်ဆုတ်လေးဝင်လာသည်။ သူစိတ်မရှည်ဘဲ ဆတ်ခနဲထရပ်ကာ ကနုတ့်လက်မောင်းလေးကို ဆွဲယူလိုက်ပြီး… ၊

ပရိတ်သတ်အတွက်
ထာဝရ
**သျှင်မ**